
www.burmeseclassic.com



နတ်နွယ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး (၃) ပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး။
ပြဋ္ဌာန်းသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည် ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# နတ်နွယ်
# ကျောက်ဘီလူး

တစ်ပြည်လုံးဖြန့်ချိရေး

ရာပြည့်စာအုပ်ဆိုင်
၃၅ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့။
ဖုန်း - ၃၁၀၁၀၃ ၊ ၂၄၀၅၄၁

ရာပြည့်မန္တလေးစာအုပ်ဆိုင်
၃၅ လမ်း၊ ၇၃ x ၇၂ ကြား၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၂၀၀၆၁၃၅ ၊ ၀၉ ၅၁၆၃၄၈၂

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၅၀၀၇၅၂၀၅၀၉]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၀၀၉၀၆၀၇၀၉]

□

စီစဉ်ထုတ်လုပ်မှု
ရာပြည့်ဦးစိုးညွန့်နှင့် သန်းဆွေ (ရောထွန်း)

□

ပုံနှိပ်ခြင်း
ပထမအကြိမ် - ပုဂံစာအုပ်တိုက်
ဒုတိယအကြိမ် - ဥတ္တရလမင်း
[ စက်တင်ဘာ ၊ ၂၀၀၉ ]
အုပ်ရေ [၁၀၀၀]

□

ထုတ်ဝေသူနှင့် ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် ရာပြည့်စာပေ [၀၃၈၀၁] နှင့်
ရာပြည့်အော့ဖ်ဆက် [၀၅၉၀၁]
၂၄၊ သာယာကုန်းလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

မျက်နှာဖုံး - လင်းဝဏ္ဏ

□

ကွန်ပျူတာစာစီ - အလင်းအိမ်

□

အတွင်းဖလင် - အောင်ဇက်

□

တန်ဖိုး - ၂၅၀၀ ကျပ်

□

၈၉၅.၈၃
နတ်နွယ်
ကျောက်ဘီလူး / နတ်နွယ် ။ ရန်ကုန် ၊
ရာပြည့်စာပေ (ဒုတိယအကြိမ်) ၊ ၂၀၀၉
စာ - ၃၀၄၊ ၁၂ x ၁၃ - ၄ စင်တီ။
(၁) ကျောက်ဘီလူး

BURMESE CLASSIC

# ၁။ ။ တနင်္ဂနွေဦးအစ / ၁

ညသည် အထွင်းတွင် အေးမြ၍ အပြင်တွင် ပူနွေးသည်။ ယင်းအဖြစ်ကို သူသည်
အသတ်အရွယ်အမျိုးမျိုး၊ အလုံးအထည် အသွယ်သွယ်၊ အနိမ့်အမြင့် အဆင့်ဆင့်၊
အသားအရေ အထွေထွေ၊ စိတ်နေစိတ်ထား အပြားပြား ရှိကြသော လူအုပ်ကြီးနှင့်
အတူ အချိုးအစား ပမာဏချင်း မမျှသော တံခါး ပေါက်မှနေ၍ တင်းတင်းကပ်ကပ်
ညပ်ညပ်ရပ်ရပ်၊ တစ်ဦးအပေါ်တစ်ဦး ထပ်မတတ်၊ တိုးတိုးခွေ့ခွေ့၊ လုလုယက်ယက်
နှင့် ဗရိုဗရဲ အပြုံပြုံ အကွဲကွဲ၊ အတွန့်တွန့် အကြေကြေ လုံးခြေ၍ ပစ်လိုက်သည့်နယ်
အတုန့်ပြင်းစွာသော ရေအလျဉ်ကြီးသဖွယ်၊ ဝေါခနဲ အန်ထွက်လာသည်နှင့် တစ်ပြိုင်
နက် အပူလှိုင်းဒဏ်ကို ရုတ်တရက် ခံစား သိရှိမိလိုက်ရပါသည်။

နှိုးအကုန် ဆောင်းအကူး၏ နွေဦးနှင့် ပမာတူသော ကြားကာလ ရက်ပြေး
ဖြစ်သည်မို့ နေ့ရောညရော ပူနွေးခြောက်သွေ့သော ကာလများ ပေတည်း။ တအုံ့အုံ့
အဆိုင်းဆိုင်း၊ တမှိုင်းမှိုင်း တညိုညို၊ တစိုစို တစွတ်စွတ်သော မိုးကာလသည်
ကုန် ဆုံးခဲ့ချေပြီ။ တမြည့်မြည့် တစိမ့်စိမ့်၊ တသိမ့်သိမ့် တတုန်တုန်၊ လွှမ်းမလုံ ကွေးမလုံ

www.burmeseclassic.com



သော ဆောင်းကာလသည် မကြာမီ ဆိုက်ရောက်၍ လာပေတော့မည်။ ယခုမူ အကြိုယနေ့ဦးကာလဟု ဆိုနိုင်သော ခြောက်သွေ့၍ ပူနွေးသော နေ့ရက်များပေတည်း။ ရန်ကုန်သူ ရန်ကုန်သားများသည် သွေ့ခြောက်၍ အပြင်သို့ ထွက်ကြသည်။ ပူနွေး၍ အေးမြရာကို ရှာကြသည်။ ယင်းအဖြစ် သဘောနှစ်ခု၏ ပူးတွဲ တည်ရှိသော နေရာသည် ခေတ်မီ လေအေးစက်များ တပ်ဆင်ထားသော ရုပ်ရှင်ရုံ အဆောက်အဦများသာ ဖြစ်ပေသတည်း။

ခင်မောင်ရင်သည် မန္တလေးမြို့သားတစ်ဦး ဖြစ်သည်နှင့်အညီ၊ ရွှေမြို့တော်နှင့် မိုင်လေးဆယ်ကျော်မျှသာ ဝေးကွာသော ပြင်ဦးလွင်သို့ မကြာခဏ သွားရောက် လည်ပတ်ခဲ့ဖူးသည်နှင့်အညီ၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေထောင်ပေါင်းများစွာ မြင့်တက်နေသော တောင်ကမ်းပါးယံများကို ကွေ့၍ ပတ်၍၊ ကျော်၍ သာယာ ရှုမောဖွယ်ရာသော မြင်ကွင်းများတွင် အတွင်းမနေဘဲ စိတ်ချလက်ချ အိပ်နေ၍ လိုက်ပါလာစဉ် မန္တလေး မြေပြန့်သို့ အဝင်၊ ဆယ့်လေးမိုင်စခန်း ထုံးဘိုရွာသို့ အရောက်၌ တစ်လမ်းလုံး သာယာအေးမြ၍ လာသမျှ ရုတ်တရက် မြေနီစားကြီး ဆိုသလို၊ တစ်ကိုယ်လုံး သွက်သွက်ခါသွားအောင် ပူပြင်းခြင်း၏ အလစ်ဝင်စီးမှုကို ခံလိုက်ရသလို၊ ယခုလည်း ရုပ်ရှင်ရုံမှအထွက်တွင် ငရဲမီးနှင့် အဝက်ခံလိုက်ရသလို ရှိသွားပါသည်။ အငိုက်တွင်မိ့ သွေးအသွားအလာများပင် ကပြောင်းကပြန် ဖြစ်သွားသည်ဟု ထင်ရသည်။

သို့ရာတွင် သူနှင့်အတူ ထာဝစဉ်အေးမြသော မိန်းမငယ်ကလေး လှမိုးညို က လက်ချင်းဆက်၍ လိုက်ပါလာသဖြင့် အရာရာကို ခံနိုင်ရည်များ အပြည့်အဝ ရှိနေပါသည်။ ယခုနှစ်အတွင်း ရိုက်ကူးပြသသော မြန်မာရုပ်ရှင်ကားများအနက် ထူးထူးခြားခြား ကောင်းမွန်သော ကားတစ်ကား ဖြစ်ခြင်းကြောင့် တစ်ကြောင်း၊ ငွေကြေးရှင်သော လဆန်းရက်၏ တနင်္ဂနွေနေ့ည ခြောက်နာရီခွဲပွဲ ဖြစ်ခြင်းကြောင့် တစ်ကြောင်း ဤမျှ ဤရွေ့ ရုံပြည့်အောင် လူကျပ်ခြင်း ဖြစ်ပေသည်။ တစ်ခါတစ်ခါတော့လည်း လူတွေသည် အစုအဝေးနှင့် တိုးရဝှေ့ရသည်ကိုပင် နှစ်ခြိုက် ပျော်ရွှင်ကြလေသောကြောင့်လား မသိ။ မြန်မာ့ရိုးရာ ပွဲသဘင်များ ဖြစ်ကြသော သီတင်းကျွတ်၊ တန်ဆောင်တိုင် မီးထွန်းပွဲများနှင့် ဘုရားပွဲများတွင် အတိုးအဝှေ့ အကျင့်ပါလာကြသောကြောင့်လားမသိ။ ယခုလည်း ရုပ်ရှင်ရုံထဲမှ အန်ထွက်လာသော လူအုပ်ကြီးသည် တစ်ဦးကိုတစ်ဦး လမ်းမပေးဘဲ သူ့ထက်ငါ အလုအယက်သာ ကိုယ်လိုရာခရီးသို့ ရောက်ရန် ပခုံးချင်းတိုက်၊ ကျောချင်းကပ်၊ ရင်ချင်းအပ်၍ တိုးဝှေ့ သွားနေကြ





သည်။

ယင်းသို့ ရှိလေသောအခါတွင် ခင်မောင်ရင်နှင့် လှမိုးညိုတို့မှာလည်း ခေတ္တခဏမျှ စောင့်စား ရှောင်ဖယ်နေရန်လည်း မြေအလွတ် မရှိ။ လူအုပ်ကြီးသည် အဆက်ဆက်မှုနေ၍ တအိအိ ပြုဆင်းလာနေသဖြင့် ရှိရင်းစွဲနေရာတွင် မရွေ့မရှား တပ်စွဲနေရန်လည်း မဖြစ်သဖြင့် အခြားသူများကဲ့သို့ပင် အတင်းပူး အတင်းကပ်၊ အတင်းဝင် အတင်းထွက်၍ သွားနေကြရတော့သည်။ အသက် နှစ်ဆယ်အရွယ်သို့ပင် မချင်းနင်းသေးသော နုပျိုထွန်းသစ်စ လှမိုးညိုသည် ခင်မောင်ရင်၏ လက်ကြမ်းကြီးများကို ဆုပ်ကိုင်၍လည်းကောင်း၊ သူ၏ ထန်းလုံးပမာသော ခါးကြီးကို ဖက်တွယ်၍ လည်းကောင်း၊ သူ၏ အပြော ကျယ်လှသော ပခုံးနှစ်ဖက်ပေါ်တွင် လက်ဖဝါး နုနုရှည်ရှည်များ တင်၍ လည်းကောင်း၊ သူ၏ ရင်ခွင်တွင်းဝယ် ကျပ်ကျပ်ရပ်ရပ်ပင် ဖွတ်ခိုကပ်၍ လည်းကောင်း မနုသလှိုင်းလုံးကြီးများအကြားတွင် မျောပါသွားနေရသည်။ သူတို့နှစ်ဦး၏ အသားချင်းထိကပ်မှုသည် တစ်မျိုးတစ်ဖုံသော ပူနွေးခြင်း ဖြစ်၏။ ဥတုသဘော၏ အပြင်ပန်း ပူနွေးခြင်းမျိုး မဟုတ်ဘဲ အတွင်းပိုင်း မေတ္တာယက်ယက်ခတ် နွေးခြင်းမျိုးသာ ဖြစ်၏။ ယင်းကြောင့်ပင် သူတို့ နှစ်ယောက်သည်လည်း အသက်ရှူများလောက်အောင် တိုးဝှေ့နေရခြင်းအတွက် စိတ်ပျက်ခြင်း၊ နောင်တရခြင်း အလျှင်းမရှိဘဲ သူတို့နှစ်ဦးတည်း မေတ္တာရေစီးကြောင်းတွင် မျောပါနေရသည်ဟု ထင်နေကြသည်။

အထူးသဖြင့် ခင်မောင်ရင် အဖို့ကား သူ၏ ချစ်လှစွာသော သူငယ်ချင်းများဖြစ်ကြသည့် ကိုစိန်မြင့်၊ ကိုဘိုကြီးနှင့် ကိုပေါ်နှောင်းတို့ကို တစ်မျိုးတစ်မည် အောက်မေ့ဆယ်၍ စွန့်ပစ်ခဲ့ရကျိုးနပ်ပြီဟု အကျေနပ်ကြီး ကျေနပ် နေတော့သည်။ ကိုစိန်မြင့်နှင့် ကိုဘိုကြီးသည် ရန်ကုန်မြို့မှ လုပ်ဖော်ကိုင်ဖက် ဗိသုကာကလေးများ ဖြစ်ကြသော်လည်း ကိုပေါ်နှောင်းကား သူတို့ထံ တကူးတကန့် လာ၍လည်းသော မန္တလေးသန်းချီသရာကလေးတစ်ဦး ဖြစ်ပေသည်။ သူတို့သည် လူငယ်များ ဖြစ်ကြသလို ရည်မှန်းချက် ကြီးမားလှပေသည်။ တစ်နေ့တွင် ဗိသုကာ အကျော်အမော် ဝန်ကြီးအဆင့် အကျော်အမော်များ ဖြစ်ရမည်ဟု အားခဲထားကြသူများ ဖြစ်သည်။ ကြိုးစားနေကြသူများ ဖြစ်သည်။ ဥပမာ ကိုစိန်မြင့်ဆိုလျှင် သူ့အပတ်တကုတ် ပုံစံထုတ်ထားသော ပေ ၁၅၀–ကျော်မြင့်သည့် သခင်ကိုယ်တော်မှိုင်း အထိမ်းအမှတ် ဗိသုကာကြီးသည် ရန်ကုန်မြို့အဝင် သန်လျက်စွန်းတွင် တည်ရှိနေပြီ ဆိုလျှင် ပျော်ပါပြီဟု ဆိုခဲ့၏၊ ကိုဘိုကြီးမှာမူ စကားနည်းပြီး စာအဖတ်များသူ ဖြစ်၏။ သူဖတ်သော



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များသည် ဗိသုကာပညာရပ်နှင့် မဆိုင်သော စာအုပ်များဖြစ်၏။ ကိုပေါ်နှောင်းမှာမူကား ယခုအခါ မြန်မာပြည် နယ်နိမိတ်ကိုပင် ဖြတ်ကျော် ထင်ရှားစပြုနေပြီဖြစ်သော အရှေ့တောင်အာရှ၏ လူငယ်ပန်းချီဆရာတစ်ဦး ပေတည်း။

မည်သို့ပင်ဖြစ်စေ သူတို့လေးဦးသည် အမျိုးသမီးတစ်ယောက်တည်းကို ဝိုင်း၍ ချစ်နေမိကြသည့်တိုင် အချစ်အခင် မပျက်ကြသည့် သူငယ်ချင်းများ ဖြစ်ကြ၏။ မခွဲမခွာ ရှိနေကြမည့်သူများ ဖြစ်၏။ သို့ရာတွင် အလုပ်အကိုင်အားဖြင့် ရန်ကုန်တွင် နေထိုင်ရန် သင့်လျော်သော်လည်း ပန်းချီဆရာ ကိုပေါ်နှောင်းသည် မန္တလေးမြေနှင့် တစ်လလောက်ဝေးကွာနေလျှင် အနုပညာ ဈာန်ဝင်စားမှုများ ကျဆင်း လျော့ပါးသွားသည် ဆို၍ သူငယ်ချင်း လေးယောက်အနက် သုံးယောက်က ရန်ကုန်တွင် ရှိနေပြီး တစ်ယောက်ကမူ မန္တလေးကို ဖက်တွယ်လျက် ရှိလေသည်။ သူတို့လေးယောက် ဆုံစည်းခွင့်သည် ကိုပေါ်နှောင်း ရန်ကုန်သို့ ဆင်းလာမှ သာလျှင် ရရှိကြပေသည်။ ဤနေရာတွင်တော့ ကိုပေါ်နှောင်းသည် တစ်လတစ်ခါလောက် ရန်ကုန်ဆင်းလာပြီး တစ်ခေါက်လျှင် တစ်ပတ်ခန့် နေထိုင်သွားတတ်သည်။ သို့ရာတွင် သူသည် မန္တလေးမြို့၌ အနုပညာဈာန် အဝင်လွန်နေပြီး သမိုင်းဝင် ပန်းချီကားကြီးတစ်ချပ်ကို ရေးဆွဲနေသဖြင့် ရန်ကုန်သို့ သုံးလလောက် ရောက်မလာခဲ့ဘဲ ကနေ့တွင်မှ မြန်မာစားကြီး ပြန်ရောက်လာပြီး မနက်ဖြန်မှာပင် ပြန်ရမည်ဟု ဆိုလေသည်။ သို့ဖြင့် သူတို့လေးယောက်သည် အတူတကွ တွေ့ဆုံ၍ အကြောင်းအရာမျိုးစုံကို ဆွေးနွေးငြင်းခုံကြရန် အင်းယားကန်စောင်းရှိ "ရေဇလာ" ဟိုတယ်၌ ချိန်းဆိုလိုက်ကြသည်။ ညနေ ခြောက်နာရီတွင် ဖြစ်သည်။ တစ်မိနစ် မလို၊ တစ်မိနစ် မပွန်းတွင် ဖြစ်သည်။

သူတို့လေးယောက်တွင် ခင်မောင်ရင်သည် အတိအကျဆုံးနှင့် အစေ့စပ်အသေချာဆုံး ဖြစ်သလို အချိန်အမှန်ဆုံးလည်း ဖြစ်လေသည်။ သို့ရာတွင် ယခုအကြိမ်တွင်တော့ သူသည် တစ်မိနစ် နှစ်မိနစ်မျှ စွန်းရုံတွင် မကဘဲ နာရီနှင့်ချီ၍ နောက်ကျရပေတော့မည်။ ခင်မောင်ရင်သည် ညနေ လေးနာရီခွဲလောက်တွင် သူ၏ရုံးခန်း၌ အလုပ်များကို လက်စသတ်၍ "ရေဇလာ"သို့ သွားရန် ဟန်ပြင်နေစဉ်တွင် လှမိုးညိုထံမှ တယ်လီဖုန်း လာလေသည်။ ယနေ့ည ခြောက်နာရီခွဲပွဲ ရုပ်ရှင်ကြည့်ချင်သည်ဟု ဆိုလေသည်။ ခင်မောင်ရင်သည် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ တယ်လီဖုန်းခွက်ကို ကိုင်၍ အတန်ကြာ ငေးငိုင်နေမိသည်။ ခြောက်နာရီတိတိတွင် "ရေဇလာ" ၌ ကိုစိန်မြင့်တို့နှင့် ချိန်းထားသည် မဟုတ်ပါလား၊ မန္တလေးမြို့မှ နေ၍ သူတို့အား တကူးတကန့် လာတွေ့သော ကိုပေါ်နှောင်း





သည် နက်ဖြန်မနက်တွင် အနုပညာထွန်းကားရာဒေသသို့ ပြန်ချေတော့မည်မဟုတ်ပါလား။ ထို့အတူ အင်မတန် ချစ်စရာကောင်းသော မအူပင်သူကလေး လှမိုးညိုနှင့် ရုပ်ရှင်ကြည့်ရမည့် အခွင့်အရေးကလည်း ရတောင့်ရခဲတည်း။

'ဗိသုကာကြီး ဘာဖြစ်လို့ စကားမပြန်တာလဲ။ အလုပ်တွေ များနေပြီး ထွက်မပို့နိုင်လို့လား။ ဒီလိုဆိုရင်လည်း တောင်းပန်ဖို့စကားလုံး ရွေးမနေပါနဲ့။ အလုပ်များနေတဲ့ လူကြီးကို အနှောင့်အယှက် ပေးမိတဲ့အတွက် ညိုကပဲ တောင်းပန်ပါတယ်။ အလုပ်ကိုသာ ဦးစားပေးပါ ဗိသုကာကြီး။ ညို့အဖို့တော့ အရေးမကြီးပါဘူး။ ကိုနေဝင်းနဲ့ဖြစ်ဖြစ်၊ ကိုကျော်ဆွေနဲ့ဖြစ်ဖြစ် အားတဲ့ လူတစ်ယောက်နဲ့ သွားပါမယ်။ ကဲ ခွင့်လွှတ်ပါ'

'နေ နေ နေပါဦး'

တစ်ဖက်မှ တယ်လီဖုန်း ချသွားမည် စိုး၍ သူက ရေကာတာကျိုးသလို ပြောလိုက်သည်။

'နေပါတယ်ရှင်။ ဘာလဲ နောက်တစ်ပတ်ကို ချိန်းမလို့လား။ ဟိုး ဆရာ ဦးနိုပြထားတယ်။ နောက်တစ်ပတ်မှာ ကိုမောင်မောင်ညွှန့်က ညစာ ထမင်းကျွေးပြီး ရုပ်ရှင်ပြပါရစေလို့ အစောကြီး ကြိုချိန်းထားတယ်'

'တော်စမ်းပါ၊ အဲဒီမောင်မောင်ညွှန့်တို့၊ နေဝင်းတို့၊ ကျော်ဆွေတို့ကို သားချိတ်ထားစမ်းပါ'

'ကဲ သေးမှာ တစ်ယောက်စီ ချိတ်ထားပြီးပါပြီမှတဲ့ရှင်'

'ညိုက သိပ်ခနဲ့တာပဲ။ ကိုယ်က အကောင်းပြောမလို့'

'ကဲ ပြော၊ လွတ်လပ်စွာ ပြော'

'စောစောက ကိုယ်ချက်ချင်း ပြန်မပြောတာဟာ ညို့ကို ရုပ်ရှင် ကိုယ်ခေါ်ပို့နိုင်လို့ မဟုတ်ဘူး'

'ဒါဖြင့် ဘာဖြစ်လို့လဲ'

'ကိုယ့်ကား မရှိလို့၊ ဝပ်ရှော့ ပို့ထားလို့'

'အောင်မယ်လေး ဒါများရှင်၊ ဘာခက်တာလိုက်လို့။ သုံးဘီးနဲ့ သွားကြတာပေါ့။ ဘာလဲ ညို့ကို စော်ကားတာလား။ ညိုက ကိုယ့် အစ်ကို တစ်ယောက်နဲ့ အပျင်းပြေ ရုပ်ရှင်ကြည့်ချင်တာပါ။ သူဌေးသားတစ်ယောက်ရဲ့ သုံးလေးသောင်းတန် ဓါးယက်ကားကြီးကို စီးချင်တဲ့ မိန်းမစား မဟုတ်ပါဘူး'

မမြင်သာသော တစ်နေရာမှနေ၍ လှမိုးညိုက ဒေါသအပြည့်အလျှံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတော့သဖြင့် ခင်မောင်ရင်သည် မနည်းကြီး တောင်းပန်ရပြီး သူ့ကားကို အလုပ်ဆိုက်တွင် ထားခဲ့ကာ သုံးဘီးကားတစ်စီးဖြင့် ဗဟန်း ၃-လမ်းသို့ တစ်ချီးတည်း သွားရလေတော့သည်။

ယင်းသို့အားဖြင့် သူသည် မူလအစီအစဉ်ဖြစ်သော သူငယ်ချင်း သုံးယောက်နှင့် ချိန်းထားသည်ကို ဖျက်၍ ဒေါ်၊ မော၊ ညု၊ ကြူ၊ ချိူ ပြုံးသော လှမိုးညို ထံသို့ သုံးဘီးကားဖြင့် သွားမိလေသောကြောင့်၊ ည ခြောက်နာရီခွဲပွဲကို ထိတွေ့မှု၊ မွှေးပျံ့မှုတို့ဖြင့် ကြည့်မိလေသောကြောင့် သူ၏ဘဝကို အကြီးအကျယ် ပြောင်းလဲ စေမည့်၊ သူ၏အသက်အန္တရာယ်ကို ဖက်နှင့် ထုပ်ထားစေရမည့် အဖြစ်အပျက်များ သည် ထိုညမှစ၍ တစ်ခုပြီးတစ်ခု မမျှော်လင့်ဘဲ အစဉ်တစိုက် ပေါ်ပေါက်လာကြရ လေတော့သည်။

သို့ရာတွင် အနာဂတ်ကို ကြိုတင်၍ မသိမြင်နိုင်သော ခင်မောင်ရင်သည် နောက်တစ်နာရီအတွင်း ကြုံတွေ့ရမည့် တုန်လှုပ်ချောက်ချားဖွယ်ရာ အမှုကိစ္စ အတွက် ဘာယ်လိုမှ ပူပန်ခြင်း မရှိဘဲ လှမိုးညို၏စက်ဝန်းတွင် နှစ်မွန်းရင်း အခြား ရုပ်ရှင်ကြည့် ပရိသတ်များနှင့်အတူ အကျပ်အညပ် တိုးဝှေ့လျက် ရှိလေတော့၏။

တကယ်တော့ မလှပ်သာလောက်အောင် ကျပ်လေ၊ မတိုးသာ မဆုတ်သာ လောက်အောင် ကပ်လေ၊ သူက သဘောကျလေဖြစ်၏။ အမှန်မှာတော့ ကြီးမား သော လူအုပ်ကြီးက သူနှင့်လှမိုးညိုကို ထပ်ထပ်ရပ်ရပ် ရှိအောင် ကူညီစောင်မနေကြ ခြင်း ဖြစ်၏။ ရှေ့မှ လူအုပ်ကြီး ဖြုန်းခနဲ တန့်သွားသော အခါတွင် သူမ၏ ရင်သား များက သူ့ကျောကို အိခနဲ လာထိ၏။ နောက်မှ လူအုပ်ကြီးက ဖောင်းလွှတ် မြင်းများ ဖြစ်သောအခါတွင် သူမ၏ တင်သားများက သူ့ကို နွေးခနဲ လာထိ၏။ မြောက်ဘက်မှ လူအုပ်ကြီးက အိလာသောအခါတွင် လည်းကောင်း၊ တောင်ဘက်မှ လူအုပ်ကြီးက ပိလာသောအခါတွင်လည်းကောင်း လှမိုးညိုသည် သူ၏အုပ်မိုး နေသော ရင်ခွင်တွင်းသို့လာ၍ ခိုလှုံ၏။ ယင်းအခါများတွင် မျက်လုံးချင်းဆိုင်မိတော့ ကာ နှစ်ယောက်စလုံး တဖိတ်ဖိတ်လက်၍ အပြုံးချင်း ချိတ်မိကြသည်။

လူ့ဘဝတွင် ပြင်းထန်သော ဘဝတိုက်ပွဲများ ရှိသလို ကြည်နူး နှစ်သိမ့် စရာကလေးများလည်း ရှိ၏။ ခင်မောင်ရင်အဖို့ မလှပ်ချင် မရှားချင်၊ မသယ်ချင် မပိုးချင်အောင် အလုပ်တွင် ပင်ပန်းခဲ့ရသည်များသည် လှမိုးညို နှင့် တွေ့လိုက်ရ သည်နှင့် တစ်ပြိုင်နက် လေအဟုန်တွင် မိုးတိမ်မည်းမည်းများ လွင့်ပါသွားသလို ကင်းစင်၍ သွားချေတော့၏။ သူ၏ ပြင်ပကိုယ်ခန္ဓာ အစိတ်အပိုင်းများနှင့် အတွင်း





...သား ဦးနှောက် စိတ်ဓာတ်အာရုံတို့သည် တစ်ခါတည်း လန်းဆန်း ရှင်သန်၍ ...ထြ... သို့ဖြင့် သူသည် လှမိုးညိုကို တပ်မက်၍ စွဲလန်းနေပြီဟု ဆိုနိုင်၏။ ...သို့ပင်လျှင် ချစ်နေပြီဟူ၍လည်း ဆိုနိုင်၏။ သို့ရာတွင် ခင်မောင်ရင် ကိုယ်တိုင်မှ ...နေနှင့် လှမိုးညိုကို ချစ်နေပြီလား၊ မပြီလားကို အသေအချာ မသိ။ သူသိသည် ...သူ့အဖို့ စိတ်ချမ်းမြေ့ဖွယ်ရာရှိသော အမျိုးသမီးဟူ၍ လှမိုးညို တစ်ယောက်ဝ ...ခြင်းသာ ဖြစ်၏။ အကယ်၍ ထိုနေ့က သူတို့နှစ်ဦး မချိန်းမိကြလျှင်လည်း ...ခဲ့ဦး၏ ဘဝသည် တစ်မျိုးတစ်ဖုံ ဖြစ်ထွန်းလာစရာရှိ၏။ အကြောင်းမူ ...အောင်ရင်သည် သူ့ သူငယ်ချင်းများနှင့် အတူတကွ သွား၍ ဆွေးနွေး ငြင်းခုံနေ ...သည့် တုန်လှုပ်ဖွယ်ရာသော အတွေ့အကြုံတစ်ခုကို ထိုညတွင် သူက တွေ့ချင်မှ ...ရတော့မည်ဖြစ်၏။ နောက်နေ့များတွင်လည်း လွဲချော် သွားနိုင်စရာ ရှိ၏။ ...ကြောင်းမူ သူ့ကို နောက်တစ်နေ့တွင် မန္တလေးသို့ ခေါ်သွားရန် ကိုပေါ်နှောင်းတွင် ...ကြံအစည် အကြောင်းတစ်ချက် ရှိနေသောကြောင့်တည်း။

သို့ရာတွင် ခင်မောင်ရင်သည် သူငယ်ချင်းသုံးယောက်နှင့် အိယာ ထက် ...မိုးညိုကို ပို၍ တပ်မက်နေသောကြောင့် သူ့ဘဝသည် ကျောက်တောင် ...ောင်များအကြားတွင် အကွေ့အဝန်း အဝဲအလှည့်ပေါင်း များစွာနှင့် ဒလဟော ...ဆင်းရလေတော့၏။ ယင်းသို့ သူ့ဘဝ ပြောင်းလဲ သွားရခြင်းအတွက် သူ့မှာပင် ...ာဝန်ရှိသော်လည်း သူမအားတော့ အပြစ်တင်စရာ မရှိပါပေ။

အကြောင်းမူ လှမိုးညိုသည် တကယ်ပင် တပ်မက်ဖွယ်ရာ ကောင်းလေ သောကြောင့်။ သူမသည် အလုပ်ချိန် ထဘီအစိမ်းပြည့်ပြည့်ကလေးကို အမြဲတမ်း ဝတ်ဆင်ရသော အသားဝင်းဝင်း အကျီဖြူဖြူနှင့် ပပက် စာရေးမကလေး တစ်ဦးသာ ဖြစ်၏။ သို့ရာတွင် သူမ၏အလုပ်အကိုင်နှင့် အဝတ်အဆင်က အဓိကမဟုတ်။ သူမ၏ ကိုယ်လုံးကိုယ်ထည် အယိမ်းအနွဲ့ အလှုပ်အရှားနှင့် မျက်လုံး မျက်ခုံး အပြုံးတို့ကသာလျှင် ပင်မ မူလဖြစ်၏။ သူမ၏ စကားချို စကားနှော၊ စကားငေါ့၊ စကားဖုန်တို့ကသာလျှင် ဗီဇဘူတဖြစ်၏။ ယင်းတို့တွင် သူက တစ်နှစ်ကျော်၍ မွေ့လျော်ခဲ့ရပြီတည်း။

သို့ရာတွင် ကြည်နူး နှစ်သိမ့်စရာများတွင် ပူပန်သောကမှုများက အနည်း နှင့် အများ ဆိုသလိုပင် အမြဲထာဝစဉ် ရောယှက် ပါဝင်နေတတ်ပေသည်။ သူက လှမိုးညိုအတွက် ရွှင်လန်းချမ်းမြေ့ရသလို စိုးရိမ် မှုန်ကုပ်ရမှုများလည်း ရှိပေသည်။ သူနှင့် လှမိုးညိုသည် တစ်နှစ်ကျော်မျှ ရင်းနှီးစွာ သိကျွမ်းခင်မင်ကြပြီး ဖြစ်သော်

www.burmeseclassic.com



လည်း သမီးရည်းစားများ မဟုတ်ကြသေးပေ။ ယခုအထိတော့ သူက သူမ၏ အချစ်ကို ဖွင့်ဟ တောင်းဆိုခဲ့ဖူးခြင်း မရှိ သေးချေ။ ထို့ကြောင့် လှမိုးညိုသည် သူ့အပေါ်တွင် ဘာမျှ သစ္စာစောင့်စည်းရန် မရှိသော လွတ်လပ်သည့် အမျိုးသမီးငယ် တစ်ဦးတည်း။ အမိပွာယ်မှာ သူမ အနေနှင့် အခြားယောကျ်ားများနှင့် စိတ်သဘောရှိ ဆက်ဆံနိုင်ခြင်းပေတည်း။ ယင်းအခွင့်အရေးကိုလည်း သူမက အပြည့်အဝ အသုံးပြု လေသည်။ သူမတွင် ယောကျ်ားလေး အသိမိတ်ဆွေများ ပေါများလှသည်။ သည့် အတွက် ခင်မောင်ရင်က မည်သည့် အခွင့်အာဏာကိုမျှ အသုံးပြု၍ ကန့်ကွက်နိုင်ခြင်း မရှိပေ။ ပြီးတော့ သူမက ဆွဲငင်ခြင်း အမောက် အလျှံရှိ၍ တဝဲလည်လည် ဖြစ်နေကြ သူများ အရေအတွက် များပြားနေရခြင်းတည်း။

ထိုအထဲတွင် ခင်မောင်ရင်နှင့် ပခုံးချင်းယှဉ်၍ လှမိုးညိုနှင့် ရင်းနှီး ခင်မင်ကြ သူများမှာ သူမနှင့် တစ်မြို့တည်းသားဖြစ်သော သတင်းထောက် ကိုနေဝင်း။ သူမနှင့် ဘက္ကသိုလ်ဝင်တန်းတွင် အတူတူကျခဲ့ဖူးသော ရုံးစာရေးကလေး ကိုကျော်ဆွေ။ လုပ်ငန်းကို ကြည့်တော့သာ အရက်နာကျနေသော စာရေးဆရာနှင့် တူသော ပိန်ပိန် သေးသေး၊ မည်းမည်းညိုညို၊ ပုပုတက်တက် အချိုးမကျ၊ နည်းနည်းမျှ မခံ့သည့် အထက်တန်းအရာရှိ ကိုမောင်မောင်ညွန့်တို့ ဖြစ်ကြသတည်း။

ကိုနေဝင်းက လှမိုးညိုနှင့် တစ်မြေတည်းနေ တစ်ရေတည်း သောက်၍ တမ်းနဖူးထိပ်က မအူပင်ကြီးအောက်တွင် အတူတကွ ကစားခဲ့ကြသည့် အလျောက် ရုပ်ဆွေရုပ်မျိုး အခွင့်အရေး ရရှိကာ ညီမလေး၊ ညီမလေးနှင့် ကပ်၍ တာနေသူ တစ်ဦး ဖြစ်၏။ မည်းမည်းခြောက်ခြောက် ရုပ်ရုပ်ပျာပျာနှင့် အထက်အညာက ဝုဂံသား ကိုကျော်ဆွေသည် သူမနှင့် တစ်ဆိုင်တည်း အလုပ်လုပ်ရသော အရောင်း စာရေးတစ်ဦးဖြစ်၍ နေ့စဉ်နှင့်အမျှ ကပ်၍ ညနေခွင့် ရရှိသူတစ်ဦးဖြစ်၏။ ကိုမောင်မောင်ညွန့်သည်ကား လှမိုးညိုနှင့် တစ်လမ်းတည်းနေပြီး လူကြီးချင်း သဘောတူထားသည့်လူ ဖြစ်၏။ ယင်းကြောင့် သူသည် ဂြိုဟ်ကြီးရှစ်လုံး၏ နောက် ဆက်တွဲ ဂြိုဟ်တစ်ခြမ်းပဲ့ကလေး ဖြစ်၏။ ခင်မောင်ရင်အနေနှင့် သူတို့ထက် သာ သည့်အချက် တစ်ခုတည်း ရှိ၏။ ယင်းသည်ကား သူ၏ ထောင်ထောင်မောင်းမောင်း အရပ်၊ အချိုးအဟန့် ကောင်းလှသော ကိုယ်လုံးကိုယ်ထည်၊ အသား လတ်လတ် စိုစို၊ ပြည့်ရွှန်းသော မျက်နှာတို့ဖြစ်၏။ သူဌေးသားဟူသော အဖြစ်ကိုကား သူ၏ အရည်အချင်းတွင် ထည့်တွက်မထားပေ။ အကြောင်းမူ ကိုမောင်မောင်ညွန့်တို့၏ မိဘများသည်လည်း ချမ်းသာ၏။ အညာသား ကိုကျော်ဆွေမှာလည်း စာရေး





တလေးသာ ဖြစ်သော်ငြား အသုံးအစွဲ ကျစ်လျစ်၍ စုငွေရှိ၏။ ထိုပေါက်ထားသည် လည်း ရှိ၏။ ကိုနေဝင်း တစ်ယောက်သာလျှင် စီးပွားရေး မလည့်တလည် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ယင်းဂြိုဟ်တစ်ခြမ်း၊ တစ်ပဲ့၊ တစ်စိတ်၊ တစ်မွှာ၊ တစ် လွှာ၊ တစ်ရုပ်တို့သည် လှမိုးညို၏အချစ်ကို အလစ်တွင် သုတ်သွားနိုင်ကြသူများ ဖြစ်၏။ ခင်မောင်ရင်သည် လှမိုးညိုကို ချစ်နေပြီမှာ သူ့ကိုယ်သူ ဝန်ခံခြင်း မရှိသေး သော်လည်း ယင်းဂြိုဟ် အပဲ့အရွဲ့များနှင့် လှမိုးညိုတွဲသည်ကို တွေ့ရလျှင် ရင်နာ တဆုန်စိုင်း နေ၏။ အထူးသဖြင့် ကိုမောင်မောင်ညွန့်နှင့် တွဲသည်ကို တွေ့ရလျှင် ရင်မှာ မုန်တိုင်း ဆင်နေ၏။

အဲဒီတော့၊ ဟော ဘယ်နှယ့်လုပ်ပါ့မလဲ။ ရှေ့တနင်္ဂနွေဆိုလျှင် သူမကို ယင်းသတ္တဝါက ရုပ်ရှင်လိုက်ပို့ပေတော့မည်။ ယင်းသို့ဆိုလျှင် သူ အခု ရရှိသော အခွင့်အရေးမျိုးတွေကို အနီ စာခြောက်ရုပ်သည်လည်း ရရှိပေတော့မည်။ ဘယ်နှယ် လုပ်ရပါ့။ သူ၏ အေးမြသော ကြည်နူးမှုများသည် ပူနွေးသော စိုးရိမ်ပူပန်မှုများ အဖြစ်သို့ ပြောင်းလဲသွားပေပြီ။ သူ၏ကိုယ်တွင်းမှ ချွေးသီးချွေးပေါက်များ ကိုက်စက် ဆင်၍ ထွက်လာကြသည်။

'ကဲ ဘယ်လိုလဲ ဗိုသုကာကြီး။ အိမ်ကိုရောက်အောင် ဒီလိုပဲ ခြေကျင် လျှောက်သွားရတော့မှာလား။ ဒီလိုဆိုရင်တော့ မနက်ဖြန်ကျရင် မြန်လျင်နဲ့ တောင် တက်အသင်းကို ဝင်လိုက်တော့မယ်'

လှမိုးညိုထံမှ ဒေါသသင့်သော ဂီတသံလွင့်ပျံလာတော့မှ သူက တထိတ် တလန့် ဖြစ်သွားရသည်။ သူတို့သည် လူအုပ်ကြီးထဲတွင် ကျပ်ညပ်လျက် မရှိတော့။ ရုပ်ရှင်ပြန်များ ပါးပါးကျဲကျဲထဲတွင် ရော၍ လျှောက်နေကြသည်။ အချို့ ဟိုတစ်မှု ဒီတစ်စုရပ်၍ သုံးဘီးကား စောင့်နေကြသည်။ အင်းမော်၊ သူတို့လည်း သုံးဘီးကား နှင့် ပြန်မှပေါ့။

စောင့်ဆိုင်းနေကြသူများနှင့် ရောက်ရှိလာသော သုံးဘီးကားများ မျှသဖြင့် အလုအယက်ခေါ်ယူ၍ စီးနေကြရသည်။ အဘယ်နေရာမှ ကားဝါဝါကလေး ပေါ် ထွက်လာမည်နည်းဟု လည်တဆန့်ဆန့် ဖြစ်ကြရသည်။

ခတ်တိုင်တစ်ခု၏ ရှေ့နားတွင် တိုက်ပုံအကျီပွပွကြီးနှင့် လူဝဝကြီး တစ်ယောက်သည် လက်ခုပ်တဖြောင်းဖြောင်း တီးလျက် ရှိသည်။ သူ့ လက်ခုပ်သံ သည် ကျယ်လောင်လှသည်။ တဖြောင်းဖြောင်း မြည်ဟီး၍ ထွက်လာသောအသံကို ကြားရသောအခါတွင် လူပါလာသော သုံးဘီး ကားသမားက လက်ခါပြသွား၏။



www.burmeseclassic.com

www.burmeseclassic.com



လူမပါသော ကားက သူ့ ရှေ့နားသို့ ထိုးဆိုက်လာ၏။ သို့ရာတွင် သူ မတက်ရခင် ဘုစုခရုတွေ တစ်ပြုံကြီးနှင့် မိသားစုတစ်စုက တက်သွား၏။ သူက ကလေးတွေကို သက်ညှာသော အားဖြင့် သွားကြတော့ဟုပင် လက်ပြလိုက်၏။ နောက်ထပ် သူ၏ လက်ခုပ်သံ သုံးကြိမ် ပေါ်ထွက်လာသောအခါတွင် အငှားကားတစ်စီး ရောက်လာ၏။ သူက ရှေ့တံခါးကိုဖွင့်၍ တက်မည်ပြုစဉ် ဗလစ်ဗလစ်နှင့် စကားအမျှင်မပြတ် ပြောလာကြသော ဆံပင်မို့မို့ပွပွနှင့် ကောင်မလေးနှစ်ယောက်က လွှားခနဲ တက်သွားကြသည်။ ဤတစ်ကြိမ်တော့ လူဝကြီးသည် သိပ်ကျေနပ်ပုံ မပေါ်။ သို့သော် ဘာမျှ မတတ်နိုင်တော့၍ ကြည့်နေလိုက်ရသည်။ ပြီးတော့ နောက်မှလည်း ကားအလွတ် တစ်စီး ဆက်လာနေ၍ လွတ်သွားသည့် ကိစ္စကို ပြန်တွေးမနေအားတော့ဘဲ အသစ် ရောက်လာသည့်ကားကို သူ့ရှေ့တွင်ရပ်ရန် လက်ဖြင့် အချက်ပြလိုက်သည်။ ဤ တစ်ကြိမ်တွင်တော့ သုံးဘီးကားတစ်စီးသည် သူ လက်ခုပ်မတီးရဘဲနှင့် သူ့ဆီသို့ ဦးတည်လျက် ပလက်ဖောင်းကို ရှောင်၍ ခပ်ဖြည်းဖြည်း မောင်းလာနေချေပြီ။ လူဝကြီးကလည်း သူ့ရှေ့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ခုန်ပျံတက်ရန် ထီးကို ညာဘက် လက်က ဆုပ်ကိုင်၍၊ လက်ကိုင်အိတ်ကြီးကို ဘယ်ဘက် ချိုင်းကြားတွင် ညှပ်၍ စောင့်ဆိုင်းနေသည်။

ခင်မောင်ရင်သည် ရှေ့လာမည့် တနင်္ဂနွေနေ့တွင် လှမိုးညိုနှင့် မောင်မောင် ညွှန့်တို့ ရုပ်ရှင်ကြည့်ကြမည့်အရေးကို အဘိဓ္ဓာ ပွားနေရာမှ အမျိုးသမီး၏ ခြေဆောင့် သံကြောင့် ဖျတ်ခနဲ သတိရပြီး သုံးဘီးကားကို ရှာဖွေကြည့်ရှုလိုက်ရာတွင် သူတို့ရှေ့ သို့ အဆင်သင့် ရောက်လာသော သုံးဘီး ကားတစ်စီးကို တွေ့ရသဖြင့် လှမိုးညို၏ လက်ကို ဆတ်ခနဲ ဆုပ်ဆွဲ၍ သူများထက် အရင်ဦးအောင် သုတ်သုတ်ကလေး ပြေးသွား၏။ ကားပေါ် ရောက်လိုဇောကြီးနေသဖြင့် သူတို့နှစ်ယောက်သည် ရှေ့မှ လူများကို လွတ်အောင် မရှောင်နိုင်ဘဲ တိုးမိတိုက်မိကြ၏။ သို့ရာတွင် ပြန်လှည့်ကြည့် မနေနိုင်ဘဲ၊ တောင်းပန်မနေနိုင်အားဘဲ ကားဆီသို့သာ မဲ၍ ပြေးနေရ၏။ ကားအနီး သို့ ရောက်ခါမှ ရှေ့မှ ကန့်လန့်ကန့်လန့် လုပ်နေသော လူကြီး တစ်ယောက်ကို ခင်မောင်ရင်က အင့်ခနဲနေအောင် ဆောင့်တိုးလိုက်မိ၏။ နှစ်ယောက်စလုံး ယိုင်၍ လည်ထွက်သွားကြ၏။ လူကြီး၏ လက်မှ ပစ္စည်းများ ကျကုန်တော့၏။ သို့ရာတွင် ခင်မောင်ရင်နှင့် လှမိုးညိုသည် သုံးဘီးကားပေါ်သို့ အဘယ်ပုံ ခုန်တက်မိကြသည် မသိ။ ကားပေါ်တွင် ပထမ တစ်ဖက်တည်းတွင် ထိုင်မိကြ၏။ ခင်မောင်ရင်၏ ပေါင်ပေါ်သို့ လှမိုးညို၏ တင်ပါး တစ်ခြမ်းက အိခနဲ တင်လာလေ၏။ ချက်ချင်းပင်





သူမက တစ်ဖက်သို့ ပြောင်းထိုင်လိုက်၏။ ကားက ဆောင့်ထွက်၍ နှစ်ယောက်သား ပျော်နာချင်း ပွတ်သပ် တိုက်မိကြသည်။ သူမ၏ ပါးကလေးသည် မိုးကုတ်ရတနာ မြေမှ ပတ္တမြားများ ဖြစ်နေကြ၏။ ပြီးတော့ နှစ်ယောက်သား ပြိုင်တူ ရယ်မော လိုက်ကြသည်။ လက်မှ လွတ်ကျသွားသော လက်ကိုင်အိတ်နှင့် ထီးကို ကောက်ယူ ပြီးနောက် သူတို့အား မကျေနိုင် မချမ်းနိုင် ဒေါသတကြီးနှင့် ကျိန်ဆဲအော်ဟစ် နေသော တိုက်ပုံအကျႌနှင့် လူဝဝကြီးကိုကား သူတို့ နှစ်ယောက်သည် နည်းနည်း ကလေးမျှ အမှုမထားလိုက်ကြပေ။

တော်တော်ကလေး ရယ်မိကြပြီးမှ နှစ်ယောက်သား ပြိုင်တူ ရပ်သွားကြ သည်။ ပြီးတော့ ဘယ်သူကမျှ ဘာစကားတစ်ခွန်းမျှ မဟ။ ကိုယ့်အတွေး သူ့အတွေး နှင့် ဖြစ်နေကြသည်။ ရုပ်ရှင်ရုံနှင့် ဝေးလာသည်နှင့်အမျှ ညသည် တိတ်ဆိတ်လျက် ရှိသည်ကို သူတို့က တွေ့မြင် သိရှိလာကြရသည်။ လမ်းများသည် အဆီးအတား မရှိသလောက် ပွင့်ပွင့်ကြီး ရှင်းနေသည်။ ဘေးဘက်မှ အိမ်များသည် တစ်စုံတစ်ခု သော ကာလကို မျှော်မှန်းသည့်အလား တန်းစီ၍ စောင့်စားနေကြသည်။

သူတို့သည် ဟင်းလင်းပြင်တွင် ခရီးနှင်နေကြသဖြင့် လေ၏ အလျင် အဟုန် တိုးဝှေ့မှုကို ရရှိလာကြသည်။ ရုပ်ရှင်ရုံထဲမှာလို စိမ့်၍ အေးတာမျိုးမဟုတ်ဘဲ ထန်းဆတ်အေးမြခြင်းမျိုး ဖြစ်လေသည်။ ခင်မောင်ရင်၏ ချွေးများ သည် တပ်ခေါက် သွားကြပြီနှင့် တူ၏။ ဦးနှောက်သည် ကြည်လင်၍ လာသည်။ စိတ်ကူးတစ်ခုသည် သူ့ခေါင်းထဲသို့ ဖျတ်ခနဲ ဝင်လာသည်။

'ညို လိုက်မလား'

'ဟင်'

သူ၏ ရုတ်တရက် အမေးကြောင့် သူမက ဆိမ့်ခနဲဖြစ်သွားသည်။

'သန်လျင်ကို လိုက်မလား'

'ဘယ်တော့လဲ'

'နောက် တနင်္ဂနွေပေါ့'

'ဘယ်ဖြစ်မလဲ၊ ကိုမောင်မောင်ညွှန့်နဲ့ ချိန်းထားတယ်'

လာပြန်ပြီ။ ဒီ ကိုမောင်မောင်ညွှန့်၊ ဂြိုဟ်တစ်ခြမ်းပဲ့လေး၊ မှင်စာလေး သူက စိတ်ထဲမှ ရေရွတ်လိုက်သည်။

'ကိုမောင်မောင်ညွှန့်နဲ့ ရုပ်ရှင်ကြည့်မှာက ညဘက် မဟုတ်လား'

သူမက အနည်းငယ်ခေါင်းကလေးမော့၍ စဉ်းစားနေပြီးနောက် –



www.burmeseclassic.com

www.burmeseclassic.com



'သူက ညစာကို ရေဇလာမှာ စားရအောင် ညနေ၅–နာရီလောက် လာခေါ်မယ်လို့ ပြောတာပဲ။ သန့်လျင်က ဘယ်အချိန်သွားမှာမို့လဲ။ ညီလဲ လိုက်တော့ အလိုက်ချင်သား။ မရောက်တာ သုံးနှစ်လောက် ရှိသွားပြီ'

'အို ညနေ ၅–နာရီဆိုရင် အချိန်အများကြီးရတာပဲ။ သန့်လျင်ကို မနက် အစောကြီး သွားမှာပဲ။ ညီလဲ သွားဖူးသားပဲ။ စောနိုင်သမျှစောလေ ရှုခင်း မြင်ကွင်း သာယာလေပဲ။ မနက် နေထွက်တာကို တွေ့ရမယ်။ မိုးကောင်းကင်နဲ့ ကမ်းကပ် သစ်ပင်တွေရဲ့ အရောင်အနုအရင့် ရောယှက်တာကို တွေ့ရမယ်။ ပြီးတော့ စင်ရော် တာလေးတွေကို ပေါင်မုန့်ကျွေးရမယ်။ စင်ရော်ဖြူဖြူကလေးတွေဟာ ပတ္တမြားရောင် ချောချောမှာ'

'ကဲ တော်ပါတော့ရှင်။ ညီလိုက်ပါ့မယ်။ တကတဲ ဗီသုကာမို့သာ တော်တော့တယ်။ ကဗျာဆရာများ ဆိုရင် အခက်ပဲ။ ဘယ်အချိန် လာခေါ်မလဲသာ ပြောပါ။ အချိန်ရရင် ကျောက်တန်းရေလယ်ဘုရားကို သွားကြရအောင်'

'အား ဟုတ်တာပေါ့။ ရေလယ်ဘုရားဟာ၊ အခု အရင်ကလို မဟုတ်ဘူး။ သိပ်သာယာနေပြီ။ ငါးတွေဆိုတာလဲ ဘုရားပတ်ပတ်လည်မှာ အများကြီးပဲ။ ရေမှာ အကောင်ကြီးတွေပဲ။ သိပ်ယဉ်တာပဲ။ ရေစပ်ကနေပြီး ပေါက်ပေါက်ဆုပ်ကျွေး'

'တော်ပါပြီရှင်။ ဆူးတောင့်တွေ၊ ရေယက်တွေ၊ အမြီးတွေ အကြောင်း ငြိထားချဲ့နေစရာမလိုပါဘူး။ ညီလိုက်ပါ့မယ်လို့ ပြောထားပြီးပြီပဲ။ ဘယ်အချိန် လာခေါ်မယ်သာ ပြောပါ။'

ခင်မောင်ရင်သည် သုံးဘီးကားသမားကို ဗဟန်း ၃–လမ်းကျလျှင် ချိုးရန် ပြောလိုက်ပြီးနောက် –

'ခြောက်နာရီသချ်ောခေါက်နဲ့ သွားရအောင်၊ မနက်ငါးနာရီခွဲတိတိမှာ လာခေါ်မယ်။ အသင့်သာ ပြင်ထား။ လေးနာရီလောက်ကတည်းက ထ ပြီး'

'ကိုယ်နဲ့မဆိုင်တာ မပြောပါနဲ့'

'ကောင်းပါပြီခင်ဗျား'

ခင်မောင်ရင်က လက်နှစ်ဖက်ကိုဖြန့်ကား၍ မြူးတူးစွာ ပြန်ဖြေလိုက်သည်။ သူက တစ်ပတ်လုံးလုံး အိပ်ပျော် စားဝင်တော့မည်ဟု စိတ် အကျေနပ်ကြီး ကျေနပ်လျက် ရှိ၏။ လှမိုးညိုသည် သူနှင့်အတူ သန်လျင် လိုက်လာပြီးနောက် ဗိုလ်ချုပ်ရွာ၊ ထိုမှတစ်ဆင့် ကျိုက်ခေါက်သွား။ ပြီးတော့ ပါဒကြီးဝင်။ နောက်ဆုံး ကျောက်တန်း ရေလယ်ဘုရားတွင် စခန်းချ။ အပြန်တွင် ပဒေသရာဇာ ဂူကို ဝင်





ကြည့်။ သည့်နောက် သန့်လျင်ရှိ သူ့ သူငယ်ချင်း တစ်ယောက်အိမ် ခဏဝင်။ ထိုဆိုလျှင် ကိစ္စပြီးရော။ ရန်ကုန်သို့ ညနေ လေးနာရီ ငါးနာရီမှ ပြန်ရောက်ပေမည်။ ထိုတော့ ခရီးပန်းနေပြီ ဖြစ်သော မရွှေချောသည် ဂြိုဟ်စုတ်ကလေးက ဝေါနှင့်ပင် ညည့်တိုင် လိုက်နိုင်အံ့တော့ မထင်။ သူမ လိုက်နိုင်လို့ လိုက်ချင်လျှင်လဲ လိုက်ပေစေ ပေါ့။ ဘာပြုလဲ၊ ကိုယ်က သူ့အရင် တစ်နေ့လုံး တွဲခဲ့ရပြီပဲ။

သူက စိတ်ကူးတွေနေသဖြင့် လှမိုးညိုတို့အိမ်ရှေ့တွင် သုံးဘီးကား ရပ်မှ အသက်ပြန်ဝင်တော့သည်။ အမျိုးသမီးက ပေါ့ပါးစွာ ကားပေါ်မှ ဆင်းလိုက်သည်။

'နောက် တနင်္ဂနွေနော်'

သူမက ခေါင်းညိတ်သည်။

'ငါးနာရီခွဲ တိတိနော်'

သုံးဘီးကား၏ ရှေ့ခန်းသို့ ပြောင်းထိုင်ရင်း သူက ထပ်ပြောလိုက်သည်။

သူမက အပြည့်အလျှံ ပြုံး၍ ခေါင်းထပ်ညိတ်လိုက်သည်။ သို့ရာတွင် သူတို့နှစ်ဦးသည် နောက်တနင်္ဂနွေနေ့တွင် ပြန်လည်ဆုံတွေ့နိုင်ကြတော့မည် မဟုတ် ကြောင်းကိုကား ထိုအချိန်က မည်သူမျှ မသိရှိကြပေ။ ထိုမျှသာမက ခင်မောင်ရင် သည် နောက်တစ်နာရီတွင် ထောင်ချောက်တစ်ခုတွင်းသို့ သက်ဆင်းရတော့မည်ကို ထိုသည့်အလျောက် လေကလေး တချွန်ချွန်နှင့် လက်မှ နာရီကို ကြည့်လိုက်သည်။ ခြောက်နာရီတိတိဖြစ်သည်။ စိန်မြင့်တို့ လူစုသည် ကောင်းကင်လေ မိနေလျှင် ယခု အချိန်အထိ ချိန်းဆိုသည့် နေရာတွင် ရှိနေနိုင်ကြပေသေးသည်။ သူ့အကြောင်းကို ကောင်းတာတွေချည်း ပြောဆို၍ ကျိန်ဆဲနေတန်ကောင်းပေသည်။ မည်သို့ဝင် ကြီးသော၊ သူသည် သူတို့ ရှိ၊ မရှိကို သွား၍တော့ ကြည့်သင့်သေးသည်။ ရှိလျှင် သူ့ အောင်ပွဲကို ပြောပြမည်။ မရှိလျှင် သူ့ဘာသာသူ ဘီယာတစ်လုံးသောက်ပြီး ငြိမ်ခဲ့ သည့် နာရီပိုင်းများကို စားမြုံ့ပြန်နေမည်။ ကောင်း၊ သိပ်ကောင်း။

'သုံးဘီးဆရာ၊ ရေဇလာ အမြန်ဆုံးရောက်အောင် မောင်းပါ'

www.burmeseclassic.com

www.burmeseclassic.com

၂

"ရေဇလာ" သည် ရန်ကုန်မြို့တွင် ထင်ရှားသော ဥယျာဉ်ဟိုတယ်တစ်ခု ဖြစ်သည်။ အင်းယားရေပြင်ကို အလျားလိုက် ဦးတိုက်ထားသည်။ ဥယျာဉ် ဟိုတယ်တစ်ခု ဖြစ်သည့်အလျောက် ပထမနွေရာသီနှင့်မိုးအကုန်၊ ဆောင်းအကူး ကြားကာလ နွေရာသီ၏ အိုက်စပ်သောညများတွင်အထူး စည်ကားလေသည်။ ဟိုတယ်အဆောက်အအုံသည် ကြီးမားခံ့ညား၍ အတွင်းပိုင်း ဖွဲ့စည်း တည်ဆောက်ထားမှုများသည် အထူး လှပလှသော်လည်း ဤ ဟိုတယ်သို့ လာသူများသည် သူတို့ပြုလုပ်ထားသော အမိုးအကာများ အတွင်းတွင် နေလိုကြ၍ မဟုတ်။ သဘာဝသာယာမှုကို ဆင်ယင်မွမ်းမံခြင်း အတတ်ပညာဖြင့် ဖြည့်စွက်ထားသော ရေနံ့သာဦးစုံမြိုင်ငယ်တွင် တစ်နေ့တာ နွမ်းနယ်မှုများကို ဖြေဖျောက်လို၍ ဖြစ်၏။

ညအမှောင်တွင် လရောင်သည်လည်း ရွှန်းရွှန်းမြနေတတ်၏။ ကြယ်တစ်သင်းသည်လည်း ပြိုးပြိုးပြက်ပြက် ထင်နေတတ်၏။ သို့ရာတွင် အပင်ကြီး အပင်ငယ်ရင်းများတွင်ကား အရိပ်များ ကျဆင်းနေသဖြင့် မလင်းတလင်းသာ ရှိ၏။





င်းကဲ့သို့သော မထင်းတထင်း နေရာများတွင် စားပွဲငယ်များ ခင်း၍ထားလေ့ရှိသော အခါတွင်ကား အေးအေးလူလူ ထိုင်လိုသူများ အတွက်ကော၊ ပူးပူးကပ်ကပ် ရှိလိုသူများအတွက်ကော၊ စိတ်အစဉ်ကို မျှောလိုရာမျှော၍ ငေးမောလိုသူများအတွက်ကော သဘောတွေ့စရာ ဖြစ်ချေတော့၏။ သို့ဖြင့် ထင်းရှူး၊ ပုန်းညက်၊ မာလကာ၊ ငှက်ပျောစသော စုံမြိုင် တောများ၏ ဝိုးဝိုးဝါးဝါးတွင် လူစည်ကားနေခြင်းဖြစ်၏။ အကိုင်း အခက်၊ အရွက်အလက်များတွင် ချိတ်တွဲပုန်းခို၍ ဖျော့ဖျော့လျော့လျော့ လင်းနေသော အဝါ အပြာ အနီ အစိမ်း စသော မီးလုံးငယ်များသည် စားပွဲငယ်မှ လူများ၏ စိတ်ဓာတ်ကို ညင်သာစွာ လှုပ်ရှားစေသည်။ အဝေးသို့ လှမ်းမျှော်လိုက်လျှင် အင်းယားရေပြင်သည် ပြာမှိုင်း နက်ဝှမ်းလျက်ရှိ၏။ ကျွန်းငယ်၊ ကျွန်းဆွယ်၊ ဒွန်းသွယ်တို့သည် ညို့ညို့ရှိုင်းရှိုင်း ရေးရေးဆိုင်းဆိုင်း ရှိကြ၏။ လတ်ဆတ်သော လေသည် ဟိုတစ်ဝိုက် ဒီတစ်ဝိုက်ဆီမှနေ၍ အနောက်တောင်ဘက်သို့ လည်းကောင်း၊ အရှေ့မြောက်ဘက်သို့လည်းကောင်း တိုက်ခတ်ဖြတ်သန်းလျက် ရှိ၏။ တစ်ခါတ[illegible]ရံတော့လည်း အမျိုးမျိုးအဖုံဖုံတွင် ယစ်မူးနေသူများအား နှစ်ပတ် သုံးပတ်ထည့်၍ နောက်ပြောင်ကျီစယ်သွားတတ်၏။

ယင်းကြောင့်ပင် ရေဇလာသည် ရန်ကုန်မြို့တွင် နာမည်ကြီးခြင်း၊ ထင်ရှားခြင်း၊ လူစည်ကားခြင်းဖြစ်၏။ နိုင်ငံခြားသားများ၊ အထက်တန်းလွှာများနှင့် တုပ ဆိမ်းယိုင်တတ်သော ပညာတတ်အလွှာတို့ ကျက်စားရာဒေသ ဖြစ်ချေတော့၏။ ခင်မောင်ရင်တို့လူစုသည် တက္ကသိုလ်တွင် ရှိစဉ်က တိုးတက်သော အင်အားစုများ ဖြစ်ပြီး ယခုထက်ထိလည်း လူ့အဖွဲ့အစည်းသစ်ကို ရှေးရှုနေသော ပညာတတ် အလွှာများ ဖြစ်ငြားလည်း ပြတ်သားသော အလုပ်သမား လူတန်းစားမဟုတ်ကြဘဲ မနေရှင် အနွယ်ဝင်များဖြစ်ကြသဖြင့် အခွင့်အခါသင့်၍ အကြောင်းဆုံစည်းလေတိုင်း ဤမည်သော ရေဇလာ ဥယျာဉ်ဟိုတယ်သို့ လာလေ့ရှိကြသည်။ တစ်ခုသော ကျွန်းအငူစွန်းရှိ တစ်စုသော ရှင်သူငယ်ငှက်ပျောပင်များ အကြားတွင် တစ်ဝက်မြုပ်နှံ၍ ထားသော ရှည်မျောမျောစားပွဲကလေးတွင် ထိုင်လေ့ရှိကြ၏။ တစ်ခါတစ်ရံတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ ကမ္ဘာငြိမ်းချမ်းရေး၊ အမျိုးသားညီညွတ်ရေးနှင့် မိမိတို့၏ အတတ်ပညာနှင့်ဆိုင်သော လေးနက်သည့် အကြောင်းအရာများကို ဆွေးနွေးပြီး တစ်ခါတစ်ရံတော့လည်း ကိုယ်ရေးကိုယ်တာ အကြောင်းများ၊ ရုပ်ရှင်နှင့် အချစ်ရေး အချစ်ရာများကို ပြောချင်လည်း ပြောနေတတ်၏။ သို့မဟုတ် သူတို့နှင့် မလှမ်းမကမ်းရှိ အမှောင်မချဉ်းအလင်း မပြည့်သော နေရာတွင် ကိုယ်ရောစိတ်ပါ ရမ္မက်ဇောကပ်နေကြသည့် စုံတွဲ



www.burmeseclassic.com

www.burmeseclassic.com



များကိုလည်း ကြည့်နေတတ်ကြ၏။ သူတို့သည် လူငယ်များသာ ဖြစ်ကြ၍။

ခင်မောင်ရင်သည် သူစီးလာသော သုံးဘီးကားကို ကရမက်ပင်များ ယှက်နွယ်ထားသော တံခါးဝမှာပင် ရပ်စေပြီး မြေနီလမ်းကလေးအတိုင်း လျှောက်ဖြင့်သွား၏။ အချိန်မှာ ညဆယ်နာရီကျော်နေပြီဖြစ်၍ လူအတော် ရှင်းနေပြီ ဖြစ်၏။ ကျန်ရှိနေသူများမှာလည်း ယမကာ အရှိန်သော် လည်းကောင်း၊ ရမ္မက် အရှိန်သော် လည်းကောင်း ပြည့်တင်းလွှံကဲနေသူများသာ များလေသည်။

သို့ရာတွင် ခင်မောင်ရင်သည် သူတို့ကို ဂရုပြုမနေဘဲ သူတို့လူစု ထိုင်နေကျ စားပွဲဆီသို့သာ ခပ်သုတ်သုတ် လျှောက်သွားမိသည်။ လေးငါး နေရာလောက်ခွဲ၍ အသံထွက်စက်များ တပ်ဆင်ထားသဖြင့် အလင်းရောင် ဖျော့ဖျော့၊ အမှောင်အားများများ ဥယျာဉ်တွင်းဝယ် အဆောက်အဦတွင်းမှနေ၍ တီးညင်းစွာ ဖွင့်ပေးနေသော အနောက်တိုင်းတေးသံသည် နေရာအနှံ့ လိုက်လံ ဆော်ဩလျက် ရှိ၏။ ခင်မောင်ရင်သည် နီမြန်းမြန်း ညိုမောင်းမောင်း အရွက်များနှင့် ရှင်သူငယ် ငှက်ပျောတောစပ်သို့ ရောက်သောအခါတွင် ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားသည်။ သူတို့ ထိုင်နေကျ စားပွဲတွင် စိန်မြင့်တို့လူစု မရှိချေ။ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်၍ မြေနှစ်ကောင်ပမာ ယှက်လိမ် လွန့်လူးနေသော ဆန့်ကျင်ဖက်လိင်နှစ်ဦးကိုသာ ဘွားခနဲ နီးကပ်စွာ တွေ့မြင်လိုက်ရသည်။ သူတို့အရှိန်နှင့် သူတို့မို့ သူ့ကို သတိမပြုမိကြဘဲ မှောင့်စည်းအပ်သော နယ်ပယ်ကို ကျူးလွန်လျက် ရှိကြ၏။ ခင်မောင်ရင်တွင် သူတို့နှစ်ယောက်ကို စိတ်ဝင်စားနေဖို့ အချိန်မရှိ။ အလုပ် မဟုတ်။ ပြီးတော့ ဒါမျိုးတွေ ဒီနေရာမျိုးတွင် ထူးဆန်းသောအရာ မဟုတ်ချေ။

သူ့အတွက် အရေးကြီးသည်မှာ သူငယ်ချင်း သုံးယောက်ကို တွေ့ရှိဖို့ပင် ဖြစ်၏။ သူတို့ပြန်သွားကြပြီးမှ ဤနေရာသို့ ဤစုံတွဲ ရောက်လာလေသလား။ သို့မဟုတ် ဤစုံတွဲက အရင် ရောက်နှင့်နေ၍ သူ့လူများက တခြားစားပွဲတွင် စခန်းချနေကြသလား၊ ဘာပဲဖြစ်ဖြစ် ဤနေရာတွင် သူတို့ မရှိသည်ကတော့ သေချာနေသဖြင့် အခြားနေရာများတွင် လိုက်လံ ရှာဖွေဖို့ ရန်သာ ရှိတော့၏။ သူက နှစ်နေရာ သုံးနေရာ ရှာကြည့်၏။ မတွေ့။ နောက်ဆုံးတွင် သူတို့လူစုကို သိရှိသော ဘွိုင်တစ်ယောက်နှင့် တွေ့၍ မေးကြည့်ရာ ပြန်သွားကြပြီ ဖြစ်ကြောင်းကို သိရ၏။ သို့ဖြင့် သူသည် အာအောတာ စိတ်ကူးထားသည့်အတိုင်း သူ့ဟာသူ တစ်ယောက်ထီးတည်း ဘီယာ တစ်လုံးသောက် သောက်ရန်အကြံဖြင့် ချောင်ကျကျ နေရာလွတ်တစ်ခုကို လိုက်လံရှာဖွေတော့၏။





ယင်းသို့ သွားလာလှုပ်ရှားနေစဉ်တွင် သူ့နောက်မလှမ်းမကမ်းမှ လူနှစ်ယောက် လိုက်ပါလာနေသည်ကိုကား ခင်မောင်ရင်သည် နည်းနည်းမျှ မရိပ်စားမိ။ အမှန်တော့ ထိုလူနှစ်ယောက်သည် ရေဇလာဥယျာဉ် အတွင်းသို့ ခင်မောင်ရင် ဝင်လာကတည်းက ဝင်းဝ မှောင်ရိပ်မှ စောင့်ကြို လိုက်ပါလာကြသူများ ဖြစ်၏။ သူတို့၏ မျက်လုံးများသည် မရိုးသားမှုဖြင့် ချာချာလည်လျက်ရှိ၏။ သို့ရာတွင် ခင်မောင်ရင်ကတော့ ဘာမျှမသိ။ ဘွိုင်တစ်ယောက်အား ဘီယာတစ်လုံးနှင့် ကညွတ်ကင်တွဲယူခဲ့ရန် မှာလိုက်ပြီးနောက် ဝါးရုံတောကလေးဘေးရှိ ကြိုက်ပုံစားပွဲငယ်တွင် ဥယျာဉ်ဘက်သို့ မျက်နှာမူ၍ ထိုင်လိုက်၏။ သူ့ရှေ့တည့်တည့်တွင် အမှောင်ထုအား ခွဲသော်လည်း လှမ်းညို၏အပြုံးသည် ရုတ်ခြည်းပင် ထင်ထင်ရှားရှား ပေါ်လာ၏။ သူက စီးကရက်သောက်ရန် အိတ်ထဲသို့ နှိုက်ကြည့်လိုက်သောအခါတွင်မှ ရုပ်ရှင်ရုံမှ အထွက်တွင် ဘူးခွံကိုသာ လွှင့်ပစ်ခဲ့မိပြီး လူတွေကျပ်နေသဖြင့် အသစ်တစ်ဘူး ဝယ်ခဲ့မိသည် အဖြစ်ကို သတိရ၏။

နောက်ဘက်မှ ခြေသံတဖွဖွများကို ကြားရသောအခါတွင် သူ့ထံသို့ လာတိုသော ဘွိုင်ကုလားပင် ဖြစ်ရမည်ဟု အတပ်တွက်ပြီး နည်းနည်းကလေးမျှ ငဲ့စောင်းကြည့်ခြင်း မရှိဘဲနှင့် —

'ကက်ပီတန်တစ်ဘူး ယူခဲ့'

'ကက်ပီတန်တစ်ဘူးတော့ မရဘူး။ ကျည်ဆန်တစ်ကျပ်ပဲ ရမယ် ကိုယ့်လူ'

သူ မမျှော်လင့်သောစကားနှင့် သူ မထင်သော လေသံကို ကြားလိုက်ရသဖြင့် ခင်မောင်ရင်သည် ကုလားထိုင်မှ ဝုန်းခနဲထ၍ ချာခနဲ လှည့်ကြည့်လိုက်သည်၊ သူတစ်ခါမျှ မမြင်မတွေ့ဖူးသော လူနှစ်ယောက်က သူ့အား တင်းမာသော အရောင်သော မျက်လုံးများဖြင့် ကြည့်နေကြသည်။ တစ်ယောက်က သူ့လောက်နီးပါး အရပ်မြင့်သော်လည်း သူ့လို ကိုယ်လုံးကိုယ်ထည် မတောင့်သဖြင့် ငှက်ကြီးဝန်ပိုနှင့် တူ၏၊ ဦးခေါင်းနှင့် မျက်နှာမှာလည်း သေးငယ်ငယ် စုတ်ချွန်းချွန်း ဖြစ်၏။ သူ့မျက်လုံးများကို ကြည့်ခြင်းအားဖြင့် စိတ်ဓာတ် ကြံ့ခိုင်မည့်သူတစ်ဦး မဟုတ်ဟု ခင်မောင်ရင်က ထင်မိ၏။ သူ၏ ပါးစပ်သည် လှုပ်ရှားလျက်ရှိပြီး တစ်စုံတစ်ခုကို ကြာရှည်အောင်မြင့်စွာ ဝါးနေပုံ ရ၏။ ယင်းသည်ကလည်း သူ၏ ဂနာမငြိမ်မှုကို ဖော်ပြနေ၏။ သူ၏ လက်များမှာလည်း ကောက်ညှင်းကျည်တောက်ကဲ့သို့ ဖြောင့်စင်းရှည်လျား၏။ အတက်ဖမိုးပေါ်မှ အကြောများသည် ထောင်နေကြ၏။ သို့ရာတွင် သူ၏လက်များသည် သူ၏မျက်လုံးနှင့်ပါးစပ်လို လှုပ်ရှားခြင်း အလျှင်းမရှိဘဲ ဝဏ္ဏတိတည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



လူ၏ သူ၏ညာဘက်လက်ထဲတွင်ကား သေးငယ်သော်လည်း မြွေပွေး၊ မြွေဟောက်တို့ထက် အဆိပ်ပြင်းထန်သော ပစ္စတိုသေနတ်တစ်လက် ရှိလေ၏။ သူ၏ လက်ညှိုးသည် သေနတ်ခလုတ်ပေါ်တွင် အသင့် ရှိနေ၏။

"အဲဒီသေနတ်ကို ဒါလောက်ကြောက်မနေပါနဲ့။ အဲဒီ သေနတ်ထဲက ကျည်ဆန်တွေဟာ လူမကြားအောင် တိတ်တိတ်ကလေး မထွက်တတ်တော့ ကိုယ့်လူ သေစရာရှိရင် ဟောဒီဓားနဲ့ သေရမယ် မှတ်ပါ"

ဒုတိယလူက လက်ထဲမှဓားကို ဝင့်ပြလိုက်ပြီး အသံအောကြီးနှင့် ပြောလိုက်၏။ သူက ပထမလူနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ သေနတ်သမားက အရပ်ရှည်သလောက်၊ ဓားသမားက အရပ်ပုလှ၏။ ဝဝဖိုင့်ဖိုင့် ဖြစ်၏။ သူ့မျက်လုံးများသည် အေးစက်မာကျောလှ၏။ သူ့မျက်နှာတွင် ရက်စက်မှုများ ထောင်လိုပုံနေ၏။ သူက တကယ့်လူမိုက် ဖြစ်၏။ တခောက်ကန်းသမား ဖြစ်၏။ ကြေးစား ပီသလှ၏။ လုပ်ရဲလျှင် ခံရဲသည့် သတ္တိမျိုး ဖြစ်၏။ တစ်ယောက်ယောက်က ခိုင်းစေပြီး သူ ကျေနပ်လျှင် ဘာမဆို လုပ်ရဲသူမျိုး ဖြစ်၏။ သို့ရာတွင် သူ့၌ ဦးနှောက်ရှိပုံကား မပေါ်ချေ။

'နေကြပါဦး၊ ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ'

အခုထိ အခြေအနေကို သဘောမပေါက်နိုင်သေးသော ခင်မောင်ရင်က မေးလိုက်၏။ သူတို့နှစ်ယောက်သည် ဤနေရာတွင်ပင် သူ့၌ပါရှိသော ပစ္စည်းများကို လုယူလိုကြသည်လား၊ သို့မဟုတ် သူ့အား ပြန်ပေးဆွဲနေကြသည်လား။ ဤနေရာမျိုးတွင် ဤမျှ ရဲတင်းခြင်းအတွက်လည်း သူ၏ အံ့ဩမှု၊ မယုံကြည်နိုင်မှုတို့က မပြေပျောက်နိုင်သေးဘဲ ရှိနေ၏။

'ဟား ဟား ဟား အခုမှ မသိချင်ယောင်ဆောင်မနေပါနဲ့ ကျောက်ဘီလူးရယ်'

ဓားသမားက မိုးချုန်းသလို ရယ်လိုက်ပြီး လှောင်ပြောင်သော လေသံဖြင့် ပြော၏။

'ဗျာ၊ ကျောက်ဘီလူး ဟုတ်လား။ အဲဒီလိုဆိုရင် ခင်ဗျားတို့ လူမှားနေပြီ။ ကျွန်တော့်နာမည်က ခင်မောင်ရင်'

သူက ယခုမှ စိတ်သက်သာရာ အသင့်အတင့် ရသွားသည့် အမှုအရာနှင့် အမှန်ကို ရှင်းပြလိုက်သည်။ သို့ရာတွင် သူ၏ ရှင်းပြချက်သည် မည်သို့မျှ အကျိုးသက်ရောက်ခြင်း မရှိဘဲ အခြေအနေသည် ပို၍ပင် တင်းမာလာလေသည်။





'အောင်မယ် ကျောက်ဘီလူးရာ၊ မင်းက ဒီလိုအူကြောင်ကြောင် လုပ်နေလို့ ရမလား။ ဟေ့ ဒီမှာ ကျောက်ဘီလူး။ မင်းဟာ ဘယ်လောက် ဉာဏ်နီဉာဏ်နက် ကောင်းတယ်ဆိုပေမဲ့ ဓားထွန်းစိန်တို့ကို တစ်ပတ် ရိုက်လို့တော့ မရဘူးကွ'

'မဟုတ်ဘူး။ ခင်ဗျားတို့ လူမှားနေပြီ'

'တိတ်။ နောက်ထပ် စကားတစ်လုံးမှ ပြူထွက်မလာနဲ့။ ငါ့သေနတ်ဟာ အရေးအကြောင်းဆိုရင် ကျယ်ကျယ်လောင်လောင်လုပ်ဖို့ရာ ဘယ်တော့မှ ဝန်မလေးဘူး၊ ဟေ့ကောင် ထွန်းစိန်၊ ဘာလုပ်နေတာလဲ။ ဒို့အလုပ်က ဒီမှာ စကားပြောနေဖို့ မဟုတ်ဘူး။ သူ့ကို ဆရာ့ဆီ ခေါ်သွားဖို့ပဲ။ ဆရာဟာ သူ့ကို ဘာလုပ်ရမယ်ဆိုတာ ဒို့ထက် သိပါတယ်။ ကဲ ပြောနေကြတယ်ကွာ။ ဒီကောင်ရဲ့ သက်တော်စောင့်ကြီးမိလီမီတာကို အရင်သိမ်း။ ပြီးတော့ မင်းရဲ့ ဈူးကလေးနဲ့ ထောက်ပြီး သူ့ကို အားဆီ ခေါ်သွား'

သေနတ်သမားက ခင်မောင်ရင်၏ စကားကိုဖြတ်ပြီး သူဘာမျှ နားမလည်သော စကားများကိုပြောနေ၏။ ပြီးတော့ ဓားထွန်းစိန်ဆိုသူအား အမိန့်ပေးနေ၏။ ဓားထွန်းစိန်သည် လျှပ်တစ်ပြက်အတွင်း သူ့အနားသို့ ရောက်လာပြီး သူ့ချိုင်းနှစ်ဖက်အောက်နှင့် ရင်ဘတ်တို့ကို အပြင်မှပုတ်၍ စမ်းကြည့်နေ၏။ သူ့ကို ပခုံးစလွယ်သိုင်းနှင့် သေနတ်ကိုင်ဆောင်တတ်သော ဝတ္ထုထဲက အလွတ်စုံထောက် တစ်ယောက်ဟု များ မှတ်နေကြသလား မသိ။

'မင်းကောင် ကံဆိုးချင်တော့ ဒီကနေ့မှ သူ့သေနတ်ပါမလာဘူး'

ဓားထွန်းစိန်က သေနတ်သမားကို ပြောလိုက်သည်။ သို့ရာတွင် သေနတ်သမားသည် ဓားထွန်းစိန်စကားကို နားထောင်မနေဘဲ နောက်သို့ ချာခနဲ လှည့်လိုက်သည်။ ခြေသံကြား၍ ဖြစ်သည်။ မကြာမီပင် လင်ပန်း တစ်ချပ်ပေါ်တွင် ဖွန်း၊ ခက်ရင်းနှင့်တကွ ဘီယာပုလင်းနှင့် ကညွတ်တစ်ဒါဇင် တင်၍ ယူလာသော ဘောင်းဘီဖြူ အကျႌဖြူနှင့် ဘွိုင်ကုလားသည် အမှောင်တွင်းမှ ထွက်ပေါ်လာသည်။ ဆူလတန်သည် သူ မြင်တွေ့နေရသည်များအတွက် တစ်မဟုတ်ချင်းမှာပင် အသား တဆတ်ဆတ် တုန်လာပြီး အသံကုန် အော်ဟစ်ရန် ပါးစပ်ဟလိုက်သည်။ သို့ရာတွင် သူ၏ အသံသည် အပြင်သို့ အကုန်အစင် ထွက်မလာဘဲ "အလာ" ဟူသော မပီမသ ထွက်သာနိုင်ပါသည်။ အကြောင်းမူ ခြေမြန်လက်မြန်ရှိလှသော သေနတ်သမားသည် ဆူလတန်၏ အနီးသို့ လွှားခနဲ ရောက်သွားပြီး တစ်ချိန်တည်းမှာပင် ခေါင်းကို သေနတ်ဒင်ဖြင့် တစ်ချက်တည်း ရိုက်ချလိုက်သောကြောင့် ဖြစ်၏။ ဆူလတန်၏



www.burmeseclassic.com

www.burmeseclassic.com



အော်သံနှင့် တစ်ဆက်တည်းမှာပင် သူ လဲကျသွားသ၊ ဖန်ခွက်သံတို့က ပေါ်ထွက်လာ၏။ သို့ရာတွင် ဟိုတယ်တစ်ခုတွင် ဖန်ခွက်ကျကွဲသံကို မည်သူကမျှ အရေးတယူ ပြုတတ်ခြင်း မရှိပါပေ။

ယင်းအဖြစ်အပျက်သည် စက္ကန့်ပိုင်းမျှသာဖြစ်၏။ အလွန်ဆုံး စက္ကန့် သုံးဆယ်လောက်ပဲ အချိန်ကြာမည် ဖြစ်၏။ သို့ရာတွင် ခင်မောင်ရင်သည် မအူမလည် ဖြင့်ပင် ရရှိသော အခွင့်အရေးကို အလိုအလျောက် အသုံးချလိုက်သည်။ သေနတ် သမားက ဆူလတန်ကို ရိုက်ချလိုက်သည့်အချိန်မှာပင် သူ၏ ညာလက်သီးသည် ပယာမ၌ ဓားထွန်းစိန်၏ ဝမ်းဗိုက်ကို အွန့်ခနဲနေအောင် ထိုးလိုက်၏။ အလစ်တွင် ခံလိုက်ရသဖြင့် ဓားထွန်းစိန်သည် ဝမ်းဗိုက်ကို ဘယ်လက်ဝါးဖြင့်ဖိ၍ ရှေ့သို့ မျက်နှာကြီး ငိုက်ကျလာသည်။ ခင်မောင်ရင်၏ ညာလက်သီးသည် အချိန်နှင့်ဒီရေကို စောင့်ဆိုင်းနေခြင်းမရှိဘဲ မုတ်ဆိတ်မွေးတွေ ဗရပျစ်ပေါက်နေသော မေးစေ့ကို ပင့်ထိုးလိုက်သည်။ ဓားထွန်းစိန်သည် မြက်ခင်းပြင်ပေါ်သို့ ကျောနှင့် ကျသွားသည်။

သို့ရာတွင် လွှားခနဲ လွှားခနဲနေသော သေနတ်သမားသည် သူ့ နောက်သို့ ခုန်ထွက်ပစ်ပို့လိုက်သကဲ့သို့ ရောက်ရှိလာပြီး မည်သို့မျှ မခုခံနိုင်မီမှာပင် သေနတ်ဒင်၏ အရသာကို ဆူလတန်ကဲ့သို့ပင် မြည်းလိုက်ရပါသည်။ သေနတ်သမားသည် ခလုတ်ကို ဆွဲခြင်းထက် သေနတ်ဒင်ကို အသုံးပြုခြင်း၌ ပို၍ကျွမ်းကျင်ပုံရပါသည်။ အကြောင်းမူ ခင်မောင်ရင်၏ နောက်စေ့ကို ရိုက်ချ လိုက်ရာတွင် တအားလွှတ်၍ ရိုက်ခြင်း မဟုတ်ဘဲ မူးမေ့ရုံလောက်သာ ခပ်ဆတ်ဆတ်ကလေး တွယ်လိုက်ခြင်း ဖြစ်ပေသည်။

ခင်မောင်ရင်သည် ဆူလတန်လာပို့သော ဘီယာကို မသောက်လိုက် ရဘဲ ဒယီးဒယိုင် ဖြစ်သွားရသည်။ ယင်းအခိုက်မှာပင် လဲကျသွားသော ဓားထွန်းစိန်သည် ကျားနာကြီးတစ်ကောင်လို ခုန်ထလိုက်ပြီး သူ၏ ဘယ်ဘက် ဘေးမှကပ်ကာ ညာဘက်ခါးကို ဓားဖြင့် ထောက်ထားလိုက်သည်။ သူ၏ ဓားမှာ သေးသေးလုံးလုံး ဖြစ်ပြီး သေနတ်သမား ပြောသလို စူးနင့်တူ၏။

သို့ရာတွင် သူ၏ခါးကို ထောက်ထားသည်မှာ အကျီနှစ်ထပ်နှင့် ပုဆိုးကို ဖောက်၍ အသားကို မမိတမိလေး စူးလျက်ရှိ၏။ ခါးကိုဖက်ကာ ထောက်ထားခြင်း ဖြစ်၍ ကိုယ်လုံးချင်းဖိကပ်ပြီး ညှစ်လိုက်လျှင် ဓားသည် ခင်မောင်ရင်၏ ကိုယ်ထဲသို့ အလိုလို ဝင်သွားမည် ဖြစ်၏။

'ကဲ ထွန်းစိန်၊ မင်းတို့ ရှေ့က သွား။ ငါ နောက်က အခြေအနေ ကြည့်လိုက်





ခဲ့မယ်'

သေနတ်သမားက သူ့သေနတ်ကို အပြင်ထုတ် ဝတ်ထားသော ဟာဝေယံ အကျီအောက်မှနေ၍ ခါးကြားထဲသို့ ထိုးလိုက်ပြီး အမိန့်ပေးလိုက်သည်။ ဓားထွန်းစိန် သည် ခင်မောင်ရင်အားဖက်၍ ရှေ့သို့ တွဲခေါ်သွားလေသည်။ သူတို့ကို မြင်တွေ့ရသူ များကမူ တစ်ယောက်မူးနေ၍ တစ်ယောက်က တွဲခေါ်လာသည်ဟု ထင်ပေမည်။ ခင်မောင်ရင်၏ ခေါင်းသည်လည်း တကယ်ပင် ရီဝေဝေ ဖြစ်နေ၏။ ထို့ကြောင့် သူတို့ နှစ်ယောက်သည် အမူးသမား သူငယ်ချင်း နှစ်ယောက်ပမာ ရေဇလာဥယျာဉ် အင်းမှ ထွက်ခွာသွားနေကြ၏။ နောက်မှလည်း သေနတ်နှင့် လူဆိုးတစ်ဦးပါနေ သဖြင့် ခင်မောင်ရင်သည် လောလောဆယ်အဖို့မူ ဘာမျှမတတ်နိုင်တော့ဘဲ သူတို့ ခေါ်ဆောင်ရာသို့သာ လိုက်သွားဖို့ ရှိတော့၏။ ဟိုကျမှ သူတို့ဆရာ ဆိုသူအား သူ ကျောက်ဘီလူး မဟုတ်သည့်အကြောင်း ရှင်းပြရတော့မည်။ သူတို့ ဆရာ ဆိုသူ သည် သူတို့ထက် ဦးနှောက် ရှိတန်ကောင်းရဲ့ဟု သူက မျှော်လင့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃

ခင်မောင်ရင်သည် ရေဇလာဥယျာဉ် ဟိုတယ်၏ အပြင်သို့ ရောက်သော အခါတွင် ကား ပို၍ အံ့ဩဖွယ်ကောင်းသည့် အခြင်းရာတခုကို တွေ့ရှိရ ပြန်တော့၏။ သူက ဖြစ်ပျက်နေသော အခြေအနေများကို မည်သို့မျှ နားမလည်နိုင်အောင် ရှိလေတော့၏။ အမှန်တော့ သူသည် အင်မတန် နက်နဲရှုပ်ထွေးသော အရေးအခင်းထဲသို့ မအူမလည်နှင့် ပါဝင်စပြုနေရပြီကို မသိသေးခြင်းပင် ဖြစ်၏။

ဓားထွန်းစိန်နှင့်သူ ရေဇလာဥယျာဉ်၏ တံခါးဝသို့ ရောက်ရှိသောအခါတွင် ကားတစ်စီးသည် သူတို့ရှေ့သို့ စက်မသတ်ဘဲ ထိုးရပ်လိုက်၏။ နောက်မှ လိုက်ပါလာသော သေနတ်သမားက ကား၏ နောက်တံခါးကို ဆွဲဖွင့်ပေးလိုက်သည်။ ဓားထွန်းစိန်က သူ့ကို ကားပေါ်သို့ တွန်းတင်လိုက်သည်။ ပြီးတော့ နောက်မှ တစ်ပါ ဘည်း လိုက်လာပြီး သူ့အား ဓားနှင့် ထောက်ထားလိုက်ပြန်သည်။

'နေပါဦး၊ ခင်ဗျားတို့ ကျွန်တော့်ကားကို ဘယ်က ယူလာကြတာလဲ'

ခင်မောင်ရင်သည် သူ၏ အံ့ဩမှု၊ နားမလည်မှုတို့ကို မျိုသိပ်မထားနိုင်သဖြင့် မေးလိုက်မိပြန်တော့သည်။ သို့ရာတွင် ရရှိသော အဖြေမှာ –

'တိတ်စမ်း။ စကားတစ်လုံးမှ ပြူထွက်မလာနဲ့လို့ ပြောထားတယ်





မဟုတ်လား'

သေနတ်သမားက ကားရှေ့ခန်းတံခါးကို ဖွင့်တက်ရင်း သူ့အား ဟောက်လိုက်သည်။ သူတို့သုံးယောက် တက်မိသည်ဆိုလျှင်ပင် ခင်မောင်ရင်၏ ဖီးယက်ကားအနီကလေးသည် ကြမ်းတမ်းစွာ ဆောင့်ထွက်သွားလေသည်။

ခင်မောင်ရင်သည် ယခုအခါ မည်သို့မျှ မစဉ်းစားတတ်တော့ချေ။ ပထမပိုင်း၌ လူဆိုးနှစ်ဦးက သူ့အားလက်နက်ဖြင့် ခြိမ်းခြောက်လာသော အခါတွင် အနုကြမ်းစီးခြင်းသော် လည်းကောင်း၊ ပြန်ပေးဆွဲခြင်းသော် လည်းကောင်း ဖြစ်ရမည်ဟု ယူဆခဲ့၏။ ဒုတိယပိုင်း၌ သူတို့က သူ့အား "ကျောက်ဘီလူး"အဖြစ် ဖမ်းဆီး၍ သူတို့ ဆရာထံ ခေါ်ဆောင်သွားမည် ဆိုသောအခါတွင် သူ့အား လူမှားလာကြခြင်းသာ ဖြစ်မည်ဟု တွက်ဆခဲ့၏။ ယခု တတိယပိုင်း၌မူကား ကားပျက်နေ၍ ဝပ်ရှော့ ပို့ထားရသည်ဟု လှမိုးညိုအား လိမ်ညာခဲ့သဖြင့် အလုပ်တိုက် ကားဂိုဒေါင်ထဲသို့ သူကိုယ်တိုင် သွင်းပြီး သော့ခတ်ထားခဲ့သော ဖီးယက်ကား အနီကလေးကို လူစိမ်းတစ်ဦးက မောင်းနှင်လာပြီး သူ့အားတစ်နေရာသို့ ခေါ်ဆောင်သွားနေသော အခါတွင်ကား သူသည် ဘယ်သို့မျှ မတွက်ချက်တတ်တော့ပေ။

သူ့ကို ယခု အဘယ်အရပ်သို့ခေါ်သွားပြီး ဘာလုပ်ကြမည်နည်း။ သူတို့ဆရာက မည်သူနည်း။ ကျောက်ဘီလူး ဆိုသူက မည်သူနည်း။ သူ့ကားကို အဘယ်ကြောင့် ယူလာကြသနည်း။ မေးခွန်းတွေသာရှိ၍ အဖြေကား မရှိချေ။

သူ၏ ကားကလေးသည် သူ၏သွခင်ကို အလိုမတူဘဲနှင့် အတင်း အဓမ္မခေါ်ဆောင်သွားလျက် ရှိနေ၏။ သူ၏ ကားကို မောင်းလာသူမှာလည်း ပထမလူနှစ်ယောက်နှင့် တစ်ဂိုဏ်းထဲပင်ဖြစ်ရမည်။ ထိုမျှသာမက သူကမှ တကယ့် လူမိုက်ရုပ်ဖြစ်သည်။ မျက်နှာပေါက်ဆိုးသည်။ ခေါင်းကြီးသည်။ သူ၏ လက်များသည် ကြီးမားတုတ်ခိုင်၍ အလွန်တရာမာကျောလှပုံရှိသည်။

'ဘယ့်နှယ်လဲ မင်းခေါင်။ မင်းတို့အားလုံး အဆင်ပြေရဲ့လား'

ကားမောင်းသူက မေးလိုက်သဖြင့် သေနတ်သမား၏ နာမည်မှာ "မင်းခေါင်"ဖြစ်မှန်း ခင်မောင်ရင်က သိခွင့်ရရှိသည်။

'မပြေ့တပြေပေါ့ကွာ။ ထုံးစံအတိုင်း ဗိုန်းဗောင်းကလေးတော့ တီးခဲ့ရသေးတာပေါ့။ ငါက ဘိုင်တစ်ယောက်ကို ဆော်ထည့်ခဲ့ရပြီး မင်းကောင် ထွန်းစိန်တော့ ကျောက်ဘီလူးရဲ့ လက်သီးနှစ်လုံး မြည်းလိုက်ရတယ်'

ထိုအခါတွင် ထွန်းစိန်၏ ဓားသည် သူ့အသားထဲသို့ ယနည်းငယ် စူးဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားၿ၏။ ခင်မောင်ရင်က အသက်ကိုအောင့်၍ ဣန္ဒြေမပျက် အောင့်ခံလိုက်ရသည်။

'ဒါနဲ့ မင်းတို့၊ သူ့လက်စွဲတော် ကိုးမီလီမီတာကဖေးကို သိမ်းပြီးပလား'

'ဒီကောင် ဒီတစ်ခါတော့ သူ့သေနတ် ပါမလာဘူးကွ'

ထို့နောက် တိတ်ဆိတ်သွားကြပြန်သည်။ မင်းခေါင်က စီးကရက်တစ်လိပ်မီးညှိသောက်နေသည်။ ခင်မောင်ရင်က ဆေးလိပ်သောက်ချင်လှသည်။ သို့ရာတွင် မျိုသိပ်ထားရသည်။ သူတို့ကားသည် မရမ်းကုန်းဘက်သို့ ပြေးနေသည်။ ယခုအတိုင်းဆိုလျှင် သူတို့သည် သူ့ကို ကျောက်ဘီလူးအဖြစ် မှားယွင်း၍ ဖမ်းဆီးခေါ်ဆောင်သွားနေခြင်းသာ ဖြစ်သည်။ သူ့နောက်ကို အစောကြီးကတည်းက ခြေရာခံလိုက်နေကြပုံရသည်။ ထို့ကြောင့် သူ့ကား တိုက်တွင် ထားရှိခဲ့သည်ကို သူတို့က ယူလာကြခြင်း ဖြစ်ပေမည်။ ကျောက်ဘီလူး ဆိုသူသည်မှာ အဘယ်သို့သော လူစားမျိုးနည်း။ သူနှင့် ရုပ်ချင်းဆင်သလော။ သို့မဟုတ် လူတစ်ယောက်၏ လျှို့ဝှက်အမည် ဖြစ်လေသလော။ သူ့ကို လူချင်းဆင်၍ ဖမ်းဆီးကြခြင်းလော။ သို့မဟုတ် မိမိအား ခင်မောင်ရင်မှန်းသိလျက်နှင့် ကျောက်ဘီလူးအမည်ခံ လျှို့ဝှက်လူတစ်ဦးဟု ယူဆကာ ဖမ်းသလော။ ကျောက်ဘီလူးနှင့် သူတို့ ဘယ်လို ပတ်သက်သနည်း။ ယခုအထိ သူသိရသည်မှာ ကျောက်ဘီလူးဆိုသူသည် သူတို့အား တစ်ပတ်ရိုက် သွားသည်။ ကိုးမီလီမီတာသေနတ်ကို အမြဲတမ်း ကိုင်ဆောင်လေ့ရှိသည်။-

ခင်မောင်ရင်တွင် လိုင်စင်နှင့်ကိုင်သော သေနတ်တစ်လက်ရှိသည်။ ကိုးမီလီမီတာတော့မဟုတ်။ ၃၈-ဘို့ ခြောက်လုံးပြူးတစ်လက်သာ ဖြစ်သည်။ ပြီးတော့ အိမ်တွင်သာ ခြေစောင့်လက်စောင့်ထားပြီး အပြင်သို့ ကိုင်ဆောင် သွားခဲသည်။ သို့ရာတွင် သူသည် ရန်ကုန်တက္ကသိုလ် ကျောင်းသားတစ်ဦး အဖြစ်နှင့် အင်းစိန်တိုက်ပွဲတုန်းက ရန်သူတစ်ဦးထံမှ ကိုးမီလီမီတာတစ်လက် သိမ်းပိုက် ရရှိခဲ့ဖူးသည်။ ယင်းသေနတ်ကို တစ်ပတ်လောက်သာ ကိုင်ဆောင်ခဲ့သည်။ သို့သော်လည်း သူသည် ကျောက်ဘီလူး မဟုတ်မှန်းကိုကား သူ့ဟာသူ အသေအချာ သိပါ၏။

သူက အတွေးမျှင်တန်း၍ လိုက်ပါလာရာ မည်သည့်နေရာသို့ ရောက်လာနေပြီကိုပင် သတိမထားမိအောင် ရှိနေ၏။ သူတို့ကားကလေးသည် ကျွဲခနဲ ဘရိတ်အုပ်၍ ရာခနဲလည်ကာ ရပ်သွားမှ သူက ပတ်ဝန်းကျင်ကို သတိထားမိသည်။ သူတို့သည် မရမ်းကုန်း ရဲဌာနရှေ့တွင် ရန်ကုန်ဘက်မှ သမိုင်းဘက်သို့ သွားသော ကားတစ်စီးနှင့် တိုက်မိမည်ရှိခြင်းတည်း။ သို့ရာတွင် ကားမောင်းသူ နှစ်ဦးစလုံး၏ ကျွင်လည်မှု





ကြောင့် တိုက်မိခြင်းကား မရှိပေ။ နှစ်ဖက်စလုံးကပင် ကျေနပ်ခြင်းရှိသဖြင့် သူတို့သည် မရမ်းကုန်း ရဲဌာနသို့ ဝင်ရန် အကြောင်းမပေါ်ပေါက်တော့ပေ။ ရဲဌာန အတွင်းမှ ဘာဝန်ကျ ရဲအဖွဲ့ဝင်များသည် ကားနှစ်စီး၏ ဘရိတ်သံကြောင့် ခေါင်းထောင်၍ ကြည့်ကြသော်လည်း တိုက်မိခြင်းလည်းမရှိ၊ အချင်းချင်းလည်း ကျေနပ်မှုရှိ၍ ခရီးလမ်းကိုယ်ဆက်သွားရန် ပြင်ဆင်နေကြပြီးဖြစ်၍ အပြင်သို့ ထွက်မလာကြတော့ပေ။ ရန်ကုန်မှ လာသော ကား၏အရင် မောင်းထွက် သွားလေသည်။ ကားချင်း တိုက်မိလျှင် အဘယ်မျှ ကောင်းမည်နည်းဟု ခင်မောင်ရင်က အောက်မေ့မိသည်။ သို့ရာတွင် သူသည် အရေးအကြောင်း ဆိုလျှင် ကြောင်တောင်တောင် ဖြစ်နေတတ်သည့် လူစားမျိုး မဟုတ်ဘဲ ရရှိသည့် အခွင့်အရေးကို အသုံးချတတ်သူပီပီ သူ့အား ခေါင်ကြပ်လာသော ဓားထွန်းစိန်က ရှေ့သို့ကွန်းညွတ်၍ ဘာဖြစ်သနည်းဟု မေးစမ်းနေခိုက်တွင် သူက ကားပေါ်မှ ဆင်းပြီး မရမ်းကုန်းရဲဌာန အတွင်းသို့ တစ်ကြိမ်တည်း ဝင်ပြေးသွားရန် နေရာမှ အရှိန်နှင့် ထ၍ ကားတံခါးကို ဖွင့်လိုက်သည်။ သို့သော် သူ၏ အကြံအစည်သည် အထမမြောက်ချေ။

သူတို့က ကြိုတင်ပြင်ဆင်မှုပြုထားသည့်အနေဖြင့် ကားတံခါးကို သော့ခတ်ထားလေသည်။ ထိုအခါတွင်မှ ရေဇလာရှေ့မှ ကားမထွက်မီ ကားမောင်းသူ၏ ဘက်တစ်ဖက်အပြင်သို့ထုတ်၍ တစ်စုံတစ်ခု ပြုလုပ်ခဲ့သည်ကို သူက အမှတ်ရမိသည်။ ပြီးတော့ သူ့ကားကို ဝပ်ရှော့ပို့ထားသည် ဆိုလျှင် ကားသော့ကိုလည်း ပေးထားရမည်ဖြစ်၍ လုမိုးညိုရှေ့တွင် ကားသော့ကို ယောင်မှား၍ မနှိုက်မိစေရန် ကားသော့ကို အလုပ်စားပွဲအံတွင်း၌ ထားခဲ့သည် တို့ကိုလည်း ပြန်၍ သတိရလာသော်၏။ သူ၏ အပြုအမူများကို မျက်နှာချင်းဆိုင် တိုက်ခန်းတစ်ခုခုမှနေ၍ အကဲခတ်ကြည့်ရှုနေသူ တစ်ဦးသည် တွေ့မြင်နိုင်ပေသည်။

ကားတံခါး ရုတ်တရက်ဖွင့်ရန် ကြိုးစားလိုက်သော ခင်မောင်ရင် ကုန်းတွန်းကွကြီး ရှိနေရာမှ ရုတ်တရက် ကားဆောင့်ထွက်လိုက်သော အခါတွင် နောက်ခုံဆီသို့ ဖင်ထိုင်လျက် ပြန်လျှောသွား၏။ တစ်ချိန်တည်းမှာပင် ထွန်းစိန်၏ ဓားကလည်း သူ့ခါးကိုထောက်မိပြီးသားဖြစ်သွား၏။ ဤအကြိမ်တွင်တော့ သူတို့က သူ့အား ဘယ်လိုမျှ ကြိမ်းလျှမောင်းလား လုပ်မနေတော့ဘဲ မျက်မှောင်ကြုတ်သရော်သည့်အကြည့်ဖြင့် တစ်ပြိုင်တည်း ဝိုင်းရယ်လိုက်ကြသည်။

သူတို့ကားသည် မင်္ဂလာဒုံဘက်သို့ ဆက်၍မောင်းသွားသည်။ ခင်မောင်ရင်မှာ နောက်ထပ်လွတ်မြောက်ရန် နည်းလမ်းကို မစဉ်းစားတော့ဘဲ သူတို့ ခေါ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရာ နောက်သို့ အသာတကြည့်လိုက်သွားပြီး သူတို့ ဆရာကြီး နှင့် တွေ့ဆုံကာ အကြောင်းစုံနှင့် အဖြစ်မှန်ကို သိရှိအောင် ကြိုးစားပြီး မီးစင်ကြည့် က,သွားမည်ဟု စိတ်တုံးတုံးချထားလိုက်တော့၏။ သို့ရာတွင် လောလောဆယ် သူ့မှာ အကြီးအကျယ် ဒုက္ခရောက်နေသည့်အရာတစ်ခုရှိရာ ယင်းသည်ကား ဆေးလိပ်သောက်ချင်လှခြင်း ပေတည်း။ ကားမောင်းသူက ဆေးပြင်းလိပ်ကို ခဲထားသည်။ မင်းခေါင်က စီးကရက် တစ်လိပ် ထပ်ညှိသည်။ ထွန်းစိန်ကမူ ဆေးလိပ်သောက်တတ်ပုံမပေါ်။ အကျီအိတ် ထဲမှ အထုပ်ကလေး တစ်ထုပ်ကို ထုတ်၍ အပေါ်မှ ပတ်ထားသောစက္ကူကို လွှင့်ပစ် လိုက်ကာ ကွမ်းယာကို ပါးစပ်ထဲ ထည့်လိုက်သည်။ သူက ကွမ်းစားသူတည်း။ ခင်မောင်ရင်တစ်ယောက်သာလျှင် ခံတွင်းချဉ်ပြီး ပါးစပ်ထဲတွင် စေးထန်းထန်း ဖြစ်နေ၏။

နောက်ဆုံးတွင် ဘာပဲဖြစ်ဖြစ်ဟု သဘောပိုက်ပြီး မင်းခေါင်ထံတွင် စီးကရက်တစ်လိပ်တောင်းကြည့်၏။ ဤနေရာတော့လည်း တော်ပေသားပဲ။ မင်းခေါင်က သူ့အား စီးကရက်တစ်လိပ် ပေးသည်။ ပြီးတော့ မီးခြစ်ကို ခြစ်၍ နောက်ပြန်ထိုးပေးလိုက်ရာ သူကရှေ့သို့ အနည်းငယ်ကိုင်းညွှတ်၍ မီးညှိရပါသည်။ ထင်းသို့ ရှေ့အငိုက်လိုက်တွင် သူ အံ့သြဖွယ်ရာတစ်ခုကို မြင်တွေ့လိုက်ရပြန်၏။ ကားမောင်းသူ၏ ရှေ့ဘက် သော့ပေါက်ထဲတွင် တန်းလန်းရှိနေသော သော့သည် သူ့သော့တွဲ မဟုတ်ပေ။ သူ၏သော့တွဲမှာ ကားသော့နှစ်ချောင်းသာပါရှိပြီး သံမဏိ အဝိုင်းပြားကလေးတစ်ခု ချိတ်ဆွဲ ထား၏။ ယခု သော့တွဲတွင်ကား သော့ပေါင်း အချောင်းနှစ်ဆယ်လောက် ပါရှိ၏။ အားလုံး ကားသော့များဖြစ်၏။ ကားအမျိုးမျိုး ၏ သော့များဖြစ်၏။ ပြီးတော့ မောင်းချစားတစ်ချောင်းကလည်း တိုးလို့ တန်းလန်း ပါရှိနေ၏။ သူ့ခါးထဲသို့ ဓားဦးချွန် စူးဝင်လာသဖြင့် နေရာတွင် ပြန်ထိုင်လိုက်ရ သော်လည်း အတွေးစဉ်မှာ ပြတ်မသွားချေ။ ဤသူသည် သူ့ကားကို အဘယ်ပုံ ရရှိလာသနည်း။ ဤသော့တွဲ အဓိပ္ပာယ်က မည်သို့နည်း။ သို့ရာတွင် ခင်မောင်ရင် ကြာရှည်စွာ စဉ်းစားခွင့်မရှိပါ။ ဖီးယက်ကားကလေးသည် ကတ္တရာလမ်းမကြီး အတိုင်း အဟုန်ပြင်းစွာနှင့် ပြေးလွှားနေရာမှ အရှိန် သိပ်မလျှော့ဘဲနှင့် လက်ယာ ဘက်သို့ ရုတ်တရက် ချိုးကွေ့လိုက်သည်။ သူတို့တစ်တွေသည် ပြည်တောင်းထဲမှ ဆီးဖြူသီးများပမာ ခလောက်ဆန်သွားသည်။ ကားသည် မြေနီလမ်းကလေးအတိုင်း တောင်ကုန်းတစ်ခုပေါ်သို့ တက်သွားနေသည်။ ဘေးနှစ်ဖက်တွင် ညှိဖြတ်ထားသော ပုဏ္ဏရိုက်ပင်များ ရှိသည်။ များမကြာမီမှာပင် ကားသည် ခြံဝင်းကျယ်ကြီးတစ်ခုထဲသို့





ချိုးဝင်လိုက်သည်။ ဝင်ပေါက် အုတ်တိုင်တစ်ခုတွင် ဆိုင်းဘုတ်တစ်ခု ရှိသည်။ နောက်ခံတွင် အဖြူစာလုံးမို့ ကားမီးရောင်တွင် ထင်းနေသည်။

ထင်းရှူးမြိုင်

ယခုမှ သူက သတိပြုမိသည်။ ခြံစည်းရိုးတစ်လျှောက်တွင် ပုဏ္ဏရိုက်ပင် များနှင့် တစ်လံကွာလောက်တွင်ယှဉ်၍ အရွယ်ညီသော ထင်းရှူးပင်များ တန်းနေ သည်ကို တွေ့ရ၏။ ကားကို ဆင်ဝင်အောက်တွင် ဆောင့်၍ ရပ်လိုက်သည်။ ပြီး တော့ သူ့ကို ဆင်းစေသည်။ မင်းခေါင်က လူခေါ် လျှပ်စစ် ခလုတ်ဖြူဖြူကလေးကို ပြောင်တောင်းပြတ်တောင်း သုံးကြိမ်နှိပ်လိုက်သည်။ အချက်ပေးသံ ဖြစ်ကြောင်း ခင်မောင်ရင်က သတိပြုမိလိုက်သည်။

ခဏအကြာတွင် ကျွန်းတံခါးရွက်ကြီးနှစ်ခုသည် ကွဲပွင့်သွားသည်။ အသက်လေးဆယ်ကျော် မိန်းမကြီးတစ်ယောက်သည် တံခါးဝတွင် ပိတ်၍ ရပ်နေ သည်။ သူမ၏ အဝတ်အစားများကို ကြည့်ခြင်းအားဖြင့် အစေခံတစ်ဦး ဖြစ်ကြောင်း သိသာ၏။ သို့ရာတွင် သူမ၏ မျက်နှာထားသည် ဤတိုက်ကြီး တစ်ခုလုံးကို သူမ ပိုင်ဆိုင်သည့်အလား တင်းမာလှသည်။ ခင်မောင်ရင်က သူတွေ့ရှိရသမျှသော သူများကို နောက်တစ်ကြိမ်တွေ့လျှင် မှတ်မိအောင် အသေအချာ ဂရုပြု၍ မှတ်ထား ၏။ သူမသည် အသားညို၏။ ဝ၏။ နဖူးမောက်၏။ ပါးစပ်ပြဲ၏။ မျက်လုံးများ သည် စူးရှလှ၏။ ခင်မောင်ရင်သည် သူမကို ပထမဆုံး မြင်မိလိုက်စဉ်တွင် အလိုလို ကြောက်သီးထမိသွား၏။

သူမက ဘာမျှမပြောဘဲ ဘေးသို့ တိမ်းပေးလိုက်ရာ သူတို့ လေးယောက် သည် အခန်းကျယ်ကြီး တစ်ခုထဲသို့ ရောက်ရှိသွား၏။ အစေခံမကြီးက တံခါးကို အသေအချာပြန်ပိတ်လိုက်၏။ သူတို့သည် အခန်းကျယ်ကြီး အလယ်တွင် ရပ်နေ ကြ၏၊ နောက်မှ သိရသည်မှာ ခင်မောင်ရင်ကို ခေါ်ဆောင်လာသူ သုံးဦးသည် တံခါးပိတ်နေသော အစေခံမကြီးကို တစ်စုံတစ်ခုမေးရန် စောင့်ဆိုင်းနေကြခြင်း ဖြစ်၏။

ထိုအချိန်တွင် ခင်မောင်ရင်က သူတို့ ပထမဆုံးဝင်ရောက်မိသော အခန်း ကျယ်ကြီး၏ အနေအထားနှင့် အခြေအနေကို လျှပ်တစ်ပြက်အတွင်း အကဲခတ် လိုက်သားလိုက်၏။ ဤအခန်းသည် အောက်ထပ် အိမ်ဦးခန်း ဖြစ်သော်လည်း ဧည့်ခန်းကား မဟုတ်ချေ။ မည်သည့်ကုလားထိုင်မျှ မရှိချေ။ အခန်းနံရံ၏ ဟိုနား ဒီနားတွင်ကား စာအုပ်ဗီရိုများ တွေ့ရသည်။ စန္ဒရား တစ်လုံးလည်း ရှိသည်။ အခန်း



www.burmeseclassic.com

www.burmeseclassic.com



နံရံပေါ်တွင် ရှမ်းပြည်နယ်၏ ရှုမျှော်ခင်း ပန်းချီကားများနှင့် ရှမ်းအမျိုးသားကြီး တစ်ဦး၏ ဓာတ်ပုံကြီးရှိသည်။ သို့ဖြင့် ဤအိမ်သည် ရှမ်းအမျိုးသား တစ်ဦး၏အိမ် ဖြစ်ရမည်ဟု သူက တွက်လိုက်၏။

သူတို့အပေါ် တည့်တည့်တွင် ဖန်မှန်ဖြင့် ပြုလုပ်ထားသော မီးပဒေသာ ကြီး ရှိ၏။ လက်ဝဲဘက်တွင် အထက်ထပ်သို့ တက်သော ကျွန်းလှေကားကြီးရှိ၏။ လက်ယာဘက် အတွင်းပိုင်းသို့သွားသော စင်္ကြံရှိသည်။ သူတို့၏ ရှေ့တည့်တည့် တွင် ပိတ်ထားသော တံခါးပေါက်တစ်ခု ရှိသည်။ သူသည် ဗိသုကာတစ်ဦး ဖြစ်သော် လည်း ဤလို အိမ်ပုံစံမျိုး ဤတစ်ခါသာ တွေ့ဖူးသေးသည်။

တံခါးပိတ်ပြီးသော အခါတွင် မိန်းမကြီးသည် သူတို့အနီးသို့ လျှောက် လာသည်။

'သူ့ကို အခန်းထဲမှာထားပြီး ရှင်တို့အပေါ်ထပ်ကို လာခဲ့ကြပါတဲ့'

ထို့နောက် သူမက မျက်နှာချင်းဆိုင်ရှိ ပိတ်ထားသော အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ ဓားထွန်းစိန်က သူ့အား အတွင်းသို့ တွန်းသွင်းလိုက်သည်။ ပြီးနောက် တံခါးပိတ်သွားသည်။ ထို့နောက် သော့ခတ်သံကြားရသည်။ ခင်မောင်ရင် က တံခါးနားသို့ကပ်၍ နားစွင့်သော်လည်း အပြင်မှ လူများသည် ဘာစကားမျှ မပြောဘဲ လှေကားဆီသို့ လျှောက်သွားကြသည်။ သူက သော့ပေါက်မှနေ၍ ချောင်း ကြည့်ရာ ဘာမျှမတွေ့ရဘဲ ပိတ်ထားသော အိမ်ရှေ့တံခါးမကြီး၏ တစ်စိတ် တစ်ဒေသကိုသာ မြင်ရသည်။ သူက တံခါး၏ အခြေအနေကို သိရန် လက်ဖြင့် အသာတွန်းကြည့်သည်။ အငတ်ခိုင်ခံ့ပုံ ရသည်။ လူနှစ်ယောက်၊ သုံးယောက် ဖခုံးဖြင့် တစ်ပြိုင်တည်း တိုက်သည့်တိုင် ပွင့်ထွက်နိုင်သည့် အခြေအနေ မရှိချေ။ ထင်းကြောင့် သူရောက်ရှိနေသော အခန်း၏ အခြေအနေကို သိရှိရန် တစ်ဖက်သို့ လှည့်၍ တံခါးကို ကျောဖြင့် ကပ်ထားလိုက်သည်။

၄

ခိုသည် အကျဉ်းထောင်တစ်ခုအတွင်း၌ တိုက်ပိတ်ခံနေရပြီလော ဟုပင် ခင်မောင်ရင် က အောက်မေ့လိုက်မိသည်။ သူ ယခု ရောက်ရှိနေရသော နေရာသည် ကြီးမားသော အဆောက်အဦကြီးတစ်ခု၏အလယ်တွင် နံရံလေးဖက်အပြည့်ပိတ်ထားသော အခန်း တစ်ခန်းဖြစ်သည်။ တံခါးပေါက်ဟူ၍ သူ ယခု ကျောဖြင့် မှီထားသော တံခါးပေါက် တစ်ခုသာရှိ၏။ ပြတင်းပေါက် ဟူ၍ တစ်ခုမျှမရှိ။ မလွယ်ပေါက် တစ်ခုတလေများ ရှိလေသလားဟု နံရံပတ်ပတ်လည်ကို လိုက်၍ စူးစမ်းကြည့်မိသည်။ မတွေ့ရ။ နောက်ဆုံး တွင် စိတ်မောလူမောဖြင့် အခန်းအလယ်ရှိ ဆိုဖာတစ်ခုပေါ်တွင် ထိုင်လိုက်သည်။

အခန်းသည် အနံ ဆယ့်ငါးပေ၊ အလျား ပေသုံးဆယ်ခန့် ရှိ၏။ အလယ် တည့်တည့်တွင် စားပွဲဝိုင်းတစ်လုံးနှင့် ဆိုဖာများ ရှိ၏။ နှစ်ယောက်ထိုင် ဆိုဖာတစ်ခု တစ်ယောက်ထိုင် ဆိုဖာသုံးခု ဖြစ်၏။ တံခါးပေါက်နှင့် မျက်နှာချင်းဆိုင်နံရံများတွင် စင်သုံးလုံးရှိ၏။ စာအုပ်တွေအပြည့် ရှိ၏။ တံခါးပေါက်ရှိသော နံရံတွင်ကား တံခါး ပေါက်၏ တစ်ဖက်တစ်ချက်စီ၌ အုတ်နံရံတွင်းသို့ မြှုပ်ထားသော သုံးဆင့်စင်များ ရှိကြ၏။ ဗီရိုသဖွယ် ပြုလုပ်ထားခြင်းဖြစ်၏။ တံခါးမှာ ဆွဲဖွင့်ရသော တံခါးမျိုး မဟုတ်ဘဲ မှန်နှစ်ချပ်ကို လျှာအတွင်း၌ ဟိုဘက်ဒီဘက် အပြန်ပြန်အလှန်လှန်



www.burmeseclassic.com

www.burmeseclassic.com



တွန်းဖွင့်ရသော တံခါးညီများဖြစ်၏။ ယင်းတံခါးများကို သော့ခတ်မထားရုံသာမက စေ့အောင်ပင် ပိတ်မထားချေ။ မှန်နှစ်ချပ်ထပ်နေပြီး တစ်ဖက်တစ်ချက်တွင် တစ်ပေစီလောက် အဆင်သင့် အလယ်ကောင်တွင် ပွင့်နေ၏။ အထဲတွင်ကား စာအုပ်များမဟုတ်ဘဲ ဖန်ခွက်နှင့် အရက်ပုလင်းများသာ ဖြစ်ချေ၏။

ရမ်၊ ဘရန်ဒီ၊ ဝီစကီ၊ ဂျင်၊ ရှမ်ပိန် စသည်ဖြင့် အရက်မျိုးစုံ ဖြစ်၏။ ကြိုက်သည့်ယမကာ ကြိုက်သလောက် သောက်နိုင်၏။ ထိုအခါတွင်မှ အခန်းထောင့်တွင် ရေခဲသေတ္တာ ဖြူဖြူကြီးတစ်လုံး ရှိသည်ကိုလည်း သူက သတိထားမိလာ၏။ ယင်းရေခဲသေတ္တာကို သူကဖွင့်မကြည့်ဘဲနှင့် အထဲတွင် ဘာတွေ ရှိသည်ကို သူက အတပ်ပြောနိုင်၏။ ဘီယာပုလင်းများမှ လွဲ၍ တခြားဘာမျှ မရှိနိုင်ချေ။ ဘီယာနုနုလည်း ရှိမည်။ ဘီယာရင့်ရင့်လည်း ရှိမည်။

သူက ဘီယာတော့ ကြိုက်သည်။ ယခုလောက် စိတ်မောကိုယ်မော ရှိနေစဉ်တွင် သူက ဘီယာအေးအေးတစ်လုံးလောက် သောက်လိုက်ချင်သည်။ သူက ထိုင်ရာမှ ထတော့မည်ပြုပြီးမှ စိတ်ကို ချုပ်တည်းထားလိုက်ရသည်။ သူက ဤအခန်းထဲသို့ ဧည့်အရင်းအချာ တစ်ဦးအဖြစ် ရောက်ရှိသည် မဟုတ်ဘဲ အကျဉ်းသားတစ်ဦးအဖြစ် အပိတ်အလှောင် ခံနေရခြင်း ဖြစ်၏။ သူသည် ထောင်ချောက်တစ်ခု အတွင်းသို့ ကျရှိနေသည့် နောက်မိုင်းတွင် ညှတ်ကွင်းတစ်ခုတွင်းသို့ ထပ်မံ မသက်ဆင်းမိရန် အရေးကြီးလှ၏။

သူ့ကို သူတို့ ဤအခန်းထဲတွင် မည်မျှကြာကြာ ပိတ်လှောင်ထား ကြမည်နည်း။ ပြီးတော့ ဘာလုပ်ကြမည်နည်း။ ယခု သူတို့ အပေါ်ထပ်မှာ ဘာတွေ တိုင်ပင်ဆွေးနွေးနေကြသနည်း။ ခင်မောင်ရင်သည် မေးခွန်းများ ကိုသာ တစ်ခုပြီး တစ်ခုရရှိပြီး အဖြေကိုကား တစ်ခုမျှမပေးနိုင်သဖြင့် ထိုင်ရာမှ ထကာ အခန်းထဲတွင် သုံးလေးပတ်မျှ လျှောက်နေမိသည်။ ထို့နောက် တံခါးကို တဝုန်းဝုန်းထု၍ အော်ဟစ်နေမိသည်။ သို့ရာတွင် သူ့လက်သီးတွေသာ အမှုန့်ဖြစ်ကုန်မည်။ သူ့အသံတွေသာ ဝင်ကုန်မည်။ အကျိုးကား ထူးမည် မဟုတ်ချေ။ ယင်းကြောင့် သူက ပထမနေရာတွင် တစ်ခါ ပြန်ထိုင်သည်။ ထို့နောက် စိတ်ကူးတစ်ခု ရ၍ ထိုင်ရာမှ ထ လိုက်ပြန်သည်။ စာအုပ်ဗီရို တစ်ခုကို ဆွဲဖွင့်လိုက်သည်။ သော့ခတ်မထားချေ။ အပေါ်ဆုံးထပ်တွင် ဥပဒေစာအုပ်များ ရှိသည်။ သူက စာအုပ်တစ်အုပ်ကို ဆွဲထုတ်၍ ပထမ မျက်နှာကို လှန်ကြည့်လိုက်၏။ သူ မျှော်လင့်ထားသည်ကို တွေ့ရသည်။ စာအုပ်ပိုင်ရှင်၏ နာမည်ဖြစ်သည်။





ဦးခမ်းလုံ၊ ကိုယ်ပိုင်စာကြည့်တိုက်။

သူက သေချာအောင်အောက်ထပ်မှ ဘောဂဗေဒစာအုပ်တစ်အုပ်ကို ဆွဲထုတ်၍ ပထမမျက်နှာကို လှန်ကြည့်လိုက်သည်။ ဦးခမ်းလုံပင်။ ဦးခမ်းလုံသည် ဤစာအုပ်များ၏ ပိုင်ရှင်ဖြစ်လျှင် ဤအိမ်ကြီး၏ ပိုင်ရှင်လည်း ဖြစ်ရပေမည်။ ဆင်းရှူးမြိုင်၏ အရှင်သခင်ကြီး ဖြစ်ပေမည်။ အဝင်ခန်းတွင် တွေ့ခဲ့သော ဓာတ်ပုံရှင်လည်း ဖြစ်နိုင်ကောင်းပေသည်။

သူ့ကိုဖမ်းဆီးသူများ၏ ဆရာဆိုသူကား ရှမ်းအမျိုးသားတစ်ဦး ဖြစ်သော ဦးခမ်းလုံပေတည်း။ ဤနာမည်ကို ကြားဖူးသလိုလိုတော့ ရှိ၏။ သတင်းစာများတွင် မကြာခဏတွေ့မိခြင်းဟု ထင်၏။ သို့ရာတွင် သူသည် ဦးခမ်းလုံဆိုသော လူတစ်ယောက်နှင့်ကား ဘယ်တုန်းကမျှ သိကျွမ်းခဲ့ဖူးခြင်း၊ ပက်သက်ခဲ့ဖူးခြင်း မရှိကြောင်းကိုကား သူ့ဟာသူ တကယ်သိ၏။ သို့နှင့် ထိုသူတို့က သူ့ကို အဘယ့်ကြောင့် ဖမ်းဆီးခေါ်ဆောင်လာကြလေသနည်း။

တစ်ခုတော့ရှိသည်။ သူတို့က သူ့ကို လူငယ်ဗိသုကာတစ်ဦးဖြစ်သူ ခင်မောင်ရင်အဖြစ်နှင့် ခေါ်လာခြင်းမဟုတ်။ သူတစ်ခါမျှ မကြားဖူးသည့် လျှို့ဝှက်ထူးဆန်းသော ကျောက်ဘီလူးဆိုသည့် လူတစ်ယောက်အဖြစ်နှင့် ခေါ်ဆောင်လာခြင်း ဖြစ်၏။

ဦးခမ်းလုံသည် အဘယ်သို့သော လူပေနည်း။ ကျောက်ဘီလူးသည် သူ့အား အဘယ်သို့ တစ်ပတ်ရိုက်သွားသနည်း။ သူတို့သည် မည်သို့သော လုပ်ငန်းများကို ဤမျှ စွန့်စွန့်စားစား လုပ်ဆောင်နေကြသနည်း။ ခင်မောင်ရင်သည် သူ၏ လွတ်မြောက်ရေးထက် ဦးခမ်းလုံနှင့် ကျောက်ဘီလူးတို့ အကြောင်းကို သိရှိလိုစိတ်က တစ်စထက်တစ်စ တိုးပွားလာနေတော့၏။ အကယ်၍ သူတို့အနေနှင့် တရားဥပဒေနှင့် ဆန့်ကျင်သော အမှုကိစ္စများကို ပြုလုပ်နေကြလျှင် သူသည် နိုင်ငံသားတစ်ဦးအနေဖြင့် တတ်နိုင်သည့်နည်းနှင့် ကာကွယ်ပေးရမည့် တာဝန်ရှိသည်ဟု ယူဆမိလာ၏။

သို့ရာတွင် လောလောဆယ်တွင်မူကား သူသည် ဘာတစ်ခုကိုမျှ ရေရေလည်လည် မသိရဘဲနှင့် ဤအခန်းထဲတွင် ပိတ်လှောင်ခြင်း ခံနေရ၏။ သူက ဤ အကျပ်အတည်းကြားထဲမှပင် လှမိုးညို၏ အပြုံးကို တသမိ၏။ သူ ရောက်လာသဖြင့် ဒေါပွပြီး ကျိန်ဆဲနေမည့် စိန်မြင့်တို့လူစုကို သတိရမိ၏။ သူ အိမ်ပြန်နောက်ကျ၍ စိုးရိမ်ပူပန်နေမည့် မိခင်ကြီးနှင့် အဒေါ်တို့၏ မျက်နှာများကို



www.burmeseclassic.com

www.burmeseclassic.com



မြင်မိ၏။ သူ့အမေနှင့် သူ့အဒေါ်သည် သူပြန်မလာမချင်း မအိပ်ဘဲ စောင့်နေကြမည့် သူများ ဖြစ်၏။ သူ့အမေက မုဆိုးမ။ သူ့အဒေါ်က အပျိုကြီး။ သူတို့တွင် ဤ ကမ္ဘာမြေ၌ ခင်မင်တွယ်တာစရာဆို၍ သူတစ်ယောက်ပဲ ရှိလေသည်။ သူတို့ညီအစ်မ သည် တစ်ချိန်က မြေပိုင်ရှင်များ ဖြစ်ကြ၏။ ယခုလည်း စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြ၏။ သို့ရာတွင် သူသည် သူတို့၏ အလိုဆန္ဒနှင့် ဆန့်ကျင်ကာ အရာရှိတစ်ဦး လည်း ဖြစ်မလာခဲ့။ စီးပွားရေးသမားတစ်ဦးလည်း ဖြစ်မလာခဲ့။ လူငယ် ဗိသုကာ တစ်ဦးသာ ဖြစ်လာခဲ့၏။ သူသည် တက္ကသိုလ်တွင် နေစဉ်က သူတို့၏ အလိုဆန္ဒနှင့် ဆန့်ကျင်ကာ ပညာရေး တိုက်ပွဲများတွင် ပါဝင်ခဲ့၏။ အင်းစိန်တိုက်ပွဲတွင် ဆင်နွှဲခဲ့၏။

သို့ရာတွင် ကျောင်းမှထွက်လာပြီးသည့် နောက်ပိုင်းတွင်ကား သူတို့ စေစပ်သော အမျိုးသမီးတစ်ဦးကို မယူခဲ့ရသည်မှအပ ကြိုတင်ပြောထားခြင်း မရှိဘဲ နှင့် အိမ်သို့မပြန်သည့် ညဟူ၍မရှိခဲ့။ သန်းခေါင်သန်းလွဲမှ ပြန်သည့် ညဟူ၍ မရှိခဲ့။ အလွန်ဆုံးနောက်ကျလျှင် ဆယ်နာရီခွဲ၊ ဆယ့်တစ်နာရီတည်း။

ယခုမူ ဆယ့်တစ်နာရီထိုးနေပြီဖြစ်၍ မိန်းမသားနှစ်ဦးသည် စိုးရိမ်ပူပန် စိတ်များဖြင့် သူ့အား စောင့်ဆိုင်းနေကြပေမည်။ သူက ယနေ့ညအချိန်မီ ပြန်နိုင် ပါဦးမည်လား။ သို့မဟုတ် ဒီည ပြန်မပြန်ရပါတော့မည်လား။ သို့မဟုတ် ဤ အခန်းထဲတွင် ဘယ်နှညများ ဆက်၍ အပိတ်အလှောင် ခံနေရမည်နည်း။

အဆိုးဆုံးကတော့ ဆေးလိပ်သောက်ချင်ခြင်းပေတည်း။ အရက်ရှိလျှင် ဆေးလိပ်ရှိမည်လားဟု သူက ရှာကြည့်သေး၏။ ဘာဆေးလိပ်မျှ မတွေ့ရ။ သူ့ စိတ်ထဲတွင် နည်းနည်းဆန်းနေ၏။ ဤအခန်းသည် ဦးခမ်းလုံ၏ စာကြည့်ခန်းနှင့် ညီးသန့် ဧည့်ခန်းဖြစ်ခဲ့လျှင် အရက်ရှိသလို ဆေးလိပ်ရှိရပေမည်။ ယခုတော့ ဘာ ဆေးလိပ်မျှ မတွေ့ရ။ ဦးခမ်းလုံသည် ဆေးလိပ်သောက်တတ်ခြင်းလည်းမရှိ။ သူ၏ ပိတ်လှောင်နေသော အခန်းထဲတွင် ဆေးလိပ်သောက်ခြင်းကိုလည်း ခွင့်မပြုနိုင်၍ ဖြစ်တန်ကောင်းသည်ဟု သူက နောက်ဆုံးတွင် မှတ်ယူလိုက်၏။

သူ ဤအခန်းထဲသို့ ရောက်ရှိလာပြီးနောက် နာရီဝက်မျှကြာသည် အထိ အခြေအနေများသည် မည်သို့မျှ ထူးခြားလာခြင်းမရှိဘဲ သူတစ်ယောက်တည်း စိတ်ထင်ရာသာ တွေးနေရသည်။ သူ၏အဖြစ်သည် ဘယ်သောအခါ ဘယ်အခါတွင်မှ လွတ်မည်ဟု ရေရေရာရာ မသိရသော ပုဒ်မငါးနှင့် ဖမ်းဆီးခြင်းခံရသူ၏ ဘဝမျိုး တည်း။

အထက်ထပ်တွင် တိုင်ပင်ဆွေးနွေးနေကြသူများသည် အဘယ်ကဲ့သို့





သော အကြံအစည်များကို ထုတ်လုပ်နေကြ၍ ဤမျှထိ ကြာလင့်နေကြသည်မသိ။ သူက ထလိုက် ထိုင်လိုက်၊ အခန်းထဲတွင် လှည့်ပတ်၍ လျှောက်လိုက်နှင့် ကြာလျှင် ရူးရချေတော့မည်။ ပြီးတော့ သူ့အား သွေးဆောင်နေသော အရက်များကို မသောက် မိရန်လည်း စိတ်ကို ချုပ်တည်းရသေး၏။

သို့ရာတွင် နောက်ထပ် ငါးမိနစ်ခန့် ကြာသောအခါတွင်ကား အထက် ထပ်မှ ဆင်းလာသော ခြေသံများကို ကြားရ၏။ သူက ဂရုစိုက်၍ နားထောင်သော အခါတွင် လူနှစ်ယောက်၏ ခြေသံဖြစ်၏။ ခြေသံတစ်ခုက နည်းနည်းပြင်း၍ ခြေသံတစ်ခုက နည်းနည်းပျော့၏။

ခြေသံများသည် အောက်ထပ်သို့ရောက်ရှိသောအခါတွင် သူ့ထံသို့ မလာဘဲ အိမ်ရှေ့ တံခါးမကြီးဆီသို့ လျှောက်သွားနေကြ၏။ သူက သော့ပေါက်မှ ချောင်းကြည့်သောအခါတွင် မင်းခေါင်နှင့် အစေခံမကြီးကို တွေ့ရ၏။ အစေခံမကြီး က တံခါးကို ဖွင့်ပေးလိုက်သောအခါတွင် မင်းခေါင်သည် အပြင်သို့ ထွက်သွား၏။ မိန်းမကြီးက တံခါးကို ပြန်ပိတ်ထားလိုက်သည်။ ထို့နောက် လှေကားရင်းဘက်သို့ ပြန်လျှောက်သွားသည်။ သို့ရာတွင် လှေကားပေါ်သို့ တက်သွားသည့်အသံကို မကြားရသဖြင့် တစ်နေရာရာတွင် ရပ်နေသည်ဟု ယူဆရ၏။

ခဏအကြာတွင် ခြံဝန်းထဲမှ ကားတစ်စီး မောင်းထွက်သွားသံ ကြားရ၏။ ကားသည် ဆင်ဝင်အောက်မှ ထွက်သွားခြင်းမဟုတ်ဘဲ လှေကားရှိသော အိမ်ဘေး ဘက်ဆီမှ ထွက်သွားခြင်းဖြစ်၍ သူ့ကားမဟုတ်ဘဲ တခြားကားတစ်စီးဟု တွက်ဆ ရ၏။ ကားစက်သံမှာလည်း သူ့ကားစက်သံ မဟုတ်ချေ။ မင်းခေါင်သည် အဘယ် ကိစ္စနှင့် အဘယ်အရပ်သို့ သွားချေသနည်း။ ကျန်ရှိနေသူများသည် အပေါ်ထပ်တွင် ဘာလုပ်နေကြသနည်း။ အစေခံမကြီးသည် တံခါးမကြီးနှင့် လှေကားရင်းကြားတွင် ဘာလုပ်နေသနည်း။

သူက ကြာကြာတွေးတောမနေရပါ။ ကားသံကြားရပြီးနောက် ခဏ အကြာမှာပင် လှေကားမှ ဆင်းလာသောခြေသံများ ကြားရပြန်၏။ ဤတစ်ကြိမ် တွင်တော့ သူက ဘယ်နှယောက်မှန်း အသေအချာမသိ။ တစ်ယောက်ထက်တော့ နှစ်ယောက်ထက်လည်း ပိုနိုင်သည်ဟု ခန့်မှန်းမိသည်။ ဤတစ်ကြိမ်တွင်ကား ခြေသံများသည် သူရှိရာ အခန်းဆီသို့ လာနေကြသဖြင့် သူက တံခါးမှ ခြေသံဖွ၍ လျှင်မြန်စွာ ခွာလိုက်၏။ ဗီရိုထဲမှ စာအုပ်တစ်အုပ်ကို ဆွဲ၍ ဖတ်ဟန်ဆောင်နေမိ၏။

အချိန်ကိုက်ရုံကလေးပဲ ရှိ၏။ သူ ဆိုဖာရှည်ကြီးပေါ်တွင် ထိုင်မိပြီး



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကို မျက်နှာရှေ့တွင် ဖွင့်လိုက်စဉ်မှာပင် တံခါးသော့ဖွင့်သံ ချောက်ခနဲ ကြားလိုက်ရသည်။ နောက်ခဏမှာပင် တံခါးသည် တဖြည်းဖြည်းချင်း ပွင့်လာသည်။ ပထမဆုံး မြင်တွေ့ရသူမှာ သော့တွဲကို ကိုင်ထားသော အစေခံမကြီး ဖြစ်၏။ သူမက စောစောကလိုပင် တံခါးပေါက် အလယ်တည့်တည့်တွင် ပိတ်ရပ်နေ၏။ အခြားသူများကို မမြင်တွေ့ရသေးချေ။ အစေခံမကြီးသည် အခန်း၏ အခြေအနေနှင့် သူ၏ အနေအထားကို အရင်ကြည့်ရှုလိုက်ပြီး ကျေနပ်စိတ်ချမှုရှိတော့မှ အခြားလူများ ဝင်နိုင်ရန် ဘေးသို့ ယို့ဖယ်ပေးလိုက်သည်။ :

အခန်းတွင်းသို့ ပထမဆုံးဝင်လာသူမှာ ဓားထွန်းစိန်ဖြစ်၏။ သူက ပါးစပ်မှ တွမ်းတဖျစ်ဖျစ်နှင့် ဖြစ်၏။ စောစောကထက် ပုဆိုးကို တိုတိုနှင့် တင်းတင်း ဝတ်ထား၏။ သူက ရှုသိုးသိုးနှင့် ခင်မောင်ရင်ကို တစ်ချက်သာ ကြည့်ပြီးနောက် အရက်ဗီရို တစ်ခုကိုသွား၍ မှီနေ၏။ ဒုတိယဝင်လာသူမှာ ကားမောင်းသူ ဖြစ်၏။ သူက ဆေးပြင်းလိပ်တိုကို ပါးစောင်တွင် ခဲ၍ ဝင်လာသည်။ ခင်မောင်ရင်၏ အနီးမှ မထီမဲ့မြင် ကပ်၍ဖြတ်သွားပြီး နောက်ဘက်တွင် သွား၍ရပ်သည်။ ခင်မောင်ရင်က လှည့်၍ မကြည့်။ သူတို့ ဝင်လာသည့်အတွက် နည်းနည်းမှ ကြောက်လန့်မှုကို မပြ။ စာဖတ်ချင်ယောင်ဆောင်၍ မျက်လုံးထောင့်စွန်းမှသာ သူတို့၏ အရိပ်အခြည်ကို ကြည့်နေသည်။

နောက်ဆုံးဝင်လာသူမှာ ဦးခမ်းလုံပင် ဖြစ်သည်။ သူသည် ခေတ်ပုံထဲမှ ရှမ်းအမျိုးသားကြီးကား မဟုတ်ချေ။ နည်းနည်းတော့ ရုပ်ချင်းဆင်သလားမသိ။ သူ့အဖေ၏ ခေတ်ပုံသော်လည်းကောင်း၊ သူ့အဘိုး၏ ခေတ်ပုံသော်လည်းကောင်း ဖြစ်ပေမည်။ ၎င်းပြင် ဦးခမ်းလုံကို ကြည့်ရသည်မှာ ရှမ်းတစ်ယောက်ထက် အခြား တိုင်းရင်းသား လူမျိုးတစ်ဦးနှင့် ပို၍တူ၏။ ကရင်လိုလို၊ ကချင်လိုလိုဖြစ်၏။ ရှမ်းတရုတ်လည်း ဖြစ်နိုင်၏။ သူမသိသော တိုင်းရင်းသားလူမျိုး တစ်မျိုးလည်း ဖြစ်နိုင်၏။ အသားလတ်လတ်၊ အရပ်အိုင့်အိုင့်၊ ခေါင်းလုံးလုံးနှင့် ဖြစ်၏။ သူ၏ မျက်လုံးများသည် ကြည်လင်မှု လုံးဝမရှိဘဲ အနီးအငွေ့များ ရစ်ဆိုင်းနေ၏။ ယင်း မျက်လုံးပိုင်ရှင်များသည် အင်မတန် ကောက်ကျစ်တတ်၏။

ဦးခမ်းလုံသည် ကြက်ဥနှစ်ရောင် ရှမ်းဘောင်းဘီ၊ လိမ္မော်ရောင် တိုက်ပုံ အင်္ကျီနှင့် ဖြစ်၏။ သူ့မျက်နှာတွင် ဟန်ဆောင်ပြုံးပါလာ၏။ သူ့လက်ထဲတွင် ပရုပ်အေးကက်ပီတန်တစ်ဘူး ပါလာသည်။

'ဘယ်နှယ့်လဲ၊ ရဲဘော်ကြီး ကျောက်ဘီလူး။ တစ်ယောက်တည်း စောင့်နေ





ရတာ ပျင်းနေပလား။ ကျွန်တော်တို့လည်း ခင်ဗျားကိစ္စအတွက် အထူးအစည်း အဝေးကျင်းပနေရလို့ အချိန်နည်းနည်း လင့်သွားတယ်။ ဆေးလိပ်သောက်ပါဦး။ ပြီးတော့မှ အေးအေးဆေးဆေး ဆွေးနွေးကြ တာပေါ့'

ဦးခမ်းလုံသည် သူနှင့် မျက်နှာချင်းဆိုင် ဆိုဖာတွင် ဝင်ထိုင်လိုက်ရင်း ပြောသည်။ သူသည် အသက်လေးဆယ် ပတ်ဝန်းကျင်မှာပဲ ရှိဦးမည်။ သူ၏အသံနှင့် ပြောပုံဆိုပုံမှာ အတော်ပင် မခံချိမခံချင်စရာကောင်းသည်။ သို့ရာတွင် ခင်မောင်ရင်က ခေါင်းအေးအေးထားပြီး လက်ထဲမှ စာအုပ်ကို စားပွဲပေါ်ချကာ သူ မျှော်လင့် စောင့်တနေသော စီးကရက်ကို ပထမဆုံး ကြွေ့ရရ တည်တည်ငြိမ်ငြိမ် မီးညှိ သောက်လိုက်သည်။ ယင်းအခိုက်မှာပင် အစေခံမကြီးက တံခါးကို စေ့သွားအောင် ပိတ်လိုက်သည်။ သို့ရာတွင် အပြင်မှ သော့ခတ်ထားခြင်းကား မရှိချေ။ ဤကား ခင်မောင်ရင်အတွက် အခွင့်အရေးတစ်ရပ်ပင် ဖြစ်၏။ သို့ရာတွင် သူသည် ခြေသွေး သုံးကောင်၏ကြားတွင် ရောက်နေသည်မို့ အခွင့်အရေးကို အရမ်းအသုံးချ၍ကား မဖြစ်နိုင်ချေ။ သူ့ဗိုက်ထဲတွင် ကျည်ဆန်တွေ ငါးပိသိပ် ငါးချဉ်သိပ် ဖြစ်သွားမည်။

ခင်မောင်ရင် စီးကရက်တစ်လိပ် ထုတ်ယူ၍ မီးညှိသောက်နေသည်ကို မျက်စိခြောက်လုံးက စောင့်ကြပ်ကြည့်ရှုလျက်ရှိ၏။ ခင်မောင်ရင်က ယင်းအဖြစ်ကို မသိဟန်ပြုကာ စီးကရက်ကို နှစ်ရှိုက် သုံးရှိုက် အားရပါးရ ဖွာလိုက်ပြီးမှ –

'ဒီမယ် ဦးခမ်းလုံ၊ ခင်ဗျားတို့ လူမှားနေပြီ။ ကျွန်တော် ကျောက်ဘီလူး မဟုတ်ဘူး။ ကျွန်တော့် နာမည်က အား...'

သူ့စကား မဆုံးမီမှာပင် သူ၏ လက်ဝဲဘက် လည်ပင်းပေါ်သို့ လက်ဝါး စောင်းတစ်ခု အရှိန်ပြင်းစွာနှင့် ကျရောက်လာသည်။ အမှတ်တမဲ့မို့ သူက အားခနဲ အော်လိုက်မိသည်။ ထိုစဉ်မှာပင် သူ၏ လက်ယာဘက် လည်ပင်းပေါ်သို့ နောက်ထပ် တစ်ချက် ကျရောက်လာပြန်၏။ သူ့ပါးစပ်မှ စီးကရက် လွင့်ထွက်သွား၏။ သူ့ တစ်ကိုယ်လုံး ပူရှိန်းလာပြီး မျက်နှာများ ရဲလာသည်။ သူက ဘာပဲဖြစ်ဖြစ် ပြန်လည် ခုခံရန် နေရာမှ ထလိုက်သည်။ သို့ရာတွင် ဦးခမ်းလုံက လက်ကာပြလိုက်ပြီး –

'ဟော့ကောင် ကျော်ထွန်း၊ နောက်ဆုတ်နေစမ်း'

သူ့ဆရာ၏အမိန့်ကြောင့် ကျော်ထွန်းခေါ် ကားမောင်းသူသည် နောက်သို့ ဆုတ်သွား၏။ ခင်မောင်ရင်က အသားတဆတ်ဆတ် တုန်နေသော်လည်း အချိန် မကျရောက်သေးဟု စိတ်ကို ချုပ်တည်းကာ ပြန်ထိုင်လိုက်သည်။ သို့ရာတွင် လွင့်ထွက်သွားသော စီးကရက်ကိုလည်း ပြန်မကောက်။ အသစ်တစ်လိပ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထပ်မသောက်တော့ချေ။

သူ့ပါးစပ်မှ လွင့်ထွက်သွားသော စီးကရက်မီးသည် ခန်းမ၏ အလယ်တွင် ခင်းထားသော အကောင်းစား ကော်ဇောကြီးကို မီးစွဲလောင်လျက်ရှိရာ ဓားထွန်းစိန်က လာရောက်ငြိမ်းသတ်လိုက်ရသည်။ သို့ရာတွင် အမွေးများသည် မီးလောင်လွယ်သဖြင့် ဆီးဖြူသီးခန့် အမည်းကွက်ကြီး ဖြစ်သွား၏။

'ဒီမယ် ရဲဘော်ကြီး ကျောက်ဘီလူး။ ခင်ဗျားဟာ ပထမအကြိမ် ကျုပ်တို့ကို တစ်ပတ်ရိုက်သွားပြီ။ အခု ဒုတိယအကြိမ် ကျုပ်တို့ကို အကြောင်း မရှိဏ်ချင်ပါနဲ့တော့၊ ခင်ဗျားနဲ့ ကျုပ်တို့ အလုပ်တစ်ခုကို အတူတူ လုပ်လာကြတာ တစ်ဆောင်း၊ တစ်နွေ၊ တစ်မိုး ရှိပါပြီ။ အခုကျမှ ခင်ဗျားက ကျောက်ဘီလူး မဟုတ်ပါဘူးလို့ ပြောနေတာကို ယုံရအောင်က ဒီနေရာဟာ စိတ်ရောဂါကုဆေးရုံလည်း မဟုတ်ဘူး။ ကျုပ်တို့ဟာ အရူးတွေလည်း မဟုတ်ဘူး။ အဲဒီတော့ အပိုစကားတွေ ပြောမနေဘဲ လိုရင်းကို အတိုဆုံးနည်းနဲ့ ပြောကြရအောင်။ ကျွန်တော်ပြောတာ ဟုတ်တယ် မဟုတ်လား"

ဦးခမ်းလုံက သူ့ကိုယ်သူ ပညာရှိတစ်ဦးပမာ ယဉ်ကျေးသော စကားလုံးများကို ရွေးချယ်၍၊ သူတော်ကောင်းတစ်ဦးပမာ သိမ်သိမ်မွေ့မွေ့ ပြောဆိုနေသော်လည်း သူသည် အလွန်စိုးရိမ်စရာကောင်းသော အခြေအနေသို့ ဆိုက်ရောက်နေပြီ ဖြစ်ကြောင်း ခင်မောင်ရင်က သုံးသပ်မိလေသည်။

သူသည် ကျောက်ဘီလူးမဟုတ်ပါဟု ဆက်လက်ငြင်းဆန်နေခဲ့လျှင် ကျော်ထွန်း၏ လက်ဝါးစောင်းနှင့် ထွန်းစိန်၏ ဓားဦးချွန်တို့ကို တစ်လှည့်စီ ရရှိပြီး နောက်ဆုံးတွင် လက်မရှိ့မင်းခေါင်၏ သေနတ်ကျည်ဆန်ဖြင့် နိဂုံးချုပ် သွားရမည်သာ ဖြစ်၏။ ထို့ကြောင့် သူက အခြေအနေအရ အသင့်လျော်ဆုံး ဖြစ်သည်ဟု ယူဆသည်က တစ်ကြောင်း၊ ဦးခမ်းလုံနှင့် ကျောက်ဘီလူးတို့၏ အတွင်းရေးများ သိလို၍ တစ်ကြောင်း၊ ထို့ကြောင့် သူ့ကိုယ်သူ ခင်မောင်ရင်အဖြစ်မှ ပယ်ဖျက်လိုက်ပြီး ကျောက်ဘီလူးဘဝနှင့် ရပ်တည်ကာ ဤမြွေပွေးများနှင့် ဆက်လက် စခန်းသွားရန် ဆုံးဖြတ်လိုက်တော့၏။

'ကောင်းပြီ ဦးခမ်းလုံ။ ကျွန်တော့ဆီက ဘာလိုချင်သလဲ'

သူက ခပ်မာမာ မေးလိုက်သည်။

'ဒီလိုမှပေါ့ ရဲဘော်ကျောက်ဘီလူးရ။ ဘာလိုချင်တယ်ဆိုတာကတော့ ရှင်းနေတာပဲ။ အရင်လက ကျုပ်တို့ပို့လိုက်တဲ့ ဘိန်းတွေနဲ့ ရွှေချောင်းတွေ ရောင်းရ





တဲ့ ပိုက်ဆံတွေ ပြန်ပေးပါ'

သူ ကျောချမ်းသွားသည်။ ဤသူများသည် တရားဥပဒေနှင့် ဆန့်ကျင်ပြီး ဘိန်းချနေသူများ၊ ရွှေချောင်းခိုးထုတ်နေသူများတည်း။

'ကျွန်တော့်ဆီမှာ မရှိတော့ဘူးဆိုရင်ကော'

'စကားကို အရမ်းမပြောနဲ့။ ဒီငွေတွေဟာ ခင်ဗျားဆီမှာပဲ ရှိရမယ်။ ကျုပ်တို့က ပြေပြေလည်လည် ဆက်ဆံနေတုန်းမှာ စဉ်းစဉ်းစားစားလုပ်ပါ'

ခင်မောင်ရင်က ဘာပြန်ပြောရမှန်း မသိ၍ ငြိမ်နေမိသည်။

'ခင်ဗျားတို့ ဖီးယက်ကားကို ဘယ်ကရသလဲ'

သူ သိချင်သည့် မေးခွန်းကို အလစ်တွင် စွတ်မေးလိုက်သည်။

'ဒါကတော့ လွယ်ပါတယ်။ ဒီအလုပ်မျိုးတွေဟာ ခင်ဗျားတို့ ကျုပ်တို့ လုပ်နေကျအလုပ်တွေပါ။ ခင်ဗျားကို ရေဇလာက ခေါ်လာတဲ့အချိန်မှာ ကျုပ်ရဲ့ ကားကို အသုံးပြုလို့ဘယ်ဖြစ်ပါ့မလဲ။ တခြား ကားတစ်စီးကို ခဏ ယူသုံးရတာပေါ့။ ကားခိုးမှုဆိုတာက အသေးအဖွဲ့ကလေးပါ။ ဒါပေမဲ့ ကျုပ်တို့ရဲ့ လုံခြုံမှုတွေကိုတော့ အများကြီးပေးနိုင်တယ်။ ဟေ့ ထွန်းစိန်၊ မင်း ဒီကားကို ဘယ်က ရခဲ့သလဲ'

'၂၇ လမ်းက ဗိုသုကာ ဘယ်သူဆိုလဲရဲ့ကားပဲ။ ဂိုဒေါင်ထဲက ထုတ်လာတာပဲ။ လမ်းပေါ် ရပ်ထားတဲ့ကားထက် ဂိုဒေါင်ထဲကကားကို ယူသုံးတာက ပုလိပ်ဆီ ချက်ချင်း အတိုင်မခံရဘူးမဟုတ်လား။ အဲဒီ ဗိသုကာကြီးဟာ သူ့ကား ရှိကြောင်း မနက်ကျမှ သိမှာမဟုတ်လား။ ဒီည သူ ဘယ်ကိုမှ မသွားတော့ဘူးဆိုပြီး ဂိုဒေါင်ကို သော့ခတ်သွားပြီကိုး... ဟား... ဟား... ဟား..."

ကြေးစားလူမိုက် လက်ဝါးစောင်းထွန်းစိန်က ရယ်မောလိုက်သည်။ သည်တော့မှ မယုံကြည်နိုင်လောက်သော တိုက်ဆိုင်မှုတစ်ခု ဖြစ်ကြောင်းကို ခင်မောင်ရင်က သိရှိရတော့၏။ သူတို့သည် ကျောက်ဘီလူးကို ခေါ်ဆောင်လာရန်အတွက် ကားတစ်စီးကို ခိုးယူအသုံးပြုရာ၌ ဂိုဒေါင်ထဲတွင် ထားခဲ့သော သူ့ကားကိုမှ ထွန်းစိန်က ရရှိခဲ့ခြင်းဖြစ်၏။ တစ်ခုတော့ရှိ၏။ သူ၏ ကားဂိုဒေါင်သည် ပိတ်ထားသော ပြည်သူ့ဘဏ် အဆောက်အအုံတစ်ခုနှင့် မျက်နှာချင်းဆိုင်နေသဖြင့် လူသူပြတ်လပ်၍ တိတ်တဆိတ် ဖောက်ထွင်းခိုးယူရန် အကွက်ကောင်းဖြစ်၏။ ယင်းသို့ဆိုလျှင် သူနှင့် သူ့ကားသည် ယနေ့အဖို့ တိုက်တိုက်ဆိုင်ဆိုင် ကံဆိုးကြရခြင်းဖြစ်၏။

'ကောင်းပြီ။ ကျွန်တော့ဆီမှာပဲရှိတယ်ထား။ မပေးဘူးဆိုရင်ကော'



www.burmeseclassic.com

www.burmeseclassic.com



ထွန်းစိန်နှင့် ကျော်ထွန်းက ရှေ့သို့ ပြိုင်တူတိုးလာကြသည်။ ဦးခမ်းလုံက မတ်တတ်ထလိုက်သည်။ ခင်မောင်ရင်က ဦးခမ်းလုံ၏ ဝမ်းဗိုက်ကို ခေါင်းနှင့် ဆောင့်တိုက်ပြီး တံခါးဆီသို့ အတင်းစွတ်ပြေးလေသည်။ သို့ရာတွင် ကျော်ထွန်းက သူ့ခြေထောက်ကို လှမ်းဆွဲလိုက်ရာ သူသည် ကော်ဇောပေါ်သို့ မှောက်ပြီး ကျသွား၏။ သူက အကင်းပါးစွာ ကိုယ်တစ်ပတ်လှိမ့်လိုက်ရာ သူ့နောက်ကျောကို ချိန်ရွယ် စိုက်ချလိုက်သော ထွန်းစိန်၏ ဓားသည် ကော်ဇောကိုချော်၍ထိုးမိပြီး တစ်ထွာခန့် ပြဲသွားသည်။ သို့ရာတွင် သူသည် ကျော်ထွန်းအား တစ်ချက်သာ ထိုးလိုက်နိုင်ပြီးနောက် ကြေးစားလူမိုက် နှစ်ယောက်၏ ပူးကပ်ချုပ်ကိုင်ထားခြင်းကို ခံရတော့သည်။ သည့်နောက်တွင်ကား ဦးခမ်းလုံ၏ လက်သီးများသည် သူ၏ မျက်နှာပေါ်သို့ မိုးသီးမိုးပေါက်များပမာ အဆက်မပြတ် ကျရောက်လာတော့၏။ ခင်မောင်ရင်၏ ခေါင်းများသည် မူးနောက်၍ မျက်လုံးများသည် ပြာဝေလာတော့၏။ သူ့လက်နှစ်ဖက်ကို ချုပ်ကိုင်ထားသော ထွန်းစိန်နှင့် ကျော်ထွန်းတို့က သူ့အား လွှတ်လိုက်သောအခါတွင်ကား ခင်မောင်ရင်သည် ဆိုဖာရှည်ကြီးပေါ်သို့ ငုတ်တုတ်ထောင်ကြီးကို အခြေမှ ဓားနှင့်အပိုင်းခံရသလို လဲကျသွားတော့၏။ သူ့မြင်ကွင်းသည် မသဲမကွဲ ဝိုးဝါးနေပြီး သူကြားနေရသော စကားများသည် မရှင်းမလင်း လုံးထွေးလျက် ရှိတော့၏။ သူ နောက်ဆုံး သိရှိသည်မှာ သူ့ပါးစောင်ထဲသို့ သူတို့က အရက်များ အတင်းလောင်းထည့်နေခြင်းပင် ဖြစ်တော့၏။

၂။ ။တည်ရှိခြင်း အဆုံး / ၁

နောက်တစ်နေ့ နံနက်ငါးနာရီလောက်တွင် ဖြစ်သည်။ ရန်ကုန်မြို့အဖို့အား တော်တော်ကလေးစောသော အချိန်ဖြစ်သည်။ ခရီးသည်တင် ဘတ်စ်ကားများ ဆင်ကျဲကျဲထွက်၍ အခြားကား အသွားအလာများ အတန်ငယ်ရှိနေပြီ ဖြစ်သော်လည်း နံနက်စောစောထရန် အကြောင်းမရှိသော အိမ်များကား အိပ်ကောင်းဆဲဝင်ဖြစ်၏။

မရမ်းကုန်းနှင့် ကမ္ဘာအေးအကြားရှိ လမ်းမကြီးသည် မနိုးတနိုးဝဲ ရှိသေး၏။ ဆယ်မိနစ်ဆယ့်ငါးမိနစ်လောက်တွင်မှ တစ်ကြိမ်သာ ကားအသွားအလာရှိ၏။ ထိုနေရာဒေသသည် လူနေအိမ်ခြေများမရှိဘဲ တစ်ဖက်တွင် မင်္ဂလာဒုံဘောင်ကုန်း အဖျားစွန်နှင့် စိတ်ရောဂါကုဆေးရုံ၊ အခြားတစ်ဖက်တွင် ရုပ်ရှင်ခြံကြက်ပေါင်ခြံနှင့် သစ်ပင်ဆိုင်းဆိုင်းများသာရှိ၍ ခြောက်ကပ် တိတ်ဆိတ်နေသည်ဟု ဆိုနိုင်၏။

ဤအချိန်တွင် မရမ်းကုန်းဘက်မှနေ၍ ရှေ့ဆင့်နောက်ဆင့် မောင်း



www.burmeseclassic.com

www.burmeseclassic.com



လာသော ကိုယ်ပိုင်ကားနှစ်စီးသည် စိတ်ရောဂါကုဆေးရုံ အလွန်လောက်တွင် ရပ်လိုက်သည်။ ထိုနေရာမှနေ၍ ရှေ့သို့ မျှော်ကြည့်လိုက်လျှင် မည်းနက်သော လမ်းမကြီးသည် ကမ္ဘာအေးဘုရားဆီသို့ နိမ့်လျှောကြီး ဆင်းသွားနေသည်ကို တွေ့ရ၏။ မြောက်ဥက္ကလာပမှလာသော လမ်းနှင့်ဆုံရာတွင် အဆင်းသည် ပို၍ မတ်စောက်၍ မြွေအမြီးလို ခပ်စိပ်စိပ်ကလေး လိမ်တွန့်နေ၏။

ကားနှစ်စီးအနက် ရှေ့ဆုံးမှကားသည် ဖီးယက်ကားအနီကလေး ဖြစ်၏။ ခင်မောင်ရင်၏ ကားပင် ဖြစ်၏။ မောင်းနှင်လာသူမှာလည်း လက်ဝါးစောင်းကျော်ထွန်းပင် ဖြစ်၏။ လက်ဝါးစောင်းကျော်ထွန်းသည် အသက်လေးဆယ်ကျော် ရှိပြီ ဖြစ်သော်လည်း သူ့လက်များသည် သန်မာလှ၏။ သံမဏိဖြင့် သွန်းလောင်းထားသကဲ့သို့ ရှိ၏။ သူသည် ဂျပန်ခေတ်က စကားပြန်လုပ်ခဲ့၏။ ဂျပန်တစ်ယောက်ထံမှ လက်ဝါးနှင့် လက်ဖျားကို အသုံးပြု၍ ရန်သူကို တိုက်ခိုက်ရသော ကာရာတေးပညာကို တတ်ကျွမ်းခဲ့သည်ဟု ဆို၏။ မည်သို့ပင်ဖြစ်စေ သူ၏ လက်ဝါးစောင်းများ အစွမ်းထက်လှသည်ကား မြေအောက်လောက တစ်ခုလုံးက သိရှိ၏။ သူသည် ဂျပန်ပြည်မှ ကမ္ဘာကျော် ကာရာတေးပညာရှင်များကဲ့သို့ အုတ်ခဲတစ်လုံးကို လက်ဝါးစောင်းဖြင့် ရိုက်မချိုးနိုင်သော်လည်း စဉ့်အိုးတစ်လုံးလောက်ကိုကား ရိုက်ခွဲပစ်နိုင်လေသည်။ ခင်မောင်ရင်ပင် မနေ့ညက သူ့လက်ဝါးစောင်းအဆာကို အမေ့အမြော ခံလိုက်ရသည်။ ယခုအခါတွင် ခင်မောင်ရင်သည် ကျော်ထွန်း၏ ဘေးတွင် ခွေခွေကလေး ဖြစ်နေသည်။ သူသည် ယမန်နေ့ညက အိပ်မက်ဆိုးများကို လုံးဝမေ့လျော့လျက် ကလေးငယ်တစ်ယောက်လို နှစ်ခြိုက်စွာ အိပ်မောကျလျက် ရှိ၏။ လမ်းတစ်လျှောက်လုံးတွင် ကျော်ထွန်းက လက်တစ်ဖက်ဖြင့် သူ့အား မကြာခဏ ဆွဲထူ၍ မှီထိုင်စေရသည်။

ကားနှစ်စီး ရပ်သွားသည်နှင့် တစ်ပြိုင်နက် နောက်ကားတွင်းမှ လက်မရွှေမင်းခေါင်နှင့် မားထွန်းစိန်တို့ လျင်မြန်စွာ ဆင်းလာကြသည်။ နောက်မှ ရပ်ထားသော ကားသည် နံပါတ်ပြား မထင်မရှားနှင့် စကိုဒါကား အပြာကလေးဖြစ်၏။ လက်မရွှေမင်းခေါင်သည် သာယာဝတီနယ်သားဖြစ်၏။ သူသည် ဓားပြမှု၊ လူသတ်မှုတို့ဖြင့် ထောင်အကြိမ်ကြိမ် ကျခဲ့ဖူး၏။ သို့ရာတွင် အာဏာရပါတီ ခေါင်းဆောင်များက သူ့အား ထောင်မှထုတ်၍ သူတို့၏ ခါးပိုက်ဆောင်တပ်တွင် ဗိုလ်လုပ်စေခဲ့၏။ မားထွန်းစိန်ကား ရန်ကုန်လူမိုက် ဖြစ်၏။ သို့မဟုတ် လမ်းသရဲ ဗိုလ်ချုပ်ဖြစ်၏။ လမ်းသရဲများ၏ ခလုတ်နှိပ်လိုက်လျှင် ချောက်ခနဲ ပွင့်သွားသော နိုင်ငံခြားဓားများကို





…ဓားစုံကလေးက အနိုင်ယူခဲ့ပေါင်း များလှပြီဖြစ်၏။ ယခုမူ သူ၏ဓားကို …ပြိုင်နိုင်သောဓား ရန်ကုန်မြို့တွင် မရှိတော့သလောက်ပင် ဖြစ်၏။

သူတို့နှစ်ယောက် ဖီးယက်ကားအနီးသို့ ရောက်သွားသောအခါတွင် …ကျော်ထွန်းသည်လည်း ကားပေါ်မှ ဆင်းနှင့်ပြီး ဖြစ်၏။ သူတို့ သုံးယောက်သည် …နောက်ဝဲယာကို သုတ်သီးသုတ်ပျာ ကြည့်လိုက်ပြီးနောက် ကားအသွားအလာ …သော်လည်းကောင်း၊ လူသူလေးပါး အရိပ်အခြည်ကိုသော်လည်းကောင်း၊ မတွေ့မြင်ရသောအခါတွင် အိပ်မောကျနေသော ခင်မောင်ရင်ကို ကားမောင်းသူ၏ …ခုံပေါ်သို့ ကြမ်းတမ်းသွက်လက်စွာ ဆွဲယူရွှေ့ပြောင်းလိုက်ကြ၏။ ခင်မောင်ရင်၏ …လက်နှစ်ဖက်ကို ကားလက်ကိုင်အား မိမိရရ ဆုပ်ထားလိုက်စေ၏။ ခင်မောင်ရင်က …ခေါင်းတစ်ချက် ထောင်လိုက်သေးသော်လည်း သူ့မျက်လုံးများသည် ပွင့်မလာဘဲ သူ့နဖူးသည် ချက်ချင်းပင် ကားလက်ကိုင်ပေါ်သို့ ကျရောက်သွား၏။

လက်ဝါးစောင်းကျော်ထွန်းသည် ခင်မောင်ရင်၏ ခြေထောက်များ အောက်တွင် အတန်ငယ်ကြာအောင် တစ်စုံတရာ ပြုလုပ်နေပြီးနောက် ကားစက်ကို နှိုးလိုက်သည်။ ဂီယာသွင်းလိုက်သည်။ ပြီးတော့ ကားတံခါးကို ဆောင့်ပိတ်လိုက်သည်။ ကားသည် တရွေ့ရွေ့ လိမ့်ဆင်းသွားလေတော့၏။ သူတို့သုံးယောက်သည် လမ်းအဆင်းအတိုင်း တောင်ကျရေပမာ ထိုးဆင်းကျနေသော ကား၏ …ကြမ္မာကို အကြာကြီး စောင့်ကြည့်မနေဘဲ စကိုဒါပေါ်သို့တက်ကာ နောက်ဘက်သို့ လျင်မြန်စွာ ကွေ့၍သွားကြလေတော့သည်။

ရန်ကုန်ဘက်မှလာသော အမှတ်–၅ အနီ ဘတ်စ်ကားတစ်စီးသည် …တားကလေးလမ်းဆုံတွင် မြောက်ဥက္ကလာထဲသို့ ချိုးကွေ့ရန်ရှိသော်လည်း …ရမ်းကုန်းဘက်မှနေ၍ အရှိန်ပြင်းစွာဖြင့်လာနေသော ဖီးယက်ကားကလေးကို သမ်းပေးသည့်အနေဖြင့် လက်ဝဲဘက်ဘေးတွင် ကပ်၍စောင့်နေမိ၏။ သို့ရာတွင် အမြင့်ပိုင်းမှနေ၍ အပြေးအလွှားဆင်းလာသော ကားသည် သူ့လမ်းသူ ဖြောင့်ဖြောင့် မသွားဘဲ ရပ်ထားသော ကားအနီဆီသို့ တန်းတန်းကြီး ထိုးဆင်းလာနေ၏။ ဘတ်စ်ကားဒရိုင်ဘာလည်း ဘာမျှမလုပ်တတ်တော့။ ကားပေါ်မှ ကုန်စိမ်းသည် မိန်းမတစ်သိုက်သည် ရှူးရှူးဝါးဝါးသံပြိုင် အော်လိုက်ကြသည်။ သို့ရာတွင် ကားကလေးသည် သူတို့ကားနှင့် မတိုက်မိဘဲ ဘေးချင်းပွတ်ကာ အောက်ဘက်သို့ ပို၍ လျင်မြန်သော မိုင်နှုန်းနှင့် ဆင်းသွားလေတော့၏။ ထိုအခါမှ ဘတ်စ်ကား …မောင်းသူနှင့် စပယ်ယာက ပြိုင်တူ ဆဲရေးလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ရင်သည် ယခုအထိ အိပ်ပျော်နေခြင်းမှ မနိုးသေးဘဲ ကား လက်ကိုင်ပေါ်တွင် ခေါင်းတင်ကာ အရှိန်ပြင်းစွာ ပြေးဆင်းနေသော ကားပေါ်တွင် ပါသွားနေ၏။ ကားသည် မြောက်ဘက်သို့ ထိုးသွားသောအခါတွင် သူ၏ ခေါင်းနှင့် ကိုယ်သည် တောင်ဘက်သို့ ယိုင်သွား၏။ သို့ဖြင့် သူက ကားလက်ကိုင်ကို လှည့် ပေးသလိုရှိပြီး ကားသည် တောင်ဘက်သို့ စိုက်ဆင်းသွားပြန်၏။ သူ မြောက်ဘက် သို့ ယိမ်းသွားပြန်သည်။ သို့ဖြင့် ကားသည် ကမ္ဘာ့အေးဘုရားလမ်းပေါ်တွင် မြွေလိမ် မြွေကောက် ပြေးသွားလျက် ရှိတော့၏။

ဘုရားလမ်း လက်ဖက်ရည်ဆိုင်မှ လူများသည် သူတစ်စီးတည်းနှင့် တစ်လမ်းလုံးပြည့်အောင် မောင်းသွားသောကားကို ရင်တမမနှင့် ထွက်ကြည့် နေကြပြီးနောက် အမျိုးမျိုး ဝေဖန်ပြောဆိုလျက် ကျန်ရစ်ခဲ့ကြ၏။

နံနက်စောစော အိပ်ရာမှထ၍ တစ်ဝမ်းတစ်ခါးအတွက် ပဲပြုတ်ရောင်း ထွက်လာသော မိန်းမရွယ်တစ်ဦးသည် ဝိုင်ယာလက်မှတ်တိုင် အနီးသို့ ရောက်ရှိစဉ် တွင် သူ့ဗထံသို့ မမျှော်လင့်ဘဲနှင့် အတင်းထိုးဝင်လာသော ခင်မောင်ရင်၏ကားကို မနည်းကြီး လွတ်အောင် ရှောင်လိုက်ရ၏။

ဤနည်းဖြင့် ခင်မောင်ရင်သည် မည်သည့်အရာနှင့်မျှ မတိုက်မိသေးဘဲ ဗွတ်သီကပ်သီကလေး လွတ်လာပြီး ချော်တွင်းကုန်းသို့ပင် လွန်လာခဲ့၏။ သူသည် ရေတိုင်ကီနားတွင် စစ်ကားတစ်စီးနှင့် လည်းကောင်း၊ ကံဘဲ့ လမ်းဆုံတွင် အမှတ် ၆ ကားတစ်စီးနှင့် လည်းကောင်း၊ ကုက္ကိုင်းလမ်းဆုံတွင် အမှတ် ၇ ကားတစ်စီးနှင့် လည်းကောင်း တိုက်မလိုဖြစ်ခဲ့သော်လည်း တစ်ဖက်ကားမောင်းသူများ၏ ကျင် လည်မှုကြောင့် သူသည် သေဘေးမှ လွတ်ခဲ့ပြီး အန္တရာယ်ခရီးကြမ်းကို ဆက်လက် သွားဆဲပင် ရှိနေတော့၏။

ခင်မောင်ရင်သည် ဆူဆူညံညံအသံများကို မကြာခဏကြားရပြီး သူ့အား တစ်ယောက်ယောက်က ကြမ်းတမ်းစွာ ကိုင်လှုပ်နှိုးနေသည်ဟု ထင်၍ အချိန်စီး လှသော သူ့ခေါင်းကြီးကို ထောင်၍ ကြည့်လိုက်သောအခါတွင်ကား သူ့ရှေ့မှ ဝိုးတိုး ဝါးတားအရာများ ပြေးလွှားလျက်ရှိသည်ကို တွေ့ရ၏။ ခဏချင်းမှာပင် သူသည် ကားတစ်စီးကို အရှိန်ပြင်းစွာနှင့် သူတစ်ဦးတည်း မောင်းနှင်လျက် ရှိကြောင်းကို ရိပ်စားမိလေတော့၏။ ထိုအခါတွင်ကား သူ၏ကားသည် စမ်းရေတွင်းချောက်ကြီး ကို ကာထားသော သစ်သားတန်းများဆီသို့ အလျင်အမြန်နီးကပ်သွားနေသည်ကို တွေ့ရ၏။ သူက လက်ကိုင်ကို လက်ယာဘက်သို့ အတင်းလှည့်ချလိုက်ရာ ကား





သည် ပေနှစ်ဆယ်ကျော်ရှိသည့် ချောက်ထဲကျမည့်ဘေးမှ သီသီတလေး လွတ် သွား၏။ သို့ရာတွင် သူ၏ကားသည် ဘိုးဘွားရိပ်သာဝင်းဝရှိ အုတ်တိုင်များဆီသို့ ဦးတည်သွားနေပြန်၍ ကားလက်ကိုင်ကို လက်ဝဲဘက်သို့ လှည့်ချလိုက်ရပြန်သည်။ သည်တော့ တစ်ဖန် သူ့ရှေ့တွင် ဘုံဆိုင်တစ်ခုနှင့် အိမ်များ ပေါ်လာပြန်၍ ညာဘက် သို့ ကွေ့လိုက်ရပြန်သည်။ သူ၏ မျက်ခွံများသည် လေးလံလျက်ရှိပြီး ခေါင်းမှာ နောက်နေသေးသော်လည်း သို့ကားသည် ဘောင်ဒရီကွေ့ရှိ ဝင်းနံရံ တစ်ခုကို ဝင်တော့မလို ရှိနေပြန်၍ ကားကို လက်ဝဲဘက်သို့ ဆွဲချလိုက်ရပြန်သည်။ ထိုအခါ သူ၏ကားသည် ရွှေဂုံတိုင်အဝိုင်းကြီးဆီသို့ ပို၍လျင်မြန်စွာ ဆင်းသွားပြန် တော့၏။

ခင်မောင်ရင်သည် ယခုအခါ သူ၏အန္တရာယ်ကို သိမြင်စပြုလာပြီ ဖြစ်၏။ မနေ့ညက အဖြစ်အပျက်များကို ဝိုးတဝါး မှတ်မိလာ၏။ ဦးခမ်းလုံတို့သည် သူ့ထံမှ ဘိန်းနှင့် ရွှေချောင်းဖိုးများကို တောင်းမရသောအခါတွင် အရက်မူးအောင် တိုက်ပြီး သူ့ကို ကားပေါ်တင်လွှတ်လိုက်ကြခြင်း ဖြစ်၏။ သူသည် အရက် အလွန် အကျွံသောက်ပြီး ကားမောင်းရာမှ တစ်ခုခုနှင့်တိုက်မိပြီး သေသွားအောင် ပက်စက် စွာ အကွက်ဆင်လွှတ်လိုက်ကြခြင်း ဖြစ်၏။

ယင်းအခိုက်မှာပင် သူ၏ကားသည် ရွှေဂုံတိုင် အဝိုင်းကြီးကို မိုင်လေး ဆယ်ကျော်နှုန်းဖြင့် မှောက်မတတ် ပတ်ကွေ့လိုက်ရရာတွင် အမှတ် ၁၆ ဘတ်စ်ကား နှင့် မတိုက်မိအောင် အတော်ကြီးရှောင်လိုက်ရ၏။ သူ့ကားသည် လမ်းဘေး ပလက် ဖောင်းပေါ်သို့ မြောက်တက်သွားပြီး လမ်းသွားလမ်းလာအချို့အား အကြောက် အလန့် ပြေးလွှားစေပြီးနောက် လမ်းမပေါ်သို့ ပြန်ရောက်သွား၏။

ယင်းအဖြစ်ကို တွေ့မြင်သော ယာဉ်ထိန်းရဲအဖွဲ့ဝင်တစ်ဦးက ခရာမှုတ် လိုက်၏။ သို့ရာတွင် အမောင်းကြမ်းသောကားမှာ မရပ်သဖြင့် ရဲသားသည် မော်တော်ဆိုင်ကယ်ကို စက်နှိုး၍ သူ့နောက်သို့ လိုက်လေတော့၏။ မျက်နှာချင်းဆိုင် မှလာသော ရဲမော်တော်ဆိုင်ကယ်တစ်စီးကလည်း ချက်ချင်းပင် လှည့်၍ သူ့နောက် သို့ လိုက်လေ၏။

ခင်မောင်ရင်ကမူ ရဲနှစ်ယောက်က ရပ်တန့်ရန် အချက်ပြသည်ကို တွေ့မြင် သော်လည်း ဤမျှ အရှိန်ပြင်းနေစဉ်တွင် ဘရိတ်ဆောင့်၍ အုပ်လိုက်လျှင် ကျွမ်းသုံး လေးပတ် ပြန်သွားမည်ဖြစ်၍ မရပ်မတန့်နိုင်သေးဘဲ လက်ကိုင်ကိုသာ နိုင်အောင် ထိန်းနေ၏။ ယခုအခါ သူ၏ကားသည် ဗိုဝိတဒါနဆေးရုံ၏ ဆင်တတ်ရပ်ကျော်ကျော်

www.burmeseclassic.com



မြင့်သော အုတ်တံတိုင်းနီကြီးကို ဦးတိုက်နေပြန်သဖြင့် နစ်ဆင့်ချိုး သုံးကျော့ကွေ့ကြီးကို မြင်ရသူများ ရင်တထိတ်ထိတ်နေအောင် ချိုးကွေ့ဆင်းသွားလေသည်။ ထိုမှ လွန်မြောက်သောအခါတွင် ကားအဆင်းလမ်းမဟုတ်တော့ဘဲ တစ်ပြေးတည်းရှိနေသဖြင့် အရှိန်လျှော့ပါးသွားဖွယ်ရာ ရှိသော်လည်း သူ့ကားသည် တရိပ်ရိပ်ပြေးနေ၏။ နတ်မောက်လမ်းနှင့် အဆုံတွင် ကားဘီးနှင့် ကတ္တရာလမ်း ပွတ်တိုက်သံ ကျွယ်လောင်စွာ ပေါ်ထွက်လျက် ရန်ကုန်ဘက်သို့ ဆက်သွားနေပြန်တော့၏။

ရဲမော်တော်ဆိုင်ကယ်နှစ်စီးသည် သူ့အား အမီလိုက်၍ ရပ်တန့်ရန် အချက်ပြလျက်ရှိ၏။ သို့ရာတွင် သူတို့သည် သူ့ကား၏ရှေ့မှ ပိတ်၍ မရပ်တန့်ရဲကြချေ။ တစ်ခါတစ်ခါတွင် သူတို့ဘက်သို့ပင် ယိမ်းထိုး၍ လာတတ်သဖြင့် မနည်းကြီး လွတ်အောင်ရှောင်နေရသည်။

ခင်မောင်ရင်သည် လီဗာကို လုံး၀ လွှတ်ထားသော်လည်း ကားမှာ လုံး၀ အရှိန်မလျှော့ဘဲ ရှိနေသဖြင့် ငုံ့ကြည့်လိုက်သောအခါ လီဗာပေါ်တွင် ဘီယာပုလင်းများ အပြည့် ထပ်ဆင့်ပိလျက်ရှိ၏။ ထိုအခါကျမှ ဦးခမ်းလုံတို့၏ အကွက်ပိုင်သော ထောင်ချောက်မှုကို သူက ပို၍သိရှိလာရတော့သည်။ သူက မိုင်ငါးဆယ်ကျော်နှုန်းဖြင့် ပြေးလွှားနေသော ကားလက်ကိုင်ကို ထိန်းနေရာမှ လီဗာပေါ်မှ ဘီယာပုလင်းများကို ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်၏။ သို့ရာတွင် အချည်းနှီးတည်း။ ဘီယာပုလင်းများသည် ကားရှေ့ခန်းအောက်ခြေ အပြည့်လောက်ရှိနေ၍ ကန်ထုတ်၍ မရနိုင်ဘဲရှိနေ၏။ ဤအတိုင်းဆိုလျှင် ကားသည် ခတ်ဆီမကုန်မချင်း၊ တစ်ခုခုနှင့် မတိုက်မိမချင်း ရပ်တော့မည် မဟုတ်ချေ။

ထိုအချိန်တွင် သူ၏ကားသည် တိရစ္ဆာန်ရုံနှင့် မျက်နှာချင်းဆိုင်ရှိ ကုက္ကိုပင်ကြီးတစ်ပင်နှင့် ဝင်ဆောင့်တော့မည်ရှိ၍ ဖြစ်ချင်ရာဖြစ်တော့ဟု ဘရိတ်ဆောင့်နင်းလိုက်သော အခါတွင်ကား၊ ဘရိတ်သည်လည်း အသုံးမဝင်ကြောင်းကို တွေ့ရှိရပြန်တော့၏။ ဘရိတ်သည် သူတအားဆောင့်နင်းသော်လည်း အောက်သို့ နိမ့်ဆင်းမသွားဘဲ တင်းခံနေ၏။ သို့ရာတွင် ခင်မောင်ရင်အဖို့ သေချိန်မရောက်သေးတော့ သူ၏ကားဘီးတစ်ဖက်သည် ကျောက်တုံးတစ်တုံးကို တက်နင်းမိပြီး တိမ်းစောင်းသွားကာ ပုဆိုးတစ်ပတ်ခန့်ရှိသော ကုက္ကိုပင်လုံးကြီးနှင့် လွဲသွားလေတော့၏။ အဘယ်ကြောင့် သူက ဘရိတ်ဖမ်း၍ မရသနည်းဟု စူးစမ်းလိုက်သောအခါ ဘရိတ်ပြားအောက်တွင် ဘီယာပုလင်းတစ်ခု၏ လည်ပင်းတစ်ခုက ခုခံ၍နေသောကြောင့် ဖြစ်၏။ ခင်မောင်ရင်က ယင်း ဘီယာပုလင်းကို ခြေထောက်ဖြင့် ကန်ထုတ်





ကြည့်သေးသော်လည်း လွင့်ထွက်မသွားဘဲ ကျပ်လျက်ရှိ၏။ သို့ဖြင့် သူက ပုလင်းလည်ပင်းကွဲကြေသွားအောင် အတင်းဆောင့်နင်းနေမိ၏။ မလွယ်ကူချေ။

သို့ဖြင့် ခင်မောင်ရင်သည် ကျောက်တိုင်မီးပွိုင့်သို့ ရောက်ရှိလာပြန်တော့၏။ သူသည် မီးနီပြထားသည်ကို မည်သို့မျှ လိုက်နာရပ်တန့်နေနိုင်ခြင်းမရှိဘဲ အတင်းဖြတ်မောင်းလေတော့၏။ သူ့နောက်မှ ရဲဆိုင်ကယ်နှစ်စီးမှာလည်း ထက်ကြပ် လိုက်ပါသွားလေတော့၏။ ခင်မောင်ရင်သည် သင်္ဃန်းမပတ်ဆေးရုံဆီသို့ ဘိုက်၍တက်သွား၏။ အတက်ကလေးဖြစ်၍ အရှိန်တန့်သွားမည်ဟု ထင်ရသော်လည်း မဆိုစလောက်ချေ။ မကြာခင်မှာပင် သူသည် ယောက်လမ်းထိပ်သို့ ဆုံးစိုက်ဆင်းသွားပြန်တော့၏။ ဤအတိုင်းသာဆိုလျှင် သူသည် မကြာမီပင် ဆူးလေကုန်းတံတားကြီးကို ကျော်လွန်မိပြီး ရန်ကုန်မြို့၏ အလယ်ကောင်တည့်တည့် လူသူနှင့်ကား အသွားအလာ အရှုပ်ဆုံးနေရာသို့ ရောက်ရှိပြီး တစ်ခုနှင့်မဟုတ် တစ်ခုနှင့်တိုက်မိကာ ကိစ္စချောတော့မည်မှာ သေချာနေတော့၏။

ယင်းကဲ့သို့ ရှေ့တွင် အန္တရာယ်ဆိုးကြီးရှိနေသည်ကို သိမြင်နားလည်နေရသော်လည်း သူ့ခေါင်းသည် ကြည်လင်ခြင်းမရှိဘဲ မူးဝေနောက်ကျိလျက်ရှိပြီး တစ်ခါတစ်ခါတွင် သတိပင် လွတ်သွားသေးသည်။ သူ့မျက်ခုံးများသည် မှိုင်၍ တစ်ခါတစ်ခါတွင် သူ့ရှေ့မှ အရာဝတ္ထုများသည် ရုတ်ခြည်းပျောက်ကွယ်သွားတတ်၏။ ထို့နောက် တစ်မုဟုတ်ချင်းဆိုသလို နီးနီးကပ်ကပ်ကလေးတွင် ပြန်လည်၍ ပေါ်ပေါက်လာတတ်ကြ၏။

ခင်မောင်ရင်သည် သူမျှော်လင့်ထားသော နောက်ဆုံးအန္တရာယ်ကို ကြာရှည်စွာ မစောင့်ဆိုင်းရပါပေ။ ဆူးလေ မီးရထားကုန်းတံတားကြီးကို ကျော်လွန်၍ တစ်ဖက်သို့ ဆင်းမိသောအခါတွင် ဘေးအန္တရာယ်တို့သည် သူ့အား အစုအဝေးနှင့် ကြိုဆိုလျက်ရှိကြ၏။ ဗိုလ်ချုပ်လမ်းထောင့်မှ မီးပွိုင့်သည် နီနေသည်။ သို့ရာတွင် သူသည် ထုံးစံအတိုင်း အတင်းတိုးဖြတ်လေ၏။ အရှေ့မှအနောက်၊ အနောက်မှ အရှေ့သို့ မျဉ်းပြိုင်မောင်းနှင်နေကြသော အမှတ် ၂၊ ၄ နှင့် ကိုယ်ပိုင်ကားများအကြား လွန်းတင်ကွေ့ကောက် ရှောင်ရှားရင်းနှင့် သူ၏ ကားသည် လက်ဝဲဘက် လူသွားစင်္ကြံပေါ်သို့ တက်သွားလေတော့၏။ ထို့နောက် နေပြည်တော်ရုံရှေ့သို့ ရောက်သောအခါတွင် အတွင်းကားလမ်းပေါ်သို့ ပြန်ရောက်သွားသဖြင့် တော်သေး၏ဟု အောက်မေ့ရမည်ရှိစဉ် သုံးဘီးကားတစ်စီးကို ရှောင်လိုက်ရသဖြင့် သူ့ကားသည် မြို့လယ်ကျောက်တံတားရဲဌာန၏ မျက်နှာစာ ပလက်ဖောင်းပေါ်သို့ ထိုးတက်သွားပြန်



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ရဲဋ္ဌာနနံရံကြီးကို ခေါင်းနှင့် ပစ်မဆောင့်မိရန် လက်ကိုင်ကို တစ်ဖက်က ထိန်းရင်း အခြားတစ်ဖက်ကလည်း ဘရိတ်ကို ခြေစုံပစ်၍ သုံးလေးချက် ဆောင့်နင်းလိုက်ရာ နှံခံထားသော ပုလင်းသည် ကွဲကြေသွားပြီး ကားသည် ရဲဋ္ဌာနပေါက်ဝတွင် ဆောင်းချင်းယှဉ်၍ ဆောင့်ကြီးအောင့်ကြီး ရပ်သွားလေတော့၏။

ယင်းသို့ဖြင့် ခင်မောင်ရင်သည် အချုပ်ခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်သွားလေတော့သတည်း။

# ၂

သူ အိပ်ရာမှ နိုးလာသည့် အချိန်တွင် သံချောင်းခေါက်သံ ဆယ့်ချက်ကြားရသည်။ သို့မတော့ သူက နေ့ဆယ်နာရီလား၊ ည ဆယ်နာရီလားဟု မကွဲမပြား။ ပြီးတော့ သူ ဘယ်နေရာသို့ ရောက်နေသည်ကိုလည်း ဗြုန်းခနဲ မသိမိ။ သူ့နားထဲတွင် ကားသံတွေ ဆူညံစွာ ကြားနေရ၍ မျက်လုံးများ ဖွင့်ကြည့်လိုက်သော အခါတွင် မီးလုံးနီကြင်ကြင်ကလေးကို မြင်ရသည်။

သို့ရာတွင် အချိန်မကြာမြင့်မီမှာပင် သူ ဘယ်နေရာ ရောက်နေသည်ကို ကောင်းစွာ ချင့်တွက်နိုင်ပါသည်။ ခင်မောင်ရင်သည် ပေရေသော ကြမ်းပြင်ပေါ်တွင် အိပ်လျက်ရှိသည်။ သံတိုင်များကို မြင်တွေ့ရသည်။ သမံတလင်းပေါ်တွင် လျှောက်နေသော ဘွတ်ဖိနပ်သံများကို ကြားနေရသည်။ သူသည် အချုပ်ခန်းထဲတွင် ဆယ်နာရီမျှ အိပ်ပျော်ခဲ့ပေသည်။

သူက တဖြည်းဖြည်းချင်း ပြန်လည်သတိရရှိလာပါသည်။ ကျောက်တံတား ရဲဋ္ဌာနရှေ့တွင် သူ့ကားရပ်သွားပုံ၊ ဦးခမ်းလုံတို့က သူ့ကိုကားပေါ် တင်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်ပုံ၊ လီဗာပေါ်တွင် ဘီယာပုလင်းများ တင်ထားပြီး ဘရိတ်အောက်၌ အရက်ပုလင်းတစ်လုံး ခုထားပုံ၊ ပြီးတော့ ယမန်နေ့ညက အဖြစ်အပျက်များကို အပြန်ပြန်အလှန်လှန် စဉ်းစားရင်း ခင်မောင်ရင်သည် လဲလျောင်းနေရာမှ ထလိုက်သည်။ ပြီးတော့ ရဲသားတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။ သူ့ထံသို့ ရောက်ရှိလာသော ရဲသားသည် ကျောက်ပေါက်မ သက်သက်ရှိပြီး စကားပြောဆိုးလှ၏။

'ဘာလိုချင်လို့လဲ'

'ကျုပ်ကို ဘာလို့ ချုပ်ထားတာလဲ'

ရဲသားက ခပ်မာမာမေး၍ သူက အေးပြောလိုက်သည်။

'အရက်သောက်ပြီး ကားအရမ်း လျှောက်မောင်းလို့ဆိုတာ မင်းမသိဘူးလား'

ရဲသားက သူ့အား မင်းနဲ့ငါနဲ့ပြော၍ သူက ပို၍ ဒေါသ ထွက်သွားသည်။

'ကျုပ် အရက်မသောက်ဘူး'

'ဘာကွ။ မင်း ပါးစပ်က အခုထက်ထိ အရက်စော်နံနေပြီး မင်းဟာ အခုထက်ထိ အမူးမပြေသေးဘူး'

'တကျုပ် သောက်တာ မဟုတ်ဘူးဗျ။ ကျုပ်ကို သူတို့က အတင်းတိုက်တာ'

ခင်မောင်ရင်က တအားအော်လိုက်သည်။ ထိုအချိန်တွင် သူတို့ထံသို့ ရဲအုပ်တစ်ယောက် လျှောက်လာသည်။

'ဩော် ခင်ဗျား နိုးလာပလား'

သူဟာ ခင်မောင်ရင်ကို ချိုသာစွာမေးသည်။ ရဲအရာရှိတစ်ယောက်နှင့် တွေ့ရ၍ လည်းကောင်း၊ ဆက်ဆံမှု ကောင်းမွန်၍ လည်းကောင်း ခင်မောင်ရင်သည် ဒေါသပြေသွားသည်။ ဒေါသလျော့သွားသည်နှင့် တစ်ပြိုင်နက် ငိုက်မျဉ်းမှုက စိုးမိုးလာပြန်တော့သည်။ ဇက်တွေလေးလာပြီး၊ မျက်လုံးတွေ စင်းလာသည်။ သူက မအိပ်မိအောင် မနည်းသတိထားနေရသည်။ သို့ရာတွင် ရဲသားပြောသည်မှာ မှန်သည်။ သူ ယခုထက်ထိ အမူးမပြေသေးပေ။

"ခင်ဗျားတို့ဟာ တရားခံကိုမဖမ်းဘဲ တရားလိုကို ချုပ်ထားကြတာကိုးဗျ"

ခင်မောင်ရင်က ရဲအုပ်ကို ပြောလိုက်သည်။ ရဲအုပ်သည် သူ့ထက် ငယ်ပုံရသည်။ ကျောင်းဆင်းစဖြစ်မည်။ သို့သော် မွန်ရည်သည်။ ခင်မောင်ရင်၏ စကားကို နားလည်ပုံမပေါက်သော်လည်း အော်လား ငေါက်လား လုပ်မနေဘဲ –





'ကိုဖိုးခင် သူ့ကို ကျွန်တော့်စားပွဲခေါ်ခဲ့ဗျာ'

ရဲသားကို အမိန့်ပေးပြီးနောက် ထွက်သွားသည်။ ရဲသား ကိုဖိုးခင်က အချောင် တာဝန်ခံအား သော့ဖွင့်စေပြီး ခင်မောင်ရင်ကို အပြင်သို့ ထွက်စေသည်။ ခင်မောင်ရင်က ကောင်းစွာမလျှောက်နိုင်ဘဲ ဖိုးခင်အပေါ် မှီချလိုက်သည်။ ဖိုးခင်သည် ကျေမချမ်းဖြင့် သူ့အား မနိုင့်တနိုင် တွဲခေါ်သွားရသည်။ ခင်မောင်ရင်သည် အစောက ရဲအုပ်၏ စားပွဲသို့ ရောက်သောအခါတွင် စားပွဲပေါ်၌ တင်ပါးခောင်း ထိုင်လိုက်သည်။ ဖိုးခင်က ငေါက်ငမ်းလိုက်မည်ရှိသော်လည်း ရဲအုပ်က လက်ကာပြလိုက်သည်။

'မိတ်ဆွေကြည့်ရတာ မွန်မွန်ရည်ရည်နဲ့ လူကောင်းတစ်ယောက်ပဲ။ ဘာဖြစ်လို့ ဒါလောက် အရက်တွေသောက်ပြီး ရမ်းရတာလဲ'

'ကျွန်တော်သောက်တာ မဟုတ်ဘူး။ သူတို့က အတင်းတိုက်တာ'

ဒေါနှင့်မောနှင့် ပြောသည် မဟုတ်၍ အာလေးနေသည်။

'သူများက အတင်းတိုက်ကောဗျာ ကိုယ်သောက်ချင်မှ သောက်ရတာပါ'

'အတင်းတိုက်တယ်ဆိုတာက ခြိမ်းခြောက်ပြီး တိုက်တာဗျ။ ခင်ဗျားတို့က အဲဒီလူတွေကိုတော့ မဖမ်းဘဲနဲ့ ကျုပ်ကိုတော့ ချုပ်ထားကြတယ်'

'နေပါဦး။ ခင်ဗျားကို ဘယ်သူက ခြိမ်းခြောက်ပြီး အရက် အတင်းတိုက်သလဲ'

'ဦးခမ်းလုံ'

'ဦးခမ်းလုံဆိုတာ ဘယ်သူလဲ'

'မသိဘူး။ ကျွန်တော်နဲ့ မသိဘူး။ ကျောက်ဘီလူးနဲ့ပဲ သိတယ်'

'ကျောက်ဘီလူး ဆိုတာ ဘယ်သူလဲ'

'မသိဘူးဗျာ။ အဲဒီ ကျောက်ဘီလူးဆိုတာမသိလို့ ကျုပ်ကို အရက်တိုက်ပြီး သေကြောင်းကြံကြတာပဲ'

သူ့စကားကြောင့် ရဲအုပ်သည် အတော်ခေါင်းခြောက်သွားပုံရသည်။

'ကဲ အဲဒီ ဦးခမ်းလုံတို့၊ ကျောက်ဘီလူးတို့ကို အသာထားပြီး ခင်ဗျား ဘယ်သူလဲဆိုတာ အရင်ပြောစမ်းပါဦးဗျာ'

'ကျွန်တော် ဘယ်သူလဲဆိုတာ ပေါ့ဒီမှာ အထောက်အထားတွေရှိတယ်။ မှတ်ပုံတင်လည်း ရှိတယ်။ ကားလိုင်စင်လည်း ရှိတယ်'

သူက ယင်းသို့ပြော၍ အိတ်ထဲမှ နှိုက်ထုတ်လိုက်သော်လည်း ဘာမျှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်မလာချေ။

'မရှိတော့ဘူး။ ဘာမှ မရှိတော့ဘူး။ ဦးခမ်းလုံတို့ ယူထားလိုက်ပြီ'

'နေပါဦး။ ဦးခမ်းလုံ ဆိုတာ ဘယ်သူလဲ'

ရဲအုပ်က ထပ်မေးလိုက်သည်။ သို့ရာတွင် ခင်မောင်ရင်က မဖြေတော့ဘဲ စားပွဲပေါ်သို့ လှဲချလိုက်သည်။ ချက်ချင်းပင် သူက အိပ်ပျော်သွားပြန်တော့သည်။

'ကိုဖိုးခင် သူ့ကို ပြန်ခေါ်သွားတော့။ နိုးရင် ငါ့ကိုပြော'

ဖိုးခင်သည် အောင့်သက်သက်နှင့် ခင်မောင်ရင်ကို ထမ်း၍ခေါ်သွားရလေသည်။ ရဲအုပ်သည် ယာဉ်ထိန်း၌ာနသို့ တယ်လီဖုန်းဆက်လိုက်သည်။

နောက်တစ်ကြိမ် ခင်မောင်ရင် ပြန်နိုးလာသောအခါတွင်ကား သူသည် အတော်အမူးပြေသွားလေပြီ။ သို့ရာတွင် ခေါင်းတွေရီဝေလျက်ရှိ၏။ ရင်ထဲတွင် တလှပ်လှပ် ဖြစ်နေ၏။ သူက ပြန်အိပ်ချင်သေး၏။ သို့ရာတွင် ခပ်လှမ်းလှမ်း၌ ရဲသားဖိုးခင် ရပ်နေသည်ကို မြင်၍ –

'ဗိုမယ် ကိုဖိုးခင်'

ဆူအသံကြောင့် ရဲသားဖိုးခင်က လှည့်ကြည့်လိုက်သည်။

'ကျွန်တော့်ကို ခင်ဗျားဆရာဆီ ခေါ်သွားစမ်းပါ'

သူ နိုးလာလျှင် ခေါ်ခဲ့ရန်မှာထားခြင်းခံရသော ဖိုးခင်သည် ခင်မောင်ရင်၏ ပြောစကားကြောင့် အတော်ကလေး မခံချိမခံသာ ဖြစ်သွားသည်။ ခေါ်မသွားဘဲ နေ၍ မဖြစ်သဖြင့် မကျေမချမ်းဖြင့် ခင်မောင်ရင်ကို ခေါ်သွားရပြန်သည်။ ယခုတစ်ကြိမ်တွင်မူ ခင်မောင်ရင်သည် စားပွဲပေါ်တွင် မထိုင်တော့ဘဲ ကုလားထိုင်ပေါ်တွင် ထိုင်သည်။

'နောင်ကြီးနာမည်က ဦးခင်မောင်ရင်'

'ဟုတ်ပါတယ်'

'ဗိုသုကာပေါ့'

'ဟုတ်ကဲ့'

'စောစောက နောင်ကြီး မောင်းလာတဲ့ကားဟာ နောင်ကြီးကားပဲပေါ့'

'ဟုတ်ပါတယ်'

'နောင်ကြီးကို အာမခံမယ့်လူ ရှိသလား'

'ခင်ဗျာ၊ ကျွန်တော် တရားခံမှ မဟုတ်ပဲ'

'ကျွန်တော်တို့ဟာ အရက်မူးပြီး လျှောက်ရမ်းနေတဲ့လူတစ်ယောက်ကို





ချုပ်ထားနိုင်ပါတယ်။ ဒါပေမဲ့ နောင်ကြီးကို ဒီမှာ ချုပ်ထားတာထက် တစ်နေရာရာမှာ အေးယူလိုက်ရင် နောင်ကြီးရဲ့အခြေအနေ ပိုကောင်းသွားမှာမို့ ကျွန်တော်က အေးဆေးနဲ့ ပြောနေတာပါ။ ဒါပေမဲ့ ယာဉ်ထိန်းအဖွဲ့ကတော့ နောင်ကြီးကို ကားမောင်းမခြင်မောင်းမှုနဲ့ အရေးယူပါလိမ့်မယ်။ ဒါက ကျွန်တော်နဲ့ မဆိုင်ပါဘူး။ ကျွန်တော်သဘောကတော့ နောင်ကြီးကို တာဝန်ခံပြီး ခေါ်သွားမယ့်လူရှိရင် ထည့်လိုက်ဖို့ပဲ"

'ကျွန်တော့်ကို တာဝန်ခံခေါ်မယ့်လူကတော့ ကျွန်တော့အမေပဲ'

'ဒါဖြင့် ခင်ဗျားအမေ့ဆီကို ဘယ်လိုအကြောင်းကြားရမလဲ'

'ကိစ္စမရှိပါဘူး။ ကျွန်တော့်ဘာသာ ဖုန်းဆက်ပါ့မယ်'

ခင်မောင်ရင်က စားပွဲပေါ်မှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး ဂဏာန်းခွက်များကို လှည့်နေသည်။ သုံးလုံးလောက်လှည့်ပြီးမှ မေ့သွားသဖြင့် အစမှ အစဖန်ပြန်၍လှည့်ရသည်။

'မေမေလား၊ ကျွန်တော်ပါ။ ညက ပြန်မလာတာကတော့ ကျောက်ဘီလူး ဖြစ်နေလို့ပဲ။ အင်း ကျောက်ဘီလူးဆိုတာ ဘာမှန်း ကျွန်တော်လဲမသိဘူး။ ဦးခမ်းလုံ သိတော့သိတယ်။ အဲ ဦးခမ်းလုံဆိုတာ ဘာမှန်းလဲ ကျွန်တော်မသိဘူး။ ကျွန်တော် အခု ရဲဌာနက ပြောနေတယ်။ မေမေ အခုချက်ချင်းလာခဲ့ပါ။ ရှေ့နေမလိုပါဘူး။ ခေါ်လေးလား။ နေဦး၊ မေးကြည့်ဦးမယ်' ခင်မောင်ရင်က တယ်လီဖုန်းကို လက်နှင့် ပိတ်၍ 'မေမေ က ဒေါ်လေးကို ခေါ်ခဲ့နိုင်သလားတဲ့'ဟု ရဲအုပ်အား မေးလိုက်သည်။ ရဲအုပ်က 'ဒေါ်လေးကော၊ ဒေါ်ကြီးကော အားလုံးခေါ်လာနိုင်တယ်' ထိုအခါတွင် ခင်မောင်ရင်က သူ့မိခင်အား ဆက်၍ပြောသည်။ 'ဒေါ်လေးတင်မကဘူး၊ ဒေါ်ကြီးသည်း ခေါ်လာနိုင်တယ်တဲ့။ အင်းပါ၊ ဒေါ်ကြီး မရှိမှန်း ကျွန်တော် သိပါတယ်။ သူကပြောလို့ ပြောရတာပါ။ မေမေတို့ ချက်ချင်းလာခဲ့ပါ'

ခင်မောင်ရင်က တစ်ချက်သမ်းလိုက်ရာ ဖိုးခင်က ထမ်းခေါ်ရမည်ကို ကြောက်သဖြင့် အလျင်အမြန်ဆွဲခေါ်သွား၏။ အမှန်ပင်ဖြစ်၏။ ခင်မောင်ရင်သည် အချုပ်ခန်းထဲသို့ ရောက်သောအခါတွင် တစ်ချီအိပ်ပြန်တော့၏။ သူ့မိခင်များ ရောက်လာ၍ ဖိုးခင်က လာနှိုးမှ နိုးလေသည်။

ရဲအုပ်နှင့်တကွ သူ့မိခင်နှင့် အဒေါ်ကို တွေ့ရသည်။ သူတို့မျက်နှာများကို ကြည့်ရသည်မှာ အတော် စိုးရိမ်ပူပန်နေပုံရသည်။

'ဘယ်လို ဖြစ်တာလဲ ရာဇဝတ်အုပ်မင်းရယ်။ ကျွန်မသားလေး တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်မူးအောင် မသောက်ဖူးပါဘူး'

'အပေါင်းအသင်းတွေနဲ့ တွေ့လို့၊ ဒါမှမဟုတ် တစ်ခုခု စိတ်ညစ်လို့'

ရဲအုပ်၏စကား မဆုံးမီ –

'ခက်လိုက်တာဗျာ။ ဦးခမ်းလုံတို့က အတင်းတိုက်တာပါလို့ ကျွန်တော် ပြောထားပြီးပြီပဲ။ ခင်ဗျားတို့ ဘာပြုလို့ သူတို့ကို အခုထက်ထိ သွားမဖမ်းကြသေးတာလဲ'

'နေစမ်းပါဦး သားရဲ့။ အဲဒီဦးခမ်းလုံ ဆိုတာက ဘယ်သူလဲ'

'အဲဒါတော့ ကျွန်တော် မသိဘူး။ ကျောက်ဘီလူးမှ သိမယ်'

ဘယ့်နှယ်လဲ ဟူသော မျက်နှာထားနှင့် ရဲအုပ်က အဒေါ်ကြီး နှစ်ယောက်ကို ကြည့်လိုက်သည်။

'ကျောက်ဘီလူး ဆိုတာ ဘယ်သူလဲ'

'မသိဘူး၊ မသိဘူး'

'ကဲ ဒါဖြင့်လဲ အိမ်ပြန်ကြစို့ သား'

သူ့ သားအတွက် အထူးစိုးရိမ်သွားပြီး မိခင်ဖြစ်သူက အိမ်ပြန်ရန် ပြောလိုက်သည်။ သူမတို့တွင် ဘဲလ်အဲယားကားနှင့် ဒရိုင်ဘာပါလာသည်။ အိမ်ကျမှ ဆရာဝန်ခေါ်မည်။

'ဘယ်ပြန်လို့ ဖြစ်ဦးမလဲ။ ကျွန်တော် တိုင်ချက်ဖွင့်ရဦးမယ်'

'ဘာတိုင်ချက်လဲ သားရဲ့'

'ကျွန်တော့်ကို ဦးခမ်းလုံက ကျောက်ဘီလူးဆိုပြီး အခန်းထဲမှာ ဖမ်းချုပ်ထားတယ်။ ပြီးတော့ အရက်အတင်းတိုက်ပြီး သေကြောင်းကြံတယ်'

'ငါ့သား ပြောနေတဲ့ ဦခမ်းလုံတို့၊ ကျောက်ဘီလူးတို့ ဆိုတာကို မေမေတို့ လုံးလုံးမသိဘူး။ ဟောဒီက ရာဇဝတ်အုပ်မင်းတို့လည်း မသိဘူး။ ဒီတော့ ငါ့သား မနေ့ညက ဘယ်ကိုသွားပြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာကို ပြောပြပါလား'

ခင်မောင်ရင်သည် အချိန် ကြာမြင့်သွားပြီ ဖြစ်သောကြောင့် တစ်ကြောင်း၊ သုံးရေးလောက် အိပ်လိုက်ရပြီ ဖြစ်သောကြောင့် တစ်ကြောင်း၊ မိခင်နှင့် အဒေါ်တို့၏ ရှေ့တွင် ရောက်နေ၍ လည်းကောင်း၊ အရက်ရှိန်များ ကျသွားပြီး ဦးနှောက်သည် အတော်ကြီး ဆက်စပ်စဉ်းစားလာနိုင်တော့၏။

သူက ပြောမည့်ပြောတော့လည်း မန္တလေးမှ ပန်းချီဆရာ ပေါ်နှောင်း ရောက်သည့်အကြောင်း၊ ရေဇလာတွင် ချိန်းထားသည့်အကြောင်း၊ လှမိုးညိုနှင့်





ရှင်သွားသည့်အကြောင်း၊ ရုပ်ရှင်အပြီးတွင် ရေဇလာသို့ လိုက်သွားရာမှ ထွန်းစိန်နှင့် လက်မရှိမင်းခေါင်တို့၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံရပုံ၊ ဆူလတန် ဆက်လာ၍ တစ်ချိုတစ်မောင်းတွယ်ကြပုံ၊ လမ်းတွင် ထွက်ပြေးရန်ကြံပုံ၊ ထင်းရှူးမြိုင် အခန်းတစ်ခုထဲ၌ ပိတ်လှောင်ထားပုံ၊ ထိုအခန်းမှာ ဦးခမ်းလုံ၏ စာကြည့်ခန်း၊ သီးသန့်ခန်းနှင့် အရက်ခန်းဖြစ်ပုံ၊ လက်ဝါးစောင်း ကျော်ထွန်း၏ ခိုက်ခံရပုံ၊ ပါးစပ်ထဲမှ စီးကရက်လွင့်သွားပြီး ကော်ဇောတို မီးလောင်သွားပုံ၊ ထွန်းစိန်၏ လက်ချက်ကြောင့် ကော်ဇောကြီး တစ်ထွာခန့် ပြဲသွားပုံ၊ ဦးခမ်းလုံက ရှေ့ဆီမှ ဘိန်းနှင့် ရွှေချောင်း ရောင်းရငွေများ တောင်းပုံ၊ နောက်ဆုံးတွင် သူ့ကို အတင်းချုပ်၍ အရက်တိုက်ကြပုံ၊ သူသတိလစ်သွားပုံ၊ သတိရလာတော့ ကားပေါ် ဆက်နေပုံ၊ ကားလီဗာပေါ်တွင် အရက်ပုလင်းများ ဖိထားပုံ၊ ဘရိတ်တွင် ပုလင်းလုံး ထားပုံတို့ကို အသေးစိတ် စီကာစဉ်ကာဖြင့် တစ်နာရီခွဲ၊ နှစ်နာရီနီးပါးမျှကြာအောင် ပြောပြနေတော့၏။ သူ့စကား ဆုံးသွားသော အခါတွင် –

'ကိုခင်မောင်ရင် ပြောတာတွေဟာ အားလုံး အမှန်တွေချည်းပဲနော်'

သူပြောပြသည်များကို မယုံကြည်ဟန်ဖြင့် ရဲအုပ်က မေးလိုက်သည်။

'ဘာလဲ၊ ခင်ဗျားက ကျွန်တော် ဖတ်ဖူးတဲ့ စုံထောက်ဝတ္ထုတစ်ပုဒ်ကို ပြန်ပြောပြတယ် အောက်မေ့လို့လား'

ခင်မောင်ရင်က အနည်းငယ် စိတ်တိုသွား၏။

'မဟုတ်ပါဘူး။ နောင်ကြီးက စောစောပိုင်းက တော်တော်ကလေး မူးခဲ့ပြီး အခုထက်ထိ ကောင်းကောင်း အမူးမပြေတတ်သေးလို့'

'ကျွန်တော်ပြောတာတွေ မယုံရင် ခင်ဗျားတို့ စုံစမ်းကြည့်နိုင်သားပဲ။ ကိုပေါ်နှောင်းနဲ့ လှမိုးညိုတို့ကို မေးကြည့်မလား။ ကျွန်တော် အခု တယ်လီဖုန်း ဆက်လိုက်မယ်'

'ကိုပေါ်နှောင်းတို့၊ လှမိုးညိုတို့က အရေးမကြီးပါဘူး။ ဦးခမ်းလုံတို့ ကျောက်ဘီလူးတို့သာ အရေးကြီးတာပါ။ အဲဒါတွေက ရာဇဝတ်မှုတွေ။ ကျွန်တော်တို့ အလုပ်ပဲ။ ထွန်းစိန်တို့၊ ကျော်ထွန်းတို့ကတော့ ခင်ဗျားပြောပုံအရဆိုရင် ရာဇဝတ်သူဆိုးတွေပဲ။ မင်းခေါင်ကိုတော့ ကျွန်တော်မသိဘူး။ ဒါပေမဲ့ ဦးခမ်းလုံဆိုတဲ့ နာမည်ကိုတော့ ကျွန်တော် ကြားဖူးသလိုလိုပဲ။ မြေအောက် လောကထဲကတော့ မဟုတ်ဘူး။ အပြင်မှာ တခြားမှာ ကြားဖူးတာပဲ။ ကျောက်ဘီလူး ဆိုတာကတော့ ခင်ဗျား ပြောမှပဲ ကြားဖူးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ခင်ဗျားတို့ အခု ထင်းရှူးမြိုင်ကို လိုက်ကြည့်ပါလား'

'နေရာကို ခင်ဗျား သေသေချာချာ မှတ်မိရဲ့လား'

'မှတ်မိပါတယ်'

'လူတွေကိုကော'

'ခွေးချီသွားတောင် မှတ်မိတယ်'

'သေချာအောင် မေးထားရတယ်။ တော်ကြာနေမှ ကျွန်တော်တို့ အရူး ဖြစ်နေပါဦးမယ်'

'စိတ်ချ။ သက်သေအထောက်အထားလည်း ကောင်းကောင်းပြနိုင်တယ်။ ဦးခမ်းလုံရဲ့ သီးသန့်ခန်းထဲမှာ အရက်စင်ဘယ်နားမှာရှိတယ်၊ စာအုပ်ဗီရို ဘယ်နားမှာ ရှိတယ်ဆိုတာကို ကျွန်တော်အလွတ်ပြောနိုင်တယ်။ ပြီးတော့ ကော်ဇော မီးလောင်ပေါက်နေတာ၊ ဓားနဲ့ထိုးမိပြီး ပြဲနေတာ၊ အရက်တွေ ဖိတ်ကျပြီး စွန်းနေတာတွေကို ကျွန်တော် ပြနိုင်တယ်'

'ကောင်းပြီ။ ဒါဖြင့် ကျွန်တော်တို့ သွားကြမယ်'

ရဲအုပ်က ပြောလိုက်သည်။ ထို့နောက် သူက ရဲမှူးထံ သွားရောက်အစီရင်ခံပြီးနောက် အစီအစဉ်များ ပြုလုပ်နေ၏။ ဂျစ်ကားတစ်စီးကို သူကိုယ်တိုင်မောင်း၍ ရဲသားလေးယောက်ကို ခေါ်ဆောင်ခဲ့၏။ ခင်မောင်ရင်တို့ မိသားစုက ဘဲလ်အဲယားတာခြင့် ဖြစ်၏။ ခင်မောင်ရင်၏ ဖိုးယက်ကားကိုမူ ရဲဌာန၏ ရှေ့မှာပင် ရပ်ထားခဲ့ကြလေသည်။

၃

ခင်း နှစ်နာရီလောက်တွင် ထင်းရှူးမြိုင်သို့ သူတို့ရောက်ရှိသွားကြသည်။ ယခုထိတော့ ခင်မောင်ရင်၏ လမ်းပြမှုနှင့် ခြံအနေအထားသည် မှန်ကန်လျက်ရှိ၏။ ထင်းရှူးပင်များ၏ ညီညာလှပမှုကို နေရောင်ခြည်တွင် ပို၍ ထင်ထင်ရှားရှား တွေ့မြင်ရသည်။ သူတို့ ကားနှစ်စီးသည် ဆင်ဝင်အောက်တွင် ရှေ့ဆင့်နောက်ဆင့် ရပ်လိုက်သည်။ ရဲအုပ်က ရဲသားလေးယောက်အနက် နှစ်ယောက်ကို အိမ်ရှေ့တွင် တစ်ယောက်၊ နောက်ဖေးတွင် တစ်ယောက် ကင်းချထားလိုက်သည်။ ကျန် နှစ်ယောက်ကို သူတို့နှင့်အတူ အိမ်ထဲသို့ ခေါ်ဆောင်သွားရန် ဖြစ်သည်။

ခင်မောင်ရင်သည် ယမန်နေ့ညက သူ့ကား ရပ်ထားသည့်နေရာကို ပြပြီးနောက် လူခေါ်လျှပ်စစ်ခလုတ်ဖြူဖြူကလေးကို လက်မရှိ့မင်းခေါင်နှိပ်သည့်အတိုင်း ဗြတ်တောင်း ပြတ်တောင်း သုံးကြိမ်နှိပ်လိုက်သည်။ တော်တော်နှင့် အဖြေထွက်မလာ။ အိမ်ထဲတွင် လူတစ်ယောက်မျှ မရှိသလို တိတ်ဆိတ်နေသည်။

'သူတို့ ထွက်ပြေးကြပြီ ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ရင်က စိတ်အားထက်သန်စွာနှင့် ပြောလိုက်ပြီးနောက် ခလုတ်ဖြူဖြူကို ထပ်မံ၍ သုံးကြိမ်နှိပ်လိုက်သည်။ သူတို့အားလုံးသည် စိတ်ဝင်စားစွာ စောင့်ဆိုင်းလျက် ရှိလေသည်။ ယခုအတိုင်းဆိုလျှင် ခင်မောင်ရင်၏ ပြောဆိုချက်သည် မှန်ကန်နေပြီဟု အားလုံး၏ မျက်နှာက ထောက်ခံလျက် ရှိကြ၏။ ရဲသားများသည် သေနတ်ကို ပို၍ တင်းကျပ်စွာ ကိုင်ထားလိုက်ကြ၏။ ခင်မောင်ရင်၏ မိခင် ဒေါ်ရင်ရင်နှင့် အဒေါ်ဖြစ်သူ ဒေါ်ခင်ခင်တို့သည် တစ်စုံတစ်ခုကို ထိတ်လန့်သည့်အလား သူ့လက်မောင်းများကို တစ်ဖက်တစ်ချက်စီ ဆုပ်ကိုင်ထားလိုက်ကြသည်။

ခဏအကြာတွင် အထဲမှ ခြေသံရှပ်ရှပ် ကြားရသည်။ ရဲအုပ်က သူ၏ ခြောက်လုံးပြူးကို ခါးမှထုတ်ယူလိုက်သည်။ သူသည် သတိရှိသော ဝန်ထမ်းတစ်ဦး ဖြစ်သည်။ အထဲမှ တံခါးဖွင့်သံ ကြားရပြီးနောက် ကျွန်းတံခါး ရွက်ကြီး နှစ်ခုသည် ကွဲပွင့်သွားသည်။ ယမန်နေ့ညက အစေခံမကြီးပင် ဖြစ်သည်။ သူမကို တွေ့ရ၍ ခင်မောင်ရင်က အားတက်သွားသည်။ သို့ရာတွင် သူမက သူ့အား မှတ်မိသည့် အမူအရာ လုံးဝမပြချေ။ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း အမူအရာများလည်း မရှိချေ။ ၎င်းပြင် ယမန်နေ့ညက ကဲ့သို့ မျက်နှာထားတင်းမာခြင်းမရှိဘဲ သူတို့အားမြင်တွေ့ရသော အခါတွင် ကျိုးနွံသော အမူအရာနှင့် ပျာပျာသလဲ ဆီးကြို၏။

'ဘာကိစ္စ ရှိကြလို့ပါလဲရှင်'

သူမ၏အသံက အပြစ်ကင်းစင်လှသည်။ နည်းနည်းမျှ မတုန်လှုပ်ချေ။ ခင်မောင်ရင်က သည်းမခံနိုင်တော့ဘဲ ခပ်တင်းတင်း မေးလိုက်၏။

'ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလား'

အမျိုးသမီးကြီးသည် သူ့အား သေချာစွာ ကြည့်ပြီးနောက် –

'ကျွန်မ မမှတ်မိတာကို တောင်းပန်ပါတယ်ရှင်။ အရင်က သခင်ကြီးဆီကို၊ ဒါမှမဟုတ် ထင်းရှူးမြိုင်ကို ရောက်ဖူးပါသလားရှင်'

'အရင်က မဟုတ်ဘူး။ မနေ့ညက ရောက်ဖူးတာ။ ဘယ်မလဲ သခင်ကြီးတွေ၊ သခင်ကလေးတွေ"

ခင်မောင်ရင်က ယင်းသို့ပြောဆိုပြီးနောက် မိန်းမကြီးအား တွန်းဖယ်ကာ အတွင်းသို့ ဝင်သွား၏။ အားလုံးသည် နောက်မှလိုက်ပါသွားကြ၏။ အမျိုးသမီးကြီးကမူ ဘာမျှ နားမလည်သည့် အမူအရာဖြင့် သူတို့အား ကြောင်စီစီကြည့်နေ၏။

ခင်မောင်ရင်သည် အဝင်ခန်း၏အလယ်တွင် ရပ်လိုက်၏။ အခြားသူများလည်း သူ့ပတ်ပတ်လည်တွင် ရပ်ကြ၏။ ထိုအချိန်အထိ ဦးခမ်းလုံတို့၏





အရိပ်အခြည်ကို မတွေ့ရသေးချေ။ မည်သည့်နေရာကမျှ သေနတ်သံ ထွက်ပေါ်မလာသေးချေ။

'မနေ့ညက အဲဒီမိန်းမကြီး တံခါးပြန်ပိတ်နေတုန်း ကျွန်တော့်ကို ဒီနားမှာပဲ ချုပ်ခိုင်းတယ်။ ပြီးတော့မှ ဒီမိန်းမကြီးဟာ ကျွန်တော့်ကို ဒီအခန်းထဲမှာမဲထားပြီး သူတို့အားလုံး အပေါ်ကိုလာဖို့ မှာထားကြောင်း ပြောတယ်' ခင်မောင်ရင်က သူ့ရှေ့ဘည့်တည့်မှ အခန်းကို လက်ညှိုးထိုးပြလိုက်သည်။

'အဲဒီ အခန်းထဲမှာပဲ ကျွန်တော့်ကို နာရီဝက်ကျော်ကျော် တစ်ယောက်ထည်း ပစ်ထားခဲ့ကြတယ်။ နောက်မှ မင်းခေါင်က ကားတစ်စီးနဲ့ အပြင်ထွက်သွားပြီး ဦးခမ်းလုံနဲ့ သူ့လူတွေက ကျွန်တော့်ဆီလာပြီး ကျောက်ဘီလူးအနေနဲ့ ဆက်ဆံကြတော့တာပဲ။ ကျွန်တော်က ကျောက်ဘီလူး မဟုတ်ကြောင်းငြင်းတော့ ကျော်ထွန်းရဲ့ ကာရာတေး လက်ဝါးစောင်းဒဏ် နှစ်ချက်ခံလိုက်ရတယ်။ ဒါနဲ့ မထူးဘူး၊ ကျွန်တော်က ကျောက်ဘီလူးအဖြစ်နဲ့ပဲ ရေလိုက်ငါးလိုက် ဆက်ဆံတော့ ဘိန်းနဲ့ ဒျူချောင်းတွေရောင်းရတဲ့ပိုက်ဆံ တောင်းတယ်။ ကျွန်တော်က မပေးနိုင်ဘူးဆိုပြီး သွက်ပြေးဖို့ ကြိုးစားတော့ သူတို့ဟာ ကျွန်တော့်ကို ဝိုင်းချုပ်ပြီးနောက် ကျွန်တော့် ဝါးစပ်ထဲ အရက်တွေ အတင်းလောင်းချတယ်။ မနက်ကျတော့'

'ကျွန်တော်တို့ သိပါပြီ။ ကဲ ခင်ဗျား ပြောတာတွေ မှန်၊ မမှန် သက်သေအထောက်အထားသာ ပြပါ'

ရဲအုပ်က ဆိုလိုက်သည်။

'အဲဒီအခန်း သော့ဖွင့်ပေးပါ'

ခင်မောင်ရင်က အစေခံမကြီးကို အမိန့်ပေးလိုက်သည်။ ဝက်ကြီးတစ်ကောင်နှင့်တူသော အမျိုးသမီး ဝဝတုတ်တုတ်ကြီးမှာ ခဏမျှ ကြောင်အမ်းနေပြီးနောက် –

'အဲဒီအခန်းကို ဘယ်တုန်းကမှ သော့ခတ်မထားပါဘူးရှင်'

ထိုစကားကို ကြားရသောအခါတွင် ခင်မောင်ရင်သည် ဒေါပွသွားကာ ရှေ့သို့ ခြေသံခပ်ပြင်းပြင်းနှင့် လျှောက်သွားပြီး ကြေးဝါဘုကလေးကို တအား ဆောင့်ဆွဲလိုက်သည်။ တံခါးက လျှောခနဲ ပွင့်လိုက်လာ၍ သူပင် လဲမတတ် ဖြစ်သွား၏။ သို့ရာတွင် သူက အခန်းထဲသို့ ရောက်လိုဇောကြီးနေပြီး ရှေ့မှ အလောတကြီး ဝင်သွားရင်း –

'ကဲ လာကြ။ ကျွန်တော် ပြောတာတွေ မှန် မမှန် တွေ့ရမယ်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ဟောဒီ ကုလားထိုင်တွေပေါ်မှာ ထိုင်ကြတယ်'

သို့ရာတွင် အလုံခန်း၏ အလယ်တွင် မည်သည့် ကုလားထိုင်မျှ မရှိတော့ချေ။ သူ၏ မိခင်နှင့်အဒေါ် အပါအဝင် ရဲအဖွဲ့ဝင်များက သူ့အား ကြောင်ကြည့်နေကြသည်။ သူက အခန်း၏ အလယ်တွင် ရပ်နေရာမှ ချာခနဲ လှည့်၍ တံခါးပေါက် လက်ဝဲဘက်သို့ လက်ညှိုးညွှန်ကာ –

'ဟောဟိုဟာ အရက်စင်။ ဟောဟိုမှာ ဘီယာပုလင်းတွေ ထားတဲ့ ရေခဲသေတ္တာ'

သို့ရာတွင် သူ ညွှန်ပြသော နေရာကို ကြည့်မိသူများသည် ခေါင်း အတော် ခြောက်သွားကြ၏။ သူက အရက်စင်ဟု ဆိုသည့်အရာသည် စာအုပ်စင် ဖြစ်နေ၏။ သူက ရေခဲသေတ္တာဟု ဆိုသည့် အရာသည် စာရေး စားပွဲနှင့် ကုလားထိုင်တစ်လုံး ဖြစ်နေ၏။

'ဘယ်မလဲဟဲ့ လူလေးရဲ့။ နင့်ဥစ္စာက ဘယ်မှာ အရက်စင်နဲ့ ရေခဲသေတ္တာ မှာလဲ။ စာအုပ်စင်နဲ့ စာရေးစားပွဲပဲ'

သူ့မိခင်က ပြောလိုက်သည်။ ခင်မောင်ရင်ကမူ ဘာမျှပြန်မပြောဘဲ ကော်ဇောပေါ် လေးဖက်ထောက်၍ သူတို့ ခြေထောက်များကြားတွင် တွန်းဖယ်တိုး တွေ့တာ တစ်စုံတစ်ခုကို လိုက်လံရှာဖွေနေ၏။ ကော်ဇောပေါ်တွင် မည်သည့် စီးကရက်တို၊ မည်သည့် အစွန်းအထင်း၊ မည်သည့်အားခြစ်ရာမျှ မတွေ့ရတော့ချေ။ သူက ဒေါနှင့်မောနှင့် ထလိုက်ရာ သူ့နားရွက်တွင် သူ့အဒေါ်၏ လုံချည်စ ငြိပါသွားပြီး အဘွားကြီးမှာ မနည်းဆွဲယူ ဖုံးဖိထားလိုက်ရ၏။ ရဲအုပ် ကိုတင်ထွေးကမူ ခင်မောင်ရင်၏ အပြုအမူများကို စိတ်ဝင်စားစွာ ပြုံး၍ကြည့်နေ၏။

'အင်းပေါ့။ အခု ဘယ်ရှိတော့မလဲ။ သူတို့ ညတွင်းချင်း ပြင်ပစ်လိုက် မှာပေါ့။ စားပွဲကုလားထိုင်တွေကိုဖယ်ပြီး ကော်ဇောတစ်ချပ်အသစ်ခင်း၊ အရက်ပုလင်း တွေနေရာမှာ စာအုပ်တွေထား၊ ရေခဲသေတ္တာနေရာမှာ စာရေးစားပွဲချ၊ ဒါ ဘာခက် တာမှတ်လို့၊ အလွယ်ကလေးပဲ။ တစ်နာရီလောက်လုပ်လိုက်ရင် ပြီးတဲ့ကိစ္စပဲ။ ကျွန်တော်ပြောတာ ခင်ဗျားတို့မယုံရင် ဒီအိမ်ထဲမှာ လျှောက်ရှာကြည့်ပါလား။ မနေ့ ညက သူတို့အသုံးပြုတဲ့ ကုလားထိုင်တွေနဲ့ ကော်ဇောကို တွေ့ရမယ်။ အရက်ပုလင်း တွေကိုလည်း တွေ့ရမယ်'

ရဲအုပ် ကိုတင်ထွေးက အင်မတန် စိတ်ပျက်စွာဖြင့် ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်ပြီး –





'တော်လောက်ပြီ ကိုခင်မောင်ရင်။ ခင်ဗျား ပြောတဲ့အတိုင်းသာ ကျွန်တော် တို့ လျှောက်လုပ်နေရင် ကျွန်တော်တို့အားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်။ ကျွန်တော်တို့အခု ဒီအိမ်ကိုလာတာ ဝရမ်းနဲ့လာရှာတာ မဟုတ်ဘူး။ ဦးခမ်းလုံနဲ့ တွေ့ပြီး ခင်ဗျားပြောတဲ့ အချက်တွေ မှန် မမှန် အကဲခတ်ဖို့ပဲ။ ခင်ဗျား အခုလောက် ဆိုတာပဲ လွန်လှပြီ'

ထိုစကားကြောင့် ခင်မောင်ရင်မှာ အကြံရကျပ်သွားပြီး ခေါင်းကို ကုတ် လိုက်၏။ ထို့နောက် အစေခံမကြီးဆီသို့ စားတော့မလို၊ ဝါးတော့မလို လျှောက်သွား ၏၊ သို့ရာတွင် ထိုမိန်းမကြီး၏ မျက်လုံးကို မြင်လိုက်ရတော့ သူ့ရင်ထဲတွင် တုံ့သွား သည်။ သူမ၏ မျက်လုံးများသည် စိမ်းဖန့်ဖန့်နှင့် ကြောင်မျက်လုံးနှင့် တူလှ၏။ သူက အားတင်းကာ –

'ခင်ဗျားနာမည် ဘယ်သူလဲ'

'ဘုမ'

'ဒီမယ် ဒေါ်ဘုမ။ ဦးခမ်းလုံတို့ ဘယ်မလဲ'

'သခင်ကြီးတို့ ဒီမှာ မနေတာ တစ်နှစ်ကျော်သွားပါပြီ။ ရှမ်းပြည်နယ်ကို အလုပ်ကိစ္စနဲ့ ပြောင်းရကတည်းကပါပဲ'

'ဘာ၊ ဦးခမ်းလုံ အခု ရန်ကုန်မှာ မရှိဘူးလား'

ခင်မောင်ရင်က ချွေးများ ပြန်လျက် မေးလိုက်၏။

'အခု ရန်ကုန်မှာ ရှိတော့ ရှိပါတယ်။ ပြည်နယ်အရာရှိကြီးများ ဆွေးနွေးပွဲ တက်နေပါတယ်။ ဒီမှာတော့ မနေပါဘူး။ အစိုးရက နေရာချထားပေးတဲ့ 'အင်းယား ဗြိုင်' ဟိုတယ်မှာပါ'

'ဒါပေမဲ့ မနေ့ညကတော့ သူ ဒီကို လာတယ် မဟုတ်လား'

'သူ အခုတလောမှာ ထင်းရှူးမြိုင်ကို တစ်ခါမှ မလာသေးပါဘူး'

'ဒါဖြင့် မနေ့ညက ဒီကို ဘယ်သူတွေ လာကြသလဲ'

ခင်မောင်ရင်က မေးခွန်းများကို တရစပ် ထုတ်နေ၏။

'မနေ့ညက ဒီကို ဘယ်သူမှ မလာကြပါဘူးရှင်'

ရဲအုပ် ကိုတင်ထွေးက တစ်စုံတစ်ခု ပြောမည့်အနေဖြင့် ခင်မောင်ရင်၏ ပခုံးပေါ်သို့ လက်တစ်ဖက်တင်လိုက်သည်။ သို့ရာတွင် ခင်မောင်ရင်က ကိုတင်ထွေး ၏ လက်ကို ပုတ်ဖယ်ပစ်လိုက်ပြီး –

'ဒီမယ် ဒေါ်ဘုမ မှန်မှန် ပြောပါ။ ခင်ဗျား ကျွန်တော့်ကို မသိဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ မမှတ်မိပါဘူးဆိုတာ စောစောက တစ်ခါ ပြောပြီးပါပြီရှင်'

'မနေ့ညက ကျွန်တော့်ကို မင်းခေါင်တို့ လူစုက ဒီကို ခေါ်လာတာလေ'

'မနေ့ညက ဒီကို ဘယ်သူမှ မလာပါဘူး'

'ဒီမယ် ကိုခင်မောင်ရင် ကျွန်တော်တို့ ပြန်ကြစို့။ ကျွန်တော် သိသလောက် ပြောရရင်တော့ ခင်ဗျားဟာ အခုထက်ထိ အမူးမပြေသေးဘူး'

'ကျွန်တော် မမူးတော့ပါဘူး'

'ခင်ဗျား မမူးရင် ရူးနေတာ ဖြစ်ရမယ်'

'ဒါ ခင်ဗျား ကျွန်တော့်ကို စော်ကားတာပဲ'

'စော်ကားတာ မဟုတ်ဘူး။ ခင်ဗျား ပြောနေတာတွေဟာ ဘာတစ်ခုမှ ဆုပ်ဆုပ်မိမိမရှိဘူး။ ကြာရင် ကျွန်တော်တို့အားလုံး အရူးဖြစ်ကုန်လိမ့်မယ်။ ပြီးတော့ ဦးခမ်းလုံ ဆိုတာကလည်း ပြည်နယ်အရာရှိကြီးတစ်ဦး ဆိုတော့ အခုလို အခြေမရှိ အမြစ်မရှိ လျှောက်လုပ်နေရင် ဒုက္ခတွေ့ကုန်လိမ့်မယ်'

'ဟုတ်ီဿားပဲ သားရယ်။ လာပါ ပြန်ကြပါစို့။ ညက ငါ့သား သိပ်မူးနေတော့ ဘာမှ မမှတ်မိဘဲ စိတ်ထဲမှာ ထင်မိထင်ရာတွေ ဖြစ်ပါလိမ့်မယ်'

"ဒါ မဟုတ်ဘူး"

ခင်မောင်ရင်က မိခင်ဖြစ်သူအား ပြန်အော်လိုက်၏။ ပြီးတော့ ရှေ့ဆုံးမှနေ၍ အပြင်သို့ ထွက်သွားလေတော့၏။ ခင်မောင်ရင်၏ မိခင်နှင့် ရဲအုပ် ကိုတင်ထွေးတ ဒေါ်ဘုမကို တောင်းပန်၍ အားနာစကား ပြောခဲ့ကြသည်။

သို့ရာတွင် ဆင်ဝင်အောက်သို့ ရောက်ကြ၍ အားလုံး ကားပေါ်သို့ တက်မိကြသည့်တိုင် ခင်မောင်ရင်သည် ဘဲလ်အဲယားဏ် ရှေ့ခန်းသို့ မတက်သေးဘဲ ဂျစ်ကားဆီသို့ လျှောက်သွားပြီး ရဲအုပ်ကိုတင်ထွေးအား –

'ကျွန်တော် ခင်ဗျားကို တစ်ခု မေတ္တာရပ်ခံပါရစေဦး။ အခု ကျွန်တော် ပြောခဲ့တာတွေနဲ့ လက်တွေ့နဲ့က အားလုံးတခြားစီ တကွဲစီ ဖြစ်နေတယ် ဆိုတာကိုတော့ ထားလိုက်ပါတော့။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ မကျေနပ်တာ တစ်ခုတော့ ရှိသေးတယ်။ အဲဒါကတော့ မနေ့က ရေဇလာက အဖြစ်အပျက်ပဲ။ ကျွန်တော့်ကို မင်းခေါင်တို့လူစုက သေနတ်နဲ့ချိန်ပြီး ဖမ်းသွားတာကို တွေ့လိုက်တဲ့ မျက်မြင်သက်သေတစ်ယောက် ရှိတယ်။ သူကတော့ ရေဇလာက ဘွိုင်ကုလားတစ်ယောက် ဖြစ်တဲ့ ဆူလတန်ပဲ။ ဆူလတန်ဟာ မျက်မြင်သက်သေ ဖြစ်ရုံတင်မကဘူး၊ သူကိုယ်တိုင် မင်းခေါင်ရဲ့ သေနတ်ဒဏ်ကို ခံလိုက်ရတဲ့လူ ဖြစ်တယ်။ အဲဒီကိစ္စကိုတော့





ခင်ဗျားတို့ စုံစမ်းကြည့်စေချင်သေးတယ်။ ဥပမာ သူဟာ အခုလောက်ဆိုရင် သေချင်သေနေလိမ့်မယ်။ ဒါမှမဟုတ်'

ခင်မောင်ရင်က ဆက်မပြောဘဲ ရဲအုပ်ကိုတင်ထွေး၏ မျက်နှာကို အကဲခတ်နေသည်။ ရဲအုပ်သည် အတန်ကြာ စဉ်းစားလျက်ရှိ၏။ သူက ခင်မောင်ရင်၏ စကားများကို အယုံအကြည်ရှိလှပုံမပေါ်တော့။ သို့ရာတွင် နောက်ဆုံး လိုက်လျောသည့် အနေမျိုးဖြင့် –

'ကောင်းပြီလေ၊ ခင်ဗျားကျေနပ်အောင် ကျွန်တော် စုံစမ်းပေးမယ်။ ဒါကတော့ လွယ်ပါတယ်။ ခင်ဗျားပြောသလိုသာ ဆူလတန်ဆိုတဲ့ ဘွိုင်တစ်ယောက်ဟာ မနေ့ညက သေနတ်နဲ့ တကယ်အရိုက်ခံခဲ့ရရိုးမှန်ရင် သက်ဆိုင်ရာ ရဲဌာနမှာ ဆူလတန် ကိုယ်တိုင်ပဲဖြစ်ဖြစ်၊ သူ့အစား ရေဇလာဟိုတယ်က တာဝန်ခံ တစ်ဦးဦးက တိုင်ချက်ဖွင့်ထားတာ ရှိရမယ်'

'ဒါဖြင့် အဲဒီ ရဲဌာနကို သွားကြရအောင်'

ခင်မောင်ရင်က စိတ်အားထက်သန်စွာ ပြောလိုက်သည်။

'လူကိုယ်တိုင် သွားနေကြဖို့ မလိုပါဘူး။ တယ်လီဖုန်း ဆက်မေးလိုက်ရင်ရတာပဲ'

ရဲအုပ် ကိုတင်ထွေးက တံခါးဝတွင် ရပ်နေသော ဒေါ်ဘုမအား တယ်လီဖုန်းဆက်၍ရမလားဟု မေးလိုက်၏။ အမျိုးသမီးက ခေါင်းညိတ်သဖြင့် ရဲအုပ်သည် ကားပေါ်မှ ပြန်ဆင်းလိုက်သည်။ ဒေါ်ဘုမက သူတို့ နှစ်ယောက်တို့ တယ်လီဖုန်းရှိရာသို့ ခေါ်သွားသည်။ ခင်မောင်ရင်၏ရင်များ ခုန်နေပြီး စိတ်များလှုပ်ရှားနေ၏။ သူကိုယ်သူ အမူးပြေသွားပြီဟု ကောင်းစွာမှတ်ယူထား၏။ ယမန်နေ့ ညပိုင်းမှစ၍ ယခုအထိ သူ့ဗိုက်ထဲသို့ ဘာအစာမျှ မထည့်ရသေးသဖြင့် အနည်းငယ် ရင်တုန်နေသည်။ သို့ရာတွင် စိတ်စောနေ၍ ဆာလောင်မှု၊ မောပန်းနွမ်းနယ်မှုနှင့် မနေ့ညက အရိုက်အနှက် ခံခဲ့ရမှုများကို မေ့လျော့လျက်ရှိ၏။

ရဲအုပ်ကိုတင်ထွေးသည် တခဏအတွင်းမှာပင် ကမာရွတ် ရဲဌာနနှင့် အဆက်အသွယ် ရရှိ၏။ ရေဇလာဟိုတယ်သည် ကမာရွတ်အပိုင်တွင် ရှိ၏။ ရဲအုပ်ကိုတင်ထွေးက သက်ဆိုင်ရာ ရဲစာရေးအား လွန်ခဲ့သည့် နှစ်ဆယ့်လေးနာရီ အတွင်းတွင် ရိုက်မှုနှင့် တိုင်တန်းသည့်အမှု ဘယ်နှမှုရှိသနည်း။ ရေဇလာ ဟိုတယ်မှသော်လည်းကောင်း၊ ဆူလတန်ဟူသော ကုလားတစ်ယောက်ကသော် လည်းကောင်း တိုင်တန်းခြင်းရှိ၊ မရှိကို စုံစမ်းလိုက်၏။ တစ်ဖက်မှ အဖြေသည် ခင်မောင်ရင်အတွက်

www.burmeseclassic.com



စိတ်ပျက်စရာဖြစ်၏။ လွန်ခဲ့သော နှစ်ဆယ့်လေးနာရီအတွင်း ရိုက်မှုဖြင့် တိုင်တန်းသည့် အမှုသုံးမှုရှိသော်လည်း ရေဇလာဟိုတယ်နှင့်သော်လည်းကောင်း၊ ဆူလတန်ဟူသည့် ကုလားတစ်ယောက်နှင့်သော်လည်းကောင်း၊ မည်သို့မျှ သက်ဆိုင်ခြင်း မရှိဟု ဆိုလေသည်။ သို့ရာတွင် ခင်မောင်ရင်သည် အလျှော့ပေးလိုစိတ်မရှိသေးဘဲ ဆက်လက်၍ ခဏဒက တက်ပြန်လေ၏။

'ဒီလိုတော့ ရှိတယ်။ ဟိုတယ်တစ်ခုဆိုတာဟာ နာမည်တစ်လုံးနှင့် ရပ်တည်နေရတာ မဟုတ်လား။ သူတို့ ဟိုတယ်မှာ ရိုက်လား၊ နှက်လား လုပ်တာကို လူတွေမသိအောင်လို့ ရဲဌာနမတိုင်ဘဲနေတာ ဖြစ်နိုင်တယ်။ ရဲဌာနတိုင်ရင် သတင်းစာထဲ ပါလာမယ် မဟုတ်လား'

'ဒီတော့ ခင်ဗျားက ဘာလုပ်စေချင်သေးလဲ ကိုခင်မောင်ရင်'

'ကျွန်တော့် သဘောကတော့ ရေဇလာဟိုတယ်ကို မေးကြည့်စေချင်တယ်။ ဆူလတန်ရဲ့အကြောင်း သူတို့ ဘာသိသလဲ ဆိုတာပေါ့'

ရဲအုပ်ကိုတင်ထွေးသည် ဘာမျှပြန်ပြောမနေတော့ဘဲ တယ်လီဖုန်းလမ်းညွှန်စာအုပ်တွင် ရေဇလာဟိုတယ်၏ နံပါတ်ကို ရှာဖွေနေ၏။ တွေ့ရှိသောအခါတွင် ချက်ချင်းပင် အဆက်အသွယ်ပြုလုပ်လေ၏။ ရေဇလာမှ ရရှိသော အဖြေမှာလည်း ခင်မောင်ရင့်အဖို့ အားလျော့စရာပင်။ ဟိုတယ် လက်ထောက်အုပ်ချုပ်ရေးမှူး၏ ပြောဆိုချက်အရဆိုလျှင် ဆူလတန်သည် ညအလုပ်သမားတစ်ဦး ဖြစ်၏။ ညနေလေးနာရီမှ ညဆယ့်နှစ်နာရီအထိ အလုပ်ဆင်းရသူတစ်ဦး ဖြစ်၏။ ယမန်နေ့ညကလည်း ဆူလတန်သည် သူ့အလုပ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပြီး၊ ညဆယ့်နှစ်နာရီ အချိန်တွင် ဟိုတယ်မှ ပြန်[illegible]းသည်ဟု ဆိုလေသည်။

ရဲအုပ်ကိုတင်ထွေးက ဟိုတယ်မှရရှိသောအဖြေကို ခင်မောင်ရင်အား ရှင်းပြလိုက်ပြီးနောက် စခန်းသိမ်းပြီဟူသောသဘောနှင့် ရှေ့မှလျှောက် သွားသော်လည်း ခင်မောင်ရင်သည် လိုက်မသွားဘဲ တယ်လီဖုန်း ကောက်ကိုင်လိုက်၏။ ပြီးတော့ စောစောက ရဲအုပ်ကိုတင်ထွေး လှည့်သွားသော ဂဏန်းကွက်များကို ကိုင်လှည့်နေ၏။ ရဲအုပ်ကိုတင်ထွေးက သုံးလှမ်းကွာလောက်တွင် ရပ်စောင့်နေရပြန်၏။ ခင်မောင်ရင်က တယ်လီဖုန်းခွက်ကို ပြန်ချလိုက်သော အခါတွင် –

'ဘယ်ကို ဆက်တာလဲ'

ကိုတင်ထွေးက မေးလိုက်၏။



'ရေဇလာကို'

'ဘာမေးတာလဲ'

'ဆူလတန်ရဲ့ အိမ်လိပ်စာ'

'ဘာလုပ်မလို့လဲ'

ခင်မောင်ရင်က ရုတ်တရက် ပြန်မဖြေသေးဘဲ ကိုတင်ထွေးထံမှ စီးကရက်တစ်လိပ် တောင်းယူသောက်ပြီးမှ –

'ကျွန်တော့်ကို နောက်ဆုံးအနေနဲ့ တစ်ခုပဲကူညီပါ။ ဆူလတန်ဆီကို ကျွန်တော်တို့ လိုက်သွားချင်တယ်။ သူ့ကို ကျွန်တော်ကိုယ်တိုင်တွေ့ပြီး မေးကြည့်ချင်တယ်။ သူကတော့ အမှန်ကို ပြောမှာပါပဲ။ သူ့ကို ကျွန်တော် ကောင်းကောင်း သိပါတယ်။ သူ့ခေါင်းမှာ ဘာဒဏ်ရာမှမရှိဘူးဆိုရင်တော့ ကျွန်တော်ဟာ တံတားလေးမှာပဲ သွားနေရုံပဲ ရှိတော့တယ်။ ကျွန်တော့် ကိုယ်ပေါ်က ဒဏ်ရာတွေဟာ ကျွန်တော် မူးလို့ရူးလို့ ရခဲ့တာလို့ပြောနိုင်ပေမဲ့ ဆူလတန်ရဲ့ ခေါင်းက ဒဏ်ရာကိုတော့ ထာယက်ရှင်ကိုယ်တိုင်က ချော်လဲတာပါလို့ ပြောမှပဲဖြစ်တော့မယ်။ သူ အဲဒီလို ပြောမယ်ဆိုရင်လည်း ကျွန်တော် ကျေနပ်ပါပြီ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်သူ့ကို ခင်ဗျားတို့ရှေ့မှာတွေ့ပြီး မနေ့ညက အကြောင်းတွေကို မေးကြည့်ချင်တယ်။ ဘယ့်နှယ်လဲ'

'ကဲ ကိုခင်မောင်ရင်၊ ခင်ဗျား စိတ်ချမ်းသာမယ်ဆိုရင် သွားကြည့်ဦးပေါ့။ ကျွန်တော်ကတော့ အကျိုးထူး ရှိလိမ့်မယ်လို့ မထင်ပါဘူး။ ဆူလတန်ရဲ့ ခေါင်းမှာ ဘာဒဏ်[illegible]မှလည်း ရှိမှာမဟုတ်ပါဘူး။ ဒီကုလားဟာ မနေ့ညကမှ တိုက်တိုက်ဆိုင်ဆိုင် [illegible]ချော်လဲမယ့်ကုလား မဟုတ်ပါဘူး။ ဒါပေမဲ့ ခင်ဗျားသွားချင်ရင် သွားကြတာပေါ့။ [illegible]အိမ်က ဘယ်မှာတဲ့လဲ'

'တောင်ဥက္ကလာ'

ရဲအုပ် ကိုတင်ထွေးက ဆတ်ခနဲ ခေါင်းညိတ်ပြီး လေတစ်ချက်ချွန်လိုက်သည်။ သူတို့နှစ်ယောက် အပြင်ဘက်သို့ ထွက်လာသောအခါတွင် စောင့်ဆိုင်းနေကြသူများ၏ မျက်နှာများက သိရှိလိုစိတ်များ ပြင်းပြနေကြသော်လည်း မည်သူကမျှ ဘာမှမပြောဘဲ ကားပေါ် တက်ထိုင်လိုက်ကြသည်။ ကားပေါ်သို့ ရောက်မှ ခင်မောင်ရင်က ကားမောင်းသူ ဦးကြီးရှင်အား သွားမည့်နေရာကို ပြောလိုက်သည်။

'တောင်ဥက္ကလာ။ ၁၆–ရပ်ကွက်။ ဓာတီကလမ်း'

နောက်ခန်းတွင် ထိုင်နေသော ညီအစ်မနှစ်ယောက်သည် လှုပ်လှုပ် ရှားရှား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြသည်။

‘ဘယ်ကို သွားကြဦးမှာလဲ သားရဲ့’

‘ဟိုကျတော့ တွေ့မှာပေါ့’

ခင်မောင်ရင်က နှုတ်ဆိတ်နေသဖြင့် မိခင်နှင့် အဒေါ်ဖြစ်သူတို့မှာလည်း ဘာမျှဆက်၍ မမေးကြတော့ဘဲ စိုးရိမ်ပူပန်သည့် မျက်နှာများဖြင့် လိုက်ပါသွားကြ၏။ သို့ရာတွင် ကားနှစ်စီးပေါ်မှ လူများသည်လည်းကောင်း၊ ကာယကံရှင် ခင်မောင်ရင်သည်လည်းကောင်း၊ ပုဏ္ဏရိက်ပင်များကို ကုတ်ကြေးဖြင့်ဖြတ်ရင်း သူတို့၏ အရိပ်အခြည်ကို စောင့်ကြည့်နေသော မင်းခေါင်ကို လုံးဝသတိမပြုမိခဲ့ကြပါချေ။

ခင်မောင်ရင်သည် အတော်ကြီးပင် မကျေမချမ်း ဖြစ်နေမိ၏။ ယမန်နေ့ညဦးပိုင်း၌ လှမိုးညိုနှင့် ကြည်နူးနှစ်သိမ့်ခဲ့ရသည်များလည်း ဘယ်ရောက်ကုန်ပြီမသိ၊ ကိုစိန်မြင့်၊ ကိုဘိုကြီးနှင့် ကိုပေါ်နောင်း စသော သူငယ်ချင်းများ၏ နာမည်များသည်လည်း သူ့ခေါင်းထဲသို့ ဝင်မလာနိုင်ကြတော့။

သူ့အား ဖိစီးနှိပ်စက်နေကြသည်များမှာ ကျောက်ဘီလူး၊ ဦးခမ်းလုံနှင့် မင်းခေါင်တို့ လူစုသာလျှင်ဖြစ်၏။ ဦးခမ်းလုံနှင့် သူ့အပေါင်းပါများကို နဖူးတွေ့၊ ဒူးတွေ့ တွေ့ခဲ့ရပြီ ဖြစ်သော်လည်း ကျောက်ဘီလူးဆိုသည်ကား ဘယ်ကဲ့သို့သော သတ္တဝါနည်း။ သူနှင့် လူချင်းတူသလော၊ သို့မဟုတ် သူ့အား ခင်မောင်ရင်မှန်း သိလျက်နှင့် ကျောက်ဘီလူးဆိုသော လျှို့ဝှက် လူတစ်ယောက်ဟု အထင်မှားနေကြသလော။

ယခုအထိ သူသိသမျှဆိုလျှင် ဦးခမ်းလုံနှင့် ကျောက်ဘီလူးတို့သည် တစ်ချိန်က ဒုစရိုက်မှုများကို အတူပြုလုပ်နေကြသူများဖြစ်၏။ ပုံစံမှာ ဦးခမ်းလုံတို့က ရှမ်းပြည်နယ်မှ ဘိန်းနှင့် ရွှေချောင်းများကို ပို့ပေးနေပြီး ကျောက်ဘီလူးက ရန်ကုန်မှနေ၍ ရောင်းဝယ်ဖောက်ကားနေသူဖြစ်၏။ နောက်ဆုံးအကြိမ်တွင်မူ ကျောက်ဘီလူးသည် ဦးခမ်းလုံတို့အား ပေးရန်ရှိသည်များကို မပေးဘဲနေသဖြင့် ဦးခမ်းလုံတို့က ယခုကဲ့သို့ သူ့အား ကျောက်ဘီလူးအဖြစ် မှားယွင်းဖမ်းဆီးပြီး ခြေရာဖျောက် ကိစ္စတုံး စီရင်ကြခြင်းဖြစ်၏။

သို့ရာတွင် ဒေါ်ဘုမ၏ ပြောပြချက်အရဆိုလျှင် ဦးခမ်းလုံသည် သာမန်လူတစ်ဦး မဟုတ်ဘဲ ပြည်နယ်အထက်တန်းအရာရှိကြီးတစ်ဦး ဖြစ်၏။ ကျောက်ဘီလူးဆိုသူကိုလည်း လက်ဆုပ်လက်ကိုင်မပြနိုင်ဘဲနှင့် ရဲအဖွဲ့က ဦးခမ်းလုံအား သူ့စွပ်စွဲချက်များအတိုင်း အရေးယူရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ချေ။ ထို့ပြင် သူ၏





ပြောပြချက်များမှာလည်း လက်တွေ့ လိုက်လံကြည့်ရှုသောအခါတွင် မှန်ကန်ခြင်းမရှိသဖြင့် သူသာ အရူးဖြစ်ရတော့၏။ သူ မူး၍ရူး၍ တွေ့ကရာတွေ စွပ်စွဲနေခြင်းဟု အပြေထွက်နေတော့၏။

ဦးခမ်းလုံတို့ လူစုကလည်း ပိပိရိရိနှင့် ညကကိစ္စများကို အားလုံး အစ ဖျောက်ပစ်လိုက်ကြပြီဖြစ်၏။ အကယ်၍ ရဲအဖွဲ့က ဦးခမ်းလုံတို့၏ တပည့်များဖြစ်သော လက်မရှဲ့မင်းခေါင်၊ ဓားထွန်းစိန်နှင့် လက်ဝါးစောင်း ကျော်ထွန်းတို့ကို ဘာစ်နည်းနည်းနှင့် ဖမ်းဆီးရမိခဲ့လျှင်လည်း သူတို့သည် ကြေးစားလူမိုက်များ ဖြစ်ကြသည့်အလျောက် ဦးခမ်းလုံနှင့် ကျောက်ဘီလူးတို့ အကြောင်းကို အရိပ်အမြွက်မျှ ဘာဖော်အစစ်ခံကြမည် မဟုတ်ပါပေ။

ယမန်နေ့ညက ကြုံတွေ့ခဲ့ရသော အန္တရာယ်ဆိုးများသည် အိပ်မက်တစ်ခု မဟုတ်ဘဲ တကယ့် အဖြစ်အပျက်များဖြစ်ကြောင်း သက်သေခံမည့်သူမှာ ဆူလတန် တစ်ယောက်သာရှိ၏။ ဆူလတန်မှ မကယ်ခဲ့လျှင် သူသည် စိတ်ရောဂါကုဆေးရုံသို့ ရောက်ဖို့သာ ရှိတော့၏။

သူတို့ကို တင်ဆောင်လာသော ကားနှစ်စီးသည် တောင်ဥက္ကလာပ ၁၆–ရပ်ကွက်အတွင်း၌ နှစ်ပတ်မျှပတ်မိသောအခါတွင် တစ်ခုသော မြေနီလမ်းကလေးပေါ်၌ ရပ်လိုက်ကြ၏။ ဆူလတန်သည် ဟိုတယ်အလုပ်သမားတစ်ဦးသာ ဖြစ်သော်လည်း သူ၏အိမ်က သူ့အရပ်နှင့်သူတော့ တခမ်းတနားပင် ဖြစ်၏။ ပျဉ်ကာသွပ်မိုးအိမ်ဖြစ်၏။ အိမ်ပတ်ပတ်လည်တွင် သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းနှင့် ဖြစ်၏။ ပန်းပင်ငယ်များ ဝေဝေဆာဆာနှင့် ဖြစ်၏။ အိမ်ထဲတွင် သုံးထပ်သားဖြင့် အခန်းဖွဲ့၍ ဖယောင်းပုဆိုး ခင်းထားသည်။ လျှပ်စစ်မီးသွယ်တန်း၍ ရေဒီယိုတစ်လုံးမှ ကုလားသီချင်းသံ ညိုးညိုးညံ့နေသည်။ ဤကား ဟိုတယ်များမှ ဘွိုင်တို့သည် အမြင်အားဖြင့် နပ်သည် ထင်ရသော်လည်း ငွေကြေးအင်မတန်ရသူများတည်း။ တစ်နေ့တစ်နေ့တွင် သူတို့ရရှိသောဘောက်ဆူးသည် သူတို့ အိမ်သုံးစရိတ်၏ သုံးလေးဆတည်း။ ထို့ပြင် ကုလားများသည် ငွေတိုးချေးသူများလည်း ဖြစ်တတ်ကြ၏။ သို့ဖြင့် ရေဇလာတွင် လူတကာကို ဆလံသနေသော ဆူလတန်သည် သူတို့လမ်းထဲတွင်တော့ ငွေရှင်ကြေးရှင် တစ်ဦးတည်း။

သူတို့သည် ဆူလတန်ကို အဆင့်သင့်ပင် တွေ့ရှိကြသည်။ သူသည် ခင်မောင်ရင်နှင့် ရဲအဖွဲ့ဝင်များကို တွေ့မြင်သောအခါတွင် ပျာပျာသလဲ ခရီးဦးကြိုဆိုလေသည်။ သူ၏ခေါင်းတွင် ပတ်တီးစည်းထားသည်။ အသားနက်နက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပတ်တီးစ ဖြူဖြူသည် ထင်းနေသည်။ ပတ်တီးကိုတွေ့မြင်လိုက်ရသဖြင့် ခင်မောင်ရင်သည် အထူးပင် အားတက်သွားသည်။ သူ့ဘက်မှ သက်သေတစ်ဦးရပေပြီ။ ဆူလတန်သည် ချော်လဲ၍ရသော ဒဏ်ရာပါဟု မိုက်မဲစွာ မပြောတန်ကောင်းပါလေ။

'ဆရာ ဦးခင်မောင်ရင်လား။ ကြွပါ ကြွပါ။ အားလုံး အိမ်ပေါ်ကို ကြွကြပါ'

သူက မြန်မာစကားကို ပီသစွာလည်း ပြောနိုင်၏။ ခင်မောင်ရင်က ယခုမှ သူ့အလှည့်ဟူသော သဘောနှင့် ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် အားရပါးရ ထိုင်ချလိုက်ပြီးနောက် –

'ဆူလတန်ရေ မင်းခေါင်းကဒဏ်ရာ ဘာဖြစ်လို့ ရတယ်ဆိုတာကို ဟောဒီက ရဲအဖွဲ့ဝင်တွေကို ပြောပြလိုက်စမ်းပါကွာ'

သူတစ်ယောက်မှအပ ကျန်သူများသည် မထိုင်ကြဘဲ မိုးတိုးမတ်တတ်နှင့် ရှိနေကြ၏။ ဆူလတန်ကိုတစ်လှည့်၊ ခင်မောင်ရင်ကိုတစ်လှည့် ကြည့်နေကြ၏။ ဆူလတန်သည် သူ့ခေါင်းမှ ပတ်တီးကို လက်နှင့် စမ်းကြည့်လိုက်ပြီးနောက် –

'ဆရာတို့ ဒီကိစ္စအတွက် ဒီကို လိုက်လာကြတာလား'

'အေးပေါ့ကွ။ မင်း ခေါင်းကို ဘယ်သူက ဘာနဲ့ ရိုက်ချလိုက်တယ်ဆိုတာကို မြန်မြန်ပြောလိုက်စမ်းကွာ။ ဒါမှ'

'စိတ်မဆိုးပါနဲ့ ဆရာ။ ကျွန်တော် တစ်ခုမေးမယ်'

'အရေးထဲမှာ မင်းက ဘာများ နှမ်းချင်နေရသေးသလဲ'

'သြော် ဆရာ ကောင်းကောင်း အမူးပြေသွားပလားလို့ပါ'

'ဘာကွ၊ ဘာပြောတယ်ကွ'

ခင်မောင်ရင်က ကုလားထိုင်မှ ထ လိုက်သည်။

'ဟော ဆရာ ဒေါသဖြစ်လာပြီ။ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့။ ကျွန်တော် ဆရာ့ကို စိတ်မဆိုးပါဘူး'

'အောင်မာ မင်းက ငါ့ကို ဘာပြုလို့ စိတ်ဆိုးရမှာလဲ။ ငါ အခု လိုချင်တာက မင်း ခေါင်းကို ဘယ်သူရိုက်တယ်ဆိုတာ သူတို့ကို အမြန်ဆုံး ပြောပြလိုက်ဖို့ပဲ'

'ဘာဖြစ်လို့လဲ ဆရာ။ ကျွန်တော်အရိုက်ခံရတဲ့ လူကတောင် ပုလိပ်ကို မပြောဘဲနဲ့ ဆရာက ဘာပြုလို့ ပုလိပ်ကို ပြောချင်ရတာလဲ'

'ဟာ ဒီကောင် လျှာရှည်လိုက်တာ။ မင်း ခေါင်းကို ဘယ်သူ ရိုက်တယ်ဆိုတာ ပြောမှ ငါ့အဖို့ အကျိုးထူးမှာကွ။ ငါ့ကို ကယ်မယ့်လူဟာ မင်းတစ်ယောက်ပဲ ရှိတယ်'





ခင်မောင်ရင်က စိတ်မရှည်သည့် အမူအရာဖြင့် ပြောလိုက်၏။ ဤတွင် ...ဓပ် ကိုတင်ထွေးက ဝင်၍ –

'ဟုတ်တယ် ဆူလတန်။ မင်း ခေါင်းကို ဘယ်သူရိုက်တယ်ဆိုတာ ...ြန်ပြောစမ်း'

ဤအခါတွင် ဆူလတန်သည် ရဲအုပ်နှင့် ဒေါ်ရင်ရင်တို့ဘက် လှည့်၍ –

'မနေ့ညက ကျွန်တော့်ခေါင်းကို ရိုက်သွားတာ ဒီဆရာ ဦးခင်မောင်ရင်ပဲ ...ဘာ။ ဒါပေမဲ့ ကျွန်တော် စိတ်မဆိုးပါဘူး။ သူ သိပ်မူးနေလို့ ဖြစ်ရတာပါ'

'ဘာပြောတယ်ကွ ဆူလတန်။ မင်းကို ငါကရိုက်တယ် ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ။ ဒါပေမဲ့ ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူး။ ...ပ်ကို တိုင်ဖို့ မပြောနဲ့၊ မန်နေဂျာကိုတောင် မပြောပါဘူး။ အခုမှ ဆရာတို့က ...တင်းပြောခိုင်းလို့ ပြောရတာပါ။ ဆရာ့အတွက် အကျိုးထူးမယ်ဆိုလို့ ပြောရတာ ...

ခင်မောင်ရင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ကုလားထိုင်ပေါ်သို့ ...ုပ်ကြီးပြုတ် ကျသွားသည်။ မိခင်နှင့် အဒေါ်ဖြစ်သူက အနီးသို့ ပြေးသွားပြီး ...ထောက်၍ ထိုင်ချလိုက်သည်။ ဤတွင်မှ ခင်မောင်ရင်က အားယူ၍ –

'နေစမ်းပါဦး ဆူလတန်။ ငါက မင်းကို ဘာဖြစ်လို့ ရိုက်ရမှာလဲ။ ...တယ်တော့ မင်းကို ဟိုကောင်က သေနတ်ဒင်နဲ့ ရိုက်သွားတာမဟုတ်လား'

'ဘယ်က ဟိုကောင်လဲဆရာ။ မနေ့ညက ဆရာတစ်ယောက်တည်း ...ပြီး သိပ်မူးနေလို့ ကျွန်တော်က အိမ်ပြန်ဖို့ပြောတော့ ဆရာက 'ငါ့ပိုက်ဆံနဲ့ ...ါသောက်တာ ဘာပြုလဲ' ဆိုပြီး ကျွန်တော့် ခေါင်းကို ဗုလင်းခွံနဲ့ ရိုက်တာပဲ။ ...ါပေမဲ့ ကျွန်တော် ဆရာ့ကို ကားပေါ်ရောက်အောင် လိုက်ပို့လိုက်ပါတယ်။ ဆရာ ...တော်မိဘူးလား'

'ညာတာ။ ဒီကောင် ညာတာ။ ဦးခမ်းလုံတို့က လာဘ်ထိုးထားလို့ သူ ညာတာ'

ခင်မောင်ရင်က အရူးလို စွတ်၍ အော်ဟစ်နေတော့၏။

'ဟဲ့ သား၊ တိုးတိုးပြောပါ။ ဘယ့်နှယ် သူများအိမ်ပေါ်လာပြီး ဆူနေရ တာလဲ'

ဤတွင် ဆူလတန်က –

'ကျွန်တော် စိတ်မဆိုးပါဘူး ဒေါ်ဒေါ်။ သူ လူကောင်းတစ်ယောက်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိပါတယ်။ ဒါပေမဲ့ မနေ့ညကတော့ သူ သိပ်မူးနေတယ်။ ဟိုမှာ သောက်ရုံတင်မဟုတ်ဘူး။ ပုလင်းတွေ အများကြီးမှာပြီး ကျွန်တော့်ကို ကားပေါ်တင်ခိုင်းသေးတယ်'

'ဟော့ကောင် တော်။ ငါ ထိုးမိလိမ့်မယ်'

ခင်မောင်ရင်က ရှေ့တိုးသွားရာ ဒေါ်ရင်ရင်နှင့် ဒေါ်ခင်ခင်တို့က ဆွဲထားရ၏။ ရဲအုပ် ကိုတင်ထွေးက ခင်မောင်ရင်နှင့် ဆူလတန်၏ အကြားတွင် ဝင်ရပ်လိုက်ပြီး –

'ကိုခင်မောင်ရင် ခင်ဗျားဟာတွေ ဘာတစ်ခုမှ မဟုတ်တော့ဘူး။ ဦးခမ်းလုံ့အိမ် ကျွန်တော်တို့ဝင်ရှာခဲ့ရာမှာလည်း ခင်ဗျားပြောတာတွေ တစ်ခုမှ မတွေ့ရဘူး။ အဲဒါဒေါ်ဘုမက သူ့သခင်ပြောရင် ဘာဖြစ်လာဦးမယ် မသိဘူး။ ကျွန်တော်တို့ကိုမင်းကြီးက ဆူမှာတော့ သေချာတယ်။ ခင်ဗျားကိုလည်း အသရေဖျက်မှုနဲ့ တရားစွဲနိုင်တယ်။ ဒါပေမဲ့ အဲဒါတွေဟာ တရားမကြောင်းမို့ အရေးမကြီးဘူးထား။ အခုဆူလတန်ရဲ့ကိစ္စ ခင်ဗျားပြောတာနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်။ ခင်ဗျားပြောတော့ သူ့ကို လူတစ်ယောက်က သေနတ်ဒင်နဲ့ ရိုက်တာတဲ့။ သူက ပြောတော့ သူ့က ဆိုတာက ကာယကံရှင်နော်။ ခင်ဗျားက အရက်မူးပြီး ရိုက်တာတဲ့။ သူပြောတာက မှန်ဖို့များနေတယ်။ ခင်ဗျား အရက်မူးပြီး ကားတစ်စီးနဲ့ လျှောက်ရမ်းနေတာကို ရန်ကုန်တစ်မြို့လုံးက သက်သေခံမှာကိုး။ ကဲ ဒီတော့ ခင်ဗျားအဖို့ အကောင်းဆုံးကတော့ အိမ်ပြန်ပြီး အိပ်ရေးဝဝ အိပ်လိုက်ပါ။ မနက်ဖြန်ဆိုရင် အိပ်မက်ဆိုးတွေ ပျောက်သွားပါလိမ့်မယ်။ ဒါတောင် ဆူလတန်က ဘာမှ မတိုင်လို့နော်။ သူကသာ တိုင်ချက်ဖွင့်ရင် ကျွန်တော်တို့က ခင်ဗျားကို အခုချက်ချင်း ဖမ်းကြဖို့ပဲ'

'အောင်မယ်လေး၊ မလုပ်ကြပါနဲ့ရှင်'

ဒေါ်ရင်ရင်က ရဲအုပ် ကိုတင်ထွေး၏ ဖမ်းစကားကြောင့် မျက်ဆန်သလဲဝင်ပြောလိုက်၏။

'စိတ်ချပါ အမား။ ကျွန်တော် မတိုင်ပါဘူး။ ဆရာ့ကို စိတ်မဆိုးပါဘူး'

ခင်မောင်ရင်က ဘာမျှမပြောတော့။ သူသည် ကောင်းကောင်း ခံနေရပြီဖြစ်၏။ သူက မပိုင်ဘဲနှင့် သွားလုပ်လျှင် သူပဲခံရမည်။ မနေ့ညက မင်းခေါင်တစ်ယောက်တည်း ကားနှင့်ထွက်သွားခြင်းမှာ ဤသတ္တဝါ ဆူလတန်၏ ကိစ္စကိုသွား၍ ဖြေရှင်းခြင်းပင် ဖြစ်ပေမည်။





သို့ဖြင့် သူသည် မိခင်နှင့် အဒေါ်ကြားမှပင် ထိုင်းမှိုင်းလေးကန်စွာနှင့် အားဆီသို့ လျှောက်သွားသည်။ အိမ်ရှေ့ရောက်တော့ သူ့စိတ်ထဲတွင် မျိုသိပ်မထားနိုင်သည့် ပြဿနာတစ်ခုကို ပြောလိုက်မိပြန်သည်။

'ကျွန်တော်တို့ ဦးခမ်းလုံနဲ့ တိုက်ရိုက် သွားတွေ့ကြရင် မကောင်းဘူးလား။ အင်းယားမြိုင်ဟိုတယ်မှာ သူရှိမှာပဲ'

'အောင်မယ်လေးလေး၊ မလုပ်ပါနဲ့ဗျာ။ ကျွန်တော်တို့ အားလုံး အလုပ်ပြုတ်ပြီး စိတ်ရောဂါကုဆေးရုံကို ရောက်ကုန်ကြပါ့မယ်'

ရဲအုပ်ကိုတင်ထွေးက ကြောက်အားလန့်အား တောင်းပန်လိုက်ပြီး အမျိုးသမီးများဘက်သို့ လှည့်ကာ –

'ကဲ ဒေါ်ဒေါ်တို့ ပြန်ကြပေတော့။ သူ့ကို ဒေါ်ဒေါ်တို့လက် အပ်လိုက်ပြီ။ ဒါပေမဲ့ ရှေ့မှာ ဒါထက် ဆိုးဆိုးဝါးဝါးတွေ ဖြစ်လာရင်တော့ ကျွန်တော်တို့ဟာ ဘာဝန်ရှိသလို ဘယ်သူ့ကိုမဆို အရေးယူရပါလိမ့်မယ်'

ရဲအုပ် ကိုတင်ထွေးက တည်ငြိမ်လေးနက်စွာ ပြောလိုက်ပြီးနောက် သူ့ကားကို အရင် မောင်းထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၄

ခင်မောင်ရင်တို့မိသားစု အိမ်ပြန်ရောက်သောအခါတွင် ညနေ ၃ နာရီခွဲပြီးနေပြီ ဖြစ်၏။ ခင်မောင်ရင်သည် တစ်လမ်းလုံး စဉ်းစားလာသော်လည်း ဘာမျှ တိကျသည့် အဖြေတစ်ခုမှ မရရှိသဖြင့် အိမ်ရောက်ရောက်ချင်း ရေအရင်တန်းချိုးသည်။ သည်တော့မှ သူသည် အတော်ကလေး လန်းဆန်းသွားသည်။ ထို့နောက် ကြက်ဥကြော် နှစ်လုံးနှင့် ကော်ဖီခါးခါးတစ်ခွက်ကို သောက်လိုက်ပါသည်။ ဤအခါတွင် သူက အတော်ကလေး အားရှိသွားသည်။ ယမန်နေ့ညစာနှင့် ယနေ့ နံနက်စာတို့ကို မစားရသေးသော်လည်း သူက ထမင်းစားချင်စိတ်တော့မရှိပါ။ ဗိုက်ထဲသို့ ကော်ဖီပူပူ ဆင်းသွားသောအခါတွင် သူသည် စီးကရက်တစ်ဘူးနှင့် မီးခြစ်ကိုယူကာ အိမ်ရှေ့ ဝရန်တာသို့ ထွက်ခဲ့သည်။ ထို့နောက် ပက်လက်ကုလားထိုင်တစ်လုံးတွင် ထိုင်၍ ဥယျာဉ်တွင်းသို့ ကြည့်မိသည်။ သူသည် အဆောက်အဦပုံစံတစ်ခု ရေးဆွဲ ထုတ်လုပ်ရာတွင် အထစ်အငေါ့တစ်ခုရှိနေလျှင် လည်းကောင်း၊ အခက်အခဲတစ်ခု ရှိနေလျှင် လည်းကောင်း ဥယျာဉ်တွင်းရှိ ပန်းရွက် ပန်းခက် ပန်းဖူး ပန်းပွင့်များကို ကြည့်၍





သူ့ခေါင်းကို အေးမြစေပါသည်။

ခင်မောင်ရင်တို့အိမ်သည် တောက်ထော်တွင်ရှိသည်မို့ ခြံမြေနေရာက ကျယ်ဝန်းလှပါသည်။ စိုက်လိုသော သစ်ပင်များကို စိုက်နိုင်ရန် မြေလုံလောက်စွာ ရှိပါသည်။ ခင်မောင်ရင်ကိုယ်တိုင် စိုက်ထားသော အပင်ပေါင်းများစွာရှိပြီး သူ့အပင်များကို အရိပ်တကြည့်ကြည့် ရှိနေတတ်ပါသည်။ အထူးသဖြင့် သူက အရှင်အသန်မြန်သော အပင်များကို သဘောကျသည်။ ကနေ့ မှတ်သားထားသည်များ မနက်ဖြန် ပြောင်းလဲသွားလျှင် သူက ကျေနပ်မဆုံးရှိသည်။ ယမန်နေ့ မနက်က အစေ့ပြူစရှိနေသော မြပုလဲဖူးကြီးသည် ယနေ့ပွင့်ကားလျက်ရှိပေပြီ။ မြပုလဲ၏ အပွင့်သည် ယုန်ကလေးတစ်ကောင် ဝပ်နေသည်နှင့် တူလှ၏။ ယုန်ဖြူဖြူလေး ပေါ်တွင် မြက်ပင်စိမ်းစိမ်းများ တင်နေသလို မြစိမ်းနွယ်များ ထွေးယှက်နေသည်။

ဤသို့ဖြင့် သူက စီးကရက်သုံးလိပ် ကုန်သွားပြီဖြစ်၏။ သူ၏ ဦးနှောက်များလည်း တော်တော်ကလေး ကြည်လင်အေးမြလာပြီ ဖြစ်၏။ သည်တော့မှ သူက ယမန်နေ့ညကနှင့် ယနေ့နံနက်ပိုင်း အဖြစ်ဆိုးများကို ခေါင်းထဲပြန်ထည့်လိုက်သည်။ ပြီးတော့ သူ့အကန့်နှင့်သူ ခွဲခြမ်းစိတ်ဖြာ ကြည့်သည်။ အပိုင်းအစ တစ်ခုနှင့်တစ်ခုကို ဆက်စပ်ကြည့်သည်။ ကြားထဲတွင် ပြတ်နေသော ကွင်းဆက်ကို ဖြည့်ကြည့်သည်။

အခြေအနေ အရပ်ရပ်ကို အားလုံးခြုံ၍ စဉ်းစားကြည့်လိုက်သောအခါတွင် ဤအဖြစ်ဆိုးများ၏ အဓိကဇာတ်ကောင်သည် ကျောက်ဘီလူး ဖြစ်နေတော့၏။ အကယ်၍ ကျောက်ဘီလူးကသာ ဦးခမ်းလုံတို့ လူစုအား တစ်ပတ်မရိုက်ခဲ့လျှင် ဤအဖြစ်ဆိုးများသည် ပေါ်ပေါက်လာကြမည် မဟုတ်ချေ။ ယင်းသို့ဆိုလျှင် သူသည် ဦးခမ်းလုံတို့နောက်သို့ လောလောဆယ် ခြေရာကောက်၍ မလိုက်နိုင်သေးလျှင် ကျောက်ဘီလူးနောက်သို့ လိုက်ခြင်းသည် အမှန်ကန်ဆုံးဖြစ်မည် မဟုတ်လော။ သို့ရာတွင် ကျောက်ဘီလူးသည် မည်သူနည်း၊ ကျောက်ဘီလူး နောက်သို့ မည်သို့ ခြေရာခံမည်နည်း။

ခင်မောင်ရင်သည် စီးကရက်မီးခိုးများကိုဖြတ်၍ မြပုလဲပန်းကြီးကို ငေးစိုက်ကြည့်နေပြန်၏။ ဟိုနားဒီနားမှ လေပြည်လေညင်းကလေးများသည် သူ့ထံသို့ ခပ်ဖြည်းဖြည်း လာရောက်လျက်ရှိကြသဖြင့် သူ့မှာ နေသာထိုင်သာလည်း အတော် ရှိနေပါသည်။

မင်းခေါင်တို့လူစုသည် ကျောက်ဘီလူးကိုဖမ်းရန် ရေဇလူမှ အသင့်စောင့်နေကြခြင်းဖြစ်၏။ သူ့ကားကိုလည်း အခြားသူတစ်ဦး၏ ကားတစ်စီးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခိုးယူ၍ ရေဇလာသို့ပင် ကျော်ထွန်းက ယူဆောင်၍လာ၏။ ဤသို့ဆိုလျှင် သူတို့သည် ခင်မောင်ရင်ဆိုသူအား ကျောက်ဘီလူးအမည်ခံ လူတစ်ဦးဟု ယူဆနေကြခြင်း မဟုတ်ဘဲ ရုပ်ချင်းဆင်၍ လူမှားခြင်းသာ ဖြစ်ပေမည်။ ၎င်းပြင် သူတို့က ရေဇလာမှ အကျအန စောင့်ဆိုင်းနေခြင်းကို ထောက်ချင့်၍ ကျောက်ဘီလူးသည် ရေဇလာနှင့် တစ်နည်းမဟုတ်တစ်နည်း အဆက်အသွယ် ရှိရပေမည်။ ရေဇလာသို့ မကြာခဏ လာရောက်တတ်သူသော်လည်းကောင်း၊ သို့မဟုတ် ရေဇလာ ဟိုတယ်တွင် တည်းခိုနေသူသော်လည်းကောင်း၊ သို့မဟုတ် ရေဇလာမှ လူတစ်ဦးဦးနှင့် ပတ်သက်သူသော် လည်းကောင်း ဖြစ်ရပေမည်။ ဤသို့ဆိုသော် ထိုအချက်များ အနက်မှ အမှန်တစ်ခုရအောင် ရွေးပေးနိုင်မည့် နည်းလမ်းမှာ ဤနေရာမှ မှန်းဆကြည့်၍မရ။ ရေဇလာသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ စုံစမ်းကြည့်လျှင် အနည်းဆုံး သဲလွန်စ တစ်ခုခုတော့ တွေ့ရှိနိုင်ပေမည်။

ယင်းသို့ အကြံရရှိလာသောအခါတွင် ခင်မောင်ရင်၏ ခြေလက်များသည် ဖေါ့ပါးသွက်လက်၍လာလေသည်။ သူက ယခုချက်ချင်းပင် ရေဇလာ ဥယျာဉ်ဟိုတယ်သို့ သွားရန် ဆုံးဖြတ်လိုက်သည်။ သူ့မိခင်နှင့် အဒေါ်သည် သူ၏ အရိပ်အကဲကို စောင့်ကြပ်ကြည့်ရှုနေကြသည်ဖြစ်၍ ဘဲလ်အဲယားကားကို ယူသွား၍ မဖြစ်။ ဥယျာဉ်ထဲတွင် လမ်းလျှောက်ရင်းနှင့် သူတို့အလစ်တွင် ခြံစည်းရိုးကို ကျော်၍ ထွက်သွားရမည်။ ခြံဝန်းအပြင် ရောက်လျှင်ကား ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေး အဓိကမဏ္ဍိုင်ဖြစ်သော သုံးဘီးကားများကိုပင် အားကိုးရပေမည်။

ခင်မောင်ရင်သည် မြပုလဲပန်းကြီးကို ဆင်းကြည့်ရင်းနှင့် လူကြီးနှစ်ဦး၏ အလစ်တွင် ဝင်းထရံကိုကျော်၍ ထွက်ခဲ့ရသောအလုပ်မှာ မလွယ်ကူလှသော်လည်း သိပ်ခက်ခဲပင်ပန်းသော အလုပ်တစ်ခုလည်း မဟုတ်ချေ။ သူက လမ်းပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက်ဝင် အဆင်သင့်တွေ့သော သုံးဘီးကားတစ်စီးပေါ်သို့ ခုန်တက်လိုက်ပြီး ရေဇလာသို့ မောင်းခိုင်းပါသည်။

လမ်းတစ်ဝက်လောက်ရောက်မှ သူ၏ ၃၈–ဘို့ သေနတ်ကို ယူလာရန် မေ့လာကြောင်း သတိရတော့၏။ သို့ရာတွင် ပြန်ယူနေ၍ မဖြစ်နိုင်တော့သဖြင့် တွေ့သည့် အန္တရာယ်ကို ဖြစ်သည့်နည်းဖြင့် ရင်ဆိုင်မည်ဟု ဆုံးဖြတ်ကာ ရေဇလာသို့ အရောက်သွားခဲ့ရတော့သည်။

ရေဇလာသို့ ရောက်ရှိသွားတော့ လေးနာရီကျော်နေပြီဖြစ်၏။ သို့ရာတွင် ဥယျာဉ်အတွင်း နေရောင်သမ်းလျက်ရှိနေသေးပြီး မှောင်ရိပ် မပျိုးသေးသဖြင့်





လူစည်ကားသေးချေ။ ဥယျာဉ်အတွင်း၌ လူစည်ကားသည်မှာ ညနေ ငါးနာရီကျော် ခြောက်နာရီလောက် ကျမှသာ ဖြစ်၏။ လူစည်သည် ဖြစ်စေ၊ မစည်သည်ဖြစ်စေ သူက ဥယျာဉ်အတွင်းသို့သွားရန်မဟုတ်ဘဲ ဟိုတယ်အဆောက်အဦ အတွင်းသို့ ဝင်ရန်သာ ဖြစ်၏။

ခင်မောင်ရင်သည် ရေဇလာသို့ အကြိမ်များစွာ ရောက်ဖူးသော်လည်း ဥယျာဉ်တွင်းသို့ဖြတ်ပြီး အဆောက်အဦတွင်းသို့ကား တစ်ကြိမ်တစ်ခါမျှပင် မရောက်ဖူးချေ။ ယခုတစ်ကြိမ်တွင်တော့ သူသည် ကျောက်ဘီလူးကို ရှာဖွေရန်အတွက် ဟိုတယ်အဆောက်အဦကြီး၏ ရှေ့တံခါးမကြီးဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားလေ၏။ လှေခါးထစ် သုံးထစ်ပေါ်သို့ သူတက်မိသောအခါတွင်ကား တံခါးဝမှ အသင့်စောင့်ဆိုင်းနေသော ဘွိုင်တစ်ယောက်က သူဝင်သာအောင် မှန်တံခါးကြီးကို ခွဲဖွင့်ပေးလိုက်သည်။ သူက ခြေလှမ်းမှန်မှန်ဖြင့် လျှောက်ဝင်သွားသည်။

အထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက် သူသည် သိမ့်ခနဲ အေးမြသွားပါသည်။ ပြင်ပရာသီဥတုနှင့် ခြားနားအောင် လေအေးစက်ဖြင့် ပြုပြင်ပေးထားခြင်း ဖြစ်ပေသည်။ သူက ခမ်းနားကြီးကျယ်သော ခန်းမကြီးကို ခြေလှမ်းမပျက် တစ်ချက်ရှု ဝေ့ကြည့်လိုက်ပြီးနောက် အရက်ချင်ပေးသော ကောင်တာစွန်းတွင်ရှိသည့် စားပွဲဆီသို့ လျှောက်သွားပါသည်။ သူသည် နေ့လယ် နေ့ခင်းစာ စားသောက်နေကြသော စားပွဲများမှ လူများကို ဖျတ်ခနဲ ကြည့်လိုက်သော်လည်း သူနှင့်တူ၍ ကျောက်ဘီလူး ဖြစ်နိုင်သည့် လူကို လည်းကောင်း၊ မင်းခေါင်တို့လူစုကို လည်းကောင်း မတွေ့မြင်ရချေ။ ၎င်းပြင် သူသိသော ဘွိုင်များကိုလည်း မတွေ့ရချေ။ ဥယျာဉ်တွင်းနှင့် ဟိုတယ်တွင်း တာဝန်ကျသော ဘွိုင်များသည် တခြားစီ ဖြစ်ဟန်ရှိ၏။ ကောင်တာစွန်း စားပွဲ၏ တစ်ဖက်တွင်ကား အထက်ထပ်သို့တက်သော လှေကားကြီးတစ်ခု ရှိ၏။ တည်းခိုခန်းများ ရှိပေမည်။ ကောင်တာစွန်းစားပွဲ၏ နောက်ဘက်တွင် အခန်းတစ်ခု ရှိပြီး "မန်နေဂျာ" ဟု ဆိုင်းဘုတ် ချိတ်ထားသည်။ ဤအခါတွင်မှ ကောင်တာစွန်း စားပွဲပေါ်တွင် "လက်ထောက် မန်နေဂျာ" ဟု စာတန်းထိုးထားသော သစ်သားတုံး ကလေး တစ်ခုရှိသည်ကို သူက သတိပြုလိုက်မိ၏။

လက်ထောက်မန်နေဂျာဟူသော အမှတ်အသားရှိသည်နှင့်အညီ ယင်း စားပွဲသည် ခမ်းနားလှပါပေသည်။ ရောမ ကျွန်းစားပွဲကြီးပေါ်တွင် သက္ကလပ်တ် အစိမ်းကြီး ခင်းထားသည်။ ယင်းစားပွဲ၏ဘေးတွင် စားပွဲကလေး နှစ်လုံးရှိသည်။ တစ်လုံးကား ဂဏန်းတွက်စက်နှင့် အမျိုးသမီးတစ်ဦး၊ တစ်လုံးက လက်နှိပ်စက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ဦး၊ ပြီးတော့ လက်ထောက်မန်နေဂျာ ဆိုသူကလည်း လှပသော အမျိုးသမီးကလေးပင် ဖြစ်ချေသည်။ သူမ၏ရှေ့တွင် အပြင်နှင့် ဆက်သွယ်သော တယ်လီဖုန်း၊ ဟိုတယ်တွင်း ဆက်သွယ်သော တယ်လီဖုန်းတို့ရှိ၏။ သူမ၏ စာစ်ဖက်ဆားတွင် ဗီရိုတစ်လုံးရှိ၏။ ဗီရို၏ အထက်ဆင့်သည်ကား ထားစရာ မဟုတ်ဘဲ ချိတ်စရာသာ ဖြစ်၏။ သံချောင်းကလေးများ စိုက်ထားပြီး သံချောင်းများ အောက်တွင် အစဉ်လိုက်နံပါတ်များ ရေးသားထား၏။ ယင်းသံချောင်းများအနက် တချို့တွင် သော့တွဲများ ချိတ်ထား၏။

စားပွဲအနီးသို့ ခင်မောင်ရင် ရောက်သွားသောအခါတွင် လက်ထောက်မန်နေဂျာဖြစ်သော အမျိုးသမီးသည် သိမ်မွေ့စွာပြုံး၍ သူ့အား သော့တွဲတစ်ဖွဲ့ကို ဖြုတ်ပေးလိုက်သည်။

'ဦးကျောက်ဘီလူးက အခုပဲ ထွက်သွားပြီး အခုပဲ ပြန်လာတော့ တစ်ခုခုဝ မေ့နေလို့လား။ ဒါမှမဟုတ် နေမကောင်းလို့များလားရှင်။ တကယ်လို့ နေမကောင်း ဘူးဆိုရင်တော့ ဟိုတယ်ဆရာဝန်ဆီ ကျွန်မ တယ်လီဖုန်းဆက်လိုက်မယ်'

ခင်မောင်ရင်သည် သူမ လှမ်းပေးသော သော့တွဲကို လက်ထဲတွင် ဆုပ်ကိုင်ထားရင်း ခဏမျှကြောင်နေပြီးမှ သူ့အား ကျောက်ဘီလူးဟု ခေါ်ဝေါ်လိုက်သောအခါ တွင် ကြက်သီးမွေးညင်းများ ထသွား၏။ ထို့နောက်မှ သတိဝင်လာကာ –

'အို ကျွန်တော်ဘာမှ မဖြစ်ပါဘူး။ နေကောင်းပါတယ်။ ယူစရာလေး တစ်ခုရှိလို့ ပြန်လာတာပါ' ဟု အလိုက်သင့်ပြောဆိုပြီးနောက် အနည်းငယ်မျှ နောင့်နှေးမနေဘဲ ဓာတ်လှေကားမှနေ၍ အပေါ်ထပ်သို့ တက်သွားရလေတော့၏။ လှေကားသုံးလေးထစ်လောက် နင်းမိသောအခါတွင် လက်ထဲမှသော့တွဲကို ကြည့်လိုက်မိ၏။ သော့နှစ်ချောင်းနှင့် ပလတ်စတစ်အဝိုင်းပြားလေးတစ်ခုကို တွေ့ရ၏။ ပလတ်စတစ်အဝိုင်းပြားပေါ်တွင် ၁၃–ဟူသော နံပါတ်ကို တွေ့ရ၏။ ဤကား ကျောက်ဘီလူး၏ အခန်းတည်း။ သော့နှစ်ချောင်းအနက် တစ်ချောင်းသည် အခန်းသော့ဖြစ်ပြီး၊ ကျန်တစ်ချောင်းသည် အခန်းတွင်းရှိ ဗီရိုတစ်ခုခု၏သော့ ဖြစ်ရပေမည်။ လက်ထောက်မန်နေဂျာသည် သူ့အား ကျောက်ဘီလူး အဖြစ်နှင့် မှတ်ယူကာ အခန်းသော့ကို ပေးလိုက်ချေပြီ။

သူ ဘာလုပ်ရချေမည်နည်း။

ဤအတိုင်းဆိုလျှင် သူသည် ကျောက်ဘီလူးဆိုသူနှင့် ရုပ်ချင်းခွဲမရ အောင် တူသည်မှာ သေချာနေပေပြီ။ ဝတ္ထုတွေထဲမှာ ဖတ်ရသလို၊ ရုပ်ရှင်တွေထဲမှာ





ကြည့်ရသလို သူနှင့်ကျောက်ဘီလူးသည် နို့စို့အရွယ်က ကွဲကွာသွားကြသော အမြွှာညီအစ်ကိုများ ဖြစ်နေချေမည်လား။ သူ ငယ်ငယ်က သူ၏ဖခင် တွယ်လွန် သွားသည် ဆိုခြင်းမှာပင် ဟုတ်မှဟုတ်ပါ၏လော။ လင်မယား နှစ်ယောက် ကွဲသွား ရာတွင် သူတို့ညီအစ်ကိုသည် တစ်ယောက်က မိခင်နှင့်ပါသွားပြီး တစ်ယောက်က ဖခင်နှင့်ပါသွားသလော၊ စသည်ဖြင့် ခင်မောင်ရင်၏ အတွေးများသည် ရှုပ်ထွေးလာ တော့၏။ ထို့ကြောင့် သူက ဆက်လက်၍ မတွေးတော့ဘဲ လတ်တလောပြဿနာကိုသာ ဖြေရှင်းလိုက်၏။

ကျောက်ဘီလူးသည် တကယ်ရှိသော လူတစ်ယောက်ဖြစ်သည်။ သူနှင့် တူသည်။ ရေဇလာဟိုတယ် အခန်း နံပါတ် ၁၃–တွင် နေထိုင်လျက်ရှိသည်။ ယခု အလောလောဆယ် အပြင်သို့သွားနေသည်။ သူ့အခန်းတွင် မည်သူမျှမရှိ။ သူ ဘယ် အချိန်ပြန်လာမည်မသိ။ သို့ရာတွင် ဟိုတယ် လက်ထောက်မန်နေဂျာက ခင်မောင်ရင်အား အခန်းသော့အပ်လိုက်လေပြီ။ သူကလည်း ယင်းသော့ကို လက်ထဲတွင်ဆုပ်ကိုင်လျက် အခန်းနံပါတ် ၁၃–သို့ သွားရောက်လျှက်ရှိပေပြီ။

သူ ဘာလုပ်ရချေမည်နည်း။

ကျောက်ဘီလူးအစစ် ပြန်ရောက်လာသည်အထိ စောင့်ဆိုင်းနေပြီး အခြေ အနေ အရပ်ရပ်ကို ဖြေရှင်းရမည်လော။ သို့မဟုတ် ကျောက်ဘီလူး၏ အခန်းတွင်းသို့ ဝင်ရောက်ပြီး သဲလွန်စတစ်ခုခုကို ရှာဖွေရမည်လော။ အကယ်၍ အခန်းထဲတွင် သူရှိနေစဉ် ကျောက်ဘီလူး ပြန်ရောက်လာလျှင် အဘယ်သို့ လုပ်ရချေမည်နည်း။ သူက လှေကားထစ်များ ကုန်ဆုံး၍ အထက်ထပ် ရောက်သည်အထိ ဘာတစ်ခုကိုမျှ အတိကျကျ မဆုံးဖြတ်ရသေးချေ။ သူ့ကိုယ်သူ မလုံမလဲ ဖြစ်နေ၏။ မကြာခဏ နောက်သို့ လှည့်ကြည့်မိ၏။ သော့ကိုင်ထားသော လက်များသည် မသိမသာ လှုပ် နေကြ၏။ သူ့လည်ချောင်းထဲတွင် တစ်ဆို့ဆို့ကြီးရှိနေပြီး ချောင်းဆိုးချင်သလိုလို၊ ရေသောက်ချင်သလိုလို ရှိနေ၏။

သူသည် ကျယ်ဝန်းသော စင်္ကြံကြီးအတိုင်း လျှောက်သွားလျက်ရှိ၏။ သူတစ်ယောက်တည်းဖြစ်၏။ စင်္ကြံ တစ်ဖက်တစ်ချက်တွင် အခန်းများရှိ၏။ အခန်းများ အားလုံးသည် ပိတ်လျက်ရှိ၏။ အထဲတွင် လူရှိချင်ရှိမည်၊ မရှိချင်နေမည်။ အချို့အခန်းများ အတွင်းမှာတော့ လှုပ်ရှားသံများ ကြားရသည်ဟု ထင်၏။ သူက အခန်းနံပါတ်များကိုကြည့်ရင်း လျှောက်သွားနေသည်။ လက်ဝဲဘက်မှ အခန်းတံခါး တစ်ခုမှာမူ မစေ့တစေ့လေး ဟနေသည်။ သူက မသိမသာ စောင်းကြည့်လိုက်ရာ

သတင်းစာဖတ်နေသော နိုင်ငံခြားသားတစ်ဦးကို တွေ့ရ၏။ စကြံအဆုံးလောက်တွင် ကန့်လန့်ဖြတ် စကြံတစ်ခုရှိသည်ကို တွေ့ရ၏။

ရုတ်တရက်ဆိုသလို ကန့်လန့်ဖြတ်စကြံမှ အမျိုးသမီးတစ်ဦး ထွက်လာသည်။ အသက် ၄၀–ကျော်အရွယ် ကရင်မကြီးတစ်ဦးဖြစ်၏။ အကျႌ အဖြူ ထဘီ အစိမ်းနှင့်မို့ ဟိုတယ်အလုပ်သမားတစ်ဦး ဖြစ်ပေမည်။ ခင်မောင်ရင်သည် ယင်း အမျိုးသမီးကို မြင်တွေ့လိုက်ရတော့ ရုတ်တရက်မို့ လန့်သွားသည်။ သို့ရာတွင် ထိုအမျိုးသမီးကမူ သူ့အခြေပျက်သွားခြင်းကို သတိထားမိပုံ မပေါ်ချေ။ သူမက သူ့အား ဖော်ရွေစွာပြုံး၍ နှုတ်ဆက်လေသည်။ သူကလည်း မတတ်သာတော့၍ ပြန်ပြုံးလိုက်ရသည်။

သူတို့နှစ်ယောက်သည် အခန်းတစ်ခုရှေ့တွင် မျက်နှာချင်းဆိုင်မိပြီး ရပ်သွားကြသည်။ ခင်မောင်ရင်က ဘေးသို့ အမှတ်တမဲ့ကြည့်လိုက်ရာ အခန်းနံပါတ် ၁၃–ဖြစ်နေသဖြင့် ထိုအမျိုးသမီးကြီးအား ကွေ့ကျော်မသွားဘဲ နေရာတွင် ရပ်နေလိုက်မိသည်။ သူ့ကိုယ်သူပင် ကျေးဇူးတင်မိတော့၏။

'မနက်ဖြန်မနက်ကျရင် ဆရာဦးကျောက်ဘီလူးရဲ့ အခန်းမှာ ဘာပန်းတွေများ လဲပေးစေချင်သလဲရှင်'

'မြပုလဲပန်း'

သူက လွှတ်ခနဲပြောလိုက်မိပြီးမှ မှားသွားမှန်းသိသည်။ မြပုလဲပန်းသည် ရှား၍ တန်ဖိုးကြီးလှသည်။

'မြပုလဲပန်းက ရန်ကုန်မှာ သိပ်ရှားတယ်။ ဒါပေမဲ့ ဆရာ သဘောကျမယ်ဆိုရင်တော့ ဒေါ်မြင့်မြင့်ကြည်ကို ပြောကြည့်ပါဦးမယ်'

နာမည်တစ်ခု တိုးလာပြန်၏။ သို့ရာတွင် ဒေါ်မြင့်မြင့်ကြည် ဆိုသည်မှာ လက်ထောက်မန်နေဂျာ၏ နာမည်ဖြစ်လိမ့်မည်ဟု ခင်မောင်ရင်က ခန့်မှန်းလိုက်၏။ အရေးကြီးသည်မှာ ကရင်မကြီးကလည်း သူ့အား ကျောက်ဘီလူး အဖြစ် အသိအမှတ် ပြုနေခြင်းပင်။

ကရင်မကြီးသည် ခပ်ယို့ယို့အမူအရာဖြင့် သူ့အား ကွင်းကာ ဖြတ်ကျော်သွားပြီး ရပ်လိုက်ပြန်သည်။ ထို့နောက် ခင်မောင်ရင်အား ခြေဆုံးခေါင်းဆုံး ကြည့်နေလေသည်။

'ဩော် စောစောက ဆရာထွက်သွားတုန်းက တိုက်ပုံအကျႌအနက်၊ ဘန်ကောက်လုံချည် အစိမ်းနဲ့လားလို့ ကြည့်နေတာပါ'





သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သူက ယခု တိုက်ပုံအကျႌ အဝါဖျော့ ...ဘ လုံချည် အညိုရင့်ရင့်နှင့် ဖြစ်သည်။

'မနေ့ကနဲ့ ရောနေလို့ ဖြစ်ပါလိမ့်မယ်။ ဘန်ကောက်လုံချည် ဝတ်တာက ...့ကပါ'

ခင်မောင်ရင်က ခပ်တည်တည်နှင့် ဖြေလိုက်သည်။ ကရင်မကြီးက ...င်းညိတ်လိုက်သည်။

'ဟုတ်ပါလိမ့်မယ်။ ကျွန်မလဲ အသက်ကြီးလာတော့ သတိ သိပ်မကောင်း ...ဘူး'

ကရင်မကြီးက သူမကိုယ်သူမ အပြစ်တင်၍ ထွက်သွားလေ၏။ သူက ...ရင်မကြီး တော်တော်ဝေးသွားစေရန်အလို့ငှာ အခန်းတံခါးသော့ကို မဖွင့်သေးဘဲ ...ရက်တစ်လိပ်ကို မီးညှိလိုက်၏။ ပြီးတော့မှ အခန်းသော့ကို ဖွင့်လိုက်သည်။ ... ထင်သည့်အတိုင်းပင် ပထမဆုံး အသုံးပြုကြည့်သော သော့သည် မှားနေ၍ ...ကိုယအချောင်းကို ပြောင်း၍ အသုံးပြုရ၏။

တံခါးပွင့်သွားသောအခါတွင် သူက ဟိုဟိုဒီဒီ ကြည့်လိုက်ပြီးနောက် ...န်းတွင်းသို့ လျင်မြန်စွာ ဝင်လိုက်၏။ အထဲသို့ ရောက်သောအခါတွင် တံခါးကို ...တွင်းဘက်မှနေ၍ ပြန်သော့ခတ်ထားလိုက်သည်။

တစ်ယောက်ခန်း ဖြစ်သော်လည်း အတော်ကလေး ကျယ်ဝန်းသည်။ ...တင့်တစ်လုံး၊ ဗီရိုတစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် ပြတင်းပေါက် ...စ်ပေါက်ရှိသည်။ ခင်မောင်ရင်က ပထမဆုံး စာရေးစားပွဲသို့သွား၍ အပေါ်တွင် ...င်ထားသော စာအုပ်သုံးအုပ်ကို ကြည့်သည်။ စုံထောက်ဝတ္ထုများ ဖြစ်သည်။ ...အုပ်ကြားတွင် ဘာမျှမရှိ။ အံဆွဲနှစ်ခုကို ဖွင့်ကြည့်သည်။ ဘာမျှ စိတ်ဝင်စားဖွယ်ရာ ...တွေ့ရ။ သာမန် အသုံးအဆောင်ပစ္စည်းများသာ ဖြစ်၏။ သို့ဖြင့် သူက မတ်ရပ် ...ကြီးကို ဖွင့်ကြည့်သည်။ အဝတ်အစားများရှိသည်။ သံလွန်စဖြစ်နိုင်သည့် ပစ္စည်း ...ရှိ။ ခုတင်အောက်တွင် သားရေသေတ္တာတွေ့ရှိ၍ ဆွဲထုတ်ပြီး ဖွင့်လိုက်သည်။ ...အနှင့် မလွတ်ကင်းသည့် ပစ္စည်းလုံးဝမရှိ။ ခေါင်းဦးအောက်၊ အိပ်ရာအောက် ...သည်တို့တွင် လှန်လှောကြည့်သည်။ ဦးခမ်းလုံနှင့် ပက်သက်သော၊ အဆက် ...သွယ်ပြုသော ပစ္စည်းဟူ၍ ဘာမျှ မတွေ့ရ။

ယင်းအခိုက်တွင် အပြင်ဘက်မှ ခြေသံကြားရသည်။ လှေကားထိပ်ဆီမှ ...လာနေသော ခြေသံဖြစ်သည်။ သူက ခဏငြိမ်၍နေသည်။ ခြေသံသည် တဖြည်း

www.burmeseclassic.com



ဖြည်း ပို၍နီးလာသည်။ နောက်ဆုံးတွင် ခြေသံသည် သူ့အခန်းတံခါးဝတွင် ရပ်သွားသည်။ ခက်ကပြီ။ ကျောက်ဘီလူးပြန်လာပြီလော။ သို့မဟုတ် မှင်းခေါင်တို့အထဲမှ တစ်ယောက်လော။ တစ်ယောက်ယောက်တော့ တစ်ယောက်ယောက်ပင်။

မကြာမီ တံခါးခေါက်သံ ထွက်ပေါ်လာသည်။ ခင်မောင်ရင်က တံခါးခေါက်သံ မထဲင်။ သူ့အား လျှုဂ်ါသေနတ်နှင့် ပစ်နေပြီဟု ထင်သည်။ ပထမတော့ လူမရှိယောင်ဆောင်နေမည်ဟု အောက်မေ့မိ၏။ ဒုတိယ ပြတင်းပေါက်မှ ထွက်ပြေးရကောင်းမလားဟု စဉ်းစား၏။ တတိယကျမှ သူ ဤအခန်းသို့ လာခြင်းကပင် ကျောက်ဘီလူးအား တွေ့ရန်လည်းကောင်း၊ ဦးခမ်းလုံတို့ လူစုကို ခြေရာခံမိရန်လည်းကောင်း ဖြစ်သည်ကို ပြန်လည်အမှတ်ရသဖြင့် စိတ်ကိုတင်းကာ တံခါးကို ဖွင့်လိုက်သည်။

အပေါက်ဝတွင် ဟိုတယ် အလုပ်သမားတစ်ယောက် ရပ်နေသည်။ ကုလားမဟုတ်ချေ။ မြန်မာဖြစ်သည်။ သို့ရာတွင် ဟိုတယ်ဝတ်စုံနှင့်ပဲ ဖြစ်သည်။ သူ့လက်နှစ်ဖက်ပေါ်တွင် သတင်းစာ စက္ကူပြောင်းတစ်ရွက်ခံ၍ အကျီတွေ တစ်ထပ်ကြီး ပါလာသည်။ လျှော်ဖွပ်ရန်ပေးထားသော ကျောက်ဘီလူး၏ အဝတ်များကို ပြန်ပို့ခြင်းဖြစ်ဟန်တူသည်။ သူက အဝတ်များကိုလှမ်းယူပြီး တံခါးကို ပိတ်လိုက်မည် ရှိစဉ် –

'ဆရာ ဘာထပ်ပေးဦးမလဲ'

'မနက်ဖြန်မှ ပေးမယ်ကွာ'

'ဟုတ်ကဲ့ ဆရာ'

ဟိုတယ် အလုပ်သမားက ကျိုးနွံစွာပြော၍ ထွက်သွားသည်။ သူက တံခါးကို ပြန်ပိတ်လိုက်သည်။ ထို့နောက် အဝတ်ထပ်ကြီးကိုကိုင်၍ အတန်ကြာငေးငိုင်နေမိသည်။ ဤအဝတ်များသည် ကျောက်ဘီလူး၏ အဝတ်များ ဖြစ်ကြသည်။ သူက တစ်ခဏချင်းမှာပင် စိတ်ကူးတစ်ခုရမိသည်။ ထို့ကြောင့် ကျောက်ဘီလူး၏ အဝတ်များကို ခုတင်ပေါ် ချထားလိုက်ပြီးနောက် သူ၏ တိုက်ပုံအကျီနှင့် ရှပ်အကျီကို ချွတ်လိုက်သည်။

ပြီးတော့ ဟိုတယ်အလုပ်သမား လာပို့သွားသော ကျောက်ဘီလူး၏ ရှပ်အကျီလက်ရှည်တစ်ထည်ကို ဝတ်ကြည့်လိုက်သည်။ အနည်းငယ်ကျပ်၍ လက်တိုသည်။ သို့ဖြင့် ကျောက်ဘီလူးသည် သူနှင့် ရုပ်ချင်းအတော်တူသော်လည်း သူ့ထက် ကိုယ်လုံးအနည်းငယ်သေး၍ လက်တံ တစ်လက်မခန့် တိုကြောင်း တွေ့ရှိ





သည်။ ထို့နောက် သူက အဝတ်ဗီရိုဆီသို့ လျှောက်သွားသည်။ စောစောကဗီရိုအလယ်ထပ်တွင် ဘောင်းဘီရှည်များကို မြင်မိသည်။ သူက သက္ကလတ်ဘောင်းဘီတစ်ထည်ကို ယူ၍ ဝတ်ကြည့်လိုက်သည်။ ကျပ်သည်။ နှစ်လက်မခန့်တိုသည်။ သို့ဖြင့် ကျောက်ဘီလူးသည် သူ့ထက် ကိုယ်လုံး ကိုယ်ထည် အနည်းငယ်သေး၍ မဆိုသလောက် အရပ်နိမ့်ပေလိမ့်မည်။ သူတို့နှစ်ယောက် ယှဉ်၍ ရပ်နေလျှင် ကွဲမည် ဖြစ်သော်လည်း တစ်ယောက်စီဆိုလျှင်ကား လူချင်းမှားနိုင်ပေသည်။

ခင်မောင်ရင်သည် ကျောက်ဘီလူး၏ အဝတ်များကိုချွတ်၍ သူ့အဝတ်များကို ပြန်ဝတ်လိုက်သည်။ ထိုစဉ်မှာပင် တံခါးခေါက်သံ ပေါ်ထွက်လာပြန်သည်။ ဤတစ်ကြိမ်တွင်တော့ သူက နှောင့်နှေးမနေတော့ဘဲ ချက်ချင်းပင် တံခါးဖွင့်ပေးလိုက်သည်။ စောစောက ဟိုတယ်အလုပ်သမားပင် ဖြစ်သည်။ သူ့လက်ထဲတွင် လက်ကိုင်ပဝါသုံးထည်ပါသည်။

'ခုဏက မေ့ကျန်ခဲ့လို့ ဆရာ'

'ခင်ဗျား ကျွန်တော့်ကို သိသလား' ခင်မောင်ရင်က လက်ကိုင်ပဝါများကို လှမ်းယူရင်း ရုတ်တရက် မေးလိုက်သည်။

သူ့မေးခွန်းကြောင့် ဟိုတယ်အလုပ်သမားသည် အူကြောင်ကြောင် ဖြစ်သွားသည်။

'သိ သိတာပေါ့ ဆရာ'

'ဒါဖြင့် ကျွန်တော် ဘယ်သူလဲ'

ဟိုတယ်အလုပ်သမားသည် ပါးစပ်ကြီးပြဲ၍ မျက်လုံးကြီးပြူးကာ သူ့အား စိုက်ကြည့်နေ၏။ ဒီလူ စိတ်မနှံ့သေးရဲ့လားဟူသော အကြည့်မျိုး ဖြစ်၏။

'ပြောလေဗျာ'

ခင်မောင်ရင်က စိတ်မရှည်သည့် အမူအရာဖြင့် ငေါက်ဆတ်ဆတ် ထိုက်တွန်းလိုက်၏။

'ဆရာ၊ ဆရာ ဦးကျောက်ဘီလူး'

'ဟုတ်ပြီ၊ သွားတော့'

သွားတော့ဆိုသည်နှင့် တစ်ပြိုင်နက် ထိုသူသည် တစ်ကြိုးတည်း လစ်ထွက်တော့သည်။ သူသည် အလုပ်မှ ခွင့်တစ်လခန့် ယူကောင်းယူပေလိမ့်မည်။

ခင်မောင်ရင်က တံခါးကို ပြန်ပိတ်လိုက်ပြီး ဘာလုပ်ရလျှင် ကောင်းမည်နည်းဟု စဉ်းစားနေမိပြန်၏။ ကျောက်ဘီလူးဆိုသူကိုကား ခြေရာကောက်မိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မလွဲမသွေပင် ဤဟိုတယ်၊ ဤအခန်းသို့ ပြန်လာရွှေလိမ့်မည်။ ခင်မောင်ရင်က သူ့ကို ဤအခန်းထဲမှပင် အိပ်၍ စောင့်နေရမည်လား။ သို့မဟုတ် ရေဇလာဟိုတယ်နှင့် မလှမ်းမကမ်းမှနေ၍ စောင့်နေရမည်လား။ သူက ဒုတိယ စိတ်ကူးကို သဘောကျမိသည်။ ဟိုတယ်နှင့် မလှမ်းမကမ်းမှနေ၍ စောင့်နေခြင်းသည် ကျောက်ဘီလူး၏ အဝင်အထွက်ကိုသာမက ဦးခမ်းလုံတို့၏ လှုပ်ရှားမှုကိုလည်း တွေ့မြင်နိုင်ပေလိမ့်မည်။

ယခုလောက်ဆိုလျှင် ဦးခမ်းလုံတို့သည် သူတို့ မနေ့ညက ဖမ်းမိသူသည် ကျောက်ဘီလူးအစစ် မဟုတ်မှန်းသိရှိပြီး အစစ်ကိုဖမ်းဆီးရန် ထပ်မံကြိုးစားကောင်း ကြိုးစားပေလိမ့်မည်။ ယခုလောက်ဆိုလျှင်ပင် မင်းခေါင်တို့လူစု ဟိုတယ်အောက်ထပ်သို့ ရောက်ချင်ရောက်နေပေလိမ့်မည်။ သူ့အဖို့ ဤနေရာမှ မြန်မြန်ခွာနိုင်လေ အကျိုးရှိလေပင် ဖြစ်၏။

ခင်မောင်ရင်က အခန်းတွင်းမှ ကပျာကယာ ထွက်မည်ရှိစဉ်တွင် သူ၏မျက်လုံးများသည် အခန်းထောင့်တစ်နေရာတွင် တစ်စုံတစ်ခုကို မြင်မိလေသည်။ သူက ချက်ချင်းပင် ထိုနေရာသို့သွား၍ ထိုအရာကို ကောက်ယူကြည့်ရှုလိုက်သည်။ တစ်ပိုင်းတစ်စ မီးလောင်ထားသော ဓာတ်ပုံတစ်ခု ဖြစ်သည်။ ဓာတ်ပုံထဲတွင် လူတစ်စုကို တွေ့ရသည်။ ၎င်းတို့မှာ ဦးခမ်းလုံ၊ လက်မရွှံ့ မင်းခေါင်၊ ဓားထွန်းစိန်၊ လက်ဝါးစောင်း ကျော်ထွန်းနှင့် သူ မသိသော လူတစ်ယောက်၏ပုံ ဖြစ်သည်။ သူ မသိသောသူသည် ကျောက်ဘီလူးတော့ မဖြစ်နိုင်ချေ။ အကြောင်းမူ ထိုသူသည် သူနှင့် မတူသောကြောင့်တည်း။ သို့ရာတွင် ခင်မောင်ရင်အား အထူးစိတ်ဝင်စားစေသည်မှာ ထိုသူစိမ်းတစ်ဦးမဟုတ်ဘဲ သူတို့ငါးဦးရပ်၍ စကားပြောနေရာနောက်ရှိ အဆောက်အဦကြီးပင် ဖြစ်၏။ ယင်းအဆောက်အဦကား အခြားမဟုတ်ပေ။ ပြည်နယ်အရာရှိကြီးများ ဆွေးနွေးပွဲသို့ တက်ရောက်ရင်း ဦးခမ်းလုံ တည်းခိုနေသည်ဆိုသော အင်းယားမြိုင် ဟိုတယ်ပေတည်း။ ဦးခမ်းလုံသည် ကြေးစား လူမိုက်သုံးဦး၊ အခြားအမည်မသိသူတစ်ဦးနှင့် စကားပြောနေစဉ်တွင် ဓာတ်ပုံ အရိုက်ခံလိုက်ရခြင်း ဖြစ်၏။ ကျောက်ဘီလူးက ရိုက်ယူထားခြင်းလည်း ဖြစ်နိုင်၏။ ဓာတ်ပုံထဲတွင် ကျောက်ဘီလူး ပါမနေခြင်းကြောင့် ဖြစ်၏။ ဤဓာတ်ပုံ ကျောက်ဘီလူးထံတွင် ရှိနေမှန်းသိလျှင် ဦးခမ်းလုံအဖို့ အန္တရာယ်ကြီးတစ်ခုက အမြဲတမ်း အရိပ်ထိုးနေခြင်းပင် ဖြစ်၏။

သို့ရာတွင် ဤပုံကို မည်သူက မီးရှို့၍ ကျောက်ဘီလူးက အဘယ်ကြောင့်





ဤကဲ့သို့ ပေါ့ပေါ့တန်တန် ပစ်ထားရသနည်းဟူသည်ကိုမူ သူက မစဉ်းစားအားတော့ချေ။

မည်သို့ပင်ဖြစ်စေ ခင်မောင်ရင်အဖို့ကား ဤဓာတ်ပုံကို ရရှိခြင်းသည် ကြီးမားသော သက်သေခံ အထောက်အထားကြီးတစ်ခုကို ရရှိခြင်းပင်ဖြစ်၏။ ပြည်နယ်အရာရှိကြီး ဦးခမ်းလုံဆိုသူ တည်းခိုရာဟိုတယ်ရှေ့တွင် ကြေးစား လူမိုက်များနှင့်အတူ ရပ်နေသည်ကို သက်သေပြနိုင်ခြင်းကပင် သူ့အဖို့ တစ်ပန်းသာရခြင်း ဖြစ်စေတော့၏။ သူက ဤဓာတ်ပုံကို လက်နက်အဖြစ် အသုံးပြု၍ ဦးခမ်းလုံတို့ကို ရင်ဆိုင်နိုင်ပေပြီ။

ယင်းကြောင့် သူသည် ကျောက်ဘီလူးကို ဟိုတယ်အနီးမှ စောင့်ဆိုင်းနေရန်ဟူသော မူလအကြံအစည်ကို စွန့်လွှတ်၍ အင်းယားမြိုင်သို့ လိုက်သွားကာ ဤဓာတ်ပုံကိုပြပြီး ဦးခမ်းလုံနှင့် စာရင်းရှင်းရန် ပြင်ဆင်ဆုံးဖြတ်လိုက်၏။

ခင်မောင်ရင်သည် ဓာတ်ပုံကို အတွင်းအင်္ကျီအိတ်ထဲသို့ ထည့်လိုက်ပြီးနောက် အခန်းထဲမှ ထွက်ခဲ့သည်။ အခန်းတံခါးကို သေချာစွာပိတ်၍ အောက်ထပ်သို့ ဓာတ်လှေကားဖြင့် ဆင်းသွားသည်။ လက်ထောက်မန်နေဂျာကို အခန်းသော့အပ်ပြီးနောက် ရေဇလာဟိုတယ်အတွင်းမှ ပေါ့ပါးလွတ်လပ်စွာ ထွက်ခဲ့လေသည်။

ဟိုတယ်အပြင်သို့ ရောက်သောအခါတွင် ညနေငါးနာရီ ထိုးနေပြီဖြစ်၏။ သူက ခဏမျှ စောင့်ဆိုင်းနေရပြီးနောက် ရေဇလာသို့ လူတစ်စု စီးလာသော သုံးဘီးကားဖြင့် အင်းယားမြိုင်သို့ ထွက်ခဲ့လေတော့သည်။ ဤတစ်ချီတွင်တော့ ဦးခမ်းလုံတို့ ခံရမည့်အလှည့်ဟု သူ့စိတ်ထဲမှ ကြုံးဝါးထားလေသည်။

သို့ရာတွင် သူ၏နောက် မင်းခေါင်တို့လူစု နောက်ယောင်ခံ၍ လိုက်ပါနေသည်ကိုကား ခင်မောင်ရင်ခမျာ လုံးဝမရိပ်မိရှာပါချေ။ မင်းခေါင်တို့၏ စကိုဒါကားပြာကလေးသည် ခင်မောင်ရင်၏ သုံးဘီးကားနောက်မှ တစ်လျှောက်လုံး မျက်ခြည်ပြတ်မခံဘဲ လိုက်ပါသွားနေ၏။ မင်းခေါင်သည် နောက်ယောင်ခံသည့်နေရာတွင် ကျွမ်းကျင်လှသူတစ်ဦးပမာ သူ့ကားနှင့် ခင်မောင်ရင်၏ သုံးဘီးကားအကြားတွင် အမြဲတမ်း မော်တော်ကားနှစ်စီးလောက် ခြားထား၏။ ဤသို့ဖြင့် ခင်မောင်ရင်နှင့် မင်းခေါင်တို့လူစုသည် အင်းယားမြိုင်ဟိုတယ်သို့ ညနေငါးနာရီနှင့် ဆယ့်ငါးမိနစ်လောက်တွင် ရှေ့ဆင့်နောက်ဆင့် ရောက်ရှိသွားကြလေသည်။

ခင်မောင်ရင်သည် ဦးခမ်းလုံနှင့် တွေ့လိုဇောကြီးနေပြီ ဖြစ်ခြင်းကြောင့် ပတ်ဝန်းကျင်ကို သတိထားကြည့်ရှုခြင်းပင်မပြုတော့ဘဲ အင်းယားမြိုင် ဟိုတယ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ခပ်သုတ်သုတ် လျှောက်ဝင်သွားလေ၏။

အင်းယားမြိုင်သည် ရေဇလာ ဟိုတယ်ကဲ့သို့ အမှောင်စိုးဝါး၊ မြက်ခင်းပြင် ရှုမျှော်ကြားမှုမျိုးမရှိသော်လည်း ရန်ကုန်မြို့၏ ထိပ်တန်းဟိုတယ်တစ်ခုပင် ဖြစ်သည်။ အစားအသောက်နှင့် အပြုအစု ဆက်ဆံရေး ကောင်းမွန်သည်။ သန့်ပြန့်၍ တိတ်ဆိတ်ငြိမ်သက်သည်။

စုံစမ်းရန်ဟူသော ဆိုင်းဘုတ်ကလေး၏ နောက်ကွယ်မှ အမျိုးသမီး ငယ်ငယ်ထံသို့ သူက ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားသည်။ အမျိုးသမီးက သူမ၏နှုတ်ခမ်းကို စုချွန်၍ ပြုံးထားသည်။

'ဘာကိစ္စပါလဲရှင်'

'ကျွန်တော် ဦးခမ်းလုံနဲ့ တွေ့ချင်လို့ပါ'

'ဟုတ်ကဲ့၊ သူ အခုပဲ ဆွေးနွေးပွဲက ပြန်ရောက်လာပါတယ်။ သူတွေ့နိုင်မယ် မတွေ့နိုင်မယ်ဆိုတာကို ကျွန်မ မေးကြည့်ဦးမယ်။ ဘယ်သူက တွေ့ချင်တယ်လို့ ပြောရမလဲရှင်'

ခင်မောင်ရင်က ရုတ်တရက် ပြန်မဖြေ။ သူက ဘယ်အမည်ကို ပြောရမည် မှန်းသည်။ အမည်ရင်းကိုပဲ ပြောရမည်လား၊ ကျောက်ဘီလူးဟု ပြောရမည်လား။ သူ့စိတ်ထဲက ဆုံးဖြတ်ချက်မချရမီတွင် အဖြေသည် ပါးစပ်မှ အလိုလို ထွက်သွားသည်။

'ခင်မောင်ရင်၊ ဗိုသုကာ'

'ကောင်းပါပြီရှင်'

အမျိုးသမီး၏ ဖော်ရွေမှုက ပိုလွန်းသည်ဟု သူက ထင်လိုက်သည်။ သို့ရာတွင် ဤအချိန်မျိုးမှာပင် သူ့ရင်ထဲ၌ လေအေးအေး ဝှေ့လိုက်သလို ရှိသည်။ သူက အမျိုးသမီး၏ အလှအပကို ဆက်လက်ငေးမောနေစဉ်တွင် သူမက အဆောက် အဦတွင်းပြောသော တယ်လီဖုန်းဖြင့် အဆက်အသွယ် ပြုလုပ်နေလေသည်။ တစ်ဖက်မှ ပြန်ပြောသည်ကို မကြားရသော်လည်း သူမကမူ သူ့နာမည်ကို နှစ်ကြိမ် ခန့် ပြန်ပြောနေသည်။ ထို့နောက် တယ်လီဖုန်းကို ချလိုက်သည်။

'ခဏစောင့်နေပါရှင်။ သူ အခုပဲ ဆင်းလာခဲ့ပါမယ်တဲ့။ ဟိုမှာ ထိုင်ပါ'

အမျိုးသမီးက သူ့အား မျက်လုံးကစားရင်း အခန်းထောင့်ရှိ ဆိုဖာ တစ်လုံးကို ညွှန်ပြလိုက်သည်။ သည်တော့မှ သူက သတိပြုမိသည်။ ကိစ္စရှိ၍ ခေတ္တခဏ ရောက်လာသော ဧည့်သည်များအတွက် နေရာများ သီးသန့် စီစဉ်





ထားသည်။ ယင်း ဧည့်သည်များနှင့် ဟိုတယ်သို့ လာရောက် စားသောက်သူတို့၏ အဖွဲ့များကို လိုက်ကာစိမ်းစိမ်းဖြင့် အကာအရံ ရှိသည်မှ ဆိုရုံသာ ကာရံထား သည်။

ခင်မောင်ရင်က ဆိုဖာပေါ်တွင်ထိုင်ရင်း မျက်နှာမူနေသော ကျွန်းလှေကား ကြီးဆီမှ မျက်လုံးများကို ရုပ်သိမ်း၍ ကန့်လန့်ကာစိမ်း၏ အတွင်းပိုင်းသို့ အမှတ် တမဲ့ ကြည့်လိုက်သည်။ သူနှင့် အနီးဆုံးစားပွဲတွင် နိုင်ငံခြားသား ဇနီးမောင်နှံ နှစ်ယောက်နှင့် ကလေးသုံးယောက်ရှိသည်။ အသားဖြူဖြူ ဆံပင်နီနီနှင့် ကောင် လေးသုံးယောက်သည် ရေခဲမုန့်များကို ပလုတ်ပလောင်း စားနေကြသည်။ ထို အဖွဲ့၏ တစ်ဖက်စားပွဲတွင်ကား သတင်းထောက်တစ်စုသည် လူကြီးတစ်ယောက် အား အမျိုးမျိုးသော မေးခွန်းများကို ထုတ်လျက်ရှိ၏။ သူတို့သည် ရင်းနှီးသော အလှူရှင်တစ်ဦးကို တစ်စုံတစ်ခု အကျေးဇူးပြုဆိုမှုနှင့် မရပ်တန့်သေးဘဲ သတင်းများ အစ်အောက်နေကြခြင်း ဖြစ်သည်။ သူတို့၏ဘေးတွင် ချထားသော ကင်မရာများ သည် ရုံဖန်ရံခါ ဒုံးပျံလက်နက်ကြီးများထက်ပင် အစွမ်းထက်တတ်လေသည်။ ထင်းသဘောတရား မှန်ကန်ကြောင်းကို ခင်မောင်ရင်သည် မကြာမြင့်မီမှာပင် ကြုံတွေ့ရလေသည်။

သူက ဟိုတယ်အတွင်း ကိုယ့်ဝိုင်းနှင့်ကိုယ် စကားပြောနေကြသူများအား လျှင်မြန်စွာ အကဲခတ်လိုက်ပြီးနောက် ဖော်ရွေသော အမျိုးသမီးကလေးကို ပြန်၍ ကြည့်နေမိပြန်တော့၏။

သူက စုချွန်သော နှုတ်ခမ်းကလေးကိုကြည့်၍ လှမိုးညိုအား သတိရ သလို ရှိနေစဉ် ဟိုတယ်အထက်ထပ်မှ ဆင်းလာသော ခြေသံပြင်းပြင်းကို ကြားရ သဖြင့် ဦးခမ်းလုံပဲဟု ခေါင်းမော့၍ ကြည့်လိုက်သည်။ သို့ရာတွင် ဘွတ်ဖိနပ်ကြီးနှင့် အမေရိကန်တစ်ယောက် ဖြစ်နေသည်။ ထို့ကြောင့် သူက စုံစမ်းရန်နေရာသို့ ပြန်၍ အာရုံစွဲလိုက်ပြန်သည်။ အမျိုးသမီးကြီးက တံခါးမကြီးမှ ဝင်လာသူ တစ်သိုက်ကို ကြည့်လိုက်၍ သူလည်း ရော၍ကြည့်လိုက်သည်။ တရုတ်အမျိုးသား၊ အမျိုးသမီး သုံးလေးဦးဖြစ်သည်။ တံခါးမကြီးသည် မျက်နှာချင်းဆိုင် ထိုင်နေသော သူတို့ နှစ်ယောက်နှင့် ဘေးတိုက်ဖြစ်သည်။

လှေကားမှ ခြေသံကြားရပြန်၍ တရုတ်များကိုထားခဲ့ပြီး လိုရာအရပ်သို့ ကြည့်လိုက်ပြန်သည်။ ရှမ်းအမျိုးသားကြီး တစ်ဦးဖြစ်သော်လည်း ယမန်နေ့ညက သူ့အား ဒုက္ခပေးခဲ့သော ဦးခမ်းလုံကား မဟုတ်သေးချေ။ ဤ ရှမ်းကြီးမှာ တကယ့်



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းသား ရှမ်းစစ်စစ်ကြီးဖြစ်၏။ ခေါင်းပေါင်းကြီးနှင့် ဖြစ်၏။ သို့ရာတွင် သူ တွေ့ချင်သူမဟုတ်သဖြင့် ယင်းရှမ်းအမျိုးသားအား ဆက်လက်လေ့လာ မနေတော့ဘဲ နှုတ်ခမ်းချွန်အပြုံးကလေးအား တိတ်တခိုးငေးမောနေမိပြန်သည်။

ခေါင်းပေါင်းညိုညို၊ တိုက်ပုံနက်နက်၊ ဘောင်းဘီထုံးခြောက်ရောင်နှင့် ရှမ်းအမျိုးသားကြီးသည် နှုတ်ခမ်းချွန်မကလေး အနီးသို့ ချဉ်းကပ်လာပြီး တစ်စုံတစ်ခုကို မေးမြန်းလိုက်၏။ အမျိုးသမီးကလေးက ခင်မောင်ရင့်ထံ လက်ညှိုးထိုးပြလိုက်သည်။ သို့ဖြင့် ရှမ်းအမျိုးသားကြီးက သူ့ထံသို့ လျှောက်လာသဖြင့် ခင်မောင်ရင်က ငေးကြောင်၍ ကြည့်နေမိသည်။

'ကျွန်တော့်ကို တွေ့ချင်လို့ဆို'

ရှမ်းအမျိုးသားကြီးက မေးလိုက်သည်။

'ခင်ဗျာ'

ခင်မောင်ရင်က လွှတ်ခနဲ ရေရွတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

'မိတ်ဆွေက ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတဲ့ ခင်မောင်ရင်ပဲ မဟုတ်လား'

'ဟုတ် ဟုတ်ကဲ့၊ ဦးက'

'ဟုတ်ပါတယ်။ ကျွန်တော်က ဦးခမ်းလုံပါပဲ။ ဦးခင်မောင်ရင်က ကျွန်တော်နဲ့ ဘာကိစ္စရှိလို့ပါလဲ'

ခင်မောင်ရင်က ချက်ချင်းပင် အခြေအနေအရပ်ရပ်ကို ရိပ်စားမိလိုက်သည်။ အမှန်အားဖြင့်တော့ ယမန်နေ့ညက သူ့အား ညှဉ်းပန်းနှိပ်စက်ခဲ့သော မင်းခေါင်တို့၏ ဆရာသည် ဦးခမ်းလုံအစစ်မဟုတ်ဘဲ အတုတစ်ယောက်သာ ဖြစ်ကြောင်း သိရှိမိလေတော့၏။ ဤအတိုင်းဆိုလျှင် မင်းခေါင်တို့လူစုသည် ဦးခမ်းလုံ၏ နာမည်နှင့် နေအိမ်ကိုအသုံးပြု၍ ကျောက်ဘီလူးဆိုသူအား ဖျောက်ဖျက်ရန် ကြံစည်အားထုတ်ကြသော လူဆိုးများသာဖြစ်၏။ ကျောက်ဘီလူးအား အသေသတ်၍ ဦးခမ်းလုံအပေါ်၌ အပြစ်ပုံချရန် အကွက်ဆင်ကြခြင်းသာ ဖြစ်၏။ ဤအတိုင်းဆိုလျှင် ဦးခမ်းလုံသည် အပြစ်ကင်းစင်သူ တစ်ဦးဖြစ်၏။ ထို့ကြောင့် သူက အဖြစ်မှန်များကို ယုံယုံကြည်ကြည်နှင့် ပြောပြသင့်သည်ဟု ယူဆပြီး ရေဇလာမှ ရရှိလာသော ဓာတ်ပုံကို ထုတ်၍ အရင် ပြလိုက်၏။

'သူတို့ကို ဦးခမ်းလုံ သိသလား'

ဦးခမ်းလုံသည် ခင်မောင်ရင်၏ လက်မှ ဓာတ်ပုံကိုယူ၍ ကြည့်လိုက်၏။





ဦးခမ်းလုံသည် ဓာတ်ပုံကိုကြည့်ရင်း မျက်လုံးကြီး ပြူးကျယ်လာသဖြင့် ခင်မောင်ရင်က ဓာတ်ပုံကိုထပ်မံ၍ ကြည့်လိုက်ရာ လူငါးဦးအနက် သူမသိသော လူတစ်ဦးသည် သူ့ရှေ့တွင် ရပ်နေသော ဦးခမ်းလုံအစစ် ဖြစ်နေသည်ကို အံ့ဩစွာ တွေ့ရှိရလေ၏။

ဦးခမ်းလုံသည် ဓာတ်ပုံကိုကြည့်၍ မျက်လုံးကြီး ပြူးနေရာမှ ပါးစပ်ကြီး ဟသွားပြီး ခင်မောင်ရင်၏အပေါ်သို့ ယိမ်းထိုးကျလာတော့၏။ ဦးခမ်းလုံသည် ဓာတ်ပုံကိုမြင်ရသဖြင့် စိတ်ချောက်ချားပြီး မူးဝေကျလာခြင်းဟုယူဆပြီး ခင်မောင်ရင်က ဆီး၍ ဖက်ထားလိုက်လေ၏။ ယင်းသို့ ဖက်လိုက်သောအခါမှာပင် ဦးခမ်းလုံ၏ နောက်ကျော၌ တစ်စုံတစ်ခု စူးဝင်လျက် ရှိသည်ကို တွေ့ရသဖြင့် ကြည့်လိုက်သောအခါ ဓားတစ်ချောင်း ဖြစ်နေ၏။ သူက ဓားကို ဆွဲနှုတ်လိုက်သောအခါတွင် ထွန်းစိန်၏ ဓားစူးကလေး ဖြစ်နေသည်ကို အံ့ဩစွာတွေ့ရှိရ၏။ သူက ဓားကို လက်မှကိုင်ရင်း တံခါးပေါက်ဆီသို့ ကြည့်လိုက်သောအခါတွင် သုတ်ခနဲ ထွက်ပြေးသွားသော ဓားထွန်းစိန်ကို ရိပ်ခနဲ မြင်လိုက်ရ၏။

ယင်းအဖြစ်အပျက်မှာ လျှပ်ပြက်လိုက်သည်နှယ် လျင်မြန်လှ၏။ လူတစ်ယောက်၏ လဲကျသံမျိုးကြား၍ ကြည့်လိုက်သောအခါတွင် ဦးခမ်းလုံ၏ ကျောတွင်စိုက်နေသော ဓားမြှောင်ကို ဆုပ်ကိုင်ထားသည့် ခင်မောင်ရင်အား တွေ့မြင်ရသဖြင့် နှုတ်ခမ်းစုစုချွန်သည် ငယ်သံပါအောင် အော်လိုက်လေ၏။ သူမ၏ အော်သံကြောင့် အနီးအနားတွင် ရှိသူများသာမက ကန့်လန့်ကာ ခန်းဆီး၏ နောက်ဘက်တွင် အေးအေးလူလူ စားသောက်နေကြသူများလည်း အခင်းဖြစ်ပွားရာသို့ ပြေးထွက်လာကြ၏။

ခင်မောင်ရင်သည် သွေးအိုင်ထဲ၌ အလျားမှောက်၍ လဲကျနေသော ဦးခမ်းလုံ၏ဘေးတွင် ဒူးထောက်လျက် သူ့လက်ထဲမှ ဓားကိုတစ်လှည့်၊ ဝိုင်းလာသော လူအုပ်ကြီးကိုတစ်လှည့်ဖြင့် နှစ်ပြန်သုံးပြန်ကြည့်နေမိတော့၏။ အဖြစ်အပျက်များမှာ မြန်ဆန်လွန်းလှသဖြင့် သူက ဘာလုပ်ရမှန်းမသိဘဲ မှင်တက်မိနေခြင်း ဖြစ်၏။

သို့ရာတွင် ဤလိုအမှုအခင်းများကို လိုက်လံရှာဖွေနေပြီး ဤလို အခွင့်အရေးမျိုးကို မည်သည့်အခါတွင်မျှ လက်လွှတ်မခံတတ်သော ဓာတ်ပုံ သတင်းထောက်များသည် သွေးအိုင်ထဲတွင်လဲနေသော ဦးခမ်းလုံနှင့် ဘေးတွင် ဒူးထောက်၍ ဓားကိုင်ထားသော ခင်မောင်ရင်၏ ဓာတ်ပုံကို တဖျပ်ဖျပ်နှင့် အရအမိ ရိုက်ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့၏။

မီးရောင်ပြာပြာများ လက်လာပြီး ကင်မရာရှပ်တာသံများ တဂျောက်ဂျောက်ကို ကြားရသောအခါတွင်မှ ခင်မောင်ရင်သည် ဘေးဥပဒ်အန္တရာယ်ဆိုးတစ်ခုနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်းကို သိ၍ သတိရလာတော့ကာ မားကို ပစ်ချလိုက်ပြီး လူအုပ်ကြီးကို အတင်းထိုးဖောက်၍ ဟိုတယ်အပြင်ဘက်သို့ အတင်းထွက်ပြေးလေတော့၏။

ဝိုင်း၍ ကြည့်နေသော ပရိသတ်ကြီးမှာလည်း မမျှော်လင့်သော၊ ကြောက်မက်ဖွယ်ရာကောင်းလှသော မြင်ကွင်းတစ်ခုကို တွေ့ရှိနေရသဖြင့် သူ့အား ဘယ်လိုမှ ဖမ်းဆီးတားမြစ်ခြင်း မပြုလိုက်နိုင်ကြတော့ပါပေ။

ခင်မောင်ရင်သည် ဟိုတယ် အပြင်ဘက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အသင့်တွေ့ရသော သုံးဘီးကားတစ်စီးပေါ်သို့ ခုန်တက်လိုက်လေသည်။ သူက လောလောဆယ် လူသတ်သမားအဖြစ်နှင့် ဖမ်းဆီးခံရမည့်ဘေးမှ လွတ်မြောက်ခဲ့ပြီဖြစ်သော်လည်း ဦးခမ်းလုံသည် လူသားတစ်ယောက် အဖြစ်နှင့် တည်ရှိနေခြင်းအဆုံးသို့ ရောက်သွားပြီဖြစ်သလို သူသည်လည်း ခင်မောင်ရင်အဖြစ်နှင့် တရားဝင်တည်ရှိခြင်းအဆုံးသို့ ရောက်ခဲ့ရပြီတည်း။

ပို၍ တိတိကျကျဆိုရလျှင် တရားဝင်အဖြစ်နှင့် တည်ရှိနေခြင်း၊ အဆုံးသို့ရောက်ရခြင်းသည် ဝရမ်းပြေးတစ်ယောက်အဖြစ် သန္ဓေတည်ခြင်းအစပေတည်း။

သူသည် လူသတ်သမား။ သူသည် ဝရမ်းပြေး။ သူသည် နောက်ဘာဖြစ်ဦးမည်နည်း။

၃။ ။ ပပဝန်းအဖြစ် / ၁

တိခင်းသည် အချိန်နောက်ကျမှ ရုတ်တရက် ထွက်ပေါ်လာသည်။ စောစောတော့ မိုးနှောင်းမိုးကျန်တွေကို အကုန်ပဲ ရွာချတော့မလိုလို အုံ့အုံ့ ဆိုင်းဆိုင်းနေသည်။ မိုးတိမ်နိမ့်နိမ့်များ မှိုင်းမနေသော်လည်း နက်ရှိုင်းသော တစ်ဖက်ဟာပြင်ကိုကား အခိုးအငွေ့များ လှိုင်းကြက်ခွပ်ထနေသည်။

တစ်ညလုံး အိပ်မောကျနေသော ကမ္ဘာမြေအပြင်သည် အိပ်ရာမှနိုးလူးကာ နိုးလာပြီဖြစ်သော်လည်း ကြည်ကြည်လင်လင်မရှိဘဲ မစင်ကြယ်သောအလင်းရောင်ဖြင့်သာ တင်းတိမ်၍နေခဲ့ရ၏။ သို့ရာတွင် မည်သူကမျှ မကျေမနပ်ရောင့်မရဲရှိမနေနိုင်ဘဲ ကိုယ့်ကိစ္စ၊ ကိုယ့်လုပ်ငန်း၊ ကိုယ်ပြဿနာ ပြီးမြောက်ပြေလည်ရေးအတွက် ထသူကထရသည်။ လုပ်ငန်း စသူကစရသည်။ ခရီးသွားသူက သွားရသည်။ ကိုယ့်တွင် အကြောင်းကိစ္စမရှိ၍ အိပ်ရာထဲတွင် နောက်ဆုံးအိပ်မက်ကို အကြည်အနူးဖြစ်စေ၊ အလန့်တမောဖြစ်စေ မက်နေနိုင်ကြသော်လည်း မလွဲသာရှောင်သာနိုင်သူများကတော့ လမ်းပေါ်တွင် လည်းကောင်း၊ ရုံဌာနတွင်

www.burmeseclassic.com



လည်းကောင်း၊ ဆေးရုံတွင် လည်းကောင်း၊ သင်္ဘောဆိပ်တွင် လည်းကောင်း ဘူတာရုံတွင် လည်းကောင်း နှစ်ဆယ့်လေးနာရီ ယောက်ယက်ခတ်နေကြသည်။ ညမိုးချုပ်ကြီးမှာလည်း ရှိနေကြသည်။ နံနက်အစောကြီးမှာလည်း ရှိနေကြသည်။ အိပ်ရေးပျက်သည်၊ အိပ်ရေးမဝသည်၊ အိပ်ချင်မူးတူးဖြစ်သည်တို့ကို သူတို့ဂရုမပြု နိုင်။ မိုးအုံ့၍ အလင်းရောင် မပြည့်ဝသည်ကို သူတို့ အမှတ်မထားနိုင်။

နေရောင်ခြည်ဝင်းပနေ၍ ရန်ကုန်ဘူတာကြီးရှေ့မှ မြက်ခင်းပြင်ဝင်းပ နေသည်ကိုလည်း အာရုံစိုက်လို့ မနေနိုင်။ ခြေကျင်သော်လည်းကောင်း၊ ယာဉ် အမျိုးမျိုးဖြင့်သော်လည်းကောင်း လာသူတို့က လာနေကြ၏။ ပြန်သူတို့က ပြန်နေ ကြ၏။ ဘူတာရုံ အဆောက်အဦထဲတွင် အချို့ကတန်းစီ၍ လက်မှတ်ဝယ်နေကြ ၏။ အချို့က မှာကြ ကြားကြ နှုတ်ဆက်ကြနှင့် စကားပြော၍ မဝနိုင်ရှိနေသည်။ သည်အထဲတွင် သယ်၍ပိုး၍ အထုပ်အထည် ပစ္စည်းပစ္စယများကို နေရာချထားနေ ကြသူများလည်း ရှိသည်။

သို့ရာတွင် ထိုနေ့နံနက်ခင်း ဂုန်းခနဲထွက်ပေါ်လာသည်ကို လန့်ဖျပ် သွားသူ တစ်ဦးရှိသည်။ သူကတော့ ဥပဒေဘောင်အတွင်း တည်ရှိခြင်း အဆုံးသို့ ရောက်ရှိနေသော ခင်မောင်ရင်ပင် ဖြစ်သည်။

ယမန်နေ့ညက ရန်ကုန်မြို့၏ ရဲဌာနအသီးသီးမှ တာဝန်ကျနေသူများ သည် ပြည်နယ်အရာရှိများ ဆွေးနွေးပွဲသို့ တက်ရောက်နေသည့် အထက်တန်း အုပ်ချုပ်ရေးအရာရှိ တစ်ဦးဖြစ်သော ဦးခမ်းလုံတစ်ယောက် အင်းယားမြိုင် ဟိုတယ်တွင် ဓားဖြင့် ထိုးသတ်ခံရခြင်းအတွက် တရားခံကို အလျင်အမြန် ဖမ်းဆီး ရမိရန်အတွက် ဘောက်ထော်ရှိ ခင်မောင်ရင်၏အိမ်ကို လည်းကောင်း၊ မြို့ထဲရှိ အလုပ်တိုက်ကိုလည်းကောင်း၊ သူ၏ဆွေမျိုးဉာတိများ အိမ်ကိုလည်းကောင်း၊ ရင်းနှီး ခင်မင်သူများ အိမ်ကိုလည်းကောင်း ဝိုင်းဝန်းရှာဖွေကြသော်လည်း အရိပ်သဏ္ဌာန် ကိုကား မတွေ့ရှိကြရပေ။ ညတွင်းချင်းထွက်သော ရထားများ၊ သင်္ဘောများ၊ ကား များကို ရပ်တန့်ရှာဖွေကြသော်လည်း ဆင်တူယိုးမှားမှ မတွေ့ရှိကြရပေ။

ခင်မောင်ရင်သည် အပုန်းအခို အရှောင်အတိမ်း ကျွမ်းကျင်လွန်းလှ၍ တော့မဟုတ်။ သူက အင်းယားမြိုင်မှ ခြေလှမ်းအမှားမှား အသက်ရှူ အယွင်းယွင်း ဖြင့် ထွက်ပြေးလာခဲ့ပြီး သုံးဘီးကားပေါ်သို့ အရောက်တွင် ဘယ်သို့သွားရမှန်း မသိဘဲ သူ့စိတ်ထဲတွင် စွဲနေသော ထင်းရှူးမြိုင်သို့မောင်းရန် ပါးစပ်မှ လွှတ်ခနဲ ပြောလိုက်မိ၏။ ပြီးတော့မှ သူက အဘယ်အရပ်သို့ သွားနေမိမှန်း သိရှိပြီး





နှံလှုပ်ချောက်ချားသွား၏။ သုံးဘီးကားသမားကို အခြားတစ်နေရာသို့ မောင်းခိုင်း ဖို့ စိတ်ကူးမိ၏။ သို့ရာတွင် မည်သည့်နေရာသို့ မောင်းခိုင်းရမည်မှန်း စဉ်းစား၍ ရသဖြင့် သည်လိုနှင့်ပင် နောက်ဆုံး နေဝင်ရီတရောတွင် ထင်းရှူးမြိုင်သို့ ဘယအကြိမ် ရောက်ရှိသွား ပြန်တော့၏။

သူက ကျွန်းတံခါးကြီးပေါ်မှ ခလုတ်ဖြူဖြူကလေးကို ရင်တုန် ပန်းတုန် ချုံးခုန်ခုန်ဖြင့် သုံးကြိမ်နှိပ်လိုက်သည်။ သည်ိအခြေအနေ ရောက်မှတော့ ဘာကြီးပဲ ဖြစ် ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်ထား၏။ ဦးခမ်းလုံအတုနှင့် မင်းခေါင်တို့လူစု ထင်းရှူးမြိုင်မှာ ပြန်၍ လူစုကောင်း စုကြပေမည်ဟု သူက တွက်ဆမိ၏။ သူတို့နှင့် ရင်ဆိုင်တွေ့ရလျှင် တစ်နည်းမဟုတ် တစ်နည်းနှင့်တော့ ပြဿနာများ ပြီးပြတ်သွား မည်ဟု အောက်မေ့မိ၏။ သို့ရာတွင် ကျွန်းတံခါးရွက်ကြီးများကိုကြည့်ရင်း သူက ဓာတ်သီးမွေညင်းများ ထ၍ ထင်းရှူးပင်များကို လေတိုးသံ တရှဲရှဲကြောင့် တစ်ကိုယ် လုံး အေးစက်သွားမိသည်။

သို့သော်လည်း သူက ခလုတ်ဖြူဖြူကို သုံးကြိမ်မက အကြိမ် သုံးဆယ်မျှ နှိပ်သည့်တိုင် မျက်နှာပေါက်ဆိုးသော အစေခံမကြီးသည် ခြေသံတရှပ်ရှပ်ဖြင့် ပေါ်ထွက်မလာခဲ့ပေ။ အတော်ကြီးကြာမှ ထင်းရှူးမြိုင်တွင် မည်သူ တစ်ဦး တစ်ယောက်မျှ မရှိကြောင်းကို သူက သိရှိရတော့၏။

ထင်းရှူးမြိုင်၏ အရှင်သည် သေဆုံးခဲ့ပြီဖြစ်ပြီး ထင်းရှူးမြိုင်ကို အခွင့် အလာမရှိဘဲ အသုံးပြု၍ ဦးခမ်းလုံကို သတ်ခဲ့သော မင်းခေါင်တို့ လူစုသည်လည်း ခြေရာပျောက်သွားကြပေပြီ။ သူသာလျှင် ဝရမ်းပြေး ဖြစ်နေရတော့သည်။ သို့ရာတွင် ရေမလာဟိုတယ် အခန်းအမှတ် ၁၃–တွင် နေထိုင် တည်းခိုလျက်ရှိသော ဆာတ်ဘီလူး အစစ်သည်ကော ယခုအခါ အဘယ်အရပ်တွင် ရောက်ရှိနေပြီနည်း၊ သူသာလျှင် ရန်ကုန်မြို့အစွန် မင်္ဂလာဒုံတောင်ကုန်း အစွယ်အပွား တစ်ခုပေါ်ရှိ ထင်းရှူးပင်များအောက်တွင် ခြေပစ်လက်ပစ်နှင့် တောင်တောင် မြောက်မြောက် လျှောက်ရမ်းမှန်းဆ နေရတော့သည်။ သည်လိုနှင့်ပင် သူသည် ထင်းရှူးပင်များအောက်ရှိ မြက်ခင်းပြင်ပေါ်တွင် ဘယ်အချိန်၌ အိပ်ပျော်သွားလေသည် မသိ။ နောက်တစ်နေ့ နံနက်ငါးနာရီထိုးမှပင် သူသည် မရည်ရွယ်သော အိပ်ပျော်ခြင်းမှ နိုးလာလေတော့ သည်။

ဤသို့ဖြင့် ခင်မောင်ရင်သည် သူ့အား ရဲအဖွဲ့ဝင်များက ရန်ကုန်တစ်မြို့ လုံး ဘီးစိပ်တိုက်၍ တစ်ညလုံးရှာဖွေခဲ့ကြသည်ကို နည်းနည်းကလေးမှ မသိရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့ရှိ သူငယ်ချင်းဖြစ်သူ ပန်းချီဆရာ ကိုပေါ်နှောင်းထံသို့ စိတ်ပြေလက်ပျောက် တစ်လကိုးသီတင်းလောက် သွား၍နေလိုက်မည် ဟူသော အကြံအစည်များဖြင့် နံနက်ခြောက်နာရီတွင်ထွက်မည့် ရွှေမန်းမေရထားကို မီစေရန် ရန်ကုန်ဘူတာကြီးသို့ ကသုတ်ကရုတ် ထွက်ခဲ့လေသည်။ ဤသို့ နံနက် အစောကြီးတွင် ရန်ကုန်မြို့ထဲသို့သွားရန် သုံးဘီးကား မရနိုင်သဖြင့် သူက နံနက်ခင်း ခြေသလောင်း လက်ဆန့် လမ်းလျှောက်ပြီးမှ သမိုင်းဘက်မှလာသော အမှတ်ငါးအနက်ကို စီးကာ ရန်ကုန်မြို့ထဲသို့ လာခဲ့ပါသည်။

ယောက်လမ်း မှတ်တိုင်ရောက်၍ ဘတ်စ်ကားပေါ်မှ ဆင်းမိသောအခါတွင် ခြောက်နာရီထိုးရန် မိနစ်နှစ်ဆယ်မျှသာ လိုတော့သဖြင့် သူသည် မပြေးရုံတမယ် လျှောက်သွားနေမိတော့၏။ သူက ညို့ညို့ဆိုင်းဆိုင်းတွင် လက်မှတ်ရုံသို့ ရောက်လိုစောဖြင့် ခပ်သုတ်သုတ် လျှောက်သွားနေစဉ် ဘူတာကြီး ရှေ့မြက်ခင်းပြင်ပေါ် အရောက်၌ နံနက်ခင်း အပြည့်အဝသည် ရုတ်တရက် ပေါ်ထွက်လာသဖြင့် သူက ခြေလှမ်းတုံ့အောင် လန့်သွားသည်။

အလွန်တရာ မှောင်မိုက်သော အခန်းကျဉ်းကလေး တစ်ခုထဲတွင် အင်မတန်အားကောင်းသော လျှပ်စစ်မီး ရုတ်တရက်ပွင့်လာသလို သူ့စိတ်ထဲတွင် ချောက်ချားသွားသည်။ သူ့အောက်မှ မြက်ခင်းပြင်သည် တစ်မုဟုတ်ချင်း ဝါသွားသည်။ အရှေ့မိုးကောင်းကင်ကို ကြည့်လိုက်တော့ သွေးခြင်းခြင်းရဲနေသည်။ သူ့အပေါ်တွင်တော့ ထိန်ထိန်ညီးနေသည်။ မြက်ခင်းပြင်ကို ပြန်ကြည့်လိုက်တော့ ယော အစိမ်းလိုလို၊ အဝါလိုလို၊ ခရမ်းလိုလို အရောင်များ ဖြတ်ခြည်း ရုတ်ခြည်း ပြောင်း၍ သူ့အား ခြောက်လှန့်လျက်ရှိသည်။

ထို့ကြောင့် သူက ဣန္ဒြေပျက်လောက်အောင် ပြေးထွက်သွားမိသည်။ မြက်ခင်းပြင်မှထွက်၍ ပလက်ဖောင်းပေါ်ရောက်မှ စိတ်လှုပ်ရှား ငြိမ်သက်သွားပြီး သူ့ကိုယ်သူပြန်၍ ထိန်းချုပ်ထားနိုင်တော့သည်။ သို့ရာတွင် ခြောက်နာရီထိုးရန် ဆယ်မိနစ်ပျော့ပျော့သာ လိုတော့သဖြင့် သုတ်သုတ်ဆက်၍ နှင်မိပြန်တော့၏။ ခင်မောင်ရင်သည် သူ့ခြေလှမ်းသူသာ ဂရုစိုက်နေသဖြင့် ဘူတာကြီး ဆင်ဝင်ရှေ့သို့ အရောက်တွင် လှသော၊ မလှတလှသောနှင့် အကျည်းတန်သော စုစုပေါင်း အမျိုးသမီး လေးငါးယောက် ပါရှိသည့်အုပ်နှင့် မတိုးသာ မဆုတ်သာ ဝင်တိုက်မိတော့၏။ မိန်းကလေးတို့က ရှက်ကြသော်လည်း သူတို့ချင်းချင်း ကြည့်၍ရယ်ကာ သွားကြသည်။ သူက အစတော့ ငေးကြောင်၍ ရပ်နေမိသည်။ နောက်တော့ ချက်ချင်းပင်





တစ်ချက်ချွန်လိုက်သည်။ ပြီးတော့ သူတို့ ကားပေါ်သို့ တစ်ယောက်ပြီး စ်ယောက် တက်နေကြသည်ကို ကြည့်လိုသေးသဖြင့် ခပ်တည်တည် လေကျွေး ချွန်နှင့် ပလက်ဖောင်းပေါ်တွင် ရောင်းချရန် ခင်းကျင်းထားသော ထိုနေ့ထုတ် တင်းစာများရှေ့တွင် ဟိုတစ်စောင်ရွေးဟန်၊ ဒီတစ်စောင်ရွေးဟန် ပြုနေမိ၏။ တင်းစာရောင်းသူကလေးကမူ သူ့ကို ဂရုမစိုက်ဘဲ အခြားဝယ်သူများကိုဆာ ်မလည်အောင် ရောင်းလျက်ရှိ၏။ အမျိုးသမီးအားလုံး ကားပေါ်ရောက်သွားမှ က ရထားပေါ်တွင်ကြည့်ရန် သတင်းစာတစ်စောင်တော့ ဝယ်သွားမှဟု အောက် ြီး သူ့လက်ထဲတွင် ကိုင်ထားမိနေသော သတင်းစာကို ဘာသတင်းစာနည်းဟု ည့်လိုက်သောအခါတွင်ကား အတောင်တစ်ရာခန့်မြင့်အောင် ထခုန်မိမတတ် ှုပ်သွားမိလေတော့၏။

အကြောင်းမူ ယင်းသတင်းစာ၏ မျက်နှာဖုံးတွင် သွေးအိုင်ထဲ၌ ောက်လျက်လဲသေနေသော ဦးခမ်းလုံ၏ဘေးတွင် ဓားမြှောင်ကိုကိုင်လျက် စ်ဖက်ထောက်ထိုင်နေသော သူ့ပုံကြီးက ထင်းခနဲလင်းခနဲ ပြတ်ပြတ်သားသား ြီး ရှိနေသောကြောင့်ဖြစ်၏။ သူက သတင်းစာကို ကပျာကသီ ပြန်ချထား ိုက်၏။ ပြီးတော့ သတင်းစာကို သူများတွေ မမြင်တွေ့အောင် မှောက်ထားလိုက် သေး၏။ ပြီးတော့ ထိုနေရာမှ တစ်ကြိုးတည်း လစ်ခဲ့လေတော့၏။ သို့ရာတွင် သူ၏ ဓာတ်ပုံနှင့် သူ၏ သတင်းသည် ထိုနေ့ထုတ် မြန်မာ၊ တရုတ်၊ ကုလား၊ ်လိပ် သတင်းစာ အားလုံးတွင် မျက်နှာဖုံးမှ ပါရှိကြလေသည် ဖြစ်၏။

ခင်မောင်ရင်က နာရီကို ကြည့်လိုက်တော့ ခြောက်နာရီထိုးရန် ခြောက် ိနစ်လောက်သာ လိုတော့သဖြင့် လက်မှတ်ရုံရှေ့သို့ ကသောကမျောသွားပြီး ိတ်ထဲမှ တစ်ဆယ်တန်တစ်ရွက်ကို ထုတ်ပေးကာ –

'မန္တလေး အထက်တန်း နှစ်ယောက်အိပ်ခန်း အဓိပါစင်ကို ပေးပါ'

သူက ခပ်တည်တည်နှင့် ပြောလိုက်၏။ လက်မှတ်ရောင်းသူသည် သူ့အား ကြောင်၍ ကြည့်နေ၏။

'မြန်မြန်လုပ်ပါဗျ။ ရထား ထွက်တော့မယ်'

သူက လောလိုက်သည်။

'နောင်ကြီး မှားနေပြီ။ ဒါက အထက်တန်း လက်မှတ်ပေါက် မဟုတ်ပါ ဘူး။ ရိုးရိုးတန်း လက်မှတ်ပေါက်'

'ဒါဖြင့် ရိုးရိုးတန်းပဲ ပေးဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါလဲ ပေးလို့ မရဘူးဗျ'

'ဘာဖြစ်လို့လဲ'

'နောင်ကြီးပေးတာက ငွေတစ်ဆယ်တည်းပဲ။ မန္တလေးကို ရိုးရိုးတန်းထ သွားရင်ပဲ ဆယ့်ခုနစ်ကျပ်ခွဲ ကျတယ်'

'သြော် ဟုတ်လား။ ကျွန်တော်က ရာတန်မှတ်လို့ပါ'

'ရာတန်ဆိုရင် နောင်ကြီး ထောင်ထဲ ရောက်သွားမှာပေါ့'

သူက "ထောင်" ဟူသောစကားကို ကြားလိုက်ရသဖြင့် လန့်သွားသည် သို့ရာတွင် ဣန္ဒြေဆည်လျက် ငွေတစ်ဆယ် ထပ်ပေးလိုက်ပြီး –

'မလုပ်ပါနဲ့ဗျာ။ အကျင့်ပါနေလို့ပါ။ အရင်တစ်ခေါက် သွားတုန်းကလို စိတ်ထဲက အောက်မေ့မိလို့ပါ'

လက်မှတ်ရောင်းသူက ဘာမှထပ်မပြောတော့။ သူ့အား ရိုးရိုးတန်း လက်မှတ်တစ်စောင်နှင့် ပိုငွေကိုပြန်အမ်းလိုက်သည်။ သို့ရာတွင် ယင်းသို့ လက်မှတ်နှင့် ငွေကိုပေးစဉ်တွင် လက်မှတ်ရောင်းခုံအောက်ရှိ သတင်းစာပါ ဓာတ်ပုံနှင့် သူ့ရုပ်တွင် အယောင်ယောင်အမှားမှား လက်မှတ်ဝယ်နေသူကို နှိုင်းယှဉ်၍ ကြည့် လိုက်၏။ ပြီးတော့ သူ၏ အထင်မှန်ကြောင်း တစ်ထစ်ချယုံကြည်လိုက်ပြီ လက်မှတ်ပေါက်မှ ခင်မောင်ရင် ကမန်းကတန်း ထွက်သွားသည်နှင့် တစ်ပြိုင်နက် တိုးသုံးလုံးသို့ တယ်လီဖုန်းဆက်လိုက်၏။ မီးရထားရဲအဖွဲ့ကို အကြောင်းကြား လိုက်၏။ အထက်လူကြီးထံ အစီရင်ခံလိုက်၏။

အမှတ်တစ်စင်္ကြံသို့ ခင်မောင်ရင် ရောက်သွားသောအခါတွင် ရွှေမန်းမေ ရထားသည် မိနစ်အနည်းငယ်အတွင်း မြွေကြီးတစ်ကောင်လို လျှောထွက်သွားရန် မာန်ဝင်နေတော့၏။ စင်္ကြံပေါ်တွင်လည်း လိုက်လံပို့သူများဖြင့် ပြည့်ကျပ်လျက်ရှိ၏။ တွဲများပေါ်တွင်လည်း စီးသူများဖြင့် ပြည့်ကျပ်လျက်ရှိ၏။ တွဲပေါ်အထိ လိုက်လံပို့ သူများသည် ရထားထွက်တော့မည်ဖြစ်၍ ကရောသောပါး ဆင်းလျက်ရှိကြ၏။ စင်္ကြံပေါ်သို့ ဆင်း၍ လိုက်ပို့သူများနှင့် စကားပြောနေကြသူများလည်း တွဲပေါ်သို့ အလုအယက် တက်ကြတော့၏။ ယင်းကဲ့သို့ ရှုပ်ယှက်ခတ်နေသည့် အခြေအနေ တွင် ခင်မောင်ရင်သည် မည်သည့်တွဲပေါ်သို့ တက်ရမည်နည်းဟု ဓိဓာကြောင် နေစဉ်တွင် ကုန်ရုံဘက်ဆီမှ ကသုတ်ကရုတ်လာနေသော ရဲအဖွဲ့ဝင်များကို မြင်မိ၍ အနောက်ဘက်သို့ လျှောက်သွားမိ၏။ ယင်းအချိန်မှာပင် အထက်တန်းဝင်ပေါက်မှ နေ၍ ဘူတာတွင်း ဝင်လာနေသော ရဲအဖွဲ့ဝင်များကို မြင်မိပြန်၍ ရှေ့တိုး၍မရ





နောက်ဆုတ်၍ မဖြစ်ဘဲ ရှိနေတော့သည်။ ရထားကလည်း ထွက်တော့မည် ဖြစ်၍ သူကနီးရာ တွဲပေါက်မှနေ၍ အလုအယက် တက်လိုက်ရတော့သည်။

သူက ပြွတ်သိပ်နေသော တွဲများအတွင်း နေရာရှာဖွေရင်း လျှောက် သွားနေစဉ်တွင် မျက်နှာချင်းဆိုင်မှ ရဲအဖွဲ့ဝင်များ လာနေသည်ကို မြင်မိ၍ တစ်ဖက် သို့ ပြန်လှည့်ပြီး သုတ်ခြေတင်ရပြန်သည်။ လူသွားလမ်းတွင် ခရီးသည်များ အထိုင် ကျသေး၍လည်းကောင်း၊ ပစ္စည်းများ နေသားမကျသေး၍တစ်ကြောင်း၊ ရဲအဖွဲ့ဝင် များသည် သူ့ထံသို့ ရုတ်တရက် ရောက်မလာနိုင်သလို သူက ဟိုလူ့ဒီလူ့၊ ဟိုဟာဒီဟာများကို ရှောင်တိမ်းကျော်လွှားနေရသဖြင့် ခရီးမပေါက်ဘဲ ရှိနေသည်။ တွဲတစ်ခု၏ အဆုံးနားတွင်မူ လူသူပစ္စည်း အတော်ကလေး ရှင်းပါလျက်နှင့် မျက်နှာချင်းဆိုင်မှလာသော အမျိုးသမီးတစ်ဦးနှင့် အရှောင်ချင်း အကြိမ်ကြိမ် တူနေသဖြင့် နေရာတွင် တန့်နေတော့၏။ ဤအချိန်တွင် စင်္ကြံပေါ်မှ ရဲသား တစ်ယောက်သည် သူ့ရှေ့တွဲပေါက်မှ တက်လာတော့မည်ဖြစ်၍ အနီးရှိ အိမ်သာထဲ သို့ ဝင်လိုက်ရတော့၏။ အဆိုပါရဲသား တွဲပေါ်သို့ ရောက်သည်နှင့် တစ်ချိန်တည်း လောက်မှာပင် သူ့ကို ရိပ်ခနဲမြင်လိုက်၍ နောက်မှလိုက်လာသော ရဲကြပ်တစ်ဦးနှင့် ရဲသားနှစ်ဦးမှာလည်း ခင်မောင်ရင်နှင့် အရှောင်ချင်းတူနေခဲ့သော အမျိုးသမီးအနီးသို့ ရောက်ရှိလာကြ၏။

သူတို့က ဤအနားမှာပင် တရားခံကို မျက်ခြည်ပြတ်သွားသဖြင့် ရှေ့နောက်အနည်းငယ် မျှော်ကြည့်ပြီးနောက် ရဲအဖွဲ့ဝင်များနှင့် ရင်ဆိုင် ပိတ်ဆို့နေရ ပြန်သဖြင့် ယခုတိုင် ထိုနေရာမှ တစ်ဖဝါးမှ မခွာရသော အမျိုးသမီးအား ရဲကြပ်က မေးမြန်းလိုက်၏။

'ဒီနားမှာ အရပ်မြင့်မြင့် ယောကျ်ားတစ်ယောက် မတွေ့လိုက်ဘူးလား'

အမျိုးသမီးက ခေတ္တခဏမျှ စဉ်းစားဟန် ပြုပြီးနောက် –

'သြော် တွေ့တယ်၊ တွေ့လိုက်တယ်။ ကျွန်မနဲ့တောင် တိုက်မိတော့ မလို့။ မနည်းကြီး ရှောင်လိုက်ရတယ်'

'ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒီလူ ဘယ်မှာလဲ'

ရဲကြပ်က စိတ်အားထက်သန်စွာ မေးလိုက်သည်။ ယင်း အမေး အဖြေ များကို အိမ်သာတွင်းမှနေ၍ ကြားနေရသော ခင်မောင်ရင်သည် ရင်ဘတ်[illegible]ကဖြင့် ဖိထားရ၏။ သူ၏ ကံကြမ္မာသည် အမျိုးသမီး၏ လက်ထဲတွင် ရှိနေ၏။ အမျိုးသမီးထံမှ အဖြေပေါ်ထွက်မှု နှေးလေ သူက စိတ်လှုပ်ရှားမှု ကြီးလေ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုဘက်ကို သွားတယ်'

အမျိုးသမီးက စောစောက ခင်မောင်ရင် မျက်နှာမူရာဘက်သို့ လတ်ညှိုး ထိုးပြလိုက်ပြီး သူမ၏လမ်းကို သူမ ဆက်လျှောက်သွားလေ၏။ ရဲအဖွဲ့ဝင်များ ကလည်း မဆုတ်မဆိုင်းပင် သူမ ညွှန်ပြရာဘက်သို့ သိုးသိုး သွက်သွက် ထွက်သွား ကြလေတော့၏။

ဤအခါကျမှ ခင်မောင်ရင်သည် သက်ပြင်းချနိုင်တော့၏။ လက်မှ နာရီကို သော့ပေးရင်း ကြည့်လိုက်တော့ ခြောက်နာရီနှင့် ဆယ်မိနစ်ရှိနေပေပြီ။ ရထား ထွက်ချိန်တန်နေပေပြီ။ သူ့နာရီ မြန်နေသည် ထားဦး၊ ထွက်ဖို့ သင့်နေပေပြီ။ ရဲအဖွဲ့ဝင်များက တရားခံတစ်ဦးကို ရှာဖွေနေသည့်အတွက် ဦးခမ်းလုံကိုသတ်၍ ထွက်ပြေးတိမ်းရှောင်နေသူဟု သူတို့ယူဆနေသော သူ့အား ရှာဖွေနေ၍ ရထား မထွက်သေးဘဲ နောက်ကျလျက်ရှိသည်လည်း ဖြစ်နိုင်၏။ ဒုတိယအချက်ကား ပို၍ ဖြစ်နိုင်၏။ အကြောင်းမူ ရထားသည် နောက်ဆယ်မိနစ်တင်းတင်းမျှ ကြာသောအခါမှ ထွက်ခွာလေသောကြောင့်။ သူ၏နာရီသည် ဘယ်နည်းနှင့်မျှ မိနစ်နှစ်ဆယ်ကြီးတော့ မမြန်နိုင်ပါပေ။ အချိန်မမှန်ခြင်းမမှန်လျှင် သူ သော့ပေး ရမှန်သဖြင့် နောက်ကျဖို့သာ ဖြစ်မည်။

ရဲအဖွဲ့ဝင်များသည် ရထားကိုရပ်တန့်၍ သူ့ကို မရအရ ကုတ်ကတ် ရှာဖွေခြင်းမှာ သေချာလှ၏။ သူတို့၏အမြင်တွင် သူသည် အထက်တန်း အရာရှိကြီး တစ်ဦးကို ရဲတင်းစွာ သတ်ဖြတ်၍ ထွက်ပြေးသွားသော တရားခံတစ်ဦး ဖြစ်၏။

ယခုအတိုင်းဆိုလျှင် ရှေ့ဘဝခရီးကို မည်သို့ဆက်ရမည်မှန်းမသိဘဲ ရှိနေချေတော့၏။ သူသည် ကျောက်ဘီလူးနှင့် လူချင်းအမှားခံရသည့်မှအစ ယခု နောက်ဆုံးတွင် လူသတ်တရားခံ ဖြစ်နေရတော့၏။ ဝရမ်းပြေး ဖြစ်နေရတော့၏။ သူ့နောက်မှ ရဲအဖွဲ့ဝင်များ ထက်ကြပ်လိုက်ခံနေရသူ ဖြစ်နေတော့၏။ သည် အထဲတွင် ပို၍ခက်သည်မှာ သူ့အဖြစ်ကိုသူ ရေလည်စွာ နားမလည်ခြင်းဖြစ်၏။ အဘယ့်ကြောင့် သူသည် ကျောက်ဘီလူးဆိုသူနှင့် တူနေရပြီး အနီ ကျောက်ဘီလူး ဆိုသူသည် အဘယ်ကဲ့သို့သော သတ္တဝါပေနည်း။ ယခု မည်သည့်အရပ်တွင် ရောက် ရှိနေချေသနည်း။ ရေဇလာ ဟိုတယ်၏ အခန်းအမှတ် ၁၃–တွင်ပင် အေးဆေးစွာ နေထိုင်လျက် ရှိလေသည်လော။ သို့မဟုတ် ဦးခမ်းလုံ အတုတို့ကပင် ဖမ်းဆီးရမိ သွားပြီလော။

ပြီးတော့ ဘဲဥနှင့်တူသော ဦးခေါင်း၊ ဝက်ဝံနှင့်တူသော ပုပုအိုင့်အိုင့်





ငယ်ခန္ဓာနှင့် သူ့ကိုယ်သူ ဦးခမ်းလုံဟု ပြောဆိုလိမ်ညာခဲ့သည့် မင်းခေါင် အစ ရှိသော ကြေးစားလူမိုက်တို့ ဆရာဖြစ်သူ ယင်းအန္တရာယ်ကောင်ကကော အဘယ် သို့သည့် သတ္တဗေဒဖွဲ့စည်းမှုတစ်ခုနည်း။ သူတို့ကို ကျောက်ဘီလူးက မည်သို့ ကြောင့် တစ်ပတ်ရိုက်ပြီး သူတို့က မည်သို့ကြောင့် ဦးခမ်းလုံကို သတ်ရသနည်း။ ဦးခမ်းလုံသည်ပင် ကျောက်ဘီလူး ဖြစ်နေချေသလော။ သူ၏ ဦးနှောက်များသည် ခေါင်းဖိုကြီး တစ်ခုကဲ့သို့ ပူလာတော့၏။

ထိုစဉ်တွင် သူက အိမ်သာတံခါးကို အမြင့်မှ ဖွင့်သံကြားရ၏။ ဗြုန်းခနဲ ဆိုသော ကျွမ်းထိုးမှောက်ခုံဖြစ်သွားမတတ် လန့်သွားသည်။ ရဲအဖွဲ့ဝင်များဟု ထင်မိသည်။ နောက် အပြင်မှ ကလေးနှစ်ယောက်၏ စကားသံကို ကြားရသဖြင့် စိတ်အေးသွားသည်။ ရန်ကုန်ဘူတာမှ အထွက်တွင် အိမ်သာပြတင်းပေါက်မှ ချောင်းကြည့်၍ တွေ့ခဲ့ရသလောက်တော့ ရဲအဖွဲ့ဝင်များ အားလုံး ဆင်းကျန်ရစ်ခဲ့ သည်။ သူတို့သည် ရထားပေါ်တွင် လိုက်ပါလာကြရန် အကြောင်းမရှိချေ။ မည်သို့ပင် ဖြစ်စေ သူသည် မန္တလေးအထိ အိမ်သာထဲမှ လိုက်ပါသွားရန်ကား မဖြစ်နိုင်ပါချေ။ ယခုပင် အိမ်သာသွားလိုသူများက လာ၍ အနှောင့်အယှက် ပေးနေကြပေပြီ။ ကြာလျှင် သူ့အား ခရီးသည်များကပင် မသင်္ကာဖြစ်ပြီး ပို၍ ဒုက္ခရောက်ပေး တော့မည်။

သူက စွန့်စား၍ အိမ်သာအပြင်ဘက်သို့ ထွက်လိုက်သည်။ ယခု အခါ တွင် အနည်းထိုင်သွားပြီဖြစ်၍ အလယ်ကောင် လူသွားလမ်းသည် ဟင်းလင်းပွင့်ကြီး ဖြစ်နေ၏။ တစ်ယောက်စ နှစ်ယောက်စပဲ သွားလာလှုပ်ရှားနေသည်ကို တွေ့ရ၏။ သူ့အဖို့ စိတ်ချမ်းသာရသည်မှာ ရဲအဖွဲ့ဝင် တစ်ဦးတလေကိုမျှ မမြင်မတွေ့ရခြင်းပင် ဖြစ်၏။

ထိုစဉ်တွင် ရွှေမန်းမေသည် ငမိုးရိပ်တံတားကို ဆူညံစွာ ဖြတ်သန်းလျက် ရှိ၏။ ရထားတွဲများနှင့် တံတားသံဘောင်များသည် တစ်ဦးကိုတစ်ဦး ခက်ထန်စွာ နှုတ်ဆက်တွေ့ကြရင်း ဖြတ်သွား ပြေးလွှားသွားကြသည်။ ငမိုးရိပ်ရေပြင်သည် ကွေ့ဝန်း၍ ဥက္ကလာပဘက်သို့ သွားလျက်ရှိ၏။ ခင်မောင်ရင်က ပြတင်းပေါက်မှနေ၍ လှစ်ခနဲ လှစ်ခနဲနှင့် မြို့သစ်များ၊ တောင်ကုန်းမြင့်မြင့်များ၊ ဘုရား ဝါဝါဝင်းဝင်းများကို မြင်တွေ့နေရ၏။

သူက ရထားထဲသို့ ပြန်ကြည့်လိုက်၏။ ခရီးသည်များသည် သူတို့ ဘာသာ သူတို့ ရှိနေကြသည်။ သူ့ကို မည်သူကမျှ မသင်္ကာမရှိ။ ရှေ့ပြု အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိကြ။ ထို့ကြောင့် သူက အတော်ကလေး ရဲတင်းတည်ငြိမ်လာပြီး ထိုင်စရာ နေရာ တစ်ခုခု ရလိုရငြားနှင့်၊ ရထားပေါ်တွင် တာဝန်ကျ ရဲအဖွဲ့ဝင်တစ်ဦးဦး ပါလာ လာကို စူးစမ်းရန် ခေါင်းတွဲဘက်သို့ လျှောက်သွားသည်။ ထို့နောက် ပြန်လျှောက် လာသည်။ ပြီးတော့ ပြန်လျှောက်သွားသည်။ ထိုင်စရာ နေရာလွတ်တစ်ခု ကလေးကိုမျှ မတွေ့ရှိရသလို ရဲအဖွဲ့ဝင် တစ်ဦးတလေကိုမျှလည်း မတွေ့ရချေ။

သူက အတော်ကြီး စိတ်ချမ်းသာသွားသည်။ မထိုင်ရကော ဘာအရေး လဲ၊ လုံခြုံမှုသည်သာ မူလပဓာန မဟုတ်ပါလား။ သို့ဖြင့် သူသည် ဟိုတွဲရထား ပေါက်တွင် ရပ်လိုက်၊ ဒီတွဲရထားပေါက်တွင် ရပ်လိုက်၊ လက်ဝဲဘက်သို့ ငေးလိုက်၊ လက်ယာဘက်သို့ ငေးလိုက်နှင့် မြောက်အရပ်သို့ ပါသွားနေတော့၏။

သည်လိုနှင့် ရထားသည် ဒါးပိန်သို့ပင် ရောက်လာပြီဖြစ်၏။ နေရောင်နုနု တွင် အုတ်ကျင်းများသည် အထုအထည် အားကောင်းလှသည်။ နေရောင်ဖျော့ဖျော့ တွင် လယ်ကွင်းပြင်များသည် အပြောအပြင် ကျယ်လှသည်။ နေရောင်စင်းစင်းတွင် ကျွဲနွားတိရစ္ဆာန်များသည် အလုံးအသွင်ပေါ်လာသည်။ သူက သဘာဝတွင် မိန်းမော နေမိရာမှ –

တစ်နေရာတွင် တစ်ခုသော ကုက္ကိုပင်ကို အလွန်၊ ချောင်းစပ်ကလေး တစ်ခု အနီးတွင် မည်းမည်းပြောင်ပြောင် ကျွဲတစ်ကောင်၏ ကျောပေါ်၌ ဆံပင် ထိုးထိုးထောင်ထောင်နှင့် ကောင်ကလေးတစ်ယောက် အကျအန တင်ပျဉ်ခွေ လိုက်ပါ သွားရင်း အမျိုးအမည် မကွဲပြားသော မုန့်ပဲသရေစာတစ်ခုကို စားဝါးနေသည်အား သူက ကောဓိကာငင့်ကာ မြင်လိုက်၏။

သည်တော့မှ သူက ချက်ချင်း ဆာလာ၏။ သူ့ရင်သည် ဟာလာ၏။ သူသည် ယနေ့နံနက်အစောပိုင်းက မည်သည့် အစာအာဟာရကိုမျှ မစားရသေးသည် သာမက လွန်ခဲ့သည့် နှစ်ရက်အတွင်းတွင်လည်း ဘာတစ်ခုမျှ ပြည့်ပြည့်တင်းတင်း လုံလုံလောက်လောက် စားထားရသည် မရှိကြောင်းကို အမှတ်ရလာတော့၏။ ယင်း အသိကြောင့် ပို၍ပို၍ ဆာလာ၏။

ဟန်ကျပြီ။ စားသောက်ခန်းတွဲသို့သွား၍ အဝအနင့် စားပစ်လိုက်မည်။ သူ့ဗိုက်တင်း၍ အားပြည့်သွားမည်။ ပြီးတော့ ထိုင်နေရန်လည်း နေရာရမည်။ အဘယ်မျှ ကောင်းသနည်း။ ဤအကြံ၊ ဤစိတ်ကူးကို စောစောက မရခဲ့မိသည့် အတွက် သူကိုယ်သူ ခွင့်မလွှတ်နိုင်ကြောင်း စိတ်ထဲတွင် အကြိမ်ကြိမ် မှတ်တမ်းတင် ထားလိုက်၏။





သည့်နောက်တွင်ကား ခင်မောင်ရင်သည် သွက်လက်သော ခြေလှမ်းဖြင့် ...ဆင်းတွဲမှနေ၍ လေးတွဲခန့်ခြားနေသော စားသောက်ခန်းတွဲဆီသို့ လျှောက်သွား ...တော့၏။ သို့ရာတွင် စားသောက်ခန်းတွဲသို့ ရောက်သောအခါတွင်ကား သူ ...သည် စိတ်ပျက်ဖွယ်ရာတစ်ခုကို ကြုံတွေ့ရပြန်တော့၏။ ယင်းကား အခြားမဟုတ်၊ ...သောက်ခန်းရှိ စားပွဲများအားလုံး လူပြည့်နေခြင်းပင် ဖြစ်၏။ စားပွဲလွတ် ...ရှိသာမက ကုလားထိုင်လွတ်ပင် မရှိသလောက် ဖြစ်နေ၏။

သူက စိတ်ပျက်လက်ပျက်နှင့် စားသောက်ခန်းတွဲကို ထပ်မံ၍ စေ့စေ့ ...ငံ ကြည့်သောအခါတွင်ကား တွဲ၏တစ်ဖက်ဖျားထောင့်ရှိ နှစ်ယောက်ထိုင် ...ပွဲကလေးတွင် ကုလားထိုင်တစ်လုံး လွတ်နေသည်ကို တွေ့ရ၏။ ယင်း စားပွဲတွင် ...သမီးတစ်ယောက် ထိုင်နေ၏။ သူ့ဘက်ကို မျက်နှာမူ၍ ဖြစ်၏။ သူက ...ျိုးသမီးကို ကွက်၍ ကြည့်မိသောအခါတွင်ကား စောစောက သူနှင့် အရောင် ...ခဲ့သော အမျိုးသမီးဖြစ်သည်ကို အံ့သြစွာတွေ့ရှိရ၏။ ယင်းအချိန်တွင် ...သမီးက သူ့ဘက်သို့ ကြည့်လိုက်ရာမှ သူ့ကို မြင်တွေ့သွားပြန်၏။

အမျိုးသမီးက မှတ်မိသည့်အနေဖြင့် သိမ်မွေ့စွာပြုံးလိုက်၏။ ခင်မောင်ရင် ...အားတက်သွားပြီး ပြန်၍ပြုံးလိုက်၏။ ထို့နောက် အမျိုးသမီးရှိရာ စားပွဲသို့ ...လျှောက်သွားမိတော့၏။ စားပွဲအနီးသို့ သူရောက်သွားသော အခါတွင် အမျိုးသမီး ...၏ အပြုံးသည် ပို၍ပွင့်လန်းလာ၏။

'နေရာမရလို့ ဆိုရင်တော့ ဒီမှာပဲ ထိုင်ပါရှင်။ ဘာမှ အားမနာပါနဲ့။ ...သွားကြရတဲ့အခါမှာ ဒီလိုပဲပေါ့'

သူမ၏ ဖြူဖွေးညီညာသော သွားများသည် စနှင်းရောင်လုတ်များ ဖြစ်သည့် ...သာယာသော ဂီတသံသည် ထွက်ပေါ်လာလေ၏။ ခင်မောင်ရင်က သူမနှင့် ...နာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ပြီး ကျေးဇူးတင်စကားသော်လည်းကောင်း၊ ...မဟုတ် တစ်ခုခုသော်လည်းကောင်း ပြောမည်ရှိစဉ် သူ့အနီးသို့ ဘွိုင်တစ်ယောက် ...လာ၍ –

'ထမင်း ပေးကွာ။ ဘာဟင်းရှိလဲ။ အိုကွာ ဘာဟင်း ရှိရှိကွာ၊ ယူသာယူခဲ့။ ...ကြက်သားဟင်းဖြစ်ဖြစ်၊ ဆိတ်သားဖြစ်ဖြစ်၊ ဝက်သားဖြစ်ဖြစ် ရတာသာယူခဲ့။ ...အားလုံးရလဲ အားလုံးယူခဲ့'

သူ့အနီးတွင် ကျုံ့ကျုံ့ယုံ့ယုံ့ ရပ်နေသော စားသောက်တွဲအလုပ်သမား ...သည် သူ့အား အတန်ကြာ ကြောင်ကြည့်နေပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



'ထ–ထ–ထမင်း မကျက်သေးဘူး ဆရာ'

'အိုကွာ ထမင်းမကျက်သေးလဲ ဟင်းချည်းယူခဲ့ကွာ'

ဘိုင်သည် အသံမထွက်ဘဲနှင့် သူ့ပါးစပ်ကို ဆိတ်အစာဝါးသလို အတန်ကြာ လှုပ်လှုပ်ရွရွ လုပ်နေပြီးမှ –

'ဟင်း–ဟင်း–ဟင်းလဲ မကျက်သေးဘူး ဆရာ'

'ဟေ ဘာဖြစ်လို့လဲကွ။ မီးမွှေးလို့ မရသေးလို့လား'

ခင်မောင်ရင်က ပြုံးစိစိ ရှိနေသော အမျိုးသမီးကိုကြည့်ပြီး ခပ်မြူးမြူး ပြောလိုက်၏။ သို့ရာတွင် ဘိုင်က်ကမူ အတော်ကြီး ဦးနှောက်ခြောက် သွားသည့် အမူအရာဖြင့် –

'မဟုတ်ဘူး ဆရာ။ ဒီအချိန်မှာ ထမင်းရော၊ ဟင်းရော ဘာမှ မရနိုင်သေးဘူး ဆရာ'

'အေးလေ အဲဒါ ဘာပြုလို့လဲကွ။ မင်းတို့ ဘာကို ဝယ်မရလို့လဲ'

'မဟုတ်ဘူး ဆရာ။ အခုအချိန်က ထမင်းစားချိန် မဟုတ်သေးဘူး။ ခုမှ ခုနှစ်နာရီခွဲပဲ ရှိသေးတာပဲ ဆရာ'

သည်တော့မှ ခင်မောင်ရင်သည် သူ့အမှားကို သတိရမိသည်။ သူက ဆာလောင်မွတ်သိပ်ခြင်း လွန်ကဲနေသဖြင့် လက်ဖက်ရည်သောက်ချိန်တွင် ထမင်းကို မှတ်မှားနေမိသည်။

'အေးကွာ။ ငါက မီးရထားပေါ်မှာဆိုတာ မေ့သွားတယ်။ ငါက အိမ်မှာ ခုနစ်နာရီဆိုရင် ထမင်းစားတာကိုးကွ' သူက အလျှော့မပေးဘဲ စကားကို ဖာလိုက်ပြီးမှ 'ကဲကွာ ဒါဖြင့် ကြက်ဥဟတ်ဖရိုက်ကြော် နှစ်လုံး၊ အိုကွာ လေးလုံး၊ ပေါင်မုန့် များများ ယူခဲ့ကွာ'

မီးရထား စားသောက်ခန်း အလုပ်သမား ထွက်သွားတော့မည်ရှိမှ သူက ထိုသူ၏ လက်မောင်းကို လှမ်းဆွဲထားလိုက်ပြီး –

'ခဏနေဦး' အမျိုးသမီးဘက်သို့ လှည့်၍ သူ၏ အငမ်းမရ မှာကြားနေမှု များအတွက် ရှက်ခြင်း၊ အားနာခြင်းတို့ဖြင့်ပြီးသော မျက်နှာ လေသံနှင့် 'ညီမအတွက် ဘာမှာမလဲ'

'ဝန်း အတွက် မှာပြီးပါပြီ'

သူက လွှတ်လိုက်သဖြင့် ဘိုင်သည် သုတ်ခြေတင်တော့၏။ သို့ရာတွင် သူသည် ဘိုင်ကို ဂရုမပြုနိုင်တော့ဘဲ အမျိုးသမီးအား ကြည့်ကာ –





'သြော် ဝန်းတဲ့လား'

'ဟုတ်ကဲ့ ဝန်းလို့ ခေါ်နိုင်ပါတယ်။ ပပဝန်းပါ'

'ကျွန်တော့် နာမည်က' ခင်မောင်ရင်က ထစ်နေသည်။ သူက ခင်မောင်ရင် ဟူသော နာမည်ကိုပြော၍ မဖြစ်။ ဘာနာမည် ပြောရမှန်းလည်းမသိ။ နောက်တော့ ပါးစပ်မှ အလိုလိုထွက်သွားသည်။ 'ကျွန်တော့် နာမည်က ကျောက်ဘီလူး တဲ့'

'အောင်မယ်လေး ရှင့်နာမည်ကြီးကလည်း ကြောက်စရာကြီးပါလား။ ဘာလို့ချည်လား'

အမျိုးသမီးက ရယ်မော၍ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။ ခင်မောင်ရင်က သူ့နာမည်အပြောမှားသွားသည်ကို သိသော်လည်း ယခုမှ ပြောင်း၍ မတတ်နိုင်တော့။ သူ့အရှိန်နှင့်သူ သွားရချေတော့မည်။

'သြော် ကျွန်တော်က ချောက်သားကိုး။ ကျွန်တော် ငယ်ငယ်ကတည်းက ဗိုက်ကြီး အစားကြမ်းလို့ ချောက်မြို့ ဘီလူးကလေးရယ်လို့ ချောက်ဘီလူး၊ ချောက်ဘီလူးနဲ့ မေမေတို့ နောက်ခေါ်ရာကနေ ကာလရွေ့လျောတော့ ကျောက်ဘီလူး ဖြစ်သွားတာပေါ့'

'ဒါဖြင့် ရှင် ချောက်မြို့ကိုတောင် ကျောက်မြို့လို့ ပြောင်းပြီး ခေါ်သင့်တယ်'

ရထားဘီးနှင့် သံလမ်း ထိတွေ့သံကို အန်တုလျက် သူတို့က ရယ်မောလိုက်ကြသည်။

'သူများကိုသာ ပြောတယ်။ "ဝန်း" နာမည်ကလည်း ဆန်းတာပဲ။ ဒါပေမဲ့ ကြောက်စရာတော့ မကောင်းဘူး' သူက ခဏမျှ ရပ်ထားလိုက်သည်။ 'ချစ်စရာ ကောင်းတယ်' ဟု ဆက်၍ မပြောသင့် မပြောရဲသောကြောင့် ဘာမျှမပြောဘဲ ရပ်ထားလိုက်သည်။ အမျိုးသမီးကမူ ပကတိဖြူစင်သော ခင်မင်ရင်းနှီးမှုမျိုးနှင့် –

'ဝန်း ကိုမွေးတဲ့နေ့က လပြည့်နေ့ညကိုး။ ဒါကြောင့် မေမေတို့က ဝန်းလို့ ခေါ်ကြတာပေါ့' အပြုံးနှင့်ရော၍ ရယ်မောကြပြန်သည်။ သူတို့၏ အပြုံးအရယ် မဆုံးမပြယ်မီတွင် ခင်မောင်ရင်မှာသော ကြက်ဥလေးလုံးနှင့် ပေါင်မုန့် တစ်ပန်းကန် အမောက်ကြီး ရောက်လာသည်။ ပပဝန်း မှာထားသည်ကတော့ ဟူရာအဆင်းရှိသော ကော်ဖီကြမ်းတစ်ခွက်သာတည်း။

ခင်မောင်ရင်သည် သူ့ရှေ့တွင် အမျိုးသမီးတစ်ဦး ရှိနေသော်လည်း ရှက်မနေနိုင်၊ ဟန်ဆောင်၍ မနေနိုင်တော့ဘဲ၊ ပြီးတော့ သူ၏နဂို မဖုံးမကွယ်



www.burmeseclassic.com

www.burmeseclassic.com



တတ်သည့် သဘောအတိုင်း ပေါင်မုန့်တစ်ချပ်ပြီး တစ်ချပ်ကို ကြက်ဥကြော်နှင့် တို့၍ မြိန်ရေရှက်ရေ စားနေတော့၏။

ပပဝန်းသည် သူမ၏ကော်ဖီကြမ်းကို တစ်ကျိုက်ချင်း ခပ်ဖြည်းဖြည်း မှုတ်သောက်ရင်း စိတ်ရှိလက်ရှိ စားသောက်နေသော ခင်မောင်ရင်အား ငေးစိုက် ကြည့်လျက်ရှိ၏။ သူမ၏ မျက်လုံးထဲတွင် ကျေနပ်မှုအရိပ်အယောင်များ ပေါ်လွင် လျက်ရှိ၏။

ခင်မောင်ရင်သည် ကြက်ဥလေးလုံးနှင့် ပေါင်မုန့်ဆယ်ချပ် ကုန်တော့မှ ခေါင်းထောင်တော့သည်။ ပြီးတော့ ဘွိုင်တစ်ယောက်အား လက်ဖက်ရည်ကျကျ တစ်ခွက်ယူခဲ့ရန် မှာလိုက်သည်။ သူ့အနေနှင့် အကယ်သောက်ချင်၍လည်း ဖြစ် သည်။ စားပွဲတွင် ကြာကြာနေနိုင်ရန်လည်း ဖြစ်သည်။ သို့မှသာ သူ့အဖို့ ထိုင်၍ နားနေရန် နေရာတစ်ခု တည်တည်တံ့တံ့ ရနေမည်။ ပြီးတော့ လှပသော မိန်းမငယ် ကလေးတစ်ဦးနှင့် မျက်နှာချင်းဆိုင်၍ ပြုံး၍ပြော၊ ပြော၍ပြုံး၊ ရယ်၍ပြော၊ ပြော၍ ရယ်နိုင်ခွင့် ဆက်လက် ရရှိနေမည် ဖြစ်ပေသည်။

ပပဝန်းသည် ပြတင်းပေါက်မှနေ၍ အပြင်သို့ ငေးနေသည်။ ခင်မောင်ရင်က မူ အလေးကိုမမြင်။ အနီးတွင်သာ စိတ်အာရုံကျက်စားနေသည်။

ပပဝန်းသည် အားမြသည်။ သူမ၏ အလှသည် ငြိမ်သက်သည်။ သူမ၏ ရင်သားများသည် ဖြစ်ထွန်းလှသော်လည်း အံ့သြဖွယ်ကောင်းသည်မှာ ယောကျ်ား တစ်ယောက်၏ စိတ်ကို ရိုင်းစိုင်းစွာ ခုန်ကြွခြင်းမဖြစ်စေဘဲ စုံမက်မြတ်နိုးခြင်းသာ ဖြစ်စေ၏။ သို့ရာတွင် သူမသည် ဖွံ့ဖြိုးသော ရင်သားများကို အိုဝှက်ခြင်းမရှိဘဲ ဘရာစီယာအရံလည်းကောင်း၊ အပေါ်အကျီအရ လည်းကောင်း တင်ပြခြင်း ပြုထားပေသည်။ ယင်းသည့်တိုင် ခင်မောင်ရင်က သူမအား ပူလောင်စေတတ်သည့် အရာတစ်ခုဟု မမြင်နိုင်အောင် ရှိနေ၏။ ယင်းကဲ့သို့ ရှိရသည်မှာ သူမ၏ ကြည်လင်သော မျက်လုံး၊ ဖြူစင်သောအပြုံးတို့ကြောင့် ဖြစ်တန်ရာ၏။ သူမ၏အလှကို မည်မျှပင် ပြသသည်ဖြစ်စေ၊ သူမ၏ညက်ညောသော မျက်နှာသည်ကား သွေးဆောင်ခြင်း ဖြားယောင်းခြင်းမပြုနိုင်ဟု ခင်မောင်ရင်က ယုံကြည်၏။

ပပဝန်းသည် နှုတ်ခမ်းနှစ်လွှာကို ရဲရဲကလေးဆိုး၍ ပါးအပြင်ကို မိတ်ကပ်ဖြင့် ခြယ်မှုန်းပြီး သူမ၏ကိုယ်အလုံးတွင် ရေမွှေးသုံးထားသော်လည်း ခင်မောင်ရင်၏ နှာခေါင်းတွင်မူ သနပ်ခါးနံ့သာလျှင် သင်းလျက်ရှိချေ၏။

ယင်းသို့ဖြင့် ခင်မောင်ရင်သည် ပပဝန်းကို တွေတွေ့ချစ်ပင် ယုံကြည်





သွားပြီ ဖြစ်၏။ သန့်ရှင်းမွန်မြတ်၍ စမ်းရေကြည်နှင့်တူသော အမျိုးသမီး ယောက်ဟု လက်ခံလိုက်၏။ သူက ပပဝန်းကို လပိုင်းနှစ်ပိုင်းနှင့်ချီ၍ လက်ပွန်း ရင်းရင်းနှီးနှီးနေခဲ့သော လှမိုးညိုထက်ပင် မြတ်နိုးစုံမက်ခြင်း ရှိသွားသည်။ ညိုတွင် အလိမ်အကျစ်များ ရှိနေသည်ဟု သူက သံသယရှိခဲ့၏။ ယခုမူ အကွေ့ ကောက် မရှိသော၊ အညစ်အထည်း မရှိသော၊ အလိမ်အတွန့် မရှိသော ပပဝန်း ခြင်တွေ့ရသောအခါတွင် လှမိုးညို၏ အားနည်းချက်တို့ကို တွေ့ရှိပြီး ပပဝန်း ကြည်ဝခြင်းများကို ပိုမို တွက်ချက်နေမိတော့၏။

ခင်မောင်ရင်သည် သူ့ကိုယ်သူ လူကဲခတ် အင်မတန်တော်သူ၊ အမျိုးသမီး ၏ မျက်နှာကိုကြည့်ရုံဖြင့် အတွင်းအနေကို သိနိုင်သူဟု ယူဆပြီး ပပဝန်းအား ကြတ်ခြင်း ပြုခဲ့၏။ သို့ရာတွင် သူ့စိတ်ထဲတွင် မတင်မကျ ဖြစ်နေသည်။ တစ်ခု ရှိ၏။ ပပဝန်း၏ မျက်ခုံးပင် ဖြစ်၏။ မျက်ခုံးသည် အင်နှင့်အားနှင့် သတ္တိထူးများ ရှိ၏။ မည်းမှောင်ညို့မှိုင်းလျက် ရှိ၏။ တစ်ပါးသူ၏ စိတ်ဓာတ် ယုငင်သိမ်းဆည်းလျက်ရှိ၏။ အနိုင်ယူလျက်ရှိ၏။ ယင်းမျက်ခုံးတွင် သိသော အရာများ ရှိနေ၏။ လျို့ဝှက်ချက်များ ရှိနေ၏။ ယင်းမျက်ခုံး၏ မိုးမှုကြောင့် ကြည်လင်ရွှန်းပသော မျက်လုံးသည်ပင် တစ်ကြိမ်တစ်ကြိမ်၌ အငွေ့များ ရစ်ဆိုင်းလာသည်ဟု ထင်၏။ တစ်ခုသော အမှုကွ အချိုးကလေး လာသည်ဟု ထင်၏။

အင်မတန် ငြိစွန်းတပ်မက်ဖွယ်ရာကောင်းသော လူတစ်ဦးတစ်ယောက်၏ ဆန္ဒကို အတင်းသိမ်းသွင်းယူနေသော မျက်ခုံးကြောင့်ပင် ခင်မောင်ရင်သည် တမဲ့နိုင်မှု၊ ဆာလောင်မှု၊ သူမအား ကျေးဇူးတင်မှု၊ သူမ၏ အလှတွင် သာယာခြင်း ရှိပြီး စုံမက်ယုံစားမှုကြောင့် စဉ်းစားမိသည့် အချက်တစ်ခုကို စဉ်းစားမိ ရှင်းသင့်သည့် အချက်တစ်ခုကို မရှင်းမိဘဲ ရှိနေခဲ့မိသည်။

ယင်းအချက်ကား သူနှင့် တစ်ကြိမ်တစ်ခါမျှ သိကျွမ်းခဲ့ဖူးခြင်း မရှိသော အရွယ် မိန်းမငယ်လေးတစ်ဦးက အဘယ်ကြောင့် သူ့အား ရဲအဖွဲ့ဝင်များလက်မှ ယ်တင်ခဲ့လေသနည်း။ သူသည် ကြောက်မက်ဖွယ်ရာကောင်းသော လူသတ် မားတစ်ဦးဟု မသိလျှင်ထားဦး၊ သူသည် ရာဇဝတ်မှုနှင့် မကင်းသူတစ်ဦး တော့ သူမက သိပေသည်။ ရဲအဖွဲ့ဝင်များလက်မှ လွတ်အောင် သူအလေးကြီး က်ပြေးရာတွင် သူမနှင့် အရှောင်ချင်းတူ၍ လမ်းပိတ်နေခဲ့သည့် အထောက်အထား မက ရဲကြပ်ကြီးက သူမအား အရပ်မြင့်မြင့် လူတစ်ယောက်ကို မြင်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သလောဟုပင် မေးခဲ့သေး၏။ ထိုကြားမှပင် သူမသည် ရဲအဖွဲ့ဝင်များကို လိုးလွဲပြောဆိုပြီး သူ့အား ကူညီကယ်တင်ခဲ့လေသည်။ ဤသည်မှာ အဘယ်ကြောင့်နည်း။ မိန်းမသားတစ်ယောက်တွင်၊ အထူးသဖြင့် သူမလို အကွေ့အကောက်နည်းသော အမျိုးသမီးတစ်ယောက်တွင် ရှိတတ်သည့် ကရုဏာစိတ် သက်သက်ကြောင့်ပင်လော။ သို့မဟုတ် သူ့အနေနှင့် သူမကို တဒင်္ဂအတွင်းမှာပင် စိတ်ဝင်စားခြင်း ရှိခဲ့သလို သူမကလည်း ထုပ်ဆီးတိုးသလို ရှိခဲ့စဉ်က နန့်နယ်သော နှလုံးသားများ လှုပ်ရှားခဲ့၍လော။

ဒါတွေကို ထားဦးတော့။

ကောင်းပြီ။ စားသောက်ခန်း တွဲထိပ်၌ ယောင်ချာချာဖြစ်နေသော သူ့အား သူမက အဘယ့်ကြောင့် အရင်ပြုံး၍ အသိဖွဲ့ရလေသနည်း။ အဘယ့်ကြောင့် သူနှင့် ဤမျှ လျင်လျင်မြန်မြန် ရင်းရင်းနှီးနှီး ဆက်ဆံရလေသနည်း။ သူမ၏ အလုအစသည် တစ်ပါးသူများကို ကျော့ကွင်းဆင်၍ ဖမ်းစားတတ်သော အလုအပမျိုး မဟုတ်ပါဘဲလျက် အဘယ့်ကြောင့် ရင်သားများကို ဤမျှ ထင်းထင်းလင်းလင်း တင်ပြထားလေသနည်း။

ယခုပင် ပပဝန်းသည် အဝေးသို့ငေးနေရာမှ သူ့ဘက်သို့ ပြန်လှည့်လာသည်။ သူ၏ကြည့်ရှုနေခြင်းများကို မြင်သိပါလျက် မသိကျိုးကျွန်ပြုကာ ဝါးကလေးရဲ၍ ပြုံးလိုက်သည်။ ပြီးတော့ စားပွဲပေါ်သို့ လက်နှစ်ဖက် အလျား လိုက်တင်ထောက်၍ ရှေ့သို့ကိုင်းညွတ်နေလိုက်သည်။ ပါးပါးကျဲကျဲအောက်မှ သူမ၏ အသားများသည် ရွှန်းအိနေသည်။ ချောင်ချိ၍ အနိမ့်အပိုက်လွန်သော ဘရာစီယာအတွင်းမှ ရင်သားစုံသည် သူ့ထံသို့ ပြေးခုန်လာတော့မလို ရှိသည်။ သူ၏ ငေးမောခြင်းကို သူမက အမှတ်မထင်တမင်ရှိနေ၍ ခင်မောင်ရင်က မေးခွန်းတစ်ခုကို ဗြုန်းခနဲ မေးလိုက်သည်။

'ကနေ့ သတင်းစာတွေ ဖတ်ပြီးပလား'

သို့ရာတွင် ပပဝန်းသည် သူ၏ အဆက်အစပ်မရှိသော မေးခွန်းကြောင့် အနည်းငယ်မျှ တုန်လှုပ်သွားခြင်း၊ အံ့အားသင့်ခြင်း၊ တုံ့ဆိုင်းခြင်းမရှိဘဲ –

'ပြီးပါပြီ'

တည်တည်ငြိမ်ငြိမ် တိုးတိုးညင်ညင်နှင့် တိုတိုတောင်းတောင်းပဲ ပြန်ဖြေလိုက်၏။

'မျက်နှာဖုံးမှာ ဓာတ်ပုံကြီးတွေ မတွေ့ဘူးလား'





သူက စိတ်လှုပ်ရှားလျက် ဆက်၍ မေးလိုက်သည်။

'တွေ့ပါတယ်'

'အလောင်းဘေးမှာ ဓားကိုင်ထားတဲ့လူဟာ ကျွန်တော်နဲ့ မတူဘူးလား'

'တူရုံတင်ပဲလား။ တကယ်ကော မဟုတ်ဘူးလားရှင်'

သူမက ပြုံး၍မေးသည်။ သူမ အပြုံးတွင် သရော်ခြင်းမရှိ။ ခြိမ်းခြောက်ခြင်းနှင့်၊ သူက ခေတ္တနှုတ်ဆိတ်နေခြင်းဖြင့် ဝန်ခံခြင်းသဘောကို ပြုပြီးနောက် သူ့စိတ်ထဲတွင် မတင်မကျရှိနေသည်ကို တိုက်ရိုက်ပင် မေးလိုက်၏။ မမေး၍ မဖြစ်။ သူ့အတွက် သေရေးရှင်ရေး ဖြစ်၏။ သို့အတွက် သူက ရှင်းရှင်းပင် မေးရ၏။

'ဒါဖြင့် ကျွန်တော့်ကို ဘာလို့ ပုလိပ်လက်မအပ်ဘဲ ကယ်ခဲ့ရတာလဲ'

'ဝန်း မနက်က သတင်းစာတွေထဲမှာ ကိုခင်မောင်ရင်ရဲ့ပုံကို မြင်ရတည်းက ကိုခင်မောင်ရင်ဟာ ဘယ်နည်းနဲ့မှ လူသတ်သမားတစ်ယောက် မဟုတ်ဘူးလို့ ထင်ခဲ့တယ်။ ကိုခင်မောင်ရင်ရဲ့ မျက်နှာမှာ လူတစ်ယောက်ကို အေးအေးနဲ့ သတ်ပစ်နိုင်တဲ့ ရက်စက်မှုမျိုး နည်းနည်းမှ မရှိဘူးလို့ ထင်ခဲ့တယ်။ စောစောက မမျှော်လင့်ဘဲနဲ့ ကိုခင်မောင်ရင်ကို လူချင်းတွေ့လိုက်ရတော့ ဝန်းရဲ့ ထင်မြင်ချက်ဟာ ပိုပြီး ခိုင်မာလာတယ်။ ဒါကြောင့် ကိုခင်မောင်ရင်ဟာ ဘယ်နည်းနဲ့မှ ရက်စက်ကြမ်းကြုတ်တဲ့ လူသတ်သမားတစ်ယောက် မဟုတ်ဘူးလို့ ဝန်းယူဆပြီး စောစောက ကယ်ခဲ့တာပဲ။ အခုလို မျက်နှာချင်းဆိုင်ပြီး ရင်းရင်းနှီးနှီး လက်ခံစကားပြောနေတာပဲ'

ယင်းအခိုက်တွင် စောစောက စားသောက်ခန်း အလုပ်သမား မဟုတ်သော အခြားအလုပ်သမား တစ်ဦးက ခင်မောင်ရင်အတွက် နီမြန်းမြန်းအဆင်းရှိသော ကော်ဖီဖက်ရည်ကို ပို့လာ၏။ သူတို့ စကားပြတ်သွားကြ၏။ ခင်မောင်ရင်က ကော်ဖီဖက်ရည်ကို ပူပူကြီးအတိုင်း မမှုတ်ဘဲ သောက်လိုက်ရာ လျှာကျက်သွား၏။ အပြင်သို့ ပြန်ထွက်မလာအောင် မနည်းကြီး ချုပ်တည်းတားဆီးထားလိုက်ရ၏။

ဤအတိုင်းဆိုလျှင် ပပဝန်းအပေါ် သူ၏ အကဲခတ်မှုများသည် မှန်ကန်ခဲ့ပြီ။ ပပဝန်းသည် ရိုးသားဖြူစင်၍ စဉ်းစားဉာဏ်ရှိသော ခေတ်ပညာတတ် အမျိုးသမီးတစ်ယောက် ဖြစ်ပေသည်။ ယခုအချိန်တွင် သူ့အတွက် အားကိုးအားထားစရာကြီးပင် ဖြစ်တော့၏။ ပပဝန်း၏ မျက်ခုံးသည် မဆိုစလောက်သော ပွင့်ချက်သာဟု သူက သဘောထားလိုက်၏။

သူတို့ စကားတပြောပြော တမိန်းမောမော ရှိနေကြစဉ်တွင် မှုန်မှိုင်းမေသည်



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြီး ခရီးတွင်ခဲ့ပြီဖြစ်၏။ ပဲခူးမြို့၏ အရိပ်အယောင် သင်္ကေတများ တွေ့မြင်နေရပြီဖြစ်၏။ ဥသာနယ်မြေ၏ ပတ်ဝန်းကျင်တွင် သူတို့ ဝင်မိနေကြ ဖြစ်၏။ အနောက်ဘက်တွင် ကြီးပေါင်းပင်များ တက်နေသော ကျောင်းအုတ်တံတိုင်း ကြီးနှင့်တူသည့် သစ်ပင်ငုတ်တိုကြီး၊ အမိုးအကာမပြည့်စုံသော ဓနီမျက်နှာ ဘုရားကြီး၊ အရှေ့ဘက်တွင် ကုန်းမြေအနိမ့်အမြင့်၊ ခြံတစ်ကွက် ယာတစ်ခင်း နွားတစ်အုပ် ကျွဲတစ်သင်း၊ ဟို ဝေးဝေးတွင် ရှေးဟောင်း မင်းနေပြည်တော် ကြည်ညိုဖွယ်ရှိသော ရွှေမော်ဓော။

သူတို့က အဖေးအမောဖြင့် ပါသွားကြရင်း ရထားသည် ပဲခူးဘူတာ တွင်းသို့ ချင်းနင်းစပြုလာတော့၏။ စင်္ကြံပေါ်တွင် လူတွေစုစုရုံးရုံး လှုပ်လှုပ်ရှားရှား ရှိနေကြ၏။ ခင်မောင်ရင်က ခရီးသွားတစ်ဦး၏ စပ်စုမှုမျိုးဖြင့် ပြတင်းပေါက် ခေါင်းပြူ၍ ကြည့်လိုက်ပြီးနောက် ခေါင်းကို ချက်ချင်း ပြန်ရုပ်သည်။ သူ့မျက်နှာတွင် နီးရိမ်မှု တုန်လှုပ်မှုများ မသိနိုင် မဝှက်နိုင် ထွက်ပေါ်လာကြသည်။ ယင်းအဖြစ်ကို သတိထားမိသော ပပဝန်းက မသိမသာငဲ့၍ ပဲခူးဘူတာတွင်းကို ကြည့်လိုက်သော ခင်မောင်ရင်၏ ဣန္ဒြေပျက်မှု အကြောင်းရင်းကို တွေ့ရှိရတော့၏။

ရဲအဖွဲ့ဝင်များသည် ဟိုတစ်စု ဒီတစ်စုခွဲ၍ ရပ်နေကြပြီး အရှိန်လျှော့ ဝင်လာနေသော ရထားကြီးကို လည်တဆန့်ဆန့်ဖြင့် စောင့်မျှော်နေကြ၏။ သူတို့သည် အထက်အညာသို့ ဘုရားဖူးသွားမည့် ခရီးသည်များ မဟုတ်ကြ၊ ဤရထားပေါ်တွင် ရန်ကုန်မှနေ၍ ပါလာကောင်း ပါလာမည် ဖြစ်သော လူသတ် တရားခံတစ်ဦးကို သက်ဆိုင်ရာမှ အကြောင်းကြား တာဝန်ပေးချက်အရ စောင့် ဆိုင်းနေကြသူများသာ ဖြစ်၏။

ပပဝန်းက ခင်မောင်ရင်ကို ကြည့်လိုက်၏။ သူက သူမ၏ မျက်နှာကို အားကိုးစွာဖြင့် ကြည့်နေ၏။ သားငယ်တစ်ဦးက မိခင်၏မျက်နှာကို ကြည့် နေသကဲ့သို့ ဖြစ်၏။ ပပဝန်း၏ မျက်နှာတွင် တော်တော်ကြီး စိတ်မကောင်းသည့် အမူအရာများ ပေါ်လွင်လာ၏။ သူမက တစ်စုံတစ်ခုကို အားတင်း၍ ဆုံးဖြတ်သည့် အမူအရာဖြင့် နေရာမှ ဆတ်ခနဲ ထလိုက်ပြီး –

'ကဲ လာ လာ အစ်ကို။ ဝန်း အခန်းကို လိုက်ခဲ့'

သူမက ဒါပဲ ပြောပြီး ရှေ့က ထွက်သွားသည်။ ခင်မောင်ရင်က စားပွဲတွင် တစ်ဆယ်တန်တစ်ရွက် ချထားခဲ့ပြီး အထက်တန်းတွဲများဆီသို့ လျှောက်သွားနေ သော ပပဝန်းနောက်သို့ အမီလိုက်သွား၏။ လက်ဖက်ရည် ပန်းကန်သိမ်းရန်





လျှောက်လာသော စားသောက်ခန်း အလုပ်သမားသည် တစ်ဆယ်တန်ကို လက်ထဲတွင် ကိုင်ရင်း ကသုတ်ကရက် ထွက်သွားသူနှစ်ဦးအား ငေးကြည့်နေမိ၏။

www.burmeseclassic.com

၂

ဝဲရှုးဘုတ်ဘာတွင် ရဲထားဆိုက်သည်နှင့် တစ်ပြိုင်နက် ဆင်းသူကဆင်း၊ တက်သူကတက်၊ ရောင်းသူကရောင်း၊ ဝယ်သူက ဝယ်နေကြသည့်အချိန်တွင် ရဲအဖွဲ့ဝင်များသည် သူတို့တာဝန်ကို သူတို့ ထမ်းဆောင်လျက် ရှိကြသည်။

ပထမတော့ ရဲအဖွဲ့ဝင်များ၏ တက်ရောက်ရှာဖွေခြင်းသည် ဘိန်းရှာခြင်း၊ မှောင်ခိုရှာခြင်းလောက်ဖြစ်သည်ဟု သဘောထားကြသူများသည် လူသတ်သမားကို ရှာဖွေကြောင်း သိကြသောအခါတွင်ကား အထူးပင် အုတ်အော်သောင်းနင်း ဖြစ်သွားကြ၏။ အထူးသဖြင့် ရန်ကုန်မြို့လယ် ပထမတန်း ဟိုတယ်ကြီး၏ ညှဉ့်ခန်းဆောင်အတွင်း၌ လူအများ၏ ရှေ့မှောက်တွင် ပြည်နယ်ထိပ်တန်း အရာရှိကြီး တစ်ဦးအား ရဲရဲတင်းတင်း ရက်ရက်စက်စက် ထိုးသတ်၍ ထွက်ပြေးသွားသော ခေတ်ပညာတတ် လူငယ် လူသတ်သမားတစ်ဦး သူတို့နှင့်အတူ ရထားပေါ်တွင် ပါလာကြောင်းကို ကြားသိရသော အမျိုးသမီးများသည် ယခုမှပင် မျက်လုံးပြူး မျက်ဆန်ပျာနှင့် ခံနေဝံ့ မထိုင်ဝံ့ ရှိနေကြတော့၏။





ရဲအဖွဲ့ဝင်များကလည်း အရေးကြီးသော လူသတ်သမားတစ်ဦးကို ရှာရသည်ဖြစ်၍ အထူးပင် စေ့စေ့စပ်စပ် ကြိုးကြိုးစားစား ဆောင်ရွက်ကြ၏။ တစ်တွင် မီးရထားပေါ်မှ ဆင်းမပြေးစေရန် တွဲဆိုင်းကြီး၏ ဟိုဘက်ဒီဘက်တွင် စောင့်များ ချထား၏။ ပြီးတော့ ခေါင်းတွဲထိပ်မှ တစ်ဆိုင်း၊ နောက်ဆုံးတွဲမှ ဆိုင်း၊ အလယ်မှ တစ်ဆိုင်း စသည်ဖြင့် သုံးဆိုင်းခွဲ၍ တက်ရောက်ကြ၏။

သူတို့က လူတစ်ကိုယ်ပုန်းသာသော နေရာအားလုံးကို ရှာဖွေ၏။ ဘာတွင်းရှိ လူများအားလုံးကို ထွက်ခိုင်း၏။ ထို့နောက် ခရီးသည်များကို ရွန်းများ ထုတ်၏။ မသင်္ကာဖွယ်ရာ လူတစ်ယောက်ကို မြင်မိသလား၊ ယောက် လမ်းတွင် ဆင်းသွားသည်ကို မြင်မိသလား၊ ယနေ့ထုတ် ဆင်းစာများတွင်ပါသော ဓာတ်ပုံကိုပြ၍ သူနှင့်ဆင်ဆင် လူကို တွေ့မိသလား၊ ဟုတ် ရုပ်ဖျက်ထားဟန်ရှိသော လူတစ်ယောက်ကို သတိထားမိသလား ည်ဖြင့် ဖြစ်၏။

မီးရထား၏ အလယ်ကောင်တည့်တည့်မှ ဖောက်၍ဝင်သော အဆိုင်းကို ဦးခင်မောင်ကြီးကိုယ်တိုင် ခေါင်းဆောင်လေသည်။ သူတို့ ပထမဆုံး တက်ရောက် သာတွဲမှာ စားသောက်ခန်းတွဲ ဖြစ်လေသည်။ ထိုပထမဆုံးသော တွဲမှာဝင် ား ခံ၏ သဲလွန်စကို ရရှိကြလေသည်။ သဲလွန်စကို ပေးသူများကား သောက်ခန်း အလုပ်သမားနှစ်ဦးပင် ဖြစ်၏။ သူတို့က လူသတ်သမားနှင့် င်တူပ်တူသော လူတစ်ယောက်သည် ရိုးရိုးတန်း တွဲဘက်မှလာပြီး အထက်တန်း ျိုးသမီး ခရီးသည်တစ်ဦး၏ စားပွဲတွင် ဝင်ထိုင်ကြောင်း၊ ပြီးတော့ ထမင်းမှာ ကြောင်း၊ ဤအချိန်မှာ ထမင်းချိန် မဟုတ်ဟု သတိပေးတော့မှ ကြက်ဥလေးလုံး င်မုန့်ဆယ်ချပ်နှင့် လက်ဖက်ရည်တစ်ခွက် သောက်သွားကြောင်းတို့ကို အား တ်သရော ပြောပြကြ၏။

ထို့နောက် ရဲမှူး၏မေးမြန်းချက်အရ တရားခံသည် ထိုအမျိုးသမီးနှင့် ညှိတပြားစီလာသော်လည်း ရယ်ရယ်မောမော စကားပြောနေသည်ကို တွေ့ ကြောင်း၊ နောက်ဆုံး၌ နှစ်ယောက်စလုံးအတွက် ကျသင့်ငွေကို တရားခံကပင် ဆယ် ်တစ်ရွက်ပေးပြီး ပြန်အမ်းငွေ ယူမသွားကြောင်း၊ သူတို့ နှစ်ယောက်သည် သောက်ခန်းတွင် တစ်နာရီနီးပါးမျှ ထိုင်နေကြပြီးနောက် ပဲခူးဘူတာသို့ ားဝင်မှ အမျိုးသမီးက အရင်ထသွားကြောင်း၊ တရားခံက နောက်မှ လိုက်သွား ကြောင်းတို့ကို အစစ်ခံ၏။

www.burmeseclassic.com



ရဲမှူးဦးခင်မောင်ကြီးက ဆက်လက်၍ စုံစမ်းပြန်သောအခါတွင် ထိုအမျိုးသမီးမှာ အတော်ပင် ချောမောလှပပြီး အထက်တန်း နှစ်ယောက်အိပ်ခန်းတစ်ခုတွင် လိုက်ပါလာသူတစ်ဦး ဖြစ်ကြောင်းကိုပါ ထပ်မံသိရှိရ၏။ သို့ဖြင့် ဦးခင်မောင်ကြီးသည် နှစ်ယောက်အိပ်ခန်းများကို လိုက်လံစစ်ဆေးသောအခါတွင် အချို့အခန်းများသည် ဖွင့်၍ အတွင်းရှိလူများကို တွေ့မြင်နိုင်ပြီး သူအလိုရှိသူများ မဟုတ်ကြောင်းကို စစ်မေးမြန်းဘဲနှင့် သိမြင်နိုင်၏။ သို့ရာတွင် တွဲတစ်ခုအဆုံးရှိ တစ်ခုသော နှစ်ယောက်အိပ်ခန်းသည်ကား တံခါးပိတ်ထားလျက်သား ရှိ၏။

ထိုအခန်းတံခါးတွင် ချိတ်ဆွဲထားသော မီးရထားဌာန၏ အမှတ်အသားစာရွက်ကို ဖတ်ကြည့်သော အခါတွင်ကား "ဒေါ်တင်တင်အေးနှင့် ဒေါ်ပပဝန်း" ဟု တွေ့ရှိရ၏။ အမျိုးသမီးနှစ်ယောက် လိုက်ပါလာသော အခန်းသည် ဘူတာတစ်ခု၌ ရထားဆိုက်ထားစဉ်မှာပင် ပိတ်လျက်သား ရှိနေသည်မှာ နည်းနည်းမျှ သဘာဝမကျဟု ရဲမှူးဦးခင်မောင်ကြီးက အတွေ့အကြုံရှိသူပီပီ ယူဆလိုက်၏။

သူက တံခါးကို ခေါက်လိုက်သည်။ အထဲမှ လူတစ်ယောက်၏ လှုပ်ရှားသံများကို ကြားရသည်။ နောက်တစ်ကြိမ် ထပ်၍ခေါက်လိုက်သည်။

'ဘယ်သူပါလဲရှင်'

အတွင်းမှ ချိုမြသော အမျိုးသမီးတစ်ဦး၏ အသံ ထွက်ပေါ်လာသည်။

'ရဲအဖွဲ့ဝင်တွေပါ၊ တံခါးမြန်မြန်ဖွင့်ပါ'

'ခဏလောက် သည်းခံပါဦးရှင်'

'မြန်မြန်လုပ်ပါ၊ အရေးကြီးတယ်'

'ကျွန်မ တောင်းပန်ပါတယ်ရှင်။ ကျွန်မ အဝတ်လဲနေလို့ပါ။ အခုချက်ချင်းပဲ ဖွင့်ပါ့မယ်'

ယင်းအဖြေ ထွက်ပေါ်လာပြီးနောက် တကယ်ပင် ချက်ချင်းဆိုသလို တံခါးပွင့်လာလေသည်။ စောစောက အမျိုးသမီး ပြောသည့်အတိုင်းပင် သူမသည် အဝတ်လဲနေခြင်း ဖြစ်၏။ တံခါးပွင့်သွားသောအခါတွင် သူမ၏ အစိမ်းနုနု ထဘီသည် ခါးပေါ်တွင် လျော့ရဲရဲလေးသာ တင်နေ၏။ စီပီယာ အကျီအဖြူကို ယခုမှစ၍ ကြယ်သီးတပ်နေ၏။ ဒုတိယနောက်ဆုံး ကြယ်သီးမှစ၍ တပ်သဖြင့် အပေါ်ပိုင်း အကျီဖုံးသည် လန်ကျနေပြီး ဝင်းဝါသော ရင်ညွှန့်များက အရေးတကြီး ဝင်လာကြသူများအား ခရီးဦးကြိုဆိုလျက် ရှိ၏။

သည်တော့လည်း ဦးခင်မောင်ကြီးက အားနာသွားမိပေသည်။ အမျိုး





ည် လုံချည်ကို တစ်ဖက်ကထိန်း၍ အကျီကို တစ်ဖက်က ထိန်းထားရသည်။ က် ရဲအဖွဲ့ဝင်များအား မည်သို့မျှ နားမလည်သော မျက်နှာဖြင့် ကြည့်နေ၏။

ဦးခင်မောင်ကြီးသည် အဝတ်လဲ၍ မပြီးတတ်သေးသော အမျိုးသမီးကို သော်လည်း သူ့တွင် တာဝန်ရှိသဖြင့် အထဲသို့လည်း ရောက်နေပြီ ဖြစ်၍ ၏ အခြေအနေကို အကဲခတ်လိုက်သည်။ သူ့စိတ်ထဲတွင် မသင်္ကာစရာများကို ်တ်ရသည်။ သူသာမက အခန်းဝတွင် ရပ်၍ သူ၏အမိန့်ကို စောင့်စားနေသော စ်ဦးကလည်း မည်သည့်အချက်များကို မသင်္ကာရမည်ဟု နားလည် ၏။

အထက်တန်းနှစ်ယောက်အိပ်ခန်းသည် တကယ်တော့ ကျယ်ဝန်း ည် မဟုတ်ပေ။ အခန်း၏ တစ်ဝက်လောက်သည် အိပ်စင်နှစ်ခုဖြင့် နေသည်။ ကျန်တစ်ဝက်သည် မပြောပလောက်သော စင်ကလေး တစ်ခုမှ း ဟင်းလင်းကြီး ဖြစ်ပေသည်။ လူတစ်ယောက် မပြောနှင့်၊ ကြွက်တစ်ကောင် ာင် ပုန်းအောင်းစရာ မရှိပေ။ အိပ်စင်နှစ်ခုအနက် အပေါ်အိပ်စင်မှာလည်း တင်ထား၏။ ထိုနေရာတွင် လူတစ်ယောက် ဝင်နေ၍ မဖြစ်နိုင်ပေ။ အဝတ်လဲ သော အမျိုးသမီးသည် အောက်စင်တစ်ခုကိုသာ အသုံးပြုပေ၏။ ယင်း အောက် င် သို့မဟုတ် ဆိုဖာရှည်ကြီးပေါ်တွင် အိပ်ရာခင်းကြီးတစ်ခု ခင်းထားခြင်း သော်လည်း အကျီဝါဝါ ပါးပါး၊ ဘရာစီယာဖြူဖြူသွယ်သွယ်နှင့် ထဘီအညိုရင့် ည် အဖြူ တစ်ထည်တို့က လွှားတင်လျက် ရှိကြသည်။ ယင်းအိပ်စင်သည် ာက်အခင်းပြင်မှနေ၍ တစ်တောင်နီးပါးမြင့်သဖြင့် လူတစ်ယောက်ဝင်၍ မည်ဆိုက ပုန်းနေနိုင်သည်။ သို့ရာတွင် ယင်းအိပ်စင်အောက်ကို လုံးဝ တွေ့နိုင်ကြသလောက် ရှိ၏။ ခေါင်းရင်းဘက်တွင် သားရေသေတ္တာ တစ်လုံးက နေပြီး ခြေရင်းဘက်တွင်ကား ထဘီနှစ်ထည်က ကန့်လန့်ကာများသဖွယ် နေ၏။ ဦးခင်မောင်ကြီးသည် ယင်းမြင်ကွင်းကို ကြည့်လိုက်ပြီးနောက် မည်သို့မျှ ်ခင်စားသည့် အနေမျိုးဖြင့် –

'ငါ့တူမကြီးကို အခုလို နှောင့်ယှက်ရတာ ဝမ်းနည်းပါတယ်ကွယ်။ ဒါပေမဲ့ ကြီးတဲ့ တရားခံတစ်ယောက်ကို ရထားတစ်စီးလုံး ပိုက်စိပ်တိုက် ရှာနေရလို့ မ အခန်းကိုလည်း ရှာရတာပါ'

'ဩော် ဩော် ရှာပါ ရှာပါ။ အလုပ်ဝတ္တရားပဲ။ ကျွန်မကို ဘာမှ နာစရာ မလိုပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ်ကွယ်။ အခုလို ရဲအဖွဲ့ကို ပူးပေါင်းကူညီတာ တချို့ကျတော့ ဘုပြောလွှတ်ကြတယ်ကွယ့်။ ဒါနဲ့ ငါ့တူမ ကနေ့မနက် အတင်းစာတွေ မဖတ်ရသေးဘူးလား'

'ဟင့်အင်း ဘာပြုလို့လဲ။ သုံးလေးစောင်တော့ ဝယ်လာတယ်။ ဒါပေမဲ့ မနေထိုင်းမှာတော့ ရှုခင်းကလေးတွေလည်း ကြည့်ချင်တာနဲ့၊ ကော်ဖီ ကြမ်းကလေး တစ်ခွက်လည်း သောက်ချင်တာနဲ့ စားသောက်ခန်းတွဲကို သွားနေလို့ ခုနက အခန်းကို ပြန်ရောက်တယ်'

အမျိုးသမီးက အနည်းငယ်မျှပင် မတုန်မယင်သော လေသံဖြင့်ပြော၏။

'ဒါဖြင့် ငါ့တူမ ဝယ်ထားတဲ့ သတင်းစာတွေကို ကြည့်ပါဦး'

'ကြည့်ပါဦးဆိုမှ သတင်းစာတွေကော ဘယ်ထားမိပါလိမ့်။ ဩော် ဟောဒီမှာ ကျွန်မမောင်ကလေး ဝယ်လာပေးတဲ့ အလိပ်လိုက်ပဲ'

သူမက အိပ်စင်နှင့် နံရံထောင့်တွင် အလိပ်လိုက် ညှပ်ထားသော သတင်းစာများကို ညာလက်ဖြင့် လှမ်းယူလိုက်သည်။ ထိုအခါတွင် အပေါ်ဆုံး အကျီအထက်ဖုံးလန်ကျသွားသဖြင့် ရင်ညွှန့်သည် ဝင်းခနဲ ပြိုးပြက်သွားပြန်၏။ ဦးခင်မောင်ကြီးက စိတ်မလုံသဖြင့် သူတပည့်များကို ကြည့်လိုက်သည်။ ရဲအောင်နှစ်ဦးမှာလည်း သူတို့ဆရာ၏ အကြည့်ကြောင့် မျက်နှာ လွှဲလိုက်ရလေသည်။

'ဘုရားရေ'

သတင်းစာတွေကို အထပ်လိုက်ကိုင်ရင်း အမျိုးသမီးက တုန်လှုပ် ချောက်ချားစွာ အော်လိုက်သည်။

'ဘာဖြစ်လို့လဲ သူငယ်မ'

ဦးခင်မောင်ကြီးက မျက်မှန်ကို အနည်းငယ် နေရာပြင်ရင်း မေးလိုက် သည်။

'သူ သူ သူ'

အမျိုးသမီးက ခင်မောင်ရင်၏ပုံကို လက်ညှိုးထိုးရင်း ထစ်ထစ်ငေါ့ငေါ့ ရှိနေသည်။

'သူ ဘာပြုလို့လဲကွယ့်'

အမျိုးသမီးက အတန်ကြာကြာ အသက်ရှူမှန်အောင် ပြုလုပ်ပြီးမှ –

'ဘာပြုရမလဲ။ စောစောက ကျွန်မနဲ့ စားသောက်ခန်းတွဲမှာ တစ်စားပွဲ တည်းထိုင်ပြီး စကားပြောသွားသေးတယ်။ ကျွန်မကတော့ သူ့ကို လူကောင်း





သောက်ပဲ မှတ်တာပေါ့။ လူကလည်း မွန်မွန်ရည်ရည်ပဲ မဟုတ်လား'

'မွန်မွန်ရည်ရည်မို့ ပိုပြီးကြောက်စရာ ကောင်းတာပေါ့ကွယ်။ ပြီးတော့ သွားတာကလည်း အစိုးရဏာဝန် ထမ်းဆောင်နေတဲ့ ပြည်နယ်အရာရှိ ကြီးတစ်ဦးဆိုတော့'

အမျိုးသမီးက သတင်းစာများကို အိပ်စင်ပေါ် ပစ်ချလိုက်ပြီးနောက် သူမ ကိုယ်ကိုလည်း အလားတူ ပစ်ချလိုက်သည်။ အရှိန်နှင့် သူမ၏ ထဘီက ပြေလျော ကျသွား၍ သူမက ကပျာကယာ သိမ်းဆည်းလိုက်ရသည်။ သို့ရာတွင် ခါးသား များက လှျပ်စီးပြက်သွားသည်။ သို့သော်လည်း သူမက ရှက်ရမည်ထက် ကြောက်ရ သည့်အရေး ပိုနေသည့်ဟန်ဖြင့် –

'ကျွန်မကိုယ်က ကနေ့ကံဆိုးပါတယ်။ မနက်ကတည်းက တစ်ခုမှ အဆင်မပြေဘူး။ ဒါကြောင့်မို့ ဒေါ်ဒေါ်တို့က မသွားပါနဲ့လို့တောင် ပြောတား သေးတာ။ သာ မသွားရင် မဖြစ်ဘူးဆိုပြီး ဇွတ်ထွက်ခဲ့တယ်။ ကဲ ဦးလေးပဲ စဉ်းစား ကြည့်လေ။ ကျွန်မနဲ့အတူ မန္တလေးကိုသွားမယ့် ကျွန်မရဲ့သူငယ်ချင်း ခရီးဖော်ဟာ လည်း အရေးကြီးတဲ့ကိစ္စရှိလို့ မလိုက်နိုင်တော့ဘူးတဲ့။ ဒါနဲ့ ကျွန်မ တစ်ယောက် တည်းပဲ ထွက်လာခဲ့ရတယ်။ တစ်ခါ လူသတ်သမားနဲ့ အတူတူထိုင်ပြီး လက်ဖက်ရည် သောက်ခဲ့ရတယ်။ ဟော အခုနောက်ဆုံး အခန်းပြန်ရောက်တော့ ရေမွှေးကြီး ထည့်ထားတဲ့ ဓာတ်ဘူးကို ဆွဲယူလိုက်တော့ ဘယ်လိုဘယ်လို လက်ထဲက ချော်ပြီး ကြမ်းပြင်ကျသွားတယ် မသိဘူး။ ကျွန်မတစ်ကိုယ်လုံး ရေမွှေးပူလောင်သွားတယ်။ ဆော်ပါသေးတယ်၊ ရေမွှေးက မနက်အစောကြီးကတည်းက ထည့်ထားတာမို့ ပူနေတော့လို့။ ဒါတောင် ဟောဒီမှာ အတော် လောင်သွားသေးတယ်။ ကန်တော့ ပါရဲ့၊ ဒီမှာ ကြည့်ပါဦး'

အမျိုးသမီးက ထဘီကို ဆွဲတင်လိုက်ရာ ဘယ်ဘက် ဒူးခေါင်း အထက် ပေါင်သားဖြူဖြူတွင် အပူလောင်ထားသည့် နီရဲနေသော ဒဏ်ရာကို တွေ့ရ၏။

'ဟောဒီဘက် ရင်ဘတ်မှာ ရော၊ ညာဘက် ပေါင်ရင်းမှာ ရော၊ လောင်သွားသေးတယ်။ ဒါနဲ့ ကျွန်မ ဦးလေးတို့ တံခါးခေါက်တော့မှ အဝတ်တွေ လဲနေရတာပေါ့'

'ဖြစ်မှ ဖြစ်ရလေကွယ်၊ စိတ်မကောင်းလိုက်တာ၊ ဒါဖြင့် ငါ့တူမ ဘယ်နှယ့်လုပ်မလဲ'

'ကိစ္စမရှိပါဘူး။ ကျွန်မမှာ ခရမ်းချဉ်သီးတစ်ဘူး ပါလာတယ်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လိမ်းလိုက်ရင် ပျောက်သွားမှာပါ'

'မြန်မြန်လိမ်းလိုက်ရင် ကောင်းမယ်ကွယ်။ ဟုတ်တယ်၊ ခရမ်းချဉ်သီး ကောင်းတယ်။ မင်လဲ ကောင်းတယ်။ ကဲ ကဲ ဦးလေးတို့ သိချင်တာလေး နည်းနည်း မေးပြီး အခုပဲ သွားကြပါမယ်။ ငါတူမကြီး ကြာရင် အရေခွံ ကွာကုန်လိမ့်မယ်'

'ကိစ္စမရှိပါဘူး။ ဦးလေး မေးပါ၊ ကျွန်မ သိသမျှ ဖြေပါ့မယ်'

အမျိုးသမီးက ထဘီကို ပြန်ဖုံးလိုက်ပြီး ပြောလိုက်၏။ သို့ရာတွင် ရင်သား တစ်ဖက်သည် ချောင်းပြူလျှက် ရှိ၏။

'အဲ အဲ အဲဒီ တရားခံ ဘယ်ရောက်သွားသလဲ'

'ဆင်းသွားရောပေါ့။ သူ ပဲခူးမှာ ဆင်းမယ်လို့ ပြောတာပဲ။ သူပြောတော့ သူက ပဲခူးက အဆောက်အဦ ကန်ထရိုက်တာတဲ့'

'ဟေ ဟုတ်လား။ ဒါဖြင့် ဒီကောင် လွတ်ထွက်သွားပြီနဲ့တူတယ် အောက်ကကောင်တွေကို ဂရုစိုက်ကြဖို့ ပြောစမ်း'

သူက ရဲသားနှစ်ဦးကို ပြောလိုက်ရာ သူတို့က ချက်ချင်းပင် ထွက် သွားကြသည်။

'ငါ့တူမကြီး ကံကောင်းတယ်ကွယ်'

ဦးခင်မောင်ကြီးက ပြောလိုက်သည်။

'ဟုတ်တာပေါ့ ဦးလေး။ ကျွန်မက ဒီဘူတာရောက်တဲ့အထိ စားသောက် တွဲထဲမှာ ထိုင်နေမိလို့ပေါ့။ စောစောကတည်းကသာ ထပြီး အခန်းကို ပြန်လာခဲ့ သူများ လိုက်လာခဲ့ရင်'

သူမက ဆက်မပြောဝံ့သည့် အနေဖြင့် ကိုယ်ကလေးကို သိမ့်သိမ့် ခါလိုက်သည်။ ရင်သားအစုံသည် ညိတ်ခနဲ ညိတ်ခနဲ ဒန်းစီးလိုက်ကြသည်။ ဦးခင်မောင်ကြီးက အယောင်ယောင်အမှားမှားဖြင့် အခန်းထဲမှ ခြေလှမ်းမမှ ကိုယ်မဟန်နိုင်ဖြင့် ထွက်သွားသည်။

ပပဝန်းက တံခါးကို ပိတ်လိုက်သည်။ ပြီးတော့ အထက်သော့ အော သော့ နှစ်ခုစလုံးကို ပိတ်လိုက်သည်။ မကြာမီတွင် ဥသြဆွဲ၍ ရထားထွက်ေ သည်။

'ကဲ ထွက်ပါတော့ရှင်'

ပပဝန်းက ပြောလိုက်ရာ ခင်မောင်ရင်သည် ထဘီနှစ်ထည်ကြား ခေါင်းထိုးထွက်လာသဖြင့် သူမက ကပျာကယာ ထဘီများကို ဖယ်လိုက်သည်။





အပြင်ရောက်လာတော့ နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။ ပြီးတော့ ပြုံ ချလိုက်ကြသည်။

ပပဝန်းက တသိမ့်သိမ့် ရယ်မောနေသဖြင့် ရင်သားများသည် လှည်းကြမ်း ကြသည်။ သူက ရိုင်းပျစွာ ကြည့်နေမိပြီးမှ သတိရ၍ မျက်စိလွှဲလိုက်သည်။ အခါမှ အမျိုးသမီးကလည်း သတိရ၍ အင်္ကျီ ကြယ်သီးများကို တပ်လိုက်သည်။ တော့ ရေခဲနွေးကြမ်းများ စိုရွှဲ၍ လက်ဖက်ခြောက်ဖတ်များ ပေနေသော များကို ခြေရင်းဘက်တွင် စု၍ လှန်းရန် ထလိုက်ရာ ပေါင်စမှ အပ္ပလောင် ည့် ဒဏ်ရာသည် နာကျင်သွားသဖြင့် ထော့နဲ့နဲ့ ဖြစ်သွားကာ ပါးစပ်မှ တ်ကျွတ် ညည်းလိုက်သည်။

'ဟုတ်သားပဲ။ ကျွန်တော် မေ့နေတယ်၊ ကြည့်စမ်း၊ ဝန်း အတော်နာ သား၊ ခရမ်းချဉ်သီးဘူး တကယ်ပါသလား။ ကျွန်တော် လိမ်းပေးမယ်'

ခင်မောင်ရင်က ပြောလိုက်သည်။

'ကိစ္စမရှိပါဘူး အစ်ကို။ တော်ကြာနေ ပျောက်သွားမှာပါ'

'ဘယ် အလိုလိုနေရင်း ပျောက်မလဲ။ ဘယ်မလဲ ခရမ်းချဉ်သီးဘူး'

'ဒုတိယ ရဲမှူးကြီးကလည်း ခက်တော့တာပဲ။ ဘယ်မှာ ခရမ်းချဉ်သီး ခါပါ့မလဲ'

'ဒါဖြင့် မင်လိမ်းရအောင်'

ခင်မောင်ရင်က အိတ်ထဲမှ ဖောင်တိန်ကို ထုတ်၍ အဖုံးဖွင့်လိုက်သည်။ တော့ ထိပ်ပိုင်းကို ဝက်အူရစ်လှည့်၍ ဖြုတ်လိုက်သည်။ သူက မင်များကို ာင်းချရန် အသင့်ရှိနေသောအခါတွင် သူမ၏ထဘီကို ပင့်တင်ရန် လက်ဟန် င်လိုက်ပြီးမှ ပပဝန်းအား မော့ကြည့်လိုက်သည်။

အမျိုးသမီးက သူမ၏ခြေရင်းတွင် ထိုင်နေသော ခင်မောင်ရင်ကို နာသော အနေဖြင့် –

'ကန်တော့နော် အစ်ကို'

ပြီးတော့ ထဘီကို ဖြည်းညင်းစွာ မတင်လိုက်သည်။ ပေါင်အလယ် ာက်သို့ ရောက်သည်အထိ ဖြစ်သည်။ ပေါင်လုံးကြီးများက ဖြူဖွေး၍ ထိရက် ာမရှိအောင် အိနေသည်။ သူက အသက်ရှုမှားနေသည်။ လက်နှစ်ဖက်စလုံး န်နေသည်။ သူမ၏စိတ်များ လှုပ်ရှားနေသည်မှာလည်း ထင်ရှားနေသည်။ တို့နှစ်ယောက် ဖိန်းဖိန်းရှိန်းရှိန်းနှင့် သူမ၏ အပ္ပလောင်သော ပေါင်သားနုနုများကို

www.burmeseclassic.com



သူ့လက်ကြမ်းကြီးများဖြင့် ပွတ်သပ်၍ မင်လိမ်းပေးပြီးသွားသည်။ ယင်းနောက် နှစ်သောတ်သား အကြောင်းမဲ့ ရယ်မောလိုက်ကြသည်။ အမျိုးသမီးက သူမ ဆားတွင်ထိုင်ရန် ဆိုဖာကို လက်ဖြင့် ပုတ်ပြသဖြင့် ခင်မောင်ရင်က ဝင်၍ ထိုင် လိုက်သည်။

ခင်မောင်ရင်က အတန်ကြာ ဘာပြောရမှန်း၊ ဘာလုပ်ရမှန်း မသိ ရှိနေပြီး ရင်တွေ တဆတ်ဆတ်တုန်နေရာမှ စိတ်ငြိမ်သက်စေရန် သတင်းစာတစ်စောင်ကို ကောက်ကိုင်လိုက်သည်။ သည်တော့ သူ့ပုံကို တွေ့ရပြန်တော့သည်။

'ဝန်း ဒါတွေ အကုန် ဖတ်ပြီးပြီလား'

ခင်မောင်ရင်က သူ့သတင်းပိုဒ်များပေါ်တွင် လက်ညှိုးဖြင့် အနိမ့်အမြင့် ကြောင်းပြရင်း မေးလိုက်သည်။

'ကျောက်ဘီလူးအကြောင်း ပါသလား'

'တော်ပါတော့ အစ်ကိုရယ်။ သူက ခပ်တည်တည်နဲ့ သူ့ကိုယ်သူ ကျောက်ဘီလူးတဲ့။ ချောက်ဘီလူးကနေ ကာလရွှေ့လျားလို့ ကျောက်ဘီလူး ဖြစ်လာတာတဲ့။ ခပ်တည်တည်နဲ့ လူကို လာဖြီးနေသေးတယ်'

ခင်မောင်ရင်က နောက်နေသည်မှတ်၍ အမျိုးသမီးက မြူးထူးမှု တစ်ပိုင်း ဒေါ်မြှောန့်တစ်ပိုင်းဖြင့် ပြောနေသည်။ သည်တော့မှ ကျောက်ဘီလူးအကြောင်း သတင်းစာများတွင် ဘာမျှ မပါရှိကြောင်း၊ ပပဝန်း အနေနှင့် တကယ်မသိကြောင်း သူက သိရလေတော့၏။ သို့ရာတွင် သူက ပပဝန်းကို ကျောက်ဘီလူးအကြောင်း ပြောပြရပေမည်။ သူ့အကြောင်း အကုန်ပြောပြရပေမည်။ သူ့အဖို့ အားကိုးစရာဟူ၍ သူမ တစ်ယောက်ပဲ ရှိလေသည်။ အကြောင်းမူ သူမသည် သူ့ကို ရဲအဖွဲ့ဝင်များ လက်မှ နှစ်ကြိမ်တိုင်တိုင် ကယ်တင်ခဲ့လေပြီ။ နောက်ဆုံးတစ်ကြိမ်တွင် သူမ ပေါင်သား ဝင်းဝင်းဝါဝါ နုနုပေါ်သို့ ရေနွေးပူများ လောင်းချ၍ သူ့အား ကယ်တင်ခဲ့ လေသည်။ သည်လို အမျိုးသမီးကိုမှ သူက မယုံကြည်လျှင်၊ မကိုးစားလျှင် ဘယ်လို အမျိုးသမီးကို ယုံကြည်ကိုးစားရမည်နည်း။

ခင်မောင်ရင်က ပပဝန်းကို သူ့ဘဝ၏ တစ်ဦးတည်းသော ဂေါပက လူကြီးအဖြစ် အသိအမှတ် ပြုထားလိုက်ပြီတည်း။ သို့ရာတွင် သူက ခပ်မြူးမြူး ဖြင့် –

'ကိုယ်နောက်နေတာ မဟုတ်ဘူး အမိ။ ကိုယ့်နာမည်က တကယ့် ကျောက်ဘီလူး။ ကိုယ်ဟာ ကျောက်ဘီလူး မဟုတ်ဘဲ ခင်မောင်ရင်ဟာ ခင်မောင်





ဖြစ်နေခဲ့ရင် အခုလို ဝရမ်းပြေး လူသတ်သမားလည်း ဖြစ်နေမှာ မဟုတ်ဘူး။ ပပဝန်းဆိုတဲ့ အင်မတန်လှပတဲ့ အမျိုးသမီးနဲ့လည်း တွေ့ရမှာ မဟုတ်ဘူး'

သူ့စကားကြောင့် အမျိုးသမီးက မျက်မှောင်ကြုတ်၍ –

'အစ်ကို့စကား ဝန်းတော့ နားမလည်ပါဘူး'

သို့ဖြင့် သူက ပပဝန်းကို အစမှ အဆုံးတိုင် စုံထောက်ဝတ္ထုလေး ဖတ်နေသဖွယ် နောက်ကြောင်းပြန်၍ ပြောပြလိုက်သည်။ သို့ရာတွင် သူပြောပြသော ဇာတ်လမ်းသည် သူငယ်ချင်းတစ်ဦးနှင့် ရုပ်ရှင်ကြည့်ပြီးနောက် ချိန်းထားသော သူငယ်ချင်းများနှင့် တွေ့လိုတွေ့ငြား ရေဇလာသို့အသွား ဟူသည်မှ စလေသည်။ ရုပ်ရှင်ကြည့်သော သူငယ်ချင်းတစ်ယောက်ဆိုသည်မှာ လှမိုးညိုဖြစ်ကြောင်း၊ အမျိုးသမီးတစ်ယောက် ဖြစ်ကြောင်းကိုကား တစ်ခွန်းတလေမျှ ထည့်၍ မပြောပါချေ။ ကျန်သော သူ့ဇာတ်လမ်းကို တအံ့တဩဖြင့် စိတ်ဝင်စားစွာ နားထောင်ခဲ့လေသည်။

'ဒါဖြင့် ကျောက်ဘီလူးဆိုတာ တကယ်ပဲရှိတာပေါ့ ဟုတ်လား'

ပပဝန်းက သူ့စကားဆုံးသောအခါတွင် ကလေးငယ်တစ်ယောက်လို အံ့ဩသောဖြင့် မေးလိုက်သည်။

'တစ်ချိန်ကရှိတာ အမှန်ပဲပေါ့'

'ဟော့ လုပ်ပြန်ပြီ။ အစ်ကိုက ဝန်း နားမလည်အောင် ပြောနေပြီ'

'မဟုတ်ဘူးလေ။ ကျောက်ဘီလူးဆိုတာ တစ်ချိန်က ရှိခဲ့တယ်။ ရှိခဲ့လို့ လည်းပဲ မင်းခေါင်တို့လူစုဟာ အစ်ကို့ကို ကျောက်ဘီလူးနဲ့ လူမှားပြီး ဖမ်းခဲ့ကြ တာပေါ့။ အဲ အစ်ကို နောက်ဆုံး သိခဲ့ရသလောက်အထိ ဆိုရင်လည်းပဲ ကျောက်ဘီလူးဟာ မနေ့က ညနေခင်းလောက်အထိ ရှိနေခဲ့သေးတယ်။ ဘာပြုလို့လဲ ဆိုတော့ အစ်ကို ရေဇလာဟိုတယ်ကို ညနေလေးနာရီလောက် ရောက်သွားတော့ သူဟာ အစ်ကို မရောက်ခင်ကလေးမှာပဲ အပြင်ထွက်သွားတယ် ဆိုတာကို ကြားရတာကိုး။ ဒါပေမဲ့ အဲဒီနောက် သူဘာဖြစ်မယ်ဆိုတာကော ဘယ်သူပြောနိုင်မလဲ။ သူဟာ ခုအချိန်မှာ ရေဇလာမှာပဲ ရှိချင်ရှိနေမယ်၊ ဒါမှမဟုတ် သူနေရာ မလုံခြုံတော့ ဘူးဆိုလို့ တခြားကို ပြောင်းသွားမယ်၊ ဒါမှမဟုတ် မင်းခေါင်တို့လူစု လက်ထဲ ရောက်နေချင် ရောက်နေမယ်။ အဲ သေချင်လည်း သေလောက်ရောပေါ့'

'သေတော့ မသေပါစေနဲ့။ ဒါပေမဲ့ မင်းခေါင်တို့လက်ထဲ ရောက်နေပါစေ ဆုတောင်းပါတယ်'

ပပဝန်း၏ စကားကြောင့် ခင်မောင်ရင်မှာ အံ့အားသင့်သွားပြီး –

www.burmeseclassic.com



'ဘာဖြုလို့လဲ ဝန်း'

'ဘာပြုလို့ရမလဲ၊ သူအပြင်မှာရှိနေရင် တစ်ချိန်မဟုတ် တစ်ချိန်မှာ ဝန်း ဦး ဝန်းဘာလည်း သူ့ကို အစ်ကိုမှတ်ပြီး အခုလို ယုံယုံကြည်ကြည် ဆက်ဆံခဲ့ရ

အမျိုးသမီးက စကားကို ဆုံးအောင်မပြောဘဲ ကိုယ်ကလေးကို သိမ့်သိ ခါလိုက်သည်။

'အစ်ပဲ။ အဲဒီသတ္တဝါဟာ ဘာကြောင့်များ ကိုယ်နဲ့လာတူနေရတာ မသိဘူး'

'ဒါတော့ အစ်ကိုရယ် နာမည်တူ မရှား၊ လူတူ မရှားကိုး'

'ခက်တာက သူနဲ့ မတွေ့ရတာပဲ။ သူနဲ့ တွေ့လိုက်ရရင်လည်း ပြဿ တွေ ရှင်းသွားမှာ'

'စောစောကတော့ ဟုတ်ချင်မှဟုတ်မှာပေါ့။ ဒါပေမဲ့ အခုနေတွေ့ ပြဿနာတွေ မပြေလည်တဲ့အပြင် အစ်ကို့အဖို့ ပိုလို့တောင် ဆိုးနိုင်သေးတယ်'

'ဘာပြုလို့'

'စောစောတုန်းက ဦးခမ်းလုံဆိုတဲ့ လူကြီးဟာ မသေသေးဘူး မဟု လား။ ဒါကြောင့် အခြေအနေတွေဟာ ခုလောက် မဆိုးသေး မရှုပ်ထွေးသေးဘူ အစ်ကို ရေဇလာမှာ အဲဒီကျောက်ဘီလူးဆိုတဲ့ လူကြီးနဲ့ တစ်ခါတည်း တွေ့လိုက် တော့ အစ်ကိုထင်သလိုပဲ ပြဿနာတွေ ပြေချင်ပြေသွားမှာပေါ့။ ဒါပေမဲ့ အခုတေ မရတော့ဘူး။ ပြဿနာတွေက လက်လွန်ကုန်ပြီ'

'ဘာပြုလို့ မရတော့တာလဲ။ ဘာတွေ လက်လွန်ကုန်တာလဲ'

'အော် ဝန်း ပြောပြီးပါပကော။ ဦးခမ်းလုံဆိုတဲ့ လူကြီးက သေပြ နေပါပြီလို့'

'ဒါနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်ပါပြီကောရှင်။ ဦးခမ်းလုံကို အစ်ကိုသတ်တယ်လို့ ရဲအဖွဲ့က အ ယူဆနေတယ်။ အစ်ကို့ဓာတ်ပုံကိုကြည့်ပြီး လိုက်ဖမ်းနေတယ်။ တကယ်လို့ ရဲ ဟာ ကျောက်ဘီလူးကို အခုနေ မိသွားရင်လည်း ဦးခမ်းလုံသတ်တဲ့လူဆိုပြီး ဖမ်း မှာပဲမဟုတ်လား။ အဲဒီတော့မှ သူဟာ ကိုခင်မောင်ရင်ဆိုတဲ့ လူအဖြစ်နဲ့ အယော ဆောင်ပြီး သတ်တဲ့လူ ဖြစ်နေမှာပေါ့'

'ဟုတ်တယ်။ သူ့ကို အခုနေ ရဲအဖွဲ့ကတွေ့ရင် အစ်ကိုပဲမှတ်မှာပဲ'

'ဒီလိုဆိုရင် ဝန်းရဲ့ ခုနက စကားကို ပြင်ပြောပါဦးမယ်။ ကျောက်ဘီလူး





င်းခေါင်တို့ မမိစေဘဲ ရဲကမိပါစေရှင်'

'ဒါပေမဲ့ ကျောက်ဘီလူးက ဦးခမ်းလုံကို သူမသတ်ဘူးလို့ ငြင်းနေရင် တော'

ပပဝန်းက ခေါင်းခါလိုက်သည်။

'တစ်ခုရှိတယ် အစ်ကို။ သူက လူဆိုးတစ်ယောက်၊ အစ်ကိုက လူကောင်း တစ်ယောက်။ ဒါက ခြားနားချက်ပဲ။ ပြီးတော့ ဦးခမ်းလုံကို သတ်တာဟာ သူရော အစ်ကိုရော မဟုတ်ဘူးဆိုတာကို အစ်ကိုက သက်သေမပြနိုင်ပေမဲ့ သူက သက်သေ ပြနိုင်လိမ့်မယ်။ ဘာလို့လဲဆိုတော့ သူက ဦးခမ်းလုံအမှုနဲ့ ဓားထွန်းစိန်တို့အကြောင်း ကို ကောင်းကောင်းသိတာကိုး။ လိုအပ်ရင် သူဟာ အစိုးရသက်သေအဖြစ်နဲ့ အကုန် အား ဖော်ထုတ်ချင် ဖော်ထုတ်မှာကိုး'

'ဒါဖြင့် ကျောက်ဘီလူးနဲ့ တွေ့ရင်ကောင်းတာပေါ့။ ပြဿနာတွေ ပြေရှင်း တာပေါ့'

ပပဝန်းက ခေါင်းခါလိုက်သည်။

'ဒါပေမဲ့ ကျောက်ဘီလူးဟာ ဦးခမ်းလုံကို မသတ်ပေမဲ့ တခြား ရာဇဝတ်မှု ကြီးတွေကို ကျူးလွန်ခဲ့တဲ့ လူတစ်ယောက်ဖြစ်နေရင် မခက်ဘူးလား။ သူဟာ ဦးခမ်းလုံသတ်မှုက လွတ်ပေမဲ့ တခြားလူသတ်မှုနဲ့ ကျိန်းသေပေါက် ကြိုးစင်တက်ရ မှာပေါ့'

'ဒီတော့'

'ဒီတော့ သူဟာ တခြားလူသတ်မှုနဲ့ ရာဇဝတ်မှုကြီးတွေကို ကျူးလွန် ခဲ့တဲ့ လူတစ်ယောက်သာ ဖြစ်ခဲ့ရင်တော့ အစ်ကို့ကိုတွေ့ရင် သူ့အစား ခံနိုင်းမှာပဲ'

'ဘယ်လို ဓားစာခံခိုင်းမှာလဲ'

'အစ်ကို့ကို သတ်ပစ်လိုက်မှာပေါ့။ ပြီးတော့ တစ်နေရာရာမှာ ပစ်ထား လိုက်ရင် ဦးခမ်းလုံ သတ်မှုရော၊ တခြားအမှုတွေရော၊ ကျောက်ဘီလူး ဆိုတာရော အကုန် ခြေရာပျောက်သွားမှာပေါ့'

'ဒါပေမဲ့ ကျောက်ဘီလူးဟာ လူဆိုးကြီးတစ်ယောက် ဟုတ်ချင်မှ ဟုတ်မှာ ပေါ့'

'အစ်ကို ပြောတဲ့အတိုင်းသာဆိုရင်တော့ ဦးခမ်းလုံရယ်၊ ကျောက်ဘီလူး ရယ်၊ ဦးခမ်းလုံအတုတို့ လူစုရယ်ဟာ အားလုံးလူဆိုးတွေချည်းပဲ။ အစက အလုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို အတူတူလုပ်ကြပြီး နောက်ကျမှ တစ်ယောက်ပေါ်တစ်ယောက် ကလိမ်ကျကုန်ပြီး လက်ဦးတဲ့လူက အရင်သုတ်သင်တာပဲ။ ဒီကြားထဲမှာ အစ်ကိုက ဓားစာခံရတာပဲ'

'ဓားစာခံရတာကတော့ နှစ်ထပ်ကွမ်းပဲ'

'ကုသိုလ်ထူးတာပေါ့'

'ဟုတ်တယ်၊ တကယ် ကုသိုလ်ထူးတာ။ ဒီလို ဓားစာခံရလို့သာ အခုလို ဝန်းနဲ့ တွေ့ရတာ'

'တော်စမ်းပါ၊ အဟုတ်မှတ်လို့ နားထောင်နေတယ်။ သူများပေါင်မှာ အခုထက်ထိ စပ်ဖျဉ်းဖျဉ်း ဖြစ်နေသေးတယ်'

'ဟုတ်လား၊ ဒါဖြင့် ကိုယ် မင်လိမ်းပေးဦးမယ်လေ'

'တော်ပါပြီရှင်၊ ကျေးဇူးအများကြီး တင်ပါတယ်'

အမျိုးသမီးက မျက်လုံးထောင့်ကပ် ကြည့်ဟန်ဖြင့် ပြောလိုက်သည်။ သို့ရာတွင် သူမက စိတ်မဆိုးဘဲ မြူးကြွနေသဖြင့် သူက ရယ်လိုက်သည်။ သည်တော့ သူမကလည်း တငြိမ့်ငြိမ့်ရယ်ပါသည်။ သူတို့ ကိုယ်လုံးချင်း ထိမတတ်ပင် ဖြစ်ပါသည်။ အပြုံးချင်းပြိုင်၍ ဖြစ်ပါသည်။ အခိုက်အတန့်တွင်တော့ ခင်မောင်ရင်သည် အနှစ်ရယ်များအားလုံးကို မေ့လျော့သွားပြီး အကြည်နူးကြီး ကြည်နူးနေတော့သည်။

ယင်းအခိုက်တွင် တံခါးခေါက်သံ ရုတ်တရက် ထွက်ပေါ်လာသည်။ ရယ်မောနေသူ နှစ်ဦးသည် ရုတ်ခြည်းပင် သွေးအသွားအလာတန့်သွားသည်။ ဝထမဆုံး သတိပြန်ဝင်လာသူမှာ ပပဝန်းဖြစ်သည်။ သူမက ခင်မောင်ရင်ကို အိပ်စင်အောက်သို့ဝင်ရန် လက်ညှိုး အကြိမ်ကြိမ်ထိုးပြသည်။ သည်တော့မှ သူက မဆုံ့မပြဲနှင့် အားလျားထိုး၍ ဝင်သွားသည်။ အမျိုးသမီးက ထဘီနှင့် ဘရာစီယာများကို ဆေးဝါးအစီအရင် ပြုလုပ်လိုက်သည်။ ပြီးတော့ စောစောက သတင်းစာတွေ ယူသောနေရာမှ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ယူလိုက်ပြီး စာရွက်များအကြားတွင် လက်ညှိုးဖြင့် ထိုးထားလိုက်သည်။

တံခါးခေါက်သံ ထပ်မံ၍ ပေါ်ထွက်လာသည်။ ကြမ်းကြမ်းတမ်းတမ်းကြီးတော့မဟုတ်။ ဖြည်းဖြည်းညင်းညင်းသာ ဖြစ်သည်။ ပပဝန်းက တံခါးကို ဖွင့်မည်ရှိစဉ် ခင်မောင်ရင်၏ ခြေထောက်ကြီးနှစ်ဖက်သည် ထိုးထိုးထောင်ထောင်ကြီး ထွက်နေသဖြင့် ချွန်မြသော လက်သည်းဖြင့် ဆိတ်လိုက်ရာ ကြိတ်၍ ညည်းသံနှင့်အတူ ခြေထောက်နှစ်ဖက်သည် မြွေအမြီးတစ်ခု တွင်းထဲသို့ဝင်သွားသလို တွန့်လျော





ရွှဲ ဝင်သွားသည်။ သည်တော့မှ ပပဝန်းက တံခါးကို ဖွင့်လိုက်သည်။

အပေါက်ဝတွင် ရပ်နေသူကား ရဲသားတစ်ဦးမဟုတ်။ လက်မှတ်စစ်တစ်ဦးသာ ဖြစ်သည်။ သူက အခန်းတွင်းသို့ မဝင်ပေ။

'အစ်မကြီးက'

'ပပဝန်းပါ'

'ဒေါ်တင်တင်အေးကကော'

'မလိုက်ဖြစ်ပါဘူး'

လက်မှတ်စစ်က အိပ်စင်ပေါ်တွင် အဝတ်တွေ ပြန့်ကျဲနေသည်ကို နားမလည်သည့် အမူအရာဖြင့် ကြည့်နေသည်။ ပပဝန်းက အခြေအနေကို ထိန်းသိမ်းရန် ကောင်းအပ်သည်ဟု ယူဆ၍ –

'နှစ်ယောက်အိပ်ခန်းမှာ နှစ်ယောက်တွက် လက်မှတ်ယူပြီး တစ်ယောက်တည်းလိုက်လာတာ မီးရထားဥပဒေအရ အပြစ်မရှိပါဘူးနော်'

'သုံးယောက်မဟုတ်ရင် ပြီးတာပါပဲ။ ဒါပေမဲ့'

'ဒါပေမဲ့ ဘာဖြစ်သလဲရှင်'

'စောစောက ဒီအခန်းထဲက ရယ်သံကြားပါတယ်'

'ဒါကော အပြစ်ရှိသလားရှင်။ ကျွန်မ ဟောဒီမဂ္ဂဇင်းထဲက ဟာသဝတ္ထုတစ်ပုဒ်ကို ဖတ်ပြီး ရယ်နေမိတာ ဥပဒေနဲ့ ဆန့်ကျင်သလား'

ပပဝန်းက မဂ္ဂဇင်းကို မြှောက်ပြရင်း ပြောလိုက်သည်။

'ဒါပေမဲ့ ကျွန်တော့်နားထဲမှာကြားရတာ လူနှစ်ယောက်ရဲ့ရယ်သံလို့ ထင်တယ်'

'လုံနေတဲ့ အခန်းထဲမှာ ပဲ့တင်သံထပ်တယ်ဆိုတာ ရှင် မကြားဖူးဘူးလား'

လက်မှတ်စစ်က ခေါင်းရှုပ်သွားသော အမူအရာဖြင့် ခေါင်းကုတ်လျက် –

'မဟုတ်သေးဘူးဗျာ။ ရယ်သံတစ်ခုဟာ ရယ်သံတစ်ခုထက် ပိုကျယ်တယ်။ သဘောက မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် ရယ်နေတာမျိုးပဲ'

'ခက်လိုက်ပါဘိရှင်။ ပဲ့တင်သံ ဆိုတာက နဂိုအသံထက် ပိုကျယ်တယ်။ လိုဏ်ဂူကြီးတစ်ခုထဲမှာ ရှင်က တိုးတိုးလေး ရယ်ကြည့်စမ်းပါလား။ ပဲ့တင်သံပြန်လာတဲ့ ရယ်သံတွေက တစ္ဆေခြောက်သလို အကျယ်ကြီး အော်လာမယ်'

'ဟုတ်ပါလိမ့်မယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်စစ်က ဝန်မခံတခံဖြင့် လက်လျှော့သွားလေတော့၏။ သူမကေတံခါးကို ပြန်ပိတ်လိုက်သည်။ သူက ထဘီအောက်မှ ပြန်ထွက်လာသည်။

'ကိုယ်လည်း အောက်လမ်းဆရာ ဖြစ်နေပြီ'

'ကန်တော့၊ ကန်တော့'

'မလိုပါဘူး။ ကိုယ်က ဘုန်းနိမ့်တယ်ဆိုတာမျိုးကို အယုံအကြည်မရှိပါဘူး'

'ဒါပေမဲ့ရှင် ဘယ်ကောင်းမလဲ၊ သူများ ဝတ်တဲ့အဝတ်တွေအောက် ဝပ်ရတာ'

'ကောင်းပါတယ်။ ဝန်းရဲ့အဝတ်တွေက ဝန်းကိုယ်နံ့နဲ့ မွှေးနေတာပဲ'

'တော်စမ်းပါ။ ဒီလူကြီးဟာ မဟုတ်ကဟုတ်ကတွေ'

သူက သူမ၏ မျက်စောင်းတွင် ကြည်နူးသွား၍ အခန်းထဲတွင် သုံးလေးပြန်တုံ့၍ သုံးလေးကြော့ ပတ်ကာ လျှောက်လိုက်သည်။

'အဲဒါက ကိစ္စမရှိပါဘူး။ အစ်ကို ဘယ်မှာ ဆင်းမှာလဲ'

'မန္တလေးကျမှပေါ့'

'ဘယ်ဖြစ်မလဲ'

'ဘာပြုလို့လဲ။ ဝန်းအခန်းမှာ ဆက်မထားနိုင်တော့လို့လား'

'မဟုတ်ပါဘူး အစ်ကိုရယ်။ စကားကောင်း ပြောနေတာပါ။ အစ်ကိုဟာ မန္တလေးသား။ မန္တလေးမှာ ဆွေမျိုးတွေရှိတယ်၊ သူငယ်ချင်းတွေရှိတယ်၊ ဒါပေမဲ့ သူတို့ဆီ သွားတည်းလို့ ဖြစ်ပါ့မလား'

'ဘာပြုလို့မဖြစ်ရမလဲ။ ကိုယ့်သူငယ်ချင်း ပေါ်နှောင်းအိမ်မှာဆိုရင် ကိုယ်နေချင်သလောက်နေပဲ။ ဒါပေမဲ့ ကိုယ်က စိတ်ပြေလက်ပျောက် တစ်လလောက်ပဲနေပါ့မယ်'

'အမယ်လေးလေး ဗိုလ်သုကာကြီးရဲ့။ စိတ်ကူးယဉ်လိုက်တာ။ ရန်ကုန်မြို့မှာ အစ်ကိုနဲ့ပတ်သက်တဲ့နေရာတွေ အကုန်လုံး၊ ပြီးတော့ ရထားမှာ ရန်ကုန်ကအထွက်တစ်ခါ၊ လမ်းမှာတစ်ခါ။ ဒါလောက်ရှာနေတဲ့ကြားကများ သူက မန္တလေးသွားပြီး အင်မတန်ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်အိမ်မှာ စိတ်ပြေလက်ပျောက် တစ်လ ကိုးသီတင်းနေမလို့တဲ့။ သူ့ပုလိပ်တွေက မန္တလေးကျတော့ သူ့ကို ဘေးမဲ့ပေးထားမှာ ကျနေတာပဲ'

အမျိုးသမီးက ဆိုဖာပေါ်တွင် ခပ်စောင်းစောင်း ကွေးကွေးကလေး





ထဲအိပ်လိုက်ရင်း ပြောလေသည်။

'အင်း ဟုတ်တယ်။ မန္တလေးမှာလည်း ရှာကြမှာပဲ။ ဒါဖြင့် ကိုယ်ဘာလုပ်ရမလဲ။ ရှေ့ဘူတာကျရင် ဆင်းရမလား'

'ရှေ့ဘူတာ မဟုတ်ဘူး။ အခုကို ဆင်းရမယ်'

'ရထားသွားနေတုန်းလား'

'ဒါပေါ့၊ တံတားတစ်ခုပေါ်မှာ ဖြတ်သွားနေတုန်း အောက်က ရေထဲ ကိုဒိုင်ဗင်ထိုးချပေါ့'

ပပဝန်းက ရုတ်တရက် လှုပ်ရှားကာ ဝမ်းလျားမှောက်လိုက်ပြီး ပြော၏။

'ဟာ ကိုယ်မှ ဒိုင်ဗင် မထိုးတတ်ပဲ'

'ဒါဖြင့် ဒီတိုင်းပဲ ခုန်ချပေါ့'

'အင်းလေ ကြိုးစားကြည့်တာပေါ့'

သူက တကယ်ပင် ခုန်ချတော့မလို ပြတင်းပေါက်ကိုဖွင့်၍ ရှေ့တွင် တံတားတစ်ခု ရှိမရှိ ခေါင်းပြူကြည့်လိုက်သည်။

ပပဝန်းက ဝမ်းလျားထိုးနေရာမှ ရုတ်တရက်ထ၍ သူ့ဘေးသို့ ရောက်သွားသည်။

'အစ်ကိုကလဲ ဘယ်လိုလဲ မသိဘူး။ လည်သလိုလို အူသလိုလိုနဲ့ ရုပ်ရှင်ရိုက်နေတာများ အောက်မေ့နေလို့လား။ သူ့ကိုယ်သူ ဓာတ်လိုက်မင်းသားများအောက်မေ့နေသလား'

ခင်မောင်ရင်က ချာခနဲလှည့်လိုက်ရာ သူမနှင့် နီးကပ်စွာ မျက်နှာချင်းဆိုင်သွား၏။

'ကိုယ်က ဓာတ်လိုက်မင်းသား မဟုတ်ပေမဲ့ ဝန်းကတော့ တကယ့်ဓာတ်လိုက်မင်းသမီးကလေးပဲ။ မြန်မာပြည်မှာ ရုပ်ရှင်သက်တမ်း ငါးဆယ်လားခြောက်ဆယ်လား ကျော်လာပါပြီ။ ရုပ်ရှင်မင်းသမီးတွေလည်း ရာကျော်နေပြီ။ တစ်ယောက်မှ ဝန်းလောက်မလှဘူး'

အမျိုးသမီးက ခေါင်းကို ဝိုဖျော်ယမ်းလိုက်ပြီး –

'ဟုတ်လား။ အဲဒီလိုဆိုရင် လက်ရှိအလုပ်က ထွက်ပြီး ရုပ်ရှင် မင်းသမီးလျှောက်ကြည့်ဦးမယ်။ အစ်ကို ပြောသလောက် လှတယ်ဆိုရင်လေ'

အမျိုးသမီးက သူမကိုယ်သူမ ကြည့်သလို ဘယ်ညာယိမ်းနွဲ့ကာ ကိုယ်ဟန်ပြနေတော့၏။ သို့ရာတွင် ခင်မောင်ရင်သည် သူမ၏ ကိုယ်ထည်



www.burmeseclassic.com

www.burmeseclassic.com



အလှထက် သူမ၏ လက်ရှိအလုပ်ဆိုသော စကားကို စိတ်ဝင်စားပြီး –

'နေပါဦး။ ဝန်းက ဘာလုပ်တာလဲ'

အမျိုးသမီးက ရုက်ချင်း မျက်နှာတည်သွားပြီး –

'ကျောင်းဆရာမ။ ဟုတ်တယ်၊ ကျောင်းဆရာမဆိုတာ တည်တည်ခံ့ခံ့ကြီး နေရမယ်နော်'

ပပဝန်းက ဆိုဖာပေါ်တွင် ခါးစန့်စန့်ထိုင်၍ လက်ပိုက်ထားလိုက်သည်။

'ဘယ်ကျောင်းမှာလဲ'

'ရေနီမြောင်းနားက ကျောင်းကြီးမှာ ဆိုပါတော့'

'ဘုရားရေ၊ ဝန်းက မန္တလေးတက္ကသိုလ်က ဆရာမတစ်ယောက် ဆိုပါ ကလား။ ကျောင်းမှာ ကိုယ့်သူငယ်ချင်း ဆရာတွေ အများကြီးရှိတယ်။ ဝန်း သိမလားပဲ။ ဝန်းက ဘယ်ဌာနကလဲ'

'ဝန်းက ဒီနှစ်မှစပြီး အလုပ်ဝင်ရမှာပါ။ ဘာလို့လဲဆိုတော့ ဝန်းရဲ့ ကျောင်းသုံ့သက်တမ်းက လွန်ခဲ့တဲ့ သုံးလေးလကမှ ကုန်ခဲ့တာကိုး'

'နိုင်ငံခြားက ပြန်ခဲ့တာလား'

'အင်း'

'ဘယ်နိုင်ငံကလဲ'

'ရုရှား'

'ဘာ ဘာသာလဲ'

'ဇလဗေဒ'

'ကြားဖူးတယ်။ ရုရှားက ဇလဗေဒ ပါရဂူတွေဟာ တော်တော် တော်တယ် တဲ့။ သူတို့တော်လို့လဲ ဒုတိယကမ္ဘာစစ်ကြီးတုန်းက ဂျာမနီတွေ အဝိုင်းခံထားရတဲ့ လီနင်ဂရက်မြို့ကြီး မပျက်တာပေါ့။ ရုရှားတွေက ရေခဲနေတဲ့ ကန်ကြီးတစ်ခုပေါ်မှာ မော်တော်ကားလမ်းတစ်ခု ဖောက်ခဲ့တယ်ဆို'

'ဟုတ်တယ်။ အစ်ကိုက ဒါတော့သိသားပဲ။ ကဲပါလေ ဒါတွေထားပါ။ အစ်ကို့အကြောင်း ဆက်ပြောရအောင်။ အစ်ကို ဘယ်အထိသွားပြီး ဘယ်လိုလုပ်ရှာ တောင်းမယ်ဆိုတာပေါ့'

'ဒါ နောက်တော့ ပြောရင်ရပါတယ်။ ဝန်းအကြောင်း နည်းနည်း ဆက် ပြောပါဦး'

'အို ဝန်းအကြောင်း ဘာမှပြောစရာမရှိပါဘူး။ ဝန်းဟာ မန္တလေးသူ





ရှမ်းသူ မဟုတ်ဘူးနော်။ ဝန်း မိဘတွေ၊ မောင်ကလေးတွေ မန္တလေးမှာ ရှိတယ်။ ရန်ကုန်မှာ အဒေါ်တွေရှိတယ်။ အခု သူတို့ဆီက ပြန်လာတာ။ တင်တင်အေး ဆိုတာ က ဝန်းရဲ့ ညီအစ်မတစ်ဝမ်းကွဲ။ ဆရာဝန်။ လူနာတစ်ယောက် အရေးကြီးနေလို့တဲ့။ လိုက်မယ်ဆိုပြီးမှ မလိုက်တော့တာ။ ကဲ ဘာပြောရဦးမလဲ။ ဝန်း မန္တလေးမှာ ငယ်တန်းအောင်တယ်။ ရန်ကုန်မှာ ဘီအက်စ်စီအောင်တယ်။ မော်စကိုမှာ အင်မ်အက်စ်စီအောင်တယ်။ အခု လက်ထောက်ကထိက။ အဲ အစ်ကို သိချင်သေးရင် အပျိုကြီးတစ်ယောက်ပေါ့'

'အပျိုကြီး မဟုတ်ပါဘူး၊ အပျိုကလေးပါ။ ဝန်းကိုမြင်တော့ အသက် နှစ်ဆယ်တောင် မပြည့်သေးဘူးလို့ ကိုယ်ထင်ခဲ့တယ်'

'ကျေးဇူးတင်ပါတယ်ရှင်။ ဝန်း အခု နှစ်ဆယ့်ငါးနှစ် ရှိပါပြီ'

'ဆက်ပြောဦးလေ'

'ဘာပြောရဦးမလဲ'

'ချစ်သူ ရှိ မရှိ'

'ဟင့်အင်း အဲဒါတော့ မသိဘူး'

အမျိုးသမီးက မဂ္ဂဇင်းကို ကောက်ယူ၍ ကြည့်နေသည်။ သူက လှမ်းညှိ ၍ သတိမရတော့။ ဘယ်ဂြိုဟ်သိမ်ဂြိုဟ်မွှား ဂြိုဟ်တစ်ခြမ်းပဲ့ပဲ ယူယူ၊ သူ့မှာ ဝန်း ရှိနေပြီ။ ပပဝန်းက မဂ္ဂဇင်းကို ပစ်ချလိုက်ပြီး –

'ဒီလိုလုပ်'

အမှတ်တမဲ့မို့ သူက လန့်သွားသည်။

'အမယ်လေး။ လူသတ်သမားကြီးကလည်း သတ္တိသေးလိုက်တာ။ ဒါနဲ့ တောင် သူ့ကိုယ်သူ ကျောက်ဘီလူးတဲ့'

'ကဲပါ ပြောစမ်းပါ။ ဘာလုပ်ရမလဲ။ တံတားပေါ်က ခုန်ချရမှာလား'

'အို မဟုတ်ပါဘူး။ အတည်ပြောနေတာပါ။ အစ်ကို လမ်းမှာ ဘယ်မြို့မှာ အသိရှိသလဲ။ ဘယ်မြို့မှာ အတော်ကြာကြာနေဖူးသလဲ'

'အသိတွေတော့ ရှိတယ်။ တောင်ငူမှာလည်း ရှိတယ်။ ပျဉ်းမနားမှာလည်း ရှိတယ်။ ဒါပေမဲ့ ရှာရလိမ့်မယ်။ သူတို့ဆီကို တစ်ခါမှ မရောက်ဖူးဘူး။ ဘယ်မြို့မှာ မှ သည်း မနေဖူးဘူး။ အခုလို ရထားနဲ့ ဖြတ်သွားဖူးတာပဲ ရှိတယ်'

'ဒါဆိုရင်တော့ မဖြစ်ဘူး။ ယောင်လည်လည် ဖြစ်နေမှာနဲ့ပဲ အသက် ရှာလူဆိုပြီး ပုလိပ်ဆွဲသွားလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဘာလုပ်ရမလဲ'

'မန္တလေး ပတ်ဝန်းကျင် ရွာတစ်ရွာမှာ အသိမရှိဘူးလား'

'ဟင့်အင်း။ ကိုယ်တို့က မန္တလေးနေတုန်းက တောနဲ့ သိပ် အဆက်အသွယ်မရှိဘူး။ ပြီးတော့ ကိုယ်တို့မန္တလေးက ပြောင်းလာတာလည်း ဆယ်နှစ်လောက် ရှိသွားတော့ နည်းနည်းပါးပါး သိတာတွေတောင် သူတို့လည်း မေ့ ကိုယ်လည်း မေ့ရောပေါ့။ ကိုယ် မန္တလေးကို မရောက်တာကိုပဲ သုံးနှစ်ရှိနေပြီ။ တော်တော် ပြောင်းလဲနေရောပေါ့'

'ဘာတွေပဲ ပြောင်းလဲ ပြောင်းလဲ နာရီစင်ကြီးကတော့ ရှိမြဲပါပဲ။ နေစမ်းပါဦး။ အစ်ကို့အတွက် ဘာလုပ်ရမလဲလို့ ဝန်း စဉ်းစားနေတယ်။ အော် ဝန်းအကြံရပြီ။ ဒီလိုလုပ်။ ဝန်းတို့အမျိုးတွေ 'ထနောင်းကုန်း' မှာ ရှိတယ်။ အဲဒီမှာ သွားနေ။ အစ်ကို ကြိုက်သလောက်နေနိုင်တယ်။ ဘာမှ အားနာစရာ မလိုဘူး။ ဝန်း စာရေးပေးလိုက်မယ်။ သူများတွေ မသင်္ကာမဖြစ်အောင် အစ်ကိုဟာ စာရေးဆရာတစ်ယောက် ဖြစ်တယ်၊ လယ်ယာလုပ်ငန်းကို လာပြီး လေ့လာတာလို့ ထည့်ရေးလိုက်မယ်။ အစ်ကိုကလည်း ဟန်ဆောင်ပန်ဆောင် စာလေးဘာလေးရေးပေါ့။ ဖြစ်တယ်မဟုတ်လား။ ဘာမှ မရေးတတ်ရင် ရည်းစားစာရေးပေါ့'

'ရည်းစားစာ ရေးရအောင်တော့ ကိုယ့်မှာ ရည်းစားမရှိဘူး။ ဒါပေမဲ့ ဝန်းဆီကို တစ်နေ့စာတစ်စောင် ရေးဆိုရင်တော့ ရေးဖို့အသင့်ပဲ'

'လုပ်ပြီ။ ဒါဖြင့် ဝန်းပြောတဲ့ ထနောင်းကုန်းပဲ သွားနေမယ်ပေါ့'

'ထနောင်းကုန်းဆိုတာ ကိုယ် ကြားဖူးသလိုလိုတော့ ရှိတယ်။ ဘယ်နားမှာလဲ၊ မတ္တရာဘက်မှာလား'

'ကြံကြီးစည်ရာ၊ ဘယ်က မတ္တရာဘက်ရမှာလဲ။ အင်းဝဘက်မှာပေါ့။ မြစ်ငယ်မြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ'

'မြစ်ငယ်ဆိုတာက ဒုဋ္ဌဝတီကို ပြောတာလား'

'ဟုတ်ပါတယ်ရှင်၊ ဒုဋ္ဌဝတီ၊ ဇော်ဂျီ၊ ပန်းလောင်ပါ။ တကတဲ စာရေးဆရာလုပ်ရမယ်ဆိုတာနဲ့ ကဗျာဆန်နေလိုက်တာ။ နေဦး။ ဝန်းတို့ရထား မန္တလေးကို ညခြောက်နာရီ ရောက်မှာဆိုတော့ ဘူတာထဲက သယ်ပိုးပြီးထွက်တာတို့၊ ကားငှားတာတို့ ဘာတို့နဲ့ဆိုရင် ခြောက်နာရီခွဲလောက် ရှိသွားမယ်။ ဒီတော့ မြစ်ငယ်ကူးတို့ဆိပ်ကို အစ်ကိုငှားသွားတဲ့ကားဟာ ခုနစ်နာရီကျော်မှ ရောက်မယ်။ ကားက အဲဒီအထိပဲ သွားလို့ရမယ်။ ဟိုဘက်ကို လိုက်ပို့မှာမဟုတ်ဘူး။ သုံးမိုင်လောက် အစ်ကို





ခြေကျင် လျှောက်သွားရမယ်။ ဒီတော့ ရှစ်နာရီကျော်မှ ရွာကိုရောက်သွားမယ်။ ဒါဆိုရင် မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ'

'အို ညရှစ်နာရီလောက်ကြီးမှာ နယ်မြေမကျွမ်းကျင်ဘဲနဲ့ ရောက်သွားလို့ ဘယ်ဖြစ်မလဲ။ တော်ကြာနေ ရွာသားတွေက ဓားပြဆိုပြီး ဝိုင်းလိုက်လို့ ဒုက္ခရောက်နေဦးမယ်'

'ဟင်၊ ဒါဖြင့် ဘယ်နှယ့်လုပ်ရမလဲ'

'ရွာကို မနက်စောစောမှ သွားပေါ့'

'ဒါဖြင့် ကနေ့ည ဘယ်မှာ အိပ်ရမလဲ။ ပေါ်နှောင်းအိမ် သွား အိပ်ရမလား'

'တော်စမ်းပါ။ ဘယ်က ပေါ်နှောင်းကိုထည့်ထည့် ပြောနေရတာလဲ။ အသည်းကြီးကလဲ ကျက်သရေတုံးလိုက်တာ'

'ဒါဖြင့် ဘယ်သူ့အိမ် သွားအိပ်ရမလဲ။ ဝန်းတို့အိမ်ကို လိုက်ခဲ့ရမလား'

'အို အစ်ကိုကလဲ။ အစ်ကို ကနေ့ည မန္တလေးမှာ နေလို့ကိုမဖြစ်ဘူး။ အစ်ကို နောက်တော့၊ ဝန်းတို့အိမ်ကို တစ်ညမဟုတ်ဘူး။ နှစ်ညပဲ လာအိပ်အိပ်'

'ဒီလိုဆို ဝန်းတို့အိမ်လိပ်စာ ပြောထားဦးလေ'

'ပြောပါမယ် အစ်ကိုရယ်။ ဝန်းတို့အိမ်က ရှာရတာ အလွယ်ကလေး ပါ။ အာဠဝီ တံတားထိပ်နားမှာ ဘယ်သူ့ကိုမေးမေး ရတယ်။ ဝန်းတို့အိမ်က ပြီးတော့ သုပ်မိုးစိမ်းကြီးနဲ့။ အစ်ကို့ ပြောရတာနဲ့ ဝန်းစကားတောင် ဘယ်ရောက်သွားသလဲ မသိဘူး'

'အစ်ကို မန္တလေးမှာ ညအိပ်လို့ မဖြစ်ဘူးတဲ့။ ထနောင်းကုန်းကိုလည်း မနက်မှ သွားရမယ်တဲ့။ ဒီတော့ ကိုယ်က တစ်ညလုံး ဒုဋ္ဌဝတီမြစ်ကမ်းနဖူးမှာ ထုတ်တုတ်ထိုင်နေရမလား'

'နေစမ်းပါ အစ်ကိုရယ်။ ဝန်းက စေတနာနဲ့ ကူညီနေတာပါ။ ဘာပြောမှန်းတောင် မသိတော့ဘူး'

'ကဲ ဒါဖြင့်ပြော။ အစ်ကို ဘာမှ ဝင်မပြောဘူး'

'ကူးတို့ဆိပ်ကနေပြီး အရှေ့တောင်ယွန်းယွန်းကိုသွားရင် ထန်းတောကြီး တစ်ခု တွေ့လိမ့်မယ်။ အဲဒီ ထန်းတောကြီးရဲ့ အလယ်ကောင် တည့်တည့်လောက်မှာ ဘုန်းကြီးကျောင်းပျက်ကြီး တစ်ခုရှိတယ်။ ဗားကရာကျောင်းဆိုတာ ကြားဖူးသလား'



www.burmeseclassic.com

www.burmeseclassic.com



'ဗားကရာက အင်းဝမှာပဲ။ အစ်ကို တစ်ခေါက်တောင် ရောက်ဖူးတယ်'

'အဲဒီကျောင်းကလဲ ဗားကရာကျောင်းလို့ပဲ။ ကျွန်းတိုင်ကြီးတွေနဲ့ အကြီးအကျယ် ဆောက်ထားတာပဲ။ ဒါပေမဲ့ ဘယ်ဘုန်းကြီးမှ ကျောင်းမထိုင်တာ ကြာလှပါပြီ။ ကျောင်းကြီးကလည်း ဆွေးမြည့်နေပါပြီ။ အဲဒီကျောင်းကြီးပေါ်မှာ အစ်ကို သွားအိပ်နေရင်တော့ အစ်ကို့ကို ဘယ်သူမှ လာနှောင့်ယှက်မှာ မဟုတ်ဘူး'

'ပြီးရောပေါ့။ အစ်ကို အဲဒီမှာ ကနေ့ညသွားပြီး ကျောင်းထိုင်မှာပေါ့။ ထန်းတောကုန်းဆရာတော် ဦးကျောက်ဘီလူးပေါ့'

'တစ်ခုတော့ရှိတယ်နော်။ အဲဒီကျောင်းကို ဘယ်သူမှ ညဘက်မှာ မသွားဝံ့ကြဘူး။ တစ္ဆေခြောက်တယ်၊ မြေကြွမ်းတယ်လို့ သိပ်နာမည်ကြီးတယ်'

'အို ဒါတွေက အလကားပါ။ အစ်ကိုတို့က တစ္ဆေကို နည်းနည်းမှ အယုံအကြည် မရှိဘူး။ အဲဒီအဆောက်အဦပျက်ကြီးတွေမှာ တစ္ဆေခြောက်တယ်လို့ နာမည်ကြီးတာက အဲဒီအဆောက်အဦတွေကို မကောင်းမှုအတွက် အသုံးပြုချင်တဲ့ လူဆိုးတွေက လုပ်ကြံသတင်းလွှင့်တာပါ'

'အဲဒီဘက်မှာ လူဆိုးသူဆိုး နည်းပါတယ်' သူမက အတန်ငယ် တုံ့ဆိုင်း နေပြီးမှ –

'ဒါပေမဲ့ အစ်ကိုရယ် သတိ ဝိရိယ ရှိရင်တော့ မမှားဘူးပေါ့။ အစ်ကို့မှာ ဘာလက်နက်ပါသလဲ'

သူမ၏ အသံက အနည်းငယ် တိုးသွားသည်။

'ဘာ လက်နက်မှ မပါဘူး။ ဒါပေမဲ့ အရေးမကြီးပါဘူး။ ကိုယ့်အဖို့ လက်နက်မလိုပါဘူး။ ဆေးလိပ်နဲ့ မီးခြစ် လုံလုံလောက်လောက်ပါသွားရင် ပြီးတာပဲ'

'ဝန်း ဝယ်ပေးလိုက်ပါ့မယ်'

ထို့နောက် သူတို့နှစ်ယောက်စလုံး ခပ်မဆိတ် ရှိနေကြသည်။ ဝန်းက ပြတင်းမှ အဝေးသို့ မျှော်ကြည့်နေသည်။ သူကတော့ ဝန်းကိုပဲ ကြည့်နေသည်။

'ဟင်၊ "ညောင်လေးပင်" တောင် ရောက်တော့မှာပါကလား'

အရှေ့ဘက်သို့ ငေးမျှော်ကြည့်နေသော ပပဝန်းသည် မီးရထားလမ်းခွဲကို ရုတ်တရက် တွေ့မြင်လိုက်ရသဖြင့် လွတ်ခနဲ ပြောလိုက်သည်။

'ထဘီခြုံဆရာများ လုပ်နေရဦးမလား'

'မပြောတတ်ဘူး။ အခြေအနေ ကြည့်သေးတာပေါ့။ ဒီတစ်ခါတော့ ရေနွေးပူလောင်တယ်လို့ ပြောလို့ရတော့မှာ မဟုတ်ဘူး။ ပဲခူးက သတင်းပို့ချင်





ဦးအားမှာကိုး'

'ဒါဖြင့် ဘယ်နှယ့်လုပ်မလဲ'

'အခြေအနေ ကြည့်သေးတာပေါ့'

သို့ရာတွင် ညောင်လေးပင်မှာ သူတို့အား စောင့်ဆိုင်းနေသော ရဲအဖွဲ့ဝင် များကို မတွေ့ရှိရချေ။ သည်တော့မှ နှစ်ယောက်စလုံး သက်ပြင်းချနိုင်ကြသည်။ ဝန်းက –

'အစ်ကို ထမင်းဆာပလား'

'ဟင့်အင်း'

'ဆာဦးမှကိုး။ ကြက်ဥလေးလုံးနဲ့ ပေါင်မုန့်ဆယ်ခု ကြိတ်ထားတာပဲ'

'မနေ့ညက ဘာမှမစားရဘဲကိုး။ ဝန်း ဆာရင် စားလေ'

'ဝန်းလဲ မဆာသေးပါဘူး။ "ဖြူး" ကျမှ စားကြတာပေါ့'

'အင်း အဲဒီလောက် ဆိုရင်တော့ ကိုယ့်ဗိုက်လဲ ချောင်သွားမှာပါ'

ဖြူးမှ ရထားထွက်သောအခါတွင်ကား သူတို့နှစ်ယောက်သည် တိတ်ဆိတ်၍ လိုက်ပါလာကြသည်။ အတန်ကြာတော့ ပပဝန်းက မဂ္ဂဇင်း စာအုပ်ကို ကောက်ကိုင်၍ ဝတ္ထုတစ်ပုဒ် ဖတ်နေသည်။

ခင်မောင်ရင်က သတင်းစာများကို ယူ၍ သူ့သတင်းများကို ဖတ်နေသည်။

'ဒီမယ် ဝန်း၊ ကိုယ့်ကို တစ်ခုကူညီစမ်းပါ'

သူက သတင်းစာများကို ဖတ်ပြီးသောအခါ ပြောလိုက်သည်။

'ဘာလဲ'

'တောင်ငူမှာ ရထားကြာကြာရပ်တယ် မဟုတ်လား'

'အင်း'

'ရန်ကုန်ကို ဖုန်းဆက်စမ်းပါ။ ရေဇလာဟိုတယ်ကို'

'ဘာကိစ္စ'

'ကျောက်ဘီလူးဆိုတဲ့လူ ရှိသေးသလားလို့ပေါ့'

သူမက အတန်ကြာ စဉ်းစားပြီးနောက် –

'ကောင်းပြီလေ။ ရှိတယ် ဆိုရင်ကော'

'ရှိလို့ ရှိရင် သူ့ကို ဦးခမ်းလုံ အသတ်ခံရမှုနဲ့ ပက်သက်ပြီး ဘာသိ သလဲလို့ မေးကြည့်ပေါ့'

www.burmeseclassic.com



'ဝန်းပဲ မေးရမလား'

'မမေးချင်ဘူးလား'

'မေးမယ်လေ'

စကားစ ပြတ်သွားကြပြန်သည်။ အတန်ကြာမှ ခင်မောင်ရင်ကပင် –

'ဒီမယ် ဝန်း'

'ဟင်'

သူမက စာဖတ်မပျက် ထူးလိုက်သည်။

'စွဲလှချည်လား၊ ဘာဝတ္ထုလဲ'

'စုံထောက်ဝတ္ထု'

'ဒါကြောင့် ဝန်းက အစ်တွေးအခေါ် ကောင်းတာကိုး'

'ကဲ ပြောပါ။ ဘာပြောမလို့လဲ'

'မန္တလေးရောက်ရင် ကိုယ် ရဲ့ဌာနသွားပြီး အမှန်အတိုင်း အစစ်ခံလိုက်ရင် ကောင်းမလားလို့'

'ဖြစ်မတဲ့လား။ သူတို့က အစ်ကို့စကားကို ဘယ်ယုံမလဲ။ အစ်ကို့မှာ ဘာအထောက်အထားမှ ရှိတာမှမဟုတ်ဘဲ။ ဦးခမ်းလုံအနေနဲ့ ကျောက်ဘီလူး တို့ဘက် ရောက်နေပြီ။ သူတို့ ဘာတွေမှန်း၊ ဘာလုပ်ကြမှန်းလည်း ဘာမှ သေသေချာချာသိတာမှ မဟုတ်ဘဲ'

'အင်း[illegible] ဒါဖြင့်လဲ ထန်းတောကုန်း ဘုန်းကြီးကျောင်းကိုပဲသွားပြီး သူတေသန ပြုရတော့မှာပေါ့။ ရှေးဟောင်းပစ္စည်းလေး၊ ပေစာထုပ်ကလေးတွေကို တွေ့လို တွေ့ငြားပေါ့။ ဒါမှမဟုတ် ဥစ္စာစောင့်[illegible]ချောကလေးနဲ့ တွေ့လို တွေ့ငြား ပေါ့'

'အရေးထဲမှာ သူက ဥစ္စာစောင့်နဲ့ တွေ့ဖို့များ စိတ်ကူးယဉ်နေသေးတယ်'

'ဒါပေမဲ့ ဥစ္စာစောင့်ဆိုတာ တကယ်ရှိရင်လည်း ဝန်းလောက် ချောမှာ လှမှာ မဟုတ်ပါဘူး'

'လာပြန်ပြီ'

ပပဝန်းက စာအုပ်ကိုပြန်ဖတ်နေသဖြင့် သူက စီးကရက်တစ်လိပ်ကို မီးညှိကာ ပြန်လည်သုံးသပ်ချက် ပြုလုပ်နေပြန်တော့သည်။ သည်လိုနှင့်ပင် သူတို့ သည် ဖြူးသို့ ရောက်ရှိလာကြတော့သည်။ ဖြူးတွင်လည်း သူတို့အား အနှောင့် အယှက်ပေးမည့် ရဲအဖွဲ့ဝင်များ မရှိချေ။ ဝန်းက ထမင်းနှစ်ထုပ်နှင့် ငှက်ပျောနှစ်ဖီး





ဝယ်လေသည်။

ခင်မောင်ရင်က ထမင်းတစ်ထုပ်လုံး ကုန်သည်သာမက ပပဝန်းထံမှဝင် ဘစ်ဝက်ယူစားလိုက်သေးသည်။ ထမင်းစားပြီးသော အခါတွင်ကား သူသည် ထောနံ့ရုံကိုမှီ၍ ငိုက်မျဉ်းလာလေတော့သည်။

'အစ်ကို အိပ်ချင်အိပ်လေ'

'နေပါစေ'

'ဘယ်က နေပါစေလဲ။ သူဖြင့် မျက်လုံးတောင် မဖွင့်နိုင်တော့ဘူး'

ပပဝန်းက သူမ၏ အိပ်ရာကို ဖြန့်ခင်းပေးလိုက်သည်။ ခင်မောင်ရင်သည် ခေါင်းဦးနှင့် အိပ်ရာခင်းနှင့် ဖြစ်သွားသည့် နောက်ပိုင်းတွင် ငါးမိနစ်အတွင်း အိပ် ပျော်သွားလေတော့သည်။ အိပ်ပျော်သည်မှ နှစ်နှစ်ခြိုက်ခြိုက်ကြီး ဖြစ်လေသည်။

ပပဝန်းသည် စောစောက ရွှင်ရွှင်ပျပျ၊ မြူးမြူးကြွကြွ ရှိခဲ့သလောက် သခုအခါ ရဲအဖွဲ့ဝင်များ လက်မှ လွတ်ပြေးနေသော လူငယ်တရားခံ ဝရမ်းပြေးကြီး ခင်မောင်ရင်တစ်ယောက် စိတ်ချလက်ချ အားရပါးရကြီး အိပ်မွေ့ပျော်နေသော အခါတွင်ကား သူမ၏ အမူအရာများသည် အံ့ဩဖွယ်ရာ ကောင်းလောက်အောင် တစ်မုဟုတ်ချင်း၊ တစ်မုဟုတ်ချင်း ပြောင်းလဲသွားလေတော့၏။

ပထမတော့ ပပဝန်းသည် နေခုနစ်စင်း၏ အပူရှိန်ဒဏ်ကို ခံလိုက်ရသော ပန်းအလှ ဝတ်မှုန်ကလေးတစ်ခုကဲ့သို့ ညှိုးရော်သောမျက်နှာဖြင့် ကလေးငယ် တစ်ဦးပမာ အပြစ်ကင်းမဲ့စွာ အိပ်မောကျနေသော ခင်မောင်ရင်[illegible]အား ငေးငိုင်၍ကြည့် နေ၏။ အတော်ကြီးကြာအောင် တွေဝေ၍နေ၏။ သူမ၏ ရှည်လျားပျံ့ကော့ဝဲနေသော မျက်တောင်များသည် လှုပ်ရှား[illegible]င်းမရှိဘဲ အလျှင်း ရပ်တန့်၍နေ၏။ ပါးပြင်သည် သွေးရောင်လျော့၍ နှုတ်ခမ်း[illegible] ဖြူဖြူဖျော့ သွား၏။

ပြီးတော့ သူမ၏မျက်နှာသည် ချက်ချင်း တင်းမာလာသည်။ နက်မှောင် သိပ်သည်းသော မျက်ခုံးကို မြန်မာအက္ခရာ ဂငယ်သဏ္ဌာန် ကွေးညွတ်သွားအောင် ပြုလိုက်ပြီး နှုတ်ခမ်းနှစ်လွှာကို အားစိုက်၍ တင်းတင်းဖိကပ်ထားလိုက်သည်။ ရင်ကိုကော့ထုတ် ပိုမိုမို့မောက်စေပြီးနောက် အတန်ကြာ အသက်မရှူဘဲ နေလိုက်၏။ တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်သည့် သဘောဖြစ်၏။

နောက်ဆုံးတော့ မန္တလေးတက္ကသိုလ်မှ ဇလဗေဒ လက်ထောက်ကထိက ဆိုသူ ဒေါ်ပပဝန်းသည် ခင်မောင်ရင်၏ ခြေရင်းတွင် စောင်းစောင်းလဲ[illegible]ကလေး ရှိနေသော လက်ကိုင်အိတ်နက်နက်ကို ယူ၍ ဖွင့်လိုက်သည်။ အတွင်းမှ မောင်တိန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မှတ်စုစာအုပ် တစ်အုပ်ကို ထုတ်လိုက်သည်။ မတ်တတ်ရပ်လျက်ပင် စာကြောင်း နှစ်ကြောင်းရေး၍ အောက်မှ လက်မှတ်ရေးထိုးလိုက်သည်။ ထို့နောက် ရေးပြီး စာရွက်ကို ထုတ်ယူ၍ မှတ်စုစာအုပ်နှင့် ဖောင်တိန်ကို ပြန်ထည့်ထားလိုက်သည်။ အက်ကိုင်အိတ်ကို အသာ ပြန်ချထားလိုက်သည်။

ပပဝန်းသည် အိပ်ပျော်နေသူအား လုံးဝ မကြည့်တော့။ ရေးပြီး စာရွက်ကို တစ်ကြိမ်ပြန်ဖတ်ပြီးနောက် လေးခေါက်ခေါက်လိုက်သည်။

လက်ထဲတွင် စာရွက်ဖြူဖြူခေါက်ကလေးကို ကိုင်လျက် ပပဝန်းသည် အခန်းတံခါးကို ဖွင့်လိုက်သည်။ ကိုယ်တစ်ပိုင်း ပြူထွက်၍ စင်္ကြံ တစ်လျှောက်ကို လက်ဝဲလက်ယာ ကြည့်လိုက်သည်။ ချက်ချင်းတော့ ဘာမျှမမြင်တွေ့ရ။ နည်းနည်း ကလေးစောင့်မှ ထောင့်တစ်ထောင့်မှ ပေါ်ထွက်လာသော တွဲစောင့်တစ်ဦးကို မြင်ရ သည်။ သူမက လက်ယပ်ခေါ်လိုက်တော့ သူက အပြေးအလွှားကလေး ရောက်လာ သည်။

'ကျွန်မကို တစ်ခု ကူညီစမ်းပါရှင်'

'ဟုတ် ဟုတ်ကဲ့'

သူမ၏ ယဉ်ကျေးဖော်ရွေမှုကြောင့် သူက မနေတတ်၊ မရပ်တတ်၊ မထိုင်တတ် ရှိနေ၏။

'ဟောဒီ စာကလေးကို ဟိုဘက်တစ်ခန်းကျော်က လေးယောက်ခန်းမှာ ရှိတဲ့ ဗိုလ်မိုးလုံးဆိုတဲ့ လူကို သွားပေးပေးစမ်းပါ'

'ဟုတ် ဟုတ်ကဲ့'

တွဲစောင့်က သူမ၏လက်နှင့် မထိမိအောင် စာခေါက်ကလေးကို အဖျားမှ ကိုင်ယူ၍ လျှင်မြန်ပေါ့ပါးစွာ ထွက်သွားလေတော့၏။ ပပဝန်းသည် သူမ ညွှန်ပြသော အခန်းတွင်းသို့ တွဲစောင့်ဝင်သွားသည်အထိ ကြည့်နေပြီးမှ အခန်းထဲသို့ ပြန်ဝင်လိုက် ပြီး တံခါးကို အခိုင်အမာ ပြန်ပိတ်လိုက်သည်။ ခင်မောင်ရင်ကား တုတ်တုတ်မျှ မလှုပ်။ သစ်ငုတ်တိုကြီး လဲနေသလို အိပ်ဆဲပင်။

၃

ပပဝန်း၏စာကို ယူဆောင်၍ တွဲစောင့်ဝင်သွားသော အခန်းကား ရန်ကုန်မှ ထွက်ကတည်းက ပဲခူးသို့ရောက်သည်အထိ တံခါးကို အလုံပိတ်ထားခဲ့သော အခန်းပင်ဖြစ်ပေသည်။ ပဲခူးဘူတာသို့ရောက်၍ ပပဝန်း၏အခန်းတွင်းသို့ ခင်မောင်ရင် ဝင်သွားသောအခါတွင်မှ၊ ရဲအဖွဲ့ဝင်များ ရထားတွဲပေါ် တက်ရောက်လာသောအခါ တွင်မှ တံခါးကို ဖွင့်ခဲ့ကြလေသည်။ သည့်နောက်ပိုင်း၌ကား အခန်းတံခါးကို ပိတ် ထားရန် မလိုအပ်တော့သဖြင့် ယခုတွဲစောင့် ဝင်ရောက်လာသည့် အချိန်အထိ တောက်လျှောက်ဖွင့်ထားခဲ့ပေသည်။

အောက်ထပ်အိပ်စင်နှစ်ခုတွင် လူလေးယောက် မျက်နှာချင်းဆိုင်ထိုင်၍ နေသည်ကိုတွေ့ရသဖြင့် တွဲစောင့်က တရိုတသေ လေးစားသော အမူအရာဖြင့် မေးလိုက်သည်။

'ဗိုလ်မိုးလုံး ဆိုတာ ဘယ်သူပါလဲ ခင်ဗျာ'

'ဩော် ကျွန်တော်ပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲဘက်ခုံ၏ ပြတင်းပေါက်ဘက်တွင် ထိုင်နေသော အံရပ် ပုပုဝဝ အိုင့်အိုင့်လူက မောက်မာသည့်လေသံ လုံးဝ မရှိဘဲ တန်းတူရည်တူ ဆက်ဆံသည့် သဘောဖြင့် ပြန်ပြောလိုက်သည်။

'ဒေါ်ပပဝန်းက စာတစ်စောင် ပေးခိုင်းလိုက်လို့ပါ'

'ဩော် ဟုတ်ကဲ့'

တွဲစောင့်က လှမ်းပေးလိုက်သည့်စာကို ဗိုလ်မိုးလုံးဆိုသူက လှမ်းယူလိုက်ပြီး တိုက်ပုံအကျႌအတွင်းမှ ငါးကျပ်တန်တစ်ရွက်ကို ထုတ်၍ ပေးလိုက်သည်။ သို့ရာတွင် တွဲစောင့်က မယူဘဲ –

'ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ကျွန်တော်တို့ ဒါမျိုး မယူပါဘူး'

တွဲစောင့်က ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုပြီးနောက် အခန်းထဲမှ ထွက်သွားလေ၏။ ဗိုလ်မိုးလုံးသည် တာဝန်သိတတ်၍ သူများပေးသော ဆုလာဘ်ကို မမျှော်ကိုးသော မီးရထားအမှုထမ်းအား စိတ်ဝင်စားမနေနိုင်တော့ဘဲ သူ့လက်ထဲမှ စာကို ကပျာကယာ ဖြန့်ဖတ်လိုက်သည်။

*သူ့ကို ချုပ်ကိုင်မိပါပြီ။*
*စီစဉ်သည့်အတိုင်း ဖြစ်သည်။*
*စုစုမြိုင်*

စာကိုဖတ်ရှုပြီးနောက် ဗိုလ်မိုးလုံး၏မျက်နှာတွင် ကျေနပ်အားရသည့် အမူအရာများ ပြည့်လျှံသွားသည်။ သူက စာကို ဆုတ်ဖြဲလုံးခြေ၍ ပြတင်းပေါက်မှ လွှင့်ပစ်လိုက်ပြီးနောက် သူ့အား အကျိုးအကြောင်း သိလိုဖော်ဖြင့် ဝိုင်းဝန်းကြည့်နေကြသူ သုံးဦးအား –

'အားလုံး အိုကေပဲ'

ထို့နောက် ဗိုလ်မိုးလုံးသည် သံဘူးစိမ်းစိမ်းထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိလိုက်သည်။ ပြီးတော့ အားရပါးရ ရှိုက်ဖွာ၍ မီးခိုးထုထုများကို မှုတ်ထုတ်လိုက်သည်။ သူက အကျေနပ်ကြီး ကျေနပ်လျက် ရှိလေသည်။

ပပဝန်း သို့မဟုတ် စုစုမြိုင်၏စာကို လက်ခံရရှိသော အနီ ဗိုလ်မိုးလုံး ဆိုသူကား အခြားမဟုတ်ချေ။ ခင်မောင်ရင်အား ကောင်းစွာဒုက္ခပေးခဲ့သော ဦးခမ်းလုံ အတုပင် ဖြစ်ချေတော့သတည်း။ သူနှင့်အတူ တစ်ခန်းတည်းပါလာသူ သုံးဦးမှာ





လည်း ဗိုလ်မိုးလုံး၏ ညာလက်ရုံးဖြစ်သော လက်မရှိ မင်းခေါင်၊ ခင်မောင်ရင်အား ခြည်းပေးခဲ့သော လက်ဝါးစောင်းကျော်ထွန်းနှင့် ဦးခမ်းလုံအား ဓားဖြင့် ပေါက် ခဲ့သော ဓားထွန်းစိန်တို့ပင် ဖြစ်မည်မှာ မလွဲတော့ပေ။

သို့ရာတွင် သူ့အား ကျောက်ဘီလူးအဖြစ်နှင့် မှားယွင်းဖမ်းဆီးခဲ့ပြီး နောက် အမျိုးမျိုးအဖုံဖုံသော အန္တရာယ်များကို တစ်ခုပြီးတစ်ခု ဆက်တိုက်ကြီး ပေးခဲ့ကြသည့် လူဆိုးလေးယောက်သည် သူနှင့် ရထားတစ်စီးတည်းတွင် တစ်ခန်း ခြား၍ ပါလာသည်ကို လုံးဝ မသိရှိသော ခင်မောင်ရင်သည် တုံးတင်းသရော အိပ်မော ကျလျက် ရှိလေသည်။

သူ့အား ရဲအဖွဲ့များလက်မှ နှစ်ကြိမ်တိုင်တိုင် ကယ်တင်ခဲ့သော မန္တလေး အဆွေသိလ်မှ ဓလဗေဒ လက်ထောက်ကထိက ဒေါ်ပပဝန်း ဆိုသူသည် ညိုမည်း ဝင်းသည်း၍ လျှို့ဝှက်မှုများ ရှိနေသော မျက်ခုံးမှတစ်ပါး သူမသည် အင်မတန် ချောင်း၍၊ အင်မတန် ကရုဏာတရား ရှိသည်ဟု အကဲဖြတ်ကာ သူ့ဘဝ၏ တစ်ဦး တည်းသော ဂေါပကအဖွဲ့ဝင်အဖြစ် ခန့်အပ်ထားသော အမျိုးသမီးလေးသည် နောက်ဆုံး သူ့အား ဒုက္ခပေးနေသူများ၊ သူ၏ ရန်သူများ၏ အပေါင်းဝါတစ်ဦး၊ တစ်နည်းအားဖြင့်ဆိုလျှင် ဗိုလ်မိုးလုံး၏အဆက် မြေအောက် ပင်တိုင်သူကလေး တစ်ဦး ဖြစ်နေကြောင်းကို အရိပ်အမြွက်မျှ မသိရှာသည့် ဗိသုကာကလေး ခင်မောင်ရင် သည် အခန်းဆက် အိပ်မက်ရှည်ကြီးတစ်ခုကို မက်လျက် ရှိလေ၏။

ခင်မင်တွယ်တာသော နှလုံးသားရှိသည့် စုစုမြိုင် ခေါ် ပပဝန်းကသာ သူမ အလုပ်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် နောက်ပိုင်းတွင် ကလေးငယ် တစ်ယောက်လို အိပ်မောကျနေသော ခင်မောင်ရင်အား ကြည့်၍ မကြာခဏ ခေါင်းသက်ချနေရသော်လည်း၊ ပြင်ပ အသွင်သဏ္ဌာန်တွင် ချိုသာဖော်ရွေမှုများ လွှမ်းနေပြီး အတွင်းသဏ္ဌာန်ကမူ ကြောက်စရာကောင်းသောဘီလူးကြီးတစ်ကောင် နှင့် တူသည့် ဗိုလ်မိုးလုံးကမူ စီးကရက် တစ်လိပ်ပြီးတစ်လိပ်သောက်ရင်း ရှေ့အစီ အစဉ်များကို အကွက်ချ ပန္နက်ရိုက်လျက် ရှိပေသည်။

တကယ်တော့ ဗိုလ်မိုးလုံးသည် သူ၏စရိုက်၊ သူ၏ အတွင်းမနော ရှိသည့်အတိုင်း မပြောင်းမလဲ တစ်သမတ်တည်း တည်ရှိနေခြင်းပင် ဖြစ်သည်။

သူသည် ရာဇဝင်အရှည်ကြီးနှင့် လူတစ်ယောက်ဖြစ်သည်။ သူ့အတိတ် များသည် ပြင်ပတွင် ရှေလိုလက်နေသည်။ အတွင်းသိများကတော့ ကြိုးဒဏ် အကြိမ်တစ်ဆယ်နှင့် တစ်သက်တစ်ကျွန်း အပြစ်တစ်ရာ ရှိသင့်ပြီဟု ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူသည် ယခုအထိ ဥပဒေဘောင်အတွင်း၌ ဗိုလ်မိုးလုံးဟူသော နာမည်နှင့် တရားဝင် ရပ်တည်နေဆဲပင် ဖြစ်၏။ သူ့အား မည်သူကမျှ မည်သည့်ရာဇဝတ်မှု တရားမမှုတို့ဖြင့် စွဲချက်တင်ခြင်း မပြုနိုင်ကြသေးပေ။

ထိုမျှသာမက သူသည် တစ်ချိန်က လွတ်လပ်ရေး မော်ကွန်းဝင်နှင့် လွတ်လပ်ရေး ဘွဲ့ထူးဂုဏ်ထူးများကို တစ်နှစ်ပြီးတစ်နှစ် တိုးမြှင့်၍ ရခဲ့သူလည်း ဖြစ်၏။

သူသည် မြန်မာပြည် အလယ်ပိုင်းသားတစ်ဦးဖြစ်၏။ သူ၏ မြို့သည် အထက်မြန်မာပြည်ဘက်သို့ ပို၍ နီးစပ်၏။ သို့ရာတွင် အကြောင်းတစ်ခုကြောင့် ထိုမြို့၏ အမည်နာမကိုကား အတိအကျ ထုတ်ဖော်ရေးသားခြင်း မပြုလိုပါပေ။

မြန်မာပြည်တွင်းသို့ ဂျပန်တပ်မကြီးများနှင့်အတူ ဘီအိုင်အေတပ်များ ချီတက်လာသောအခါတွင် သခင်မျိုးမြင့်ဆိုသူတစ်ဦးသည် တပ်ဖွဲ့ကလေးတစ်ခုကို အုပ်ချုပ်ရသော ဗိုလ်မိုးလုံးအဖြစ်သို့ ရောက်ရှိလာလေတော့၏။ သူ၏ တပ်ဖွဲ့သည် တပ်စိပ်လား၊ တပ်စုလား၊ တပ်ခွဲလားဟု ပြောရန် ခဲယဉ်း၏။ ဗိုလ်မိုးလုံး ကိုယ်တိုင်ပင် သူ့အပ်တွင် လူဘယ်ရွေ့ဘယ်မျှ ရှိကြောင်းကို အတိအကျမသိချေ။ လူတွေ့ဝင်လာလိုက် ထွက်သွားလိုက်နှင့် ဖြစ်၏။ သူတို့၏ အလုပ်ကလည်း တရကြမ်း ချီတက်ခွာပြေးနေသော မဟာမိတ်တပ်များကို လိုက်တိုက်သည်ထက် စစ်ပြေးများ၏ ပစ္စည်းဥစ္စာများကို လုယူတိုက်ခိုက်နေကြခြင်းကသာ များပေသည်။ နောက်ဆုံးတွင် ဘီအိုင်အေတပ်များကို ဖျက်၍ ဗမာ့တပ်မတော်အဖြစ် ပြန်လည် ဖွဲ့စည်းသောအခါတွင် ဗိုလ်မိုးလုံးတို့လူစု မပါဝင်ကြတော့ပေ။ ဗိုလ်မိုးလုံးက ဂျပန် အဝယ်တော်လုပ်၍ သူ့လူများက သုံးလေးစုကွဲကာ ဓားပြဂိုဏ်းများ ဖြစ်ကုန်ကြတော့၏။

ယင်းသို့ဖြင့် ဒုတိယကမ္ဘာစစ် ပြီးသောအခါတွင်ကား ဖက်ဆစ် တော်လှန်ရေးတွင် မပါဝင်ခဲ့ဘဲ ဂျပန်အလိုတော်ရ လုပ်နေခဲ့သော ဗိုလ်မိုးလုံးသည် သူ့မြို့တွင် ငွေရှင်ကြေးရှင်တစ်ဦးအဖြစ်နှင့် ပေါ်ပေါက်လာလေတော့၏။ သူ၏ စီးပွားရေးသည် လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင် ပို၍တက်လာတော့၏။ အကြောင်းမူ သူသည် ငွေရှင်ကြေးရှင် မြို့မျက်နှာဖုံး လူကြီးတစ်ဦးအဖြစ်မှနေ၍ အာဏာရပါတီ၏ နယ်ပယ်ခေါင်းဆောင်တစ်ဦး ဖြစ်လာသောကြောင့်တည်း။ အကွဲကွဲ အပြားပြား ဖြစ်နေသော သူ့တပည့်ဓားပြများသည် ထိုအခါတွင် ပြူစောထီးတပ်သားများ ဖြစ်လာကြတော့သည်။ သူသည် ဌာနချုပ်ခေါင်းဆောင်များက လက်သပ်မွေးရသော နယ်ရှင်ကြီးတစ်ဦး ဖြစ်လာတော့၏။ သူ့မှာ ဘွဲ့ထူး ဂုဏ်ထူးတွေ တစ်ခုပြီးတစ်ခု





တိုးလာ၏။ သူသည် နယ်ရှိ ဆန်စက်နှင့် သစ်စက်ကို လှူယုံများနှင့် လွှဲထားကာ မန်ကုန်တွင် သွင်းကုန်ထုတ်ကုန် ကုမ္ပဏီတစ်ခု တည်ထောင်၍ လိုင်စင် သူဌေးကြီး အဆင့်သို့ တိုးတက်လာပြန်တော့၏။

သို့ရာတွင် တော်လှန်ရေးကောင်စီက အာဏာသိမ်းပြီးသည့် နောက်ပိုင်း တွင်ကား သူ့ဆရာများ အထိန်းသိမ်းခံရခြင်း၊ သူ့တပ်များ အထင်ကရမရှိတော့ခြင်း၊ သူ၏ စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းကုန်ပြီ ဖြစ်ခြင်းတို့ကြောင့် သူ၏အမည်သည် မှေးမှိန်သွားပြီး သူ့ကို မေ့သူကမေ့ကုန်ကြပြီ ဖြစ်၏။

ယင်းသို့ရှိသည် မှန်သော်လည်း သူ၏ တပည့်လက်သားများနှင့် သူ၏ လုပ်ငန်းများသည် လုံးဝပြုတ်ပြုတ်ပြန်သွားခြင်း မရှိသေးဘဲ လည်ပတ်နေဆဲပင် ဖြစ်၏။ သို့ရာတွင် လျှို့ဝှက်စွာ လည်ပတ်လျက်ရှိရာ မည်သည့်လုပ်ငန်းများကို မည်သည့် အကြောင်းကိစ္စကြောင့် မည်သို့ လုပ်ဆောင်နေကြောင်းကို မည်သူကမျှ အတိအကျ မသိရှိကြသေးပေ။

မည်သို့ပင်ဖြစ်စေ၊ ဗိုလ်မိုးလုံးအကြောင်းကို ကြားဖူးသူများကတော့ သူသည် အပြင်တွင် ချိုသလောက် အတွင်းတွင် အင်မတန် ကြောက်စရာကောင်း သည်ဟု ယုံကြည်လက်ခံထားကြ၏။ အထောက်အထား ခိုင်ခိုင်လုံလုံကမူ မပြနိုင် ကြပါပေ။

သို့ရာတွင် ဗိုလ်မိုးလုံးအကြောင်းကို ဘာမျှမသိသော သူ့ကို ဗိုလ်မိုးလုံး မှန်းပင်မသိသော ခင်မောင်ရင်ကတော့ မအူမလည်ဖြင့် လူမှားခံရပြီးနောက် ဦးခမ်းလုံ အတု (ဗိုလ်မိုးလုံး)သည် ကျောက်ဘီလူး၊ ဦးခမ်းလုံ အစစ်တို့နှင့်အတူ မကောင်းမှု တစ်ခုကို အတူပြုလုပ်နေသူဟု သိရှိထား၏။ သူတို့၏ အလုပ်သည် ဘိန်းနှင့် အလှူချောင်းများ ခိုးဝှက်ဖောက်ကားခြင်းဟုလည်း သူက သိထား၏။ ဦးခမ်းလုံအစစ်ကို ဦးခမ်းလုံအတု၏ တပည့်တစ်ယောက်က သတ်ကြောင်းကိုလည်း သူသိထား၏။ သို့သော် သူသည် သိရုံသာသိသည်။ ခိုင်လုံသော သက်သေအထောက်အထား မပြနိုင်ချေ။

နောင်တွင်လည်း ပြနိုင်တော့မည် မဟုတ်ချေ။ သူဟာ သူသာ မသိသေး သော်လည်း သူသည် ဗိုလ်မိုးလုံး၏ အကျဉ်းသားတစ်ပိုင်း ဖြစ်နေချေပြီ။ အိပ်ပျော် နေသောသူ့အား ဗိုလ်မိုးလုံး၏အဆက် မြေအောက် ပင်တိုင်သူလေး စုရှင်ကြီးက ထိန်းသိမ်းထားပေပြီ။

သို့သော် သူက မသိ။ ရွှေမန်းမေရထားကြီး တငြိမ့်ငြိမ့် ခုတ်မောင်းလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်မှာ သူ့အား ပုခက်လွဲ၍ သိပ်နေသည့်အလား လက်ဝဲ နံစောင်းမှ လက်ယာနံစောင်းသို့ပင် မပြောင်းဘဲ သဲသဲမဲမဲကြီး အိပ်လျက်ရှိတော့၏။

ပပဝန်းကသာ သက်ပြင်းတစ်ချက် ပင့်သက်တရှုရှု။

ဗိုလ်မိုးလုံးကမူ မီးခိုးမဆုံး အတွေးမဆုံး။

၄

ညည်သူမျှ မရှိ။

ပပဝန်းကော၊ ပပဝန်းတစ်ယောက်ကော ဘယ်ကိုများသွားနေပြီနည်း။

မည်သူမျှမရှိ။ သူ အိပ်ရာမှ နိုးလာသောအခါ မည်သူမျှမရှိ။ အခန်းထဲတွင် ပပဝန်းမရှိတော့။ ခင်မောင်ရင်က စိုးရိမ်ပူပန်စိတ်ဖြင့် အိပ်ရာမှ ဝုန်းဝုန်းဒိုင်းဒိုင်း ထထိုက်သည်။ ပပဝန်းကို သူတို့ ဖမ်းသွားကြပြီလား၊ ဒါမှမဟုတ် ပပဝန်း ခရီးလွန်နေသည် ဘယ်ကိုများ...။

ပြီးတော့လည်း ချက်ချင်း စိတ်အေးသွားသည်။ အိပ်မက်ထဲတွင် ပပဝန်း ပျောက်သွား၍ လိုက်ရှာနေရာမှ တကယ် နိုးလာတော့လည်း အမျိုးသမီးကို တကယ် တွေ့ရသဖြင့် သူက ကယောင်ချောက်ချား ဖြစ်သွားခြင်းဖြစ်၏။ သူက အခန်းထဲတွင် အရူးတစ်ယောက်လို နှစ်ပတ်သုံးပတ်လှည့်ပြီးမှ အမျိုးသမီး၏ အဝတ်အစားများနေခြင်းကို တွေ့မြင်ရ၏။ အပြင်သို့ ခဏတစ်ဖြုတ် သွားပေလိမ့်မည်။

သူက လက်မှ နာရီကို ကြည့်လိုက်တော့ လေးနာရီကြီးများတောင်

www.burmeseclassic.com



ထိုးနေပေပြီ။ မယုံကြည်နိုင်၍ ပြတင်းပေါက်မှ ကြည့်လိုက်တော့ တွဲရိပ်များ ရှည်လျားနေသည်ကို တွေ့ရသဖြင့် တကယ်ပင် နေစောင်းသွားပြီဟု လက်ခံလိုက်ရ၏။

ပြီးတော့ ပထဝီဝင် အထောက်အထားများကလည်း အချိန်နာရီကို ထောက်ခံလျက်ရှိ၏။ အလယ်ပိုင်းဒေသ၏ သစ်ပင်တောကြီးများကို မတွေ့ရတော့ဘဲ အထက်ပိုင်းဒေသ လွင်တီးခေါင်၏ အပင်ငယ်များကိုသာ တွေ့မြင်နေရ၏။ အတံအလက်တို့သည် ဝါ၍ အစွန်အဖျားတွင် အပွင့်ဖြူဖြူကလေးများ ရှိသော ထွန်းပွင့်ခိုင်များကို သူက အိပ်ပျော်နေ၍ မတွေ့မြင်ရတော့။ တစ်မျှော်တစ်ခေါ်ကြီး မြင်နေရသော လွင်တီးခေါင်ထဲတွင် ဟိုနေရာစုစု ဒီနေရာစုစုနှင့် သန်း၊ ဒဟတ်တောများ၊ အရွက်ချွန်ချွန်လျားလျားနှင့် အုံကြီးများဖြစ်သော နာနတ်ပင်များ၊ အရိုးလည်း မရှိ၊ အရွက်လည်းမရှိ၊ အကိုင်းလည်း မရှိဘဲ ပင်စည်စိမ်းစိမ်း ပြားပြားကြီးများကို ဆူးများပေါက်နေသော တဓောင်းလက်ပတ်ပင်များ။ သူတို့အထဲတွင် အမြင့်သရှူ ဆောင်းသော ထနောင်းပင်များသည် အစုလိုက်အပြုံလိုက် ဝါဝါဖြူဖြူ ပွင့်နေကြ၏။ သည်ကြားထဲတွင် ရှေရှည်ဥနေသော အသီးငယ်များနှင့် အုပ်အုပ်ဆိုင်းဆိုင်း ဝိုင်းဝိုင်း ဆီဝိသိပ် ဥနဲပင်များကို လည်းကောင်း၊ အညွန့်ဖြူဖြူ အသီးဝန်းဝန်းဝါဝါ လုံးလုံး ရှိသော ဥသျှစ်ပင်များကို လည်းကောင်း၊ ကြိုးကြားကြိုးကြား တွေ့မြင်ရသည်။

သဲပွင့်ဖြူဖြူတွေ တစ်မျှော်တစ်ခေါ်ကြီး ရှိရာအရပ်ကို ပညာတတ်များက သဲကန္တာရဟု ခေါ်ဆိုကြသော်လည်း ရှေးမြန်မာကြီးများကမူ သစ်ပင်များရှိရာ အရပ်ကို သစ်တောဟုခေါ်သည့် နည်းအတိုင်း သဲပွင့်များရှိရာအရပ်ကို သဲတောဟု ပင် ခပ်ရိုးရိုးကလေး ခေါ်ဆိုခဲ့ကြ၏။ ခင်မောင်ရင်သည် မတွေ့မမြင်ရသည်မှာ ကြာပြီဖြစ်သော သဲတောအား ငေးမောကြည့်နေစဉ် နောက်ဘက်မှ ချောက်ခနဲ အသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်တော့ —

'ပပဝန်း'

'ရေချိုးတာလား'

သူက မေးလိုက်သည်။ အမျိုးသမီးက တံခါးကို အကျအနပြန်ပိတ်ရင်း ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ဒီဘက်ပိုင်းမှာ ဘူတာဆက်ဝေးတော့ စိုးရိမ်စရာမရှိဘူးဆိုပြီး ရေသွားချိုးနေတာ'

'ကောင်းတယ်။ ရေချိုးလိုက်တော့ ဝန်းဟာ ပိုပြီး လှလာတယ်'





သူက ထဘီရင်ရှားအထက်မှ ရေစက်ပေါက်များသီး၍ ဝင်းဝါနေသော အသားများကို အမှတ်တမဲ့ကြည့်ရင်း ပြောလိုက်သည်။ အမျိုးသမီးက ပခုံးနှစ်ဖက်ကို ပခုံးပေါ်တင်ထားသော တဘက်နှစ်စနှင့် ဆွဲစေ့လိုက်သည်။

'ဘာပြုလို့ နိုးလာရတာလဲ။ နောက်ထပ် နာရီဝက်လောက် အိပ်နေလိုက်ဦးပေါ့'

'ဘာဖြစ်လို့လဲ'

'သူများ သနပ်ခါးလိမ်းဦးမယ်။ အကျီဝတ်ရဦးမယ်'

'ဝန်းအကျီဝတ်တော့ ကိုယ့်မျက်လုံးတွေကို လက်ဆယ်ချောင်းနဲ့ ပိတ်ထားမှာပေါ့'

'လက်ဆယ်ချောင်းကြားတွေကနေ မမြင်ရတော့ဘူးလား'

'အလကား ပြောတာပါ။ အကျီဝတ်တော့ ကိုယ်တစ်ဖက်လှည့်နေမှာပေါ့။ ဒါပေမဲ့ သနပ်ခါးလိမ်းတာတော့ ကြည့်နေနိုင်ပါတယ်နော်'

'ဟင့်အင်း ရှက်တယ်'

သို့ရာတွင် ပပဝန်းသည် လက်ဆွဲအိတ်ထဲမှ မှန်၊ ဘီး၊ မိတ်ကပ်၊ သနပ်ခါး၊ နှုတ်ခမ်းနီ၊ ပေါင်ဒါနှင့် ရေမွှေး၊ သွားပွတ်တံ၊ ကလစ် စသည့် အမွှမ်းအမံပစ္စည်းများကို ထုတ်ယူလျက်ရှိ၏။ သူက စီးကရက်ကို အားရပါးရရှိုက်ဖွာရင်း အမျိုးသမီး၏ လှုပ်ရှားမှုများကို ကြည့်နေသည်။

'မဆာဘူးလား။ ဓာတ်ဘူးထဲမှာ ကော်ဖီရှိတယ်။ ဓာတ်ဘူးဘေးက အထုပ်ကလေးက ပေါင်မုန့်ထောပတ်သုတ်'

အမျိုးသမီးက ခေါင်းဖြီးရင်း ပြောလိုက်သည်။ သူက မဆိုင်းမတွဝင် နေရာမှထ၍ စားခြင်းသောက်ခြင်း၊ ပြီးတော့ နေရာတွင် ပြန်၍ထိုင်ခြင်း စသည်တို့ကို ပြုလုပ်နေရတော့၏။

အမျိုးသမီးက ခေါင်းဖြီး၍ ပြီးသွားချေပြီ။ သူမ၏ ကိုယ်ပေါ်တွင် တဘက် ရှိတော့။ ပပဝန်းသည် သနပ်ခါးကိုရေဖျော်၍ ပထမ မျက်နှာကို လိမ်းသည်။ ပြီးတော့ လည်ပင်း။ ပြီးတော့ ရင်ညွန့်။ သူက အသက်မရှုမိပဲ ရှိနေသည်။ ရင်ရှားအမီက မပြေ့တပြေလေး ဖြစ်၏။ ဝင်းဝင်းဝါဝါ မို့မို့များပေါ်တွင် ပါးပါးနက်နက် အထက်ဆင်က တတ်တကလေး ဖြစ်၏။ ပြီးတော့ လက်နှစ်ဖက်ကို လိမ်းသည်။ ပြီးတော့ ခြေသလုံးများကို လိမ်းသည်။

'အစ်ကိုက မကောင်းဘူး။ တစ်ဖက်ကို လှည့်မနေတဲ့ပြင် ဝန်းကိုပဲ

www.burmeseclassic.com



ကြည့်နေတော့တာပဲ။ ဝန်း ဘာလုပ်ရမှန်း မသိတော့ဘူး။ ဝန်းတစ်ယောက် တည်းဆိုရင် ခြေဆုံးခေါင်းဆုံး လိမ်းတာပဲ။ ခုတော့ ခြေသလုံးပဲ လိမ်းရတော့တာ

'ကဲ သဘောရှိ လိမ်း'

သူက ပပဝန်းကို ကျောပေးပြီး ပြော၏။

'ဒါပေမဲ့ တစ်၊ နှစ်၊ သုံး၊ လေး တစ်ရာအထိပဲ ခွင့်ပြုမယ်နော် တစ်ရာပြည့်တာနဲ့ တစ်ပြိုင်နက် လှည့်ကြည့်မှာပဲ။ ကဲ စပြီ။ တစ် နှစ် သုံး ငါး ခြောက်'

'အစ်ကိုက သိပ်ဆိုးတာပဲ'

အမျိုးသမီးက နော့နော့ညုညု ပြောလိုက်ပြီးနောက် ကသောကမျော လိမ်းနေသည့်အသံကို သူက ကြားနေ၏။ သူမ၏ လက်ဖဝါးနုနုနှင့် သူမ တင်းတင်းပြည့်ပြည့် ပွတ်သပ်သည့်အသံများကို ကြားနေရ၏။ ပေါ်ထွက် လာသော အသံများကို ချင့်တွက်ခြင်းဖြင့် ပထမ ပေါင်အရင်းအဖျားကို လည်းကောင်း ထို့နောက် ခါးနှင့် ရင်သား ပတ်ပတ်လည်ကိုလည်းကောင်း ဖြစ်တန်ရာ၏။

'ကိုးဆယ့်ငါး၊ ကိုးဆယ့်ခြောက်၊ ကိုးဆယ့်ခွန်'

'နေပါဦး'

သူမက အော်လိုက်သည်။ ကပျာကသီ ထဘီရင်ရှား ဝတ်လိုက်သည့် အသံကို ကြားရသည်။

'ကိုးဆယ့်ရှစ်၊ ကိုးဆယ့်ကိုး၊ တစ်ရာ'

သူက တစ်ရာပြည့်သည်နှင့်တစ်ပြိုင်နက် ချာခနဲ လှည့်လိုက်၏။ အမျိုးသမီးက ထဘီကို ကမန်းကတန်း ရင်ရှားလိုက်မိပြီ ဖြစ်သော်လည်း ပေါင်ရင်း ထိ ပင့်တင်ထားသော ထဘီစကိုကား ဆွဲမချရသေးပေ။ တစ်ခုနှင့် တစ်ခု အသား ချင်း ထိကပ်နေသော ပေါင်လုံးကြီးများသည် တစ်လုံးတစ်ခဲကြီးတွေ ဖြစ်၏။

သေသေချာချာဆိုတော့ တစ်မှ တစ်ရာအထိ ခပ်မှန်မှန် ရေတွက်ခြင်း သည် တစ်မိနစ် ပျော့ပျော့လောက်သာ ကြာ၏။ ဤတစ်မိနစ်အချိန်တွင် သူမ ကိုယ်အတွင်းပိုင်းများကို နံ့အောင်၊ ပြီးအောင် လိမ်းနိုင်ဖို့မလွယ်။ မနည်းကြီး တက်သုတ်နှင်ရပေမည်။

ပပဝန်းသည် ခင်မောင်ရင် လှည့်လာပြီဖြစ်သဖြင့် ထဘီနက်နက်ကို ပေါင်ရင်းမှနေ၍ ဒူးဆစ်လောက်ရောက်အောင် ကုန်းညွတ်၍ ကမန်းကတန်း ဆွဲစန့်ချလိုက်ရာ အသေအချာ မဝတ်ရသော ရင်ညွန့်မှ ထဘီစသည် ဖြုတ်ခနဲ





ဖြုတ်ကျသွားသည်။ သူမက လက်နှစ်ဖက်ဖြင့် သွက်လက်စွာ ဖမ်းထိန်း၍ ပြင်ဝတ်လိုက်သည်။

သို့ရာတွင် ခင်မောင်ရင်သည် သူမ၏ ဖွံ့ဖြိုးလုံးအိသော ရင်သားများကို သူပ်တစ်ပြက်မျှ မြင်လိုက်ရသဖြင့် ထိုင်ရာမှ မူးမိုက်၍ ကျမသွားအောင် မနည်းကြီး သတိထားလိုက်ရသည်။ ပြီးတော့ တစ်ပြိုင်ထဲမှာပင် အားလည်းနာသွားသည်။ သူ့ငကျူးရူးရှင်တစ်ဦးအပေါ်တွင် သူက မညှာမတာလွန်းရာကျသည်။ သို့ကြောင့် သူက သဲတောများအလွန်မှ ပေတစ်ပင်နှင့် ထန်းသုံးလေးပင်ကိုသာ ကသိုဏ်းရှုနေ တော့၏။ သို့ရာတွင် သူ့မျက်စိထဲတွင်တော့ စောစောကတွေ့လိုက်ရသော တုပ်မကျ နှယ်ရာ မြင်ကွင်းသည်သာ တရစ်ဝဲဝဲ ဖြစ်နေ၏။

အချိန်မည်မျှ ကြာသွားသည်မသိ။ သူ့နှာခေါင်းတွင် သနပ်ခါးနံ့ ကလေး ဆင်းလာ၍ လှည့်လိုက်တော့ အကျီထူထူထဲထဲ၊ ထဘီနီနီရဲရဲနှင့် ပပဝန်း ယှဉ်၍ ငုပ်လာသည်ကို တွေ့ရ၏။

'ဟိုမှာ ကြည့်စမ်း၊ သဲဆပ်ပြာတွေ'

သဲချောင်းညိုညိုထဲမှ သဲဖြူဖြူများ ပွင့်နေသည်ကို လက်ညှိုးထိုး၍ သူမက ပြောလိုက်၏။ ခင်မောင်ရင်က သူမ ညွှန်ပြသည့်နေရာသို့ ကိုယ်ကို ကိုင်းညွတ်၍ ကြည့်လိုက်ရာ အသားချင်းထိသွားသည်။ လက်မောင်းကို လက်မောင်းချင်း၊ တင်ပါးကို တင်ပါးချင်း၊ ပေါင်ကို ပေါင်ချင်း ဖြစ်၏။ သူတို့နှစ်ယောက်စလုံး၏ အသားများသည် တရှိန်းရှိန်းနှင့် အခိုးအငွေ့များ ပြန်လာသည်ဟု ထင်ရသည်။ ဦးနှောက်များ ဆိုင်း၍ မှိုင်း၍ သွားလောက်အောင် သွေးများ ဆူပွက်၍လာသည်။

ခင်မောင်ရင်သည် သူ့စိတ်နှင့် သူ့အသိနှင့် သူ့ကိုယ်ကို မထိန်းနိုင်တော့တဲ ပပဝန်းကို သူ့ရင်ခွင်ထဲသို့ ဆွဲယူလိုက်ပြီး ပါးမို့မို့နှစ်ဖက်ကို တစ်ကျော့တစ်ပြန်စီ နမ်းလိုက်မိတော့၏။ ပြီးတော့ မျက်နှာချင်း ခွာလိုက်ပြီး မျက်လုံးချင်း ဆိုင်လိုက်၏။ မျက်လုံးချင်း နားလည်မှုရှိ၍ မျက်နှာချင်း ပြန်အပ်လိုက်သည်။ သည်တစ်ကြိမ်တော့ နှုတ်ခမ်းချင်း ထိကပ်မိသွားကြသည်။

မော၊ အလွန်မော၊ ရင်ထဲမှာ တလှပ်လှပ်နှင့်မော။

ဒါပေမဲ့ စိတ်ဓာတ်များတက်ကြွလာပြီးနောက် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်ထားလိုက်ကြသည်။ ပြီးတော့ တစ်ဦးကိုတစ်ဦး ဖေးမ၍ အိပ်စင် ဆီသို့ လျှောက်သွားကြသည်။ ပပဝန်းသည် သူ့အလိုကို မငြင်းမဆန် လိုက်လျောခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝန်း'

သူမက မထူး။ ခေါင်းကိုသာ ညိတ်သည်။

'ဒီဘက်ကို လှည့်ပါဦး'

သူက သူမ၏မျက်နှာကို အသာအယာ ဆွဲလှည့်လိုက်သည်။ သူမ၏ မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်လျှံနေသည်။

'ဟင် ဝန်း စိတ်ဆိုးလို့လား'

ခေါင်းခါသည်။

'ဒါဖြင့် ဝမ်းနည်းလို့လား'

ခေါင်းခါသည်။

'ဒါဖြင့် ဒါဖြင့်'

'ဝန်း ကိုယ့်ကို ချစ်လို့ပါကွယ်'

'အောင်မယ်လေး ဝန်းရယ်။ ချစ်တာများ ငိုရသလား'

သူမက ဘာမျှ မပြောဘဲ မျက်ရည်များကို သုတ်နေသည်။

'ဝန်း တကယ်နော်'

'ဘာကိုလဲ'

'တစ်ယောက်ကို တစ်ယောက် ချစ်နေကြပြီဆိုတာ'

'ကိုယ်တော့ မသိဘူးလေ။ ဝန်းကတော့ ချစ်ပါတယ်'

'ကိုယ်က ပိုတောင်မပေါ့။ ဝန်းဟာ ကိုယ့်အသက်သခင်၊ ကိုယ့်ကျေးဇူးရှင်'

သူ့စကားကြောင့် ဝန်း၏မျက်နှာသည် ညှိုး၍ရော်၍ နွမ်း၍သွားလေသည်။ အမှန်မှာတော့ သူမသည် သူထင်သလို သူ့ကျေးဇူးရှင်၊ သူ့အသက်သခင်မဟုတ်ပေ။ သူ့အသက်ကို ဗိုလ်မှူးလုံးတို့လက်သို့ အပ်မည့်သူသာ ဖြစ်သည်။ ဒါပေမဲ့ ဒါတွေ သူက မသိ။ ယင်းကြောင့် သူက ယုံသည်။ ပုံသည်။ အလုံးစုံ အခြွင်းအချန်မရှိ ချစ်မြတ်နိုးခြင်း ဖြစ်လေသည်။

သည်တော့ သူမက အဘယ်မှာလျှင် စိတ်ကောင်းနိုင်ပါချေမည်နည်း။ ပို၍ဆိုးသည်က သူမကလည်း သူ့ကို အပေါ်ယံကြော ဟန်ဆောင်သဘောမျှသာ မဟုတ်မူဘဲ အသည်းနင့်နင့် ချစ်ခဲ့မိလေပြီ။ သူမ၏ မျက်နှာနှင့် ကိုယ်ဟန်အမူအရာများ ရုတ်တရက် ပြောင်းလဲသွားသည်ကို ခင်မောင်ရင် ရိပ်စားသတိထားမိသဖြင့် –

'ဝန်း ဘာဖြစ်လို့လဲ၊ စိတ်မကောင်းလို့လား၊ ကိုယ့်ကို ပြောစမ်းပါ'





'ဝန်း ဘာမှမဖြစ်ပါဘူး။ ဒါနဲ့ ဝန်း ပြောတဲ့ဆီကို အစ်ကို တကယ် သွားမှာလား'

သူက နားမလည်သော အမူအရာနှင့် –

'ထနောင်းကုန်းကို ပြောတာလား'

ပပဝန်းက ခေတ္တမျှ တွေဝေနေပြီးမှ –

'အင်းပေါ့၊ ထနောင်းကုန်းကို နက်ဖြန်မနက်မှ သွားရမယ်လေ။ ကနေ့ည ဒေါနီးတောကုန်းကျောင်းမှာ အိပ်ရမယ်လေ'

'အိပ်မယ်လေ။ အဲဒါ ဘာပြုလို့လဲ'

'တစ္ဆေခြောက်တယ်လို့ ဝန်း ပြောထားတယ်နော်'

'ဟုတ်တယ်လေ။ တစ္ဆေမကြောက်ဘူးလို့လည်း ကိုယ်ပြောထားပြီးပြီပဲ'

အမျိုးသမီးက ခေါင်းတစ်ချက်ညိတ်၍ သက်ပြင်းတစ်ချက် ချလိုက်ပြီး နောက် –

'ပြီးတော့ အစစအရာရာ ဂရုစိုက်ပါလို့လည်း ဝန်း သတိပေးခဲ့တယ်နော်။ အခုလည်း ထပ်ပြီး သတိပေးပါတယ် အစ်ကိုရယ်'

'ကိုယ့်အတွက် ဘာမှ မစိုးရိမ်ပါနဲ့ကွယ်'

'ဘယ်နှယ့် မစိုးရိမ်ရမလဲ။ အခု ဝန်းဟာ အစ်ကို့ကို ချစ်နေမိတော့ အစောကထက်ပိုပြီး စိုးရိမ်ရတာပေါ့'

'ကိုယ် ထနောင်းကုန်း ရောက်ရောက်ချင်း စာထည့်လိုက်ပါ့မယ်။ အဲဒီမှာ စာတိုက်ရှိသလား'

'ဘယ်ရှိမလဲ။ ပြီးတော့ စာမထည့်ပါနဲ့။ အခြေအနေကောင်းရင် ဝန်းကိုယ်တိုင် လာခဲ့ပါ့မယ်'

'အခြေအနေ ကောင်းဖို့ဆိုတာကတော့ ဦးခမ်းလုံကိုသတ်တဲ့ တရားခံ အစ်ကို ရဲအဖွဲ့က ဖမ်းမိဖို့ပဲ။ အဲဒီတော့မှပဲ ကိုယ် လွတ်လွတ်ကျွတ်ကျွတ် ဖြစ်မှာပဲ။ ဒါနဲ့ ကိုယ်အိပ်ပျော်သွားလို့ သတိမေ့သွားတယ်။ တောင်ငူတုန်းက ဝန်း ဘယ်လိုဇုန်းကတ်ဖြစ်သေးသလား။ ရန်ကုန်ကိုလေ။ ရေဇလာကိုလေ'

'ဩော် ဆက်တယ်။ ဝန်းလည်း ပြောဖို့ပဲ။ သူကဲနေတာနဲ့ ပြောဖို့မေ့သွားတယ်'

'ကဲတယ်ဆိုတာ ဒါကို ပြောတာလား'

သူက တအားဖျစ်ညှစ်ပြီး ရှည်လျားစွာ နမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း အစ်ကိုမကောင်းဘူး။ ဝန်းလည်း မကောင်းတော့ဘူး' သူမက ခဏနားပြီးမှ 'ရေဇလာကို နှစ်မိနစ်အတွင်းမှာပဲ ဆက်လို့ရတယ်။ သူတို့က ပြောတယ်၊ ဦးကျောက်ဘီလူးဟာ ကနေ့မနက်ပဲ ဟိုတယ်က ပြောင်းသွားပြီတဲ့'

'ဒါဖြင့် ကျောက်ဘီလူးဆိုတဲ့ သတ္တဝါဟာ အခုထက်ထိ ရှိနေသေးတာပေါ့'

'ဒီလိုပဲပေါ့။ ဒါနဲ့ ဝန်းက ဆက်မေးတယ်။ ဘယ်ကို ပြောင်းသွားသလဲဆိုတော့'

သူက စိတ်အားထက်သန်စွာဖြင့် –

'ဘယ်ကို ပြောင်းသွားသတဲ့လဲ'

'မန္တလေးကိုတဲ့'

'ဘာ'

သူက မယုံကြည်နိုင်သည့် အံ့ဩသည့် အမူအရာ ဟန်ပန်လေသံဖြင့် အာမေဍိတ်သံ ပြုလိုက်သည်။

'ဟုတ်တယ်။ မန္တလေးကို သွားမယ်လို့ ပြောသွားတယ်တဲ့။ လေယာဉ်ပျံနဲ့တဲ့'

'လေယာဉ်ပျံနဲ့ဆိုတော့ သူက ကိုယ်တို့အရင် မန္တလေးရောက်နေမှာပေါ့'

'အင်းပေါ့'

'ဒါဖြင့် မန္တလေးကျရင် သူ့ကို လိုက်ရှာမှပဲ'

'အို အစ်ကိုက ထနောင်းကုန်း သွားနေမယ့်ဟာပဲ'

'မန္တလေးမှာ ကျောက်ဘီလူး ရှိနေမယ်ဆိုရင်တော့ ထနောင်းကုန်းကို ဘယ်သွားတော့မလဲ။ သူ့ကို ရှာရမှာပေါ့။ သူ့ကို တွေ့ဖို့က ဘယ်လောက် အရေးကြီးတယ်ဆိုတာ ဝန်း အသိသားပဲ'

'သိပါတယ်။ ဒါပေမဲ့ ကို သူ့ကိုမတွေ့ခင် ကို့ကို ပုလိပ်တွေက တွေ့သွားရင် ဘယ့်နှယ့်လုပ်မလဲ'

သူက ငိုင်သွားသည်။ ပပဝန်း ပြောသည်က မှန်ပေသည်။

'ဒီလို လုပ်လေ၊ အစ်ကိုကတော့ စောစောက အစီအစဉ်အတိုင်း ထနောင်းကုန်းကိုပဲသွားလေ။ ကျောက်ဘီလူးကို ဝန်း ရှာထားလိုက်မယ်'

'ဝန်း ဘယ့်နှယ့်လုပ် ရှာမလဲ'

'အံမာ့ ဘာခက်တာ မှတ်လို့၊ မန္တလေးမှာ အစ်ကိုနဲ့တူတဲ့လူ တစ်ယောက်





တွေ့ရင် ကျောက်ဘီလူးဆိုတာ အတပ်သိနိုင်တာပဲ၊ တစ်ခုပဲ ရှိတယ်။ အစ်ကိုသာ ဝန်း မသိဘဲ မန္တလေးကို ပြန်မလာခဲ့နဲ့'

'ဒါပေမဲ့ ကျောက်ဘီလူးက ကိုယ့်အရုပ်ထက် နည်းနည်းပုပြီး ကိုယ်လုံး နည်းနည်းသေးတယ်လေ'

'အင်းပါ။ ပြီးတော့ လူချင်းတူပေမဲ့ စကားပြောတဲ့ လေသံချင်းတော့ တူချင်မှ တူမှာပေါ့'

'ကောင်းပါပြီတဲ့။ ကျောက်ဘီလူးကို တွေ့တော့ ဝန်း ဘယ့်နှယ်လုပ်မလဲ'

'အခြေအနေ ကြည့်ရမှာပေါ့။ သူနဲ့တွေ့ပြီး အစ်ကို့ကိုယ်စား အရင်းအတိုင်း ရှင်းရမှာပေါ့။ ဝန်းလည်း အစ်ကို သိသလောက်တော့ အခြေအနေတွေကို သိနေပြီပဲ'

'ဝန်း တစ်ခုခု ဖြစ်ရင်'

'ဒီမယ် ကိုယ်၊ ဝန်းမယ် ကိုယ့်ချစ်သူအတွက် ဒါလောက်တော့ စွန့်စားရဲပါတယ်။ ကိုယ်ဟာသူစိမ်းတစ်ယောက် မဟုတ်တော့ဘူး။ ဝန်းရဲ့ ချစ်သူဖြစ်နေပြီသိလား'

'ဟုတ်ရဲ့လား'

'မဟုတ်ဘူး'

'မဟုတ်ရင်'

သူတို့နှစ်ယောက် ဆွဲငင်ရုန်းကန်တွန်းဖယ် ပူးကပ်ရင်း အလူးလူး အလိမ့်လိမ့် အလှုပ်လှုပ်အရှားရှား အတွန့်တွန့်အလိမ်လိမ် ဖြစ်သွားကြရင်းက သူတို့၏ စကားသံများသည် မပီမသနှင့် ရှုမ့်ကန့်နေသံများ ဖြစ်သွားကြတော့သည်။ အခိုက်အတန့်အားဖြင့် သူတို့သည် ပူပန်မှု၊ စိုးရိမ်မှု ၊ စိတ်မကောင်းမှုများကို မေ့ပျောက်သွားကြပြီး နိဗ္ဗာနမသဘောတရားတစ်ခုတွင် သာယာလျက် ရှိနေကြတော့၏။

သူတို့နှစ်ယောက် အတော်ကြီးမော၍ အတန်ငယ် အမောပြေတော့ ပြူငတ်ကြည့်လိုက်ရာ ပဒေသရာဇ်ခေတ်၏ သင်္ကေတများကို တွေ့မြင်လာရတော့သည်။

ဘုရားပြို ဘုရားပျက်များ တစ်ဆူပြီးတစ်ဆူ တွေ့ကြရ၏။ အကယ်၍ သူတို့သည် အနောက်ဘက်သို့သာ ကြည့်ခွင့်ရလျှင် လိပ်ကြီးနှင့်တူသော တောင်သမန်အင်းကြီး၊ မြန်မာပြည်တွင် အရှည်လျားဆုံးသော သစ်သား တံတား၊ အမရပူရမြို့ဟောင်း၏ လက်နက်တိုက်၊ ရွှေဘိုမင်း၏ အုတ်ဂူ စသည်တို့ကို မြင်တွေ့ရမည် ဖြစ်၏။

www.burmeseclassic.com



သို့ရာတွင် သူတို့သည် အရှေ့တည့်တည့်တွင် ကြွက်နဖားတောင်၊ ပို၍ဝေးသော အရှေ့တည့်တည့်တွင် ရှမ်းရိုးမ တောင်တန်းကြီးများ၊ အရှေ့မြောက်ယွန်းယွန်းတွင် ရန်ကင်းတောင်၊ မြောက်ဘက် မကျတကျတွင် တန့်ဆောင်း အဆင့်ဆင့် အကွေ့ကွေ့နှင့် မန္တလေးတောင်၊ ခပ်နီးနီးကြည့်လိုက်တော့ ချမ်းမြသာစည်လေယာဉ်ပျံကွင်း။

သူတို့သည် မန္တလေးမြို့၏ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်လျက် ရှိကြလေပြီ။ ပပဝန်းက သူမ၏ အဝတ်အစားများကို ပြင်၍ ဝတ်လိုက်၏။ ဆံပင်ကိုဖြင်၍ ထုံး၏။ မျက်နှာကို မေါင်ဒါတို့လိုက်၏။ နှုတ်ခမ်းနှစ်လွှာကို ထပ်မံဆိုးခြယ်လိုက်၏။ ပြီးတော့မှ အထုပ်အပိုးများကို ပြင်ဆင်လေသည်။

ရှမ်းစုဘူတာသို့ ရောက်သောအခါတွင်ကား သူတို့နှစ်ယောက်သည် ရထားမှ ဆင်းရန် အားလုံးပြင်ဆင်ပြီးပြီဖြစ်သဖြင့် မကြာမီ ခွဲခွာရတော့မည့်အရေးကိုတွေး၍ တစ်ယောက်ကိုတစ်ယောက် ငေးငိုင်ကာ ကြည့်နေမိကြ၏။ ပြီးတော့တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်နမ်းကာ အထပ်ထပ် နမ်းပြီးရှိုက်နမ်းနေမိကြတော့၏။ ပပ၏ မျက်နှာတွင် မျက်ရည်များဖြင့် ပြည့်လျှံနေ၏။

'မငိုပါနဲ့ ဝန်းရယ်'

'မဟုတ်ဘူးကို၊ ဝန်းတို့ တစ်ယောက်နဲ့တစ်ယောက် ခွဲရတော့မယ်'

'အခိုက်အတန့်ပေါ့ ဝန်းရယ်'

သူက နှစ်သိမ့်လိုက်သည်။ သို့ရာတွင် သူက ဘာမျှမသိသူ။ သူ့အကြောင်း ဘာမျှမသိသူ။ သူမကို တကယ်ပင် မန္တလေး တက္ကသိုလ်မှ ဇလဗေလက်ထောက်ကထိကဟု ထင်နေသူ။ ဗိုလ်မိုးလုံး၏ ဘက်တော်သူဟု နည်းနည်းမျှ မရိပ်စားမိသူ။ ယင်းကြောင့် သူမကို ယုံယုံကြည်ကြည်နှင့်သာမက အသက်သခင်အဖြစ် ကျေးဇူးတင်၍ ချစ်နေသူ။ သူသိသည်က၊ သူစိတ်မကောင်းသည်က အခိုက်အတန့်မျှသာ ခွဲခွာနေရမည်ဟု ဖြစ်၏။

သို့ရာတွင် ပပဝန်းမှာတော့ သူမကိုယ် သူမ အသိဆုံးဖြစ်၏။ အခိုက်အတန့် ခွဲကြရမည်ဆိုသော အသိမျိုးထက် ပို၍သိ၏။ သူက စုစုမြိုင်ဖြစ်၏။ ဗိုလ်မိုးလုံး၏ အာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုယ်စားလှယ်ဖြစ်၏။ ဗိုလ်မိုးလုံးအကြောင်းကိုလည်း ကောင်းကောင်းသိ၏။ သူ့တပည့်တွေ အကြောင်းကိုလည်း ကောင်းကောင်းသိ၏။ သူတို့တစ်တွေ ဘာလုပ်ကြမည်ကိုလည်း ကောင်းကောင်းသိ၏။ သို့ရာတွင် သူမသည် ဗိုလ်မိုးလုံးတို့ကို မပစ်ပယ်နိုင်သူတစ်ဦးသာ ဖြစ်၏။





ခင်မောင်ရင်ကို အဘယ်မျှ ချစ်စေကာမူ၊ သူ၏ရှေ့တွင် အဘယ်သို့သော ဘေးအန္တရာယ်များ ရှိနေသည်ကို သိစေကာမူ၊ သူမတွင် တာဝန်မကင်းသည်ကို သိစေကာမူ သူမသည် ဘယ်လိုပဲ ကွေ့တွေးတွေး၊ ဘယ်လိုပဲ စဉ်းစားစဉ်းစား လောလောဆယ် အခြေအနေတွင်ကား၊ ဗိုလ်မိုးလုံးတို့နှင့် ကင်းကွာနိုင်ခြင်းမရှိပေ။ သူ အသည်းနှင့်အောင် ချစ်သော ခင်မောင်ရင်ဘက်မှ ရပ်တည်နိုင်ခြင်းမရှိပေ။

သည့်အတွက် သူမ၏ မျက်ရည်များသည် တောင်ကျရေပမာ စီးဆင်းလျက် ရှိကြတော့၏။ နောက်ဆုံးတွင် မဖြစ်နိုင်သည့်အတူတူ စိတ်ကို တင်းမှဟု သူမက အံကိုကြိတ်၍ ဆုံးဖြတ်လိုက်၏။ မျက်ရည်သုတ်လိုက်၏။ ပြီးတော့ ခင်မောင်ရင်၏ ရင်ခွင်မှထွက်ပြီး ပြတင်းပေါက်မှနေ၍ မန္တလေးမြို့၏ အရှေ့ဘက်ခြမ်းကို ကြည့်လိုက်သည်။ ရွှေမန်းမေသည် "အေ"လမ်းကို ကျော်လွန်ခဲ့ပြီးနောက် မန္တလေး ဘူတာဝင်းထဲသို့ ဝင်သွားနေပြီဖြစ်၏။ စက္ကန့်ပိုင်းအတွင်းမှာပင် မန္တလေးဘူတာကြီးတွင် ဆိုက်နားတော့မည် ဖြစ်၏။ ခင်မောင်ရင်ကလည်း သူမ၏ဆောင်မှ ခေါင်းပြူ၍ မန္တလေးဘူတာကြီးကို လှမ်းမျှော်၍ ကြည့်လိုက်သည်။ ၎င်းတစ်ခေါက် ခရီးတွင် သူ့အား ကြိုဆိုနေမည့်သူများ ရှိမည်မဟုတ်ဟု သူထင်ထား၏။ သို့ရာတွင် စင်္ကြံပေါ်မှ လူအုပ်ကို သဲသဲကွဲကွဲ မြင်လာရသောအခါတွင်ကား သူ့အား ကြိုဆိုနေသူများကို မမျှော်လင့်ဘဲ တွေ့မြင်ရတော့၏။

ပန်းချီဆရာ ကိုပေါ်နောင်းနှင့် သူငယ်ချင်းတစ်သိုက်ကား၊ မဟုတ်ချေ။ ခိုးရောင် ဝတ်စုံများနှင့် ရဲအဖွဲ့ဝင်များသာ ဖြစ်ချေတော့၏။

ခင်မောင်ရင်က ပြတင်းပေါက်မှ ခေါင်းကိုရုပ်လိုက်ပြီး ပပဝန်းကို ကြည့်လိုက်သည်။ သူ့တွင် အားကိုးစရာဆို၍၊ တိုင်ပင်စရာဆို၍ သူမသာရှိသည်။ ပပဝန်းက ခေါင်းကလေးကိုမော့၍ အတန်ကြာ စိတ်ကူးထုတ်နေပြီးနောက်၊ သူ့အား ထိုင်ခုံပေါ်တွင် ဝပ်နေရန် လက်ရိပ်ပြလိုက်သည်။

ယင်းအခိုက်မှာပင် ရွှေမန်းမေသည် မန္တလေး ဘူတာကြီးတွင် အတိအကျ ရပ်ခြင်းအစီး ဆိုက်ကပ်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရထားတွဲများ တရိပ်ရိပ် ဖြတ်သန်းသွားလာနေစဉ်မှာပင် မိမိတို့ စောင့်ကြိုနေသူများ ဓါမဝါကို ပုစွန်မျက်လုံးကြီးများဖြင့် ကြည့်ကြသည်။ တွေ့မြင်လျှင် လက်ညှိုးများ ထိုး၍ နာမည်ကို ဟစ်အော်ကြသည်။ ပြီးတော့ တွဲနောက်သို့ ပြေးလိုက်သွား ကြသည်။ ဤကား စင်္ကြံပေါ်မှ စောင့်ကြိုနေသူများ၏ အပိုင်း။

ခရီးသည်များ၏ အပိုင်းကား ၊ မိမိကို စောင့်ကြိုနေမည့်သူများ မရှိ မိမိဘာသာမိမိ လိုရာခရီးသို့ သွားကြရမည့်သူများကား အေးအေးဆေးဆေးပင် သို့ရာတွင် ပစ္စည်းတွေ တစ်ဝန်တစ်ပိုးနှင့်လည်းဖြစ်၊ မိမိအား စောင့်ကြိုနေကြသူ များအား တွေ့လို မြင်လိုဇောလည်း ပြင်းပြစွာဖြစ်၊ ဘူတာဘက်ကို မျက်နှာမူနေသော အရှေ့ဘက် ပြတင်းပေါက် တစ်ခုခုကို အပိုင်စီးမိသူလည်းဖြစ်လျှင် ရထားအပြင် ဘက်သို့ ခေါင်းတစ်တောင်လောက်ထွက်၍ လူပ်စိရှုစိ လူပင်လယ်ကြီးကို လင်းယုန် ငှက်၏ မျက်စိမျိုးဖြင့် ရှာဖွေကြည့်ရှုလျက်ရှိလေ၏။ ဟော တွေ့ပြီဆိုလျှင် တကြော်ကြော်ခေါ်၍ လိုက်ခဲ့ရန် လက်အချိုးချိုး တပြပြနှင့် ဖြစ်သည်။





ဤခရီးသည်နှင့် ခရီးကြိုများအကြားတွင် အခြားအလွှာတစ်ခု ရှိသေး သည်။ သူတို့ကား အကျႌပြာရင့်ရင့်၊ လုံချည်ပြာရင့်ရင့်နှင့် အလုပ်သမားများ ဖြစ်ကြ သည်။ သူတို့က မနက်ထမင်း ညထမင်း အလျဉ်မီ စားသောက်နိုင်ရေးအတွက် အထုပ်အပိုးများ၊ ဝန်စည်စလယ်များ ရရှိရေးအတွက် လည်တဆန့်ဆန့် ရှိနေသူများ ဖြစ်၏။ သူတို့ကို ဘယ်သူက ခေါ်ပါမည်နည်းဟု မျက်စိလျှင်နေကြရ၏။ တကယ် တော့ တစ်ဖက်ကလည်း သူတို့ကို အလုအယက်ပင် ခေါ်ယူလျက်ရှိကြ၏။ မည်သူပဲ ဖြစ်ဖြစ် ခရီးတစ်ခု၏ အဆုံးသို့ ရောက်ပြီဆိုလျှင် ကိုယ့်အိမ်ကိုယ့်ရာ သို့မဟုတ် ကိုယ်တည်းခိုရမည့် နေရာသို့ အမြန်ဆုံး ရောက်လိုကြသည်ပဲ ဖြစ်၏။ ကိုယ့်မှာ ဝန်စည်စလယ်တွေက မနိုင်ဘူးဆိုလျှင် အလုပ်သမား တစ်ယောက် နှစ်ယောက်ကို သူများထက်အရင် ဦးဦးဖျားဖျား ရဖို့လို၏။ နို့မို့ဆိုလျှင် တစ်နေ့လုံး ငြိမ့်ငြိမ့်ဖွယ်ရာ ကောင်းအောင် စီးနင်းလိုက်ပါလာရသော တွဲပေါ်မှ သူများတွေ အားလုံးဆင်းပြီးမှ နောက်က ဆင်းရမည် ဖြစ်၏။

ယင်းကြောင့် ရန်ကုန်လို၊ မန္တလေးလို ခရီးဆုံးဘူတာကြီး တစ်ခုသို့ ခရီး ရှည် ရထားကြီးတစ်စီး ဆိုက်ရောက်လာလျှင် တကတဲ လူစေ့တက်စေ့ သိန်းထီ ပေါက်ကုန်သလား အောက်မေ့ရသည်။ အထက် ဘဝင်တိုင်အောင် ပွက်လောရိုက် ကုန်သည်။

ပပဝန်းသည် သူမ၏ ထိပ်မို့မို့ ဆံကေသာအလှကိုလည်းကောင်း၊ ရှန်းမြင် ဖျားနှာကို လည်းကောင်း၊ ဝင်းကြော့ကြော့ လည်တိုင်ကို လည်းကောင်း၊ လုံးလုံး ကျစ်လျစ် ပခုံးနှစ်ဖက်ကို လည်းကောင်း တွဲအပြင်သို့ထုတ်၍ လူအုပ်ကြီး အတွင်း သို့ အတင်းမွှေနှောက် ကြည့်ရှုနေရာမှ တွဲအရှိန် သေခါနီးတွင် သူမ ရှာဖွေနေသူကို တွေ့ရ၍ လက်နှစ်ဖက်ကို စုံယပ်၍ ခေါ်လိုက်သည်။

'အလုပ်သမား ၊ အလုပ်သမား'

အလုပ်သမားကြီး တစ်ယောက်သည် သူမ ခေါ်သည်ကို တွေ့မြင်၍ ပြေး ထွက်လာသည်။ ပြတင်းပေါက်နားမှာ လာရပ်သည်။

'အပေါ်တက်ခဲ့ပါ ဦးလေး'

သူမက ပြောလိုက်ရာ အလုပ်သမားကြီးသည် သွက်လက်စွာပင် တွဲ အဝင်ဘက်ဆီသို့ ပြေးသွားသည်။

ယင်းအချိန်တွင် ရဲတပ်ဖွဲ့ဝင်များသည် စင်္ကြံတစ်လျှောက်၌ ဆယ်ပေခြားစီ လောက်တွင် မတ်တတ်ရပ်လျက် တွဲပေါ်သို့လည်းကောင်း၊ တွဲပေါ်မှ ဆင်းလာသူ



www.burmeseclassic.com

www.burmeseclassic.com



များကိုလည်းကောင်း၊ ဘူတာအပြင်ဘက်သို့ ထွက်နေကြသူများကိုလည်းကောင်း မျက်လုံး မနိုင်နိုင်အောင် ကြည့်ရှုရလျက် ရှိကြ၏။ သူတို့ ပြတင်းပေါက်နှင့် မနီးမဝေးတွင် ရဲကြပ်ကြီးတစ်ယောက် ကျိုးကန်းတောင်းမှောက် မျက်လုံးဖြ ရှုပ်နေသဖြင့် ပပဝန်းတို့၏ တွဲပြတင်းပေါက် ပိတ်လိုက်ရသည်။ ကန့်လန့်က စိမ်းစိမ်းကလေး စိသွားသည်။

နောက် ငါးမိနစ်ခန့် ကြာသောအခါတွင်ကား၊ မန်းမြို့သူကလေး ပပဝန်း သည် သူမ၏ မွေးရပ်မြေကို နင်းရပြန်တော့မည်ဟူသော အဝင့်အကြွားမျိုးဖြ အထက်တန်းတွဲ တံခါးပေါက်မှ ကြော့ကြော့မော့မော့ကလေး ဆင်းလာလေတော့ သည်။ သူမ၏ ဘယ်ဘက် လက်မောင်းတွင်ကား လက်ကိုင်အိတ် အနက်ကလေး ချိတ်ဆွဲထားသည်။ သူမက ရင်ကလေးကော့၍ ပင်မ ထွက်ပေါက်ကြီးဆီသို့ လျှောက်သွားလေ၏။ သူမ၏ နောက်တွင်ကား ထောင်ထောင်မောင်းမောင်း အလုပ်သမားတစ်ဦးသည် သားရေသေတ္တာကို ခေါင်းပေါ်ကရွက်၊ သားရေသေတ္တာ ပေါ်တွင် လက်ဆွဲခြင်းတစ်ခုကို တင်ပြီးတော့ လက်တစ်ဖက်ကလည်း ခေါင်းပေါ်မှ ပစ္စည်းများကို ထိန်းထားကာ၊ ကျန်တစ်ဖက်က အိပ်ရာလိပ်ကြီးကို ခါးစောင်းအောင် ဆွဲ၍ လာရလေသည်။ ခါးမစောင်းလျှင်လည်း သားရေအိတ်၏ အလေးချိန်ကို မနိုင်၊ ခါးစောင်းပြန်လျှင်လည်း ခေါင်းပေါ်မှ ဝန်ထုပ်ဝန်ထည်များ ကျကုန်မည် ဖြစ်၏။ ယင်းကြောင့် သူ့ကို ကြည့်ရသည်မှာ ဟိုယိမ်းဒီယိမ်းနှင့်၊ မနိုင်မနင်းနှင့် ကြည့်ရသည်မှာ မသက်သာလှပါ။

ထိုအခါတွင် ပပဝန်းကတော့ နောက်သို့ တစ်ချက်မျှ လှည့်မကြည့်ဘဲ ဘမ်တလစ်ဝေါ်သို့ ခုံမြင့်ဖိနပ်ကလေးကိုစီးလျက် မှန်မှန်နင်း၍ လျှောက်သွား နေတော့၏။ အားခွန်ဗလနှင့် ပြည့်စုံသော အလုပ်သမားကြီးကသာ၊ ပစ္စည်းတွေ မနိုင်မနင်းနှင့်ဖင့် လူတွေရှုပ်ယှက်ခတ်နေသည့်ကြားက ပစ္စည်းများ၏ အရှင်သခင် ကလေးနှင့် ပခုံးချင်းပြိုင်မိအောင် အတင်းလျှောက်သွားပြီး တိုးတိုးတိတ်တိတ် မေးလိုက်သည်။

'ဝန်း အိမ်က လာမကြိုကြဘူးလား'

'ကြိုတယ်၊ ရထားပေါ်ကတည်းက မြင်လိုက်လျက်သားနဲ့ တမင် မမြင် ချင်ယောင်ဆောင်လာရတာ။ သူတို့နဲ့ တွေ့နေရင် ကိုကို ဘယ့်နှယ်လုပ်ပြီး ခေါ် ရတော့မလဲ'

'သူတို့ စိတ်ဆိုးနေမှာပေါ့'





'ဆိုးဆိုးပေါ့၊ သူတို့ လာမကြိုဘူးမှတ်လို့၊ ဒါမှမဟုတ် မေ့နေတယ် လို့ ကိုယ့်ဟာကိုယ် ပြန်လာတယ်ပေါ့။ ဒါတွေက ဝန်းကိစ္စပါ။ မပူပါနဲ့။ အရေး ကြီးတာက ဘူတာအပြင်ဆက်ကို ရောက်ဖို့ပဲ။ ဟောဟိုမှာ ရဲသားတစ်ယောက်၊ တက် လှည့်လှည့်'

သူမက ပြောလိုက်သဖြင့် ဘူတာရုံ အလုပ်သမားကြီးအဖြစ် ဟန်ဆောင်၍ သော ခင်မောင်ရင်သည် အပေါ်မှ ပစ္စည်းများ၏ အလေးချိန်ကြောင့် ယိမ်းထိုး သည့်အလားဖြင့် တစ်ဖက်သို့ ကွယ်လိုက်ပါသည်။

သို့ရာတွင် ခင်မောင်ရင်သည် ရဲအဖွဲ့ဝင်များ၏ ရန်မှ လွတ်မြောက်အောင် မျိုး ကြံဖန်ကြိုးစား၍နေသော်လည်း သူ့နောက်ဘက် မလှမ်းမကမ်းမှ အရိပ် ည်ကို စောင့်ကြပ်၍ လိုက်ပါလာကြသော လက်မရှူမင်းခေါင်နှင့် ဓားထွန်းစိန်ကို လုံးဝသတိမပြုမိခဲ့ချေ။ တကယ်တော့ သူ့အား ရဲအဖွဲ့များလက်မှ ဥာဏ်နီ နက်သုံး၍ ကယ်တင်လာသူမှာလည်း၊ သူထင်သလို သူသိထားသလို တက္က မှ ဆရာမတစ်ဦး မဟုတ်ချေပဲ၊ လူဆိုးဂိုဏ်းဝင် မြေအောက်သူကလေး တစ်ဦး ဖြစ်ချေသည် မဟုတ်လား။

သူ့ကို ရဲအဖွဲ့ဝင်များက ဖမ်းဆီးသွားလျှင် တစ်ချိန်မဟုတ် တစ်ချိန်တွင် နည်းမဟုတ် တစ်နည်းဖြင့် အမှုမှန်ပေါ်ပေါက်လာပြီး သူတို့အားလုံး ရဲအဖွဲ့ သို့ မကျရောက်သွားအောင်၊ သူတို့လက်ထဲသို့ ပြန်လည်ရောက်ရှိပြီး သူတို့ ညီလို စီရင်နိုင်အောင် သူတို့၏ အလှဘုရင်မကလေး စုစုမြိုင်ကို ပပဝန်းအဖြစ် ဆောင်စေကာ ကျော့ကွင်းဆင်၍ ကာယကံရှင်မသိအောင် ဖမ်းဆီးနေခြင်း ၏။

သူတို့နောက်မှ မင်းခေါင်နှင့် ထွန်းစိန်တို့ ပါလာသည်ကို တွေ့ရသော် ည်း ဗိုလ်မိုးလုံးနှင့် ကျော်ထွန်းတို့ကား ကြက်ငှက်လို ပျောက်သွားကြပြီဖြစ်၏။

အမှန်အားဖြင့်တော့ ဗိုလ်မိုးလုံးတို့ လူစုသည် သူတို့ကိစ္စနှင့်သူတို့ လေးသို့ လာကြခြင်းဖြစ်၏။ ယခုကဲ့သို့ ခင်မောင်ရင်ကို လက်ဝယ်ရရှိသွားခြင်း ည် သူတို့အဖို့ ကုသိုလ်ကံ ထောက်မသွားခြင်းသာ ဖြစ်၏။ ယမန်နေ့ညနေက း ယားမြိုင်မှ လှစ်ခနဲ ထွက်ပြေးသွားသော ခင်မောင်ရင်ကို ရဲအဖွဲ့ဝင်များက ရှာခံ၍ မရသလို သူတို့ကလည်း ဒေါင်းတောက်အောင် ရှာခဲ့သော်ငြား ခန့်ဝင် ခဲ့ကြပေ။

ယင်းသို့ဖြင့် ဗိုလ်မိုးလုံးတို့သည် သူတို့အကြောင်းနှင့်သူတို့ မန္တလေးသို့

www.burmeseclassic.com



သွားကြရန်နှင့် ဗိုလ်မိုးလုံးနှင့် အပေါင်းပါသုံးဦးအတွက် လေးယောက်ခန်းတစ်ခန်း စုစုမြိုင်နှင့် အစေခံမကြီး ဒေါ်ဘုမတို့အတွက် ဒေါ်ပပဝန်းနှင့် ဒေါ်တင်တင်အေး ဟူသော နာမည်ဖြင့် နှစ်ယောက်ခန်း တစ်ခန်းတို့ကို ယူခဲ့ကြပေသည်။ သို့ရာတွင် ရန်ကုန်ဘူတာကြီးရှေ့၌ ခင်မောင်ရင်ကို မြင်မိကြသောအခါတွင် သူတို့သည် အစီအစဉ်များကို ချက်ချင်း လွှဲလိုက်ကြ၏။ ဒေါ်ဘုမကို နောက်တစ်နေ့ရထားနှင့် လိုက်ပါရန် ထားခဲ့၏။ သူမကို ခင်မောင်ရင် မြင်တွေ့မသွားစေရန် ချက်ချင်းပင် ဘူတာကြီးထဲမှ ထွက်ခွာသွားစေခဲ့၏။ ဗိုလ်မိုးလုံးတို့ လေးယောက်သည် အခန်း အလုံပိတ်ပြီး ခင်မောင်ရင်ကို ပုန်းရှောင်၍နေခဲ့ကြ၏။ ပပဝန်းကသာလျှင် သူလာမှု လမ်းက တကူးတက စောင့်၍ အရှောင်အတိမ်းချင်း တမင်တူပေးခဲ့ခြင်း ဖြစ်၏။

ယင်းသို့ဖြင့် ဗိုလ်မိုးလုံးတို့သည် ခင်မောင်ရင်ကို ကြက်ကလေး ကောင်ဖမ်းသလို အလွယ်တကူ ရရှိခဲ့ကြခြင်း ဖြစ်၏။ ယခုမူ သူတို့၏ ပိုင်နက် အတွင်းမှ ပင်လယ်ရေပြင် ဖြစ်နေပြီတည်း။

ပင်မ တံခါးဝကြီးတွင် လက်မှတ်စစ်၏ဘေး၌ ရဲသားတစ်ဦးက စောင့်ကြ ကြည့်ရှုလျက်ရှိသော်လည်း ဒါလောက်တော့ ပပဝန်းက အပျော့ပင်ဖြစ်၏။ အလု သမား ဟန်ဆောင်ထားသော ခင်မောင်ရင်ကို ရှေ့သို့ ရောက်သွားအောင် နောက် ဘက်မှနေ၍ မတော်တဆ ဝင်တိုက်လိုက်ပြီး သူမ၏လက်မှ လက်ကိုင်အိတ် လွှတ်ချလိုက်၏။ ရဲသားနှင့်လက်မှတ်စစ်က အလုအယက် ကောက်ယူလိုက်ကြ၏။ ရဲသားက လက်ဦး၍ သူမ၏အပြုံးနှင့် ချိုသာသော 'ကျေးဇူးတင်ပါတယ်ရှင်' ကို ရရှိလိုက်၏။ သို့ဖြင့် ခင်မောင်ရင်သည် ရဲအဖွဲ့ဝင်များလက်မှ လျှောခနဲ ထွက်သွား ပြီး၊ ဗိုလ်မိုးလုံးတို့လက်သို့ ကားခနဲ ရောက်ရှိသွားလေတော့၏။

ရဲမှူးတစ်ဦးနှင့် ရဲအုပ်နှစ်ဦး အမှူးပြုသော ရဲအဖွဲ့ဝင် စုစုပေါင်း နှစ်ဆယ် သည် ကြပ်ကြပ်မတ်မတ် စိစစ်စောင့်ရှောက်ကြည့်နေသည့် ကြားကပင်၊ ဘူတာထဲ တွင် လူအတော်ကျဲသွားသည့်တိုင် လူသတ်သမား၏ အစအနကိုမျှ မတွေ့ရှိရသော အခါ တချို့ကို အောက်တွင်ချန်ထား၍ တချို့ကို ရထားတွဲများပေါ် တက်ရောက်ရှာ ဖွေရန် ရဲမှူးကြီးက အမိန့်ချမှတ်ပေးလေတော့သည်။

ရဲအဖွဲ့ဝင်များသည် စပါးကျီအိုနောက်ကြားတွင် ကြွက်ကလေးကို ကြောင်ကြီးက ရှာဖွေသည့်နှယ် အထပ်ထပ် အရပ်ရပ် အနံ့နံ့ အစပ်စပ် ရှာဖွေကြလေ ၏။ နောက်ဆုံးတွင် ရဲကြပ်တစ်ဦးသည် လူသတ်သမားကို မတွေ့ရှိရသော်လည်း အထက်တန်း အိပ်ခန်းတစ်ခုအတွင်း၌ ခြေလက်များကို ကြိုးနှင့်တုပ်နှောင်၍





ပါးစပ်ထဲတွင် အဝတ်များဆို့ထားခြင်း ခံရသူတစ်ဦးကို တွေ့ရလေသည်။ သူသည် နှပ်ကျယ်လက်ပြတ်နှင့် ဘောင်းဘီတိုကလေးနှင့် ဖြစ်၏။ ရဲကြပ်ကြီးက သူ့ပါးစပ် ထဲမှ အဝတ်များကို ထုတ်ပေးလိုက်သောအခါတွင် အကြောင်းစုံကို သိရှိရလေတော့ သည်။ သူသည် မီးရထား အလုပ်သမားတစ်ဦးဖြစ်သည်။ အမျိုးသမီးတစ်ဦးက ခေါ်၍ ဤအခန်းထဲသို့ သူဝင်သွားမိသောအခါတွင်ကား တံခါးအကွယ်မှ လူ တစ်ယောက်ထွက်လာပြီး သူ့အား ချုပ်နှောင်လိုက်၏။ အမျိုးသမီးက သူ့ပါးစပ် ထဲသို့ အဝတ်ထည့်လိုက်ပြီး သူ့ကိုယ်ကို ကြိုးများဖြင့် တုပ်လိုက်၏။ ထို့နောက် သူ၏ အဝတ်အစားများကို ချွတ်ယူကာ သူ့အား ချုပ်နှောင်သော အမျိုးသားက ထိုလှယ်ဝတ်ဆင်သည်ဆို၏။ ထို့နောက် ရဲကြပ်ကြီးသည် ထိုသူ၏ ပြောပြချက် များကို ဆုံးအောင်နားထောင်မနေတော့ဘဲ၊ သူ့အား တုပ်နှောင်ထားသော ကြိုးများကို ဖြေပေးမနေအားတော့ဘဲ၊ အခြေအနေကို အမြန်ဆုံး အစီရင်ခံရန် ရဲမှူးထံသို့ တစ်ဟုန်ထိုး ဆင်းပြေးသွားလေတော့၏။ မီးရထား အလုပ်သမားကြီးသည် ရှားသားမီးကျီးပေါ်တွင် အမဲခြောက် ကင်လိုက်သလို ကော့ကန်တွန့်လိမ်ရင်း အော်ဟစ်ဆူညံ၍ ကျန်ရစ်ခဲ့တော့၏။

ထိုအချိန်တွင် ခင်မောင်ရင်သည် အငှားလိုက်သော ဂျစ်ကားတစ်စီး ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်၏။ သူ၏ အဝတ်အစားများ ထည့်ထားသော လွယ်အိတ်ကို ပပဝန်းက လှမ်းပေးရင်း –

'ကဲ သွားတော့'

သူမ၏ အသံက တိမ်ဝင်လျက်ရှိ၏။ ကားသမားက စက်နှိုးလိုက်သည့် အချိန်တွင်မှ သူက ကားသမားကို ခဏစောင့်ရန် လက်ပြလိုက်ပြီး ကားပေါ်မှ ဆင်းရန် ဟန်ပြင်လိုက်၏။

'ဘာလုပ်ဦးမလို့လဲ'

အမျိုးသမီးက ထိတ်ထိတ်ပျာပျာ မေးလိုက်၏။ သူက လွယ်အိတ်ထဲသို့ လက်နှိုက်စမ်းရင်း –

'မီးခြစ်မရှိတော့ဘူး၊ တစ်လုံးလောက် ဝယ်သွားဦးမှ'

သူက ဆေးလိပ်သမားရှိပြီး မီးခြစ်မရှိသည့် အရေးကို အထူးပူပန်လျက် ရှိ၏။

'အရေးထဲမှာ တကတဲ ။ နေ နေ ဝန်း သွားဝယ်ပေးမယ်'

အမျိုးသမီးကမူ အတွင်းရှိ လက်ဖက်ရည်ဆိုင်ဆီသို့ ခပ်သုတ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွား၏။ သူမ၏တင်များသည် အချင်းချင်းလုံးထွေး သတ်ပုတ်လျက်ရှိ၏။ သို့ရာတွင် ပပဝန်းသည် လေးငါးလှမ်းလောက် သွားမိသောအခါတွင် ရုတ်တရက် ရပ်တန့်လိုက်ပြီး ကားဆီသို့ ပြန်လှည့်လာ၏။

'ဘာဖြစ်လို့လဲ'

သူက စိုးရိမ်တကြီး မေးလိုက်သည်။ ဘယ်နေရာကများ ရဲအဖွဲ့ဝင်တွေ ရောက်လာမည်နည်းဟု ပြူးတူးပြဲတဲ ကြည့်လိုက်သည်။

'အို ဘာမှ မဖြစ်ပါဘူး၊ ဝန်းမှာ မီးခြစ်တစ်လုံး ရှိတယ်။ အခုမှ အတိရတယ်'

အမျိုးသမီးက လက်ကိုင်အိတ်အနက်ကို မြှောက်၍ သူမမြင်အောင် ခွင့်လိုက်သည်။ အထဲတွင် ပြောင်လက်နေသော ခြောက်လုံးပြူးလေးတစ်လက်ရှိ၍ ဖြစ်သည်။ သူမက လက်ကိုင်အိတ်ထဲမှ မီးခြစ်တစ်လုံးကို လျင်မြန်စွာ ထုတ်ယူလိုက်ပြီးနောက် သူ့အား ပေးလိုက်သည်။

မီးခြစ်သည် သစ်သားမီးခြစ်တစ်လုံးပင် ဖြစ်သော်လည်း မြန်မာပြည်တွင် တွေ့မြင်နေကျ မီးခြစ်မျိုးမဟုတ်၊ အရွယ်ပမာဏ သေးငယ်သည်။ သေသပ်လှပသည်။ ဘေးနှစ်ဖက်မှ ယမ်းများသည် နီညိုညိုအဆင်းရှိ၏။ မီးခြစ်ဆံမှ ယမ်းများသည်လည်း ထိုအရောင်အဆင်းပင် ဖြစ်၏။ အထူးခြားဆုံးမှာ တံဆိပ်ဖြစ်သည်။ ကျားတို့၊ တဲယောတို့၊ နတ်သမီးတို့ မဟုတ်၊ အဖြူအနက် ရိုက်ကူးထားသော ခေတ်လစ်စလစ် မိန်းမပျိုတစ်ဦးပုံ ဖြစ်သည်။

'တယ်ဟုတ်ပါလား။ ဒီမီးခြစ်ကို ဝန်း ဘယ်ကရသလဲ'

သူက မေးလိုက်သည်။ အမျိုးသမီး၏ မျက်နှာတွင် ပတ္တမြားရောင် ပြေးသွားသည်။

'ဘန်ကောက်လေဆိပ်မှာ အလွယ်တကူတွေ့လို့ ဝယ်လာတာပါ။ ယူသွားစမ်းပါ'

ယင်းအခိုက်တွင် ဆင်ဝင်အောက်သို့ ရဲသားတစ်ဦး ထွက်လာသည်ကို မြင်ရသဖြင့် ခင်မောင်ရင်ကလည်း ကားသမားကို မောင်းရန် အချက်ပြ လိုက်ရတော့သည်။

'သွားမယ် ဝန်း'

သူက လက်ပြ၍ နှုတ်ဆက်လိုက်သည်။ သူက ခဏတာ ခွဲခွာရသည်ကို စိတ်မကောင်းသည့် အမူအရာနှင့် ဖြစ်သည်။ အမျိုးသမီးကမူ ဘာမျှ ပြန်မပြောနိုင်ဘဲ





လက်ကိုသာ လေးကန်စွာ မြှောက်၍ပြလေသည်။ သူမကမူ သူ့ထက်ပို၍ သိသည်။ အလေးအနက် အခိုင်အမာသိသည်။ သူတို့ချင်း အဘယ်မျှပင် ချစ်ကြစေကာမူ၊ သူ့အပေါ်တွင် အဘယ်မျှ သံယောဇဉ်ရှိစေကာမူ ယခု ခွဲခွာရခြင်းသည် အခိုက်အတန့်အားဖြင့် ခွဲခွာရခြင်းမျိုးမဟုတ်ဘဲ အပြီးအပိုင် ခွဲခွာရခြင်းလည်း မည်နိုင်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com

၄။ ။ သုတေသီအလား / ၁

ဒေါနုခြံကိုလွန်တော့ ခြောက်နာရီခွဲပြီးရုံသာ ရှိသေးသော်လည်း ပကတိ ညစစ်စစ် ကြီး ဖြစ်၍နေချေပြီ။ မြို့ကိုလည်း လွန်လာပြီဖြစ်၍ သဘာဝ ထိန်ထိန်ညီးညီးများ မရှိတော့။ စနေထောင့်မှ တက်လာသော မိုးသားများသည်လည်း ကောင်းကင် တစ်ခုလုံး အပြည့်အနှံ့ ရှိနေပေပြီ။

သီတင်းကျွတ် တန်ဆောင်းမုန်းဆိုလျှင် အောက်ပြည်အောက်ရွာတွင် မိုးကုန်ပြီဖြစ်၏။ အထက်အညာတွင်တော့ သည်လိုအချိန်မျိုးတွင်မှ နှစ်ဆတိုး သုံးဆတိုးပြီး ရွာချတတ်လေသည်။ တစ်မိုးတွင်းလုံးအတွက် ရွာသွန်းရန် ရှိသည် များကို ထိုအချိန်ကျမှ တစ်ခါတည်း ပုံ၍ "အော"လိုက်သည့် ပုံမျိုး ဖြစ်၏။

ဒါပေမဲ့လည်း မိုးရွာလိမ့်မည်ဟု သေသေချာချာတော့ မပြောနိုင်သေး တစ်ခါတလေတော့လည်း ကမ္ဘာစစ်ရေး ပြပွဲကြီးများလို ကိုင်းကျွန်းယာမြေများကို ခြိမ်းခြောက်ရုံသာ ခြိမ်းခြောက်တတ်လေသည်။

ယခုလည်း ဟန်ရေးတော့ အတော်ကြီးပြနေသည်။ တစ်မိုးလုံး မည်းနေ





ည်။ တော်ကြာနေ ဟိုနားး တော်ကြာနေ ဒီနားမှနေ၍ ပြိုးခနဲ ပြက်ခနဲ လျှပ်စီးများ က်နေသည်။ မိုးချုန်းလိုက်သည်မှာလည်း နားပင်အအားနေရသည် မရှိ သေးလောက်။

ခင်မောင်ရင်ကို သယ်ဆောင်လာသော ဂျစ်ကားသည် မန္တလေး စစ်ကိုင်း မ်းမကြီးအတိုင်း ပြေးလျက်ရှိ၏။ ကားရှေ့မီးသည် အမှောင်ထုထဲသို့ အတင်း ိုးဖောက်၍ ဝင်ရောက်လျက် ရှိ၏။

ကပ်ကျော်ဘုရားကို လွန်သောအခါ မိုးသေးမိုးဖွဲများ ကျလာ၏။ ရာတွင် ချက်ချင်းပင် ရပ်သွား၏။ အခုအထိတော့ ဟုတ်တိပတ်တိ ရွာချင်ပုံ ါသေး။ သို့ရာတွင် ခင်မောင်ရင်ကား အမည်းအမှောင်ကို တစ်လှည့်စီကြည့်ရင်း တ်မှ လွတ်ပါ့မလားဟု ပူပန်လျက်ရှိ၏။ ထန်းတောကုန်းကျောင်းသို့ မရောက် င် မိုးသဲသဲ ရွာချလိုက်မည်ဆိုလျှင် ကသီလင်တမှ တကယ့်ကို ကသီလင်တား

သူ့တွင် ဘာမှလည်း ဆောင်းစရာ မရှိပါ။ ဘယ်နေရာမှလည်း ခိုနေစရာ နမည်မဟုတ်။ တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားမည်။ လွယ်အိတ်လည်း ခြောက်လျက် ကျန်နေမည်မဟုတ်။ ကြွက်စုတ်ကလေးလို။ 'ထန်းတောကုန်းကျောင်းသို့ ာက်သွားသောခါတွင်လည်း ဘာမှလဲစရာ မရှိမည်မှာ အသေအချာ။

ကားသမားကတော့ ဘာမျှမပြောဘဲ အတင်းတရကြမ်း မောင်းလျက် ည်။ သည်နှုန်းအတိုင်းသာဆိုလျှင် ကူးတို့ဆိပ်သို့ ခုနစ်နာရီ မထိုးခင်မှာပင် ာက်သွားနိုင်သည်။ လမ်းငါးခွဆုံသို့ ရောက်ပြန်တော့ မိုးသီးမိုးပေါက်များ ကျလာ န်တော့သည်။ ခဏပဲဖြစ်သည်။ အမရပူရမြို့သို့ ခြောက်သွေ့စွာပဲ ဖြတ်သွား ည်။

ရထားလမ်းကို ဖြတ်ကျော်၍ အရာတော်ရွာနှင့် တည့်တည့်လောက် ရောက်တွင် ကားသည် တုန်ချိတုန်ချိနှင့် ရပ်သွားလေတော့သည်။

'ဓာတ်ဆီပိတ်တာလား၊ ကုန်တာလား'

သူက မေးလိုက်သည်။

'မသိဘူး'

ကားသမားက ပြန်ဖြေသည်။

'ခင်ဗျား ပြင်တတ်တယ် မဟုတ်လား'

'ပြင်တတ်တာပေါ့'

ကားသမားက စက်ခေါင်းကို ဖွင့်၍ ဟိုနှိုက်ဒီနှိုက် လုပ်နေသဖြင့် သူက



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ဆင်း၍ လမ်းလျှောက်နေသည်။ တစ်နေ့လုံး ရထားပေါ်တွင် ညောင်းလာ သဖြင့် လမ်းလျှောက်၍ ကောင်းလှသည်။ အညောင်းပြေလှသည်။ သို့ရာတွင် ခေါက်တုံ့ခေါက်ပြန် နာရီဝက်လောက် လျှောက်မိတော့ ညောင်းလာပြန်သည်။

မိုးက ခြိမ်းခြောက်နေပြီး ကားသမားက တောင်လုပ်မြောက်လုပ်ပ ရှိသေး၏။ သူက လမ်းဘေးတစ်နေရာတွင် ထိုင်၍ လှမ်းညှိမှုအစ ပပဝန်းအ စားမြုံ့ပြန်နေတော့သည်။ ရှစ်နာရီထိုးမှ ကားစက်နိုးသံ ကြားရသည်။ ထို့ကြော ရှစ်နာရီခွဲမှ ကူးတို့ဆိပ်သို့ ရောက်လေသည်။ သူ့အား ချထားခဲ့ပြီး ပြန်ထွက်သွ သောအခါတွင်ကား ညသည် မှောင်လျက်၊ ပြိုးပြက်လျက်၊ တစ်လှည့်စီ ရှိနေတော ၏။

သူက ကမ်းနဖူးတွင် ရှိနေသော်လည်း ဒုဋ္ဌဝတီမြစ်ရေပြင်ကို ရမ်း ဆကာသာ တွေ့မြင်ရ၏။ သူ့အလုပ်က ရေကသိုဏ်းရှုဖို့ရန် မဟုတ်သဖြင့် ပပ ပြောလိုက်သည့်အတိုင်း ယာခင်းများကိုဖြတ်၍ အနောက်မြောက် ယွန်းယွန်း လျှောက်သွား၏။ ဖျတ်ခနဲလင်းသွားသည့်အချိန်တွင် ရှေ့အလှမ်း နှစ်ဆယ် လောက်ကို မှန်းထားလိုက်၏။ သည်လိုနှင့်ပင် သူသည် နောက်ဆုံးတော့ ထန်းတေ ကုန်းသို့ ရောက်ရှိလာတော့၏။

လေငြိမ်နေသဖြင့် ထန်းပင်များသည် တိတ်ဆိတ်လျက်ရှိ၏။ခင်မောင် သည် ထန်းပင်များကို တိုးရင်း တိုက်ရင်းနှင့်ပင် လျှောက်သွားနေရာ တော်တော် ဘယ်ကိုမှ မရောက်ဘဲ ရှိနေ၏။ သူက ဝင်္ကပါထဲတွင် ချာချာလည်နေခြင်းလည် ဖြစ်နိုင်၏။ ထန်းတောကြီးက အပင်လေးငါးခြောက်ရာရှိ၍ သွား၍ မဆုံးနိုင်ခြ လည်း ဖြစ်နိုင်၏။

ထန်းရွက်များ အုပ်ဆိုင်းနေသဖြင့် ပို၍မှောင်နေ၏။ တော်ရုံတန်ရုံ သတ္တိ ဤလိုညမျိုးတွင် ဤနေရာသို့လာရဲရန် မလွယ်ချေ။ သူကလည်း သတ္တိကော ၍တော့ မဟုတ်။ မလွဲသာ၍ သွားနေရခြင်းဖြစ်၏။

အတန်ကြာတော့ သူသည် ထန်းတောထဲမှ ထွက်ခဲ့ပြီဖြစ်ကြောင်း တွေ့ရ၏။ သို့ရာတွင် မညီညာသော ယာခင်းပြင်လည်း မဟုတ်ဘဲ ပြေပြစ်သော မြေအပြင်သာ ဖြစ်၏။ သည်တော့မှ သူသဘောပေါက်၏။ ထန်းတောမှ ထွက်ခဲ့ခြ မဟုတ်ဘဲ ထန်းတောအလယ်သို့ ရောက်ရှိလာခြင်းဖြစ်၏။ ဤအတိုင်းသာဆိုလျှ ထန်းတောကုန်းကျောင်းသို့ ရောက်ပေတော့မည်။

သူက နေရာတွင်ရပ်၍ လျှပ်ပြက်မည်ကို စောင့်နေလိုက်သည်။ ကြာ





ာင့်ရ။ ထန်းတောတစ်ခုလုံး လင်းထိန်၍ သွားသည်။ သူ့ရှေ့ အလှမ်းနှစ်ဆယ် ာက်တွင် ကြီးမားသော အဆောက်အဦကြီးတစ်ခုကို မြင်တွေ့ရလိုက်သည်။ ူက အားတက်သွားပြီး ထိုနေရာသို့ သွက်လက်စွာ လျှောက်သွားမိတော့၏။ ာက်တစ်ကြိမ် လျှပ်ပြက်သောအခါတွင် လှေကားရှိသောနေရာကို ထပ်၍ မှန်း ားလိုက်မိနိုင်ပြန်သည်။ နောက်တစ်ကြိမ် ဝင်းခနဲ ထင်းလာသောအခါတွင်တား ူသည် ကြီးမားဟောင်းနွမ်းသော ကျွန်းလှေကားတစ်ခု၏ အရင်းတွင် ရောက်နေပြီ ည်း။

www.burmeseclassic.com

www.burmeseclassic.com

ဆောစောကလို ဝါဝါရွှေရွှေ ပြိုးပြက်ခြင်းမျိုး မဟုတ်ဘဲ ပြာပြာလဲ့လဲ့ တဖျပ်ဖျပ် လက်ပြီး ပြင်းထန်သော မြည်ဟည်းသံကြီး ပေါ်ပေါက်လာသည်။ အဘယ်သူ၏ ခေါင်းကို မိုးကြိုး ရှစ်စိတ်ခွဲချေပြီနည်း။ လူဆိုသည်မှာ အဘယ်မျှပင် သတ္တိကောင်း သည်ဆိုစေကာမူ ခေါင်ခေါင်မှောင်မှောင်တွင် တစ်ယောက်တည်း ရှိရသောအခါ အနည်းနှင့်အများတော့ အားငယ်တတ်စမြဲ ဖြစ်၏။

ခင်မောင်ရင်ကလည်း လျှပ်ပြာပြာကို မြင်လိုက်ရကတည်းက မိုးကြိုးပစ် တော့မည်ကို သိသော်လည်း၊ ပြင်းထန်သော မြည်းဟည်းသံကြီး ပေါ်လာသောအခါ တွင် ဆတ်ခနဲတော့ လန့်သွားမိ၏။ သူက ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်၏။ ဆက်တိုက်ကြီး ပေါ်ထွက်လာသော လျှပ်ပန်းလျှပ်နွယ်အလင်းတွင် ထန်းတော၏ အလယ်ကွက်လပ်ကို ကောင်းစွာတွေ့မြင်ရသည်။ ပဝဝန်းက ဤအဆောက်အဦ ကြီးသည် ဘုန်းကြီးကျောင်းပျက်ကြီးဟုဆိုသော်လည်း ဗုဒ္ဓဘာသာကျောင်း တစ်ခု၏ အပေါင်းအစပ်များဖြစ်သော၊ တွဲဖက်၍ ရှိနေတတ်သော၊ ဘုရားပြို





ဘုရားပျက် တစ်ခုခုကိုသော် လည်းကောင်း၊ သိမ်အိုသိမ်ပျက် တစ်ခုခုကို လည်းကောင်း၊ အခြား တံခွန်ကုက္ကားတိုင်များကို လည်းကောင်း၊ ဘာတစ်ခုမျှ တွေ့ရချေ။ ဤကျောင်းကြီးရှိနေလျှင် သူ၏ အတွဲအဖက် တစ်ခုခုသည်လည်း အနည်းဆုံး အကြွင်းအကျန် အမှတ်အသားသင်္ကေတတော့ ရှိနေရပေမည်။ ယခု တော့ ပေတစ်ရာပတ်လည်လောက်ရှိသော ကွက်လပ်ထဲတွင် ဤအဆောက်အဦကြီး တစ်ခုသာ ရှိပေသည်။ အခြား အထုအထည်ဆို၍ ထန်းတောအစပ် တစ်နေရာ လောက်တွင် ရေတွင်းပျက်တစ်ခုကိုသာ မြင်တွေ့ရသည်။ သေးသေးငယ်ငယ်သာ ဖြစ်၏။

ခင်မောင်ရင်သည် ရှေးဟောင်းပစ္စည်းများနှင့် အဆောက်အဦများကို သုတေသနပြုနေသူတစ်ဦး မဟုတ်သော်လည်း သူသည် ဝရမ်းပြေး တစ်ယောက် အနေနှင့် ဤအဆောက်အဦကြီးတွင် စခန်းချရမည်ဖြစ်သဖြင့် ဟောင်းနွမ်း ဆွေးမြည့်သော ကျွန်းလှေကားကြီးမှနေ၍ အပေါ်ထပ်သို့ တက်မသွားခင်၊ အောက် ထပ်မှနေ၍ အရင်ပထမ စေ့စေ့ငငေ ကြည့်ရှုလေ့လာ ထားသင့်သည်ဟု သူထ သဘောရလိုက်၏။

သူ့စိတ်အထင်တွင် ဤဟောင်းနွမ်းသော အဆောက်အဦကြီးသည် ဘုန်းကြီးကျောင်းတစ်ခု၏ ပတ်ပတ်လည် ထန်းတောကို မြို့ရိုးခံတပ်အဖြစ် သဘော ထားပြီး တည်ဆောက်ထားသော ရှေးခေတ် မြန်မာအရာရှိ၊ သို့မဟုတ် မြေရှင် သူဌေးကြီးတစ်ဦး၏ အခိုင်အမာ အိမ်စခန်းကြီးတစ်ခုသာ ဖြစ်ရမည်ဟု တွက်ဆ မိ၏။

ဤနေရာ ဒေသတစ်ဝိုက်သည် တစ်ချိန်က အင်းဝမြို့၏ သောင်ပြင်ဖြစ် ၏။ ထင်ရှားသော ရှေးခေတ်စစ်ပွဲကြီးများ ဆင်နွှဲရာဌာနဖြစ်၏။ စစ်ကိုင်း၊ အမရ ပူရနှင့် ရတနာပုံ နေပြည်တော်တို့တွင် မြန်မာမင်းများ စိုးမိုးစဉ်က ပုန်စားရာနယ်မြေ ဖြစ်၏။ မှူးမတ် တစ်ဦးဦး၏ နေအိမ်သော်လည်းကောင်း၊ အိမ်နိမ့်စံ တစ်ဦးဦး ၏ ယာယီနန်းတော်သော်လည်းကောင်း၊ သူပုန်ဗိုလ်တစ်ဦးဦး၏ ဌာနချုပ်သော် လည်းကောင်း ဖြစ်တန်ရာသည်ဟု သူက ယူဆမိ၏။ ဤပတ်ဝန်းကျင်တွင် ရာဇဝင် နှင့် ထင်ရှားသော ဘုရားသုံးဆူ၊ မီးသွေးတိုက်၊ လက်ပံတန်း၊ သပြေတန်းခံတပ်နှင့် တပယ်တောင်ကုန်းတို့ တည်ရှိရာ ဖြစ်၏။

သို့ရာတွင် ရှေးသရောအခါက ဘာဖြစ်ခဲ့သည်က အရေးမကြီး၊ ယခု လောလောဆယ်တွင် လူဆိုးသူခိုးတို့၏ ဌာနချုပ်ဖြစ်မနေဖို့က အရေးကြီးပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေခြောက်သည်ဟု ပပဝန်းက ပြောလိုက်သည် မဟုတ်ပါလား။ အစစအရာရာ သတိရှိပါဟု မှာကြားသည် မဟုတ်ပါလား။ တစ္ဆေခြောက်သည်ဟု ကျော်ကြား သော နေရာများသည် မကောင်းမှုပြုလုပ်သူတို့၏ ဌာနချုပ် ဖြစ်စမြဲတည်း။

ယင်းကြောင့် ခင်မောင်ရင်သည် လှေကားရင်းသို့ ရောက်နေရာမှ အပေါ် သို့ မတက်သေးဘဲ ကွက်လပ်ပတ်ဝတ်လည်တွင် လျှပ်စီးရောင်ကို အားကိုးပြီး လိုက်လံကြည့်ရှု၏။ စောစောက မြင်ရသော ရေတွင်းပျက်မှတစ်ပါး အခြား မည် သည့် အထူအထည်ကိုမျှ မတွေ့ရချေ။

ရေတွင်းပျက်ကို ကြည့်ရသည်မှာ နည်းနည်းတော့ ထူးဆန်း၏။ အထက် မြန်မာပြည်မှ ရေတွင်းများသည် အဝကျယ်များ ဖြစ်၏။ ရေပုံးများကို စက်သီးဖြင့် ဆွဲခြင်းမဟုတ်ဘဲ၊ ရေပုံးများကို လက်ဖြင့် ဆွဲခပ်သည်ဖြစ်ရာ လူအများ တစ်ပြိုင် တည်း ဝိုင်းဝန်း၍ ခပ်နိုင်အောင် တွင်းဝကျယ်ကြီးများ ပြုလုပ်ထားကြခြင်း ဖြစ်၏။ သို့ရာတွင် ဤရေတွင်းကျတော့ သူနှင့် ခေတ်ပြိုင် အဆောက်အဦကြီးနှင့် နည်းနည်း မျှ မလိုက်လျော။ လွန်ခဲ့သည့် ရာစုနှစ်၏နာမည်နှင့် မလိုက်လျောဘဲ သေးသေး ငယ်ငယ်ကလေးသာ ဖြစ်၏။ တစ်ခုတော့ရှိ၏။ အများသုံး မဟုတ်ဘဲ တစ်သီးပုဂ္ဂလ သုံး၏ အသွင်ကို ဆောင်နေ၏။ ယင်းသည်ကလည်း ဤအဆောက်အဦကြီး၏ လူအများသက်ဆိုင်သော ဘုန်းကြီးကျောင်းတစ်ခုထက် အမိန့်ရ ခွင့်ပြုခြင်းမရှိ မဝင်မထွက်နိုင်သော အာဏာ၏ ဗဟိုစက်ဝန်းတစ်ခုအဖြစ် ပေါ်လွင်နေလေ၏။

မိုးသည် ယခုထက်ထိ မရွာသေးချေ။ ယနေ့ညအဖို့ ရွာချင်မှလည်း ရွာပေးတော့မည်။ သို့ရာတွင် အလုံးအရင်းနှင့် စစ်ရေးပြ၍ ကမ္ဘာမြေအပြင်တစ်ခု ခြိမ်းခြောက်လျှက်ကား ရှိ၏။ မိုးကောင်းကင် ပတ်ပတ်လည်မှ လှည့်လျှပ်ပြ နေ၏။ တစ်ခါတလေ နှစ်နေရာ သုံးနေရာမှ ပြိုင်တူပြက်လိုက်၏။ သို့ဖြင့် ပြက် လိုက်၊ လင်းလိုက်နှင့် ကမ္ဘာမြေကြီးကို မထိမဲ့မြင် နိုင်လွန်းလှ၏။ မိုးချုန်းသံ တလည်း အဆက်မပြတ်ဖြစ်၏။ ကြမ်းတမ်းသော အဆင်းအတက်လမ်းတစ်ခုတွ လှည်းအစီးငါးရာကို အဆက်မပြတ် တရစပ်မောင်း၍ ထွက်ပေါ်နေသောအသံ ဖြစ်၏။ တစ်ခုပဲ ခြားနားသည်။ ပို၍ ကျယ်လောင်ဆူညံသည်။ ခေတ်သဘော ပြောရလျှင်တော့ စက်အမြောက်ကြီးများ တဝေါဝေါ ပစ်နေခြင်းပင်။

ထန်းတောတစ်ဝိုက်နှင့် ကွင်းပတ်ပတ်လည်တွင်မူ လူသူရှိသည့် အ အယောင် အစအနများကို မတွေ့ရ။ ဤနေရာ ဤဒေသသို့ လူသူ မပေါက်ရော သည်မှာ နှစ်ပေါင်းများစွာ ကြာလောက်နေ၏။ အခြား မည်သည့် သက်ရှိသတ္တဝါ





မျှ မတွေ့ရ။ မိုးချုန်းသံမှအပ ညသည် တိတ်ဆိတ်လျက်ရှိလေသည်။

ခင်မောင်ရင်သည် သုတေသီတစ်ဦး မဟုတ်သော်လည်း ဗိသုကာ တစ်ဦး ဖြစ်သဖြင့် ထန်းတောအလယ်မှ အဆောက်အဦကြီးကို ခပ်လှမ်းလှမ်းမှ လှည့်ပတ်၍ အကဲခတ်မိ၏။ လွန်ခဲ့သည့် ရာစုနှစ်မှ လက်ရာတစ်ခုဖြစ်ကြောင်းကား ထင်ရှား သည်။

အုန်းလေးဖက်ချ လေးထောင့်ကျကျ ဂေဟာကြီးဖြစ်၏။ ဘုန်းကြီး ကျောင်းဆိုလျှင် ဘုရားခန်းဆောင် သီးသန့်ရှိပေမည်။ ယခုတော့ မျဉ်းဖြောင့်စပ်စပ် ဖြစ်၏။ ပို၍ ထူးခြားသည်မှာ အထက်ဘုံဆင့် မရှိခြင်းပင် ဖြစ်၏။ ဘုန်းကြီးကျောင်း ပြောနှင့်၊ ရှေးအိမ်များမှာပင်လျှင် ဘုံဆင့်ရှိတတ်ပေသည်။ ရှေးဟောင်း မြန်မာ အဆောက်အဦများတွင် ဘုံဆင့်ထည့်ခြင်းသည် သိလှောင်ခန်းလည်း ဖြစ်၏။ ပုန်းခို ခန်းလည်း ဖြစ်၏။ မျှော်စင်လည်း ဖြစ်၏။ ယခုမူ ဘာမှမရှိချေ။ ဒါနှင့်ပင် အဘယ့် ကြောင့် ဤအဆောက်အဦကို ဘုန်းကြီးကျောင်းပျက်ကြီးဟု ပြောနေကြသနည်း။

အမိုးသည် ဖြက်ကျယ်လှသော ကျွန်းပြင်ချပ်ကြီးများဖြစ်၏။ အချို့ နေရာများတွင် ကျိုးပဲ့ပေါက်ပြနေသည်ကို အဝေးခပ်လှမ်းလှမ်းမှပင် မြင်တွေ့ရ၏။ အကာမှာလည်း ပျဉ်ချပ်ကြီးများပင် ဖြစ်၏။ သို့ရာတွင် တံခါးပေါက်ကြီးများ၊ ပြတင်းပေါက်များ၊ အကာအရံများ ကျိုးပေါက်ပျက်စီးလျက်ရှိပြီး အတွင်းဘက်ကို ဖောက်မြင်တွေ့နိုင်၏။ သို့ရာတွင် ဘာကိုမျှ မတွေ့ရဘဲ တိုင်လုံးကြီးများကိုသာ ညီးမည်းမိုးမိုးကြီး မြင်တွေ့ရ၏။

ယခုမှ သူသတိထားမိသည်မှာ အိမ်နှင့်မနီးမဝေး ကွက်လပ်ထဲတွင် ကောင်နှင့် မန်ကျည်းပင်အချို့ ပတ်ပတ်လည်တွင် ပေါက်ရောက်နေသည်ကို တွေ့ခြင်း ပင်ရ၏။ အရင်တုန်းက ရှိသည်မဟုတ်ဘဲ နောက်မှ အလေ့တျ ပေါက်လာခြင်းသာ ဖြစ်ဟန်ရ၏။

ယခုအထိ သူတွေ့ရှိသလောက်မှာ ဤပတ်ဝန်းကျင်တွင်ရော၊ ဤအိမ်ကြီး မှာရော လူသူတစ်ဦးတစ်ယောက်မျှ ရှိပုံမရပေ။ လူဆိုးသူခိုးများ ရှိလျှင်လည်း ယခု လောက်ဆိုလျှင် သူ့ကို ရန်မူလောက်ကောင်းပေပြီ။

သူက လက်မှနာရီကို ကြည့်လိုက်သောအခါတွင် ကိုးနာရီထိုးနေပြီဟု တွေ့ရ၏။ ထို့ကြောင့် စီးကရက်တစ်လိပ် မီးညှိလိုက်ပြီးနောက် အမိုးအခ မလေးရ သော ရှေးဟောင်းဟိုတယ်ကြီးတွင် တစ်ညတာတည်းခိုရန်အတွက် သူက လှေကား ဆီသို့ လျှောက်သွား၏။ ဘာကြောင့်မှန်းတော့မသိ။ ဘာမျှ မတွေ့ရှိရဘဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောထဲတွင် စိမ့်ချမ်းချမ်းဖြစ်နေ၏။ အမှောင်နှင့် တိတ်ဆိတ်ခြင်းက ခြောက်
နေခြင်းပင် ဖြစ်၏။ သူသည် အဆောက်အဦကြီး အနီးသို့ ရောက်လေစိတ်
လှုပ်ရှားလာလေဖြစ်၏။ တစ်နေရာရာတွင် တစ်ခုခုမြင်လိုက်သလို၊ တစ်နေရာ
တစ်ခုခု ကြားရသလို ဖြစ်၏။ တစ်ကိုယ်လုံး လှည့်ပတ်၍ကြည့်သောအခါတွင်
အမှောင်မှလွဲ၍ အခြား ဘာမျှမတွေ့ရှိရချေ။

ခင်မောင်ရင်သည် လှေကားရင်းသို့ ရောက်သောအခါတွင် မတက်
ဘဲ စီးကရက်ကို ကုန်အောင်သောက်နေ၏။ ပြီးတော့ ဆေးလိပ်တိုကို န
လိုက်ပြီး အိမ်ကြီး၏ အောက်ထပ်သို့ ဝင်သွားပြန်၏။ အောက်ထပ်သည် အကာ
မရှိချေ။ တော်တော်ကလေးမြင့်သည်။ သပြေတန်းခံတပ်လိုပင် ဆင်စီး၍ဝင်နိုင်သ
အပေါ်ထပ်ရှိနေသဖြင့် ပို၍ မှောင်လေသည်။ အမိုးပေါက်၊ အခင်းပေါက်
ကွေ့ကောက်ဖြတ်သန်း၍ ဝင်လာသော အလင်းရောင်သည် အားနည်းလှသည်
လေးဖက်လေးတန်မှ ဝင်လာသော အခိုက်အတန့် အလင်းရောင်သည်လည်း အ
အဖျား အနည်းငယ်တွင်သာ ကုန်ဆုံးသွားပြီး အလယ်ပိုင်းအထိ ပေါက်ရော
မလာပေ။

ယင်းကြောင့် သူက အပြင်ဘက်တိုင်များကိုသာ ကောင်းကောင်းမြင်
အလယ်တိုင်များကိုကား မှန်းကာ ဆကာသာဖြစ်၏။ သို့ရာတွင် တိုင်များအား
သည် တရွယ်တည်းလောက်ဖြစ်၏။ ရောမကျွန်းလုံးတိုင်ကြီးများ ဖြစ်၏။ ကြွယ်
သော ကျွန်းတောထဲမှ လက်ရွေးစင်များ ထုတ်ထားခြင်း ဖြစ်၏။ သူ၏ ကိုယ်
သုံးလေးဆမျှဖြစ်၏။ သူက ကျွန်းတိုင်များကို လက်ဖြင့် ကိုင်တွယ်စမ်းသ
ကြည့်သောအခါတွင်၊ ပင်စည်ရစ် သုံးလေးထပ်လောက်ပေါက်အောင် ပိုး
ခြကိုက်ထားသော်လည်း နောက်ထပ်နှစ်ပေါင်းများစွာ အခွန့်ရှည်နေဦးမည်ဖြစ်
ယခုပင်လျှင် ဤကျွန်းတိုင်ကြီးများသည် ပင်လယ်ကူး သင်္ဘောကြီးတစ်စီး ဖြစ်
နိုင်သေး၏။

သူက သေချာအောင် ကျွန်းတိုင်များကို အရှေ့ဖျားမှ အနောက်ဖျား
လည်းကောင်း၊ တောင်ဖျားမှ မြောက်ဖျားထိလည်းကောင်း၊ တစ်တိုင်ချင်းအလို
ရေတွက်ကြည့်ရာ ဆယ်လုံးစီရှိသည်ကို တွေ့ရ၏။ သို့ဖြင့် သူသည် ကျွန်းတိုင်အ
ပေါင်း ငါးဆယ်တိတိရှိသော ပဒေသရာဇ်ခေတ် ဟိုတယ်ကြီးတွင် တည်းခိုရ
တော့မည်။ သို့ရာတွင် တိုင်လုံးကြီးများက ဤမျှ အထုအထည်ကြီးနေလျှင် အခ
များသည် သေးငယ်ကျဉ်းမြောင်းရမည်ဟု သူက တွက်လိုက်၏။ ရှစ်ခန်း ပတ်လ





ပြီး တစ်ခန်းလျှင် အလွန်ဆုံး ခြောက်တောင်မျှသာ ကျယ်မည်ဖြစ်၍ အတောင်
း ဆယ်ပတ်လည် အိမ်ကြီးဟုလည်း ခေါ်မည်ဆိုက ဆိုနိုင်၏။

ခင်မောင်ရင်သည် အဆောက်အဦ၏ အောက်ဘက်တွင်လည်း ဘာမျှ
ကာစရာ တစ်စွန်းတစ်စမျှ မတွေ့ရသဖြင့် လှေကားဆီသို့ လျှောက်သွားပြန်၏။
အောက်ထပ်မှ ထွက်မိမည်အပြုတွင် မြောက်အရပ်မှ တွန့်တွန့်လိမ်လိမ်
ထွက်လာသော လျှပ်ပန်းလျှပ်နွယ်များကြောင့် ခင်မောင်ရင်သည် ကျွန်းတိုင်များ
အောက်ခြေကို သတိထားမိလိုက်ပြန်သည်။

ဤမျှ ကြီးမားခိုင်ခံ့သော ကျွန်းတိုင်ကြီးများကို အုတ်ဖိနပ်ခံထား၏။
ရာတွင် အုပ်ဖိနပ်ပေါ်တွင် သံချောင်းစိုက်၍ တိုင်ထူသော နည်းမျိုး မဟုတ်ဘဲ
င်ကို မြေကြီးထဲမြှုပ်ပြီး ဘေးပတ်လည်တွင် အင်္ဂတေအုံ၍ ခံထားခြင်း ဖြစ်၏။

ယင်းသို့ဖြင့် ခင်မောင်ရင်သည် ကျယ်ပြန့်ကြီးမားသော ကျွန်းလှေကား
ရင်းသို့ တတိယအကြိမ် ရောက်ရှိလာပြန်တော့၏။ သူက ဘာကိုမျှလည်း
မကြောက်။ ဘာတစ်ခုမျှလည်း ကြောက်ရွံ့ စိုးရိမ်ရန်မရှိပါဘဲနှင့် ဤလှေကား
ထစ်များပေါ်သို့ ယခုထက်ထိ မတက်မိသေးဘဲ ရှိနေ၏။ အနီးသို့ ရောက်တာမှ
အကြောင်းအမျိုးမျိုးကြောင့် သဇေထိုး၍ သွားခဲ့၏။

ယခုလည်း သူသည် နန်းမြို့ရိုးကြီးနှင့်တူသော လှေကားလက်ရန်း
နှစ်ဖက်ကို လျှပ်ရောင်တွင် ကြည့်ရင်း အတန်ကြာ နှောင့်နှေးနေပြန်၏။ ခဏကြာတော့
အိတ်ထဲမှ မီးခြစ်ကိုထုတ်လိုက်၏။ ဆေးလိပ်မီးညှိရန် မဟုတ်။ ပပဝန်း ဆေးလိုက်
သော ပစ္စည်းမို့ အမြတ်တနိုး ကြည့်ရှုရန်လည်းမဟုတ်။ လှေကားရင်းတွင် ကုန်း
ညွှတ်လိုက်ပြီး မီးခြစ်တစ်ဆံခြစ်လိုက်ကာ လှေကားထစ် သုံးလေးထစ်ကို တစ်ဖက်
လက်ရန်းမှ တစ်ဖက်လက်ရန်းအထိ လျှောက်ကြည့်၏။ ဖုန်များ ထုတက်လျက်
ရှိ၏။

လူခြေရာမပြောနှင့်၊ မည်သည့် တိရစ္ဆာန်ခြေရာကိုမျှ မတွေ့ရ။ သူက
အစစအရာရာကို စိတ်ချပြီဖြစ်သဖြင့် မီးခြစ်ကို အိတ်ထဲပြန်ထည့်လိုက်သည်။
ထို့နောက် လက်မှ ဆွဲလာသော လွယ်အိတ်နီနီကို ပခုံးတွင် လွယ်လိုက်သည်။
လက်နှစ်ဖက်ကို အဆင်သင့် လွတ်လွတ်လပ်လပ် ရှိနေစေရန် ဖြစ်၏။ ထိုအခါတွင်မှ
လှေကားပေါ်သို့ သူသည် ညာခြေမှ စ၍ တက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

၃

ပထမ လှေကားထစ်ပေါ်သို့ ခင်မောင်ရင်၏ ခြေတစ်ဖက် ချလိုက်မိသည်နှင့် တစ်ပြိုင်နက် ကျွန်းတိုင် အလုံးငါးဆယ်ဖြင့် ဆောက်လုပ်ထားသော အတောင်ငါးဆယ်ပတ်လည်ရှိ အိမ်ကြီးသည် တစ်ခါတည်း သွက်သွက်ခါသွားသည်။ ထန်းတောကြီး တစ်ခုလုံး တအုန်းအုန်း တဝုန်းဝုန်း မြည်ဟည်းသွားသည်။

ခင်မောင်ရင်သည် ထိတ်ခနဲဖြစ်သွားပြီး ငယ်သံပါအောင် မအော်မိစေရန် မနည်းကြီး ချုပ်တည်းထားလိုက်ရ၏။ လှေကားထစ်ပေါ်မှ ခြေထောက်ကို ရုပ်၍ သူ့တက်ခြေမတင်မိစေရန် စိတ်ကို တင်းထားလိုက်ရ၏။ ပြီးတော့မှ အခြေအနေကို လေ့လာလိုက်သည်။

တစ်ချိန်လုံး ငြိမ်သက်နေသောလေသည် သူ လှေကားပေါ်သို့ တက်သည့်အချိန်တွင်မှ အဝေးမှ အရှိန်နှင့်ပြေးလိုက်ပြီး တစ်ချက်တည်း ဆောင့်တိုက်လိုက်ခြင်း ဖြစ်၏။ ထို့နောက် ပြန်၍ ငြိမ်သက်သွားသလို ရှိ၏။ သို့ရာတွင် မကြာမီမှာပင် လေကျလာတော့၏။ ရာဟုထောင့်ကို ကြည့်လိုက်သောအခါ ခြင်းခြင်းရဲနေသည်ကို





တွေ့ရ၏။

မိုးကား မရွာသေးချေ။ မကြာမီ လေကြီးမိုးကြီး ကျမည့်အခြေအနေ ရှိလေသည်။ သူက အဲဆောက်အဦပေါ်သို့ မြန်မြန်ရောက်ထားမှ ဖြစ်ပေမည်။ သခုပင် လေက ပြန်၍ တိုက်လာပြန်ပေပြီ။ တော်တော်ကလေး ပြင်းထန်သည်။ သို့ရာတွင် ပူပြင်းသော အညာ၏ ထုံးစံအတိုင်း ပြတ်တောင်း ပြတ်တောင်း နား၍ တိုက်ခတ်လျက် ရှိလေသည်။

လေ၏ဒဏ်ကြောင့် ထန်းတောကြီးသည် အုတ်အော်သောင်းနင်း ဖြစ်နေ၏။ အဆောက်အဦကြီးသည် သိမ့်သိမ့်တုန်နေပြီး ဟိုနေရာ ဒီနေရာမှ အသံမျိုးစုံ ထွက်ပေါ်လာ၏။ အချို့အသံများသည် တကျွိကျွိ တအီအီသာ ဖြစ်သော်လည်း အချို့အသံများကမူ တစ်ခုခုကို ရိုက်နှက်နေသလို တစ်ယောက်ယောက်က နာကြည်းသောဝေဒနာဖြင့် ညည်းညူနေသလိုလို။

သူက လေတိုက်သည်၊ မိုးရွာသည်ကို ကြောက်တတ်သော ကျောက်ခေတ်လူသားတစ်ဦး မဟုတ်ပါချေ။ ထို့ကြောင့် သူက ရဲတင်းစွာပင် လှေကားမှ တက်သွားလေသည်။

သို့ရာတွင် လျင်လျင်မြန်မြန်ကြီး တက်သွား၍ကား မဖြစ်နိုင်ပါချေ။ အချို့ လှေကားထစ်များ ဆွေး၍ တချို့က နိမ့်စောင်းကျနေသည်။ ဦးနှင်း ပုံထောင်နှင့်မှို့ သတိထား၍ တက်နေရသည်။ တစ်နေရာတွင် လှေကားဆံတစ်ခု လုံးဝ မရှိ၍ တစ်ထစ်ကျော်တက်ရသည်။ ကံကောင်း၍ ကျွံမကျ သွားခြင်းဖြစ်၏။ လှေကား ဆယ့်ငါးထစ်ကို ဆယ့်ငါးမိနစ်လောက်ကြာအောင် တက်ရသည်။

လှေကားထိပ်သို့ ရောက်သောအခါတွင် လေကပို၍ ပိုထန်လာသည်။ မိုးချုန်းသံက ပိုကျယ်လာသည်။ သို့ရာတွင် ဆိုးသည်က လျှပ်ပြက်ခြင်း ရှုပ်ဆိုင်းသွားလေသည်။ သူသည် မီးခြစ်ဆံကို အားကိုးရလေသည်။ အတောင်ငါးဆယ် ပတ်လည်ခန်းမကြီးသည် ဟင်းလင်းပွင့်ကြီး ဖြစ်၏။ အခန်း အကာအဆီးဆို၍ ဘာမျှ မရှိသလောက် ဖြစ်၏။ သူက မီးခြစ်ကို အဆက်မပြတ်လည်း မသုံးရဲပါချေ။ ပပဝန်း ပေးလိုက်သော မီးခြစ်ဆံမှာ အလွန်ဆုံးမှ အချောင်းနှစ်ဆယ် အစိတ်မျှသာ ဖြစ်၍ ကုန်သွားလျှင် ခက်ပေမည်။ သူအမှီ အားကိုးစရာ လက်နက်ဟူ၍ ဒီမီးခြစ် တစ်လုံးပဲ ရှိသည် မဟုတ်ပါလား။

ခင်မောင်ရင်သည် လေးငါးလှမ်းလောက် သွားလိုက်၊ မီးခြစ်တစ်ဆံ ခြစ်လိုက်နှင့် ရှိနေသည်။ သူက ကျွန်းပျဉ်ထူထူကြီးများ ခင်းထားသော ကြမ်းပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် လျှောက်နေရသော်လည်း လေပြင်းမုန်တိုင်းဒဏ် မိနေသော မြစ်ပြင်လယ်တွင် လှေစီးနေရသကဲ့သို့ ရှိ၏။ ကြမ်းတစ်ပြေးတည်းဆိုသော စကားသည် ဤနေရာနှင့်မဆိုင်။ သူ ယခုလျှောက်နေသော ကြမ်းပြင်သည် ရှမ်းရိုးမတောင်တန်းကြီးသဖွယ် အနိမ့်အမြင့် အဆင်းအတက်များဖြစ်၏။ တစ်ခါတစ်ခါတွင် ချောက်ကြီးထဲသို့ ဆင်းသွားရသလား အောက်မေ့ရလောက်အောင်ပင် ရက်မနှင့် ကြမ်းပြင်သည် ကျွံဝင်နိမ့်ဆင်းလျက် ရှိ၏။

ဤလိုနှင့်ပင် သူသည် ဦးပိုင်းသို့ ရောက်ရှိသွားတော့၏။ သည်တော့မှ သည်အဆောက်အဦကြီးကို ဘုန်းကြီးကျောင်းဟု အဘယ့်ကြောင့် ခေါ်ကြမှန်းသိတော့၏။ ဦးခန်းတွင် တစ်တောင်ခန့်မြင့်သော သံဃာစင်ရှိသည်။ သံဃာစင်ပေါ်တွင် ပလ္လင်တစ်ခုရှိ၏။ ပလ္လင်ပေါ်တွင် ခေါင်းရှိသော ရုပ်ဆင်းတုရှိ၏။ သံဃာစင်ပေါ်တွင် သပိတ်ကွဲတစ်ခုကို တွေ့ရသည်။

ဤအတိုင်းဆိုလျှင် ဤအဆောက်အဦကြီးသည် ပထမတွင် အုပ်စိုးသူတို့၏ စံအိမ်တော်ပဲ ဖြစ်ခဲ့သည်ရှိစေ၊ ပုန်စားသူတို့၏ ဌာနချုပ်ပဲ ဖြစ်ခဲ့သည်ရှိစေ၊ တစ်ချိန်တွင်မူ ဘုန်းကြီးတစ်ပါးပါး သံဃိကပိုင် သိမ်းပိုက်၍ တက်ရောက် ကျောင်းထိုင်နေခဲ့ပေမည်။ တောရကျောင်းအဖြစ်သို့ ပြောင်းလဲခဲ့ပေမည်။ သို့ရာတွင် ကျောင်းထိုင်ဘယ်နှဆက်ရှိပြီး ဘုန်းကြီးကျောင်းသက်တမ်း မည်မျှရှိသည်မှာ သူနှင့်မဆိုင်ပါပေ။ မည်သည့်အချိန်မှစ၍ ကျောင်းထိုင်ဆရာတော်မရှိဘဲ ဘုန်းကြီးကျောင်းပျက်တစ်ခု ဖြစ်နေခဲ့သည်မှာလည်း သူ့အလုပ် မဟုတ်ပါပေ။

သူ့အလုပ်က ဤတစ်ည ဤကျောင်းပျက်ကြီးတွင် တည်းခို၍ နောက်တစ်နေ့ အိပ်ရာနိုးသောအခါ ပပဝန်း၏ ဆွေမျိုးများရှိရာ ထနောင်းကုန်းသို့ သွားရန်သာ ဖြစ်၏။ လောလောဆယ်တွင် သူဝန်ခံရမည့်အချက်မှာ သူ၏ ဗိသုကာ မျက်စိအမြင်တွင် ဤအဆောက်အဦသည် ဘုန်းကြီးကျောင်းတစ်ခုနှင့် မတူသော်လည်း ယခုအခါတွင် အထောက်အထားကို တွေ့ရှိရပြီဖြစ်သဖြင့် ကျောင်းပျက်ကြီးဟုပင် လက်ခံရန် ဖြစ်တော့၏။ ပပဝန်း၏ အညွှန်း မှန်သည်ဟု ဆိုရမည်ဖြစ်၏။

ဒုဋ္ဌဝတီမြစ် အရှေ့ဘက်ကမ်း တစ်နေရာရှိ ထွန်းတောကြီး၏ အလယ်တွင် ဘုန်းကြီးကျောင်းကြီး တစ်ခုရှိသည်မှာ မှန်၏။ သို့ရာတွင် တစ္ဆေခြောက်သည် ဆိုခြင်းကိုကား သူမ ယုံကြည်။ သူတွေးထင်ထားသလို သူခိုးဓားပြတို့၏ ဌာနချုပ် တစ်ခုလည်း မဟုတ်ချေ။

သူသည် ဤကျောင်းအပေါ်ထပ် တစ်နေရာတွင် အေးချမ်းစွာ အိပ်ရန်ပင်





ဖြစ်တော့၏။ သူ့ကို အနှောင့်အယှက်ပေးနေသူများမှာ လေနှင့် မိုးသာဖြစ်သည်။ လေ၏ တိုက်အားက ပိုမိုပြင်းထန်လာသဖြင့် မိုးသားရေမှုန်များသည် အောက်သို့ ကျဘဲ အဝေးသို့ လွင့်ပါးကုန်ကြ၏။ မိုးတိမ်မည်းမည်းများ မရှိတော့သလို ဝင်းဝင်းတောက်လက် လျှပ်ပြက်ခြင်းများလည်း မရှိတော့ဘဲ မှောင်မြဲမှောင်လျက်ပင် ရှိတော့၏။ မိုးချုန်းသံများကိုလည်း မကြားရသဖြင့် ညသည် တိတ်ဆိတ်၍ မှောင်လျက်သာ ရှိတော့၏။

လေ၏ နှိပ်စက်မှုကြောင့် ကျောင်းပျက်ကြီးသာလျှင် ညည်းညူလျက် ရှိချေတော့၏။ လေဖြည်းဖြည်းတိုက်နေလျှင် ဟိုအနားဒီအနားမှ တကျိုးကျိုး တကျွီကျွီ မြည်၏။ ခပ်ပြင်းပြင်း ဆောင့်တိုက်လျှင်ကား ယောက်ယက်ခတ်သွားပြီး အနှံ့အော်ကုန်ကြတော့၏။ တစ်ခြမ်းထဲသာရှိသော ပြတင်းပေါက်သည် တဖြန်းဖြန်း ရိုက်ခတ်လျက်ရှိ၏။ အပေါ်မှ ကျွန်းပြားအမိုးများသည် တဝုန်းဝုန်းခုန်လျက် ရှိကြ၏။ အားငယ်တတ်သူအဖို့ တစ္ဆေခြောက်သည်ဟု ကြောက်မည်ဆိုကလည်း ကြောက်ပေမည်။

ခင်မောင်ရင်သည် စီးကရက်တစ်လိပ် မီးညှိလိုက်ပြီးနောက် ကျောင်းပျက်ကြီးကို တစ်ပတ်လောက်တော့ လျှောက်ကြည့်ဦးမှဟု ဆုံးဖြတ်လိုက်၏။ စိတ်ချသည်ထက် စိတ်ချရစေရန်လည်း ဖြစ်၏။ သိချင်မြင်ချင်စိတ်ရှိ၍လည်း ဖြစ်၏။ ဒီညအဖို့ အိပ်စက်ရန် အကောင်းဆုံး နေရာတစ်ခုရွေးရန် ဖြစ်၏။ သံဃာစင်ရှိရာ အရှေ့ဘက်မှာ လေတိုးလွန်းလှသဖြင့် အိပ်ရန်မသင့်လျော်ဆုံးဟု ဆုံးဖြတ်လိုက်၏။ ညဖြင့် သူက လက်ယာရစ် ပတ်လေတော့၏။ မိုးသားများ မရှိတော့သဖြင့် မှုန်မွှားမွှား ကြယ်ရောင်များက ရိုးရိုးရိပ်ရိပ်အမြင်ကို ပေးနေ၏။ ဝိုးဝိုးဝါးဝါးတွင် လတ်တစ်ဘက်မမီသော ဧရာမ ကျွန်းတိုင်တို့သည် ဘီလူးကြီးများ ရပ်နေသည်နှင့် တူလှ၏။

ခင်မောင်ရင်သည် အမှတ်တမဲ့ လျှောက်သွားနေရာမှ သူ့ရှေ့ တစ်လှမ်းအကွာလောက်တွင် မည်းမည်းရှည်ရှည်တန်းကြီး ရွေ့ရှားသွားနေသည်ကို တွေ့ရသဖြင့် နောက်သို့ လန့်ခုန်လိုက်သည်။ သူ့စိတ်ထဲတွင် မြွေကြီးတစ်ကောင်ဟု ထင်သည်။ သူကရုတ်တရက် မီးခြစ်၍ ကြည့်လိုက်ရာ တစ်ကောင်၏အမြီးကို တစ်ကောင်ကိုက်၍ ချိုးချိုးချွတ်ချွတ်နှင့် သွားနေကြသော ကြွက်သူခိုးတန်းကြီးဖြစ်၏။ သူက တစ်ယောက်တည်း ရယ်လိုက်မိသည်။ မီးခြစ်ဆံမှ အလင်းရောင်မှေးမှိန်မှိတွင် မသိညာသော ကြမ်းပေါ်၌ သူတွေ့ရသည်များမှာ အုတ်ကျိုးအုတ်ပဲ့များနှင့် သစ်တို



www.burmeseclassic.com

www.burmeseclassic.com



သစ်စများ ဖြစ်၏။ နေ့လယ်နေခင်းတွင် လာရောက်ကြသော နွားကျောင်းသားမျ လက်ကမြင်းထခြင်းများ ဖြစ်သည်။ သရက်သီးနှင့် မန်ကျည်းသီးများကို ပစ်ခတ်ရင်း နှင့် တင်နေသည်များလည်း ဖြစ်၏။ လောက်စာလုံး နီနီညိုညိုများကိုလည်း တွေ့ရ သည်။

ဤကျောင်းပေါ်သို့ လူသူမရောက်သည်မှာ တော်တော်ကြာပြီဟု ထင် ၏။ နေရာအနှံ့တွင် ဖုန်တွေထုတက်နေ၏။ သို့ရာတွင် ဖုန်ထူထပ်သော အရပ်ဒေသ လည်း ဖြစ်သဖြင့် တစ်ပတ်နှစ်ပတ်အတွင်းမှာပင် ဖုန်လက်သုံးလေးသစ်လည်း ရှိလာ နိုင်ပေသည်။

အနောက်တောင်ထောင့်ရှိ ကျွန်းတိုင်တစ်ခု၏ အနီးသို့ရောက်သော အခါတွင် ရုတ်တရက် သူ့ခေါင်းပေါ်မှကပ်၍ တုန်လှုပ်ချောက်ချားဖွယ်ရာ အသံကြ တစ်ခုကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ သူက အနောက်သို့ တွန့်၍ ပုဝင်သွ ရသည်။ မီးခြစ်တစ်ဆံ ခြစ်တော့သည်။

လား လား ခွေးမသား တောက်တဲ့ကြီး။ သူက ရေရွတ်ကျိန်ဆဲလိုက်၏ လက်သီးနှင့် ထိုးမည့်ဟန်ပင် ပြင်လိုက်၏။ သို့ရာတွင် ကိုရွှေတောက်တဲ့က သူ့ ကြောက်ရွံ့ပုံ အနည်းငယ်မျှမပြဘဲ အောက်သို့ပင် အနည်းငယ်တိုးဆင်းလာပြ သူ၏ ပြတ်တောက်တောက် တိုတောင်းတောင်း အသံအောအောကြီးဖြင့် တောက်တဲ့ကွ၊ ငါတောက်တဲ့ကွဟုပင် အဆက်မပြတ်အော်ဟစ်ကာ သူ့အ စိန်ခေါ်လျက်ပင် ရှိတော့၏။

ဤအတိုင်းဆိုလျှင် ဤကျောင်းပျက်ကြီးပေါ်တွင် သူတွေ့ရှိရမည့် ရန်သူများမှာ တိရစ္ဆာန်အသေးစားများသာ ဖြစ်၏။ သို့ရာတွင် မြွေဆိုလျှင်တော့ အရေးကြီး၏။

ခင်မောင်ရင်သည် အတော်ကြီးလည်း မောပန်းနွမ်းနယ်နေပြီ ဖြစ်သဖြ တစ်ကြောင်း၊ အချိန်မှာလည်း ညဆယ်နာရီရှိနေပြီ ဖြစ်သည်ကြောင့် တစ်ကြောင် တိရစ္ဆာန်အသေးစားကလေးများ၏ အန္တရာယ်မှတစ်ပါး အလုံးစုံ စိတ်ချရသလော ရှိသဖြင့် သူက လုံလုံလဲလဲ ညီညီညာညာ အိပ်စက်နိုင်မည့်နေရာ ရွေးချယ်ရေးကို သာ အဓိကထားလေတော့၏။

ခင်မောင်ရင်က သူလက်ရှိ ရောက်နေသော နေရာတစ်ဝိုက်ကိုပင် သေ ကျမိ၏။ ကြမ်းပြင်သည် မြောက်ဘက်သို့ မသိမသာလေး နိမ့်လျောနေသဖြ အတော်ကလေး ညီညာပြေပြစ်၏။ ပြီးတော့ ထောင့်ချိုးကလေးဖြစ်၍ အ





ရော အမိုးပါ အတော်ကလေးလုံလဲသဖြင့် သင့်ရုံမျှသော မိုးဒဏ် လေဒဏ် ာက်တော့ ခံနိုင်၏။ အဲ တစ်ခုပဲ ရှိသည်။ ကိုရွှေတောက်တဲ့၏ နှုတ်စကားသံကိုတော့ းနေရပေမည်။ ကောင်းပါသည်။ နီးနီး ကြားကြား ရှိသည်ပေါ့။

သို့ဖြင့် နေရာထိုင်ခင်းကို အပြီးသတ်ရွေးချယ်ရန် ခင်မောင်ရင်က ညအဖို့ အဖိုးတန်လှသော မီးခြစ်တစ်ဆံကို ဖြုန်းရပြန်တော့သည်။ ယခုအခါတွင် ရာလေပါ ငြိမ်သွားပြီး ညသည် တိတ်ဆိတ်လျက်ရှိတော့၏။ ပိုးတဝါး သာယာ ာ် ရှိတော့၏။ သူ့အား အေးချမ်းကောင်းမွန်စွာ အိပ်နိုင်ရန် အခွင့်အရေးများ နေတော့၏။

ခင်မောင်ရင်သည် မီးတောက်လောင်နေသော မီးခြစ်ဆံကို ညာလက်မှ ိုင်ရင်း နေရာပေါ်တွင်ပင် တဖြည်းဖြည်းချင်းလှည့်ကာ ပတ်ဝန်းကျင်ကို အထပ်ထပ် ကြည့်ရှုလိုက်၏။ တစ်ပတ်ပြည့်လုနီးနီး၊ မီးခြစ်ဆံကုန်လုနီးနီးတွင် သူက စ်စုံတစ်ခုကို မြင်တွေ့လိုက်ရသဖြင့် ခေါင်းနားပန်းကြီးသွားသည်။ ယခု စ်ကြိမ်တွင်မူ မြင်တွေ့လိုက်ရသည့်အရာမှာ အသေးစား တိရစ္ဆာန်တစ်ကောင် ဟုတ်။ ထိုထက်ပို၍ဆိုရလျှင် အကြီးစား တိရစ္ဆာန်တစ်ကောင်လည်း မဟုတ်ဘဲ နှင့် နှစ်တိုင်ကွာလောက်ရှိ ကျွန်းတိုင်ကြီးကို ပုန်းကွယ်မှီကပ်၍နေသော လူရိပ် ဆ္ဆာန်တစ်ခုကြောင့် ပင်တည်း။

အ,ကာလညအခါတွင် ဤကျောင်းအိုပျက်ကြီးပေါ်သို့ ရောက်ရှိနေသော တစ်ယောက်သည် အဘယ်သူနည်း။ အဘယ်အကြောင်း ကြောင့်နည်း။

သူ၏ ခေါင်းထဲသို့ အတွေးများ ဝင်ရောက်လာနေသည်နှင့် တစ်ချိန် ည်းမှာပင် သူ၏ အသိများကလည်း နိုးကြားလျက်ရှိသဖြင့် တစ်စုံတစ်ခုသော ားအန္တရာယ်ပေါ်ပေါက်လာလျှင် လုံခြုံကင်းလွတ်စေရန် ကိုရွှေတောက်တဲ့ရှိသော ွန်းတိုင်ကြီးသို့ပင် ပြေးကပ်ပုန်းခိုလိုက်ရသည်။ သူ့အဖို့ တောက်တဲ့ အာနိ ိုက်မည့်ထက် တစ်ဖက်လူက မောင်းပြန်သေနတ်ဖြင့် ပစ်မည့် အန္တရာယ်က ပို၍ ကြီးနေပေသည်။

သို့ရာတွင် ဤတစ်ကြိမ်တွင်တော့ လက်မောင်းလောက်တုတ်၍ တစ် တောင်ခန့်ရှိသော ကိုရွှေတောက်တဲ့သည် သူ့အား အရှုံးပေး၍ ထပ်ခေါက်သွား တော့၏။ အပေါ်သို့ အနည်းငယ် နောက်ပြန်ဆုတ်သွားပြီးနောက် ကျွန်းတိုင် အပေါက်ကြီးထဲသို့ ဝင်ရောက်ပျောက်ကွယ် သွားလေတော့၏။

လျှာတစ်လစ်နှင့် တောက်တဲ့က သူ့အား မည်သို့မျှ အန္တရာယ်မပေးသလို



www.burmeseclassic.com

www.burmeseclassic.com



နှစ်တိုင်ကြားမှလူကလည်း ယခုထက်ထိ သူ့အား ရန်မမူသေးပေ။ ထိုသူသည် အနည်းငယ်မျှ လှုပ်ရှားပုံ မရသေးချေ။ သူ၏ အရိပ်အကဲကို စောင့်ကြည့်နေပုံ ရသည်။ သူကလည်း တိုင်လုံးမှ မခွာရဲဘဲ အရိပ်အခြည်ကိုသာ စောင့်ကြည့်နေရ၏။

သည်လိုနှင့် အချိန်ငါးမိနစ်မျှ ကုန်ဆုံးသွားသည်။

လေလည်းမတိုက်၊ မိုးလည်းမရွာ။ လျှပ်လည်းမပြက်။ ထစ်ချုန်းခြင်းလည်းမရှိဘဲ ညသည် ပကတိ တိတ်ဆိတ်လျက် ရှိတော့သည်။ ထန်းတောကြီး၏ အလယ်တွင် လွန်ခဲ့သည့် ရာစုနှစ်က တည်ဆောက်ခဲ့သော ကျောင်းအိုပျက်ကြီးသည်လည်း ငြိမ်သက်လျက်ရှိတော့၏။

ခင်မောင်ရင်သည် အမှောင်တိုက်နှင့် တိတ်ဆိတ်ငြိမ်သက်နေခြင်းတို့ ဆက်လက်၍ သည်းခံနိုင်စွမ်း မရှိတော့သဖြင့် အရူးလို အော်လိုက်သည်။

'ဟေ့ ဘယ်သူလဲ၊ ထွက်ခဲ့'

သူ့အသံသည် တစ်ကျောင်းလုံး ဟိန်းသွားသည်။ တစ်တောလုံး ပဲ့တင်ထပ်သွားသည်။ တစ်ဖက်မှ ဘာမျှလန့်ဖြန့်ခြင်းမရှိ။ သူက စောင့်ဆိုင်းနေသည်။ သူနှင့် နှစ်တိုင်ကြားတွင် မည်သူမျှ မရှိသကဲ့သို့ ဖြစ်သည်။ တစ်ကျောင်းလုံးတွင် သူတစ်ယောက်တည်း ရှိသကဲ့သို့ ဖြစ်သည်။ သို့ရာတွင် စောစောက သူ မြင်မိလိုက်သည်မှာ အသေအချာပင် ဖြစ်သည်။ စိတ်အထင်လားဟုတော့ နည်းနည်း သံသယဝင်မိသည်။ ထို့ကြောင့် သူက ဒုတိယအကြိမ် အော်လိုက်ပြန်သည်။

'ဟေ့ ဟိုတိုင်မှာ ကပ်နေတာ ဘယ်သူလဲ'

'တယ် နားမကြားဘူးလား၊ ကြောက်လို့လား'

သူက တစ်ယောက်တည်းဒေါပွပြီး စိန်ခေါ်လိုက်၊ ကျိန်ဆဲလိုက် ရှိသော်လည်း တစ်ဖက်မှ ဘာမျှတုံ့ပြန်ခြင်းမရှိချေ။ သူ့စိတ်ထဲက ခြောက်တာပဲဟု ထင်သလို ရှိလာတော့၏။ ယင်းသို့ဆိုလျှင်တော့ သူသတ္တိကြောင်ပေတာပဲ။ သူသည် မကျေနပ်သဖြင့် ခြေထောက်ဖြင့်စမ်း၍ တွေ့သော အုတ်ခဲပိုင်းအကျိုးကို ထိုတိုင်ခြေရင်းသို့ ပစ်လိုက်သည်။ ဒိုး ဒိုး ဒေါက် ဒေါက် အုတ်ခဲသံသာ ပျောက်သွားသည်။ နောက်ဆက်တွဲကား မရှိချေ။ သူက တိုင်အကွယ်မှ ကိုယ်တစ်ခြမ်းထွက်၍ မီးခြစ်လိုက်သည်။ မီးရောင်တွင် တိုင်သုံးလေးတိုင်ကို မြင်ရသည်။

ခင်မောင်ရင်က မီးခြစ်ကို ကပျာကယာ မှုတ်ပစ်လိုက်ပြီး တိုင်တွင် ပြန်ကွယ်နေလိုက်သည်။ သူစိတ်ချောက်ချားသည် မဟုတ်။ သွေးလန့်ခြင်း မဟုတ်။ တကယ်ပဲ ဖြစ်သည်။ သူ စောစောက မြင်တွေ့ရသည်မှာ လူ တစ်ယောက်





ဖြစ်သည်။

သူနှင့် နှစ်တိုင်ကွာတွင် လူတစ်ယောက်ရှိသည်မှာ အမှန်ပင်ဖြစ်သော်လည်း ခင့်မောင်ရှင်သည် သူ၏ အပြုအမူအတွက် ချက်ချင်းပင် မကျေမနပ် ဖြစ်သွားသည်။ မီးကို ရုတ်တရက် မှုတ်ပစ်လိုက်ပြီး တိုင်တွင် ပြန်ကွယ်နေလိုက်သည့်အတွက် ဘို့ကိုယ်သူ ဒေါသဖြစ်မိသည်။ ရှက်မိသည်။ အကြောင်းမှု မီးရောင်ဝါးဝါးတွင် သူမြင်တွေ့လိုက်ရသည်မှာ လူတစ်ယောက်ဖြစ်သည် မှန်သော်လည်း သူ့အား အန္တရာယ်ပေးမည့် သို့မဟုတ် သူနှင့် ဖက်ပြိုင်တိုက်ခိုက်နိုင်သော ယောကျ်ားကြီးတစ်ယောက် မဟုတ်ဘဲ ကြောက်ကြောက်လန့်လန့် တိုင်ထဲသို့ မြုပ်ဝင်သလောက် ငုံ့လျှိုးပုန်းနေသော အမျိုးသမီးတစ်ယောက် ဖြစ်သောကြောင့်တည်း။

'ဒီမယ် မဟာဝှာ၊ ခင်ဗျား ဘယ်သူလဲ'

မဖြေ။ သူ့ကို အင်မတန် ကြောက်ရွံ့နေဟန် တူသည်။ ကြောက်မည်ဆိုတလည်း ကြောက်လောက်သည်။ အ,ကာလ ညအခါ ဖြစ်သည်။ လူသူမရှိသော ကျောင်းပျက်ကြီးပေါ်တွင် ယောကျ်ားကြီးတစ်ယောက်နှင့် မိန်းမသားတစ်ဦး ပက်ပင်းတိုးမိနေခြင်း ဖြစ်၏။

'မေးနေတာ မကြားဘူးလား။ ခင်ဗျား ဘယ်သူလဲ။ ဒီမှာ တစ်ယောက်တည်း ဘာလုပ်နေသလဲ'

တစ်ဖက်က ပါးစပ်မပါလေသလား။ လျှာခင် မရှိလေသလား။

ခင်မောင်ရင်သည် တိုင်အပြင်ဘက်သို့ ထွက်၍ ရပ်လိုက်သည်။ မီးခြစ်ကိုအား မသုံးချေ။ ယခုအခါတွင် သူသည် မှောင်ကြီးမည်းမည်းထဲမှာပင် လူရိပ်သဏ္ဌာန်ကို မှန်းဆနေမိပြီဖြစ်၏။ အမျိုးသမီးသည် နေရာတွင် မလှုပ်မယှက်ကြီး ရှိနေသည်။ သူ့ထံသို့လည်း မရဲတရဲနှင့်မျှ လျှောက်မလာ။ အဝေးသို့လည်း ကြောက်လန့်တကြားနှင့် ထွက်မပြေးချေ။

သူက အမှောင်ထဲတွင် အားစိုက်၍ ကြည့်သော်လည်း အရိပ်သဏ္ဌာန်မျှသာ မြင်ရ၏။ ကွဲကွဲပြားပြားမရှိချေ။ အမျိုးသမီးသည် တစ်စုံတစ်ခုပေါ်တွင် တင်ပါးချ၍ ထိုင်နေပုံရသည်။ ရိုးရိုးရိပ်ရိပ်မြင်ရခြင်းတွင် သူမသည် အချိုးကျနသည်၊ ငယ်ရွယ်ပုံလည်း ရသည်။

'ဘုရားရေ ဝန်းလား'

သူက ကယောင်ကတမ်း ရွတ်ဆိုမေးလိုက်သည်။ သို့ရာတွင် မည်သူမသည် သူ့ကြောင့် နည်းနည်းကလေးမျှ တုန်လှုပ်ပုံမရချေ။ သည်တော့ သူက လန့်သလိုလို



www.burmeseclassic.com

www.burmeseclassic.com



ရှုသလိုလိုနှင့် တောင်တွေး မြောက်တွေး တွေးမိသည်။ တစ္ဆေခြောက်သည်ဟု ဝန်း ပြောလိုက်သည်။ အဖွယ်ငေါငေါနှင့် တစ္ဆေကြီးတော့မဟုတ်။ အချိုးအစား ကျနသော မခိုးမခန့် ညရွှေမယ်သာ ဖြစ်၏။ နာနာဘာဝ ဆိုသည်မှာ ဖန်ဆင်းနိုင်သည်။ တစ္ဆေကို သူ ဘယ်တုန်းက ယုံဖူးလို့နည်း။ ဘယ်မှာကော တကယ်ရှိနိုင်လို့နည်း ဥစ္စာစောင့်ကော။ ခင်မောင်ရင်သည် သူ့စိတ်လှုပ်ရှားနေမှုကို ဒေါပွသည့်အနေ ကြမ်းကို ခပ်ပြင်းပြင်းနင်း၍ ရှေ့သို့ တက်သွားသည်။

ယခုအခါ တစ်တိုင်သာ ခြားတော့သည်။ မကွဲမပြား၌ မသက်ာစရာ ရှိလာသည်။ သူက မျက်နှာချင်းဆိုင် ကျွန်းတိုင်သို့အရောက် လျှောက်သွ တော့သည်။ ပို၍ မယုံနိုင်စရာ ရှိလာသည်။ ထို့ကြောင့် သူက မီးခြစ် လိုက် သည်။

'ဟား .... ဟား .... ဟား'

ခင်မောင်ရင်သည် ရုတ်တရက် စိတ်ဖောက်ပြန်သွားသည့်အလ ခွက်ထိုးခွက်လန် ရယ်မောလျက်ရှိသည်။ မျက်ရည်များထွက်၍ ဗိုက် အူနာလာသည့်တိုင်အောင် ရယ်နေသည်။ သူ့ရယ်သံသည် ကျောင်းပျက်ကြီး ပြိုကျစေမလား အောက်မေ့ရသည်။

သူ့အနေနှင့် ဤမျှ သဘောကျ၍ ဤမျှ ရယ်မောနေရသည်မှာ ထင်း သား မီးတုတ်ငယ်၏ အလင်းရောင်တွင် သူမြင်တွေ့နေရသော မိန်းမပျိုမှာ အ အစား ပြေပြစ်၍ လှပသော်လည်း လူသားစစ်စစ်မဟုတ်ဘဲ ကျောက်ဖြူကို ဆစ် ထားသော အရုပ်တစ်ခုသာ ဖြစ်ပါချေ၏။

သည်တော့ သူက အဘယ်မှာလျှင် ဟက်ဟက်ပက်ပက် မရယ်မိ ရှိပါချေအံ့နည်း။

ပထမတော့ သူသည် ညရွှေမယ်ယမင်းကို အဘယ်မည်သော နတ်သ ဖြစ်မည်ဟု မသိမိချေ။ နောက်တော့မှ မစေ့မဟ ဂဠုန်နှုတ်သီး၊ အတွန့်အမော လေးဆင့်ရှိသော နဂါးဦးခေါင်း၊ ချိုးတောင်ပံပြန့်၊ ကနုတ်ပန်းအမြီး၊ ကြက်ဆ ခြေထောက်တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ရွှေဟင်္သာရုပ်ကို မြင်မိ၍ သူမ အမည်နှင့္တာဘွဲ့နာမကို သိမိလေတော့သည်။ အများသူငါကို ကူညီမှိုင်းမတ သည်ဟု မြန်မာလူမျိုးတို့ အစဉ်အလာ ယုံကြည်ခဲ့သော သူရဿတီမယ်တော် ပေတည်း။

ဘာကြောင့်မှန်းမသိ။ ခင်မောင်ရင်၏ စိတ်ထဲတွင် ဤနတ်မိမယ်ရုပ်





မြင်ရခြင်းအတွက် စိတ်ထဲတွင် နည်းနည်းဆန်းနေသည်။ သူက နောက်ထပ် ခြစ်ကို တစ်ဆံဖြုန်းလိုက်ပြီး ကျောက်ဆစ်ရုပ်ကို အနီးကပ်ကြည့်ရှုမိသည်။ ဟင်္သာနှင့် သူရဿတီသည် တိုင်တွင် မှီကပ်နေခြင်းမဟုတ်ဘဲ ရောမ ကျွန်းတိုင် ထဲတွင် တစ်ဝက်လောက် နစ်မြုပ်နေခြင်းပင် ဖြစ်၏။ ကျွန်းတိုင်ကြီးကို နမြော ရာ ထွင်းဖောက်၍ နတ်မိမယ်ကို အခိုင်အခံ့ထည့်ထားခြင်း ဖြစ်၏။ နောက်မှ သတိရမိသည်မှာ ဤ အဆောက်အဦသည် တည်ဦးစက ဘုန်းကြီးကျောင်းတစ်ခု တ်ဘဲ ရှေးဟောင်းအိမ်ကြီးတစ်ခုသာ ဖြစ်လေသည်။ အထူးအဆန်းများ ရှိနိုင် သည်။ သူက ကျောက်ရုပ်ကို ကိုင်ကြည့်ရာ ချောမွတ်၍ လက်ရာကောင်းမွန်လှ ည်ကို တွေ့ရ၏။ သို့ရာတွင် လက်နှင့် ခေါက်ကြည့်သောအခါတွင် အနည်းငယ် သံပေါက်နေ၏။

သူက အတန်ကြာမျှ မျက်မှောင်ကြုတ်၍ စဉ်းစားနေပြီးနောက် သူ့အလုပ် တ်ဟု ယူဆကာ ထိုနေရာမှ ထွက်ခွာရန် ပြင်လိုက်သည်။ သို့ရာတွင် ချက်ချင်း တ်ခွာနိုင်သေးဘဲ တစ်စုံတစ်ခုကို စဉ်းစားနေမိပြန်သည်။ တစ်ကျောင်းလုံး စီးယိုယွင်းလျက်ရှိသော်လည်း ဤရုပ်တုကား အကောင်းပကတိ ရှိနေသေးသည်။ က်မှ အဖြစ်မှန်ကို ရိပ်စားမိသည်။ အရုပ်၏ရှေ့တွင် ယွန်းအစ်တစ်ခုနှင့် ည်သီးခြောက်တစ်လုံးကို တွေ့ရသည်။ ငှက်ပျောသီးကား မရှိတော့ချေ။ ပသထား ည်မှာ ကြာလောက်ပြီ။ ဆီမီးထွန်းထားသည့် အစအနများပင် တွေ့ရ၏။ ထိုမျှ မကူ သူ့အဖို့ အကျိုးတစ်ခုပင် ရချေ၏။ ယင်းကား အခြားမဟုတ်။ ဖယောင်း အကျိုးတစ်ခု ရရှိခြင်းပင် ဖြစ်၏။ သူက မက်မောစွာ ကောက်ယူ၍ အိတ်ထဲတွင် ည့်ထားလိုက်သည်။

ယုံစားလွယ်သော တောသူတောင်သားများသည် နိဗ္ဗာန်ကို ပေးစွမ်း ညှို့ ဗုဒ္ဓဏက် လောလောလတ်လတ် မ,စတတ်သည်ဟု ပြောကြသော ရုပ်ကို ပို၍ တရိတသေ ရှိကြပုံရသည်။ ခေါင်းရင်းဘက်ရှိ ဆင်းတုတော်သည် စီးလျက် ရှိသော်လည်း နတ်ရုပ်ကား အကောင်းပကတိပင် ရှိနေချေသေးသည်။ မောင်ရင်သည် ရုတ်တရက် ပေါ့ပါးသွက်လက်စွာဖြင့်၊ မြူးမြူးကြွကြွဖြင့်၊ ချော်တော်တော် ပြက်ချော်ချော်နှင့် နတ်မိမယ်၏ ရှေ့တွင် ခြေစုံရပ်လိုက်၏။ တော့ အလေးပြုသလို ခါးကို ကုန်းလိုက်၏။ ပြီးတော့ ညာလက်ကို ဗိုက်အိမ္ အပြင်သို့ ကားထုတ်လိုက်ပြီး 'ဒီမယ် ရဲဘော်မကြီး သူရဿတီ အရေး ကြောင်းဆိုလျှင် ကျွန်ုပ်ကို ကူညီမှိုင်းမပါနော်'



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခင်မောင်ရင်သည် နောက်ပြန် တစ်လှမ်းဆုတ်လိုက်ပြီးနောက် တစ်ညတာ အိပ်စက်ရန် သူစောစောက ရွေးချယ်ထားသော နေရာသို့ ပြန်လျှော သွား၏။

တကယ်အိပ်တော့မည်ဟု စိတ်တုံးတုံးချကာမှ သူ့တွင် ဘာဝန်စည် စလယ်မျှ မပါသည်ကို သတိရမိ၏။ သူ့အဝတ်အစားများကို ထည့်၍ပေးလိုက် သော ပပဝန်း၏ ကချင်လွယ်အိတ်ကလေး တစ်လုံးသာပါ၏။ အခင်း၊ အခြုံ အခြုံဟူ၍ ဘာမှမရှိ။ ထိုမျှသာမက ပေါင်းမြင်းညစ်ပေနေသော ကြမ်းပြင် သည် ဖုန်နီနီများ၊ အမှိုက်သရိုက်များ ထုတက်လျက် ရှိသည်ကို ထပ်မံ၍ တွေ့မြင်ရပြန် သို့ရာတွင် သူက အိပ်ချင်လှပြီ ဖြစ်၏။ ဆယ်နာရီကြီးများလည်း ခွဲတော့မည် ဖြစ်၏။ တဝါးဝါး တအားအားပင် သမ်း၍ လာချေပြီ ဖြစ်၏။

အရေးအကြောင်း ကြုံတော့လည်း အကြံအစည် တစ်ခုတော့ ရတတ် ဖြစ်၏။

သူ့ကိုယ်တွင် ယခုထက်ထိ ပုဆိုးအပြာညစ်ညစ်၊ အကျီအပြာရင့်ရင့် ဖြစ်၏။ မီးရထား အလုပ်သမားကြီး၏ ဝတ်စုံနှင့် ဖြစ်၏။ ယင်းကြောင့် သူ အကျီနှင့်ပုဆိုးကို ချွတ်လိုက်သည်။ စွပ်ကျယ်လက်ပြတ်၊ ဘောင်းဘီအတိုနှင့် သူ ရက္ခစိုးလို ဖြူဖွေးလျက်ရှိ၏။ သို့ရာတွင် ခင်မောင်ရင်သည် သူ့အလုပ်ကို ဆက်လ လုပ်ကိုင်လျက်ရှိ၏။ အကျီအပြာဖြင့် လွယ်အိတ်ကို ရစ်ပတ်ထုပ်ထားလိုက်သည် ထို့နောက် ပုဆိုးဖြင့် ဖုန်များ၊ အမှိုက်များကို ခါပစ်နေသည်။

တော်တော်ကလေး သန့်ရှင်းစင်ကြယ်သွားသောအခါတွင် ခင်မောင် သည် ပုဆိုးကို ပြတင်းပေါက်တွင် သွား၍ခါလိုက်သည်။ လသည် ငြိမ်းချမ်း လျက် ရှိ၏။ စောစောက ခြိမ်းခြောက်လျက်ရှိသော လေပြန်းထန်ထန် မိုးချုန်းသံ လင်းပြန်လက်ပြန်တို့ မရှိကြတော့။ မိုးအပြင်သည် ကြည်လင်၍ မနေသော်လည် ဖျပ်ဖျမှိုင်းမှိုင်းသာ ဖြစ်၏။ အိပ်မောကျနေသော ထန်းတောသည် အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်၏။ သူက အခြေအနေ အရပ်ရပ်ကို ကျေနပ်အားရသည့်အလား ခေါင်းတစ် ညိတ်လိုက်ပြီးနောက် သူလှည်းကျင်းထားသောနေရာသို့ ပြန်လာ၏။ ပုဆိုး ပြန့်ပြန့်ခင်းလိုက်၏။ အုတ်ခဲတစ်ခဲကို အကျီအပြာဖြင့် ပတ်၍ ခေါင်းအုံးအ ဖန်တီးလိုက်၏။ ထို့နောက် လွယ်အိတ်ကို ဘေးတွင်ချထားကာ စွပ်ကျယ် ဘောင်းဘီတိုနှင့်သာ အိပ်ရန် ဟန်ပြင်ပြီးမှ စိတ်ကူးပြောင်းလိုက်ကာ လွယ်အိတ်ထဲ အဝတ်အစားများကို ထုတ်ယူ၍ အပြည့်အစုံ ဝတ်ဆင်လိုက်သည်။ ဆေးလိပ်ဘူး





မီးခြစ်၊ ဖယောင်းတိုင်တို့ကိုလည်း တိုက်ပုံအကျီအိတ်ထဲတွင် ထည့်ထားလိုက်၏။ ဘာမျှမရှိတော့သော လွယ်အိတ်ကို အုတ်ခဲပေါ်တွင် နှစ်ခေါက်ခေါက်၍ တင်လိုက် သည်။ ထို့နောက်တွင်ကား စက္ကန့်အနည်းငယ်မျှ ဆုတ်ဆိုင်းမနေတော့ဘဲ ခင်မောင်ရင်သည် ပစ်လှဲချလိုက်လေတော့၏။ ငါးမိနစ်အတွင်းမှာပင် သူသည် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေတော့သည်။

www.burmeseclassic.com

၄

မြင်းမိုရ်တောင်ကြီး ပြိုကျသည့်အသံကြောင့် ခင်မောင်ရင်သည် အိပ်ရာမှ ရုတ်တရက် လန့်နိုးလာလေသည်။ ဆတ်ခနဲ ထထိုက်လိုက်သည်။ ပြူးခနဲ မျက်လုံး ဖွင့်ကြည့်သည်။ ဖြန်းခနဲ ဘာမျှမမြင်ရ။ ပိန်းပိန်းပိတ် မှောင်နေသည်။ အတန်ငယ်ကြာမှ တွန့်တွန့်ကောက်ကောက် ပြိုးပြက်လိုက်သော လျှပ်ရောင်ကြောင့် ကျောင်းအိုဖျက်ကြီးကို မြင်တွေ့လိုက်ရသည်။

သည်တော့မှ ဟင်းခနဲ သူက သက်ပြင်းချလိုက်သည်။ သူသည် ရန်ကု[illegible]ရှိ နေအိမ်တွင်လည်းကောင်း၊ ဟိုတယ်တစ်ခုတွင်လည်းကောင်း၊ အိပ်နေခြင်းမဟုတ်ဘဲ ဝရမ်းပြေးတစ်ဦးအဖြစ် ဒုဋ္ဌဝတီမြစ်ကမ်းခြေမှ ကျောင်းအိုဖျက်ကြီးတစ်ခုပေါ်တွင် "သိုး"၍ နေခဲ့ခြင်းသာ။ ယခုမှ အခြေအနေမှန်ကို သတိရနားလည်လိုက်မိတော့၏။ သူက နောက်တစ်ကြိမ် လင်းလက်လာသော မိုးကောင်းကင်၏ အလင်းရောင်ကို အားပြု၍ နာရီကို ကြည့်လိုက်သည်။ သူ့နာရီ သွားနေသည်။ သုံးနာရီ ထိုးနေပြီ ဖြစ်၏။ သူက ဆယ်နာရီ၊ ဆယ့်တစ်နာရီ





လောက်က အိပ်ပျော်သွားသည့် အဖြစ်ကို အမှတ်ရပြီး လေးငါးနာရီ[illegible] ကာလနဂါး ဖြစ်ခဲ့ရသည်ကို သိရှိမိပြန်တော့၏။

သူ့ခေါင်းသည် တဖြည်းဖြည်း ကြည်လာပြီး အမှတ်ရလာခြင်းများသည် တစ်ခုပြီးတစ်ခု တန်းစီ၍ နေတော့၏။ သူအိပ်သည့် အချိန်က မိုးသားတိမ်လိပ်များ ဝေးရာသို့ ထွက်ပြေးနေကြ၏။ မိုးရိပ်မိုးခြေမရှိတော့။ လေရိပ်လေကဲ မတွေ့ရ။ ဘယ်နေရာကမှ ဝင်းဝင်းလက်လက်မရှိ။ ယခု သူအိပ်ရာက နိုးလာတော့ တစ်မျိုးတစ်ဖုံ ပြောင်းလဲလျက်ရှိ၏။ ညဦးပိုင်းက၊ ဤနေရာ ဤဒေသသို့ သူရောက်ခါစက အခြေအနေမျိုးပင် ဖြစ်၏။ ကောင်းကင်ပြင်တွင် တွန့်လိပ်သော လျှပ်ပန်းလျှပ်နွယ်များသည် ပေါ်လာလိုက် ပျောက်သွားလိုက် ရှိနေ၏။ မိုးချုန်းသံများသည် မာန်ဖီနေသည့် အင်းခွေးကြီး တစ်ကောင်လို ဖြစ်၏။ ဤတစ်ကြိမ်တွင်တော့ မိုးသည် ဘကယ် ရွာတော့မည်ဟု ထင်ရ၏။

သူ၏ ခြေဖျားလက်ဖျားများ အေးစက်လျက်ရှိသည်။ ပတ်ဝန်းကျင် လေထုတွင် ရေခိုးရေငွေ့များ ပြည့်လျှမ်းနေပြီဖြစ်သဖြင့် သူက ကြက်သီး မွေးညင်းများထအောင် စိမ့်ချမ်းလျက်ရှိ၏။ သို့ရာတွင် စောင်ခြုံစရာမရှိ၊ သက္ကလတ်စောင်လည်း မရှိ။ ငါးစပ်စောင်လည်း မရှိ။ လွှာချင်းစောင် ပါးပါးကလေးပင် မရှိ။ ယင်းကြောင့် သူသည် အောက်ပြည်အောက်ရွာက ပုစွန်တုပ်တစ်ကောင်လို ကွေး၍ ပုဆိုးကို ခေါင်းမြီးခြုံ၍ အိပ်ရတော့မည်ဟု ပိုင်းဖြတ်ကာ ပြန်လှဲအိပ်မည် အပြုတွင် –

လေကားထိပ်ဆီမှ ချိုးချိုးချွတ်ချွတ် အသံများ ကြားလိုက်ရသည်။

သည်တော့မှ သူအိပ်ရာက လန့်နိုးလာရသည့် အဖြစ်ကို သတိရမိသည်။ သူက အိပ်မက်ထဲတွင် မြင်းမိုရ်တောင်ကြီး ပြိုကျသွားသည့် အသံကို ကြားရသဖြင့် ကြောက်လန့်တကြား နိုးလာခြင်း ဖြစ်၏။ အမှန်တော့ သူကြားရသော အသံသည် မိုးချုန်းသံ သို့မဟုတ် မိုးကြိုးပစ်သံတစ်ခုခုပဲ ဖြစ်ရပေမည်။ သို့ရာတွင် အတော်ကျယ်လောင်သော အသံဖြစ်သည်။ သူ့တစ်သက်တွင် ဤမျှ ကြောက်မ[illegible]ဖွယ်ရာကောင်းသော၊ ကျယ်လောင်ပြင်းထန်သော အသံမျိုးကို တစ်ခါမျှ [illegible]ဟု ထင်သည်။ ပြီးတော့ သူ ယခု ကြားနေသော မိုးချုန်းသံ၊ မိုးကြိုးပစ်သံတို့နှင့်လည်း မတူဟု ထင်မိသည်။ တစ်စုံတစ်ခု အရှိန်အဟုန် ကြီးမားစွာဖြင့် ပြိုကျသည့် အသံမျိုးဟု ထင်သည်။

ယင်းအခိုက်မှာပင် လေကားထိပ်ဆီမှ လှုပ်ရှားသံ၊ ရွေ့လျှားသံ များကို

www.burmeseclassic.com



ကြားလိုက်ရသည်။ နှစ်ကိုယ်ကြား လေသံများလိုလို ကြားရသည်။ အရေးထဲတွင် သူ့ခေါင်းပေါ်က တောက်တဲ့က ခုနစ်ကြိမ်မျှ ကြွေးကြော်အော်မြည် နေလိုက်သေးသည်။ ခင်မောင်ရင်က ဂရုစိုက်၍ နားစွင့်လျက်ရှိရာ မိုးချုန်းသံများကြားမှာပင် တစ်စုံတစ်ခု မြေပေါ်သို့ ကျသွားသံ၊ နောက်တစ်ကြိမ် ထပ်မံ၍ ကျသံ၊ အင့် အင့်သံများကို လှေကားဘက်ဆီမှ ကြားရသည်။ ပြီးတော့ ခပ်ဖော့ဖော့ ပြေးလွှားသွားသည့် ခြေသံများကို ကြားရသည်။

ခင်မောင်ရင်သည် အသံမကြားအောင် အိပ်ရာမှ ထလိုက်သည်။ ထမတော့ ဖယောင်းတိုင် ထွန်းမည်ဟု စိတ်ကူးသည်။ နောက်မှ ဤမျှလောက် ထစ်တိုက်နေသည့် အထဲတွင် မီးခြစ်၍လည်း ရမည် မဟုတ်ကြောင်း၊ ဖယောင်းတိုင် ထွန်း၍လည်း ရမည်မဟုတ်ကြောင်းကို သတိထားမိလေသည်။ ပြီးတော့ စက္ကန့်ပိုင်းမျှသာ အချိန်ကြာ၍ မိုးကောင်းကင်တစ်ခုလုံး အန့်မှနေ၍ လျှပ်ပြက်လျက်ရှိရာ သူသည် သဘာဝ အလင်းရောင်နှင့် အမှောင်ကို တစ်လှည့်စီ အားကိုးရမည်ဟု နားလည်လိုက်၏။

သူက သတိကြီးစွာ ထား၍ လှေကားထိပ်ဆီသို့ လျှောက်သွား၏။ သူ့ရသေ့တီမယ်တော် အနီးသို့ ရောက်သောအခါတွင် ရုပ်တုက သူ့အား ဖိတ်ခေါ်သည့် မျက်လုံးဖြင့် ကြည့်လျက်ရှိ၏။ သို့ရာတွင် ခင်မောင်ရင်သည် ရုပ်တုကို တိုးခယ်နောက်ပြောင်မနေအားဘဲ လှေကားဆီသို့သာ တရွေ့ရွေ့ခြင်း သွားနေမိ၏။ သူက သတိထား၍ သွားနေသည့်ကြားမှပင် လိုင်းထနေသော ကြမ်းပြင်၏ ထိုးထိုး ထောင်ထောင် ဖျဉ်ချပ်တစ်ခုကို ခလုတ်တိုက်မိပြီး လဲမတတ် ဖြစ်သွားသေး၏။

နောက်ဆုံးတွင် သူသည် တံခါးမကြီးထိပ်သို့ ရောက်ရှိသွားလေ၏။ သို့ရာတွင် ကြီးမားခံ့ထည်လှသော ကျွန်းလှေကားကြီးကား မရှိတော့ချေ။ အကယ်၍ သူသည် အလောတကြီးနှင့် ရှေ့သို့ တစ်လှမ်းတိုးလိုက်မိသည် ဆိုပါက ဆင်တစ်ရပ်ကျော်ကျော် ဆင်နှစ်ရပ်နီးပါးခန့်မြင့်သော ကျောင်းပျက် ကြီးပေါ်မှ ကျွမ်းပြန်ကျကာ သေသော်လည်း သေရာ၏၊ ကျိုးပဲ့သော်လည်း ကျိုးပဲ့ရာ၏။

လျှပ်တစ်ပြက်တွင် သူက အောက်ဘက်သို့ ငုံ့ကြည့်လိုက်ရာ အနှစ် တစ်ရာကျော် သက်တမ်းရှိသော၊ လူပေါင်းများစွာ ကျော်ဖြတ်နင်းတက်ခဲ့သော အထုအထည်ကောင်းလှသည့် လှေကားကြီးသည် ထင်းပုံကြီးဖြစ်၍ နေတော့၏။ အဘယ့်ကြောင့် ကျွန်းလှေကားကြီး ပြုတ်ကျသွားသည်ကို သူက စဉ်းစားနေမိ၏။ သူအိပ်ပျော်နေစဉ် အိုးထိန်းစက်ကဲ့သို့ လည်သော လျှောင်လှုပ်၍လား၊ သို့မဟုတ်





ဆေးဆင်နှာမောင်း တစ်ချက်မွှေ့လိုက်၍လား ဟု သူက တွေးတောနေမိ၏။ ပြီးတော့ စောစောက ကြားမိသော ချိုးချိုး ချွတ်ချွတ်သံများ၊ တီးတိုးသံများ၊ မြေကြီးပေါ်သို့ ဆင့်ကဲဆင့်ကဲ ကျသွားသံများ၊ ပြေးလွှားသံများကို သူက အမှတ်ရမိတော့၏။

ဤအတိုင်းသာဆိုလျှင် –

သူ၏အတွေး မဆုံးမီမှာပင် ပျားတစ်ကောင်သည် သူ၏လက်ယာဘက် ဆီးဘားမှကပ်၍ လျင်မြန်စွာ ဖြတ်သန်းသွား၏။ သူက မည်သို့မျှ မလှုပ်ရှားနိုင်မီမှာပင် နောက်ထပ် ပျားတစ်ကောင်သည် သူ၏ လက်ဝဲဘက် တင်ပါးကို ပွတ်၍ ဖျံသွားပြန်၏။ သည်တော့မှ ခင်မောင်ရင်သည် သူ၏ ဘေးမှ ဝီခနဲ ဝီခနဲ အော်မြည်ကာ လျင်မြန်စွာ ဖြတ်ကျော်သွားနေသော အရာများသည် လှည်းဘီးခန့်ရှိသော ပျားအုံကြီးမှ ပျားကောင်များမဟုတ်ဘဲ သေနတ်ပြောင်းဝမှ ဖောင်းလွှတ်ခြင်းလိုက်၍ ပေါက်ထွက်လာသော ကျည်တောင့်များဖြစ်သည်ကို ရိပ်စားနားလည်မိတော့၏။

ခင်မောင်ရင်သည် အခြေအနေကို နားလည်မိသည်နှင့် တစ်ပြိုင်နက် အနီးဆုံး တိုင်ကြီးတစ်ခုကို ပြေးကပ်လိုက်၏။ တတိယ ကျည်တစ်တောင့်သည် သူ့အား တို့ကနမ်း ဆိတ်ကနမ်း ပြုလုပ်သွားပြန်၏။

စောစောက ချမ်းအေးနေသော ခင်မောင်ရင်သည် ယခုအခါ ချွေးပြန်လာတော့၏။ သူ၏ အသက်အန္တရာယ်ကို ကျည်တောင့်များက ခြိမ်းခြောက်နေကြ၏။ သူသည် မိုးခြိမ်းသံများကြားမှပင် သေနတ်သံကို ခွဲခြား၍ ကြားရလေတော့သည်။ သူ့အား တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ယောက်ထက်များသော လူတစ်စုက သေကြောင်းကြံစည်လျက် ရှိလေပြီ။

အဘယ်သို့သော ရန်သူများ ဖြစ်သနည်းဟု သူက ပုန်းကွယ်နေရာမှ ခေါင်းတစ်ခြမ်းပြူ၍ ကြည့်လိုက်သည်။ ယင်းအခိုက်မှာပင် ဝင်းခနဲ လျှပ်ပြတ် လိုက်ပြီး ရန်သူများက သူ့ကို မြင်တွေ့သွားကာ စတုတ္ထ ကျည်တစ်တောင့်ကို ခစ်လွှတ်လိုက်ပြန်၏။ သူက အချိန်မီ နောက်သို့ ပြန်ဆုတ်လိုက်နိုင်၍ သူ၏ ဦးနှောက်ကို ခဲတောင့်က ဖောက်ထွက်မသွားခြင်း ဖြစ်၏။ ကျည်ဆန်သည် သူနှင့် တစ်ပြင်တည်းလို နေရာမှလာ၍၊ တစ်ဖြောင့်တည်း ပြေးလွှားလျက်ရှိသည်။ ရန်သူများသည် မြေပြင်မှ ပစ်ခတ်နေခြင်းမဟုတ်။ လှေကားနှင့် ဆယ်တောင်ခန့် အကွာရှိ ညောင်ပင်ကြီးပေါ်မှ တက်၍ ပစ်နေကြခြင်းဖြစ်၏။ သူတို့က အနည်းငယ် အထက်စီးပင် ရရှိနေ၏။ ကျည်ဆန်ပြေးသွားသော အသံသည် အထက်မှ အောက်သို့ မသိမသာ ဆင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ရင်သည် လျှပ်တစ်ပြက်ပျောက်၍ အမှောင်ထုပြန်ရောက်သည်နှင့် တစ်ပြိုင်နက် တိုင်တစ်တိုင်ကို လျှင်မြန်စွာ ပြေးကူးသွား၏။ ယင်းတိုင်သို့ သူရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် နောက်တစ်ကြိမ် လျှပ်ပြက်သည်က အလောတော်လောက်သာ ဖြစ်၍ သူ့အဖို့ အသည်းထိတ်၊ ရင်ဖိုစရာ ကောင်းလှ၏။ ရန်သူ၏ သေမင်းတမန်သည် သူပုန်းကွယ်ရာ တိုင်သို့ ချက်ချင်းပင် ရောက်ရှိလာ၏။ နောက်တစ်တိုင်ဆိုလျှင်ကား မြောက်ဘက်တံခါးမှ ဝင်လာသော ကျည်ဆန်သည် သူ့ကို မထိမှန်နိုင်တော့ပေ။ ထို့ကြောင့် သူက အခွင့်အရေး ရသည်နှင့် တစ်ပြိုင်နက် တစ်တိုင်ကူးလိုက်ပြန်သည်။

ဤအခါတွင်မူ အန္တရာယ်က ပို၍ ကြီးမားလာတော့သည်။ လှေကားတံခါးမကြီးနှင့် မလှမ်းမကမ်းရှိ ညောင်ပင်ကြီးသည် တံခါးမနှင့် တည့်တည့်မဟုတ်မူဘဲ အနောက်ဘက်သို့ ရောက်နေသဖြင့် ကျည်ဆန်လမ်းကြောင်းသည် အရှေ့သို့သာ မိမည်ဖြစ်ပြီး အနောက်ဘက်သို့ မမိနိုင်သဖြင့် သူက အနောက်တောင်ထောင့်ကို ကူးလိုက်ခြင်းဖြစ်၏။ သို့ရာတွင် ကျည်ဆန်တစ်ထောင့်သည် သူမှီကပ်ရာ ကျွန်းတိုင်ကြီးကို ဒေါက်ခနဲလာ၍ ထိမှန်၏။ မြောက်ဘက် ညောင်ပင်မှလာသော သေမင်းကိုယ်စားလှယ် မဟုတ်။ အနောက်ဘက် သရက်ပင်မှ လာသော မရဏသင်္ကေတ ဖြစ်နေတော့၏။

သို့ဖြင့် ခင်မောင်ရင်သည် ညှပ်ပူး ညှပ်ပိတ် အတိုက်ခံနေရပြီ ဖြစ်၏။ သို့ရာတွင် သူက နေရာတွင် ရပ်နေ၍ မဖြစ်နိုင်သဖြင့် တောင်ဘက် တည့်တည့် ကူးလိုက်ပြန်၏။ သူ့ခေါင်းပေါ် ပျားတစ်ကောင် ဖြတ်သွား၏။ အနောက်ဘက်အခြမ်းက လုံခြုံမှုမရှိသဖြင့် ခင်မောင်ရင်သည် တစ်တိုင်ကျော်၍ အရှေ့တောင်ယွန်းယွန်းတိုင်သို့ ပြေးကပ်လိုက်၏။ ပျားသံမကြားရ။ အနောက်ဘက် သရက်ပင်မှ လာသည် ပြတင်းပေါက်ကိုဖြတ်၍ ပစ်နေရသဖြင့် သူ့ကို လက်လှမ်းမမီတော့ပေ။ သူက အားတက်သွားပြီး အရှေ့တောင်ထောင့် တစ်တိုင်သို့ ကူးလိုက်ပြန်၏။

စစ်မျက်နှာအသစ်တစ်ခုနှင့် တိုးမိပြန်လေ၏။ ကျောင်းတောင်ဘက် မန်ကျည်းပင်ကြီးပေါ်တွင် မြွေဟောက်တစ်ကောင်က ရှိနေနှင့်ပေပြီ။ ခင်မောင်ရင်သည် လေပြင်းတိုက်ခတ်နေသည့်ကြားမှပင်၊ မိုးထစ်ချုန်းနေသည့်ကြားမှပင် ခေါချွေးများ ပြန်နေ၏။ ကောင်းကင်မှ တဖျပ်ဖျပ် ဝင်းလက်နေခြင်းများသည် သူ၏ဘဝ ရပ်စဲတော့မည့်အဖြစ်ကို အချက်ပြနေသည်ဟု အောက်မေ့မိ၏။ သူက နောက်ဆုံး မျှော်လင့်ချက်အနေဖြင့် အရှေ့မြောက်ဘက်သို့ ဖြတ်၍ ပြေးလိုက်သည်။





ကျည်ဆန်နှစ်တောင့်သည် သူ့နောက်ဘက် ကြမ်းခင်းကို ဆင့်ကဲဆင့်ကဲ နှစ်ချက်ဆောက်ဝင်သွား၏။ အရှေ့ဘက် သရက်ပင်ခွဆုံသည် အတန်ငယ် ပိုမြင့်သဖြင့် ကျည်ဆန်များသည် စိုက်ဆင်းလာနေခြင်း ဖြစ်၏။

သူသည် အင်မတန် ဆိုးဝါးကြောက်မက်ဖွယ်ရာကောင်းသော အန္တရာယ်ကြီးတစ်ခု၏ ထိုးစစ်ဆင်ခြင်းကို ခံနေရပြီဟု ခင်မောင်ရင်သည် သေသေချာချာ သဘောပေါက် နားလည်လာတော့၏။ ရန်သူများသည် သူ့အား လေးဖက်လေးတန်မှ ဝိုင်းဝန်းတိုက်ခတ်လျက်ရှိပေပြီ။ စစ်ခုတည်းသော လှေကားကြီးကိုလည်း သူတို့ ဖြိုချဖျက်ဆီးပစ်လိုက်ပြီ ဖြစ်၏။ သူ့အဖို့ ဤကျောင်းပျက်ကြီးပေါ်မှ ဆင်းနိုင်သည့် နည်းမှာ ဆင်နှစ်ရပ်နီးပါးခန့်ရှိသော အမြင့်မှ ခွန့်ခွန့်ကြီး ခုန်ချရန်သာ ဖြစ်တော့၏။ သို့ရာတွင် ယင်းသို့ ခုန်ချနိုင်ခွင့် ရရှိရန်လည်း လွယ်ကူပါချေ။

ယခုအခြေအနေအတိုင်းဆိုလျှင် သူသည် မည်သည့် ပြတင်းပေါက်အနီးသို့မျှလည်းကောင်း၊ နံရံတစ်ခုအနီးသို့မျှလည်းကောင်း၊ ကပ်နိုင်ဖို့ မလွယ်ကူပါချေ။ ပြတင်းပေါက်တစ်ခုမှ သူခုန်မချနိုင်မီမှာပင် ကျည်ဆန်တစ်တောင့်သည် ဦးခေါင်းကိုလည်းကောင်း၊ သူ့ဗိုက်ကို လည်းကောင်း ထိုးဖောက်သွားမည်ဖြစ်ချေသည်။ အကယ်၍ သူသည် ကြမ်းပေါက်တစ်ခုခုမှနေ၍ ကျောင်းအောက်သို့ ဆင်းသွားနိုင်ခဲ့လျှင်လည်း အကောင်းကို မတွေ့ဘဲ အဆိုးကိုသာပို၍ ကျွဲကျွဲကျစ်ကျစ် ခံရမည် ဖြစ်၏။ သစ်ပင်ပေါ်မှ မြွေဟောက်များသည် မြေပြင်ပေါ်ဆင်း၍ သူ့အား ဝိုင်းဝန်းတိုက်ခိုက်ပေလိမ့်မည်။ ထိုအခါတွင် သူသည် တိုင်လုံးကြီးမှအပ အခြားအကာအကွယ်ဟူ၍ ရှိတော့မည်မဟုတ်ချေ။ အကာအရံမရှိသော အခြေအနေတွင်မို့ လက်နက်ကိုင်ရန်သူများသည် သူ့လိုပင် တိုင်လုံးကြီးများကို ပြေးကပ် အကာအကွယ်ယူကာ အနီးကပ် တိုက်ခိုက်ကြပေလိမ့်မည်။ သူသည် စက္ကန့်ထောင်အဆက်မပြတ် ဝင်းထိန်နေသော ကွက်လပ်ကြီးကို ဖြတ်ပြေးနိုင်ရန် အခွင့်အလမ်းမရှိပါချေ။ ထို့ကြောင့် သူ့အဖို့ ကျောင်းပေါ်တွင် နေသည်ကမှ တော်ပေသေးသည်။ ရန်သူများ၏ တိုက်ခိုက်မှုကို အတော်ကြီး ပုန်းရှောင်နိုင်ပေသည်။ အကယ်၍ ရန်သူတစ်ယောက်သည် ကျောင်းပေါ်သို့ တက်လာရန် ကြိုးစားလျှင်လည်း သူက စောင့်ဆိုင်းချောင်းမြောင်း၍ ပြန်လှန်တိုက်နိုင်ပေသည်။

သို့ဖြင့် ခင်မောင်ရင်သည် ကျောင်းပေါ်မှာပင် အခြေအနေကို ကြည့်၍ ရှောင်တိမ်းနေရန် ဆုံးဖြတ်လိုက်သည်။ ကျောင်းပျက်ကြီး အလယ်ပိုင်းတွင် ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



အဓော်ကြီး လုံခြုံပေလိမ့်မည်ဟု ထင်ရသည်။ သို့နှင့် သူသည် အရှေ့ဘက် ခင်မျက်နှာမှ နောက်သို့ တစ်တိုင်ဆုတ်လိုက်သည်။ သူ၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုနေသော ရန်သူများသည် တစ်ချက်ကလေးမျှ အလစ်မပေးဘဲ ရိပ်ခနဲမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ချက်ခနဲ ပစ်ပြီးသားဖြစ်၏။ သူ့အဖို့ တစ်တိုင်မှ တစ်တိုင်သို့ ကူးပြောင်းရခြင်းသည် သေတွင်းနှုတ်ခမ်းတစ်ခုမှ အခြားသေတွင်းနှုတ်ခမ်းသို့ ခုန်ကျော်ရခြင်း ဖြစ်၏။ နည်းနည်းကလေး တိမ်းပါးသွားလျှင် အသူရကယ် ချောက်ထဲသို့ ကျသွားပြီး ဘဝရပ်စဲဖို့သာ ရှိတော့၏။

ထို့ကြောင့် သူက နေရာပြောင်းရွှေ့ခြင်း အလုပ်ကို အရေးတကြီး မပြုအဲခေါင်းအေးအေးထားကာ အခြေအနေ အရပ်ရပ်ကို ပြန်လည်သုံးသပ်နေတော့၏။ အရေးအကြီးဆုံးမှာ သူ့အား အဘယ်သူများက အဘယ်ကြောင့် တိုက်ခိုက် သတ်ဖြတ်နေကြသနည်းဟူ၍ပင်ဖြစ်၏။ အဘယ်သူများဖြစ်ကြောင်းကို သူက အထူးတလည် စိတ်အပင်ပန်းခံ၍ စဉ်းစားမနေရပါပေ။ သူရပ်နေသောတိုင်ကို ဒေါက်ခနဲလာစိုက်သံကြား၍ စမ်းသပ်ဖြုတ်ယူကြည့်လိုက်သောအခါတွင် ဓားမြှောင် လုံးလုံးချွန်ချွန်ကလေး ဖြစ်နေသည်ကို တွေ့ရ၏။ ဓားထွန်းစိန် ကိုင်နေကျ ဓူးပင်ဖြစ်၏။ ဤလူမိုက်သည် ခြောက်လုံးပြူးသေနတ်ထက် ဓားကို ပို၍ အားကိုးပုံရ၏။ ဓားစွမ်းပြချင်လှပုံရှိ၏။ သို့ရာတွင် ခင်မောင်ရင်အဖို့ကား လက်နက်တစ်ခုရပြီး သူ၏ ရန်သူများမှာ ဘယ်သူဘယ်ဝါများ ဖြစ်ကြောင်းကိုလည်း အလွယ်တကူပင် သိရှိရလေတော့၏။

ဤအခါကျမှ သူက ပို၍အံ့သြရသည်။ ထိတ်လန့်တုန်လှုပ်ရသည်ထက် မကျေမချမ်းခြင်း ဖြစ်ရတော့သည်။

အံ့သြမိသည်မှာ ဓားထွန်းစိန်တို့လူစုသည် ဘယ်လိုကနေဘယ်လိုလုပ်၍ ဤမျှဝေးခေါင်သောနေရာအထိ ထက်ကြပ်မကွာ လိုက်လာနိုင်ကြသနည်း။ မနေ့ညနေကပဲ သူတို့ ရန်ကုန်မှာ ရှိကြသေးသည်။ ယနေ့ညကျတော့ သူတို့အားလုံး ထန်းတောကုန်း ကျောင်းပျက်ကြီးတွင် စုရုံးမိနေကြသည်။ အင်းယားမြို့နှင့် ထန်းတောကုန်းသည် မိုင်လေးရာနီးပါးမျှ ဝေးကွာလေသည်။ အင်းယားမြို့တွင်ကား မနေ့ညက ဓားထွန်းစိန်၏လက်ချက်ဖြင့် ဦးခမ်းလုံ သေဆုံးခဲ့ချေပြီ။ ယနေ့ညကား သူ့အလှည့် ဖြစ်လေမည်လား။

ပထမအကြိမ် သူ့အား ကားပေါ်တင်၍ လုပ်ကြံခဲ့စဉ်က သူတို့ကို တစ်ပတ်ရိုက်သွားသော ကျောက်ဘီလူးဟု အထင်အမှတ်ရှိကြ၍ ဖြစ်သည်။





ယခုတစ်ကြိမ် လေးဖက်လေးတန်မှ ဝိုင်းဝန်းလုပ်ကြံနေကြခြင်းကား သူ့ကို ကျောက်ဘီလူးဟုပင် ဆက်လက်၍ အယူရှိနေသောကြောင့်ပင်လော။ သို့မဟုတ် ကျောက်ဘီလူးနှင့် ခင်မောင်ရင် တစ်ယောက်စီဖြစ်မှန်း သိသော်လည်း ခင်မောင်ရင်ဆိုသော ဗိသုကာကလေးသည် သူတို့၏ အကြံအစည်နှင့် လုပ်ငန်းကိုင်ငန်းများကို သိရှိသွားသဖြင့် လက်စဖျောက်ခြင်းပေလော။ မည်သို့ပင်ဖြစ်စေ သူတို့သည် သူ၏အသက်ကို ဖျောက်ချေပစ်ရန် ကြိုးစားနေပြီကား အမှန်ပင် ဖြစ်၏။

သူတို့သည် လူသတ်သမားများ ဖြစ်ကြ၏။ လူသတ်သမားမှ ရိုးရိုးတန်းတန်း လူသတ်သမားများ မဟုတ်ကြဘဲ ရက်စက်သော၊ ပက်စက်သော လူသတ်သမားများ ဖြစ်ကြ၏။ သူတို့သည် သူအိပ်မောကျနေသည့် အချိန်တွင် ကျောင်းပေါ်သို့ အသာကလေးတက်လာပြီး သေနတ်နှင့် နားထင်ကိုတေ့၍ ပစ်လိုက်လျှင် ကိစ္စပြီးပြီဖြစ်၏။ သူ သေပြီးပြီ ဖြစ်၏။ ယခုလို ထိတ်လန့်တကြားနှင့် အသက်ကိုလု၍ ပြေးလွှားနေရတော့မည် မဟုတ်ချေ။

သို့ရာတွင် သူတို့သည် အကြောင်းအမျိုးမျိုးကြောင့် လူဆိုးများ ဖြစ်လာသည်နှင့်အညီ ချိုးကပ်နေပြီဖြစ်သဖြင့် လူတစ်ယောက်ကို သတ်ရာတွင် အလွယ်တကူ သျှင်လျှင်မြန်မြန် သတ်လိုကြဟန် မရှိကြတော့ချေ။ သူတို့က သူလည်းသေစေ၊ သူတို့လည်း စိတ်လှုပ်ရှား ပျော်ရွှင်စေဟု သဘောထား နေကြသူများဖြစ်၏။ သူတို့သည် ကျွန်းလေ့ကားကြီးကို တကူးတကန့် ပင်ပင်ပန်းပန်း ဖြုတ်ချခဲ့ပြီးနောက် သူတို့သည် သူ့အား သားရဲတိရစ္ဆာန်တစ်ကောင်လို ကြောက်လန့်တကြား ပြေးလွှားနေပြီး သူတို့ကမူ အမဲလိုက် မုဆိုးကြီးများသဖွယ် လက်တည့်စမ်းလျက် ရှိကြ၏။

ထို့ကြောင့် ခင်မောင်ရင်သည် သူ့နောက်မှ ထက်ကြပ်မကွာ လိုက်လာကြသည့်အတွက် အံ့သြမှု ဖြစ်ရခြင်းနှင့်အတူ၊ တုန်လှုပ်ချောက်ချားခြင်းလည်း ဖြစ်ရလေတော့၏။ သူ့ကို သားရဲတိရစ္ဆာန်လို သဘောထားပြီး ခြောက်လှန့် သတ်ဖြတ်နေကြသည့်အတွက် သူ၏မျက်နှာကြီးသည် တင်းမာလျက်ရှိပြီး နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်သည်။ ထို့နောက် သူတို့ သတ်တိုင်းသေရမည်လားဟူသည့် စိတ်ထားဖြင့် သေသည်အထိ အညံ့မခံဘဲ ကြံ့ကြံ့ခံ ရင်ဆိုင်သွားမည်ဟု ဆုံးဖြတ်လိုက်၏။

ယင်းကြောင့် ခင်မောင်ရင်သည် သူ့စိတ်ထဲတွင် အလုံခြုံဆုံး ဖြစ်သည်ဟု သူဆရသော ကျောင်း၏ အလယ်ဗဟိုသို့ ဦးတည်၍ တစ်တိုင်ကျော် ပြေးသွားလိုက်သည်။ ဤတစ်ကြိမ်တွင်မှ သူက ပိုဆိုးသော အဖြစ်ကို တွေ့ရ၏။ ဓားစောက တစ်ဖက်စီမှ တစ်ယောက်ချင်း ပစ်နေသော်လည်း အလယ်ဗဟိုနေရာမှာ လေးဖက်



www.burmeseclassic.com

www.burmeseclassic.com



လေးတန်မှ မြင်တွေ့နေရသဖြင့် ပြိုင်တူ ဝိုင်းဝန်းပစ်ခတ်ခြင်းကို ခံရလေတော့၏။ သူ့ဘေးတွင် ဂျက်လေယာဉ်ပျံများ ရှပ်ယှက်ခတ် ပျံသန်းသွားကြသည်။ သူက အလိုလိုပင် ဘယ်ညာယိမ်း၍ ရှောင်ရှားလိုက်မိသည်။ သူက အရှောင်တိမ်းကောင်း၍ကား မဟုတ်ချေ။ မမှန်ချင်သေး၍ မမှန်သေးခြင်းသာ ဖြစ်သည်။ သို့ရာတွင် သူ့အား အလယ်ဗဟိုတွင် ရှိနေစေရန်၊ ထိုနေရာမှနေ၍ အခြားနေရာသို့ ထွက်ပြေးမသွားနိုင်စေရန် သူတို့က နောက်တစ်ကြိမ် ပြိုင်တူ ပစ်ခတ်လိုက်ကြပြန်၏။ လေးဖက်လေးတန်စလုံးမှပင် ကျည်ဆန်များ လာပြီဖြစ်သဖြင့် သူသည် တိုင်ကိုကွယ်နေရုံမျှဖြင့် လုံခြုံမှုမရနိုင်တော့ရကား ကြမ်းပေါ်တွင် ဝပ်နေလိုက်ရသည်။

တစ်ချိန်တည်းမှာပင် သူသည် ဤနေရာ၌ ဆက်လက်၍ နေရန် မသင့်လျော်တော့ကြောင်း သိရှိသဖြင့် သေခါမှ သေရောဟု သဘောထားကာ အနောက်တောင်ထောင့်ဆီသို့ စွတ်၍ ပြေးလေတော့၏။ သူ့ပတ်ပတ်လည်တွင် ပျားတွေဆူညံလျက် ရှိတော့၏။ သို့ရာတွင် တစ်ကောင်ကလေးမျှ တုပ်မိခြင်းမရှိဘဲ သူသည် အနောက်တောင်ထောင့်ရှိ တိုင်တစ်တိုင်သို့ ရောက်သွားလေ၏။ အနောက်တောင်ထောင့်ကို သူ ရွေးချယ်ရခြင်းသည် တောင်ဘက်နှင့် အနောက်ဘက်တွင် နံရံများတော်တော် လုံလုံခြုံခြုံရှိနေသဖြင့် ဖြစ်သည်။ ယင်းကြောင့်ပင် ညဦးပိုင်းကလည်း အိပ်စက်ရန် နေရာကို ဤအပိုင်း၌ ရွေးခဲ့ခြင်းဖြစ်သည်။ သူရောက်ရှိသော တိုင်သည် သူရဿတီရပ်တုရှိသော တိုင်၏ မြောက်ဘက်တည့်တည့်မှ တိုင်ဖြစ်သည်။ ထိုနေရာသည် အတော်ကလေး လုံခြုံသည်။ မြောက်နှင့် အရှေ့ဘက်မှ လုံးဝ လက်လှမ်း၍မမီချေ။ အနောက်ဘက် သရက်ပင်ကနေ၍လည်း မမြင်တွေ့နိုင်ချေ။ တောင်ဘက်မန်ကျည်းပင်ကသာ အစွန်းမလွတ်တလွတ်ကလေး မိနေသည်။ ထို့ကြောင့် အရှေ့တောင်ထောင့်မှလာသော ကျည်တစ်တောင့်သည် သူကပ်နေသောတိုင်ကို လာ၍ထိမှန်လေသည်။ သူက ကျည်ဆန်မှန်သည့်နေရာကို မှန်း၍ လက်ဖြင့် စမ်းကြည့်လိုက်ရာ ဖွာလန်ကြဲနေသော အပေါက်တစ်ပေါက်ကို တွေ့ရ၏။ သူက အပေါက်ထဲသို့ လက်သန်းဖြင့် ထိုးကြည့်လိုက်ရာ မီးခဲတမျှပူသော ခဲတောင့်ကို ထိတွေ့မိသည်။ ဒုတိယ ကျည်တောင့်ကတော့ သူ့လက်ပေါ်မှ ဖြတ်သွားသည်။

ထို့ကြောင့် သူက ပို၍ လုံခြုံစေရန် သူရဿတီတိုင်ဆီ ပြေးသွားသည်။ မန်ကျည်းပင်ပေါ်က သေနတ်သမားသည် သူ့ကို မမြင်တွေ့ရတော့သဖြင့် မပစ်နိုင်တော့ပေ။ သူက အခုမှ အမောဖြေနိုင်တော့သည်။ ဟသ်ာရုပ်ကိုမှီ၍ ထိုင်လိုက်သည်။ သို့ရာတွင် စိတ်လက်ချမ်းသာစွာ တစ်မိနစ်ပြည့်အောင် မနေရပါ။ ဒေါသ





ကြီးလှသော ကျည်ဆန်တစ်တောင့်သည် သူနှင့် အတော်ကွာသောဘက်မှ အော်ဟစ်ကာ ဖြတ်သွားပြန်သည်။ သေနတ်သမားသည် တစ်နေရာတည်း အသေချည်ထားခံရသူတစ်ဦး မဟုတ်ပါပေ။ အရှေ့ဘက်တိုင်းမှ အခြားလိုသည့်နေရာရောက်အောင် ရွှေ့ရှားသွားနိုင်ပေသည်။ ထို့ကြောင့် နောက်ဆက်တွဲ ကျည်ဆန်သည် သူရဿတီတိုင်ကို လာ၍ ထိမှန်လေတော့၏။ သူက ကျည်ဆန်ပေါက်နေရာကို လက်ဖြင့် စမ်းကြည့်လိုက်ရာ မယုံကြည်နိုင်ဖွယ်ရာ အဖြစ်တစ်ခုကို တွေ့ရသည်။

ကျည်ဆန်ပေါက်ကို တွေ့ရသော်လည်း ကျည်ဆန်ထိပ်ဖူးကိုကား မတွေ့ရချေ။ သူ၏ လက်သန်းကို တစ်ဆုံးနှိုက်ကြည့်လိုက်ရာ ကျွန်းတိုင်တွင် အလယ်အူသား မရှိသည်ကို တွေ့ရ၏။ သူက မကျေနပ်ရကား ဓားရိုးဖြင့် တိုင်ကို ခေါက်ကြည့်လိုက်ရာ လိုဏ်သံပါနေ၏။ သူ့ခေါင်းထဲတွင် အသိတစ်ခု ဝင်လာသည်။ သူရဿတီ၏ အဓိပ္ပာယ်သည် ကယ်တင်ခြင်းဖြစ်နိုင်သည်။ ဤ အဆောက်အဦကြီးသည် မူလပထမက ဘုန်းကြီးကျောင်းအဖြစ် ဆောက်လုပ်ခဲ့ခြင်းမဟုတ်။ ထို့ကြောင့် သူက သူ၏အတွေး မှန်မမှန် သိစေရန် အနီးတွင်တွေ့ရှိရသော အုတ်ခဲတစ်ခုဖြင့် သူရဿတီရုပ်တု၏ အလယ်ပိုင်းကို တအားထုရိုက်လိုက်ရာ ခွမ်းခနဲမြည်၍ ကြေမွကွဲသွားသည်ကို တွေ့ရ၏။ သူက လက်ဖြင့် နှိုက်စမ်းလိုက်ရာ ကျွန်းတိုင်ကို အလယ်မှ ထွင်းထားသလို ကျောက်ရုပ်တုမှာလည်း ရုပ်လုံးပြည့်မဟုတ်ဘဲ အဖုံးအကွယ်တစ်ခုအဖြစ်နှင့် ထက်ခြမ်းကွဲ ပြုလုပ်ထားခြင်းသာ ဖြစ်၏။ အရှေ့ပိုင်းအလှထုထားခြင်းသာ ဖြစ်၏။

မန်ကျည်းပင်ပေါ်မှ သေနတ်သမားက ဆက်လက်ပစ်ခတ်လျက်ရှိရာ သူက မျက်လှည့်ပြရန် စိတ်ကူးလိုက်၏။ သူ၏ အိပ်ရာခင်းအဖြစ် အသုံးပြုခဲ့သော ပုဆိုးလေးကို လေးဖက်တွား၍ သွားယူခဲ့ပြီး ထောင့်စွန်းတွင် အုတ်ခဲထည့်ကာ မြောက်ဘက်သို့ ပစ်လိုက်၏။ လျှပ်ရောင်တွင် လူတစ်ယောက် ပြေးသွားသည့်သဏ္ဍာန် တူလှသဖြင့် အနောက်ဘက် သရက်ပင်ပေါ်မှ လူဆိုးက အလစ်မပေးဘဲ ပစ်ချလိုက်၏။ အုတ်ခဲနှင့် ပုဆိုးသည် သေနတ်ထိမှန်ပြီး ကျသွားသလို ကြမ်းပြင်ပေါ်သို့ ဒုန်းခနဲမြည်ကာ ပြားလိုက်ကျသွား၏။ သေနတ်သမားက ဆက်၍ ပစ်ခတ်လျက် ရှိ၏။

ခင်မောင်ရင်သည် အချိန်ဖြုန်းမနေတော့ဘဲ သူရဿတီမယ်တော်၏ ပိုက်ကို လူတစ်ယောက်ဝင်သာအောင် ရိုက်ခွဲချဲ့ဖောက်လျက်ရှိ၏။ ကျောက်သားသည် လက်တစ်လုံးခန့်သာထုသဖြင့် မကြာမီမှာပင် လူတစ်ယောက် ဝင်သာသော



www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက် ဖြစ်သွား၏။ သူက ကျွန်းတိုင်၏ အောက်ဘက်ကို လက်တစ်ကမ်း မီသည့်အထိ စမ်းကြည့်လိုက်ရာ၊ နင်း၍ ဆင်းနိုင်လောက်အောင် ပြုလုပ်ထားသော အထစ်များကို တွေ့ရ၏။ ဤ အဆောက်အဦကြီး၏ အရှင်သည် အရေးတကြီး ရှိလျှင် ဤတိုင်မှ လွတ်မြောက်ထွက်ပြေးသွားနိုင်ရန် စီမံထားခဲ့ခြင်း ဖြစ်ဟန်တူ၏။

ခင်မောင်ရင်သည် အခြားရွေးချယ်စရာ လမ်းမရှိသဖြင့် ဘာပဲဖြစ်ဖြစ် ဟူသော သဘောဖြင့် ထွင်းဖောက်ထားသော ကျွန်းတိုင်တွင်းသို့ စတင် ဆင်းသက်လေတော့၏။ တမင်တကာပြုလုပ်ထားသော မလွယ်ပေါက်တစ်ခုဖြစ်မှန်းကို ပို၍ သိရှိလာရတော့၏။ လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် တွေ့ရှိနေရသဖြင့် သူက သွက်လက်စွာ ဆင်းနေ၏။ သူက အောက်ဆုံးတစ်ထစ်ကိုနင်း၍ ဆင်းမိသောအခါတွင် ကျောက်သားပြင်တစ်ခုပေါ်သို့ ရောက်ရှိသွား၏။ သူက ကျွန်းတိုင်၏ အတွင်းဘက်နံရံကို လက်ဖြင့်စမ်းကြည့်ရာ တစ်နေရာတွင် ဟာလာဟင်းလင်း ဖြစ်နေသည်ကို တွေ့ရပြန်၏။ မီးခြစ်ကိုထုတ်၍ အသုံးပြုလိုက်ရာ လူတစ်ထိုင်စာ မြင့်သော ဥမင်လိုဏ်ခေါင်းတစ်ခုကို တွေ့ရှိရ၏။ သူက မီးခြစ်ဆံ မကုန်မီမှာပင် ဖယောင်းတိုင်သို့ ကူးညှိလိုက်၏။ ထို့နောက် ဥမင်လိုဏ်ခေါင်းထဲသို့ လေးဖက် ထောက်၍ လျှောဝင်သွားလေတော့၏။

ဥမင်လိုဏ်ခေါင်းမှာ အင်္ဂတေကိုင်၍ အခိုင်အခံ့ပြုလုပ်ထားရာ ရေညှိများ တက်၍၊ အနည်းငယ် ချော်ကျိုနေသည်မှလွဲ၍ မည်သည့် အပျက်အစီးမျှ မတွေ့ရ ချေ၊ ခင်မောင်ရင်သည် မြန်နိုင်သမျှ မြန်မြန်ကြီး တွားသွားလျက်ရှိသည်။ ငါးမိနစ်ခန့် သွားမိသော အခါတွင်ကား ဥမင်လိုဏ်ခေါင်းသည် ဆုံး၍သွားချေတော့၏။ လိုဏ်ခေါင်း ၏ အဆုံးကိုလည်း အုတ်အင်္ဂတေကိုင်၍ ပိတ်ထားလေသည်။ လက်စသတ်တော့ ထွက်ပေါက်မဟုတ်ဘဲ သေတွင်းသာ ဖြစ်ချေပြီ တကားဟု သူက အတော်ကြီး စိတ်ပျက်သွားမိ၏။ ထို့ကြောင့် ဂူအဆုံးနံရံကို ကျောဖြင့်မှီ၍ ထိုင်ချလိုက်သည်။ သူက နံရံနှင့်ကျော ထိမိသည်နှင့် တစ်ပြိုင်နက် ချက်ချင်း ထလိုက်သည်။ ထို့နောက် ဖယောင်းတိုင်မီးရောင်ဖြင့် အသေအချာ ကြည့်လိုက်သည်။ ဂူအဆုံးနံရံသည် ပြားချပ်၍ တစ်ပြေးတည်းမနေဘဲ အတွင်းသို့ ခုံးဝင်လျက်ရှိသည်ကို တွေ့ရ၏။ သူက နံရံကို ဓားရိုးဖြင့် ခေါက်ကြည့်လိုက်ရာ လိုဏ်သံပေါက်နေသည်ကို တွေ့ရပြန်၏။ ထို့ကြောင့် ဝမ်းသာအားရ ခြေထောက်ဖြင့် ဆောင့်ကန်လိုက်ရာ ပေါက်သွားလေ၏။ သူက ခြေထောက်နာကျင်ခြင်းကို ဂရုစိုက်မနေနိုင်ဘဲ ဆက်၍ အုတ်ခဲများကို ကန်ချနေရာ အောက်ဘက်သို့ ကျသွားသံ ကြားရ၏။ ရေတိမ်သို့





ကျသွားသံ ဖြစ်၏။ သူက သတိထား၍ ငုံ့ကြည့်လိုက်ရာ ပထမတော့ ဘာမျှမတွေ့၊ ကြာတော့ အလင်းရောင်တစ်ခု ရုတ်တရက် ထွက်ပေါ်လာသဖြင့် အောက်ဘက် တွင် ရေများရှိသည်ကို တွေ့ရ၏။ အပေါ်သို့မော့ကြည့်လိုက်တော့ လျှပ်ပြာဝင်းဝင်း နှင့် မိုးကောင်းကင်ကြီးကို တွေ့ရလေတော့၏။

သူက ယခု သူလာခဲ့သောဘက်နှင့် အကွာအဝေးကို ခန့်မှန်းပြီး သူသည် ယခုအခါ ကျောင်းပျက်ကြီး၏ အရှေ့ဘက်ထန်းတောစပ်ရှိ ရေတွင်းပျက်ကြီးသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်းကို သိရှိရ၏။ လိုဏ်ဂူသည် ရေတွင်း၏ အလယ်ပိုင်း လောက်မှ ဖောက်ထွက်ခြင်းဖြစ်၏။ သူက ခုမှပင် ဤရေတွင်းကို အဘယ်ကြောင့် ကျဉ်းကျဉ်းသေးသေး ပြုလုပ်ထားသည်ကို နားလည်သဘောပေါက်မိတော့၏။ လူတစ်ယောက် အလွယ်တကူ ခြေထောက်နှစ်ဖက်ဖြင့် ကန်၍တက်နိုင်ရန် စီမံထားခြင်း ဖြစ်၏။

သူက လျှပ်စီးရောင်များကို မြင်နေရသလို မိုးချုန်းသံများကိုလည်း ကြားနေရပြီ ဖြစ်၏။ သို့ရာတွင် သေနတ်သံများကိုကား မကြားမိချေ။ သို့ရာတွင် သူက စဉ်းစားတွေးတောချိန်မရှိဘဲ လိုဏ်ဂူထဲမှနေ၍ ရေတွင်းထဲသို့ ရောက်အောင် အားခဲစွာ ထွက်လိုက်ရသည်။ သူက ရေတွင်းနံရံကို ခြေနှစ်ဖက်ဖြင့် ကန်ရပ်မိသော အခါတွင်၊ အထက်ရေတွင်းနှုတ်ခမ်းသည် လက်ခုပ်တစ်ဖောင် ကျော်ကျော်တွင် ရှိကြောင်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရ၏။ သို့ရာတွင် ရေတွင်းနံရံမှာလည်း ရေညှိများကပ်နေပြီး ချော်ကျိုနေသဖြင့် တက်ရသည့် အလုပ်မှာ မလွယ်ကူပါချေ၊ အထက်သို့မရောက်ဘဲ အောက်သို့ကျသွားကာ ကိစ္စချောနိုင်ပါသည်။ မကြာခဏပင် သူ၏ လက်များ၊ ခြေထောက်များသည် ချော်၍လွတ်၍သွားပြီး ကျမလို ဖြစ်သွား၏။ သူက ခွန်းတလုံးလုံးဖြင့်၊ မလျှော့သောဇွဲဖြင့် ငါးမိနစ်ခန့် ကြိုးစားမိသော အခါတွင် ရေတွင်းဘောင်ပေါ်သို့ ရောက်ရှိသွားလေ၏။ သူက ရေတွင်း၏ အရှေ့ ဘက်သို့ ခုန်ဆင်းလိုက်ပြီး ကျောင်းပျက်ကြီးဆီသို့ ကြည့်ရှုအကဲခတ်လိုက်၏။ ယခုအခါတွင် လျှပ်ရောင် တဝင်းဝင်းတွင် ရန်သူများက သူ့ကို မမြင်တွေ့ရဘဲ သူကသာ ရန်သူများကို မြင်တွေ့ရလေသည်။ ကျောင်း၏ အနောက်တောင် ထောင့်တွင် လူလေးယောက် မတ်တတ်ရပ်လျက်ရှိသည်။ လျှပ်တစ်ပြက်မှာပင် သူတို့ လေးယောက်သည် ဦးခမ်းလုံအတု (ဗိုလ်မိုးလုံး)၊ လက်မရှဲမင်းခေါင်၊ လင်းဝါး ဆောင်း ကျော်ထွန်းနှင့် ဓားထွန်းစိန်တို့ ဖြစ်ကြောင်းကို ထင်ထင်ရှားရှား တွေ့မြင် လိုက်ရ၏။ သူတို့ တစ်စုံတစ်ခုကို ဆွေးနွေးငြင်းခုံ ပြောဆိုလျက်ရှိ၏။



www.burmeseclassic.com

သူရသတီမယ်တော်၏ ဝမ်းဗိုက်ကို ဖောက်ထွင်း၍ထားသော ကျွန်းတိုင် တွင်းသို့ သက်ဆင်းနဲ့ချိန်မှစ၍ ရေတွင်းပေါ်သို့ ရောက်သည့်အချိန်အထိ ဆယ်မိနစ် ကျော်ကျော် ကြာခဲ့ပြီဖြစ်၏။ အနောက်ဘက် သရက်ပင်ပေါ်မှနေ၍ ပစ်လိုက်သူ၏ လက်ချက်ကြောင့် လဲကျသွားသော သဏ္ဌာန်သည် ပြန်လည်ထလာခြင်း မရှိတော့ သဖြင့် ကျောင်းပျက်ကြီးပေါ်တွင် အသက်ရှင်နေသူတစ်ဦး၏ လှုပ်ရှားမှုမျိုးကို မတွေ့ရှိရသဖြင့်၊ သစ်ပင်ပေါ်မှ မြွေဟောက်များသည် အောက်သို့ ဆင်းလာကြခြင်း ဖြစ်၏။ ထို့နောက် သူတို့၏ သားကောင် ကျဆုံးပြီ၊ မကျဆုံးပြီကို ဆွေးနွေးငြင်းခုံနေ ကြခြင်း ဖြစ်၏။ နောက်ဆုံးတွင် ဦးခမ်းလုံအတုက လက်ဝါးစောင်းကျော်ထွန်းကို အပေါ်သို့တက်ရန် အမိန့်ပေးလိုက်၏။

ခင်မောင်ရင်သည် ထိုအခြင်းအရာများကို စောင့်ကြည့်နေ၍ မဖြစ်သည့် အလျောက် သူတို့နှင့် ဝေးရာသို့ အမြန်ဆုံးထွက်ပြေးရန် ဆုံးဖြတ်လိုက်၏။ သူ၏ ထနောင်းကုန်းကျေးရွာရှိမည့် အရှေ့တောင်အရပ်သို့ ပြေးရန် ဆုံးဖြတ်လိုက်၏။ သူတို့ နောက်မှ လိုက်လာကြလျှင်လည်း ထနောင်းကုန်းမှ ပပဝန်း၏ဆွေမျိုးများ အကူအညီဖြင့် ခုခံဖမ်းဆီးနိုင်ရန် ဖြစ်၏။ သူက အရေးထဲတွင် ပပဝန်း၏ မျက်နှာနှင့် အသံတို့ကို မြင်ယောင် ကြားယောင်မိသေး၏။

ပပဝန်း၏ စနက်ကြောင့် ဤမြွေဟောက်များ သူ့နောက်သို့ ရောက်လာ သည်ကိုမူ သူက အဘယ်မှာလျှင် သိနိုင်ပါမည်နည်း။ ပပဝန်းသည် ခရီးသွား အမည်လိမ်တစ်ခုသာဖြစ်ပြီး ဗိုလ်မိုးလုံး၏ အပေါင်းပါမကလေး စုစုမြိုင် ဖြစ် ကြောင်းကို သူက ဘယ့်နှယ်လုပ်၍ သိနိုင်ပါချေဦးမည်နည်း။ သူကတော့ ယခု ထက်ထိ ပပဝန်းကို ယုံကြည်ကိုးစား၍ ချစ်ခင်မြတ်နိုးနေဆဲ ဖြစ်၏။

ခင်မောင်ရင်သည် အရှေ့တောင်ဘက်ရှိ ထန်းတောစပ်သို့ ပြေးသွား နေရာမှ လေးငါးလှမ်းလောက် အရောက်တွင် တုံ့ခနဲ ရပ်သွားမိ၏။ အကြောင်းမူ သူ၏ လက်ဝဲဘက်တွင် ထန်းနှစ်ပင်ကြား၌ ရပ်ထားသော ဂျစ်ကားတစ်စီးကို မြင်မိသောကြောင့်တည်း။ ခါးထွန်းစိန်တို့လူစု စီးနင်းလာသော ဂျစ်ကားပင် ဖြစ်၏။ ဂျစ်ကားအနီးတွင် မည်သူတစ်စုံတစ်ယောက်မျှ မတွေ့ရသဖြင့် သူက ဂျစ်ကားဆီသို့ ပြေးသွား၏။ သူက ဂျစ်ကားကို ကွယ်၍ ကျောင်းပျက်ကြီးဆီသို့ ကြည့်လိုက်သော အခါတွင်ကား တဖျပ်ဖျပ်လက်လာသော အလင်းရောင်တွင် ကျော်ထွန်းတစ်ယောက် ကျောင်းပေါ်သို့ ရောက်လုနီးနေပြီကို တွေ့ရ၏။ ဦးခမ်းလုံအတုသည် ကျော်ထွန်းကို လက်နှိပ်ဓာတ်မီးဖြင့် လမ်းပြပေးနေရာမှ လက်နှိပ်ဓာတ်မီးကို ပတ်ဝန်းကျင်သို့





ဆစ်ချက် ဝင့်ကာပေးလိုက်၏။ သူက ကပျာကသီ ပုကွယ်လိုက်ရသည်။ သူတို့က သူ့ကို မြင်တွေ့မသွားပါချေ။

ခင်မောင်ရင်က ဂျစ်ကားတွင် သော့တန်းလန်းရှိနေသည်ကို တွေ့ရသဖြင့် …ဆိုင်းမနေဘဲ ကမန်းကတန်းစက်နှိုးကာ တရကြမ်း မောင်းထွက်ခဲ့တော့၏။ …ချုန်းသံ ပြတ်နေချိန်ဖြစ်၍ မြွေဟောက်လေးကောင်သည် ဂျစ်ကားသံကို ကောင်းစွာ ကြားသွားကြ၏။ သူတို့အားလုံး ကြက်သေသေနေကြ၏။ ပထမဆုံး အသက်ဝင် လာသူမှာ ဗိုလ်မိုးလုံးပင်ဖြစ်၏။ သူက နှစ်လှမ်း သုံးလှမ်း ပြေးလိုက်ပြီး လက်နှိပ် ဓာတ်မီးကို လွှင့်ပစ်ကာ အိတ်ထဲမှ သေနတ်ကိုထုတ်၍ နှစ်ချက်ဆင့် ပစ်လိုက်၏။ …ရာတွင် အချိုးနီးသာတည်း။ သူ၏ သေနတ်သံသည် မိုးကြိုးသံတွင် ပျောက်ဝင် သွားပြီး သူ၏ ကျည်ဆန်များသည်လည်း လေပြင်းမုန်တိုင်းတွင် လွင့်စဉ် ပျောက်ဆုံး သွားကြလေတော့၏။

သူတို့၏ ကျိန်းသေပေါက် သားကောင်ကား လွတ်ထွက်သွားချေပြီ တည်း။

www.burmeseclassic.com

## ၅။ ။ ကိန္နရီအသွင် / ၁

မဟာမြတ်မုနိဘုရား မြောက်ဘက်စောင်းတန်းထိပ်သို့ ရောက်သောအခါတွင် နံနက် ငါးနာရီထိုးပြီးရုံပဲ ရှိသေးသည်။

သို့ရာတွင် မန္တလေးမြို့ကြီးသည် နိုးလျက်ရှိပေပြီ။ မြန်မာပြည်တွင် အစောဆုံးနိုးသော မြို့တစ်မြို့လည်း ဖြစ်လောက်ပေသည်။ ဥပမာ ရန်ကုန်မြို့ ဆိုလျှင် နံနက်ရှစ်နာရီလောက်တွင်မှ ဆိုင်တွေဖွင့်၍ ဈေးတွေစည်သည်။ မန္တလေး မြို့ကား ယင်းသို့မဟုတ်။ ဝေလီဝေလင်းကတည်းက ဆိုင်တွေဖွင့်၍ ဈေးတွင် ကြိတ်ကြိတ်တိုးနေသည်။ ရဟန်း သံဃာများသည် ရန်ကုန်မြို့တွင် နံနက် ကိုးနာရီ ဆယ်နာရီထိုးမှ ဆွမ်းခံထွက်ရသော်လည်း၊ မန္တလေးမြို့တွင်ကား အရှေ့ မိုးကောင်းကင် နီမြန်းလာသည်နှင့် တစ်ပြိုင်နက် မြေတွင်လည်း သင်္ကန်းဝါဝါများ သည် စီတန်းလျက် ရှိတော့၏။

ခင်မောင်ရင်သည် ဂျစ်ကားကို ခေတ်ပုံဆိုင်တစ်ဆိုင်ရှေ့နားတွင် ရပ်ထားလိုက်သည်။ မန္တလေးမြို့ကြီး နိုးနေပြီဖြစ်၍ သူက ဤဂျစ်ကားကို အမြန်ဆုံး





ရှုန့်လွှတ်ရပေမည်။ ဤဂျစ်ကားသည် မင်းခေါင်တို့စီးလာသော ဂျစ်ကားမှန်သော် လည်း သူတို့ပိုင်ဂျစ်ကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါချေ။ သူတို့ပိုင် ဂျစ်ကား ရှိငြားလည်း ဤလိုကိစ္စမျိုးတွင် အသုံးပြုမည် မဟုတ်ပေ။ လူဆိုးများသည် ရာဇဝတ်မှု ကျူးလွန်ရာတွင် အသုံးပြုရန် ကားအလိုရှိလည်း တခြားသူတစ်ဦးဦး၏ ကားကိုခိုး၍ အသုံးပြုကြသည်။ ဤကားသည်လည်း သူတို့အလစ်သုတ်လာခြင်းပင် ဖြစ်ပေမည်။ ထို့ကြောင့် သူက ဤဂျစ်ကား တစီစီဖြင့် မန္တလေးမြို့ထဲတွင် လမ်းသလားနေလျှင် တစ်နာရီအတွင်း ကားခိုးမှုဖြင့် အချုပ်ထဲ ရောက်သွားပေမည်။

ထိုအချက်များကို သူက လမ်းကတည်းက စဉ်းစားမိ၍ မန္တလေးမြို့သို့ ဝင်မိသောအခါတွင် ၈၄ လမ်းအတိုင်း မြို့ထဲသို့ ဝင်မသွားဘဲ ရှမ်းပွဲဘက်သို့ ချိုးတက်ခဲ့ခြင်း ဖြစ်၏။ ထို့နောက် ကားကို လူသွားလူလာ စည်ကားနေပြီဖြစ်သော စောင်းတန်းရှေ့တွင် ရပ်ထားလိုက်၏။ ကားတစ်စီးကို ဤလိုနေရာမျိုးတွင် စွန့်ပစ် ထားခဲ့ရန် အကောင်းဆုံး ဖြစ်၏။

သူက ကားသော့ကို ဖြုတ်လိုက်သည်။ ကားသော့တန်းလန်းနှင့် ထားခဲ့ ရန် မသင့်လျော်ပေ။ ၎င်းပြင် ထိုသော့သည် မူရင်းကားသော့ မဟုတ်ဘဲ ကားအမျိုး မျိုးတွင် အသုံးပြုနိုင်သော သော့တွဲကြီးသာ ဖြစ်၏။ ကျော်ထွန်းသည် ဤသော့တွဲ ကြီးဖြင့်ပင် သူ့ကားကို ခိုးခဲ့ခြင်းဖြစ်၏။ သူက သူခိုးသော့တွဲကို အိတ်ထဲ ထည့်ယူ သွားရန်လည်း မလိုလားသဖြင့် လူသူအလစ်တွင် ကားကူရှင်အောက်သို့ ထိုးထည့် လိုက်သည်။ ဤအချိန်မှာပင် သူက ဂီယာအုံပေါ်တွင် တစ်စုံတစ်ခုကို တွေ့မြင်လိုက် လေသည်။ ဆတ်ခနဲ ကောက်ယူလိုက်သည်။ လက်သုတ်ပဝါ အဖြူတစ်ထည် ဖြစ်သည်။ ထောင့်တစ်ထောင့်တွင် "အရှေ့ပြင်" ဟု စာတန်းအနီအလေး ထိုးထား သည်။ သူက ယင်း၏ အမှိုက်ပွယ်ကို ချက်ချင်းပင် နားလည်လိုက်သည်။ အရှေ့ပြင် ဆိုသည်မှာ မန္တလေးမြို့တွင်သာမက မြန်မာပြည်တွင်ပင် ထင်ရှားလှသည်။ အထက် မြန်မာပြည်တွင် အကောင်းဆုံး ဟိုတယ်တစ်ခု ဖြစ်သည်။ သူက ပဝါကို အိတ်ထဲသို့ လက်ကိုင်ပဝါသဖွယ် ထည့်လိုက်ပြီးနောက် မဟာမြတ်မုနိ ဘုရားအတွင်းသို့ မြောက်ဘက်စောင်းတန်းမှ ဝင်၍ အရှေ့ဘက်စောင်းတန်းမှ ထွက်လိုက်သည်။ သူက စောင်းတန်းနှစ်ခု အတွင်းဝယ် နယ်မှ ဘုရားဖူးလာသူတစ်ဦးပမာ ဟိုငေးဒီငေးငေး အေးအေးလူလူ လျှောက်သွားနေသဖြင့် အချိန်ဆယ့်ငါးမိနစ်ခန့်မျှ ကုန်လွန် သွားသည်။

အရှေ့စောင်းတန်းထိပ်ရှိ "စန်းသော်တာ" လက်ဖက်ရည်ဆိုင်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါတွင် ငါးနာရီခွဲနေပြီ။ သူက ချောင်ကျကျ စားပွဲတစ်လုံးတွင် ဝင်ထိုင်၍ သကြားမပါသော လက်ဖက်ရည်တစ်ခွက်နှင့် ပဲထပ်တစ်ရာတစ်ပွဲ မှာလိုက်သည်။ ထို့နောက် မန္တလေးထုတ် သတင်းစာတစ်စောင်ကို ဖတ်နေတော့သည်။

ယမန်နေ့ညက မန္တလေးဘူတာကြီးသို့ ဆိုက်ရောက်လာသော ရွှေမန်းမေ ရထားပေါ်တွင် ရထားအလုပ်သမားတစ်ဦးအား အမျိုးသမီးတစ်ဦးက တွဲပေါ်ခေါ်၍ အမျိုးသားတစ်ဦးက ချုပ်နှောင်ဖမ်းဆီးပြီး အဝတ်များ ချွတ်ယူသွားသည့်သတင်းကို လည်းကောင်း၊ ယမန်နေ့ ကိုးနာရီသောက်က "ဝင်းလိုက်" ရုပ်ရှင်ရုံအနီးတွင် ဆိုက်ထားသော ဂျစ်ကားတစ်စီး အခိုးခံရသည့် သတင်းကို လည်းကောင်း သူမျှော်လင့်သည့်အတိုင်း တွေ့ရှိရလေသည်။ ထိုမျှသာမက မန္တလေးဘူတာကြီးမှ မီးရထား အလုပ်သမားဟန်ဆောင်၍ ထွက်ပြေးသွားသူသည် ရန်ကုန်မြို့၌ ဦးခမ်းလုံ အား သတ်ဖြတ်ထွက်ပြေးသွားသော ခင်မောင်ရင်ပင် ဖြစ်လိမ့်မည်ဟု အယူရှိကာ မန္တလေးမြို့ပေါ်ရှိ ခင်မောင်ရင်နှင့် ဆွေနီးမျိုးစပ်တော်သူများ၊ ရင်နှီးသော မိတ်ဆွေအပေါင်းအသင်းများ၏ အိမ်များကို ရဲအဖွဲ့ဝင်များက ရှာဖွေကြကြောင်း ကိုလည်း ဖတ်ရှုရလေသည်။

သို့ဖြင့် သူသည် ဆွေမျိုးများအိမ်သို့လည်းကောင်း၊ မိတ်ဆွေများ အိမ်သို့လည်းကောင်း၊ မန္တလေးမြို့တွင်း၌လည်းကောင်း နေထိုင်ရန် မသင့်လျော် ကြောင်း ပပဝန်းပြောသည်မှာ မှန်ကန်လှကြောင်းဖြင့် သူက ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။ သို့ရာတွင် သူမအကြံပေးသည့်အတိုင်း ထနောင်းကုန်းကျေးရွာသို့ သွားရောက်ပုန်းရှောင်ရန် ကြံသောအခါတွင်လည်း ဘယ်ကဘယ်လို အနံ့ရ၍ လိုက်လာကြမှန်းမသိသော ခါးထွန်းစိန်တို့ လူစုက ရက်စက်စွာ လုပ်ကြံခဲ့ပြီး ကံကောင်း၍ မသေပျောက်ခဲ့ခြင်း ဖြစ်ပေသည်။

ခင်မောင်ရင်က သတင်းစာကို ချထားလိုက်ပြီး ပဲထပ်တစ်ရာကို ဆာ လောင်မွတ်သိပ်စွာ စားသောက်ရင်း စဉ်းစား တွေးတောနေတော့၏။ မန္တလေးမြို့ တွင် နေ၍မဖြစ်သည်ကား အမှန်ပင်ဖြစ်၏။ ပြင်ဦးလွင်တွင်တော့ သူငယ်ချင်း တစ်ယောက်ရှိသည်။ စိုက်ပျိုးခင်းတစ်ခု ပိုင်၍ လုံခြုံမှု ရှိတန်ကောင်းပေသည်။ ထိုသို့ သွားရန်ပင် သူက ဆုံးဖြတ်လိုက်သည်။

သူက ပဲထပ်တစ်ရာတစ်ပွဲကုန်သွား၍ ပါးစပ်သုတ်ရန် အိတ်ထဲမှ လက်ကိုင်ပဝါ ထုတ်လိုက်သောအခါတွင် စောစောက ကားပေါ်မှရခဲ့သော





သက်သုတ်ပဝါ ထွက်လာ၏။ သူက ချက်ချင်း ပြန်သည့်ထားလိုက်၏။ သို့ရာတွင် "အရှေ့ပြင်ဟိုတယ်" သည် သူ့ခေါင်းထဲသို့ ဝင်ရောက်လာပြန်တော့၏။ ဤ လက်သုတ်ပဝါသည် ဂျစ်ကားပိုင်ရှင်နှင့် သက်ဆိုင်သသော ကျော်ထွန်းတို့ လူစုနှင့်ပင် သက်ဆိုင်သလောဟူသည့် အချက်ပင်ဖြစ်သည်။ အကယ်၍သာ ဤ လက်သုတ်ပဝါကို ဂျစ်ကားပိုင်ရှင်က မနေ့ညက ဟိုတယ်မှ ခိုးယူခဲ့ခြင်း မဟုတ်ခဲ့လျှင် ကျော်ထွန်းတို့လူစု အရှေ့ပြင်ဟိုတယ်သို့ ရောက်ခဲ့ကြရပေမည်။ သူက "အရှေ့ပြင် ဟိုတယ်"ကို လိုက်သွားပြီး အခြေအနေကို အကဲခတ်ရန် ချက်ခြင်း ဆုံးဖြတ်လိုက် သည်။

သူသည် မန္တလေးမြို့တွင် မနေသည်မှာ ကြာပြီသာမက မရောက် သည်မှာလည်း သုံးနှစ်ကျော်ပြီဖြစ်၍ အင်မတန်ရင်းနှီးသော မိတ်ဆွေများမှတစ်ပါး တခြားမြို့လုံးသည် မျက်နှာစိမ်းများ ဖြစ်ကြသည်။ ပြီးတော့ မန္တလေးသည်လည်း ကျယ်ဝန်းကြီးမားသော မြို့ကြီးတစ်မြို့ မဟုတ်ပါလား။ သူအဖို့ ခဏတစ်ဖြုတ်မှ သွားမလာနိုင်အောင် မကျဉ်းမြောင်း မကျပ်တည်း တန်ရာပေ။

သူက အရှေ့ပြင်သို့သွားရန် ချက်ချင်း ဆုံးဖြတ်လိုက်သော်လည်း ဝုန်းဝုန်း ဒိုင်းဒိုင်းကြီးကား ထမသွားပါချေ။ သူက ကက်ပီတန်နှစ်ဘူး ဝယ်လိုက်သည်။ ထို့နောက် မီးညှိရန် အိတ်ထဲမှ မီးခြစ်ကို နှိုက်လိုက်ရာ ပပဝန်း ပေးလိုက်သော ယိုးဒယား မီးခြစ်နီနီကလေး ထွက်လာသည်။ မီးခြစ်ဆံ ငါးဆံရှိသေးသော်လည်း သူက အသုံးမပြုဘဲ အိတ်ထဲပြန်ထည့်ထားလိုက်သည်။ အမှတ်တရ ထားလိုက် သည်။ လက်ဖက်ရည်ဆိုင်မှ ကောင်လေးအား မီးခြစ်တစ်လုံးပေးရန် မှာလိုက်သည်။

ဖြစ်နိုင်လျှင် သူက ပပဝန်းထံသို့ပင် သွား၍ တွေ့လိုက်ချင်သေးသည်။ ပပဝန်း၏ မျက်နှာကို မြင်လိုသည်။ ပပဝန်း၏ အသံကို ကြားလိုသည်။ သို့ရာတွင် ယမန်နေ့ညက ဘူတာတွင် ဖြစ်ပျက်သည့် ကိစ္စ၌ သူမနှင့်လည်း အများကြီး သက်ဆိုင်နေသဖြင့် ရဲအဖွဲ့ဝင်များသည် သူမထံပင် ခြေရာခံမိချင် ခံမိလောက်ပြီး သူက စိတ်ပူသွားသည်။ သူ့အတွက် မဟုတ်။ သူမအတွက် ဖြစ်သည်။

ခင်မောင်ရင်က နောက်ထပ် သတင်းစာတစ်စောင်ကို မဖတ်ချင်ဘဲနှင့် အစအဆုံး ဖတ်နေပြီးမှ ထိုဆိုင်ထဲမှ ထွက်ခဲ့လေသည်။ အရှေ့ပြင် ဟိုတယ်သို့ သိပ်အစောကြီး မသွားလိုသဖြင့် အချိန်ဖြုန်းခြင်း ဖြစ်ပေသည်။ သို့ရာတွင် ဆိုင်ရှင်က ကြည်ဖြူသလိုလို၊ မသင်္ကာသလိုလို အကြည့်နှင့် အမူအရာများ ပြလာသဖြင့် သူက လစ်လာခဲ့ရလေသည်။

သူက နာရီကို သော့ပေးလိုက်သည်။ ခြောက်နာရီခွဲပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

၂

ခြင်းပိန်မကလေးတစ်ကောင်က ယက်ကန်ယက်ကန် ဆွဲငင်လာသော မြင်းလှည်းအိုကြီးတစ်စီးဖြင့် "အရှေ့ပြင်ဟိုတယ်" သို့ ခင်မောင်ရင် ရောက်သွားသောအခါတွင်ကား အချိန်များကလည်း ကုန်ခဲလိုက်ပါဘိ။ ခုနစ်နာရီပဲ ရှိသေးသည်။ သူက အချိန်ကုန်စေရန် တမင်သက်သက် မြင်းမပီန်ပိန်နှင့် ရထားအိုအိုကို ရွေးခဲ့ခြင်းဖြစ်ပေသည်။

နံနက် ခုနစ်နာရီမျှသာ ရှိသေးသော်လည်း စောစောကလေးကမှ ထွက်ပြူလာသော နေဝန်းနီနီကြီးက မန္တလေးတစ်မြို့လုံးကို သိမ်းပိုက်မိသွားပြီဖြစ်၏။ လေးပြင်လေးရပ်သည် သူ၏ စက်ဝန်းအောက်တွင် ရောက်ရှိနေကြတော့၏။ အချို့သည် နေရောင်ကြောင့် လန်းနေပြီ။ အချို့သည် နေရောင်ကြောင့် နွမ်းနေလေသည်။ အချို့သည် နေရောင်တွင် ရွှင်မြူး၍၊ အချို့သည် နေရောင်တွင် ညစ်ညူးလျက်ရှိလေသည်။

ခင်မောင်ရင်မှာမူ မန္တလေးမြို့ကြီးကို နေ၏ အလင်းရောင်နှင့် နေ၏





အနွေးဓာတ်တို့က ပူးပေါင်းသိမ်းပိုက်ကြပြီ ဆိုသည့်အကြောင်းကို သတိမမူအားဘဲ မြင်းလှည်းခပေးပြီးနောက် အရှေ့ပြင်ဟိုတယ်၏ ခြံဝန်းထဲသို့ လျှောက်ဝင်သွားလေသည်။

တစ်ချိန်ကမူ ဤဒေသသည် အငြိမ်းစား အစိုးရအရာရှိကြီးများ နေထိုင်ခဲ့ရာ ဒေသဖြစ်သည်။ ယင်းကြောင့် ကျယ်ဝန်းသည်။ သန့်ပြန့်သည်။ တိတ်ဆိတ်ငြိမ်သက်သည်။ ယခုလည်း ပြောင်းလဲခြင်းမရှိသေးပါပေ။ လူချမ်းသာတို့၏ နန္ဒဝန်ရပ်ကွက်သာ ဖြစ်ပေသည်။

အရှေ့ပြင်ဟိုတယ်ကို ဤဒေသတစ်ဝိုက်၏ အကောင်းမွန်ဆုံးသော နေရာတစ်ခုတွင် တည်ဆောက်ထားလေသည်။ တစ်ခုတည်းသော ကုန်းမြင့်ကလေးပေါ်တွင် ပြိုင်ဖက်မရှိ ဝါကြွားနေခြင်း ဖြစ်လေသည်။

အရှေ့ပြင်ဟိုတယ်ပေါ်မှ နေ၍ အရှေ့ဘက်သို့ ကြည့်လိုက်လျှင် ဗေဒါစိမ်းစိမ်း ရေစိမ်းစိမ်းနှင့်ကျုံး၊ နီနီမှိုင်းမှိုင်း ဆိုင်းဆိုင်းညို့ညို့နှင့် မြို့ရိုး၊ ပြီးတော့ မန္တလေးတောင်တစ်ဝိုက် အနောက်ဘက်သို့ ကြည့်လိုက်လျှင်ကား မန္တလေးမြို့၏ အလယ်သားကို တွေ့ရမည်။ ပြီးတော့ ကွေ့ဝန်းနေသော ရောဝတီ၊ မင်းဝံတောင်မှီး တောင်ဘက်သို့ ကြည့်လိုက်လျှင်ကား မန္တလေးတက္ကသိုလ်၊ မဟာမြတ်မုနိ၊ ချမ်းမြသာစည် လေယာဉ်ပျံကွင်း။ ပြီးတော့ ပြီးတော့ . . .

ခင်မောင်ရင်သည် မန္တလေးသား တစ်ဦးဖြစ်သော်လည်း အရှေ့ပြင်ဟိုတယ်သို့ကား တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးချေ။ ဤဟိုတယ်သည် သူတို့မိသားစု ပြောင်းသွားပြီးသည့် နောက်ပိုင်းတွင်မှ တည်ဆောက်ခြင်း ဖြစ်ပေသည်။ ဤဟိုတယ် ပြီးခါစက မန္တလေးသို့ တစ်ခေါက်ရောက်ခဲ့သေးသော်လည်း အကြောင်းမညီညွတ်၍ မဝင်ခဲ့ရပေ။ ဟိုတယ်၏ သတင်းကို အဝေးမှ ကြားရုံသာ ကြားခဲ့ဖူးလေသည်။ လေအေးစက် တပ်ဆင်ထားသည်။ အခန်းတိုင်းတွင် တယ်လီဖုန်းရှိသည်။ ဟိုတယ်ပိုင် အငှားကားများ ရှိသည်။

ယခုမူ သူသည် မရည်ရွယ်ဘဲနှင့် အရှေ့ပြင်ဟိုတယ်သို့ ရောက်ခဲ့ ရပြီ။ ဟိုတယ်၏မျက်နှာစာ ပန်းဥယျာဉ်ကား လှပပါပေသည်။ ပြင်ဦးလွင် ၏ နယ်မြေအစိတ်အပိုင်း တစ်ခုဟု ထင်ရသည်။ သူက ဆင်ဝင်အောက်သို့ မဝင်ခင် ဟိုတယ်အဆောက်အဦကြီးကို တစ်ချက်မော့ကြည့်လိုက်သည်။ ဗိသုကာ မျက်စိဖြင့် ကြည့်လိုက်သည်။ ကြိုက်သည်။

ဟိုတယ်တွင်းသို့ ဝင်သွားသောအခါတွင်ကား ရွှေမန်းသူကလေး တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



က ရွှေခြေကျင်း တဝင်းဝင်းနှင့် ဆီးကြိုနေသည်ကို မတွေ့ရဘဲ ဟိုတယ်ရုံးခန်းဟု ခေါ်ဆိုနိုင်သော စားပွဲရှည်ကြီး၏ နောက်ဘက်တွင် ထိုင်နေသော လူရွယ်တစ်ဦးတည်းကိုသာ တွေ့ရသည်။ ဟိုတယ်စာရေးဖြစ်ပေမည်။ စားပွဲရှည်ကြီး၏ နောက်ဘက်တွင် ကုလားထိုင်များနှင့် စားပွဲများကို တွေ့ရလေရာ စောသေးသဖြင့် လူမစုံသေးခြင်း ဖြစ်မည်ဟု တွက်လိုက်သည်။ သူက ဟိုတယ်စာရေးထံသို့ လျှောက်သွားသည်။ လမ်းခုလတ်ကျမှ ထောင့်တစ်ထောင့်တွင် တံမြက်လှည်းနေသော အမျိုးသမီးတစ်ဦးကို တွေ့ရသည်။ ထိုမှုသာမက မှန်ချပ်ကြီးဖြင့် ကာထားသော တစ်ဖက်ခန်းမဆောင်တွင် လူတချို့ စားသောက်လျက်ရှိသည်ကို တွေ့ရသည်။ ဟိုတယ်ဧည့်ခန်းသည် အနောက်ဘက်ထောင့်စွန်းနေရာကို ယူထားသည်။ အရှေ့ဘက် သုံးပုံနှစ်ပုံသည် စားသောက်ခန်းကြီး ဖြစ်ပေသည်။ အထက်ထပ်သို့ တက်သော လှေကားကိုကား မှန်ခန်းဆောင်နှင့် ရုံးခန်း အကြားတွင် ကော်ဇောနီကြီးများ ခင်းလျက်သားနှင့် တခမ်းတနား တွေ့မြင်ရသည်။ တံခါးမကြီးမှ ဝင်လာသူသည် ရုံးခန်းသို့ လည်းကောင်း၊ အထက်ထပ်လှေကားသို့ လည်းကောင်း၊ မှန်ခန်းဆောင်သို့ လည်းကောင်း ကြိုက်ရာလမ်းသို့ တိုက်ရိုက်သွားနိုင်ပေသည်။ မှန်ခန်းဆောင်မှနေ၍ လှေကားထိပ်သို့လည်း တိုက်ရိုက်သွားနိုင်ပေသည်။

ဟိုတယ်စာရေးသည် ခင်မောင်ရင်ဝင်လာသည်ကို မြင်သော်လည်း ဂရုစိုက်သည့် မျက်နှာထားဖြင့် တစ်ချက်မျှသာ ကြည့်ပြီးနောက်၊ မှတ်ပုံတင် စာအုပ်ကြီးကို လှန်လှောလျက်ရှိလေသည်။ ယင်းအဖြစ်ကို တွေ့မြင်သောအခါ ခင်မောင်ရင်က ဒေါပွသွားသည်။ မန္တလေးသားတွေ ဤမျှအထိ ရိုင်းပျနေကြပြီလော။ အရှေ့ပြင် ဟိုတယ်သည် နာမည်ကြီးသလောက် ဆက်ဆံရေး ညံ့ဖျင်းလှသလောဟု ဖြစ်၏။ သူက ကောင်တာပေါ်တွင် လက်ထောက်၍ ရပ်မိသည်အထိ ထိုလူသည် သူ့အား မော့မကြည့်တော့ချေ။ သူ့အလုပ်နှင့်သူ အလုပ်များဟန်ဆောင်နေသည်။

'ဘာယ်လိုလဲဗျ။ ခင်ဗျားတို့ ဟိုတယ် အခန်းတွေပြည့်နေပြီလား။ ဒါမှမဟုတ် ပြည်သူပိုင်သိမ်းထားပြီး စာရင်းတွေ စစ်နေလို့လား'

'ခင်ဗျာ'

သူက ဒေါနှင့်မောနှင့် ပြောလိုက်သောအခါတွင် ဟိုတယ် စာရေးက သူ့အား မယုံသင်္ကာသော မျက်လုံးများဖြင့် ကြည့်နေသည်။ သည်တော့မှ ခင်မောင်ရင်သည် သူ့ကိုယ်သူ ပထမဆုံးအကြိမ် ဂရုတစိုက်ကြည့်မိတော့သည်။ ဟိုတယ်စာရေးက သူ့အား အလေးမယူ ဂရုမထားသည်မှာ အဆိုးမဆိုသာပေ။





အရူးဆိုပြီး မောင်းမထုတ်သည်ကပင် တော်လှပြီ။

သူ့အင်္ကျီ၊ လုံချည်များသည် ညစ်ပတ်ပေရေလျက်ရှိသည်။ သူ့ တစ်ကိုယ်လုံးတွင် အပွန်းအပဲ့များနှင့် အမည်းစွန်းများ ညစ်ထည်းလျက်ရှိ၏။ တံတောင်ဆစ်တွင် ရေညှိစိမ်းများ တွယ်ကပ်လျက်ရှိသည်။ သူ့ခေါင်းမှ ဆံပင်များသည် ဖွာဆန်ကြဲလျက်နေသည်။ ဘုရားကြီး အရှေ့မုခ်က လက်ဖက်ရည်ဆိုင်တွင်တော့ သူသည် ဆိုက်ကားဆရာများ၊ မြင်းလှည်းဆရာများနှင့် ရောနှောနေ၍ မသိသာလှပေ။ သို့ရာတွင် အထက်တန်းစားတွေသာ လာတတ်သော ဤလို ဟိုတယ်မျိုးတွင်တော့ သူသည် သိသာ ခြားနားလျက်ရှိ၏။ ဟိုတယ်သို့လာသော လူကြီးလူကောင်း တစ်ယောက်နှင့် မတူဘဲ အလုပ်လာလျှောက်သော ထမင်းငတ်နေသူ တစ်ဦးနှင့် တူနေ၏။ ယင်းအဖြစ်ကို သိ၍ သူက ပြုံးကာ –

'ကျွန်တော့်အတွက် အခန်းတစ်ခန်း မရနိုင်ဘူးလား'

'ခင်ဗျာ'

'ခင်ဗျားက ကျွန်တော့် အဝတ်အစားတွေကို ကြည့်ပြီး ဟိုတယ်မှာ မတည်းနိုင်ဘူး ထင်လို့လား။ ဒီမှာ ကြည့်ဗျာ၊ ခင်းဗျားတို့ ဟိုတယ်မှာ တစ်လမက တည်းနိုင်တယ်'

သူက ငွေစက္ကူထပ်ကြီးကို ထုတ်ပြ၍ ပြောလိုက်သည်။

'ခင်ဗျာ'

ဟိုတယ်စာရေးသည် သူ၏ အပြုအမူကြောင့် တကယ်ပင် ရူးသွားတော့မလို ရှိနေ၏။ ရုပ်ပျက်ဆင်းပျက်နှင့် လူတစ်ယောက် ငွေတွေကိုပြပြီး သူ့အား ခထီမဲ့မြင် ပြောနေသဖြင့် သူက မည်သို့ ပြန်၍ ဆက်ဆံရမှန်းမသိ ဖြစ်နေသည်။

'နေပါဦး၊ မိတ်ဆွေက "ခင်ဗျာ" ဆိုတာကလွဲပြီး တခြားစကားလုံး မပြောတတ်တော့ဘူးလား'

'ဟုတ်ကဲ့ ခင်ဗျာ'

'ဩော် "ဟုတ်ကဲ့" လည်း ပြောတတ်သလား'

ဟိုတယ်စာရေးသည် ခေါင်းတစ်ချက် ယမ်းလိုက်ပြီး စိတ်တည်ငြိမ်စွာထား၍ မေးလိုက်သည်။

'ဆရာ ကျွန်တော် ဘာလုပ်ပေးရမလဲ'

'ကျွန်တော် အခန်းတစ်ခန်း လိုချင်တယ်။ ရမလား'

'ဆရာ မှတ်ပုံတင် ကတ်ပြားပါသလား'



www.burmeseclassic.com

www.burmeseclassic.com



'မပါဘူး'

'ခင်ဗျာ'

'လာပြန်ပြီလား ခင်ဗျာ'

'မဟုတ်ဘူး ခင်ဗျာ၊ ကျွန်တော်တို့ ဟိုတယ်တွေက မှတ်ပုံတင်မပါတဲ့ လူကို အခန်းမငှားရဘူး ခင်ဗျ'

'သြော် ဒါက လွယ်ပါတယ်။ ကျွန်တော့်ကိုယ်ကို သေသေချာချာ ကြည့်ပါလား။ လူတစ်ကိုယ်လုံး ဓံပရေနေတာ မတွေ့ဘူးလား။ ဒါကြောင့် မှတ်ပုံတင် မပါတာပေါ့'

'ခင်ဗျာ'

'လာပြန်ပြီ'

'မဟုတ်ဘူး ဆရာ၊ ဆရာ ပြောတာ ကျွန်တော် ဘာမှ နားမလည်တော့ဘူး'

'ကျွန်တော့ ကိုယ်မှာ ပေနေတာတွေတော့ တွေ့တယ် မဟုတ်လား'

'တွေ့ပါတယ် ဆရာ'

'အဲဒါကြောင့် မှတ်ပုံတင် မရှိတာပေါ့'

'ခင်ဗျာ'

'သြော် ခက်လိုက်ပါဘိ။ မနက် လေးနာရီလောက်က ပြင်ဦးလွင်မြို့ကနေ ဒီကို ဆင်းအလာ လမ်းမှာ ဓားပြတိုက်လို့ မှတ်ပုံတင်ကတ်ပြားနဲ့ ငွေသုံးလေးဆယ် ပါသွားတယ်'

'ခင်ဗျာ'

'စောစောက ခင်ဗျားကို ပြတဲ့ပိုက်ဆံတွေကို ကျွန်တော်က သူတို့ အလစ်မှာ လမ်းဘေးကို ပစ်ချလိုက်တာကိုး။ ဒါပေမဲ့ သူတို့ကလည်း မသက်သာ လို့ ကားကိုမွှေနှောက်ရှာနေကြတယ်။ ဒါနဲ့ကျွန်တော်လည်း အလစ်မှာ ပိုက်ဆံ ပစ်ချလိုက်တဲ့ လမ်းဘေးချောက်ထဲကို လိမ့်ချလိုက်တယ်။ ဒါကြောင့် ဒီလို ပေရေကုန်တာပေါ့'

'ဆရာ့ကို သူတို့ မလိုက်ဘူးလား'

'ဟာ လိုက်တာပေါ့။ ဒါပေမဲ့ ဘာရမလဲ၊ ကျုပ်ကလဲ ပိုက်ဆံတွေ ပါးစပ်မှာကိုက်ပြီး နွယ်ကြိုးတစ်ခုကနေ တစ်ခုကို ကူးပြီး လစ်ပြေးခဲ့ရတယ်'

'ခင်ဗျာ'





'သြော် မိတ်ဆွေက တာဇံကား မကြည့်ဖူးဘူးလား'

'ကြည့်ဖူးပါတယ်'

'အဲဒီလိုပဲပေါ့'

'ဒါနဲ့ ဆရာ လွတ်လာရောလား'

'လွတ်လာလို့ ဒီကို ရောက်လာတာပေါ့'

'ဆရာ ရဲဌာန မတိုင်ဘူးလား'

'အခု ရဲဌာနကနေ လာတာပဲ။ ရဲဌာနက ကားနဲ့ လိုက်ပို့ပေးတာပေါ့'

'သြော် ဟုတ်ကဲ့။ ဒါဖြင့် ဆရာ့နာမည် ပြောပါ။ အကောင်းဆုံး အခန်းကို ပေးစေမယ်'

သူက မှတ်ပုံတင်စာအုပ်ကို ဖွင့်ရင်း မေးလိုက်သည်။

'ကျောက်ဘီလူး'

ခင်မောင်ရင်က ခပ်တည်တည် ပြောလိုက်သောအခါ ဟိုတယ်စာရေး တုန်လှုပ်သွားပြီး –

'ခင်ဗျာ'

'ဘာပြုလို့လဲ'

'ဘာမှ မပြုပါဘူး။ ဆရာ့ နာမည်က ဆန်းလို့ပါ'

'ဆန်းတာက ဒီလိုဗျ 'ဟု အစချီပြီး "ချောက်ဘီလူး"မှ ကာလ ရွေ့လျော၍ "ကျောက်ဘီလူး"ဖြစ်လာရပုံကို ပပဝန်းအား ရထားပေါ်တွင် ပြောပြခဲ့သည့်အတိုင်း ထပ်မံပြောပြရာ ဟိုတယ်စာရေးသည် ခွက်ထိုး ခွက်လန် ရယ်မောပါလေတော့၏။ သူက အရယ်ရပ်ရန် မနည်းကြိုး တောင်းပန်၍ ယူရ၏။ ဟိုတယ်စာရေးသည် ယခုအခါ ယုံကြည်ခြင်း၊ နှစ်ခြိုက်ခြင်းများ အပြည့်အဝရှိသွားလေပြီ ဖြစ်၏။ ခင်မောင်ရင်က ဓားထွန်းစိန်တို့အကြောင်း ဘယ်လို စ၍ မေးရပါမည်နည်းဟု စဉ်းစားနေချိန်တွင် –

ခွာမြင့်ဖိနပ်သံ တခေါက်ခေါက်ကို ကြားရသဖြင့် သူတို့နှစ်ယောက်စလုံး ပြိုင်တူ လှည့်၍ကြည့်ကြသည်။ မှန်ခန်းဆောင်အတွင်းမှ ထွက်လာသော အမျိုးသမီး တစ်ဦးသည် ကော်ဇောနီ ခင်းထားသော လှေကားကြီးဆီသို့ လျှောက်သွားနေသည်။ သူတို့နေရာမှဆိုလျှင် သူမကို ဘေးတိုက် မြင်နေရသည်။

အမျိုးသမီးသည် အကျီအနက်နှင့် ထဘီအနက်ကို ဝတ်ဆင်ထားသည်။ ထဘီအနက် အောက်စနားတွင် စပယ်ဖြူဖြူ သုံးလေးပွင့်ရှိသည်။ တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



အနက်တွင် မဖြစ်စလောက်လေး ဖြူနေခြင်းက ပေါ်လွင်လှသည်။ သူမ၏ တင်သားသည် ဆင်နားရွက် နှစ်ခုသဖွယ် လှုပ်ရှားလျက် ရှိသည်။

'တော်တော်လှတယ်နော် ဆရာ'

'ခင်ဗျာ'

ဟိုတယ်စာရေးက ပြောလိုက်သဖြင့် သူက လန့်သွားသည်။ ပြီးတော့ ဟိုတယ်စာရေး၏ "ခင်ဗျာ"သည် သူ့ပါးစပ်ထဲသို့ အလိုလို ရောက်လာသည်။

'ရွှေမန်းသူတွေ ဘယ်လောက် ယဉ်တယ်ဆိုဆို၊ ကိုယ်လုံးကိုယ်ထည် အလှမှာတော့ ရန်ကုန်သူတွေကို မမီဘူး ဆရာ'

'ခင်ဗျာ'

သူက ဟိုတယ်စာရေး၏ ဆက်လက် ပြောဆိုမှုကြောင့် ပို၍ပင် ထိတ်လန့်တကြား ဖြစ်သွားမိသည်။ အကြောင်းမူ ခြေသံခွာသံ ပြင်းပြင်းနှင့် လျှောက်သွားနေသူမှာ ပပဝန်း ဖြစ်၏။ ပပဝန်းမှ ပပဝန်းအစစ် ဖြစ်၏။ သူက ပပဝန်းကို မည်သည့်ထောင့်က နေ၍ မြင်တွေ့ရသည် ဖြစ်ဖြစ် မှတ်မိနေမည်ဖြစ်၏။ ယခုလည်း ကျောဘက်မှ တစ်ချက်မြင်လိုက်ရုံဖြင့် ပပဝန်းမှန်း သိလိုက်၏။ ပပဝန်းသည် အဘယ်ကြောင့် ဤဟိုတယ်ပေါ်သို့ တက်ရောက်သွားနေသနည်းဟု သူက စဉ်းစားနေစဉ်တွင် ဟိုတယ်စာရေးက ရုတ်တရက်ကြီး လှတယ်ဟု ပြောလိုက်သဖြင့် သူ့ပါးစပ်မှ "ခင်ဗျာ" တစ်ခွန်း ထွက်သွား၏။ တစ်ဖန် ပပဝန်းကို ရန်ကုန်သူဟု ဆိုလိုက်သဖြင့် သူက ဒုတိယ "ခင်ဗျာ" ကို ပို၍ ကျယ်လောင်စွာ ရွတ်ဆိုလိုက်မိ၏။

'နေပါဦး။ သူက ဘယ်သူမို့လဲ'

ခင်မောင်ရင် လွှတ်ခနဲ မေးလိုက်သည်။ အမျိုးသမီးသည် ယခုအခါ လှေကားပေါ်သို့ တက်သွားနေပြီဖြစ်သဖြင့် စောစောက လက်ဝဲဘက်ပိုင်းကို မြင်ရပြီး ယခု လက်ယာဘက်ပိုင်းကို မြင်ရသည်။ ဘယ်ကပဲ ကြည့်ကြည့် သူမသည် ပပဝန်းပဲ ဖြစ်၏။ ပပဝန်းသည် ရွှေမန်းသူပဲ ဖြစ်၏။ မန္တလေး တက္ကသိုလ်မှ ဓာတုဗေဒ ဆရာမလေး ဖြစ်၏။

'ဟဲ ဟဲ ဆရာ အတော် စိတ်ဝင်စားနေပြီနဲ့တူတယ်။ သူက မနေ့ကမှ ရွှေမန်းမြေနဲ့ ရောက်လာတဲ့ ရန်ကုန်သူတစ်ယောက်ပဲ ဆရာ'

'နေပါဦး။ သူက ပပဝန်း မဟုတ်ဘူးလား'

ခင်မောင်ရင်က စိတ်ရှုပ်ထွေးသော အမူအရာဖြင့် မေးလိုက်လေသည်။





'ဘယ်က ပပဝန်းရမှာလဲ ဆရာ။ စုစုမြိုင်ပါ'

'ခင်ဗျာ'

'ဘယ်လို ဖြစ်သွားတာလဲ ဆရာ'

ခင်မောင်ရင်၏ ပါးစပ်ကြီးသည် ပြန်မပိတ်ဘဲ ရှိနေသဖြင့် ဟိုတယ် စာရေးက ပြောလိုက်သည်။

'ခင်ဗျား မှားနေပြီနဲ့ တူတယ်။ ကျွန်တော် သူ့ကို သိတယ်။ သူက မန္တလေးတက္ကသိုလ်က ဓာတုဗေဒ လက်ထောက်ကထိက ဒေါ်ပပဝန်းဗျ။ ခင်ဗျား ပြောသလို ရန်ကုန်သူဆိုတာ မဟုတ်ဘူးဗျ။ မန္တလေးသူမှ မန္တလေးသူ အစစ်ဗျ။ မယုံရင်'

'ဆရာ လူမှားနေပြီ။ ကျွန်တော်က မှတ်ပုံတင်စာရေးပဲ။ သေသေချာချာ သိတာပေါ့။ သူ့နာမည်က ဒေါ်စုစုမြိုင်။ ပြီးတော့ ရန်ကုန်တက္ကသိုလ်က ဆရာမ။ ခဲ ဆရာ ပြောသလို လက်ထောက်ကထိကတော့ မဟုတ်ဘူး။ ဘာ ဘာတဲ့။ အဏုမြူ'

'အဏုမြူဗုံးလား'

'အို မဟုတ်ပါဘူး ဆရာ။ အဏုမြူရူပဗေဒဌာနရဲ့ လက်ထောက်ကထိက တဲ့။ မယုံရင် ဟောဒီမှာကြည့်'

ဟိုတယ်စာရေးက မှတ်ပုံတင်စာအုပ်ကို ထိုးပြသည်။ ဤ အမျိုးသမီး သည် ရန်ကုန်တက္ကသိုလ်မှ အဏုမြူရူပဗေဒ လက်ထောက်ကထိက ဒေါ်စုစုမြိုင် ဖြစ်ကြောင်း မငြင်းနိုင်သလို ဤအမျိုးသမီးသည် သူနှင့် မီးရထားစီးခဲ့သူ၊ တစ်ခန်း တည်း လိုက်ခဲ့သူ၊ သူ့အား ကယ်တင်ခဲ့သူ ပပဝန်း။ ရွှေမန်းသူ ပပဝန်း၊ မန္တလေး တက္ကသိုလ်မှ ဓာတုဗေဒ လက်ထောက်ကထိက ဒေါ်ပပဝန်း ဖြစ်ကြောင်းကိုလည်း သူက သေချာလှသည်။ သို့ရာတွင် ကျောက်ဘီလူးနှင့် သူ့အားပင် ဓားထွန်းစိန်တို့က လှမှားခဲ့ကြပေသေးသည်။ ဤအမျိုးသမီး နှစ်ယောက်သည်လည်း အမွှာအူ ညီအစ်မများ ဖြစ်ကြလေသည်လား။ ထို့ပြင် သူက လူတစ်ယောက်နှင့် ငြင်းခုံရန် လာခဲ့သည် မဟုတ်။ သတင်းစနည်းနာရန် လာခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် 'ကဲ ခင်ဗျားပြောသလို ဒေါ်စုစုမြိုင်ပဲ ထားပါတော့။ အင်းယားရေ တစ်စည်လေးက တော့ သယ်လာချင်တဲ့ ရန်ကုန်သူဆိုပါတော့။ သူ ဒီဟိုတယ်ကို ဘယ်တုန်းက ရောက်တာလဲ'

'ကျွန်တော် ပြောပြီးပါပကော။ မနေ့ညနေ ခြောက်နာရီခွဲက်တဲ့ ရွှေမန်းအ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပါလာတာပါလို့။ အဲဒီတော့ ဒီဟိုတယ်ကို မနေ့ည ခုနစ်နာရီလောက်က ရောက်တယ်ဆိုပါတော့'

ဤကား စဉ်းစားစရာပင်ဟု ခင်မောင်ရင်က ယူဆလိုက်သည်။

'သူ တစ်ယောက်တည်းလား'

'ဒီ ဟိုတယ်မှာ တည်းတာတော့ သူတစ်ယောက်တည်းပဲ။ ဒါပေမဲ့'

'ဒါပေမဲ့ ဘာပြုလဲ'

ခင်မောင်ရင် စိတ်အားထက်သန်စွာ မေးလိုက်သည်။

'သူ့မှာ အဖော်တွေပါတယ်'

'ဘယ်သူတွေလဲ။ ယောကျာ်းလား၊ မိန်းမလား'

'ယောကျာ်းတွေပဲ။ သုံးယောက်ပဲ။ သူတို့ ဒီမှာ ထမင်းအတူတူ စားသွားကြတယ်။ သူ့ကို လိုက်ပို့တာနဲ့ တူတယ်'

'သူတို့နာမည်ကို သိလား'

'ဒါတော့ ဘယ်သိမလဲဆရာ။ ဩော် တစ်ယောက်ကိုတော့ သိတယ်ဆရာ။ အဲဒီလူက သူ့ကို အခန်းလိုက်ပြပေးတာပဲ။ သူ့နာမည်ကို ကျွန်တော် ပြောသွားတယ်'

'ဟုတ်လား၊ ဆိုစမ်းပါဦး။ အဲဒီလူရဲ့ နာမည်က ဘယ်သူတဲ့လဲ'

'ဘယ်သူဆိုလားပဲ ဆရာ'

ဟိုတယ်စာရေးက စဉ်းစား၍နေရာ ခင်မောင်ရင်က စိတ်မရှည်စွာဖြင့်'

'လုပ်စမ်းပါဗျာ'

'ဩော် သိပြီဆရာ။ ဗိုလ်မိုးလုံးတဲ့'

ခင်မောင်ရင်က စိတ်ပျက်သွားသည်။ သူ မကြားဖူးသော နာမည်ဖြစ်သည်။ သူမျှော်လင့်ထားသော နာမည်များမှာ မင်းခေါင်၊ ထွန်းစိန်၊ ကျော်ထွန်းစသော နာမည်များသာ ဖြစ်၏။ သို့ရာတွင် ပပဝန်းကို စုစုမြိုင်ဟု ပြောင်းထားသလို ဗိုလ်မိုးလုံး ဆိုသည်မှာလည်း ပြောင်းထားသော နာမည်တစ်ခု ဖြစ်နိုင်သဖြင့် –

'အဲဒီ ဗိုလ်မိုးလုံးရဲ့ ပုံပန်းကို ပြောပြစမ်းပါဦး'

သူက မေးလိုက်သည်။

'အရပ် ပုပုဝဝပဲ။ အသက် သုံးဆယ်ငါးနှစ် လေးဆယ်လောက်ရှိပြီး ပြီးတော့ ဆံပင်က'

ဟိုတယ်စာရေး ပြောပြသော ဗိုလ်မိုးလုံး ဆိုသူ၏ ပုံပန်းသဏ္ဌာန်သည်





ခင်းရှူးမြိုင်တွင် သူကိုယ်သူ ဦးခမ်းလုံဟု အဆိုရှိသော လက်မရှိ မင်းခေါင်တို့၏ အတုနှင့် တထေရာတည်း တူနေချေတော့သည်။ ပပဝန်းက သူ့ကို ရဲအဖွဲ့လက်မှ ကယ်တင်၍ ထန်းတောကုန်း ကျောင်းပျက်ကြီးသို့ ပို့လွှတ်ခြင်း၊ ထိုနေရာသို့ မင်းခေါင်တို့လူစု ထက်ကြပ်မကွာ လိုက်လာခြင်း၊ သူ့အား ရက်စက်စွာ လုပ်ကြံခြင်း၊ ထို့နောက် ယခုအခါ ပပဝန်းကို မမျှော်လင့်ဘဲနှင့် အရှေ့ပြင်ဟိုတယ်တွင် စုစုမြိုင်အဖြစ်နှင့် တွေ့ရှိရခြင်း၊ ယမန်နေ့ညက အဆိုပါ စုစုမြိုင် ခေါ် ပပဝန်းနှင့် လာရောက်၍ ထမင်းအတူ စားသွားကြသူများအနက် ဗိုလ်မိုးလုံး ဆိုသူသည် ဦးခမ်းလုံအတုနှင့် တူနေခြင်း စသည်တို့သည် သူ့ခေါင်းထဲတွင် ပဟေဠိများ ဖြစ်လာကြတော့သည်။

ဂျစ်ကားပေါ်မှ ရရှိခဲ့သော "အရှေ့ပြင်" စာတန်းပါသည့် လက်သုတ်ပဝါလည်း ခိုင်လုံသော အထောက်အထားတစ်ခု ဖြစ်လာချေတော့၏။ သူက ပို၍သေချာအောင် ယမန်နေ့ညက လာရောက်သွားကြသူများအနက် ဗိုလ်မိုးလုံးအပြင် အခြားသူများ၏ ပုံပန်းသဏ္ဌာန်တို့ကို ဆက်လက်၍ မေးမြန်းကြည့်ပြန်ရာ လက်မရှိ မင်းခေါင်၊ ဓားထွန်းစိန်၊ လက်ဝါးစောင်း ကျော်ထွန်းတို့၏ ရုပ်များနှင့် အသီးသီး ဆင်တူနေကြသည်ကို ထပ်မံ သိရှိရပြန်တော့၏။

ယင်းအခိုက်တွင် ကောင်တာအတွင်းဘက်သို့ အမျိုးသမီးတစ်ဦး ဝင်ရောက်လာသည်ကို တွေ့ရ၏။ ရွှေခြေကျင်းကြီးနှင့် ရွှေမန်းသူစစ်စစ်ကြီး ဖြစ်၏။ ဟိုတယ်စာရေးမတစ်ဦး ဖြစ်ဟန်ရှိ၏။ ခင်မောင်ရင်က နာရီကို ကြည့်လိုက်ရာ ရှစ်နာရီထိုးနေပြီကို တွေ့ရ၏။ သို့ဖြင့် သူက ဆက်လက်၍ အချိန်ဖြုန်းနေရန် မသင့်လျော်တော့ဟု ယူဆသဖြင့် –

'ကဲ ဒါဖြင့် ကျွန်တော့်အတွက် အခန်းလုပ်ပေးပေတော့'

'ရပါတယ် ဆရာ။ အကောင်းဆုံးအခန်းကို ရပါစေမယ်။ အဲဒီအခန်းကို ဆရာ ကံကောင်းလို့ရတာ။ အဲဒီအခန်းက လူက မနေ့ညကမှ ပြောင်းသွားတာ။ အဲဒီအခန်းက အရှေ့ဘက်ကို မျက်နှာမူနေတယ်။ ပြတင်းပေါက်ကနေ ကြည့်လိုက်ရင်'

အရေးထဲတွင် ဟိုတယ်စာရေးက စကားကြောရှည်နေသဖြင့် သူ့ အခန်းကောင်းကြောင်း ငြိကာရဲ့နေသဖြင့် ခင်မောင်ရင်က လေသံပြတ်ပြတ်ဖြင့် –

'တော်ပါပြီ။ ခင်ဗျားအခန်းကို ကျွန်တော်ကြိုက်ပါပြီ' ဟု ပြောဆိုပြီးနောက် ဟိုတယ်ထုံးတမ်းစဉ်လာရှိသည့်အတိုင်း မှတ်ပုံတင်စာရင်း ရေးသွင်းခြင်း၊ လက်မှတ်ထိုးခြင်း၊ ငွေပေးချေခြင်းတို့ကို လျင်မြန်စွာ ပြုလုပ်စေတော့၏။ ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ် ကိစ္စများအားလုံး ပြီးစီး၍ ဟိုတယ်စာရေးထံမှ အခန်းသော့ရရှိသောအခါတွင် ခင်မောင်ရင်သည် ရုတ်တရက် ထွက်ခွာသွားခြင်းမပြုသေးဘဲ ဟိုတယ်စာရေးအား မေးခွန်းတစ်ခု ထုတ်လိုက်ပြန်သည်။

'ပပဝန်း။ ဟဲ ဟဲ ဒေါ်စုစုမြိုင်ရဲ့ အခန်းနံပါတ်က ဘယ်လောက်လဲ'

'ရှစ်'

ခင်မောင်ရင်သည် နောက်ထပ် ဘာမျှ အထူးအထွေ စူးစမ်းမနေတော့ဘဲ သွက်လက်သော ခြေလှမ်းများဖြင့် ကော်ဇောခင်းထားသော လှေကားဆီသို့ လျှောက်သွားလေတော့၏။ သူ့အခန်းနံပါတ်က "နှစ်" ဖြစ်သည်။ သူ့စိတ်ကူးနှင့်အညီ လေကလေး တချွန်ချွန်နှင့် မြူးကြွ၍ သွားလေတော့သည်။

၃

အရှေ့ပြင်ဟိုတယ်၏ အထက်ထပ်သည် ပြောရလောက်အောင်ပင် ခမ်းနားကြီးကျယ်လှပေသည်။ ရန်ကုန်မှ ရေဇလာ၊ အင်းယားမြိုင် စသည်တို့ ထက်ပင် သာသည်ဟု ဆိုနိုင်လေသည်။ ယင်းကြောင့်ပင် တစ်ယောက်တည်းအတွက်ကို တစ်နေ့လျှင် လေးဆယ်ယူခြင်း ဖြစ်ပေသည်။

ခင်မောင်ရင်အတွက် ရရှိသော အခန်းနံပါတ် "နှစ်" သည် လှေကားထိပ် ဘက်တက်ခြင်းမှာပင် တွေ့ရသည်။ ဟိုတယ်စာရေး ပြောသလိုပင် အရှေ့ဘက်ခန်း ဖြစ်လေသည်။ သို့ရာတွင် သူက သော့တွဲကို တစ်ချက်မြှောက်ကစားလိုက်ပြီးနောက် အိတ်ထဲသို့ ထည့်လိုက်သည်။ ပြီးတော့ ရှေ့သို့ဆက်၍ လျှောက်သွားသည်။ အခန်းအမှတ် "ရှစ်" သို့ ရောက်သည်ထိ ဖြစ်သည်။

သူက အခန်းအမှတ် "ရှစ်" ရှေ့တွင် အတန်ကြာ ရပ်ပြီးနောက် သူသူလေးပါး အရိပ်အခြည်ကို ကြည့်သည်။ စင်္ကြံတွင် သူမှတစ်ပါး အည်သူမျှ မရှိပေ။ အခန်းတွင်းမှ လှုပ်ရှားသံ မကြားရ။ သို့ရာတွင် ထိုအချက်က အရေးမကြီး၊



www.burmeseclassic.com

www.burmeseclassic.com



သူက တံခါးကို ဖြည်းညင်းစွာ ခေါက်လိုက်သည်။

'ဘယ်သူလဲ'

အထဲမှ မေးလိုက်သည်။ ပပဝန်း၏ အသံဖြစ်သည်။

'ကျောက်ဘီလူး'

အထဲမှ ဖြုန်းခနဲ လှုပ်ရှားသံ ကြားလိုက်သည်။ ခုတင်ပေါ်မှ ခုန်ထလိုက်ခြင်း ဖြစ်ဟန်ရှိသည်။ သူက တံခါးကို တွန်းဖွင့်လိုက်ရာ အထဲမှ ကန့်လန့် ချမထားသဖြင့် ပွင့်သွားသည်။ သူက အခန်းတွင်းသို့ လျင်မြန်စွာ ဝင်လိုက်သည်။ ပြီးတော့ တံခါးကို ကျောဖြင့် မှီ၍ရပ်လိုက်သည်။ ပပဝန်းသည် ခုတင်စောင်းတွင် ထိုင်လျက်သား ရှိနေသည်။ စောစောက အဝတ်အစားများနှင့်ပင် ဖြစ်သည်။ သူ့ကို မြင်တွေ့လိုက်ရသဖြင့် သူမ၏ မျက်နှာသည် ဖွေးဖွေးဖြူ ဖြစ်သွားသည်။ သူက တံခါးထိုးချက်ချလိုက်သည်။

ပပဝန်းသည် အနီးရှိ စားပွဲငယ်ပေါ်မှ သူမ၏ လက်ကိုင်အိတ်ကို လှမ်းယူလိုက်သည်။ သို့ရာတွင် သူက သူမထက်အရင် လက်ကိုင်အိတ်ကို ဆွဲယူလိုက်သည်။ ပြီးတော့ လက်ကိုင်အိတ်ကို ဖွင့်ကြည့်လိုက်ရာ အထဲတွင် သေးငယ်သော ပစ္စတိုကလေးကို တွေ့ရသည်။ သူက လက်ကိုင်အိတ်ကို ပြန်ပိတ်လိုက်ပြီးနောက် သူမ၏ ခြေရင်းဘက် ခုတင်ပေါ်သို့ ပစ်တင်လိုက်သည်။ ပပဝန်းက လက်ကိုင်အိတ်ကို ထပ်မံ၍ ယူရန် မကြိုးစားဘဲ သူ့အား မဝေခွဲနိုင်သောမျက်နှာဖြင့် ကြည့်နေသည်။

'ဘာကြည့်နေတာလဲ။ တစ္ဆေခြောက်တာလည်း မဟုတ်ဘူး၊ ကျောက်ဘီလူးလည်း မဟုတ်ဘူး။ ခင်မောင်ရင်မှ ခင်မောင်ရင် အစစ်။ ရေတစ်စက်ကလေးမှ မရောဘူး'

သူက သရော်တော်တော် ပြောလိုက်သော်လည်း သူမကမူ အတည်ပေါက်ဖြင့် –

'ကိုယ် မသေဘူးနော်'

'မသေပါဘူး။ ကိုယ်ဟာ လွယ်လွယ်ကူကူနဲ့ သေမယ့် လူစားမျိုး မဟုတ်ပါဘူး'

'သူတို့ကော'

'သူတို့ ဆိုတာက ဗိုလ်မိုးလုံးတို့ကို ပြောတာလား'

သူမက ဘာမှ ပြန်မဖြေ။ တိတ်ဆိတ်ခြင်းဖြင့် ဝန်ခံရာကို ပြနေ၏။





'မစိုးရိမ်ပါနဲ့။ သူတို့လည်း ဘာမှ မဖြစ်ပါဘူး။ ကိုယ်က လူသတ်သမားတစ်ယောက် မဟုတ်ပါဘူး'

အမျိုးသမီးက ခေါင်းကို တွင်တွင်ခါနေသည်။

'ဘာခေါင်းခါတာလဲ။ ဗိုလ်မိုးလုံးတို့က ကိုယ့်ကို ကိစ္စတုံးအောင် မစီရင်လိုက်နိုင်တာကို မကျေနပ်လို့လား'

'မဟုတ်ပါဘူး။ ကိုယ်ဟာ ဘုမသိ ဘမသိနဲ့ ဒီအရှုပ်တော်ပုံထဲမှာ ဝင်ပါနေတာကို တွေးမိလို့ပါ။ အစ်ကို့အတွက် ရင်လေးလို့ပါ'

ခင်မောင်ရင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ စားပွဲအောက်သွင်းထားသော ကုလားထိုင်ကို ဆွဲထုတ်၍ ထိုင်လိုက်သည်။ သူ့ကို ထောင်ချောက်တွင်းသို့ ပို့လိုက်သူက သူ့အတွက် ပူပန်သည်ဟု ပြောနေခြင်းကို သူက အဘယ်မှာလျှင် မရယ်ဘဲ နေနိုင်ပါမည်နည်း။

'ဩော်၊ ကိုယ့်အတွက် ရင်လေးလို့ ထန်းတောကုန်း ကျောင်းပျက်ကြီးကို လွှတ်ပြီး အဖျောက်ခိုင်းတာပေါ့နော်'

'ဒါတွေ ပြောမနေပါနဲ့ ကိုယ်ရယ်'

သူမက ညှိုးငယ်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

'ဟာ ပြောရမှာပေါ့။ ဘယ့်နှယ် မပြောလို့ ဖြစ်မလဲ'

သူ ကုလားထိုင်မှ ဝုန်းခနဲ ထလိုက်သည်။ အမျိုးသမီးက ခေါင်းထောင်၍ ကြည့်လိုက်သော်လည်း လန့်သွားပုံကား မရချေ။ ခင်မောင်ရင်က အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ အမျိုးသမီးက ခေါင်းကို ပြန်ငုံ့ထားပြီး တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေသည်။

'တောက်၊ ဒီအစိုးရဟာ တော်တော်မကောင်းတဲ့ အစိုးရပဲ'

'ရှင်'

သူ၏ ရုတ်တရက် စကားကြောင့် သည်တစ်ခါတွင်တော့ အမျိုးသမီးက ခဖုံးနိုင် မကွယ်နိုင် လန့်သွားသည်။

'ဟုတ်တယ်။ ပညာရေးဌာနဟာ နည်းနည်းမှ အသုံးမကျဘူး'

'ရှင်'

'တက္ကသိုလ်များ အုပ်ချုပ်ရေးကောင်စီဟာ အလကားပဲ'

'ဘယ့်နှယ်ဗျာ။ လူတစ်ယောက်ကို မနေ့ကပဲ မန္တလေးတက္ကသိုလ်မှာ အလုပ်ခန့်လိုက်တယ်။ ဟော ကနေ့ကျတော့ ရန်ကုန်တက္ကသိုလ်မှာတဲ့'



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက စိတ်ရှုပ်သည့် အမူအရာဖြင့် သက်ပြင်းချလိုက်သည်။

'ဘယ့်နှယ်ဗျာ။ အခုပဲ ဇလဗေဒမှာ ခန့်ပြီး အခုပဲ အဏုမြူရူပဗေဒဌာနကို ပြောင်းသတဲ့'

'အို'

'နေဦး။ ဆက်ပြောဦးမယ်။ ဘယ့်နှယ်ဗျာ ပပဝန်းဆိုတဲ့ နာမည်ကလေးက လှလျက်သားနဲ့ အခုတော့ စုစုမြိုင်တဲ့'

အမျိုးသမီးက နေရာမှ ရုတ်ခြည်းထ၍ သူ့ထံ လျှောက်သွားသည်။ ပြီးတော့ သူ့ပါးစပ်ပေါက် ကျယ်ကျယ်ကြီးကို သူမ၏ လက်ဖဝါးနုနုလေးဖြင့် ပိတ်ထားလိုက်သည်။

'ဒါတော့ ပြောမနေပါနဲ့ ကိုယ်ရယ်။ ကိုယ့်ကို ဝန်း တစ်ခုပဲ ပြောပါမယ်'

သူမက တောင်းပန်သည့် အမူအရာဖြင့် အနူးအညွတ် ပြောလိုက်သည်။ သူမ၏ မျက်လုံးများသည် မကြာမီတွင် ချုံးပွဲချ ငိုတော့မည့်အလား။ သူမ၏ အမူအရာကြောင့်လည်းကောင်း၊ သူမ၏ အထိအတွေ့ကြောင့် လည်းကောင်း ခင်မောင်ရင်၏ အမူအရာများသည် ချက်ခြင်းပြောင်းလဲသွားသည်။

'ကဲ ပြော'

'ဝန်း ပြောတာကို နားထောင်ပါ'

'ဘာကိုလဲ'

'အစ်ကို ဒီက အမြန်ဆုံး ထွက်သွားပါ'

သူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြန်သည်။

'လက်စသတ်တော့ နှင်တာကိုး'

'နှင်တာမဟုတ်ဘူး အစ်ကို။ အစ်ကို့အတွက် ပြောတာပါ။ အစ်ကို့အတွက် စိုးရိမ်လို့ပါ။ အစ်ကို့အဖို့ ဒီအခန်းထဲက အမြန်ဆုံးထွက်သွားတာဟာ ဘေးအန္တရာယ်အကင်းဆုံးပါပဲ။ ပြီးတော့ ဝန်းတို့နဲ့ ကင်းကင်းနေပါ။ ဝန်းကို မြင်ရင် ရှောင်သွားပါ။ ဝန်းကို နောက်ထပ်တွေ့ဖို့ ဘယ်တော့မှ မကြိုးစားနဲ့တော့။ တွေ့ရင်လည်း မခေါ်ပါနဲ့တော့။ ဒါဟာ အစ်ကို့အတွက် အကောင်းဆုံးပါပဲ။

သူမက အလိုက်သည်းလိုက်ပြောနေသည့်ပုံမျိုး ဖြစ်၏။ ခင်မောင်ရင်က အတန်ကြာအောင် တွေဝေနေ၏။

'ကိုယ် အခန်းထဲက ထွက်မသွားဘူး ဆိုရင်ကော'

'ဝန်းကတော့ ဘာမှ မလုပ်ပါဘူး။ ကိုယ် နေချင်သလောက်နေပါ။ ကိုယ်





သဘောရှိပါ။ ဒါပေမဲ့ ကိုယ် မသိဘူးနော်။ သူတို့က သိပ်ရက်စက်တယ်။ သိစ်ယုတ်မာတယ်'

'ဒါနဲ့များ ဝန်းက ဘာပြုလို့ ဒီလိုလူမျိုးတွေနဲ့ အပေါင်းအသင်း လုပ်နေရလဲ။ သူတို့ထဲ ပါနေရလဲ။ ဝန်းဟာ တကယ်ကို တက္ကသိုလ် ကျောင်းဆရာမ ဖြစ်နိုင်တဲ့ အမျိုးသမီးတစ်ယောက်ပါ'

သူက ယခုမှ သူမကို ဖက်ထားပြီး ပြောလိုက်သည်။ ရထားပေါ်မှ ဩည်နူးမှုများသည် သူ့အံသိကို စိုးမိုး၍ လာနေကြပြန်တော့၏။

'ဒါတွေကို မေးမနေပါနဲ့တော့ ကိုယ်ရယ်။ ဝန်းအဖြစ်နဲ့ ဝန်းပါ။ ဝန်းဘာဝနဲ့ ဝန်း ရှိပါစေတော့'

'ဘယ်ဟုတ်မလဲ ဝန်း။ ဝန်းကို သူတို့က ခြိမ်းခြောက်ပြီး၊ ဖြားယောင်းသွေးဆောင်ပြီး သိမ်းသွင်းထားကြတယ်ဆိုရင် ကိုယ်က ဝန်းကို ကယ်တင်ရမယ်'

'မဖြစ်နိုင်ပါဘူး ကိုယ်။ ခေါင်းအေးအေးထားစမ်းပါ။ ပြီးတော့ ဝန်းလို ဘာမှ တန်ဖိုးမရှိတဲ့ မြေအောက်ကလာတဲ့ ကောင်မလေးတစ်ယောက်အတွက်နဲ့ ကိုယ့်ဘဝကို မဖျက်ဆီးချင်ပါနဲ့'

'ဟင်အင်း။ ကိုယ် ဝန်းကို ချစ်တယ်'

သူက ပပဝန်းကို နမ်းလိုက်သည်။ သူမက တုံ့ပြန်သည်။ သူမက လူချင်း အရင်ခွဲလိုက်သည်။ ပြီးတော့ ခုတင်ပေါ်တွင် ပြန်ထိုင်သည်။

'မဖြစ်ပါဘူး ကိုယ်။ သူတို့အကြောင်းကို ကိုယ် မသိဘူးနော်၊ ကိုယ် အခု လွတ်လာတာတောင် အင်မတန် ကံကောင်းတယ်မှတ်ပါ။ နောက်တစ်ခါဆိုရင်တော့ သူတို့လက်က လွတ်နိုင်ဖို့ မလွယ်တော့ဘူး။ ဒီတော့ ဝန်း ပြောသလိုပဲ လုပ်ပါ။ အစ်ကို့ဟာ အစ်ကို လုံခြုံမယ်ထင်တဲ့ နေရာမှာ သွားပုန်းနေပါ'

'ဒါဖြင့် ကိုယ်ဟာ ဝန်းနဲ့ နောက်ထပ် တွေ့စရာအကြောင်း မရှိတော့ဘူးပေါ့'

ခင်မောင်ရင်က တကယ်ပင် ဝမ်းနည်းတုန်လှုပ်သည့် လေသံဖြင့် ဆေးလိုက်၏။ အမျိုးသမီးက အတန်ကြာ စဉ်းစားနေပြီးမှ –

'အသေအချာတော့ မပြောနိုင်ဘူးပေါ့ အစ်ကို။ ဒါပေမဲ့ အစ်ကို ပြောသလိုပဲ အခြေအနေတွေဟာ တစ်လ နှစ်လအတွင်း သူ့ဟာသူ ရှင်းရှင်းသွားမှာပါ။ အခုပဲ ဝန်းတို့နောက်ကို ပုလိပ်တွေက ထက်ကြပ်လိုက်နေပြီ'

'ဝန်းတို့နောက်ကို လိုက်သလား။ ကျောက်ဘီလူးနောက်ကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



သလား'

'အတူတူပေါ့'

အမျိုးသမီးက ခေါင်းခါလိုက်သည်။

'ဒါပေမဲ့ ကိုယ့်မှာက ဦးခမ်းလုံ့ သတ်မှုကြီးက ရှိနေသေးတယ်'

'ဒါကြောင်မို့ ခဏရှောင်နေဦးလို့ ပြောတာပေါ့။ အခြေအနေတွေ ရှင်းသွားတဲ့အခါကျရင် တရားခံအစစ်ပေါ်ပြီး ကိုယ်ဟာ အလိုလို လွတ်သွားမှာပေါ့'

'အဲဒီကျတော့ ဝန်းကကော'

'အခုအထိတော့ ဝန်းကိုယ်တိုင် ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုကြီးတွေ မရှိသေးပါဘူး။ မသကာ ကြံရာပါအဖြစ်နဲ့ ထောင်ကျရင် နှစ်နှစ်သုံးနှစ်ပေါ့'

'အဲဒီအခါကျရင်၊ ထောင်ကလွတ်ရင် ကိုယ့်ကို လက်ထပ်မလား'

အမျိုးသမီးက မျက်ရည်ဖြင့် ပြုံး၍ ခေါင်းညိတ်လိုက်သည်။ သူက သူမ၏ဘေးတွင် သွား၍ ထိုင်လိုက်သည်။

'ဒါဖြင့် ဝန်း၊ ကိုယ့်ကို ရထားပေါ်မှာ ပြောခဲ့တဲ့ စကားတွေဟာ တကယ်ပဲ ပေါ့'

အမျိုးသမီးက ခေါင်းညိတ်သည်။

'ကိုယ့်ကို ချစ်တယ်ဆိုတာ တကယ်ပဲပေါ့'

'အင်း'

'လုပ်ငန်းကြောင့် ပြောခဲ့တာတွေ မဟုတ်ဘူးပေါ့'

'ပထမတော့ လုပ်ငန်းကြောင့် ပြောခဲ့တာပါပဲ။ ဒါပေမဲ့ နောက်တော့'

အမျိုးသမီးက ဆက်မပြောဘဲ ရှက်သွေးလျှမ်းနေသည်။

'နောက်တော့ ကာလရွှေ့လျောလို့ ကျောက်ဘီလူး ဖြစ်လာတဲ့ လူကြီးကို တကယ် ချစ်သွားရောလား'

'ဟုတ်ပါတယ်ရှင်။ တကယ် ချစ်မိတာပါတဲ့'

'ဒါနဲ့များတောင် ကိုယ့်ကို ထန်းတောကုန်း လွှတ်ရက်နိုင်သလား'

'ကိုယ့်ကို ထန်းတောကုန်း လွှတ်ရတဲ့အတွက် ဝန်း နည်းနည်းမှ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ မလုပ်မဖြစ်လို့ လုပ်လိုက်ရတာပါ။ ဝန်းဟာ သူတို့ လက်ထဲမှာ ရှိနေပြီး သူတို့ခိုင်းတဲ့အတိုင်း လုပ်လိုက်ရတာပါ'

'ဒါဖြင့် ဝန်း သူတို့နဲ့ လမ်းခွဲပြီး ကိုယ်နဲ့ တစ်ခါတည်း လိုက်ခဲ့ပါလား'

'မဖြစ်နိုင်သေးပါဘူး'





'ဝန်း အစိုးရသက်သေလုပ်ပါလား'

'မဖြစ်ပါဘူး။ ဒါတွေ မပြောပါနဲ့တော့'

'မဟုတ်ဘူး ဝန်း။ ကိုယ်ဘယ်လိုမှ နားမလည်နိုင်ဘူး။ ကိုယ် ဝန်းကို ယုံတယ်။ ဝန်းကို ချစ်တယ်။ ဝန်းဟာ ရိုးသားတယ်၊ မွန်မြတ်တယ်ဆိုတာ ကိုယ်သိပါတယ်။ ဒါပေမဲ့ ဝန်းလို အမျိုးသမီးတစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး ဒီလူယုတ်မာတွေကြားထဲမှာ ပါနေရသလဲဆိုတာ ကိုယ် စဉ်းစားလို့မရဘူး။ ကိုယ့်ကို ဝန်းအကြောင်း မှန်မှန်ပြောစမ်းပါ။ ဘယ်လို အကြောင်းကြောင့် သူတို့အထဲ ရောက်နေတာလဲ။ ဝန်းကို သူတို့က နိုင်ပေါက်ရှိထားလို့လား။ ဘယ်လိုအကြောင်း ရှိလို့လဲ'

'ဝန်း အများကြီး တောင်းပန်ပါတယ် ကိုယ်ရယ်။ နောက်ထပ် ဘာမှ မမေးပါနဲ့တော့။ ဝန်းကို ချစ်တယ်ဆိုရင် ဝန်းပြောသလိုလုပ်ပါ။ ဒီအခန်းထဲက အမြန်ဆုံး ထွက်သွားပြီး လုံခြုံတဲ့နေရာမှာ တစ်လတန်သည်၊ နှစ်လတန်သည် ပုန်းနေပါ။ ဝန်းနဲ့ကိုယ်ဟာဒီအတွင်းမှာ ဘယ်သူမှ ဘာမှမဖြစ်ခဲ့ကြဘူးဆိုရင် တစ်နေ့မှာ တွေ့ကြရမှာ အမှန်ပါပဲ။ ဒါပေမဲ့ ဒီအတွင်းမှာတော့၊ အမှုကိစ္စတွေ မပြီးခင်မှာ ဝန်းကိုတွေ့ဖို့ မကြိုးစားပါနဲ့တော့။ ဝန်းကိုတွေ့ရင် မခေါ်ပါနဲ့တော့၊ ကြားလား'

'ကောင်းပြီ၊ ဝန်းပြောတဲ့အတိုင်း ကိုယ်သွားမယ်။ ဒါပေမဲ့ ဒီအတိုင်း သွားလို့တော့ မဖြစ်ဘူး။ ကိုယ့်တစ်ကိုယ်လုံး ကြည့်ပါဦး၊ အခုမှ တကယ့် မီးရထား အလုပ်သမား ဖြစ်နေတယ်။ ဒီအဝတ်အစားတွေနဲ့သွားရင် ပုလိပ်က မသင်္ကာစရာ လူဆိုးဆိုပြီး ဆွဲထားမှာဘဲ။ အခု ဒီဟိုတယ်ပေါ် တက်နိုင်ဖို့တောင် ဟိုတယ်စာရေးကို မနည်းလိမ်ထားရတယ်'

သူ့စကားကို အမျိုးသမီးက ချက်ချင်းလက်ငင်း လက်ခံလိုက်ပြီး တယ်လီဖုန်း ကောက်ဆက်လိုက်သည်။ အဝတ်တစ်စုံ ပင်မင်းပေးလျှင် အမြန်ဆုံး ဘယ်နှမိနစ်အတွင်း ပြန်ရမည်နည်းဟု မေးလိုက်သည်။ တစ်ဖက်မှ အဖြေကို ရရှိသော အခါတွင် ကျေနပ်အားရသော အမူအရာဖြင့် –

'ကဲ ဒါဖြင့် ကိုယ့် အဝတ်တွေချွတ်'

'အကုန်လား'

'အင်းပေါ့'

'ကိုယ်က ဘာဝတ်ထားရမလဲ'

အမျိုးသမီးက သားရေအိတ်ထဲမှ ထဘီတစ်ထည် ထုတ်ပေးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဒါ ဝတ်ထားပေါ့'

'ဝတ်ပါတယ်။ ဒါပေမဲ့ ဘယ်လောက်ကြာမလဲ။ ဘယ်လောက်ကြာမှ ကိုယ့်အဝတ်တွေ ပြန်ရမလဲ'

'နာရီဝက်'

'ကောင်းပြီ'

သူက အခန်းထောင့်သို့ သွား၍ ပထမ တိုက်ပုံအကျီ၊ ထို့နောက် ရှပ်အကျီ၊ ထို့နောက် စွပ်ကျယ်အကျီ စသည်ဖြင့် ချွတ်လိုက်သည်။ ပြီးတော့ ပုဆိုးကို ချွတ်ချလိုက်သည်။ သို့ရာတွင် ပပဝန်း၏ ထဘီကို မဝတ်မူ၍ အောက်ခံဘောင်းဘီတို ကလေးဖြင့် –

'နာရီဝက်လောက်တော့ ဒီအခန်းထဲမှာ ဒီအတိုင်းနေရင် ရတာပဲ'

သူက ပြောလိုက်သည်။ အမျိုးသမီးက သူ၏ ပြည့်တင်းသော လက်မောင်းကြွက်သားများနှင့် ကျားကျားလျားလျား ဖွံ့ဖြိုးသော ရင်အုပ်ကျယ်ကြီးကို အတန်ကြာ ငေးမောကြည့်နေပြီးနောက် ရုတ်တရက် မျက်လုံးလွှဲလိုက်သည်။ ထိုအခိုက်တွင် တံခါးခေါက်သံ ထွက်ပေါ်လာသည်။ အမျိုးသမီးက အချက်ပြ၍ သူက တံခါးအနီးရှိ နံရံတွင် ကျောပြင် မှီကပ်နေလိုက်သည်။ အမျိုးသမီးက တံခါးကို ဖွင့်လိုက်သောအခါ သူ့ကို တံခါးရွက်ဖြင့် ဖုံးကွယ်ပြီး ဖြစ်သွားသည်။

တံခါးခေါက်သူမှာ အဝတ်များကို ယူရန်လာသော ဟိုတယ် အလုပ်သမားတစ်ဦး ဖြစ်နေသဖြင့် ပပဝန်းက ခင်မောင်ရင်၏ အဝတ်များကို ပေးလိုက်သည်။ ဟိုတယ်အလုပ်သမားက ယောကျ်ားအဝတ်အစားများကို ကြည့်၍ ပြုံးပြုံးစိစိလုပ်နေသဖြင့် ပပဝန်းက လက်ကိုင်အိတ်ထဲမှ တစ်ဆယ်တန်တစ်ရွက် ထုတ်၍ ပေးလိုက်ပြီး –

'နာရီဝက်အတွင်း ရပါစေ'

'ဟုတ်ကဲ့'

သည်အခါကျမှ အလုပ်သမားသည် ကျိုးနွံသော အမူအရာဖြင့် ထွက်သွားလေတော့၏။ အမျိုးသမီးက တံခါးကို ပြန်ပိတ်ထားလိုက်သည်။ ခင်မောင်ရင်က သူမအား နမ်းရန် ကြိုးစားရာ အမျိုးသမီးက ညင်သာစွာ ရှန်းထွက်သွားသည်။ သူက မချင့်မရဲ ရှိလှသည်။ သူက နောက်တစ်ကြိမ် ကြိုးစားမည် အပြုတွင် –

စားပွဲပေါ်မှ တယ်လီဖုန်းသံ စူးရှစွာ ထွက်ပေါ်လာသည်။ သူက





ကောက်ယူနားထောင်ရန် လက်လှမ်းလိုက်သော်လည်း အမျိုးသမီးက အပြေးအလွှား လာရောက်၍ သူ့အရင် တယ်လီဖုန်းခွက်ကို ကောက်ယူလိုက်သည်။ ပြီးတော့ တစ်ဖက်မှပြောသည်ကို စိတ်အားထက်သန်စွာ ဂရုစိုက်၍ နားထောင်နေသည်။ သူမ၏ မျက်နှာအမူအရာကို ကြည့်ခြင်းအားဖြင့် တစ်ဖက်မှ စကားပြောနေသူမှာ အရေးကြီးသော လူတစ်ယောက်ဖြစ်ကြောင်း ခင်မောင်ရင်က ရိပ်မိ၍ ဗိုလ်မိုးလုံးသော်လည်းကောင်း၊ ကျောက်ဘီလူးသော် လည်းကောင်း ဖြစ်ရပေမည်။ သူမသိသေးသော အခြားအရေးကြီးသူတစ်ဦးဦးလည်း ဖြစ်နိုင်ပေမည်။

ပပဝန်းက ဘာမျှပြန်မပြောဘဲ တစ်ဖက်မှ ပြောသည်ကိုသာ နားထောင်နေရက်ရှိပြီး 'ဟုတ်ကဲ့' 'အင်း' 'ဟင့်အင်း' စသည်လောက်သာ ပြန်ပြောနေ၏။ သူ့ရှေ့တွင်မို့ သတိထားနေကြောင်း ခင်မောင်ရင်သိ၏။ ခဏကြာတော့ ပပဝန်းသည် ဟိုတယ်မှ အကြမ်းရေးခြစ်ရန် ပေးထားသော စာရေးစက္ကူ ကတ်ပြားကို ဆွဲယူလိုက်ပြီး အသင့်ရှိသော ခဲတံဖြင့် တစ်ဖက်မှ ပြောသည်များကို လိုက်မှတ်ရေးနေ၏။ လိပ်စာတစ်ခု ဖြစ်သည်ကို သူက သိ၏။ ပပဝန်းသည် လိုက်၍ ရေးကူးပြီးသောအခါ တယ်လီဖုန်းကို ချထားလိုက်၏။ ပြီတော့ စာရေးစက္ကူကို ဆုတ်၍ လေးခေါက် ခေါက်ကာ လက်ကိုင်အိတ်ထဲသို့ ထည့်လိုက်သည်။

'ကဲ အစ်ကို။ အဝတ်တွေကို စောင့်နေရင်း ရေချိုးလိုက်ပါလား'

'ကောင်းသားပဲ။ ဘယ်မှာ ချိုးရမလဲ'

'ဒီမှာပဲပေါ့။ အဲဒါ ရေချိုးခန်းပေါ့'

အမျိုးသမီးက တံခါးတစ်ခုကို လက်ညှိုးထိုးပြလိုက်သည်။ ခင်မောင်ရင်က အနည်းငယ်မျှ ဆုတ်ဆိုင်းမနေတော့ဘဲ ရေချိုးခန်းတံခါးကို ဖွင့်၍ ဝင်သွားလေ၏။ ခဏအကြာတွင် ရေချိုးခန်းအတွင်းမှ ရေပန်းကျသံနှင့် ခင်မောင်ရင်၏ လေချွန်သံကို ကြားရသည်။

ခင်မောင်ရင်တစ်ယောက် လေတချွန်ချွန်နှင့် စိတ်ချလက်ချ ရေချိုးနေသည်နှင့် တစ်ပြိုင်နက် ပပဝန်းခေါ် စုစုမြိုင်သည် စောစောက ခြေသံ ခွာသံ ငြိမ်းခဲ့သော ဒေါက်ဖိနပ်ကို ဘယ်လက်မှကိုင်၍၊ ညာလက်မှာမူ လက်ကိုင်အိတ်ကို ကိုင်ကာ အသံမကြားအောင် ခြေဖွ၍ တံခါးသို့ လျှောက်သွား၏။ တံခါးဝသို့ ရောက်သောအခါတွင် ရေချိုးခန်းဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်၏။ ရေသံနှင့် လေချွန်သံသည် စည်းချက် ဝါးချက် မှန်မှန်ထွက်ပေါ်နေ၏။ အမျိုးသမီး၏ မျက်နှာသည် တည်ငြိမ်လျက်ရှိ၏။ ထို့နောက် ပပဝန်းသည် အခန်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



အထဲမကြားအောင်ဖွင့်၍ လစ်ထွက်သွားလေတော့သည်။

သို့ရာတွင် –

ကာလပေါ် တေးသွားတစ်ခု၏ အလိုက်အတိုင်း လေချွန်ကာ ရေပန်းအောက်တွင် အားရပါးရ ရေချိုးလျက်ရှိနေပြီဟု ပပဝန်းက မှတ်ယူသော ခင်မောင်ရင်သည် တကယ်တော့ သူမထင်သလိုမဟုတ်ပေ။ သူကလည်း အပါးကြီးပင်။ ပပဝန်းထံသို့ တယ်လီဖုန်းလာခြင်းသည် အရေးကြီးသော အချိန်းအချက်တစ်ခု ပြုလုပ်ခြင်းဖြစ်ကြောင်းကိုလည်းကောင်း၊ သူမ လိုက်၍ကူးသည်မှာ ချိန်းချက်သည့်နေရာဖြစ်ကြောင်းကိုလည်းကောင်း သူက ကောင်းစွာရိပ်မိသဖြင့် သူ့အား ရေချိုးခိုင်းခြင်းသည်လည်း မရိုးသားဟု ထင်မြင်ခဲ့ပေသည်။

ထို့ကြောင့် သူသည် ရေချိုးခန်းထဲသို့ ဝင်သွားပြီးနောက် ရေပန်းကိုဖွင့်လိုက်သည်။ သို့ရာတွင် ရေပန်းအောက်သို့ဝင်၍ ရေချိုးခြင်း မပြုဘဲ ရေချိုးခန်းသော့ပေါက်မှ အပြင်သို့ ချောင်းကြည့်ရင်း ဟန်မပျက် လေချွန်နေခြင်းသာ ဖြစ်၏။ ထင်းကြောင့် ပပဝန်း လစ်ထွက်သွားသည်ကို သူက အစမှအဆုံးတိုင် မြင်တွေ့လိုက်သည်။

ပပဝန်း အခန်းတွင်းမှ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ခင်မောင်ရင်သည်လည်း ရေချိုးခန်းမှ ခြေဖျားထောက်၍ ထွက်လာလေသည်။ ထို့နောက် အခန်းတံခါးကို အသာဟ၍ စကြံတစ်လျှောက်ကို ကြည့်လိုက်သောအခါတွင် ဓာတ်လှေကားသို့တက်ကြီးသုတ်ပျာ လျှောက်သွားနေသော ပပဝန်းကို မြင်တွေ့ရ၏။ အမျိုးသမီးသည် လှေကားထိပ်ရောက်မှ လက်မှ ဖိနပ်ကို ချစီးလိုက်သည်။ နောက်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်သဖြင့် ခင်မောင်ရင်က တံခါးပြန်စေ့ထားလိုက်သည်။ ထို့နောက် လှေကားမှ ဆင်းသွားသော သူမ ဖိနပ်သံကို ကြားရလေသည်။

ခင်မောင်ရင်က တံခါးကို ပိတ်ထားလိုက်ပြီး ခုတင်ဘေးမှ စားပွဲငယ်သို့ အပြေးကလေး ရောက်သွားသည်။ ထို့နောက် စောစောက ပပဝန်း အသုံးပြုသွားသော စာရေးစက္ကူကတ်ကို ယူ၍ကြည့်လိုက်သည်။ အပေါ်ဆုံးတစ်ရွက်တွင် အစင်းကြောင်းများ ထင်နေသည်ကို တွေ့ရ၏။ ပပဝန်း၏ ကူးယူရေးသွားချက်များအောက်သို့ ချိုင့်ဝင်ထင်နေခြင်း ဖြစ်၏။ ထို့ကြောင့် သူက အပေါ်ဆုံးစာစ်ရွက်ကို ခဲတံဖြင့် ခပ်ဖွဖွ ခြစ်မှုန်းလိုက်သော အခါတွင် ခဲသားအနက်များကြား၌ စာလုံးအဖြူများ ပေါ်လာလေတော့သည်။





အမှတ် ၇၈၉

၈၃–လမ်း၊ ဂူတ္တာနရပ်

အေးကဖီးအနီး၊ ၉–နာရီတိတိ။

သူက လေတစ်ချက် ပြင်းပြင်းချွန်လိုက်သည်။ ယခုမှ ၈နာရီခွဲပဲ ရှိသေးသည်။ အချိန် နာရီဝက် ရှိသေးသည်။ ပင်မင်း ပေးထားသော သူ့အဝတ်များရောက်လာမည်နှင့် အတော်ပဲ ဖြစ်သည်။ ပပဝန်းက သူ့အား သည်အတိုင်းထား၍ ထွက်သွားခဲ့သည်မှာ အဝတ်များ ရောက်လာသောအခါတွင် သူမနောက်သို့ ဘယ်နည်းနှင့်မျှ ခြေရာခံ၍ လိုက်နိုင်တော့မည်မဟုတ်ဟု ယူဆယုံကြည်သွားပုံရ၏။ သို့ရာတွင် သူမ သွားမည့်နေရာကို သူက ဖော်ထုတ်သိရှိနိုင်လိမ့်မည်ဟုကား၊ နည်းနည်းမှ တွက်မိမည်မဟုတ်သဖြင့် စိတ်ချလက်ချ ရှိနေပေလိမ့်မည်။

ခင်မောင်ရင်က လက်ထဲမှ စာရွက်ကလေးကို စားပွဲပေါ်တွင်တင်၍ ထွန်းစိန်၏ဓားဖြင့် စိုက်ထားလိုက်သည်။ ထို့နောက် ရေချိုးခန်းထဲသို့ ဝင်သွားသည်။ ရေပန်းကျသံ ထွက်ပေါ်လာသည်။ သည်တစ်ခါတော့ သူက တကယ် ရေချိုးနေခြင်းဖြစ်၏။ စိမ်တည်၍ ချိုးနေခြင်းဖြစ်၏။ ယနေ့ ခေတ်စားနေသော တေးတစ်ပုဒ်ကိုဝင်သူ၏ အသံအောကြီးဖြင့် ဌာန်ကရိုဏ်း မကျတကျ ဆိုလျက် ရှိလေတော့၏။

သူက ဆယ့်ငါးမိနစ်ခန့် ကြာအောင် စိမ်တည်၍ ရေချိုးမိသော အခါတွင် သူ့တစ်ကိုယ်လုံး သန့်ရှင်းစင်ကြယ်သွားသလို သူ့ခေါင်းတစ်ခုလုံးလည်း ကြည်လင်အေးမြ၍ သွားလေတော့သည်။ ရေချိုးခန်းမှထွက်၍ ပပဝန်း၏ တဘက်ကြီးနှင့် ရေများကို ပွတ်တိုက်ပြီးသောအခါတွင် တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။ သူ့အဝတ်များကို လာပို့ခြင်းပင် ဖြစ်သည်။ စောစောက ဟိုတယ်အလုပ်သမားပင် ဖြစ်သည်။ သူက ဆယ်တန်တစ်ရွက် ပေးလိုက်ပြန်သောအခါတွင် အလုပ်သမားကြီးသည် ပြုံးစိစိမျက်နှာဖြင့် ထွက်သွားလေသည်။

ခင်မောင်ရင်က သူ့အင်္ကျီ လုံချည်များကို မြန်မြန်ဆန်ဆန် သပ်သပ်ရပ်ရပ်ဝတ်လိုက်၏။ သူ့ပစ္စည်းများ အားလုံးကို စေ့စေ့စုံစုံ ထည့်လိုက်၏။ ပြီးတော့အကျအန ခေါင်းဖြီးလိုက်၏။ ကိုးနာရီထိုးဖို့ ငါးမိနစ်အလိုတွင်မှ သူက ဟိုတယ်ခန်းထဲမှ ထွက်ခဲ့၏။ ဟိုတယ်ပိုင် အငှားကားတစ်စီးဖြင့် အရှေ့ပြင်ဟိုတယ်မှ ခင်မောင်ရင်ထွက်ခဲ့သော အခါတွင်ကား ကိုးနာရီ တိတိ ရှိနေပေပြီ။ ကားမောင်းသူကို မြန်မြန်မောင်းရန် ပြောလိုက်သည်။ ဗောက်စ်ဝက်ဂွန်း ကားအဝါကလေးသည် အရှေ့မှ အနောက်သို့ အဟုန် ပြင်းစွာနှင့် ပြေးလွှားလျက် ရှိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

၄

မိခင်နယ်မြေနှင့် ဝေးကွာ၍ နေခဲ့ရသည်မှာ ကြာပြီဖြစ်သော ခင်မောင်ရင်သည် သေရေးရှင်ရေးကိစ္စတစ်ခုနှင့် သွားနေရသည့်အဖြစ်ကို မေ့လျော့နေပြီး နံနက်ခင်း အပျင်းပြေ ကားလျှောက်စီး၍နေသည့်အလား ဝဲယာကို ငေးမော၍ လိုက်ပါလာသည်မှ –

အရင်တုန်းက သူ တွေ့မြင်ခဲ့ရဖူးသော အိမ်အိုကြီးများသည် ယခုအခါ နှစ်ထပ်တိုက်၊ သုံးထပ်တိုက်ကြီးဖြစ်၍ နေပေပြီ။ အရင်တုန်းက သူ အင်မတန်လှသည်ဟုထင်သော တိုက်ကြီးများသည် ယခုမူ ဟောင်းနွမ်း၍ ရှေးဆန်နေတော့၏။ တစ်ချိန်က သူလက်လှမ်းမီခဲ့သော သစ်ပင်ကလေးများသည် ယခုအခါတွင် ငှက်တစ်သောင်းနားနိုင်သော သစ်ပင်ဟောင်းကြီးများ ဖြစ်နေ၏။ တစ်ချိန်က သူခိုနားခဲ့ဖူးသော အရိပ်အာဝါသ ကောင်းမွန်လှသည့် သစ်ပင်ကြီးများသည် ယခုအခါ ငုတ်တိုကြီးများသာ ဖြစ်နေတော့၏။

အရာရာသည် ပြောင်းလဲလျက်ရှိပြီး ခြုံလိုက်လျှင် သူ့အနေနှင့် မန္တလေးကို





အောင်းကောင်း မမှတ်မိတော့ဟု ဆိုရပေမည်။ ပြောင်းလဲခြင်း အလျှင်းမရှိဘဲ အရင်က အတိုင်းပင်ဟု အောက်မေ့နေရသည်များကတော့ ရွှေမန်းသူများပင် ဖြစ်၏။ သူတို့၏ ထဘီတိုတိုနှင့် ရွှေခြေကျင်းဝင်းဝင်းများ ဖြစ်၏။ ကားတွေ၊ မြင်းလှည်းတွေကြားထဲတွင် ရဲရင့်စွာ စက်ဘီးစီး၍ သွားနေကြခြင်း ဖြစ်၏။ ခင်မောင်ရင်က နောက်နှာချင်းဆိုင်မှ စက်ဘီးနှင့်လာနေသော အသိမိန်းကလေးတစ်ယောက်ကို ငေးကြည့်၍ပင် နှုတ်ဆက်ခဲ့သေး၏။

ယင်းသို့နှင့်ပင် အရှေ့ပြင်ဟိုတယ်မှ ကားအဝါကလေးသည် ဝဋ္ဋာန်ရုပ်ရှိ အေးကဖီးအနီးသို့ ဆယ်မိနစ်အတွင်း ရောက်ရှိလာလေသည်။ သူက ကားကို ပြန်လွှတ်လိုက်ပြီး အမှတ် (၇၈၉) ကို ရှာဖွေကြည့်ရှုလေသည်။

အထူးတလည် မရှာဖွေရပါ။ အမှတ် ၇၈၉ သည် အေးကဖီးနှင့် မျက်နှာချင်းဆိုင်တွင် ရှိလေသည်။ နှစ်ထပ်တိုက်တစ်ခုဖြစ်သည်။ အရင်က သည်နေရာတွင် သည်အဆောက်အဦမရှိဟု ထင်သည်။ သူ့စိတ်အထင် အရင်တုန်းက ကုလားတန်းလျားကြီး တစ်ခုပေလားပဲ။ ၄င်းပြင် ၇၈၉ ကို ဆောက်လုပ်ထားသည်မှာ တစ်နှစ် နှစ်နှစ်လောက်ပဲ ရှိဦးမည်။ ယခု ခေတ်စားနေသော အဆောက်အဦ ပုံစံမျိုး ဖြစ်သည်။ ယနေ့ လူကြိုက်များနေသော အမွမ်းအမံများနှင့် ဖြစ်သည်။

သူက ယင်းနှစ်ထပ်တိုက်ကို အကဲခတ်လိုက်ရာ အောက်ထပ်တွင် စားသွား ကုလားထိုင်နှင့် လူများကို မြင်သဖြင့် ရုံးဟု အရင်ထင်လိုက်သည်။ ထို့နောက်မှ မြန်မာဆိုင်းဝိုင်းကြီးများ၊ စောင်းကောက်များ၊ ယွန်းထည်များ၊ ပန်းပုပန်းချီများကို ပြသထားသဖြင့် ပြတိုက်တစ်ခုလောဟု အောက်မေ့လိုက်ပြန်သည်။ သည်တော့မှ သူက အလယ်ခါးပန်းတွင် ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကို ဖတ်လိုက်သည်။

## ရှေးဟောင်းပစ္စည်းနှင့် မြန်မာ့မှုဝိဇ္ဇာ

သူက ဆိုင်းဘုတ်ကို ကြည့်၍ မျက်မှောင်ကြုတ်လိုက်သည်။ အဓိပ္ပာယ် ကောင်းကောင်း မပေါက်၍ ဖြစ်သည်။ ပြတိုက်လား၊ ရုံးလား၊ ယဉ်ကျေးမှု အသင်းအဖွဲ့လားဟု မကွဲပြားပါချေ။ ယင်းကြောင့် သူက အဆောက်အဦကို အသေအချာပြန်၍ စူးစမ်းလိုက်သည်။ အောက်ထပ် အလယ်တည့်တည့်တွင် တံခါးမကြီးတစ်ခုရှိသည်။ ယင်းတံခါးမကြီး၏ လက်ယာဘက်တွင် "ရုပ်ချုပ်ရေးဌာန" ဟူသော ဆိုင်းဘုတ်ငယ်နှင့် လက်ဝဲဘက်တွင် "အဝယ်ဌာန" ဟူသော



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘုတ်ငယ်တို့ကို တွေ့ရသည်။

အထက်ထပ်သို့တက်သော လှေကားဟူ၍ တစ်ခုပဲရှိသည်။ မြောက်ဘက်ထိပ်တွင် ဖြစ်သည်။ ယင်းလှေကားရင်းမှာလည်း ဆိုင်းဘုတ်တစ်ခု ရှိသည်။ သူက အဆောက်အဦ တောင်ဘက်တွင် ရှိနေသဖြင့် အောက်ထပ်ကိုဖြတ်၍ လှေကားဆီသို့ လျှောက်သွားသည်။ အောက်ထပ်တွင်ကား ပပဝန်း၏ အရိပ်အယောင်ကိုလည်းကောင်း၊ ဗိုလ်မိုးလုံးတို့ အရိပ်အယောင်ကိုလည်းကောင်း မတွေ့ရချေ။

မြောက်ဘက်ထိပ် လှေကားရင်းသို့ ရောက်သောအခါတွင် ဆိုင်းဘုတ်တစ်ခုပေါ်မှ စာများကို မြင်တွေ့ဖတ်ရှုရသည်။

**ဗုဒ္ဓဟူးနေ့တိုင်း နံနက် (၉) နာရီမှ (၁၂) နာရီ အတွင်း ဤအဆောက်အဦ၏ အထက်ထပ် အရောင်းပြခန်းမဆောင်တွင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်းများ၊ မြန်မာ့ယဉ်ကျေးမှု ရိုးရာပစ္စည်းများ၊ အထူးအဆန်း အမှတ်တရပစ္စည်းများကို ဝယ်သူတို့က ကျေကျေနပ်နပ် ကြည်ကြည်ဖြူဖြူ အမြင့်ဆုံးနှင့် အသင့်လျော်ဆုံးပေးသော ဈေးတို့ဖြင့် ရောင်းမည် ဖြစ်ပါသည်။ အားလုံးကို လှိုက်လှဲစွာ ကြိုဆိုအပ်ပါသည်။**

ဤဆိုင်းဘုတ်ပါ စာကိုလည်း သူက သိပ်သဘောမပေါက်လှပါ။ အကြမ်းဖျင်း သူနားလည်သည်ကတော့ အထက်ထပ်တွင် ရောင်းရန်ပစ္စည်းများ ရှိသည်။ လေလံစံနစ်ဖြင့် ရောင်းချမည့်ပုံမျိုး ဖြစ်သည်။ အားလုံးကို ဖိတ်ခေါ်သည်။ ထို့ကြောင့် သူ့ကိုလည်း ဖိတ်ခေါ်ရာ မည်သည်။

ခင်မောင်ရင်သည် လှေကားထစ်များကို မှန်မှန်နင်း၍ တက်သွားသည်။ လှေကားမှာ သုံးဆစ်ချိုး ဖြစ်၏။ နောက်ဆုံးအချိုးသည် မျက်နှာစာဘက်သို့ ရှေးရှုတက်သွားသဖြင့် အပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် လမ်းမကို မြင်သာသော ပြတင်းပေါက်ကို တွေ့ရသည်။ ပြီးတော့မှ ပထမ အခန်းသည် ဟင်းလင်းပွင့် ဖြစ်နေပြီး အရောင်းခန်းမဆောင်၏ ဥပစာခန်း ဖြစ်နေသည်ကို တွေ့ရ၏။ ဥပစာခန်းကို ပန်းချီ၊ ပန်းပုနှင့် ပန်းအိုးတို့ဖြင့် တန်ဆာဆင်ထား၏။ ခန်းမဆောင်ကြီးထဲသို့ ဝင်ရန် ဥပစာခန်း အလယ်တည့်တည့်တွင် တံခါးမကြီး





တစ်ပေါက်သာ ရှိလေသည်။ အပေါက်ဝတွင် မည်သူ့ကိုမျှ မတွေ့ရ။ သို့သော် ခန်းမဆောင်အတွင်းမှ လူသံသူသံများ ကြားနေရသဖြင့် သူက အလယ်တံခါးမဆီသို့ လျှောက်သွားသည်။

တံခါးမမှနေ၍ ရပ်ကြည့်လိုက်သောအခါတွင်ကား ရှပ်ရှင်ရုံတမျှ ကျယ်ဝန်းသော ခန်းမကြီးကို တွေ့ရသည်။ ထိပ်တည့်တည့်တွင် စင်မြင့်ရှိ၍ စင်မြင့်ပေါ်တွင် လူသုံးလေးယောက် ရပ်လျက်ရှိသည်။ လူတစ်ယောက်က ကြေးလင်ပန်းကြီး တစ်ချပ်ကို မြှောက်ပြ၍ ပြောနေသည်။ ခင်မောင်ရင် ရုတ်တရက်နားလည်လိုက်မိသည်မှာ ထိုလင်ပန်းကြီး မည်မျှကောင်းမွန်ကြောင်းကို ဝိသေသထူးများ ပြောနေခြင်းဖြစ်၏။

စင်မြင့်၏ ရှေ့တစ်လံကွာလောက်မှနေ၍ သူရပ်နေရာ တစ်လံလိုလောက်အထိ ကုလားထိုင်များကို စီတန်း၍ ချထားသည်။ ကုလားထိုင်စေ့ လူအပြည့်ထိုင်နေသည်။ ဗြုန်းခနဲဆိုလျှင် မျက်လှည့်ပွဲတစ်ခု ကြည့်နေကြသည်နှင့် တူသည်။ နောက်မှ လေလံတင်နေခြင်းဖြစ်သည်ကို တွေ့ရှိရ၏။ လှေကားရင်းရှိ ဆိုင်းဘုတ်တွင် ညည်သို့ပင် ရေးထားစေကာမူ သူတွေ့ရှိနေရသည်မှာ လေလံတင် ရောင်းနေခြင်းပင် ဖြစ်၏။

လင်ပန်းကြီးအကြောင်း အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောနေသူမှာ အသက်လေးဆယ်ကျော်အရွယ် လူဝဝကြီးတစ်ဦးဖြစ်၏။ ဘန်ကောက်လုံချည် ပိုးတိုက်ပုံအကျီ ပန်းနုရောင်ခေါင်းပေါင်းနှင့်ဖြစ်၏။ သည်လူကြီးကို သူမြင်ဖူးပါသည်ဟု သူက အောက်မေ့မိ၏။ အတန်ကြာ စဉ်းစားကြည့်မှ အဆိုပါလူကြီးသည် တစ်ချိန်က မန္တလေးမြို့တွင် အရှိန်ဩဇာ လျှမ်းလျှမ်းတောက်တက်ခဲ့သော လူကြီးတစ်ဦး ဖြစ်နေ၏။ မြူနီစီပယ် လူကြီးဟောင်းတစ်ဦး ဖြစ်၏။ အာဏာရ ဆိုရှယ်လစ် ပါတီဝင်တစ်ဦး ဖြစ်၏။ ဖဆပလ နှစ်ခြမ်းကွဲသောအခါတွင် "တည်မြဲ" ဖြစ်ခဲ့၏။ ယခုမူ သူသည် အကြံကုန် ဂဠုန်ဆားချက်သည့် အနေဖြင့် ပစ္စည်းအဟောင်းအမြင်းများကို လေလံပစ်စားနေခြင်း ဖြစ်၏။

သူ့ဘေးတွင် ရပ်နေသော လူငယ်တစ်ဦးကိုလည်း သူ ကောင်းစွာသိ၏။ တစ်ချိန်က မန္တလေးတက္ကသိုလ်တွင် ထင်ရှားသော "ဒီအက်စ်အို" ခေါင်းဆောင်တစ်ဦး ဖြစ်၏။ ယခုတော့ သူလည်း သူ့ဆရာများလိုပင် လေလံသမား ဖြစ်နေရတော့၏။ မောင်းတဒူဒူ ထုမနေရ၍ တော်တော့သည်။ စင်မြင့်ပေါ်ရှိ တခြားလူနှစ်ယောက်ကိုကား သူမမြင်ဖူးချေ။ တပည့်တပန်းများသာ ဖြစ်ကြဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



စင်မြင့်ပေါ်တွင် ရှေးဟောင်းပစ္စည်းများ၊ မြန်မာမှုပစ္စည်းများ တော်တော်သိုက်သိုက်ဝန်းဝန်း တွေ့ရ၏။ သူတို့အကြံက မဆိုးလှပေ။ မြန်မာပြည်တွင် ဤအလုပ်မျိုး စတင်လုပ်ဝံ့ခြင်းသည် ရဲရင့်ခြင်းတစ်မျိုးပင် ဖြစ်၏။ လာရောက်အားပေး ဝယ်ယူသူများမှာလည်း အားရစရာကောင်းလှ၏။ မြန်မာပြည်တွင် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းလိုသူများနှင့် ပစ္စည်းအထူးအဆန်း စုလိုသူများ ဤမျှများပြားနေပြီလား။ အမှန်တော့ သူတို့သည် ပစ္စည်းကို သိ၍မဟုတ်။ မြန်မာမှုကို မြတ်နိုး၍ မဟုတ်။ သူ့ခေတ်နှင့်သူ ဖက်ရှင်ဖြစ်နေသဖြင့် အိမ်ရှေ့ဧည့်ခန်းတွင် အလှထားရန် လာရောက်ဝယ်ယူကြခြင်း ဖြစ်၏။

ခင်မောင်ရင်က ပရိသတ်ထဲတွင် သူတွေ့ချင်သူများကို လိုက်လံ ရှာဖွေနေ၏။ လူနှစ်ရာနီးပါးခန့်ရှိသဖြင့် တော်တော်နှင့် မတွေ့ချေ။ 'နှစ်ဆယ်' 'အစိတ်' 'သုံးဆယ်' စသည်ဖြင့် ဟိုနေရာ ဒီနေရာမှ အော်ဟစ်လျက် ရှိကြသည်။ ဝယ်သူတို့ တွေကျေနပ်နပ် ကြည်ကြည်ဖြူဖြူ အမြင့်ဆုံးနှင့် အသင့်လျော်ဆုံးပေးသူကို ရောင်းချမည် ဆိုသည့်အတိုင်း အမြင့်ဆုံးဈေးကို တောင်းခံလျက်ရှိလေသည်။ နောက်ဆုံးတွင် စိန်နားကပ်တဝင်းဝင်းနှင့် မိန်းမကြီးတစ်ယောက်က နှစ်ရာနှင့် ဝယ်သွားလေသည်။ အမှန်တော့ ထိုလင်ပန်းကြီးသည် ရှေးဟောင်းပစ္စည်း မဟုတ်ဘဲ အိန္ဒိယပြည်သို့ ပြန်သော ကုလားသူဌေးတစ်ယောက်က ဆယ့်ငါးကျပ်နှင့် လာရောက် ရောင်းချသွားသော ပစ္စည်းတစ်ခု ဖြစ်ပေသည်။ နောက်ထပ် လေလံတင်သော ပစ္စည်းမှာ တစ်ထွာလောက်ရှိသော နဲ့ကြီးတစ်ခုဖြစ်၏။ လေလံဆရာက ထိုနဲ့ကြီးသည် အလောင်းစည်သူလက်ထက်ကပင် ဖြစ်သယောင် ချဲ့ထွင်ပြောဆိုလျက်ရှိ၏။

သို့ရာတွင် ခင်မောင်ရင်သည် နဲ့ကြီးအကြောင်း စိတ်ဝင်စားမနေနိုင်အား လက်ယာဘက်မှ ကွေ့ပတ်၍ ရှေ့ဘက်သို့ လျှောက်သွားနေတော့၏။ တတိယခုံတန်း၏ ညာဘက်အစွန်ဆုံး ကုလားထိုင်တွင် ပပဝန်း ခေါ် မရွှေစုစုမြိုင်က အခန့်သား ထိုင်လျက်ရှိ၏။ သူမ၏ ဝတ်စုံအနက်က ပေါ်လွင်လှ၏။ သူမဘေးတွင် ကပ္ပိတန် စီးကရက်ကို ဆင်စွယ်စွပ်တံဖြင့်သောက်ရင်း မတ်တပ်ရပ်နေသူကား သူ့ကိုယ်သူ ဦးခမ်းလုံဟု အဆိုရှိခဲ့သူ ဗိုလ်မိုးလုံးပေတည်း။

ခင်မောင်ရင်က မတော်တဆလိုနှင့် ဗိုလ်မိုးလုံးကို ဘေးချင်းဝင်တိုက်လိုက်၏။ အရပ်ချင်း ယှဉ်ရပ်လိုက်တော့ ဗိုလ်မိုးလုံးသည် သူ့ပခုံးလောက်သာရှိ၏။ ဗိုလ်မိုးလုံးက သူ့ကို မြင်တွေ့ရသောအခါတွင် မျက်နှာပျက်သွားသည်။ ပပဝန်းကတော့ တစ်ချက်သာ လှည့်ကြည့်လိုက်ရာ၌ ခင်မောင်ရင်အား တစ်ကြိမ်





တစ်ခါမျှ မတွေ့ဖူးသူပမာ စူးစူးဝါးဝါးကြည့်လိုက်ပြီးနောက် နဲ့ကြီးဆီသာ စိတ်ဝင်စားစွာ ပြန်ကြည့်နေ၏။

'ဘယ့်နှယ်လဲ ဗိုလ်မိုးလုံး။ မန်ကျည်းရွက်ကလေး၊ မန်ကျည်းသီးကလေး ဈေးခဲ့ဘူးလား'

'ဒီမယ်၊ ခင်ဗျား ဘယ်သူလဲ။ ဘာတွေလာပြောနေတာလဲ'

သူက ခပ်တည်တည်နှင့် ပြန်ဟောက်လိုက်သည်။

'ကျွန်တော့်နာမည်က ကျောက်ဘီလူးပါ။ ကျွန်တော် ပြောနေတဲ့အကြောင်းကတော့ ထန်းတောကုန်း ကျောင်းပျက်ကြီးအနီးက မန်ကျည်းပင်အကြောင်းပါ။ ဗိုလ်မိုးလုံးက မန်ကျည်းပင်အကြောင်း စိတ်ဝင်စားတယ် မဟုတ်လား"

ဗိုလ်မိုးလုံးသည် သူ့စကားကို မကြားသကဲ့သို့ နဲ့ရှည်ကြီးကို ကြည့်ရင်း သူ့လက်တစ်ဖက်ကို ပပဝန်း၏ ပခုံးပေါ်သို့ ပိုင်စိုးပိုင်နင်း တင်လိုက်သည်။ ယင်းအဖြစ်ကို တွေ့မြင်ရသောအခါ ခင်မောင်ရင်သည် ထောင်းခနဲ ဒေါသထွက်သွားသည်။ ဗိုလ်မိုးလုံးကို တစ်ခါတည်း ဆွဲထိုးပစ်လိုက်ချင်သည်။ သို့ရာတွင် မကောင်းတတ်သဖြင့် ဗိုလ်မိုးလုံးအား ရှေ့သို့ တွန်းပစ်လိုက်ပြီး ပပဝန်းအနီးသို့ ကပ်ကာ –

'ဝန်း ကိုယ်နဲ့ လိုက်ခဲ့ပါ'

သူမက လှည့်၍ပင် မကြည့်။

'ဝန်း ကိုယ်ပြောနေတာ ကြားသလား'

ထိုအခိုက်တွင် သူ့ခါးကို တစ်ခုခုဖြင့် လာထောက်သဖြင့် လှည့်ကြည့်လိုက်ရာ လက်မရွှံ့မင်းခေါင်ကို တွေ့ရ၏။

သူက ဂျာကင်အကျႌထဲတွင် လက်နှိုက်ထားရင်း သူ့နောက်တွင် ကပ်၍ရပ်နေခြင်း ဖြစ်၏။ ဂျာကင်အကျႌအိတ်ထဲတွင် သေနတ်ရှိကြောင်း မည်သူမျှ မတွေ့မြင်နိုင်သော်လည်း ခင်မောင်ရင်ကမူ ပြောင်းဝ၏ အထိအတွေ့ကို ခံစားနေရ၏။

'ကိုယ့်လူ ဒီနေရာက မြန်မြန် ထွက်သွားပါ။ မသွားရင် ကျုပ် အိတ်ထဲက သေနတ်မောင်း ပြုတ်သွားလိမ့်မယ်'

ဤတစ်ကြိမ်တွင်တော့ ခင်မောင်ရင်သည် ငြင်းဆန်ရန် မရှိချေ။ သူတို့သွားဆိုတုန်း သွားသည်က ကောင်းပေသည်။ သွားခွင့်ရှိတုန်း သွားရသည်က ကောင်း၏။ သူတို့က လက်ဦးနေချိန်တွင် အသာနောက်ဆုတ်နေရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်ပါက သူတို့ အတင်းအကျပ် ခေါ်ဆောင်ရာနောက်သို့ ယက်ကန်ယက်ကန်နှင့် ပါသွားပေဦးမည်။ အကယ်၍ သူက ဂျစ်ကန်ကန်လုပ်နေလျှင် မင်းခေါင်သည် သေနတ်မောင်းဖြုတ်ရန် ဝန်လေးမည်မဟုတ်ပေ။ မမျှော်လင့်သော သေနတ်သံကြောင့် ယောက်ယက်ခတ်သွားသော လူနှစ်ရာကြားတွင် သူတို့သည် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြမည် ဖြစ်၏။ သူသာ အသက်ဆုံးရှုံးရခြင်း အဖတ်တင်ပေမည်။

ထို့ကြောင့် ခင်မောင်ရင်သည် သူတို့အနီးမှ တပ်ဆုတ်ခဲ့ပါသည်။ ဘာပဲဖြစ်ဖြစ် အကြောင်းစုံကို ရဲဌာနသို့ သွားပြောတော့မည်ဟု သူက တခဏအတွင်းမှာပင် ဆုံးဖြတ်လိုက်၏။ ဗိုလ်မိုးလုံးတို့အကြောင်း အလုံးစုံ ပြောပြလိုက်မည်။ သူတို့ အားလုံးကိုသာ ရဲအဖွဲ့က ဖမ်းမိလိုက်လျှင် ပပဝန်းသည် အစိုးရသက်သေ ဖြစ်လာနိုင်သည်ဟု သူက မျှော်လင့်လိုက်၏။

ခင်မောင်ရင်သည် တံခါးမကြီးဆီသို့ ခပ်သုတ်သုတ် လျှောက်နေရာမှ ရုတ်တရက် လန့်သွားသည်။ အကြောင်းမူ လက်ဝဲဘက် တံခါးဘောင်ကို အမေရိကန် လူမိုက်တစ်ဦး၏ဟန်ဖြင့် မှီ၍ရပ်နေသော လက်ဝါးစောင်း ကျော်ထွန်းကို တွေ့မြင်ရသောကြောင့် ဖြစ်၏။ ဗိုလ်မိုးလုံးတို့၏ လက်ခုပ်တွင်းသို့ တစ်ချီသက်ဆင်းရပြန်ပြီ။ သို့ရာတွင် လူနှစ်ရာလောက်၏ အကြားတွင်မို့ ကြံနိုင်ဖန်နိုင်ရာတွေ အများကြီး ရှိပေသေး၏။ လေလံစင်မြင့်ပေါ်၏ နောက်ဘက်တစ်နေရာတွင် အောက်ထပ်သို့ အလွယ်တကူ ဆင်းနိုင်သော လှေကားငယ်တစ်ခု ရှိသည်ကို သူကမြင်လိုက်ရ၏။ ထို့ကြောင့် သူက စင်မြင့်ဆီသို့ လျှောက်သွားရန် ခြေလှမ်းများပြင်လိုက်သည်။ သို့ရာတွင် နောက်ကျခဲ့ပေပြီ။ စင်မြင့်၏အနီးတွင် ဓားထွန်းစိန်က လက်ပိုက်၍ ရပ်နေလေသည်။ သူတို့အားလုံးက သူ့အား မျက်ခြည်မပြတ် ဝိုင်းကြည့်နေကြသည်။ တစ်ချက်ကလေးမျှ အလစ်မပေးသည့် သဘောဖြစ်သည်။

ဤအခြင်းအရာများကို လုံးဝမရိပ်စားမိသော ပရိသတ်ကြီးကမူ လေလံဆရာ၏ အပြောအဟောနှင့် လေလံပစ္စည်းများကိုသာ သဘောကျ စိတ်ဝင်စားလျက်ရှိကြ၏။ သို့ရာတွင် လေလံပစ်နေခြင်းကို စိတ်မဝင်စားဘဲ သူတို့အား စိတ်ဝင်စားနေသူတစ်ဦး ရှိသေးကြောင်းကိုကား ခင်မောင်ရင်ရော၊ ဗိုလ်မိုးလုံးတို့ပါ သတိမထားမိခဲ့ချေ။

သူကား နောက်ဆုံး ကုလားထိုင်တန်းအစွန်တွင် ထိုင်နေသော အသက်လေးဆယ်ကျော်အရွယ်ရှိ လူကြီးတစ်ဦး ဖြစ်၏။ သက္ကလတ်တိုက်ပုံ မီးခိုးဖျော့ဖျော့





မနွမ်းတနွမ်းနှင့် ဖြစ်၏။ ယောလုံချည်နက်နက် ညစ်ညစ်နှင့် ဖြစ်၏။ ခေါင်းတွင် သက္ကလတ်ဦးထုပ် အညိုတစ်လုံး ဆောင်းထားသည်။ သွားခေါ်ရုံသာမက ပါးစပ်ကြီး တစ်ခုလုံး ချွန်ထွက်နေသဖြင့် မျောက်မျက်နှာနှင့် တူ၏။ ကျဲကော်ကိုင်းနက်နှင့် မျက်မှန်ထူထူကြီးကို တပ်ထားသည်။ သူသည် အတော်အရပ်ပုပုံ ရပေသည်။ နောက်ဆုံးမှလည်း ထိုင်နေသဖြင့် ရုတ်တရက် ကြည့်၍ မမြင်ရလောက်အောင်ပင် ပျောက်နေသည်။

သို့ရာတွင် သူသည် လေလံဆရာပြသော ပစ္စည်းကို ကောင်းစွာ မမြင်ရ၍ ထကြည့်သည့်သဘောဖြင့် နေရာမှ မကြာခဏ ခုန်ဆွခုန်ဆွထကာ ခင်မောင်ရင်နှင့် ဗိုလ်မိုးလုံးတို့၏ အရိပ်အခြည်ကို အကဲခတ်ကြည့်လျက်ရှိ၏။

သူကား မည်သူနည်း။ ကျောက်ဘီလူးပေလော။ ခင်မောင်ရင်နှင့်တော့ ရုပ်ချင်းမဆင်။ ကျောက်ဘီလူး၏ ဂိုဏ်းဝင်တစ်ဦးကား ဖြစ်နိုင်ပေသည်။ ဗိုလ်မိုးလုံးတို့၏ အပေါ်မှရှိသော အထက်ဆရာကြီးလည်း ဖြစ်နိုင်ပေသည်။ ခင်မောင်ရင်ကမူ သူသိသော ဗိုလ်မိုးလုံးတို့လူစုကိုသာ အာရုံထားနေရသဖြင့် ထိုလူကြီးကို နည်းနည်းကလေးမျှ သတိမထားမိချေ။

ခင်မောင်ရင်သည် လောလောဆယ် အခြေအနေတွင် ဤခန်းမဆောင်အတွင်းမှသော်လည်းကောင်း၊ ဤမြေပြောက်များ လက်မှသော်လည်းကောင်း ရုန်းလွတ်ထွက်သွားနိုင်ရန် အကြောင်းမမြင်သေးသဖြင့် ယာယီလုံခြုံရေးကိုသာ ကြည့်ရှုရလေတော့သည်။ ဗိုလ်မိုးလုံးတို့လူစုသည် ခန်းမကြီးထဲတွင် ထိုင်နေသူများ၏ ဘေးပတ်ပတ်လည်တွင် ရှိနေကြသည်။ ထို့ကြောင့် သူက လူနှစ်ရာ၏ အလယ်တွင် ဝင်၍ နေနိုင်လျှင် သူတို့ စိတ်ထင်သလို ပြုမူနိုင်မည်မဟုတ်ဟု တွက်၏။

ဤစိတ်ကူးဖြင့် ခင်မောင်ရင်သည် ကုလားထိုင်တန်းနှစ်ခုအကြားမှ ကတ်ကတ်သတ်သတ် ဖြတ်ကျော်လျက် အလယ်ကောင်ထဲသို့ ဝင်သွားနေ၏။ ပရိသတ်များက သူတို့ရှေ့တွင် မိုးမိုးမတ်မတ်ကြီး ကွယ်နေသော သူ့အား အော်ဟစ်၍ မောင်းထုတ်နေကြသည်။ ဤသို့ဖြင့် သူသည် အလယ်ကောင်တည့်တည့်သို့ ရောက်ရှိသွားလေသည်။ သို့ရာတွင် ထိုင်စရာ ကုလားထိုင် အလွတ်မရှိသဖြင့် မတ်မတ်ကြီးရပ်နေရာ နောက်မှလူများက သူ့အား ထိုင်ရန် အော်ဟစ်ပြောဆိုနေကြ၏။ နောက်ဆုံးတွင် သူသည် မတတ်သာတော့ဘဲ မိန်းမဝဝကြီးတစ်ယောက် ထိုင်နေသော ကုလားထိုင်တစ်လုံးမှာပင် အတင်းကပ်၍ ထိုင်ချလိုက်ရတော့၏။ မိန်းမကြီးသည် စူပွက်စူပွက်နှင့် သူ့အား ရန်တွေ့လိုသော်လည်း တစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



လေလံဆရာ ပြသနေသော ပစ္စည်းအသစ်ကို စိတ်ဝင်စားနေသဖြင့် နောက်ဆုံးတွင် သူ့ကို လျစ်လျူရှုလိုက်ပြီး စင်မြင့်ဆီသို့သာ လည်ဆန့်၍ ကြည့်နေတော့၏။

ခင်မောင်ရင်ကလည်း ဗိုလ်မိုးလုံးတို့ လူစုအား သရော်သော မျက်နှာနှင့် တစ်ချက်ကြည့်လိုက်ပြီးနောက် စင်မြင့်ဆီသို့ အာရုံဝင်စားလိုက်၏။ ပဲလင်းမြွေသီးနှင့်တူသော နဲကြီးကို မည်သူက မည်သည့်ဈေးဖြင့် ဝယ်သွားပြီကိုကား သူ မသိလိုက်တော့ချေ။ ယခုအခါတွင် လေလံဆရာက သူ့ရှေ့စားပွဲငယ်တွင် တင်ပြထားသော ပစ္စည်းမှာကား ကိန္နရီရုပ်ကလေးတစ်ခုဖြစ်၏။

'အဟမ်း ဟောဒီ ကိန္နရီရုပ်ကလေးကတော့ ကနေ့ ရောင်းချမယ့် ပစ္စည်းတွေထဲမှာ တန်ဖိုးအရှိဆုံး ပစ္စည်းတစ်ခုပဲခင်ဗျ။ ကိန္နရာတို့ ကိန္နရီတို့ ဆိုတာကတော့ ကျွန်တော်တို့ ဗုဒ္ဓဝင်တွေ၊ ရာဇဝင်တွေ၊ ရှေးဟောင်းစာပေတွေထဲမှာ အင်မတန်ထင်ရှားတဲ့ မနုဿငှက်တစ်မျိုးပဲ ခင်ဗျ'

သူသည် နိုင်ငံရေးသမားအဖြစ် တရားမဟောရသည်မှာ ကြာပြီဖြစ်၍ လေလံဆရာအဖြစ်နှင့် အခွင့်ရရှိတုန်း ဟုတ်တာရော၊ မဟုတ်တာရော စွတ်၍ ပြောနေတော့၏။

'ရှေးသော်မြရောင်၊ စန္ဒတောင်၌၊ လှခေါင်သီဂီ၊ ကိန္နရီနှင့်၊ က, သီ ကြူးတာ သောင်ဦးညာဝယ်' လို့ သူက စန္ဒကိန္နရီပျို့ကို အသံနေ အသံထားနှင့် ရွတ်ဆိုလိုက်ပြီးနောက် 'အဲ၊ အဲ သောင်ဦးညာဝယ်ဆိုလို့ ပြောရရင် ကျွန်တော်တို့ အခုတောင်တောင်မြို့၊ အရင်ကတော့ အမရပူရမြို့ပေါ့ဗျာ။ အဲဒီမြို့တည်မင်းတရားကြီး ပုဂံမင်းလက်ထက်မှာ စာဆိုတော်ကြီး မင်းလှရာဇကျော်ထင် စပ်ဆိုခဲ့တဲ့ စန္ဒကိန္နရီပျို့လာအတိုင်း ဒီကိန္နရီရုပ်ကလေးကို ထုလုပ်ထားတာ ခင်ဗျ'

ပရိသတ်သည် လေလံဆွဲသူများနှင့် မတူဘဲ စာပေဝါသနာထောင်နေရသူများနှင့် တူနေတော့၏။

'အဲဒီလို စန္ဒကိန္နရီပျို့လာအတိုင်း စာဆိုတော်ရဲ့ဉာဏ်ကို ပန်းပုဆရာက မီအောင် ထုလုပ်ထားတဲ့၊ ထုရာမှာလည်း အင်မတန် အံ့သြစရာ၊ ချီးမွမ်းစရာကောင်းပါတယ် ခင်ဗျ။ ကျွန်တော်တို့ မန္တလေးမြို့မှာရှိတဲ့ မြန်မာသုခမိန်ကြီးများရဲ့ အလိုအရတော့ ဒီကိန္နရီရုပ်ကို လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာကျော်လောက်ကထုလုပ်ခဲ့တယ်လို့ အမိန့်ရှိကြသဗျ။ ကျွန်တော်တို့ ဒီကိန္နရီရုပ်ကို ရခဲ့တာဟာလည်း အမရပူရ ပတ်ဝန်းကျင် ကျေးရွာကလေးတစ်ခုက ရခဲ့တာ ခင်ဗျ'

ကိန္နရီရုပ်ကလေးကမူ၊ စားပွဲပေါ်တွင် ဆိုင်းအဆင့်ကို စောင့်နေသည်





အလား၊ ကကြိုးတစ်ဝက်တွင် ရပ်လျက်သားကလေး ဖြစ်၏။

'ဒီ ကိန္နရီရုပ်နဲ့ ပတ်သက်လို့ အထူးခြားဆုံးကတော့ ထုလုပ်ထားတဲ့ အသားပဲခင်ဗျ။ ကျွန်တော်တို့ အဲ၊ အဲ ယင်းနက်သားနဲ့ ထုလုပ်ထားပါတယ် ခင်ဗျ။ ယင်းနက်သားဆိုတာက မြန်မာပြည်မှာ ရနိုင်တဲ့ အသားမျိုး မဟုတ်ပါဘူး ခင်ဗျ။ ဟိမဝန္တာမှာသာ ရနိုင်တဲ့ အင်မတန်ရှားပါးတဲ့ သစ်သားမျိုးပါ ခင်ဗျ။ ကျွန်တော်တို့ နေ့ကူးတို့၊ နံ့သာဖြူတို့၊ နံ့သာနီလိုတို့ မွှေးပြီး ကျွန်းတို့၊ ပျဉ်းကတိုးတို့ထက် မာတယ်။ ဒီယင်းနက်သားဟာ အနှစ်တစ်ထောင်လောက် ခံတယ်လို့ ရက္ခဗေဒဝါရဂူတို့က အဆိုရှိကြပါတယ်'

မှန်လေသည်။ ကိန္နရီရုပ်ကလေးသည် သစ်စေးသုတ်ထားသကဲ့သို့လည်းကောင်း၊ မဟူရာကဲ့သို့ လည်းကောင်း မည်းနက်၍ နေချေသည်။

'အဲ အဲ အခုလို စန္ဒကိန္နရီပျို့လာအတိုင်း ယင်းနက်သားနဲ့ ထုလုပ်ပြီးတဲ့နောက်မှာ ရွှေဖြင့်ပြီးသော ဘယက်၊ လည်မှာ ဒွါရယာ၊ ခါးကြိုးမှာ ခြူး၊ ယှက်ဆိုင်းပြီး သင်တိုင်း နားတောင်းအစရှိတဲ့ အဆင်းတန်ဆာတွေက ရာဇဝင်အလာ ပျို့အလာနဲ့ညီအောင် မွမ်းမံထားပါတယ်။ အဲဒီတော့ ဟောဒီ စန္ဒကိန္နရီရုပ်ကလေးကို လူကြီးမင်းတို့လို၊ ဒေါ်ဒေါ် မမတို့လို အနုပညာမြတ်နိုးတဲ့ လူတွေက စုံမက်မယ် ဆိုတာ ကျွန်တော်တို့ အထူးပြောစရာ မလိုပါဘူး။ ဒါကြောင့်မို့ လူကြီးမင်းတို့ ကျေနပ်သလောက်၊ တန်ဖိုးထားနိုင်သလောက် ဈေးနှုန်းကိုပေးပြီး ဝယ်ယူကြပါလို့ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော်တို့ကတော့ မည်ရွေ့မည်မျှ ပေးပါ၊ ဘယ်ရွေ့ဘယ်မျှရမှ ရောင်းမယ်လို့ မဆိုလိုပါဘူး။ ကြွလာတဲ့ ပရိသတ်စိတ်ကြိုက် ညှိနှိုင်းပြီး အသင့်လျော်ဆုံး ဈေးနှုန်းကို ပေးကြပါ ခင်ဗျာ'

နိုင်ငံရေးသမားဟောင်း လေလံဆရာသည် အာခြောက်သွားသည့်အလား ရေတစ်ဖန်ခွက် သောက်နေသည်။ ပရိသတ်သည် အတန်ကြာ ငြိမ်သက်နေသည်၊ အတော်ကြီးကြာမှ ခင်မောင်ရင်နှင့် မလှမ်းမကမ်းရှိ မိန်းမကြီးတစ်ဦးက စတင်၍ ဈေးပေးလိုက်သည်။

'တစ်ရာ'

'ဟော ခင်ဗျာ၊ အမျိုးသမီးကြီး တစ်ယောက်က တစ်ရာပေးနေပါတယ်'

ဒီအကြိမ်အိုဟော့ဗား လက်ထောက် လေလံဆရာက ကြေညာလိုက်သည်။

'တစ်ရာ့အစိတ်'

တစ်နေရာမှ အသံ။



www.burmeseclassic.com

www.burmeseclassic.com



'တစ်ရာ့ငါးဆယ်'

အခြား တစ်နေရာမှ အသံ။

'တစ်ရာ့ ခုနစ်ဆယ့် ငါးကျပ်'

ပထမအမျိုးသမီး၏ အသံ။ ခင်မောင်ရင်က ပပဝန်းတို့ဘက်သို့ လှည့်ကြည့်လိုက်ရာ ဗိုလ်မိုးလုံးက မင်းခေါင်အား တစ်စုံတစ်ရာ ခပ်တိုးတိုး ပြောလိုက်သည်။ ဤတစ်ခါတွင် မင်းခေါင်က –

'သုံးရာ'

ရုတ်တရက် ဈေးခုန်တက်သွားမှုကြောင့် ပရိသတ်သည် လှုပ်လှုပ် ရှားရှား ဖြစ်သွားသည်။ ပထမ ဈေးစပေးသူ အမျိုးသမီးကြီးက မတ်တတ်ရပ်လိုက်ပြီး 'သုံးရာ့အစိတ်' ပေး၏။ တရုတ်တစ်ယောက်က 'သုံးရာ့ငါးဆယ်' ပေး၏။ အခြားလူများက ပါးစပ်ပင် ဟရဲကြပုံ မရှိကြတော့ချေ။ ကိန္နရီရုပ် တစ်ခုကို သုံးလေးရာ ပေးရန်မှာ လွယ်ကူသော အလုပ်တစ်ခု မဟုတ်ပေ။ ဧည့်ခန်းတွင် အလှထားရုံအတွက် ဤမျှငွေကို ဖြုန်းတီးရန် လက်တွန့်သွားကြသည်။ မှန်တင်ခုံ တစ်ခု၊ မှန်ဗီရိုတစ်လုံးထက် ဈေးပိုလာပြီဖြစ်၏။ သို့ရာတွင် ဗိုလ်မိုးလုံးက အမိန့်ပေးလိုက်ပြန်သဖြင့် မင်းခေါင်က –

'ငါးရာ'

တရုတ်ကြီးသည် တစ်ချီတည်း နောက်ဆုတ်သွားသည်။ မူလလက်ဟောင်း အမျိုးသမီးကသာ အစိတ်တိုးပေးသည်။ သို့ရာတွင် မင်းခေါင်က 'ခြောက်ရာ'ဟု အော်လိုက်သောအခါတွင် အမျိုးသမီးကြီးမှာလည်း နောက်ဆုတ်မည့် အသွင် ရှိသွား၏။

'လူကြီးမင်းတစ်ယောက်က ခြောက်ရာ ပေးနေပါတယ် ခင်ဗျာ'

လက်ထောက် လေလံဆရာက ကျယ်လောင်စွာ ကြေညာလိုက်သည်။ ပရိသတ်သည် မလှုပ်တော့။ ဗိုလ်မိုးလုံးတို့ကိုသာ အထင်ကြီးသော အမူအရာများဖြင့် ငေးမောကြည့်နေကြ၏။ ခင်မောင်ရင်ကတော့ နားမလည်နိုင်အောင်ပင် အံ့ဩနေမိသည်။ ဗိုလ်မိုးလုံးသည် အဘယ်ကြောင့် ပပဝန်းကို ဤနေရာသို့လာရန် တယ်လီဖုန်းဆက်၍ ချိန်းသနည်း။ သူတို့ လူစုအားလုံး အဘယ်ကြောင့် ဤနေရာတွင် လာ၍ စုရုံးကြသနည်း။ အခြားဘာကိစ္စ ရှိ၍နည်း။ လေလံဆွဲရုံ သက်သက်လော။ အဘယ်ကြောင့် ဤကိန္နရီရုပ်ကို ဤမျှ ဈေးကြီးကြီးပေး၍ ဝယ်ယူနေသနည်း။ ဤကိန္နရီရုပ်သည် လေလံဆရာက မည်သို့ပင်ပြောစေ ခင်မောင်ရင်၏





ရှုတ်စိအမြင်တွင်တော့ သာမန်သာ ဖြစ်၏။ သူ၏ ဗိသုကာမျက်လုံးတွင် ဘာမျှ ထူးခြားခြင်း မရှိချေ။

ဤအချိန်တွင် သူ့ခေါင်းထဲသို့ အင်မတန် ကောင်းမွန်သော စိတ်ကူး တစ်ခု ဝင်ရောက်လာ၏။

'ဟောဒီ စန္ဒကူးကိန္နရီရုပ်ကို လူကြီးမင်း တစ်ယောက်က ခြောက်ရာ ပေးနေပါတယ် ခင်ဗျာ'

ဒုတိယအကြိမ် ကြေညာလိုက်ပြန်သည်။

'တစ်ထောင်'

ခင်မောင်ရင်က ထိုင်ရာမှထ၍ အော်လိုက်သည်။ ခန်းမဆောင်တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ စောစောက ဗိုလ်မိုးလုံးတို့အပေါ် အာရုံစိုက်နေကြသူများ အားလုံးသည် ယခုအခါ သူ့ထံသို့ ပြောင်းလဲလာကြတော့၏။ မျက်လုံးပေါင်း လေးရာလောက်က သူ့အား ဝိုင်းကြည့်ကြ၏။ သူက ခပ်တည်တည်နှင့် သက်ပိုက်၍ ထိုင်နေလိုက်သည်။

'ဟောဒီ လူကြီးမင်းက တစ်ထောင်တိတိ ပေးပါမယ်တဲ့ ခင်ဗျာ'

လက်ထောက် လေလံဆရာက ကြေညာလိုက်သည်။ သူ၏ အဆမတန် ဈေးတင်ပေးလိုက်မှုကြောင့် ပို၍ မငြိမ်မသက် ဖြစ်နေကြသူများကတော့ ဗိုလ်မိုးလုံးတို့ လူစုပင် ဖြစ်သည်။ မင်းခေါင်၊ ပပဝန်းနှင့် ဗိုလ်မိုးလုံးတို့ သုံးယောက်သား အတန်ကြာ ခေါင်းချင်းဆိုင်၍ တိုင်ပင်နေကြသည်။ ပြီးတော့မှ မင်းခေါင်က –

'ထောင့်တစ်ရာ'

အပြိုင်အဆိုင်ရှိလာ၍ ပရိသတ်က ပို၍လှုပ်လှုပ်ရှရှ ဖြစ်လာသည်။

'နှစ်ထောင်'

ခင်မောင်ရင်က ဆတ်ခနဲထ၍ ပြောလိုက်ပြီး ဆတ်ခနဲ ပြန်ထိုင်လိုက်သည်။ ပြီးတော့ ဤအရေးကိစ္စတွင် ဘာမျှ စိတ်မဝင်စားသလို စီးကရက်တစ်လိပ် မီးညှိ၍ သောက်နေသည်။ ပရိသတ်သည် တစ်ယောက်တစ်ပေါက်နှင့် အမျိုးမျိုး ထင်မြင်ချက်ပေးလျက်ရှိရာ ညဈေးတန်းပမာ ဆူညံလျက် ရှိ၏။ လေလံဆရာက စားပွဲပေါ်မှ အချက်ပေးခေါင်းလောင်းကို နှိပ်၍ သတိပေးလိုက်သည်၊

'မင်းပရိသတ်များ ခင်ဗျာ။ ငြိမ်ငြိမ်သက်သက် ရှိကြပါရန် တောင်းပန်ပါတယ်'

သို့ရာတွင် လူအများကပင် ခင်မောင်ရင်အား ကောင်းကောင်း မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရန် ထ၍ ကြည့်နေကြသည်။ အချို့က ကုလားထိုင်ပေါ်သို့ပင် တက်၍ ကြည့်နေကြသည်။ ဗိုလ်မိုးလုံးတို့ သုံးဦးသားမှာ ခေါင်းချင်းရိုက်နေ ကြပြန်တော့သည်။ မားထွန်းစိန်နှင့် လက်ဝါးစောင်း ကျော်ထွန်း၏ မျက်နှာများကား အထူးတင်းမာလျက် ရှိသည်ကို ခင်မောင်ရင်က အမှတ်မထင် တွေ့မြင်ရ၏။ သို့ရာတွင် သူ့နောက်ဘက် ခုံတန်းများ အဆုံးမှ နေ၍ ခုန်ဆွခုန်ဆွ၊ ကုပ်ချောင်းကုပ်ချောင်း လုပ်နေသူကြီးကိုကား သူက အလျှင်း သတိမထားမိချေ။

'ဟောဒီ လူကြီးမင်းက နှစ်ထောင်တိတိ ပေးနေပါတယ် ခင်ဗျာ'

ကြေညာသံ ထွက်ပေါ်လာသည်။ ပပဝန်းသည် ပထမဆုံးအကြိမ် ခင်မောင်ရင်ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူမ၏ မျက်နှာတွင် မကျေနပ်မှုများ ပေါ်လွင်နေသည်။ သူက ပြုံး၍ ပြလိုက်သောအခါ သူမက ချက်ချင်းပင် တစ်ဖက်သို့ ပြန်လှည့်သွားသည်။ ပြီးတော့ ဗိုလ်မိုးလုံးကို တီးတိုးပြောလိုက်သည်။ ဗိုလ်မိုးလုံးက တစ်ဖန် မင်းခေါင်အား ပြောလိုက်သည်။ မင်းခေါင်က သူတို့နှစ်ဦး၏ အသံချဲ့စက် အဖြစ်နှင့် –

'နှစ်ထောင့်ငါးရာ'

ပရိသတ်သည် တစ်ခန်းလုံး ပွဲတင်ထပ်သွားအောင် ဆူညံလှုပ်ရှား၍ သွားပြန်၏။ ပြီးတော့ ခင်မောင်ရင်အား ဘယ်မျှပို၍ ပေးနိုင်မည်နည်းဟူသော သဘောဖြင့် ဝိုင်း၍ ကြည့်နေကြ၏။ ခင်မောင်ရင်ကမူ မည်သူ့ကိုမျှ စိတ်မဝင်စားသလို စီးကရက်မီးခိုးများကို အကွင်းကလေးများ ဖြစ်အောင် မှုတ်ထုတ်နေသည်။ ယင်းကြောင့် ပရိသတ်၏ ဝေဖန်သံသည် ပို၍ ကျွက်ကျွက်ညံလာတော့၏။ လေလံဆရာက ခေါင်းလောင်းကို မကြာခဏ နှိပ်၍ အနူးအညွတ် တောင်းပန်နေရ၏။

'နှစ်ထောင့်ငါးရာ ပေးနေပါတယ် ခင်ဗျာ'

ပထမ ကြေညာသံ။

'နှစ်ထောင့်ငါးရာ ပေးနေပါတယ် ခင်ဗျာ'

ဒုတိယ ကြေညာသံ။

ခင်မောင်ရင်က စီးကရက် မီးညှိနေပြန်သည်။ သူ အလျှော့ပေးသွားပြီဟု ပရိသတ်က သဘောရကာ စိတ်ပျက်သည့်အနေဖြင့် ပွက်လောညံ ဝေဖန်ကြပြန်တော့၏။ လေလံဆရာက တောင်းပန်ထိန်းသိမ်းရ၏။

'နှစ်ထောင့်ငါးရာ'

လက်ထောက် လေလံဆရာက တတိယအကြိမ် ကြေညာမည်အပြုတွင်





ခင်မောင်ရင်က ဝုန်းခနဲ ထလိုက်သည်။ ပြီးတော့ ကုလားထိုင်ပေါ် တက်လိုက်သည်။ တစ်ခန်းလုံး ငြိမ်သွားသည်။ သူ့အား သူရဲကောင်းကြီးပမာ ဝိုင်း၍ ကြည့်နေကြသည်။

'ခုနစ်ကျပ်ခွဲ'

ယင်းသို့ သူက အော်လိုက်သောအခါ တစ်ခန်းလုံး ဝေါခနဲ ဖြစ်သွားသည်။ သူကတော့ ဣန္ဒြေမပျက် ပြန်ထိုင်နေလိုက်သည်။ လေလံဆရာများလည်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ "ဒီအက်စ်အို"ဟောင်းက "ဖဆပလ"ဟောင်းကို ဘာဆက်၍ လုပ်ရမည်နည်းဟု မေး၏။ နိုင်ငံရေးသမား လူထွက်ကြီးမှာလည်း ခေါင်းကို တဖျစ်ဖျစ်ကုတ်နေပြီးနောက် တစ်စုံတစ်ခု ပြောလိုက်၏။ တတိယကြေညာချက်ကို ဆက်လက်ထုတ်ပြန်ရန် အမိန့်ပေးလိုက်ခြင်း ဖြစ်၏။ သို့ဖြင့် လက်ထောက်လေလံဆရာက –

'နှစ်ထောင့်ငါးရာ'

ခင်မောင်ရင်က သွက်လက်စွာ ထ၍

'သုံးထောင်'

တစ်ခန်းလုံး ပွဲလန့်သည့်အလား ဖြစ်သွားပြန်သည်။ လေလံဆရာများ ခေါင်းခြောက်သွားပြန်သည်။ ထို့နောက် "သုံးထောင်"ပေးနေကြောင်းကို ကြေညာပေးရပြန်တော့၏။ သည်တော့လည်း ဗိုလ်မိုးလုံးတို့မှာ အကျပ်တွေ့ရပြန်တော့သည်။ ခင်မောင်ရင်က သုံးထောင်မျှ ပေးထားသည်ဖြစ်ရာ သူတို့အဖို့ တိုးရအခက် ဆုတ်ရအခက် ဖြစ်နေပါသည်။ သူတို့ကို ကြည့်ရသည်မှာ အလျှော့ပေးလိုစိတ်မရှိပါ။ ယင်းသို့ အလျှော့မပေးလိုသည်မှာ ခင်မောင်ရင်အား မခံချင်၍လည်း ဖြစ်ပေသည်။ ကိန္နရီရုပ်ကလေးကို လိုချင်လွန်း၍လည်း ဖြစ်ပေမည်။

ကိန္နရီရုပ်ကလေးကို ဤမျှလိုချင်နေသည်မှာ အတော်တော့ စဉ်းစားစရာ ဖြစ်၏။ သူတို့အနေနှင့် ဤပန်းပုရုပ်ကလေးကို လက်လွှတ်မခံနိုင်ခြင်း၏ နောက်ကွယ်တွင် တစ်ခုခုတော့ ရှိနေမည်ဟု ခင်မောင်ရင်က ယူဆမိ၏။ တစ်နည်းမှာပင် သူ့တွင် အန္တရာယ်များ ပိုသည်ထက် ပိုလာနေပြီ ဖြစ်ကြောင်းကိုလည်း သူက သိရှိမိ၏။ သို့ရာတွင် ဣန္ဒြေမပျက်စေဘဲ မည်သူ့အားမျှ ဂရုမစိုက်သလို ခပ်တည်တည်ကြီး ထိုင်နေ၏။

လေလံဆရာများမှာလည်း သူ့စကားကို ယုံရအခက်၊ မယုံရအခက်နှင့် နောက်ဆုံးတွင် သုံးထောင်ပေးကြောင်း ကြေညာပေးနေရပြန်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



'သုံးထောင့်တစ်ဆယ်'

မင်းခေါင်က အော်လိုက်သည်။ ဤတစ်ကြိမ်တွင်တော့ သူတို့က တစ်ဆယ်ပဲ တိုးပေးသည်။ သွေးတိုးစမ်းခြင်း ဖြစ်မည်။ ခင်မောင်ရင်က စောစောကအတိုင်း 'သုံးထောင့်တစ်ဆယ်' ပေးကြောင်း နှစ်ကြိမ်မျှ ကြေညာသည် အထိ ငြိမ်သက်နေပြီး တတိယအကြိမ် ကြေညာတော့မည် အပြုတွင်မှ –

'ခုနစ်ကျပ်ခွဲ' ဟု ထ၍ အော်လိုက်ပြန်ရာ တစ်ခန်းလုံး ပွဲကျသွား ပြန်သည်။ ဤတစ်ကြိမ်တွင်တော့ လေလံဆရာကြီးသည် မျက်နှာများ နီရဲ လျက် –

'လူကြီးမင်းခင်ဗျား၊ ကောင်းကောင်းမွန်မွန်ပြောပါ။ ဒီခန်းမဆောင်ထဲမှာ ရှိတဲ့ လူတွေအားလုံးဟာ ဂုဏ်သရေရှိ အမျိုးသား အမျိုးသမီးတွေချည်းပါပဲ။ သူတို့ကို အနှောင့်အယှက် မဖြစ်ပါစေနဲ့၊ စော်ကားရာ မရောက်ပါစေနဲ့'

ဤတွင် ခင်မောင်ရင်က –

'ကျွန်တော် ဘယ်သူ့ကိုမျှ အနှောင့်အယှက် မပေးပါဘူး။ စော်လည်း မစော်ကားပါဘူး။ ဟောဒီ "ကိန္နရီမနက်ကြုတ်"ကို ကျွန်တော်ပေးနိုင်တဲ့ဈေး ဆုံးနေတာပါ'

'ဒါပေမဲ့ လူကြီးမင်းက အခု သုံးထောင်၊ အခု ခုနှစ်ကျပ်ခွဲလို့ ပြောနေတော့'

'ဒါဖြင့် ကျွန်တော် လေးထောင်ပေးပါမယ်။ လေးထောင်'

သူက လေသံမာမာဖြင့် ပြောလိုက်ပြီးနောက် အိတ်ထဲမှ နှစ်ဆယ်တန် ငွေစက္ကူအထပ်ကြီးကို ပရိသတ်မြင်သာအောင် မြှောက်ပြလိုက်သည်။ ပရိသတ်က တစ်ခဲနက် ဩဘာပေးလိုက်သည်။ လေလံဆရာကြီးမှာလည်း ဘာမျှ မပြောနိုင်ဘဲ သူ့လက်ထောက်ကို ထုံးစံအတိုင်း ဆက်လုပ်ရန်သာ ပြောလိုက်ရတော့၏။ သို့ဖြင့် လက်ထောက်က လေးထောင်ပေးနေကြောင်း အောင့်သက်သက်နှင့် ကြေညာရပြန် တော့၏။

'ငါးထောင်'

ယခုတစ်ကြိမ် အော်လိုက်သူကတော့ ဗိုလ်မိုးလုံးကိုယ်တိုင် ဖြစ်၏။ သူ့မျက်နှာမှာ ရှားသားမီးကျီးလို ရဲနေသည်။ ခင်မောင်ရင်ကို အစိမ်းလိုက် ဝါးတော့ မလို ဖြစ်၏။ သို့ရာတွင် ခင်မောင်ရင်ကမူ မထီမဲ့မြင် အမူအရာဖြင့် ကုလားထိုင်ပေါ် တက်ရပ်လိုက်ပြီး –

'ခုနစ်ကျပ်ခွဲ'





ဝေါခနဲ ရယ်မောသံကြီး ထွက်ပေါ်လာပြန်သည်။ ယခုအခါတွင် ပရိသတ်သည် လေလံပွဲသို့ ရောက်ရှိနေသည်ဟုပင် မထင်ကြတော့။ လေလံဆရာ၊ ဗိုလ်မိုးလုံးနှင့် ခင်မောင်ရင်တို့ သုံးပွင့်ဆိုင် ပြက်လုံးထုတ်နေသည်ကို အပျင်းပြေ ကြည့်ရှုအားထောင်နေကြသည့်အလား ဖြစ်သည်။

'ဒီမယ် ခင်ဗျားတို့ ဒီအရူးကို ဘာ့လို့ ဒါလောက်ကြာကြာ လက်ခံ ထားတာလဲ။ ပုလိပ်ကို ခေါ်ပြီး အပ်လိုက်ပါတော့လား'

ယင်းသို့ အော်လိုက်သူကား ကျော်ထွန်းဖြစ်၏။ ဤအခါတွင်မှ ပရိသတ်က –

'ဟုတ်တယ်၊ ဟုတ်တယ်။ ဒီလူ အရူးပဲ။ ပုလိပ်ကိုခေါ်ပါ' ဟု ဝိုင်းအော်ကြ ၏။ ထိုအခါတွင် ခင်မောင်ရင်၏အနီးမှ မိန်းမကြီးနှစ်ယောက်သည် ကြောက်လန့် တကြားနှင့် သူ့အနီးမှ ရှဲထွက်သွားကြ၏။ လေလံဆရာသည် ချက်ချင်းပင် တယ်လီ ဖုန်း ဆက်လေတော့သည်။ သို့ရာတွင် ခင်မောင်ရင်ကတော့ ပူပန်ကြောင့်ကြသည့် အမူအရာ လုံးဝမရှိဘဲ ကျောင်းတုန်းကသင်ခဲ့ရသော ဘလ္လာတိယပျို့မှ စာပိုဒ်အချို့ကို အသံနေ အသံထားနှင့် ရွတ်ဆိုလျက် ရှိတော့သည်။

*ဤသို့ပျော်ဖွယ်၊ ထိုမြိုင်လယ်၌၊ လူနှယ်ဆင်းဝါ၊ ကိန္နရာတို့၊ သီတာ မြစ်လောင်း၊ ချောင်းလျှင်ခြား၍၊ နှစ်ပါးမူးမိုက်၊ ရှိစဉ်ကြိုက်တွင် –*

တကယ်တော့ သူသည် ရဲအဖွဲ့ဝင်များ ရောက်လာတော့မည့်အတွက် အထူးရွှင်ပျလျက်ရှိ၏။ ဤအကွက်ကို သူက ဖန်တီးယူခြင်းဖြစ်၏။ ရဲအဖွဲ့ဝင်များ က သူ့အား ဖမ်းသွားမှပင်လျှင် သူသည် ဗိုလ်မိုးလုံးတို့လက်မှ လွတ်မည်ဖြစ်၏။ သို့မဟုတ်လျှင် သူသည် ဤတစ်ချီတွင်တော့ ကိစ္စချောဖို့ရာသာ ရှိတော့၏။ ဤတစ်ကြိမ်တွင်မူ သူတို့သည် သူ့အား မည်သည့်နည်းနှင့်မျှ အလွတ်ပေးတော့မည် မဟုတ်ချေ။ ပြီးတော့ သူက ရဲဌာနသို့ ရောက်သော အခါတွင် ရဲအဖွဲ့ဝင်များအား အားလုံး အမှန်အတိုင်း အစစ်ခံလိုက်တော့မည်ဟု ဆုံးဖြတ်ထား၏။

ရဲအဖွဲ့ဝင်များသည် ငါးမိနစ် အတွင်းမှာပင် ရောက်ရှိလာကြ၏။ ခင်မောင်ရင်က ကြောက်လန့်တကြား အမူအရာဖြင့် –

'ကျွန်တော့်ကို မဖမ်းကြပါနဲ့။ ခုနစ်ကျပ်ခွဲလို့ မအော်တော့ပါဘူး။ သူတို့ကို ဖမ်းကြပါ။ သူတို့က လူသတ်သမားတွေပါ'

သူက ဗိုလ်မိုးလုံးတို့ကို လက်ညှိုးထိုး၍ ပြော၏။ သို့ရာတွင် ရဲအဖွဲ့ဝင် များသည် သူ့စကားကို စာရင်းထဲ လုံးဝထည့်မတွက်ဘဲ အသူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခမ်းသလို အတင်းချုပ်ကိုင်၍ ခေါ်ဆောင်သွားကြလေ၏။ သို့ဖြင့် ခင်မောင်ရင်သည် ရဲအဖွဲ့ဝင်များနောက်သို့ ယက်ကန်ယက်ကန်ဖြင့် ပါသွားရာမှ တံခါးဝသို့ အရောက် တွင် မျက်နှာထားတင်းတင်းနှင့် ကြည့်နေသော ကျော်ထွန်းကို လှမ်းထုတ်ပြလိုက်၏။

ဤအခြင်းအရာကို အကဲခတ်ကြည့်ရှုနေသော သက္ကလတ်ဦးထုပ်နှင့် လူကြီးက ခေါင်းတဆတ်ဆတ်နှင့် ရှိနေ၏။

၆။ ။ ပြောင်းလဲခြင်းတစ်ဖုံ / ၁

ဤသို့ ရောက်သောအခါတွင်မှ ခင်မောင်ရင်သည် သက်ပြင်းချနိုင်တော့သည်။ ထို့နောက် သူ့အား ဖမ်းဆီးခေါ်ဆောင်လာသော ရဲကြပ်နှင့် ရဲသားအား –

'ကျွန်တော် ခင်ဗျားတို့ကို အများကြီး ကျေးဇူးတင်ပါတယ်'

သူ့စကားကြောင့် ရဲကြပ်ကြီးနှင့် ရဲသားကြီးသည် တစ်ဦး၏ မျက်နှာကို တစ်ဦးကြည့်၍ ပြုံးလိုက်ကြသည်။ အများပြည်သူကို အနှောင့်အယှက် ပေးနေသော အရူးတစ်ယောက်ကို ဖမ်းလှည့်ပါဟု တယ်လီဖုန်းဆက်၍ သူတို့သွား ခဲ့ကြရခြင်း ဖြစ်၏။ သူတို့ ရောက်သွားသောအခါတွင်လည်း ဤသူသည် ကုလားထိုင်ပေါ်သို့တက်၍ မင်းသားကြီးဟန်ဖြင့် ကဗျာများကို ရွတ်ဖတ်နေသည် မဟုတ်ပါလား။

'ခင်ဗျားတို့သာ အချိန်မီ ရောက်မလာရင် အခုလောက်ဆိုရင် ကျွန်တော် သေပြီဗျ'

'ဟုတ်လား၊ ဆိုစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ရဲကြပ်ကြီးက ရဲသားအား မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီး အရှုးတစ်ယောက်အား အပျော်သဘောရောက်ကြောင်း ကျီစယ်သည့်အနေဖြင့် မေးလိုက်သည်။

'ဘယ့်နှယ်ဗျာ သူတို့က ကြေးစားလူသတ်သမားတွေပဲ။ ဗိုလ်မိုးလုံးတို့ လက်မရွံ့မင်းခေါင်တို့၊ ဓားထွန်းစိန်တို့၊ လက်ဝါးစောင်းကျော်ထွန်းတို့ ဆိုတာတွေကို ခင်ဗျားတို့ မကြားဖူးဘူးလား'

'ဟာ ကြားဖူးတာပေါ့၊ သူတို့ဟာ ရာဇဝင်လူဆိုးတွေပဲ'

'ကျွန်တော့်ကို ခင်ဗျားတို့ ဖမ်းမယ့်အချိန်က သူတို့လေးယောက်စလုံး အခန်းထဲမှာ ရှိတယ်ဗျ၊ ပပဝန်းလည်း ရှိတယ်'

'ပပဝန်း ဆိုတာက ဘယ်သူလဲ'

'ပပဝန်းဆိုတာက ပထမတော့ မန္တလေးတက္ကသိုလ်က ဇလဗေဒ လက်ထောက်ကထိကတဲ့။ နောက် ရန်ကုန်တက္ကသိုလ်က အဏုမြူ ရူပဗေဒ ရောက်သွားရော၊ တကယ်တော့ သူဟာ ဗိုလ်မိုးလုံးရဲ့ အဆက်ဗျ။ လှသလောက် သိပ်ကြောက်စရာ ကောင်းတယ်'

'ဟုတ်တာပေါ့'

'ဟုတ်တာပေါ့ဆိုရင် ခင်ဗျားတို့ သူတို့ကို ဘာလို့ မဖမ်းကြသလဲ'

'ဖမ်းရမှာပေါ့။ ဒါပေမဲ့ ခင်ဗျားက အထောက်အထား သက်သေပြဦးမှပေါ့'

ရဲကြပ်ကြီးက မေးလိုက်သည်။ ခင်မောင်ရင် ခေါင်းကလေးမော့၍ စဉ်းစားလိုက်ပြီးနောက် –

'ခင်ဗျားတို့မှာ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ အဲ အဲ အင်္ဂါနေ့ထုတ် ရန်ကုန် သတင်းစာတွေ မရှိဘူးလား'

'ရှိတာပေါ့ဗျ။ ကနေ့မှ ဗုဒ္ဓဟူးပဲ။ အင်္ဂါဆိုတာ မနေ့ကပဲ'

'ဒါဖြင့် မနေ့က သတင်းစာ တစ်စောင်လောက်ကိုယူပြီး မျက်နှာဖုံးက ဓာတ်ပုံကို ကြည့်စမ်းဗျာ'

ရဲကြပ်ကြီးသည် စားပွဲပေါ်ရှိ သတင်းစာပုံထဲသို့ ဝတ်ကျေတမ်းကျေ ပေါ့ပေါ့ဆဆ ကြည့်လိုက်ခြင်းသာ ဖြစ်သည်။ သို့ရာတွင် သူ၏ မျက်လုံးများသည် တဖြည်းဖြည်း ပြူးကျယ်လာပြီးနောက် သတင်းစာမှ ဓာတ်ပုံကို တစ်လှည့်၊ ခင်မောင်ရင်ကို တစ်လှည့် ကြည့်နေတော့၏။ ပြီးတော့ ထိတ်လန့်တကြားနှင့် ခင်မောင်ရင်အား လက်ညှိုးထိုးကာ –





'ခင် ခင် ခင်မောင်ရင်'

'ဟုတ်ပါတယ်၊ ကျွန်တော် ခင်မောင်ရင်ပါပဲ။ အလုပ်အကိုင်က ဗီသုကာ'

'ဒါ ဒါဖြင့် ခင်ဗျား လူသတ်သမားပေါ့'

'အဲဒါတော့ မဟုတ်ဘူးဗျာ။ ဦးခမ်းလုံကိုသတ်တာ ကျွန်တော် မဟုတ်ဘူးဗျ၊ ဓားထွန်းစိန်။ ဖြစ်ပုံက ဒီလိုဗျ။ အစကနေ ပြောရမယ်။ လှမိုးညိုက စ,ရမယ်'

ခင်မောင်ရင်က ခပ်အေးအေး ပြောနေသော်လည်း ရဲကြပ်ကြီးမှာ မအေးနိုင်တော့။ ခြေမကိုင်မိ လက်မကိုင်မိ ပျာလောင်ခတ်နေတော့၏။

'ဟော့ကောင် သာနီး၊ သူ့ကို မြန်မြန်လက်ထိတ်ခတ်ပြီး ချုပ်ထားလိုက်စမ်း။ သူ အရူးမဟုတ်ဘူး။ လူသတ်သမားကွ၊ လူသတ်သမား၊ ငါ အစီရင်ခံလိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ဖြင့် ခင်မောင်ရင်အား အမိပတိ လူသတ်သမားကြီးပမာ အချုပ်ခန်းထဲ ထည့်၍ အစောင့်အကြပ်များ ချထားလိုက်လေတော့၏။ သူ၏ ရှင်းပြချက်ကိုမူ မည်သူကမျှ နားမထောင်တော့ချေ။ သူတို့၏ တာဝန်မှာ သူ့ကို ဖမ်းဆီးထားပြီး အထက်သို့ အစီရင်ခံရန်သာ ဖြစ်သည်။ ရဲကြပ်ကြီးက ရဲအုပ်ကြီးထံ အစီရင်ခံ၊ ရဲအုပ်က ရဲမှူးထံ သတင်းပို့၊ ရဲမှူးက ရဲမင်းကြီးထံ ဖုန်းဆက် စသည်ဖြင့် ဖြစ်လေသည်။

ဤနည်းဖြင့် ခင်မောင်ရင်သည် အချုပ်ခန်းထဲတွင် နှစ်နာရီ နီးပါးမျှ ပျင်းရိစွာ အချိန်ကုန်ဆုံးစေခဲ့ရသည်။ မည်သူ့အားမျှခေါ်၍မရ၊ မည်သူ့ကိုမျှ မေး၍ မရနှင့် တစ်ယောက်တည်း ဒေါပွနေရတော့သည်။ ဤအချိန်လောက်ဆိုလျှင် ဗိုလ်မိုးလုံးတို့ လူစုသည် လေလံခန်းမှနေ၍ ကိန္နရီရုပ်နှင့်အတူ လစ်ထွက်သွား လောက်ကြပေပြီ။

ခင်မောင်ရင်သည် ပပဝန်းအကြောင်းကို မစဉ်းစားတတ်အောင် ရှိနေရ





သည်။ ဤမျှလှပ၍ ဤမျှရိုးသားသော **အမျိုးသမီးတစ်**ယောက်သည် အဘယ့်ကြောင့် လူဆိုးတွေကြားထဲ ရောက်နေရသနည်း။ မည်သည့် နောက်ကြောင်းရှိ၍နည်း။ သူက ယခုထက်ထိ ပပဝန်းကို ယုံကြည်လျက်ရှိသည်။ သူ့ကို ချစ်သည်ဟု ဆိုခြင်းမှာ အတည်ဟု ထင်နေသည်။ သို့ရာတွင် အမျိုးသမီးကတော့ သူ့ကို ထောင်ချောက်တွင်းသို့ ပို့ခဲ့သည်။ သူ့ကို ပစ်ထားခဲ့သည်။ ဗိုလ်မိုးလုံးတို့နှင့် အတူရှိသော အခါ သူ့ကို မသိကျိုးကျွန်ပြုခဲ့သည်။ သူကသာ အောက်မေ့တမ်းတနေရသည်။

နေ့မွန်းတည့်မှပင် စောစောက ရဲကြပ်နှင့်ရဲသားသည် အချုပ်ခန်းတံခါးကို လာ၍ ဖွင့်ကြလေသည်။ ပြီးတော့ သူ့အား ရုံးခန်းထဲသို့ ခေါ်သွားပြီး သူ့ပစ္စည်းများ အားလုံးကို ပြန်ပေးလေသည်။ ထွန်းစိန်၏ ဓားကအစ ပြန်ပေးလေသည်။ သူက နားမလည်နိုင်အောင် ရှိနေရသည်။

'ဒါ ဘာလုပ်ကြတာလဲ။ ကျွန်တော့ကို လွှတ်တာလား။လွှတ်တယ်ဆိုရင်လည်း ဒီဓားကိုတော့ ယူထားလိုက်ကြပါ။ ဒီဓားဟာ သက်သေခံပစ္စည်းဗျ။ ဦးခမ်းလုံကို သတ်တာလည်း ဒီဓားမျိုးပဲဗျ။ အဲဒီတော့'

ရဲကြပ်ကြီးက သူ့အား လက်ဝါးကာပြလိုက်ပြီး –

'ကျွန်တော် တောင်းပန်ပါတယ် ကိုခင်မောင်ရင်။ ကျွန်တော်တို့ကို အထက်က အမိန့်ပေးထားပါတယ်။ ကျွန်တော်တို့ကို ဘာမှလည်း မမေးပါနဲ့။ ဘာမှလည်း မပြောပါနဲ့။ ကျွန်တော်တို့ လိုက်ပို့မယ့် နေရာကိုသာ ကောင်းကောင်း မွန်မွန် လိုက်ခဲ့ပါ။ ကဲ သွားကြစို့'

ရဲကြပ်ကြီးက ယင်းသို့ပြောဆိုပြီးနောက် သူ့အား ရဲသားဘခင်ဆီသို့ ခေါ်သွားသည်။ လက်ထိတ်ခတ်ခြင်းမရှိ။ ခင်မောင်ရင်က အူကြောင်ကြောင်နှင့် ဘအ ပေါ်သို့ တက်လိုက်ရသည်။

'ကျွန်တော့်ကို ဘယ်ခေါ်သွားကြမှာလဲ'

'ရောက်တဲ့အခါကျတော့ သိပါလိမ့်မယ်'

'ဘာကိစ္စ ခေါ်သွားကြမှာလဲ'

'ဘာမှ မမေးပါနဲ့လို့ ကျွန်တော် မေတ္တာရပ်ခံထားပါတယ် ကိုခင်မောင်ရင်'

သို့ဖြင့် ခင်မောင်ရင်သည် ခေါင်းကို ယမ်းခါလိုက်ပြီးနောက် စီးကရက် တစ်လိပ်ကို မီးညှိ၍ သောက်လိုက်သည်။ ခင်မောင်ရင်သည် တနင်္ဂနွေနေ့ ညမှစ၍ ယနေ့ ဗုဒ္ဓဟူးနေ့ နေ့ခင်းထိ မမျှော်လင့်သည့် အဖြစ်အပျက်များ၊ နားမလည်နိုင်သည့် အကြောင်းအရာများကိုသာ ဆက်တိုက် တွေ့ကြုံခဲ့ရသည် ဖြစ်၍ဖြင့် အထူးအထွေ



www.burmeseclassic.com

www.burmeseclassic.com



မေးမနေတော့ဘဲ သူတို့ခေါ်ရာနောက်သို့ ဖြစ်ချင်ရာဖြစ်စေတော့ဟူသော သဘောဖြင့် လိုက်ပါသွားလေတော့၏။ သူ့အဖို့ သန်းခေါင်ထက် ညဥ့်နက်စရာ မရှိတော့ပါလေ။

ရဲကြပ်ကြီးကိုယ်တိုင် မောင်းနှင်လာသော ရေညှိရောင် ရှေးဂျစ်ကား တလေးသည် ဟိုချိုး သည်ကွေ့ဖြင့် နောက်ဆုံးတွင် မန္တလေးမြို့ အပြင်သို့ ထွက်လေ တော့၏။ မန္တလေး – ရန်ကုန် လမ်းမကြီးပေါ်သို့ ရောက်လေတော့၏။

'ဘာလဲ၊ ခင်ဗျားတို့ ကျွန်တော့်ကို ရန်ကုန်ပို့မလို့လား'

သူ့အမေးကို ရဲကြပ်ကြီးက ပြန်မဖြေပါ။ မကြားဟန် ပြုနေသည်။ ထို့ကြောင့် သူက ခပ်မဆိတ် နေလိုက်ရပြန်သည်။ အတန်ကြာသောအခါတွင် ဂျစ်ကားသည် ချမ်းမြသာစည် လေယာဉ်ပျံကွင်းထဲသို့ ချိုးဝင်လိုက်ပြီး ချောင်ကျကျ တစ်နေရာတွင် ထိုးရပ်လိုက်၏။ ထို့နောက် သူတို့ သုံးယောက်စလုံး ကားပေါ်မှ ဆင်းလိုက်ကြသည်။ သို့ရာတွင် ရဲကြပ်ကြီးသည် သူ့အား မည်သည့်နေရာသို့မျှ ခေါ်ဆောင်သွားခြင်း မရှိဘဲ နေရာတွင်ပင် ရပ်လျက်ရှိသည်။ စိတ်မရှည်သည့် အမူအရာဖြင့် ဟိုကြည့် ဒီကြည့် လုပ်နေသည်။ သည်လိုနှင့် ငါးမိနစ်ခန့် အချိန် ကုန်သွားသည်။

'လက်စသတ်တော့ ခင်ဗျားတို့ ကျွန်တော့်ကို လေယာဉ်ပျံကွင်း လာပို့တာ ကိုး။ ပြီးတော့ မဟာမြတ်မုနိကော လိုက်ပို့ဦးမှာလား။ မလိုပါဘူးဗျာ၊ ကျွန်တော် ရောက်ဖူးပါတယ်။ ကျွန်တော် မန္တလေးသားပါ'

ရဲကြပ်ကြီးသည် သူ့အား ဘာမျှ ပြန်မပြောဘဲ စိတ်ရှုပ်သည့် အမူအရာ ဖြင့် တစ်ဖက်သို့ လှည့်သွားသည်။ ထိုအချိန်တွင် လူကြီးတစ်ယောက်သည် သူတို့ အနီးသို့ မယောင်မလည်နှင့် ရောက်ရှိလာပြီးနောက် သူ့အိတ်ထဲမှ မှတ်ပုံတင် ကတ်ပြားတစ်ခုကို လျှင်မြန်စွာထုတ်ကာ ရဲကြပ်ကြီးအား ပြလိုက်သည်။ ရဲကြပ်ကြီး သည် ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက် ကားပေါ်သို့ တက်သွားသည်။ ရဲသားကလည်း တစ်ပြိုင်တည်းလိုပင် လိုက်တက်သည်။ ထို့နောက် ရဲဂျစ်ကားသည် လေယာဉ်ပျံကွင်းအတွင်းမှ ပေါ့ပါးသွက်လက်စွာ ထွက်သွားလေတော့သည်။

ဤနည်းဖြင့် ခင်မောင်ရင်သည် သူတစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဖူးသော လူစိမ်းတစ်ယောက်နှင့် လေယာဉ်ပျံကွင်းတွင် ကြောင်တောင်တောင်ဖြင့် ကျန်ရစ်ခဲ့ရ လေတော့၏။

သူကသာ ဤလူကြီးကို မမြင်ဖူးသော်လည်း ဤလူကြီးကမူ သူ့အား ကောင်းစွာ မြင်တွေ့ဖူးလေသည်။ ဤလူကြီးကား အခြားသူတစ်ဦး မဟုတ်ပါလေ။





"ရှေးဟောင်းပစ္စည်းနှင့် မြန်မာမှုဗိမာန်" အရောင်းခန်းမဆောင်ထဲတွင် ခင်မောင်ရင် နှင့် ဗိုလ်မိုးလုံးတို့အား စိတ်ဝင်စားစွာ စောင့်ကြည့်အကဲခတ်၍ ကြည့်ရှုနေခဲ့သော သက္ကလတ်ဦးထုပ်နှင့် လူကြီးပေတည်း။

'ကျုပ်နာမည်က ဦးရုံမိုးပါ။ အထူးစုံစမ်းထောက်လှမ်းရေးဌာနက ရဲမှူး ဦးရုံမိုးပါ'

ရဲကြပ်ကြီး၏ကား ထွက်ခွာသွားပြီးနောက် သူတို့နှစ်ယောက်ထည်း ကျန်ရှိ သောအခါတွင် အဆိုပါလူကြီးက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။ ခင်မောင်ရင် က အံ့ဩသည့် အမူအရာ၊ ဝမ်းသာသည့် အမူအရာဖြင့် တစ်စုံတစ်ရာကို ပြောရန် ပါးစပ်ဟလိုက်စဉ်တွင် –

'နောက်မှ ဖြည်းဖြည်းဆေးဆေးပြောတာပေါ့ ကိုခင်မောင်ရင်။ ပြီးတော့ ကိုခင်မောင်ရင်ပြောမယ့် စကားတွေကို ကျုပ်တို့ အကုန်သိပြီးပါပြီ။ ဒါနဲ့ ကိုခင်မောင်ရင် ထမင်းမစားရသေးဘူး မဟုတ်လား'

သည်တော့မှ ခင်မောင်ရင်သည် သူ မနက်စာ မစားရသေးသည့် အဖြစ်ကို သတိရပြီး ခေါင်းညိတ်လိုက်သည်။

'ကဲ ဒါဖြင့် လာ။ ကျုပ်လည်း မစားရသေးဘူး။ ထမင်းစားရင်း စကား အေးအေးလူလူ ပြောကြတာပေါ့'

ချမ်းမြသာစည်လေယာဉ်ပျံကွင်း စားသောက်ခန်းအတွင်းရှိ အများ တကာ နှင့် အလှမ်းကွာသော စားပွဲငယ်တစ်ခုတွင် ထိုင်မိကြသောအခါ ဦးရုံမိုးသည် ခင်မောင်ရင် သိလိုသည့် အကြောင်းများကို ဘာတစ်ခွန်းမျှ မပြောသေးဘဲ 'ဘာစား လဲ' 'ဘာစားရရင်ကောင်းမလဲ' စသည်ဖြင့် မြန်မာ့အစာနှင့် အာဟာရ အကြောင်း များကို ပြောဆိုနေ၏။ ပြီးတော့ အလုပ်သမားတစ်ဦးကိုခေါ်၍ လူလေးယောက်စာ လောက် ဟင်းများကို မှာကြားလျက်ရှိတော့၏။ ခင်မောင်ရင်ကတော့ စိတ်မရှည်စွာ နှင့် မနည်းကြီး သည်းခံ၍ စောင့်နေရ၏။

'ဦးခမ်းလုံကို ကျွန်တော် မသတ်ဘူးဆိုတာ ဦးရုံမိုးတို့ သိသလား'

အလုပ်သမား ထွက်သွားသည်နှင့် တစ်ပြိုင်နက် ခင်မောင်ရင်က မေးလိုက် သည်။

'သိတာပေါ့'

ဦးရုံမိုးက သူ့မျက်မှန်ကို လက်ကိုင်ပဝါဖြင့် ပွတ်လိုက်ပြီး ခပ်အေးအေးပင် ဖြေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကျွန်တော့်ကို ဗိုလ်မိုးလုံးတို့က ကျောက်ဘီလူး အဖြစ်နဲ့ မှားပြီး ဖမ်းသွားတာကော သိလား'

'သိတာပေါ့'

'ကျွန်တော့်ကို ရထားပေါ်မှာ ဗိုလ်မိုးလုံးရဲ့အဆက် စုစုမြိုင်က ရဲအစွဲ လက်က လုယူထားလိုက်ပြီး ထန်းတောကုန်း ကျောင်းပျက်ကြီးကို လွှတ်လိုက်တာ ကော သိလား'

'သိတာပေါ့'

'ကိန္နရီရုပ်ကလေးကို ဗိုလ်မိုးလုံးတို့က ငွေသုံးလေးထောင်ပေးပြီး လေလံ ဆွဲတာကော သိလား'

'သိရုံတင် ဘယ်ကမလဲ။ အဲဒီတုန်းက အဲဒီ အခန်းထဲမှာ ကျုပ် ကိုယ်တိုင် ရှိတာပေါ့။ ကျုပ်ရဲ့ လက်ထောက်နှစ်ယောက်လည်း ရှိတာပေါ့'

ဦးရုံမိုးက မျက်မှန်ကို ပြန်တပ်ရင်း ပြောလိုက်သည်။

'ဒါဖြင့် ဗိုလ်မိုးလုံးတို့ကို ဖမ်းထားပြီပေါ့'

'မဖမ်းပါဘူး'

'ခင်ဗျာ၊ သူတို့ လွှတ်သွားကြသလား၊ အကုန်လုံးလား၊ ပပဝင်း ကောလား'

သူက စိတ်အားထက်သန်စွာ မေးလိုက်သဖြင့် အသံအနည်းငယ် ကျယ်သွားသည်။

'တိုးတိုး ကိုခင်မောင်ရင်။ ဘာလို့ ဒါလောက် လောကြီးနေရတာလဲ ထမင်းစားရင်း အေးအေးလူလူ ပြောကြတာပေါ့လို့ ကျုပ်ပြောထားသားပဲ'

ယင်းအခိုက်တွင် သူတို့မှာထားသော ဟင်းနှင့်ထမင်းများ လာပို့သဖြင့် နှုတ်ဆိတ်နေကြရသည်။ အလုပ်သမား ပြန်ထွက်သွားသောအခါတွင် ဦးရုံမိုးက အင်မတန်ဆာလောင်သော အမူအရာဖြင့် စတင်စားသောက်ရင်း သူ့အား –

'စားဟေ့ ကိုခင်မောင်ရင်။ ဟောဒါ မြူရွက်သုပ်ကွ၊ တို့ ရန်ကုန်မှာ မရှိဘူး'

'ကျွန်တော် မန္တလေးသားပါ။ မွေးကတည်းက မြူရွက်သုပ် စားလာ တာပါ'

သူက ဘောက်ဆတ်ဆတ် ပြောလိုက်သည်။ သို့ရာတွင် ဦးရုံမိုးက စိတ်ဆိုးပုံ မပြဘဲ အားရပါးရ စားလျက်ရှိ၏။ အမှန်မတော့ သူလည်း ဆာ လောင်နေပြီဖြစ်သဖြင့် ဦးရုံမိုးနှင့် အပြိုင်အဆိုင် စားနေရပါတော့သည်။ ဟင်း





ခွန်းကန်များ တက်တက်စင် ပြောင်သလောက် ရှိသွားမှ ဦးရုံမိုးက ဇွန်းနှင့် ခရင်းကို ချလိုက်သည်။ ထို့နောက် အလုပ်သမားတစ်ယောက်ကို ခေါ်၍ ဤပန်းကန်များကို သိမ်းသွားရန်နှင့် ကော်ဖီတစ်အိုး ယူခဲ့ရန် မှာလိုက်သည်။

'ပြောစမ်းပါဦး ဗိုလ်မိုးလုံးတို့ လွှတ်သွားကြသလား'

သူက အခွင့်အရေး ရသည်နှင့် တစ်ပြိုင်နက် မေးလိုက်သည်။

'လွှတ်သွားတာ မဟုတ်ပါဘူး။ ကျုပ်တို့က လွှတ်လိုက်တာပါ'

'ခင်ဗျာ'

ဟိုတယ်စာရေး၏ "ခင်ဗျာ" သည် ယခုအခါ သူ့ပါးစပ်ထဲသို့ ရောက်ရှိ လာတော့၏။

'ဘာပြုလို့ လွှတ်လိုက်တာလဲ'

'လွှတ်လိုက်တယ် ဆိုတာလည်း အမှန်တော့ မဟုတ်သေးဘူး။ မဖမ်း သေးတာပဲ။ ကြိုးရှည်ရှည်နဲ့ လှန်ထားတာပဲ'

'အထောက်အထား မခိုင်လုံသေးလို့လား'

'အဲဒါလည်း တစ်ကြောင်းပေါ့။ ပြီးတော့ သူတို့ တစ်ဂိုဏ်းလုံးကိုလည်း ချင်လို့ပေါ့'

'အခုဟာက လူကုန်မဟုတ်သေးဘူးလား'

'ဘယ်ဟုတ်မလဲ'

'ဘယ်သူတွေ ရှိသေးသလဲ'

'အဲဒါကို အခု ကျုပ်တို့ဆက်ပြီး စုံစမ်းနေတာပေါ့'

'ဗိုလ်မိုးလုံးတို့ အဖွဲ့ ဘယ်ရောက်သွားပြီလဲ'

'အခုလောက်ဆိုရင် ကျိုင်းတုံ ရောက်လောက် ကောင်းပါပြီ။ ညနေဆိုရင် မိုင်းစစ်ကို ရောက်သွားကြလိမ့်မယ်'

'ခင်ဗျာ၊ မိုင်းစစ် ဟုတ်လား'

'ဟုတ်တယ်။ သူတို့ဟာ လွန်ခဲ့တဲ့ တစ်နာရီကျော်ကျော်လောက်က ဒီ လေယာဉ်ကွင်းကနေပြီး ယူဘီအေလေယာဉ်ပျံနဲ့ ကျိုင်းတုံကို လိုက်သွားကြတယ်။ အဲဒီကနေ ကားနဲ့တစ်ဆင့် သွားကြလိမ့်မယ်'

'မိုင်းစစ်ဆိုတာ ဘယ်မှာလဲ'

'မိုင်းစစ်ဆိုတာက နယ်စပ်နဲ့ ဆယ့်ငါးမိုင်ပဲ ဝေးတဲ့ မြို့သေးသေးကလေး တစ်ခုပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'သူတို့က အဲဒီကို ဘာလုပ်သွားကြတာလဲ။ ပပဝန်းကော ပါသွားသလား'

'မောင်ရင့် ပပဝန်းလည်း ပါသွားပါတယ်။ အဲဒီကို သူတို့ သွားကြတာကတော့ အဲဒီမိုင်းစစ်ကနေပြီး အမျိုးအမည်မသိတဲ့ လေယာဉ်ပျံတစ်စီးနဲ့ နိုင်ငံခြားကို သွားကြမလို့ပေါ့'

'ဒီလိုဆိုရင် သူတို့ကို ဘယ်မိတော့မလဲ'

'ဘာပြုလို့ မမိရမလဲ။ မိုင်းစစ်ကို သူတို့အရင် ကျုပ်တို့က ရောက်သွားမှာပဲ'

'ဦးရုံမိုး မိုင်းစစ်ကို လိုက်သွားမလို့လား'

'ဒါပေါ့။ ကိုခင်မောင်ရင်ပါပေါ့'

'ခင်ဗျာ၊ ကျွန်တော်ပါ လိုက်ရမယ် ဟုတ်လား'

သူက ပထမ အံ့ဩသွားသည်။ နောက်တော့ ဝမ်းသာသွားသည်။ သူက ပပဝန်းနှင့် တွေ့ရဦးမည်။

'ဟုတ်တယ်၊ ဒါကြောင့်မို့ ကိုရင့်ကို ဒီခေါ်တာပေါ့။ သူတို့က ယူဘီအေ လေယာဉ်နဲ့ ကျိုင်းတုံကို လိုက်သွားပြီး အဲဒီကနေ ကားနဲ့ မိုင်းပိုက်ကိုသွားမယ်။ မိုင်းပိုက်ကနေ မိုင်းလောက်ကို သွားတဲ့လမ်းအတိုင်း လိုက်သွားပြီး တောင်ကြားလမ်းကလေးတစ်ခုရောက်တော့ မိုင်းစစ်ကို သွားကြလိမ့်မယ်။ ကျုပ်တို့က ခဏနေ ရောက်မယ့် တပ်မတော်အထူးလေယာဉ်နဲ့ တာချီလိတ်ကိုသွားမယ်။ တာချီလိတ်ကနေ မိုင်းပိုက်၊ မိုင်းပိုက်ကနေ မိုင်းစစ်ကိုပေါ့။ ဒီတော့ ကျုပ်တို့ဟာ မိုင်းစစ်ကို ရှေ့ဆင့်နောက်ဆင့် ရောက်သွားကြမှာပါပဲ'

'ဒါနဲ့ ပပဝန်းလည်း နိုင်ငံခြားကို လိုက်သွားမှာလား'

'ဒါတော့ မသေချာဘူး။ မိုင်းစစ်ဟာ သူတို့ဌာနချုပ်ပဲ။ အဲဒီမှာ တချို့နေရစ်ပြီး တချို့က နိုင်ငံခြားကို သွားမှာပဲ။ ဒါပေမဲ့ အဲဒီမှာ ဘာတွေ ဖြစ်ကြဦးမလဲမှ မသိဘဲကိုး။ ကျုပ်တို့ လူတွေလည်း အဲဒီမှာ အများကြီး ရောက်နေပြီ'

'ဒါဖြင့် ဖမ်းရုံပဲပေါ့'

'ဒီလိုတော့ မဟုတ်သေးဘူးကွယ့်။ ပြဿနာတွေက ပြောသလောက် မလွယ်ဘူး။ ဒါကြောင့် ကိုခင်မောင်ရင်ကို ခေါ်ရတာပေါ့'

'ခင်ဗျာ၊ ကျွန်တော်က ဘာလုပ်ပေးရမလဲ'

ကော်ဖီအိုး လာပို့နေသဖြင့် ဦးရုံမိုးက ချက်ချင်း ပြန်မဖြေ။ ပြီးတော့ ကော်ဖီတစ်ခွက် ဖျော်ရင်း –

'ကိုခင်မောင်ရင်ရဲ့ အကူအညီ အများကြီးလိုတာပေါ့ကွယ်။ ဦးတို့အနေနဲ့





သူတို့လုပ်ငန်းတွေကို သိနေပေမဲ့ ဘာမှအထောက်အထား မပြနိုင်သေးဘူး။ ပြီးတော့ သူတို့ကလည်း သူတို့အကြောင်းကို ရဲအဖွဲ့က ဘာမှ ခိုင်ခိုင်မာမာ မသိသေးဘူးလို့ ထင်နေကြတယ်။ ဒါပေမဲ့ သူတို့အကြောင်းကို အတော်ကလေး သိနေတဲ့လူ ရှိတယ်ဆိုတာကိုလည်း သူတို့သိထားကြတယ်။ အဲဒီလူက သူတို့အကြောင်း သိကုန်ရတာကလည်း သူတို့ လုပ်လို့ပဲ။ အဲဒီ လူကတော့ တခြားမဟုတ်ဘူး။ ကိုခင်မောင်ရင်ပဲ'

'အဲဒီတော့ ကျွန်တော်က ဘာလုပ်ရမလဲ'

'ပြောမယ်လေ။ မိုင်းစစ်ကျရင် သူတို့က မြို့နဲ့ သုံးမိုင်လောက် ဝေးတဲ့နေရာက စော်ဘွားတစ်ယောက်ရဲ့ နွေရာသီဟော်နန်းမှာ တည်းကြလိမ့်မယ်။ ကျုပ်တို့ကတော့ မြို့ထဲမှာပဲတည်းမယ်။ ဒါပေမဲ့ သူတို့ဟာ နက်ဖြန်မနက်ကျရင် "သေလာပူရ" ပျော်ပွဲစားရုံကို ထမင်းစားလာကြလိမ့်မယ်။ ကိုခင်မောင်ရင်က သူတို့ကို သေလာပူရက စောင့်နေရမယ်'

'သေလာပူရ ဆိုတာက ဘာလဲ'

'ဟိုကျတော့ တွေ့ပါလိမ့်မယ်။ အခုတော့ တောင်ပေါ်စခန်း ပျော်ပွဲစားရုံ တစ်ခုလို့ပဲ မှတ်ထားပါ။ ဒါမှမဟုတ် မှောင်ခိုဈေးကြီးတစ်ခုပေါ့ကွယ်။ အရေးကြီးတာက ကိုခင်မောင်ရင်က ဗိုလ်မိုးလုံးကိုတွေ့ရင် သူတို့လုပ်ငန်းတွေကို အကုန်သိတဲ့အကြောင်း ပြောပြပေါ့။ ပြီးတော့ ဒီအကြောင်းတွေ ရဲအဖွဲ့ကို ပြောမပြစေချင်ရင် ငွေဘယ်လောက်ပေးမလဲလို့ တောင်းပေါ့'

'ငွေညှစ်ရမှာပေါ့'

'ဆိုပါတော့ကွယ်'

'ပေးမတဲ့လား'

'ဘယ်ပေးမလဲကွယ်။ သူတို့ အကြောင်းတွေကို အကုန်သိကုန်ပြီဆိုတာနဲ့ တစ်ပြိုင်နက် သူတို့ဟာ ကိုရင့်ကို နှုတ်ပိတ်ပြီး တစ်ခါတည်း လစ်ကြတော့မှာပေါ့'

'နှုတ်ပိတ်မယ်ဆိုတာက ကျည်ဆန်နဲ့ မဟုတ်လား'

'ဒါပေါ့ကွယ်။ ဒါပေမဲ့ ကိုခင်မောင်ရင် ဘာမှ မဖြစ်စေရပါဘူး။ သူတို့ ချိန်းတဲ့နေရာကို သွားပါ။ ဦးတို့လူတွေက ဘေးက စောင့်နေပါ့မယ်။ အခြေအနေ ပေးတာနဲ့ တစ်ပြိုင်နက် သူတို့ကို ဝိုင်းဖမ်းလိုက်ရုံပေါ့ကွယ်။ ကဲ ကိုခင်မောင်ရင် အနေနဲ့ နည်းနည်းတော့ စွန့်စားရမှာပေါ့။ ဒါပေမဲ့ တာဝန်သိတတ်တဲ့ နိုင်ငံသား တစ်ဦးအနေနဲ့ ရဲအဖွဲ့ကို အကူအညီပေးဖို့ ဦးက မေတ္တာရပ်ခံပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ကူညီပါ့မယ်၊ စွန့်စားပါ့မယ်'

'ဝမ်းသာလိုက်တာကွယ်'

ခင်မောင်ရင်ကလည်း ကော်ဖီတစ်ခွက် ဖျော်လိုက်သည်။

'ဒါနဲ့ သူတို့လုပ်ငန်းတွေဆိုတာက နိုင်ငံခြားက အရင်းရှင်ကြီးတွေနဲ့ ပေါင်းပြီး ဘိန်းချတာတို့၊ ရွှေချောင်းချတာတို့၊ မြန်မာပြည်ထဲက ရတနာတွေကို နိုင်ငံခြား ခိုးထုတ်သွားတာတို့ပေါ့ ဟုတ်လား'

ဦးရုံမိုးက အနည်းငယ် စဉ်းစားဟန်ပြုပြီး –

'ကိုခင်မောင်ရင်က တကယ်ပဲ သူတို့အတွင်းရေးတွေကို သိနေပြီကိုး'

ပြီးတော့ အခု သူတို့ လေလံဆွဲသွားတဲ့ ကိန္နရီရုပ်ထဲမှာ တန်ဖိုးမဖြတ်နိုင်တဲ့ မြန်မာ့ရတနာ ကျောက်သံပတ္တမြားတွေ ပါသွားတယ်ပေါ့'

ဦးရုံမိုးက အံ့ဩဟန်ဖြင့် –

'ကိုခင်မောင်ရင် ဘယ့်နှယ်လုပ်ပြီး သိသလဲ'

'သိတာပေါ့ဗျာ။ ဘာမှ အနုပညာမမြောက်တဲ့ ပန်းပုရုပ်တစ်ခုကို ဒါလောက်ဈေးကြီးပေးပြီး ဝယ်တာရယ်၊ ပြီးတော့ ဝယ်တဲ့လူကလည်း မှောင်ခိုသမားဂိုဏ်းက ဖြစ်တာရယ်။ သူတို့ လူတွေကို ဒီနေရာမှာ စုကြတာရယ်၊ ပြီးတော့ လေလံပစ်တဲ့ လူကလည်း တစ်ချိန်က အချောင်သမား နိုင်ငံရေးသမားတစ်ဦး ဖြစ်တာရယ်ဆိုရင် သူတို့ဟာ ပူးပေါင်းပြီး မကောင်းမှုတစ်ခုကို လုပ်နေမယ်ဆိုတာ သိသာနိုင်တာပဲ။ ဟုတ်တယ်မဟုတ်လား။ ဒီအရုပ်ထဲမှာ အဲဒီ နိုင်ငံရေးသမား ဟောင်း လေလံဆရာလည်းပါတယ် မဟုတ်လား'

'ဟုတ်ပါတယ်ကွယ်'

သူ့အတွေးအခေါ်များ မှန်ကန်ကြောင်း ရဲအရာရှိတစ်ဦးက ဝန်ခံလိုက်သဖြင့် ခင်မောင်ရင်သည် များစွာမှ ကျေနပ်အားရသွားပြီး ကော်ဖီ တစ်ကျိုက် သောက်လိုက်သည်။ သို့ရာတွင် သူ့စိတ်ထဲ၌ မရှင်းမလင်းသည့် အချက်များ တလည်း အများအပြားရှိနေသဖြင့် –

'ဒါနဲ့ ဦးရုံမိုးတို့ ကျောက်ဘီလူးကို မိပြီလား"

'ကျောက်ဘီလူးကို ဖမ်းစရာ မလိုပါဘူး'

'ဘာပြုလို့ မလိုရမလဲ။ ကျောက်ဘီလူးက သူတို့ကို တစ်ပတ်ရိုက်သွားတယ်လို့ ဗိုလ်မိုးလုံးတို့ကိုယ်တိုင် ကျွန်တော့်ကို ပြောခဲ့တာပဲ။ ကျောက်ဘီလူးဟာ သူတို့နဲ့ အပေါင်းပါတစ်ဦးပဲ'





'ကိုရင်က ကျောက်ဘီလူးဆိုတာ တကယ်ရှိတယ် အောက်မေ့နေလို့လား'

'ခင်ဗျာ၊ ဘာပြုလို့ မရှိရမှာလဲ။ ကျောက်ဘီလူးဟာ ရေဇလာဟိုတယ် အခန်းနံပါတ် – ၁၃ မှာ တနင်္လာနေ့ နေ့လယ်ပိုင်းအထိ ရှိနေသေးတယ်။ သူဟာ ကျွန်တော်နဲ့ သိပ်တူတယ်။ တစ်ခုပဲရှိတယ်။ ကျွန်တော့်ထက် နည်းနည်းအရပ်မိုပြီး နည်းနည်း ကိုယ်လုံးသေးတယ်။ ပြီးတော့'

ဦးရုံမိုးက မျက်မှန်ကျွတ်ကျမတတ် ရယ်လိုက်သည်။ ခင်မောင်ရင်က ကြောင်သွားသည်။

'အဲဒါတွေ အားလုံးဟာ ဆင်ထားတာကွယ့်'

'ခင်ဗျာ'

'ကိုရင်က တခြား လျှို့ဝှက်ချက် တော်တော်များများကိုသိပြီး၊ ဒါတစ်ခုကျမှ မသိတာကိုး။ နည်းနည်းမှ မရိပ်မိတာကိုး။ ဒီလိုကွယ့်၊ ကျောက်ဘီလူးဆိုတဲ့ လူဟာ ဘယ်တုန်းကမှ မရှိခဲ့ဘူး။ နောက်လည်း ရှိမှာ မဟုတ်ဘူး။ ဗိုလ်မိုးလုံးတို့က အကွက်ဆင်ပြီး ဖန်တီးထားတဲ့ နာမည်တစ်ခုပဲ။ အဲဒီလို ဖန်တီးထားတာကတော့ ဦးခမ်းလုံကို ကျောက်ဘီလူးက သတ်တဲ့အဖြစ် ရောက်အောင်လှုပ်ပြီး ကျောက်ဘီလူးဆိုတဲ့လူကို ရဲအဖွဲ့က ရှာမတွေ့တဲ့အခါမှာ တရားခံအဖြစ် ပျောက်သွားအောင်ပဲ။ ကျုပ်ပြောတာ ရှင်းရဲ့လား။ အင်းယားမြိုင်ဟိုတယ်မှာ ဓားထွန်းခိုန် ပစ်လိုက်တဲ့ဓားကို ဆွဲနှုတ်တဲ့လူဟာ ကိုရင်မဟုတ်ဘဲ ကျောက်ဘီလူးဖြစ်အောင် သတင်းလွှင့်မယ်။ ကိုရင့်ကိုတော့ တစ်နေရာရာမှာ မတော်တဆ အသေဆိုး ဖြစ်အောင် သတ်ပစ်မယ်။ ဒါပေမဲ့ အဲဒီ ညနေက ကိုရင်ဟာ အင်းယားမြိုင်ထနေ ထွက်ပြေးသွားလိုက်တာ ကျုပ်တို့ ရဲအဖွဲ့က ရှာမတွေ့သလို သူတို့လည်း ရှာမတွေ့ တော့ဘူး။ ဒါနဲ့ သူတို့လည်း ရန်ကုန်က လစ်ကြရာမှာ ကိုရင့်ကို ဘူတာကြီးမှာ တွေ့တော့ ကျုပ်တို့လက်မရောက်အောင် ပပဝန်း . . . အဲ စုစုမြိုင်ကို အထိန်းသိမ်း ခိုင်းတာပဲ။ ဒါပေမဲ့ စုစုမြိုင်ဟာ သူ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့ သူတို့ယောကျ်ားကြီး လေးယောက်ကတော့ ကိုရင့်ကို မသတ်နိုင်ခဲ့ကြဘူး'

'ဦး ဒါတွေ ဘယ့်နှယ်လုပ်သိသလဲ'

'ကျုပ်က ရဲမှူးတစ်ယောက်ပဲ ကိုရင်ရယ်။ မြန်မာပြည် ရဲ့အခွဲ ကို ဒါလောက် အထင်မသေးပါနဲ့'

'ဒါပေမဲ့ သူတို့ ကျွန်တော့်ကို အရက်မူးအောင်တိုက်ပြီး ကားပေါ် တင် လွှတ်တာ ကျောက်ဘီလူးအဖြစ်နဲ့ အသေသတ်တာ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဦးရုံမိုးက ခေါင်းခါပြလိုက်သည်။

'မဟုတ်ဘူး ကိုရင်။ ကိုရင် အမူးပြေမယ့် အချိန်နဲ့ကိုက်ပြီး ကားပေါ်တင်လွှတ်လိုက်တာ။ ဒီလိုလုပ်မှလည်း ကိုရင်က ဦးခမ်းလုံနဲ့ သွားတွေ့မှာကိုး'

'တကယ်လို့ ကျွန်တော် သေသွားရင်ကော။ အဲဒီနေ့ မနက်က အဖြစ်ဟာ တကယ်သေနိုင်တယ်နော်'

'ကိုရင် သေသွားတော့လည်း ကိုရင့်ဟာကိုရင် အရက်တွေမူးပြီး ကားအရမ်းမောင်းလို့ သေသွားတာပေါ့။ သူတို့က တခြားလူတစ်ယောက်ကို ဖမ်းပြီး ကျောက်ဘီလူးလို့ စွပ်စွဲကြဦးမှာပေါ့'

'ဒါဖြင့် ကျွန်တော့်ကိုမှရွေးပြီး ကျောက်ဘီလူးအတု လုပ်ခိုင်းတာ မဟုတ်ဘူးပေါ့'

'ဒါတော့ အတပ်မပြောနိုင်ဘူး။ ရေဇလာကို အဝင်အထွက်ရှိတဲ့ လူတွေထဲက တစ်ယောက်ယောက်ကို တွေ့တဲ့နေရာမှာ ကိုရင့်ကို အရင်ဆုံး တွေ့တာလည်း ဖြစ်ချင် ဖြစ်မှာပေါ့'

'ဒါပေမဲ့ ဟိုတယ်က လူတွေက ကျွန်တော့်ကို ကျောက်ဘီလူး အဖြစ်နဲ့ ဆက်ဆံကြတာကော'

'ဒါကတော့ အလွယ်ကလေး ကိုရင်ရယ်။ ငွေကလုပ်ရင် ဖြစ်တာပဲ။ ဆူလတန်ကတောင် သူ့ခေါင်းကို ကိုရင်က ဘီယာပုလင်းနဲ့ ရိုက်တယ်လို့ အစစ်ခံခဲ့သေးတာပဲ။ ဟိုတယ်က လူတွေအားလုံးကို ကျုပ်တို့ စုံစမ်းပြီးပါပြီ'

'အင်း ကျောက်ဘီလူး၊ ကျောက်ဘီလူး'

ခင်မောင်ရင်က ညည်းတွားလိုက်သည်။ ဦးရုံမိုးက ဆေးတံညှိ နေသည်။

'ဒါဖြင့်ရင် ဦးခမ်းလုံဟာလည်း ဗိုလ်မိုးလုံးတို့ ဂိုဏ်းဝင်ပဲပေါ့'

ဦးရုံမိုးက ချက်ချင်းပြန်မဖြေ။ သိပ်ပြောချင်ပုံမရ။ အတန်ကြာမှ –

'ဆိုပါတော့ကွယ်။ ဒါပေမဲ့ ဒီကိစ္စတွေ ဘယ်သူမှ မသိပါစေနဲ့ဦး။ ဦးခမ်းလုံက အစိုးရအရာရှိကြီးတစ်ဦး ဖြစ်နေတယ် မဟုတ်လား။ ကိုရင့်ကိုတော့ ပြောရမယ့်လူမို့ ပြောရတာပဲ'

'စိတ်ချပါ။ ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူး။ ဒါပေမဲ့ မေးခွန်း တစ်ခုတော့ မေးပါရစေဦး'

'ဘာများလဲကွယ့်'

ခင်မောင်ရင်က ရုတ်တရက် မမေးပါချေ။ သူက မေးသင့် မမေးသင့်





ချိန်ဆနေပုံရသည်။ အတန်ငယ်ကြာမှ –

'ဦးတို့ကတော့ ဗိုလ်မိုးလုံးတို့ ဂိုဏ်းဝင်တွေရဲ့ ကိုယ်ရေးရာဇဝင်တွေကို အကုန်သိနေမှာမို့ မေးကြည့်ရတာပါ။ ဟို ဟို အဲ အဲ ပပဝန်း အဲ အဲ စုစုမြိုင်ဟာ သူကိုယ်တိုင် ရာဇဝတ်မှုကြီးတစ်ခုခုများ ကျူးလွန်ဖူးသလား။ တကယ်လို့ သူ့တို့ ဂိုဏ်းကို ဖမ်းပြီးရင် သူ့အနေနဲ့ အပြစ်အတော်ကြီးမလား'

ဦးရုံမိုးက ရယ်လိုက်ပြန်သည်။

'ကိုရင်က ပပဝန်းကို ရထားပေါ်မှာ တစ်နေ့လောက် အတူတူနေရုံနဲ့ အတော်ကလေး စွဲသွားပြီနဲ့တူတယ်။ မပူပါနဲ့။ သူ့မှာ ဘာမှကြီးကျယ်တဲ့ ရာဇဝတ်မှု ကြီးတွေ မရှိပါဘူး။ ဗိုလ်မိုးလုံးတို့ ဂိုဏ်းဝင်တစ်ယောက် ဖြစ်တယ်ဆိုတာက လွဲလို့ပေါ့ကွယ်'

'ဒါဖြင့် သူဟာ အစိုးရသက်သေ ဖြစ်နိုင်တာပေါ့နော်'

ဦးရုံမိုးက ဤအချိတွင်တော့ မကျေနပ်သည့်အနေဖြင့် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး –

'ဒီမယ် ကိုခင်မောင်ရင်၊ သံယောဇဉ် မရှိသင့်တာတွေကို မရှိနဲ့နော်။ ဘာပဲ ဆုပ်လုပ် ဥပဒေတွင်းကသာ ဖြစ်ပါစေ။ ကိုရင့် အကူအညီကို ကျုပ်တို့ အများကြီး ရလိုက်ပါတယ်။ ဒီလို ကူညီတဲ့အတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်။ အဲ တော်ကြစို့။ ခဏနေရင် လေယာဉ်ပျံ လာတော့မယ်'

ခင်မောင်ရင်ကလည်း အထူးလေယာဉ်ပျံ ဆိုက်ရောက်လာမည့် အချိန်ကို စိတ်အားထက်သန်စွာဖြင့် စောင့်ဆိုင်းနေပါသည်။ သူက မိုင်းစစ်ကို ယခုပင် ရောက်ချင်ပါပြီ။ မိုင်းစစ်တွင် သူ့အသက်အန္တရာယ်ကို ဖြစ်စေနိုင်သော အခြင်းအရာများ ရှိနေသလို သူ့စိတ်နှလုံးကို ရွှင်ပြုံးစေနိုင်သည့် ပပဝန်းကလည်း ရှိနေချေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## ၇။ ။ သေလာပ္ပုရဝယ် / ၁

နောက်တစ်နေ့တွင် ဦးရုံမိုးနှင့် ခင်မောင်ရင်တို့သည် "သေလာပ္ပုရပျော်ပွဲစားရုံ"သို့ နံနက် (၉)နာရီလောက်ကတည်းက ရောက်ရှိနေခဲ့ကြပေသည်။

သူတို့နှစ်ဦးသည် မိုင်းစစ်မြို့ကလေးသို့ ယမန်နေ့ညနေ ငါးနာရီလောက်က ရောက်ခဲ့ကြပေသည်။ သို့ရာတွင် ခင်မောင်ရင်က အိမ်တစ်အိမ်တွင် အနားယူ၍ နေခဲ့ရပြီး ဦးရုံမိုးတစ်ယောက်သာလျှင် ကိစ္စရှိသည်ဆိုပြီး ထွက်သွားရာ ည (၁၁) နာရီထိုးမှ ပြန်ရောက်လာလေသည်။

သို့ရာတွင် ဗိုလ်မိုးလုံးတို့အကြောင်း တစ်ခွန်းတစ်ပါဒမျှ ပြောဆိုခြင်း မရှိချေ။ ခင်မောင်ရင်က မနေနိုင်လွန်း၍ မေးမြန်းသောအခါတွင် နောက်တစ်နေ့ နံနက် (၁၀) နာရီလောက်တွင် သေလာပ္ပုရပျော်ပွဲစားရုံသို့ ဗိုလ်မိုးလုံးနှင့် ပပဝန်းတို့ လာကြလိမ့်မည်ဟု ထင်ရကြောင်း၊ ထို့ကြောင့် သူတို့က (၉) နာရီလောက် ကတည်းက ကြိုတင်၍ ရောက်နေသင့်ကြောင်းသာ ပြောဆိုပြီးနောက်၊ အိပ်ရာဝင် သွားလေသည်။



ယင်းသို့ဖြင့် ခင်မောင်ရင်သည် တစ်ယောက်တည်း မကျေမချမ်းဖြစ်ကာ နေခဲ့ရသည်။ တစ်ညလုံးလောက် ဖြစ်သည်။ ညနာရီပြန် (၂) ချက် ထိုးမှပင် အိပ်ပျော်သွားလေသည်။ ညဥ့်နက်မှ အိပ်ပျော်ခဲ့သည့်အလျောက် မနက်ကျတော့ စောစော မနိုးတော့ချေ။ ဦးရုံမိုးက နှိုး၍ ကမန်းကတန်း ထရသော အခါတွင်ကား (၈)နာရီပင် ခွဲ၍နေပေပြီ။

ဦးရုံမိုးနှင့် ခင်မောင်ရင်တို့သည် ချက်ပလက် ကားနက်ကြီးဖြင့် သေလာပ္ပုရ ပျော်ပွဲစားရုံသို့ လာခဲ့ကြလေသည်။ မိုင်းစစ်မြို့နှင့် သေလာပ္ပုရ ပျော်ပွဲစားရုံသည် တစ်မိုင်ခွဲမျှလောက်သာ ဝေးလေသည်။

မိုင်းစစ်မြို့ဟု ဆိုရသော်လည်း အိမ်ခြေတစ်ထောင်ခန့်ရှိသော ရွာကြီး တစ်ရွာသာ ဖြစ်လေသည်။ သို့ရာတွင် အဆောက်အဦများသည် ခေတ်ဆန်ပြီး နယ်ခြားတွင် တည်ရှိသည့်အလျောက် ခေတ်မီပစ္စည်းများ ပေါလှိုင်လှပါသည်။ သဘာဝ သာယာမှုနှင့် ခေတ်မီပစ္စည်း ကြွယ်ဝမှုတို့ ပေါင်းစပ်နေသောကြောင့် ရန်ကုန်မြို့ထက်ပင် နေချင့်စဖွယ် ရှိသည်။ မိုင်းစစ်မြို့တွင် ငွေနှင့် ငွေစက္ကူသည် အလကားသာ ဖြစ်၏။ ရွှေချောင်းနှင့် ရွှေဒင်္ဂါးသည်သာလျှင် အသုံးဝင် အရာရောက် လေသည်။ နယ်ခြားဒေသရှိ မှောင်ခိုဌာနကြီးတစ်ခု ဖြစ်သောကြောင့် သေနတ်နှင့် ဘျည်ဆန်များကလည်း အပ်တိုအပ်စများထက်ပင် ပေါများလှပေသည်။

သေလာပ္ပုရကား အတော်ဆန်းသော ဌာနတစ်ခု ဖြစ်လေသည်။ သဘာဝ အလျောက် ဖြစ်ပေါ်နေသော ကျောက်တောင် ကျောက်ကုန်း၊ ကျောက်တုံးများ ပြည့်နှက်လျက်ရှိသည်။ ကျောက်ရုပ်ကြီးများ၊ ကျောက်လိုဏ်ဂူကြီးများမှာလည်း အံ့ဘနန်း ရှိလှသည်။ ကျောက်ခေတ်လူသားများက ထုလုပ်ထားခဲ့သလားဟုပင် ထင်ရသည်။ ပြီးတော့ သေလာပ္ပုရဟူသော ပါဠိအမည်ကလည်း ဆန်းနေသေးသည်။ ခင်မောင်ရင်က အိမ်ရှင်ထံတွင် စုံစမ်းကြည့်သောအခါ ဤဒေသတွင် တစ်ချိန်က ရှင်ဘုရင်တစ်ပါး စိုးစံသွားသည်ဟု အဆိုရှိလေသည်။ အဆိုပါ ရှင်ဘုရင်၏ ဘွဲ့ အမည်ကိုလည်း အသေအချာ မပြောဆိုနိုင်ဘဲ သေလာပ္ပုရ မင်းကြီးဟုသာ ဆိုလေ သည်။ ကြည့်ရသည်ကတော့ တိုင်းပြည်မှ အရေးရှုံးနိမ့်၍ ထွက်ပြေးလာသော ရှင်ဘုရင်တစ်ပါး၊ သို့မဟုတ် ပုန်စား၍ မအောင်မြင်သော မင်းသားတစ်ပါးပါး ဤနေရာသို့ ရောက်ရှိလာပြီး ထီးနန်းစိုက်သွားဟန် တူပေသည်။ သို့ရာတွင် ဒိုးဘာ ရာဇဝင်ဆရာ မဟုတ်၍တစ်ကြောင်း၊ အလည်အပတ် လာရောက်နေခြင်းမဟုတ်၍ တစ်ကြောင်း စိတ်ဝင်စား၍ မနေနိုင်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



မိုင်းစစ်မြို့သည် သေလာပူရဟုခေါ်သော ကျောက်တောင်များ၏ အောက်ပိုင်း တောင်ကြားဒေသတွင် တည်ရှိပြီး သေလာပူရ ပျော်ပွဲစားရုံသည် တောင်ကတုံးကလေးပေါ်တွင် ဆောက်လုပ်ထားသော ရှမ်းလူမျိုးတစ်ဦးပိုင် ခေတ်မီပျော်ပွဲစားရုံတစ်ခု ဖြစ်ခြင်းကိုသာ သူက မှတ်သားထားလိုက်၏။ ထို့ပြင် ဗိုလ်မိုးလုံးတို့လူစုတည်းခိုနေသည်ဟုဆိုသော စော်ဘွားတစ်ဦး၏ နွေရာသီနန်းတော်သည် သေလာပူရကျောက်တောင်များ၏ တစ်ဖက်ဖျား တောင်ကတုံးကလေး တစ်ခုပေါ်တွင် ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်းကိုလည်း ဦးရုံမိုးက ပြောပြ၍ သူက မှတ်ထားလိုက်၏။ သေလာပူရ ပျော်ပွဲစားရုံမှကြည့်လျှင် နွေရာသီနန်းတော်ကို ဖြူဖြူဖွေးဖွေးကလေး မြင်တွေ့ရ၏။ ကျောက်တုံးဖြူဖြူများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်ဟု ဆို၏။ သေလာပူရပျော်ပွဲစားရုံသည် မိုင်းစစ်မြို့နှင့် နွေရာသီဟော်နန်း၏ အလယ်ဗဟိုကြားတွင်ရှိပြီး၊ တစ်နေရာနှင့်တစ်နေရာသည် တစ်မိုင်ခွဲနှစ်မိုင်မျှ ဝေးလေသည်။ မိုင်းစစ်မှ သေလာပူရပျော်ပွဲစားရုံသို့ လာလိုလျှင် အမြင့်သို့တက်လာရပြီး၊ သေလာပူရဟော်နန်းသို့ သွားလိုလျှင် ကျောက်တိုင်းပြည်ကို ကွေ့၍သွားရလေသည်။ ယင်းသို့မဟုတ်လျှင်ကား ကျောက်တောင် ကျောက်ရပ်များကို ခဲရာခဲဆစ် ကျော်ဖြတ်သွားမှသာလျှင် ရောက်ရှိနိုင်ပေသည်။ ကျောက်တောင်ကျောက်ရပ်များပေါ်သို့ တက်နိုင်ရန်လည်း မလွယ်ကူပါချေ။ ကျောက်များမှာ မိုးရေ၏ တိုက်စားမှုကြောင့် ချောမွတ်လျက်ရှိ၏။ ဆွဲစရာ၊ လွဲစရာ၊ နင်းစရာ၊ ဆွတ်စရာဟူ၍ မရှိသလောက် ဖြစ်၏။

ခင်မောင်ရင်နှင့် ဦးရုံမိုးသည် ပတ်ဝန်းကျင်ဒေသ၏ အခြေအနေကို ကြည့်ရှုလေ့လာကြပြီးနောက် စားပွဲတစ်လုံးတွင်ထိုင်၍ ကော်ဖီသောက်နေကြလေသည်။ ပျော်ပွဲစားရုံ ဆောက်ထားသော တောင်ကတုံးကလေးသည် အတော်ကလေးမြင့်၏။ အတော်လည်း ပြန့်ပြော၏။ ယင်းပျော်ပွဲစားရုံကို စော်ဘွားကပင် ဆောက်လုပ်ပြီး သူ့ကျေးကျွန်တစ်ဦးကို ပေးထားခြင်းဖြစ်သည်ဟု ဆို၏။ ယင်းကြောင့် ပျော်ပွဲစားရုံသည် လုပ၍ ချစ်စရာကောင်းလှသည်။

ခင်မောင်ရင်ကမူ ပျော်ပွဲစားရုံ၏ ခံ့ညားခေတ်ဆန်ခြင်းကို လည်းကောင်း သေလာပူရ၏ အဆန်းတကြယ်ရှိမှုကို လည်းကောင်း၊ အောက်ဘက်ရှိ မိုင်းစစ်မြို့ကလေး၏ လှပမှုကို လည်းကောင်း စိတ်မဝင်စားနိုင်ဘဲ ဗိုလ်မိုးလုံးနှင့် ပပဝန်းတို့ ရောက်ရှိလာမည့် အချိန်ကိုသာ နာရီတကြည့်ကြည့်နှင့် စောင့်နေမိလေ၏။

၂

၁၀ နာရီ ၁၅ မိနစ်လောက်တွင် သေလာပူရပျော်ပွဲစားရုံမှ ကိုက်တစ်ရာခန့်ဝေးသော တောင်ကမ်းပါးယံ အကွယ်ကလေးမှ ဖောက်စ်ဝက်ဂွန်း ကားဖြူကလေးတစ်စီး ထွက်ပေါ်လာသည်။ ကားဖြူလေးသည် ကျောက်သားလမ်းကလေးအတိုင်း ပျော်ပွဲစားရုံဆီသို့ ညင်သာစွာ မောင်းနှင်လာလေသည်။ ခင်မောင်ရင်က ခေါင်းယောင်၍ ကြည့်လိုက်သည်။ ဦးရုံမိုးသည် ချက်ချင်းပင် ထ၍ တစ်နေရာသို့ ရှောင်သွားသည်။

ဟုတ်သည်။ ပပဝန်းကိုယ်တိုင် ကားကိုမောင်းလာသည်။ ဗိုလ်မိုးလုံးက ဘေးမှကပ်၍ ထိုင်လာသည်။ သူက အံကြိတ်လိုက်သည်။ ကားဖြူဖြူသည် ပျော်ပွဲစားရုံဝန်းတွင် ယှဉ်၍ ရပ်လိုက်သည်။ ကားပေါ်မှ ဗိုလ်မိုးလုံးက အရင်ဆင်းသည်။ သူက အနောက်တိုင်းဝတ်စုံနှင့် ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်၏အထက် ပေလေးထောင်ခန့်တွင် ဖြစ်၍ အတန်ငယ် အေးမြပေသည်။ လန်းဆတ်သော လေအေးအေးကလည်း တဟူးဟူး တိုက်ခတ်လျက် ရှိသည်။ ပြီးတော့မှ ပပဝန်းဆင်းသည်။ သူမက ထဘီရဲရဲကြီး ဝတ်ထားသည်။ အကျႌက ဝါဖန့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွယ်တာအနီ တစ်ထည်ကို လည်ပင်းတွင် ပတ်တင်ထားသည်။ သူမ၏ ဆံပင်များသည် လေ့တွင် ပျံ့ဝဲလျက် ရှိသည်။

ဗိုလ်မိုးလုံးနှင့် ပပဝန်းသည် ပျော်ပွဲစားရုံအတွင်းသို့ ရှေ့ဆင့်နောက်ဆင့် ဝင်လာကြရာ ခင်မောင်ရင်၏ အနီးသို့ရောက်မှ သူ့ကို ရုတ်တရက် တွေ့မြင်သွားကြသည်။ ပပဝန်းက ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည်။ ဗိုလ်မိုးလုံးကမူ ပထမ ရှက်နှာပျက်သွားပြီးနောက် ဣန္ဒြေဆည်ကာ မျက်နှာ ခပ်တင်းတင်း ထားလိုက်သည်။

ခင်မောင်ရင်က မြူးကြွစွာဖြင့် နေရာမှထ၍ ခရီးဦး ကြိုဆိုလိုက်သည်။

'ဩော် ဗိုလ်မိုးလုံးနဲ့ ဒေါ်စုစုမြိုင်တို့ပါလား။ ကြွပါ ကြွပါ၊ ကျွန်တော့် စားပွဲမှာပဲ ထိုင်ကြပါ'

ပပဝန်းက လှည့်၍ လျှောက်သွားမည်ပြုသော်လည်း ဗိုလ်မိုးလုံးက သူမ၏ လက်မောင်းကို ဖမ်းဆွဲထားလိုက်ပြီး ခင်မောင်ရင်၏ စားပွဲတွင် ထိုင်စေသည်။ ထို့နောက် ဗိုလ်မိုးလုံးသည် ခင်မောင်ရင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'ကျွန်တော့်ကို ခုလို မမျှော်လင့်ဘဲ တွေ့လိုက်ကြရတော့ အံ့သြမနေဘူးလား ခင်ဗျာ'

ပပဝန်းသည် ခင်မောင်ရင်အား ခပ်စိမ်းစိမ်း တစ်ချက်ကြည့်လိုက်ပြီးနောက် တစ်ဖက်သို့ လှည့်သွားသည်။ ဗိုလ်မိုးလုံးကမူ သူ၏ မျက်နှာမှ တင်းမာမှုများကို သိသိသာသာကြီး လျှော့ချလိုက်ပြီး –

'ဘယ်မှာ မအံ့သြဘဲနေပါ့မလဲ ကိုခင်မောင်ရင်။ ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီကို လိုက်လာနိုင်တယ်ဆိုတာကို ကျွန်တော်ဖြင့် စဉ်းစားလို့တောင် မရဘူး'

'အလွယ်ကလေးပါ ဗိုလ်မိုးလုံး။ ထွက်ပေါက်မရှိတဲ့ ကျောင်းပျက်ကြီးပေါ်ကတောင် ဗိုလ်မိုးလုံးတို့လူစု လက်ထဲက လွတ်အောင် ထွက်ပြေးနိုင်ခဲ့သေးရင် ရဲသားနှစ်ယောက်သာပါတဲ့ ဂျစ်ကားပေါ်က ခုန်ချထွက်ပြေးသွားနိုင်တာဟာ ဘာမှ မဆန်းပါဘူး။ ပြီးတော့ ကျွန်တော့်မိတ်ဆွေ လေယာဉ်မှူးတစ်ဦးရဲ့ အကူအညီနဲ့ တာချီလိတ်ကိုသွားတဲ့ အထူးလေယာဉ်ပျံတစ်စင်းနဲ့ ပါလာပြီး ဒီကို ရောက်လာတာပဲ။ ဘာမှ မဆန်းပါဘူး'

'ဒါပေမဲ့ ကျွန်တော်တို့ ဒီမှာရှိတယ်ဆိုတာ ဘယ့်နှယ်လုပ် သိသလဲ'

'အင်း အဲဒါအတွက်တော့ မနေ့ညက ကျွန်တော် အတော်ကလေး





ခေါင်းပန်းခံလိုက်ရတယ်။ ခင်ဗျားတို့ လေယာဉ်ပျံနဲ့ ကျိုင်းတုံပါသွားတာတော့ ကျွန်တော် သိတယ်။ ဒါ့ကြောင့်လည်း ကျွန်တော်က ခင်ဗျားတို့ဟာ ကျိုင်းတုံမှာပဲ ရှိနေမယ်ထင်ပြီး ညတွင်းချင်း လိုက်သွားတာ။ ဟိုကျတော့ ခင်ဗျားတို့ကို မတွေ့ရဘူး။ ဒါပေမဲ့ ခင်ဗျားတို့ ဘယ်သွားတယ်ဆိုတာကို ကျွန်တော် မရ ရအောင် ခြေရာခံပြီး လိုက်လာတာ ကနေ့မနက်ကျမှပဲ မိုင်းစစ်ကိုရောက်ပြီး ခင်ဗျားတို့ ဟော်နန်းမှာ ရှိနေတယ်ဆိုတာ သိရတယ်။ အခု ကျွန်တော် ဒီမှာထိုင်ပြီး ခင်ဗျားတို့ဆီကို ဘယ်လိုလုပ်ပြီး လိုက်လာရမလဲလို့ စဉ်းစားနေတုန်း အဆင်သင့်ချင်တော့ ခင်ဗျားတို့က ဒီကို ရောက်လာတာပဲ'

'ခင်ဗျားအဖို့ ကံကောင်းတာပေါ့'

'ဟာ သိပ်ကို ကံကောင်းတာပေါ့။ သိန်းထီပေါက်တာပဲပေါ့'

'ဒါဖြင့် ငွေတစ်သိန်းရရင် ခင်ဗျားဟာ ကျွန်တော်တို့အကြောင်း ဘယ်တုန်းကမှ ဘာမှ မသိဘူးလို့ သဘောထားပြီး ရန်ကုန်ပြန်သွားမလား'

'လူသတ်မှုကြီးက ဘယ်သွားထားမလဲ'

'ဒါက အရေးမကြီးပါဘူး။ တရားခံအစစ်ဖြစ်တဲ့ မားထွန်းစိန်ကို ခင်ဗျားလက် တစ်ပါတည်းအပ်ခဲ့ပါမယ်။ ဒါပေမဲ့ သူ့ပါးစပ်ကိုတော့ ပိတ်ခဲ့ရမှာပေါ့ဗျာ'

'သူ့ကို သတ်ပြီးမှ အပ်မှာလား'

'ဒါ ခင်ဗျား အလုပ်မဟုတ်ပါဘူး ကိုခင်မောင်ရင်။ ထွန်းစိန် သေတာဟာ ခင်ဗျားနဲ့ ဘယ်လိုမှ မပတ်သက်စေရပါဘူး။ ကျွန်တော် အားလုံး စီစဉ်ပေးပါ့မယ်။ ခင်ဗျားဆုံးဖြတ်ဖို့က ကျွန်တော်ပေးမယ့် ငွေတစ်သိန်းကို ယူမယ် မယူဘူး ဆိုတာ ဆုံးဖြတ်ပါ'

'ကျွန်တော်ဟာ ငွေတစ်သိန်းကို သိပ်မမက်မောလှဘူး ခင်ဗျ'

'ကောင်းပြီ၊ တစ်သိန်းခွဲပေးမယ်'

ဗိုလ်မိုးလုံးက ယတိပြတ် ပြောလိုက်သည်။

'အခု ပေးမှာလား'

'အခုတော့ ဘယ်ပါမလဲ။ ကျွန်တော်တို့ တည်းနေတဲ့ ဟော်နန်းဆီကို [illegible] ည ၉နာရီ လာပါလား။ ငွေတစ်သိန်းခွဲနဲ့ ထွန်းစိန်ကို အသင့်လုပ်[illegible] ဘယ့်နှယ်လဲ'

ဦးရုံမိုး လိုချင်သည့်အကွက်ကား ရနေချေပေပြီ။ ဦးရုံမိုး၏ ညွှန်ကြား[illegible]



www.burmeseclassic.com

www.burmeseclassic.com



ချက်အတိုင်းဆိုလျှင် သူက ဗိုလ်မိုးလုံး၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်ပြီး ညကျမှ တစ်ပွဲတစ်လမ်းစမ်းကြဖို့ပဲ ရှိမည်။ သူက ဘေးသို့ လှည့်ကြည့်လိုက်ရာ တစ်စားပွဲကျော်တွင် သတင်းစာ ဖတ်နေသော ဦးရုံမိုးသည် သူတို့ကို လုံးဝ စိတ်မဝင်စားသကဲ့သို့ ဖြစ်သည်။ ပပဝန်းကတော့ ကျောက်ရုပ်ကြီးများဆီသို့သာ ငေးစိုက်ကြည့်နေသည်။

'ဘယ့်နှယ်လဲ ကိုခင်မောင်ရင်။ အချိန်သိပ်မရှိဘူး။ မြန်မြန်ဆုံးဖြတ်ပါ။ ဒါဟာ ကျွန်တော့်အနေနဲ့ အပေးနိုင်ဆုံး အခွင့်အရေးပဲ။ ဒါပေမဲ့ ခင်ဗျားအနေနဲ့ လိုချင်တာ ပြောရင်လည်း ကျွန်တော်က အစွမ်းကုန် လိုက်လျောပြီး စဉ်းစားပါ့မယ်'

'ကောင်းပြီ။ ဒါဖြင့် ကျွန်တော် တစ်ခုတောင်းမယ်။ ခင်ဗျား ပေးမလား'

'ဘာလဲဆိုတာ ပြောဦးမှပေါ့'

'ငွေတစ်သိန်းခွဲတော့ ကျွန်တော် မလိုချင်ဘူး'

'ဒါဖြင့် ဘယ်လောက် တိုးပေးရမလဲ'

'ကျွန်တော် လိုချင်တာက ငွေကို မဟုတ်ဘူး'

'ရွှေလား။ ရွှေလိုချင်ရင် ရွှေဆယ်ပိဿာ ပေးမယ်ဗျာ'

'တယ်ဟုတ်ပါလား။ ခင်ဗျားတို့ လေလံဆွဲလာတဲ့ ကိန္နရီရုပ်ထဲက ကျောက်သံပတ္တမြားတွေဟာ ဘယ်နှသိန်း ဘယ်နှသန်းဖိုးများတန်လို့ ကျွန်တော့်ကို ဒါလောက်ပေးရတာလဲ'

'ဒါ ခင်ဗျားအလုပ် မဟုတ်ပါဘူး။ ကျွန်တော်ပေးတဲ့ ရွှေဆယ်ပိဿာကို ယူမယ် မယူဘူးသာ ပြောပါ။ ရွှေဆယ်ပိဿာဟာ နယ်ခြား ပေါက်ဈေးအရဆိုရင် နှစ်သိန်းလောက်တန်ပြီး ရန်ကုန်မှာဆိုရင် သုံးသိန်းကျော်တန်တယ်။ ကဲ ဘယ့်နှယ်လဲ'

'ဝမ်းနည်းပါတယ် ဗိုလ်မိုးလုံး။ ကျွန်တော် လိုချင်တာက ရွှေလည်း မဟုတ်ပါဘူး'

'ဒါဖြင့် ဘာလဲ'

ဗိုလ်မိုးလုံးက သူ့ကို အံ့ဩသည့်အနေဖြင့် အရေးတကြီး မေးလိုက်သည်။ ဤအကြိမ်တွင်တော့ ပပဝန်းကလည်း ခင်မောင်ရင်ကို နားမလည်သည့် အမူအရာဖြင့် လှည့်ကြည့်လိုက်သည်။ ခင်မောင်ရင်က ပပဝန်း၏ မျက်နှာကလေးကို စေ့စေ့ကြည့်၍ –

'ကျွန်တော် လိုချင်တာကတော့ သူ့ကိုပဲ ဗိုလ်မိုးလုံး'





ခင်မောင်ရင်က ပပဝန်းကို မေးငေါ့ပြပြီး ပြောလိုက်သည်။ ဗိုလ်မိုးလုံး၏ မျက်နှာသည် ရဲခနဲ ဖြစ်သွား၏။ ပပဝန်းက နေရာမှ ဝုန်းခနဲ ထလိုက်ပြီး –

'ရှင် ရူးနေသလား'

ခင်မောင်ရင်ကို ခက်ထန်စွာ ပြောလိုက်သည်။ သူမသည် အတော်ပင် ဒေါသဖြစ်နေပုံရသည်။ ဗိုလ်မိုးလုံးက သူမ၏လက်မောင်းကို ကိုင်၍ –

'ထိုင်ပါဦး စု။ အေးအေးဆေးဆေး ပြောကြတာပေါ့'

သို့ရာတွင် ပပဝန်းက ဗိုလ်မိုးလုံး၏လက်ကို ပုတ်ပစ်လိုက်သည်။ ထို့နောက် ထိုင်ရာမှ ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။ ခင်မောင်ရင်က လျင်မြန်စွာထ၍ သူမကို ဆွဲထားလိုက်သည်။ ပြီးတော့ တောင်းပန်သော လေသံဖြင့် –

'ဆက်ပြီး မမိုက်ချင်ပါနဲ့တော့ ဝန်းရယ်။ သူတို့ကို စွန့်လွှတ်လိုက်ပါ။ ကိုယ်ပြောသလို ကိုယ့်နောက်ကို လိုက်ခဲ့ပါ။ ကိုယ် ဝန်းကို တကယ်ပဲ ချစ်ပါတယ်'

'လွှတ်၊ လွှတ်၊ ရှင် ကျွန်မကို လွှတ်'

ခင်မောင်ရင်က မလွှတ်ဘဲ ပို၍ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်သည်။ သူက ယခုအကြိမ်တွင် သူ မည်သည့်နည်းနှင့်ပဲ ဖြစ်ဖြစ်၊ ပပဝန်းကို သူ့နောက်ကို အပါခေါ်ဆောင်ရန် ဆုံးဖြတ်ထားပြီးသည့်နှယ် ဖြစ်သည်။

ယင်းကြောင့် ပပဝန်းက တစ်ချက်ဆောင့်ရုန်းလိုက်သည်။ ထို့နောက် ခင်မောင်ရင်၏ လက်ထဲမှ လွတ်သွားသည်နှင့် တစ်ပြိုင်နက် သူမ၏ လက်ကိုင်အိတ်ထဲမှ သေနတ်ကလေးကို လျင်မြန်စွာ ထုတ်ယူ၍ ခင်မောင်ရင်၏ လက်ဝဲရင်အုံကို ချိန်ရွယ်ကာ ကျင်လည်စွာဖြင့် နှစ်ချက်ဆင့်၍ ပစ်လိုက်သည်။

သေနတ်သံနှစ်ချက်သည် သေလာပူရ ပျော်ပွဲစားရုံ တစ်ခုလုံးကို ယောက်ယက်ခတ်သွားစေသည်။ ခင်မောင်ရင်သည် နေရာတွင်ပင် ထိုးလဲ၍ ကျသွားလေတော့၏။ ပပဝန်းသည် ရုတ်ရုတ်သဲသဲကြားမှပင် ထိုးဖောက်၍ ဗောက်စ်ဝဘ်ခွန်းကားဖြူဖြူကလေးကို အကြမ်းပတမ်း မောင်းထွက်၍ လွတ်မြောက်သွားလေတော့သည်။ ဗိုလ်မိုးလုံးမှာလည်း အခြေအနေမလှသဖြင့် လူအုပ်ကြားထဲမှ အသာသျှို၍ လစ်ထွက်သွားလေတော့၏။ ယင်း အဖြစ်အပျက်များသည် မှုက်လှည့်ပြသည်ထက်ပင် မြန်ဆန်လှပေသည်။

ပထမတွင် ထိတ်လန့်တကြားဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားသော ဆိုင်တွင်းမှ လူများသည် ချက်ချင်းပင် လဲကျသွားသော ခင်မောင်ရင်၏ အနီးသို့ ဝိုင်းအုံ၍



www.burmeseclassic.com

www.burmeseclassic.com



လာကြတော့၏။ သို့ရာတွင် ရဲမှူးကြီး ဦးရုံမိုးသည် အားလုံးထက်အရင် ခင်မောင်ရင်၏ အနီးသို့ ရောက်ရှိလာ၏။ ပြီးတော့ ခင်မောင်ရင်၏ ကိုယ်ပေါ်သို့ စားပွဲခင်းကြီး တစ်ထည်ဖြင့် လွှမ်းခြုံပေးလိုက်၏။ ထို့နောက် ဝိုင်းအုံလာသော လူများအနက်မှ လူရွယ်နှစ်ဦးကို အကူအညီ တောင်းလိုက်၏။

'သူ့ကို ကျွန်တော့်ကားပေါ် တင်ပေးကြစမ်းပါ။ ကျိုင်းတုံဆေးရုံကို အမြန်ဆုံးပို့မှ။ ဒါပေမဲ့ ရမယ်မထင်တော့ပါဘူး'

လူရွယ်နှစ်ဦးသည် သွက်လက်စွာဖြင့်ပင် စားပွဲခင်းကြီးဖြင့် ဖုံးအုပ်ထားသော ခင်မောင်ရင်ကို ခြေရင်းခေါင်းရင်းမှ ပြိုင်တူ မ၍ ချက်ပလက် ကားနက်ကြီးဆီသို့ သယ်ဆောင်သွားလေတော့၏။ ဦးရုံမိုးက ရှေ့မှ ပြေးသွားပြီး ကားနောက်ပိုင်းရှိ ပစ္စည်းထည့်သည့် အခန်းကို ဖွင့်ပေးလိုက်သောအခါတွင် လူရွယ်နှစ်ဦးက ခင်မောင်ရင်ကို အထဲသို့ ခွေ၍ ထည့်လိုက်၏။ ဦးရုံမိုးက ပစ္စည်းထည့်သည့်အခန်း အဖုံးကို လျင်မြန်စွာ ပိတ်လိုက်ပြီးနောက် ကားရှေ့ခန်းသို့ တက်ကာ စက်နှိုးလိုက်၏။ လူရွယ်နှစ်ဦးသည်လည်း သွက်လက်စွာပင် ကားနောက်ပိုင်း တံခါးကို ဖွင့်၍ တက်လိုက်ကြ၏။ အမှန်အားဖြင့်တော့ ထိုလူရွယ်နှစ်ယောက်သည် ရုပ်ဖျက်ထားသော စုံထောက်နှစ်ဦးပင် ဖြစ်၏။ ကားနက်ကြီးသည် စောစောက ဖောက်ခဲ့ကော်ဒွန်း ကားဖြူကလေးလိုပင် ဆောင့်ကြီးအောင့်ကြီး အတင်းတရကြမ်း မောင်းထွက်သွားလေတော့၏။

သေလာပူရ ပျော်ပွဲစားရုံအတွင်းမှ လူများသည်သာ အမျိုးမျိုး ဝေဖန်လျက် ကျန်ရစ်ခဲ့ကြလေတော့သည်။

၃

ဦးရုံမိုး ကိုယ်တိုင် မောင်းနှင်လာသော ချက်ပလက် ကားနက်ကြီးသည် သေလာပူရ ပျော်ပွဲစားရုံမှ အဟုန်ပြင်းစွာနှင့် မောင်းထွက်လာခဲ့သော်လည်း တောင်ကမ်းပါးယံ နှစ်ခုကို ပတ်ကွေ့မိသောအခါတွင် ကားအရှိန်ကို လျှော့လိုက်လေသည်။

ရှေ့သို့ အနည်းငယ်ဆက်၍ မောင်းသွားလျှင် လမ်းဆုံတစ်ခုသို့ ရောက်ပေမည်။ တစ်လမ်းက ဟော်နန်းကိုသွား၍ တစ်လမ်းက မိုင်းစစ်သို့ သွားလေသည်။ အကယ်၍ ဦးရုံမိုးသည် သေနတ်ဒဏ်ရာနှစ်ချက် ပြင်းထန်စွာရရှိပြီး သေသည် ရှင်သည် မသိရသေးသော ခင်မောင်ရင်ကို ကျိုင်းတုံ ဆေးရုံကြီးသို့ သယ်ဆောင်သွားမည်ဆိုလျှင် မိုင်းစစ်မြို့မှတစ်ဆင့် မိုင်လေးဆယ်ကျော် တောင်လမ်းခရီးသို့ သွားရဦးမည် ဖြစ်၏။

သို့ရာတွင် ဦးရုံမိုးသည် သူ့ကားကို လမ်းဆုံသို့ပင် ရောက်အောင် မောင်းမသွားတော့ဘဲ တောင်ပြန့်တစ်နေရာသို့ ရောက်ရှိသောအခါတွင် ညာဘက်ရှိ သိပ်သည်းသော သစ်တောကြီးထဲသို့ ကားကို ချိုးကွေ့မောင်းဝင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သစ်တောကြီး အတွင်းသို့ အတန်ငယ် မောင်းဝင်မိသောအခါတွင်ကား ကွက်လပ်ငယ်တစ်ခုကို တွေ့ရှိရ၏။ ယင်းကွက်လပ်ငယ်ထဲတွင် ဗောက်စ်ဝက်ဂွန်း ကားဖြူကလေး ရပ်ထားသည်ကို တွေ့ရှိရ၏။ ကားဖြူကလေး၏ ဘေးတွင်ကား ဝနာမငြိမ်သော အမူအရာဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော ပပဝန်းကို တွေ့ရ၏။

ဦးရုံမိုး၏ ချက်ပလက်ကားနက်ကြီး မောင်းဝင်လာသည်ကို တွေ့ရသောအခါတွင် သူမသည် ကားနက်ကြီးဆီသို့ ပြေးသွား၏။ ဦးရုံမိုးသည် သူမကို တိုက်မိမည်စိုးသဖြင့် ကားကို ရုတ်တရက် ဘရိတ်အုပ်၍ ရပ်လိုက်ရသည်။ ကားပေါ်မှ လူရွယ်နှစ်ဦးသည် ကားရပ်သည်နှင့် တစ်ပြိုင်နက် ပြိုင်တူလောက်ပင် ခုန်ဆင်းလိုက်ကြပြီး ကားနောက်ပိုင်း ပစ္စည်းခန်းကို ဖွင့်လိုက်သည်။

ခင်မောင်ရင်သည် ပစ္စည်းခန်းထဲမှ ခုန်ထွက်၍ လာလေသည်။ ထို့နောက် ဖြစ်ပျက်နေသည်များကို ဘာမျှနားမလည်သည့် အမူအရာဖြင့် ဦးရုံမိုး၊ ပပဝန်းနှင့် လူစိမ်းနှစ်ဦးကို တစ်လှည့်စီ ကြောင်အမ်းအမ်း ကြည့်နေတော့၏။ သူက ကြောင်စီစီ ဖြစ်နေသော်လည်း ကျန်လေးဦးကမူ သူ့ အမူအရာကို သဘောကျသည့်အလား အသီးသီးပြုံးလျက် ရှိကြသည်။ ပပဝန်းကမူ သူမ၏ ညာလက်ကလေးဖြင့် သူ၏ ဘယ်လက်ကို မသိမသာ ဆုပ်ထားလိုက်သည်။

ခင်မောင်ရင်ကမူ ဘာပြော၍ ဘာလုပ်ရမှန်း မသိတော့။ ဤအဖြစ်ကို သိမြင်၍ ဦးရုံမိုးက –

'ကိုခင်မောင်ရင် တော်တော်ကလေး အံ့ဩသွားသလား'

'အံ့ဩတာတော့ မပြောနဲ့တော့။ ဘာမှန်းတောင် မသိတော့ဘူး။ ကျန်တော်တော့ ရူးတောင် ရူးချင်ပြီ'

'ရူးတော့ မရူးလိုက်ပါနဲ့'

ပပဝန်းက ပြောလိုက်သည်။

'ဘာပြုလို့လဲ'

'အို မိုင်းစစ်နဲ့ စိတ်ရောဂါကုဆေးရုံက အဝေးကြီးရှင့်'

ခင်မောင်ရင်က ပပဝန်း၏ လက်ကလေးကို ဖျစ်လိုက်သဖြင့် သူမက အော်လိုက်သည်။

'ကဲပါ ပြောပြစမ်းပါ။ ဘယ်လို ဖြစ်ကြတာလဲ။ အခုကိစ္စတွေ အားလုံးဟာ တကယ် မဟုတ်ဘဲ ဘိုင်စကုပ် ရိုက်နေကြတာလား'





'ဘိုင်စကုပ် ရိုက်နေတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မျက်လှည့်ပြနေကြတာလို့ ပြောမယ်ဆိုရင်တော့ ပြောနိုင်ပါတယ်။ အဖြစ်အပျက်က ဒီလိုကွယ့်။ ဆောဒီ သူငယ်မကလေးဟာ မန္တလေးတက္ကသိုလ်က ဆရာမကလေး ပပဝန်း မဟုတ်သလို ဟိုဗိုလ်မိုးလုံးတို့အဖွဲ့ဝင် စုစုမြိုင်လည်း မဟုတ်ဘူးကွယ့်။ အမှန်ကတော့ သူဟာ အမျိုးသမီး ရဲအုပ်ကလေး သန်းသန်းနုပဲကွယ့်။ သူ့ကို ကျုပ်တို့က ဗိုလ်မိုးလုံးတို့ ဂိုဏ်းထဲကို သူလျှိုအဖြစ်နဲ့ လွှတ်ထားတာ'

'ဟင် ဟုတ်လား။ ဒါဖြင့် ပပဝန်းဟာ ဥပဒေပြင်ဘက်က မဟုတ်ဘူးပေါ့။ အမယ်လေး ဝမ်းသာလိုက်တာ'

ခင်မောင်ရင်က အမျိုးသမီး၏ ပခုံးနှစ်ဖက်ကို လှုပ်ကိုင်၍ အားရပါးရ ပြောဆိုလျက်ရှိရာ အမျိုးသမီး၏ ပါးနှစ်ပြင်သည် စထရော်ဘဲရီသီးများနှင့် အရောင်ချင်းပြိုင်လျက် ရှိတော့၏။

'ခဏနေပါဦး ကိုရင်။ ကိုရင် အဲဒီလို အငမ်းမရနိုင်တာတွေကြောင့် ကျုပ်တို့ စီမံကိန်းတွေ ပျက်ကုန်ပြီ။ ကိုရင်ကို ကျုပ် ဘာပြောထားသလဲ။ ဗိုလ်မိုးလုံးတို့ ငွေညှစ်ပါလို့၊ သူချိန်းတဲ့နေရာကို သွားပါလို့ မှာထားတယ်။ ခုတော့ သူက ညဉ့်နာရီမှာ ရွှေဆယ်ပိဿာ လာယူဆိုတာကို လက်မခံဘဲနဲ့ ပပဝန်းကိုသာ အမိဆွဲနေတော့ အားလုံးဒုက္ခရောက်ကုန်တာပေါ့။ တော်ပါသေးရဲ့။ ဒီအရေးတွေကိုမြင်လို့ ကျုပ်တို့ ကြိုတင်စဉ်းစားထားမိလို့သာပေါ့။ နို့မဟုတ်ရင် အခက်ပဲ။ မောင်ရင် ဒီလိုလုပ်လိမ့်မယ်လို့ ပပဝန်းက အစောကြီးကတည်းက တွက်ပြီး သူ့သေနတ်ထဲမှာ ခဲဖူးမပါတဲ့ ကာပတ်ကျည်ဆန်နှစ်တောင့် ထည့်ထားခဲ့မိလို့သာပေါ့'

သူက ခုမှ အခြေအနေကို လိပ်ပတ်လည်သွားသည်။ ထို့ပြင် ပပဝန်းသည် မြေအောက်ပင်တိုင်သူကလေး မဟုတ်ဘဲ ဥပဒေ၏ အမျိုးသမီးကလေးမှန်းသိ၍ အလွန့်အလွန် ဝမ်းမြောက်ကြည်နူးလျက် ရှိသည်။ သို့ရာတွင် ဦးရုံမိုး၏ စကားများသည် သူ့စိတ်များကို ကယောင်ချောက်ချား ဖြစ်စေတော့သည်။

'ကဲ ဒီတော့ ကိုခင်မောင်ရင်ကို ကျုပ် တစ်ခုပြောမယ်။ သေသေချာချာ နားထောင်ပြီး တိတိကျကျ လိုက်နာပါ။ ကိုရင့်အနေနဲ့ ကျုပ်တို့ကို အခုလို ကူညီခဲ့တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကိုရင့်အကူအညီဟာ ဒီနေရာမှာပဲ ပြီးဆုံးသွားပါပြီ။ ကိုရင့်ကို နက်ဖြန်ခါ ရန်ကုန် ပြန်ပို့ဖို့ ကျုပ်တို့အားလုံး စီစဉ်ပြီးပါပြီ'

'ပပဝန်းကော'



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ရင်က မျက်လုံးပြူး မျက်ဆန်ပြူးနှင့် မေးလိုက်သည်။

'အဲဒါကို ပြောမလို့ပေါ့။ ကိုရင်က ပပဝန်းကို စွဲလန်းချစ်ခင်နေပြီ ဆိုတာကိုကော ပပဝန်းက ကိုရင့်မေတ္တာကို တုံ့ပြန်တွယ်တာနေပြီ ဆိုတာကိုကော ကျုပ်တို့ သိပါတယ်။ အချိန်ကျရင် မောင်ရင်တို့ လူငယ်နှစ်ဦး ပျော်ပျော်ရွှင်ရွှင် ပေါင်းသင်းနေနိုင်ကြပါစေလို့လည်း ကျုပ်တို့ ဆုတောင်းပါတယ်။ ဒါပေမဲ့ ခုတော့ ကိုရင်က ရန်ကုန်ကို ခဏပြန်နေရလိမ့်ဦးမယ်။ ပပဝန်းက အစိုးရအမှုထမ်းတစ်ဦး ဖြစ်လေတော့ သူ့မှာ တာဝန်တွေ ရှိနေသေးတယ်။ အဲဒီ တာဝန်တွေကို ဆုံးခန်းတိုင်အောင် ဆက်လက် ထမ်းဆောင်ရလိမ့်ဦးမယ်'

'ဘာတာဝန်တွေဆက်ပြီး ထမ်းဆောင်စရာ ရှိနေသေးလို့လဲ။ အခု ဟော်နန်းကိုသွားပြီး ဗိုလ်မိုးလုံးတို့ လူစုကို ဝိုင်းဖမ်းလိုက်ရင် ပြီးရော မဟုတ်လား'

'မဟုတ်သေးဘူး ကိုခင်မောင်ရင်။ ကိုရင့်ကို ဒီကိုခေါ်လာပြီး ဗိုလ်မိုးလုံးကို ခြိမ်းခြောက်ပြီး ငွေညှစ်ခိုင်းတာဟာ သူတို့ကို လက်ဆုပ်လက်ကိုင်မိအောင် ဝိုင်းဖမ်းချင်လို့ မဟုတ်ဘူး။ ဒီနေရာမှာ ကိုရင် နည်းနည်း နားလည်အောင် ဗိုလ်မိုးလုံးတို့အကြောင်း ကျုပ် နည်းနည်း ပြောပြမယ်။ ဗိုလ်မိုးလုံးတို့ ဂိုဏ်းဟာ သာမန်ဂိုဏ်းတစ်ဂိုဏ်းမဟုတ်ဘူး။ ပြည်ပနဲ့ ဆက်သွယ်ထားတဲ့ နိုင်ငံတကာ ဂိုဏ်းကြီးတစ်ဂိုဏ်းကွယ့်၊ အထူးသဖြင့် အရှေ့တောင်အာရှမှာသောင်းကျန်းနေတဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းပဲ။ ဗိုလ်မိုးလုံးတို့ဟာ ပြည်ပက ညွှန်ကြားနေတဲ့အတိုင်း လုပ်နေရတာ။ သူတို့ကို ဖမ်းလိုက်ရင်လည်း ပြည်ပမှာရှိတဲ့ ဌာနချုပ်က တခြားလူတွေကို ဆက်သုံးပြီး မြန်မာပြည်ထဲမှာ မွှေနေဦးမှာပဲကွယ့်။ ဒီတော့ ကျုပ်တို့က သူတို့ရဲ့ အရင်းအမြစ် ဌာနချုပ်ကိုပါ သိဖို့လိုတယ်ကွယ့်'

'အဲဒီတော့'

'အဲဒီတော့ ကျုပ်တို့လူတစ်ယောက်ယောက်ဟာ သူတို့ရဲ့ဌာနချုပ်ကို ရောက်သွားဖို့ လိုတယ်။ ခုအထိတော့ ဌာနချုပ်ကို သိတဲ့လူဟာ ဗိုလ်မိုးလုံး တစ်ယောက်ပဲ ရှိမယ်။ သူတို့တစ်တွေရဲ့ မြန်မာပြည်ဌာနချုပ်ဟာ သေလာပုရ ဟော်နန်းဖြစ်တယ်။ ဗိုလ်မိုးလုံးဟာ သူ့ရဲ့အယုံဆုံးလူတွေကိုသာ ဒီဌာနချုပ်ကို ခေါ်လာတယ်။ ဒါပေမဲ့ အခုအထိ ဘယ်သူ့ကိုမှ ပြည်ပ ဌာနချုပ်ကြီးကို ခေါ်မသွားသေးဘူး။ နိုင်ငံခြားကို တစ်ယောက်တည်းပဲသွားပြီး တခြားလူတွေက ဒီကပဲ စောင့်နေရတယ်။ အရင့်တစ်ခေါက်တုန်းကလည်း ပပဝန်း ဒီဟော်နန်းကပဲ စောင့်နေခဲ့ရတယ်။ ဒီတစ်ခေါက် သူတို့ရဲ့ အစီအစဉ်ကလည်း ဒီတိုင်းပဲ။ ကနေ့ည





ဆယ်နာရီမှာ ရောက်လာမယ့် အမျိုးအမည်မသိတဲ့ လေယာဉ်ပျံနဲ့ ဗိုလ်မိုးလုံး တစ်ယောက်သာ ပါသွားပြီး ပပဝန်းတို့က ဒီကပဲ စောင့်ကြရမယ်။ ဒါပေမဲ့ ကိုခင်မောင်ရင်က အခုလို ခြိမ်းခြောက်လိုက်ရင် သူတို့ဟာ မြန်မာပြည်မှာ လုံခြုံမှု မရှိတော့တာကိုသိပြီး၊ ဒီဌာနချုပ်ကို ဆက်ပြီး အသုံးပြုနိုင်ဖို့ မဖြစ်နိုင်တော့တာကို သိပြီး၊ အားလုံးကို ဒါမှမဟုတ် သူ့အယုံဆုံးဖြစ်တဲ့ ပပဝန်းနဲ့ မင်းခေါင်ကို နိုင်ငံခြား ခေါ်သွားလိမ့်မယ်ကွယ့်။ အခုဆိုရင် ဗိုလ်မိုးလုံးဟာ ဘယ်နည်းနဲ့မဆို ပပဝန်းကို ဒီမှာ ထားခဲ့လို့ မဖြစ်တော့ဘူး။ ပြည်ပဌာနချုပ်ကို ခေါ်သွားရတော့မယ်'

'ခင်ဗျာ၊ ပပဝန်းတစ်ယောက်တည်း ဒီလူဆိုးတွေနဲ့အတူ နိုင်ငံခြား လိုက်သွားရမယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ဘယ်ဖြစ်မလဲ၊ ဟိုကျရင် ပပဝန်း ဒုက္ခရောက်သွားမှာပေါ့။ နိုင်ငံတကာ လူဆိုးဂိုဏ်းဌာနချုပ်မှာ မြန်မာအမျိုးသမီးကလေး တစ်ယောက်တည်း ရှိနေရမယ် ဆိုတာ'

'ဒီမယ် ကိုခင်မောင်ရင်၊ ဒါဟာ တာဝန်ပိုင်းကွယ့်။ တိုင်းပြည်အတွက် ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်နေကြရတာကွယ့်။ ကိုယ့်နိုင်ငံအတွက် အမျိုးသမီးပဲ ဖြစ်ဖြစ် စွန့်စားထမ်းဆောင်ကြရတာပဲကွယ့်။ တကယ်တော့ ကိုရင်ဟာ ပပဝန်း အတွက် ဂုဏ်ယူရမှာပါကွယ်။ ပပဝန်းဟာ အင်မတန် ချီးကျူးလောက်အောင် တော်တဲ့၊ ရဲရင့်တဲ့ အမျိုးသမီးကလေးတစ်ယောက် ပါပဲကွယ်။ သူ့ရဲ့အချစ်ကို ရတဲ့ အတွက် ကိုရင်ဟာ အင်မတန် ကံကောင်းပါတယ်။ တစ်နေ့ကျရင် မောင်ရင်တို့ နှစ်ယောက် ပြန်တွေ့နိုင်ကြလိမ့်မယ်လို့ ကျုပ် ယုံကြည်ပါတယ်။ ဒီလို ပြောရတာ ဟာ ပပဝန်းရဲ့ အစွမ်းသတ္တိကို ယုံလို့ပါပဲ။ ကဲ ကဲ အချိန်မရှိတော့ဘူး၊ ကိုရင်တို့ နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောကြရအောင် ငါးမိနစ် အချိန်ပေးမယ်'

ဦးရုံမိုးက ယင်းသို့ ပြောဆိုပြီးနောက် တစ်ဖက် တောစပ်သို့ လျှောက်သွား ကာ စုံထောက်နှစ်ယောက်သည်လည်း သူ့နောက်မှ လိုက်ပါသွားကြလေတော့၏။ သို့ဖြင့် သူတို့ချည်းသာ ကျန်ရစ်ခဲ့သော ချစ်သူနှစ်ဦးသည်လည်း တစ်ယောက်ခါးကို တစ်ယောက်ဖက်၍ တောစပ်သို့ လျှောက်သွားကြလေ၏။ အတွေးကိုယ်စီနှင့် ငြိမ် မည်သူကမျှ စကားမပြောဘဲ နှုတ်ဆိတ်လျက် ရှိလေသည်။ သစ်ပင်လုံးပြီးနှစ်ခု အကြားရှိ ဆိတ်ကွယ်ရာသို့ ရောက်သောအခါတွင်မှ ခင်မောင်ရင်က ရုတ်တရက် ရပ်လိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



'ဝန်း'

'ရှင်'

'ကိုယ့်ကို တကယ် ချစ်တာနော်'

'ပြောနေရဦးမှာလား ကိုယ်ရယ်။ တကယ်ပဲ ချစ်လို့ပေါ့ ကိုယ်'

သူ၏ ရတ်တရက်အနမ်းကြောင့် သူမက လန့်သွားသည်။ ပြီးတော့ ရှက်ပြုံးကလေး ပြုံးသည်။ နောက်တော့မှ တုံ့ပြန်၍ နမ်းသည်။

'ဝန်း'

'ရှင်'

'ကိုယ့်ကို တကယ်ချစ်ရင် ကိုယ့်နောက်ကို အခုပဲ လိုက်ခဲ့ပါတော့လားကွယ်'

'ဘယ်ဖြစ်မလဲ ကိုယ်ရယ်။ ဝန်းမှာ တာဝန်တွေ ရှိနေသေးတယ်ဆိုတာ ကိုယ် သိပြီးပြီပဲ'

'ဝန်း နိုင်ငံခြားကို ပါသွားရင် ပြန်လာနိုင်ဖို့ မလွယ်ဘူးနော်'

'ဘယ်တတ်နိုင်မလဲ ကိုယ်။ စွန့်စားရမှာပေါ့'

'ကိုယ်ကတော့ ဘယ်နည်းနဲ့မှ လိုက်မသွားစေချင်ဘူး'

'ဒါတွေ မပြောပါနဲ့တော့ ကိုယ်ရယ်။ ဝန်းဟာ ကိုယ့်ကို တကယ်ပဲ ချစ်ပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာတော့ အချစ်ထက် တာဝန်ကို ဦးစားပေးရလိမ့်မယ်'

အမျိုးသမီးက အံ့ဩဖွယ်ရာကောင်းလောက်အောင် အသံတည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

'ကဲ သွားကြစို့ ဟေ့'

ခပ်ဝေးဝေးမှ ဦးရုံမိုး၏အသံ ထွက်ပေါ်လာသည်။

'ဟော ခေါ်နေပြီ၊ သွားကြစို့'

အမျိုးသမီးက သူ့အား နမ်းလိုက်ပြီးနောက် လှချင်းခွဲလိုက်ရန် ပြင်လိုက်သည်။ သို့ရာတွင် ခင်မောင်ရင်က သူမ၏လက်ကို ဖမ်းဆွဲထားပြီး သူမအား တောထဲသို့ ဆွဲခေါ် ထွက်ပြေးသွားရန် ကြိုးစားနေတော့၏။ အမျိုးသမီးက ကြိတ်၍ ရန်းကန်လျက် ရှိသည်။ သို့ရာတွင် အားချင်းမမျှသဖြင့် ခင်မောင်ရင်၏နောက်သို့ တရွတ်တရွတ်နှင့် ပါသွားနေတော့၏။

သို့ရာတွင် –

ထိုအချိန်၌ ခင်မောင်ရင်၏ နောက်ဘက်မှ စုံထောက်တစ်ဦး ပေါ်ထွက်





လာပြီး ခင်မောင်ရင်၏ နောက်စေ့ကို သေနတ်ဒင်ဖြင့် ရိုက်ချလိုက်လေတော့၏။ ခင်မောင်ရင်သည် တစ်ချက်မျှပင် မအော်နိုင်တော့ဘဲ ခွေလဲ၍ ကျသွားလေတော့၏။

ပပဝန်း၏ ရွှန်းစိုသော မျက်လုံးစုံမှ မျက်ရည်ပေါက်များသည် မတားနိုင် မဆီးနိုင် လိမ့်ဆင်း၍ ကျလာလေတော့သည်။ သို့ရာတွင် သူမသည် အံကိုကြိတ်လိုက်ပြီး ကားဖြူလေးဆီသို့ ခပ်သုတ်သုတ် လျှောက်သွားကာ စောစောကလိုပင် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း မောင်းထွက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

၈။ ။ ××× / ၁

သတိပြန်လည်ရလာသော အခါတွင် ခင်မောင်ရင်သည် ခေါင်းထဲတွင် နောက်ကျိကျိ ဖြစ်နေသည်။ စိတ်ထဲတွင် ဝေတေတေ ဖြစ်နေသည်။ သန့်ပြန့်သော အခန်းတစ်ခု အတွင်းရှိ ခုတင်တစ်ခုပေါ်တွင် ရောက်ရှိနေသဖြင့် ပထမတော့ ဆေးရုံသို့ ရောက်နေ သည်ဟု ထင်မိသည်။ နောက် တဖြည်းဖြည်းနှင့် မှတ်မိခြင်းများကို ရရှိလာတော့မှ ယမန်နေ့ညက သူအိပ်ခဲ့သော အခန်းပင်ဖြစ်ကြောင်း သိရှိရတော့သည်။ မိုင်းစ မြို့တွင်ပင် ရှိနေသေးကြောင်းကို သိရှိရလေသည်။

အခန်းထဲတွင် လျှပ်စစ်မီးတစ်ပွင့် လင်းနေသည်ကို တွေ့ရသဖြင့် ပြတင်း ပေါက်ကို ကြည့်လိုက်မိသည်။ တောင်ရိုးတောင်စွယ်တို့ပေါ်တွင် ငွေကြယ် ကလေးများ လရောင်လှုံနေသည်ကို တွေ့သည်။ သြော် ညပေကိုး၊ သြော် လဆန်း ရက်ပေကိုး။

သူက နာရီကို ကြည့်လိုက်သည်။ ဘုရား ... ဘုရား၊ ရှစ်နာရီ ထိုးနေပါ ပကောလား။ သူက ချက်ချင်းပင် တောအုပ်တွင်းမှ အဖြစ်အပျက်များကို ပြန်လည်



အမှတ်ရရှိလိုက်တော့၏။ အဲဒီတုန်းက အလွန်ဆုံးရှိလှမှ ဆယ့်တစ်နာရီလောက် ပဲ ရှိဦးမှာပါပဲ။ သူက ၈ နာရီ ၉ နာရီကြီးများ ကြာအောင် မေ့မြော၍ နေခဲ့ရသလား။ သူက ခေါင်းကို စမ်းကြည့်လိုက်သည်။ အရေးပေါ် မြင်းဖုကလေးကို တွေ့ရသည်။ သူ့ကို စုံထောက်တစ်ယောက်က ရိုက်ချလိုက်ခြင်းဖြစ်ကြောင်း သူက ယခုမှ အလန့် တကြား သိရှိလိုက်သည်။ အိပ်ရာမှ ခုန်၍ထလိုက်သည်။

ပပဝန်းကော . . .။

သူက အခန်းတံခါးကို ဖွင့်လိုက်သည်။ မပွင့်။ အပြင်မှ သော့ခတ် ထား သလသည်။ သူ့ကို အချုပ်ချထားချေပြီ။ သူက ဒေါပွသွားသည်။ တံခါးကို လက်သီး နှစ်လုံးဖြင့် သဲအိတ်ထိုးသလို ထိုးနေမိသည်။

'ကိုခင်မောင်ရင် နိုးပလား'

အပြင်မှ လူတစ်ယောက်က မေးလိုက်သည်။ ဦးရုံမိုး၏ အသံ ဖြစ်သည်။

'ဟုတ်တယ်၊ နိုးပြီ။ ကျွန်တော်ကို ဘာလို့ သော့ခတ်ထားသလဲ'

'ခဏနေဦး ကိုခင်မောင်ရင်'

ဦးရုံမိုး၏ ခပ်သုတ်သုတ် ထွက်သွားသံကြားရသည်။ ဆယ်မိနစ်ခန့် ကြာသောအခါ ခပ်မှန်မှန် ပြန်လျှောက်လာသော ခြေသံကို ကြားရသည်။ ပြီးတော့ ဦးရုံမိုးသည် ထာစ်ခုခုကို ကြမ်းပြင်ပေါ်သို့ချပြီးနောက် အခန်းသော့ကို ဖွင့်လိုက်သည်။ တံခါးပွင့်လာသောအခါတွင် ဦးရုံမိုးသည် ကြမ်းပြင်ပေါ်သို့ ချထားသော လင်ပန်းကို ပြန်လည်မ,ယူ၍ အခန်းတွင်းသို့ ဝင်လာသည်။ သူက လင်ပန်းကို ခုတင်ဘေးက စားပွဲပေါ်တွင် ကမန်းကတန်း ချထားလိုက်ပြီးနောက် တံခါးဆီသို့ ကသုတ်ကရက် ပြန်လျှောက်သွားသည်။

'ဒါက ဘာလုပ်တာလဲဗျ'

ခင်မောင်ရင်က ခပ်မာမာ မေးလိုက်သည်။

'ကိုရင်ဖို့ ညစာလေ'

ဦးရုံမိုးက အခန်းအပြင်မှနေ၍ တံခါးကို ခေါင်းတစ်လုံးစာလောက်သာ ဖွင့်ဟ၍ ပြန်ပြောလိုက်သည်။ လင်ပန်းထဲတွင် ထမင်းပန်ကန်နှင့် ဟင်းပန်းကန်များသာ အငွေ့တထောင်းထောင်း ရှိနေသည်။

'နေပါဦး ကျွန်တော်ကို ဘာပြုလို့ သော့ခတ်ထားရသလဲ'

'ဒါအတွက်တော့ ကျုပ် တောင်းပန်ပါတယ်။ ကိုခင်မောင်ရင် ဒါ ဆာမှ နှစ်ရာရီလောက်တော့ အောင့်နေလိုက်ပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဗျ၊ ကျုပ်ကို နောက်ထပ်နှစ်နာရီ သော့ခတ်ထားဦးမလို့လား'

ခင်မောင်ရင်က တံခါးဆီသို့ ဝုန်းဝုန်းဒိုင်းဒိုင်း လျှောက်သွားရာ ဦးရုံမိုးက တံခါးကို လျင်မြန်စွာ ပိတ်လိုက်ပြီး သော့ခတ်လိုက်သည်။ ခင်မောင်ရင်က တံခါးကို တဒုန်းဒုန်းထု၍ ဖွင့်ပေးရန် အော်ဟစ်နေသည်။

'ခင်ဗျား ဘယ်လောက်ပဲ အော်အော်၊ ဘယ်လောက်ပဲ ထုထု ၁၀ နာရီ မထိုးမချင်း ဘယ်နည်းနဲ့မှ ဖွင့်မပေးနိုင်ဘူး ကိုခင်မောင်ရင်'

ခင်မောင်ရင်က တံခါးကို တဝုန်းဝုန်း ထုနေခြင်းအား ခေတ္တ ရပ်နား လိုက်ပြီး –

'ဒီမယ် ဦးရုံမိုး၊ ကျွန်တော့်ကို တစ်ခု မှန်မှန်ပြောစမ်းပါ'

'ဘာလဲ ကိုရင်'

'၁၀ နာရီမှာ သူတို့ သွားကြတော့မှာလား'

'ဟုတ်တယ်'

'ပပဝန်းပါသွားဖို့ သေချာပြီလား'

'သေချာပြီ'

'ဒီမယ် ဦးရုံမိုး'

'ဒီမယ် ကိုရင်၊ နောက်ထပ် ဘာမှမမေးနဲ့တော့။ အဲဒီမှာ အေးအေး ဆေးဆေးနေပြီး ညစာကိုသာ ကောင်းကောင်းမွန်မွန် စားပေတော့။ ကိုရင့်ဖို့ ပဲပုပ် ခြောက် စပယ်ရှယ် လုပ်ထားတယ်။ စားကွယ့်၊ ဒီလို ပဲပုပ်ခြောက်မျိုး ရန်ကုန်မှာ မစားရဘူး'

ဦးရုံမိုးက ယင်းသို့ ပြောပြီးနောက် ထွက်သွားလေတော့၏။ သူက တံခါးကို ဆက်၍ ထုနေသေး၏။ သို့ရာတွင် တံခါးကို ထုနေ၍ အကြောင်း မထူးမှန်း သိသောအခါတွင် ထမင်းပွဲဆီသို့ သွား၍ ပဲပုပ်ခြောက်များကိုယူကာ ပြတင်း ပေါက်မှ လွှင့်ပစ်လိုက်လေသည်။

ပြတင်းပေါက်မှ ပဲပုပ်ခြောက်များ လွင့်ထွက်သွားသည်ကို တွေ့ရသော အခါကျမှ သူလည်း ဤပြတင်းပေါက်မှ ထွက်သွားနိုင်ကြောင်းကို အကြံရလေ သည်။ သူက ချက်ချင်းပင် ပြတင်းပေါက်သို့သွား၍ အောက်သို့ ငုံ့ကြည့်လိုက်၏။

နှစ်ထပ်တိုက်၏ အပေါ်ပြတင်းပေါက် ဖြစ်သော်လည်း မြေပြင်မှ ဆယ့်နှစ် ပေခန့်သာ မြင့်သည်။ တွယ်၍ဆင်းစရာ ပိုက်လုံးမရှိသော်လည်း အလယ်ခါးပန်းနှင့် အောက်ထပ် ပြတင်းပေါက်၏ အမိုးစွန်းတို့သည် ခြေချစရာများ ဖြစ်သည်။





မည်သို့ပင်ဖြစ်စေ သူ့အဖို့ ဤပြတင်းပေါက်မှတစ်ပါး ထွက်ပေါက်မရှိချေ။ ထို့ကြောင့် သူက ဤပြတင်းပေါက်မှပင် ဖြစ်သည့်နည်းနှင့် ဆင်းရန် ဆုံးဖြတ်လိုက်သည်။

ခင်မောင်ရင်သည် ဦးရုံမိုးတို့ ချွတ်ပေးထားသော တိုက်ပုံအင်္ကျီကို ပြန်ဝတ်လိုက်သည်။ ထို့နောက် အင်္ကျီအိတ်များအတွင်းသို့ နှိုက်၍ သူ၏ ပစ္စည်းများ စုံစေ့စွာ ရှိ မရှိကို စစ်ဆေးလိုက်သည်။ ထွန်းစိန်၏ ဓားမြှောင်မှတစ်ပါး အားလုံး ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂

ခင်မောင်ရင်သည် ပြတင်းပေါက်မှ ခက်ခဲပင်ပန်းစွာ စွန့်စွန့်စားစားနှင့် ဆင်းသက်ခဲ့ပြီးနောက် မိုင်းစစ်မြို့နှင့် သုံးမိုင်ခန့်ဝေးသော နွေရာသီဟော်နန်းသို့ အလဲလဲအကွဲကွဲဖြင့် တစ်နာရီနီးပါးမျှ အပြင်းလျှောက်ခဲ့ရသည်။ ယင်းကြောင့် သူသည် ဟော်နန်း၏ အနီးသို့ ည ၉နာရီခွဲလောက်တွင်မှ ရောက်ရှိသွားလေသည်။

ပထမတွင် သူသည် ဟော်နန်းကို ခပ်လှမ်းလှမ်းမှ ကြည့်ရှုအကဲခတ်လိုက်သည်။ ဟော်နန်းသည် သေလာပူရ၏ မြောက်ဘက်အစွန်ဆုံးသော တောင်ပြန့်ထလေးပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်၍ တောင်ဘက်ခြမ်းသည် ကျောက်တောင် ကျောက်ကမ်းပါးများဖြင့် သဘာဝ အကာအရံဖြစ်နေပြီး မြောက်ဘက်ခြမ်းတွင်သာ လူတစ်ရပ်ကျော်ကျော်မြင့်သော အုတ်တံတိုင်းကြီး ရှိလေသည်။ နွေရာသီဟော်ဝင်းထဲသို့ဝင်ရန် အပေါက်တစ်ပေါက်သာ ရှိလေသည်။ ယင်းအပေါက်ဝတွင် အစောင့်တပ်က စောင့်ဆိုင်းလျက် ရှိလေသည်။ ယင်းကြောင့် ခင်မောင်ရင်သည် တံခါးမကြီးနှင့် ခပ်လှမ်းလှမ်း တစ်နေရာမှ အုတ်တံတိုင်းကို ခဲရာခဲဆစ်ကျော်၍





ဝင်ခဲ့ရလေသည်။ ဟော်နန်း၏မြောက်ဘက်တွင် ကျယ်ပြန့်သော ကွင်းပြင်ကြီးရှိသည်ကို လရောင်ဝိုးဝါးတွင် မြင်ရသည်။ ယင်းကွက်လပ်ကြီးတွင် လျှပ်စစ်မီးတန်းနှစ်တန်း တောင်မြောက် စိုက်ထူထားသည်ကို တွေ့ရသည်။ မီးတန်း နှစ်တန်းကြားသည် ပေသုံးဆယ်ခန့်ကျယ်ဝန်းပြီး လမ်းမကြီးသဖွယ် ဖြစ်နေ၏။ ကွင်း၏ တစ်နေရာတွင် မီးစိမ်းစိမ်း တစ်ခုသည် လင်းလိုက် မှိတ်လိုက် ရှိနေသည်။ ဤကား ဗိုလ်မိုးလုံးတို့၏ လျှို့ဝှက်လေယာဉ်ပျံကွင်းပေတည်းဟု ခင်မောင်ရင်က နားလည်လိုက်လေသည်။ ၁၀ နာရီဆိုလျှင် ဤကွင်းသို့ အမျိုးအမည်မသိသော လေယာဉ်ပျံတစ်စီး ဆိုက်ရောက်လာပြီးနောက် ဗိုလ်မိုးလုံးနှင့် ပပဝန်းတို့ကို တင်ဆောင်၍ ပြန်လည် ထွက်ခွာသွားမည် ဖြစ်၏။

အချိန်မရှိတော့ပြီကို သတိရ၍ ခင်မောင်ရင်က ဟော်နန်းကို ကြည့်လိုက်သည်။ ဟော်နန်းသည် အကြမ်းဖျင်းအားဖြင့် နှစ်ထပ်တိုက်ကလေး တစ်ခုဟုဝင်ဆိုရပေမည်။ သို့ရာတွင် တောင်ကမ်းပါးယံစွန်းတွင် တည်ထားသဖြင့် တစ်ခြမ်းသည် မြေပြင်နှင့် တစ်ပြေးတည်းဖြစ်သော်လည်း တစ်ခြမ်းမှာ ချောက်ပေါ်တွင် တည်ရှိနေ၏။ ယင်းစွန်းထွက်နေသော အပိုင်းကို အောက်မှ သံတိုင်ကြီးများ၊ ရက်မကြီးများနှင့် ထောက်ကန်ထား၏။ ယင်း ချောက်ကမ်းပါးဘက်အပိုင်း အောက်ထပ်တွင် မီးလင်းလျက်ရှိသည်ကို တွေ့ရ၏။ ဧည့်ခန်းဆောင်ဖြစ်မည်ဟု ထင်ရ၏။ ပြတင်းပေါက်များပွင့်နေသည်ကို တွေ့ရ၏။ မြေပြန့်ပေါ်မှ အပိုင်းသည် အောက်ထပ်၌ မည်းမှောင်လျက်ရှိပြီး အထက်ထပ် အခန်းတစ်ခန်းသည်သာ မီးလင်းလျက်ရှိသည်ကို တွေ့ရ၏။

ခင်မောင်ရင်သည် ချောက်ကမ်းပါးဘက်မှနေ၍ သံတိုင်ကြီးများမှ တက်ရလျှင် အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်လိုက်ပြီး ချောက်ထဲသို့ ဆင်းသွား၏။ ခြေရင်းဘက်တွင် ကားဂိုဒေါင်တစ်ခု ရှိသည်ကို တွေ့ရပြီး ဂိုဒေါင်၏ရှေ့၌ တောက်ဝက်ဝွန်းကားဖြူကလေး ရပ်ထားသည်ကို တွေ့ရ၏။

ခင်မောင်ရင်သည် လူရိပ်လူခြည်ကိုကြည့်ကာ တတ်နိုင်သမျှ အသံမကြားအောင် ဖော့နင်းလျက် ဟော်နန်းအနီးသို့ ချဉ်းကပ်သွား၏။ သူက ချောက်ကမ်းပါးသို့ထွက်နေသော ဧည့်ခန်းဆောင်အောက်သို့ ရောက်သောအခါတွင် လေယာဉ်ပျံကွင်း၏ အနေအထားကို ပို၍ကောင်းမွန်စွာ တွေ့မြင်ရ၏။ မီးစိမ်းအနီးတွင် လူတစ်ယောက် လမ်းလျှောက်နေသည်ကိုလည်း တွေ့ရ၏။ ခပ်လှမ်းလှမ်းတွင် ဖြစ်သော်လည်း ကိုယ်လုံး ကိုယ်ထည်ကို ကြည့်ရခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးစောင်းကျော်ထွန်း ဖြစ်သည်ကို သိရှိရ၏။

ဤသို့ဆိုလျှင် ဟော်နန်းပေါ်တွင် ဗိုလ်မိုးလုံး၊ ပပဝန်းနှင့် လက်မရှိ မင်းခေါင်တို့ သုံးဦးသာလျှင် ရှိရမည်ဟု သူက တွက်လိုက်၏။ ယင်းကြောင့် အချိန် ဆွဲမနေတော့ဘဲ ခင်မောင်ရင်သည် အဆောက်အဦ၏ အရှေ့မြောက်ဘက်မှနေ၍ သံတိုင်၊ သံတန်း၊ သံရက်မတို့ကို တွယ်ဖက်နင်းကန်၍ တက်သွားလေတော့၏။ တစ်ဝက်ခန့် တက်မိသောအခါတွင် အထက်ဘက်မှ ကျယ်လောင် ကျယ်လောင် အသံများကို မသဲမကွဲ ကြားရလေသည်။

နောက်ဆုံးတွင် ခင်မောင်ရင်သည် ချောက်ကမ်းပါးပေါ်ရှိ ချွန်ထွက် နေသော ခန်းမဆောင်ကြီး၏ မြောက်ဘက်စွန်းပေါ်သို့ ရောက်ရှိသွားလေ၏။ သူက ထုတ်စွန်းတွင် မမိတမိ တွယ်ကပ်၍ ခေါင်းကိုမြှင့်ကာ ပြတင်းပေါက်ကို ဖြတ်၍ အတွင်းသို့ ကြည့်လိုက်သည်။

တကယ်တော့ ဟော်နန်းသည် နှစ်ထပ်ဟု မဆိုသာချေ။ နှစ်ထပ်ဟု ဆိုလျှင်လည်း ဒုတိယထပ်သည် အနောက်ဘက်တစ်ခြမ်းသာ ဖြစ်လေသည်။ အထပ်ခိုးဟု ခေါ်မည်ဆိုကလည်း ခေါ်နိုင်လေသည်။ အရှေ့ဘက်ခြမ်းသည် ရှခင်း ကြည့် ခန်းမဆောင်ကြီး ဖြစ်၏။ အနောက်ဘက် အခြမ်းတွင်ကား အောက်ထပ်တွင် အခန်းများရှိသလို အထက်ထပ်တွင်လည်း အခန်းများ ရှိလေသည်။ အထက်ထပ် သည် ပစောက်သဏ္ဌာန် ရှိ၏။ ထို့အတူ လခြမ်းသဏ္ဌာန် စင်္ကြံလည်း ရှိလေသည်။ လှေကားသည် စင်္ကြံ၏ အလယ်တည့်တည့်တွင် သို့မဟုတ် အနောက်ဘက် တည့်တည့်တွင် ရှိလေသည်။

အိမ်ရှေ့ခန်းမဆောင်ကြီးထဲတွင် ဗိုလ်မိုးလုံးနှင့် မင်းခေါင် နှစ်ဦးတည်းသာ ရှိလေသည်။ ပပဝန်းကို မမြင်တွေ့ရချေ။ သူက စိတ်ပူသွားသည်။ ပပဝန်း ရှိလေသေး ရဲ့လား၊ သူမကို ဖမ်းဆီးထားချေပြီလား၊ ဖျောက်ဖျက်ပစ်လိုက်ပြီလား။

ခင်မောင်ရင်က ခန်းမဆောင်ထဲမှ ယောကျ်ားနှစ်ဦး၏ မျက်နှာကို ကြည့်လိုက်သောအခါ ပိုမို၍ စိုးရိမ်ခြင်း ဖြစ်ရလေသည်။ သူတို့ မျက်နှာများသည် တင်းမာလျက် ရှိကြလေသည်။ ဗိုလ်မိုးလုံးသည် စားပွဲပေါ်ရှိ ဆေးလိပ် ပြာခွက် ထဲတွင် တစ်ဝက်လောက်ရှိသေးသော စီးကရက်ကို အတင်း ခြေပစ်နေ၏။ ပြာခွက်၏ ဘေးတွင် ကိန္နရီရုပ်ကလေးသည် ကကြိုးကကွက်နှင့် ရှိလေသည်။ ကိန္နရီရုပ် သည် တစ်တောင်ခန့်မြင့်၍ အထဲတွင် ကျောက်သံ ပတ္တမြား အပြည့်ရှိနေသည် ဆိုလျှင် –





'ကျွန်တော် ပြောတာ မဟုတ်ဘူးလား'

မင်းခေါင်၏ အသံကြောင့် သူ၏ အတွေးသည် ပြတ်သွားသည်။ ခင်းခေါင်သည် တောင်ဘက်နံရံကို မှီ၍ ဗိုလ်မိုးလုံးကို စူးစိုက်၍ ကြည့်နေသည်။

'မင်း မသိပါဘူး မင်းခေါင်၊ မင့်ထက် ငါနားလည်ပါတယ်။ ငါ ခိုင်းတာကို သာ မင်းလုပ်ပါ။ ငါပြောတာကိုသာ မင်းနားထောင်ပါ။ ဒီ့အပြင် ဘာမှ လျှာမရှည် ပါနဲ့၊ မစပ်စုပါနဲ့'

'ကျွန်တော် ဘယ်တုန်းကမှ ဆရာ့ကို အတိုက်အခံ မလုပ်ခဲ့ပါဘူး။ ဒါပေမဲ့ ဒီတစ်ခါတော့ ပြောရလိမ့်မယ်။ ဆရာက ဒီကောင်မကို ယုံလွန်းတယ်၊ ဒီကောင်မကို အရေးပေးလွန်းတယ်။ ဒါပေမဲ့ ဆရာ မ, စိတ်မှန်လွန်းရင် ဒုက္ခရောက်တတ်တယ်။ အထူးသဖြင့် ကျွန်တော်တို့ လောကမှာပေါ့ဆရာ'

'တိတ်စမ်း မင်းခေါင်၊ မင်းကို ပါးစပ်ပိတ်ထားဖို့ ငါပြောထားတယ် မဟုတ်လား'

'မတိတ်နိုင်ဘူး။ ခင်ဗျားကြီး အသုံးမကျလွန်းတာကို ပြောရလိမ့်မယ်။ ကနေ့ ဒီကောင်မ လုပ်ခဲ့တာဟာ နည်းနည်းမှ အကောင်းမဟုတ်ဘူး။ ဟိုကောင့်ကို ပစ်သတ်ခဲ့တာဟာ ကျွန်တော်တို့ကို တစ်ခါတည်း ချောက်တွန်းပို့လိုက်တာပဲ။ ဒါပေမဲ့ ဒီကောင် ဒီကို လိုက်လာနိုင်တာဟာ ဒီကောင်မကြောင့်ပဲ။ ဒီကောင်မဟာ လျှာနှစ်ခွလုပ်နေတာပဲ။ ဒီကောင့်ကို သူက ငွေညှစ်ခိုင်းတယ်။ ဒါပေမဲ့ ဟိုကောင်က သူ့ကိုပဲ အငမ်းမရဖြစ်နေတော့ သူ့အကြံအစည်တွေ ပေါ်ကုန်တော့မယ်ဆိုပြီး ပစ်သတ်တာပဲ'

'ဟော့ကောင် မင်းခေါင် တော်တော့။ မင်းလုပ်တာနဲ့ ဟိုက ကြားသွား လိမ့်မယ်'

ဗိုလ်မိုးလုံးက အော်လိုက်သည်။ ပြီးတော့ ပြတင်းပေါက်ဘက်ဆီ လျှောက်လာသဖြင့် ခင်မောင်ရင်က ပုနေလိုက်ရသည်။ ဗိုလ်မိုးလုံးသည် ပြတင်း ပေါက်ကို ကျောပေးပြီး ရပ်နေရာမှ ကိန္နရီရုပ်ကို အကြည့်လိုက်တွင် မင်းခေါင်က သူ့ဂျာကင်အင်္ကျီထဲမှ သေနတ်ကို ဆွဲထုတ်လိုက်သည်။ သို့ရာတွင် ဗိုလ်မိုးလုံးသည် မင်းခေါင်ထက် ပိုမိုလျင်မြန်သူဖြစ်ပြီး သူ့သေနတ်ကို အရင်ထုတ်ပြီး ပစ်လိုက် နိုင်လေသည်။ မင်းခေါင်၏လက်ကို ထိမှန်ပြီး သေနတ်သည် လွင့်ကျသွား လေသည်။ သေနတ်သံကြောင့် အပေါ်ထပ် စင်္ကြံတွင် ပပဝန်း ပေါ်လာပြီး အောက်ထပ် တံခါးပေါက် တစ်ခုတွင် အစေခံမကြီး ဒေါ်ဘုမ ပေါ်လာတော



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်သနည်းဟု စူးစမ်းကြလေသည်။ ဗိုလ်မိုးလုံးက သေနတ်ကိုင်ရင်း ကျည်ဆန် အလိုလို ထွက်သွားကြောင်း ပြောလိုက်သဖြင့် အမျိုးသမီးနှစ်ဦးသည် သူတို့ ထွက်လာရာ အခန်းများထဲသို့ ပြန်ဝင်သွားကြလေသည်။

ပပဝန်းကို မြင်လိုက်ရသဖြင့် ဘေးမသီ ရန်မခ ရှိနေသေးကြောင်း ခင်မောင်ရင် သိလိုက်ရသည်။ စိတ်အေးသွားသည်။

ဗိုလ်မိုးလုံးသည် မင်းခေါင်အနီးသို့ သွက်လက်စွာ လျှောက်သွားသည်။ မင်းခေါင်က ကြောက်ရွံ့ကြောက်ရွံ့ဖြင့် နောက်သို့ ဆုတ်သွားလေသည်။ နောက်ဆုံးတွင် နံရံနှင့် ခံနေပြီး ဗိုလ်မိုးလုံးက လက်လှမ်းမီသွားသည်။ သို့ရာတွင် ဗိုလ်မိုးလုံးက သူ့ကို ဘာမျှ မလုပ်ဘဲ ပခုံးကို အသာဖက်ကာ ပြတင်းပေါက်ဆီသို့ ခေါ်လာသဖြင့် ခင်မောင်ရင်က ပုနေလိုက်ရပြန်သည်။ ပြတင်းပေါက်အနီးသို့ ရောက်သောအခါတွင် ဗိုလ်မိုးလုံးက လေသံတိုးတိုးဖြင့် –

'ဒီမယ် မင်းခေါင်၊ မင်းဟာ လည်မလိုလိုနဲ့ အတော် အ, သေးတဲ့ ကောင်ပဲ။ ငါနဲ့ ငါ့အထက်က လူတွေကို တယ်အထင်သေးတာပဲ။ တကယ်တော့ တို့ဟာ ဒီကောင်မအကြောင်း မင်းထက် အများကြီး ပိုပြီးသိပါတယ်။ ဒီကောင်မဟာ မင်းထင်နေသလို တို့ကို ခွတုတ်နေတဲ့ ပိုင်းလုံးမတစ်ယောက် မဟုတ်ဘဲ စုံထောက်ဘက်က လွှတ်ထားတဲ့ အမျိုးသမီးရဲအုပ်တစ်ယောက်ဖြစ်တယ်ဆိုတာ တို့ သိထားပြီး သူ့ကို အခု တို့ခေါ်သွားတာဟာ ဟိုကျရင် တို့သဘောနဲ့တို့ သူ့ကိုကြိုက်သလို စီရင်နိုင်ဖို့ပဲ၊ ကဲ သိပလား။ ပြီးတော့ မင်းကို ဒီတစ်ခေါက် ခေါ်သွားတာဟာ အဲဟိုမှာ အနားယူခိုင်းဖို့ပဲ။ မင်းတို့ ငါတို့ကို ရဲဘက်က သိသွားပြီမို့ တို့ဟာ မြန်မာပြည်မှာ ဘာမှ အသုံးမကျတော့ဘူး။ တို့အစား ဒီပြင်လူတွေ လုပ်လိမ့်မယ်။ တို့ကတော့ ဌာနချုပ်မှာ တာဝန်ယူကြရလိမ့်မယ်။ လာ ငါပြောပြမယ်'

ဗိုလ်မိုးလုံးသည် မင်းခေါင်ကို တစ်ဖက် အခန်းထောင့်ရှိ ဆိုဖာ တစ်လုံးဆီသို့ ခေါ်သွားပြီး တီးတိုးပြောဆိုနေတော့၏။

ခင်မောင်ရင် အနေဖြင့် သူတို့ ဆက်လက်ပြောဆိုနေသည်ကို နားထောင်နေဖို့ မလိုတော့ချေ။ သူသည် အရေးကြီးသော သတင်းတစ်ခုကို ရရှိပြီးလေပြီ။ ပပဝန်းကို စုံထောက်တစ်ယောက်မှန်း သူတို့ သိရှိသွားပြီး နိုင်ငံခြားသို့ ခေါ်သွားကာ ကြိုက်သလို စီရင်ကြပေတော့မည်။ သူက အခြေအနေကို အချိန်မီ တားဆီး ထိန်းသိမ်းရပေမည်။ ယင်းကြောင့် ပပဝန်း ဝင်သွားရာ အခန်းကို ကြည့်လိုက်ရာ သူမကို မတွေ့ရှိရသဖြင့် အပြင်ဘက်မှ နေ၍ အနောက်မြောက်ထောင့်ရှိ အခန်းကို





ကြည့်လိုက်တော့မှ ခေါင်းဖြီးနေသော သူမကို မြင်ရလေသည်။ ပပဝန်းသည် သူ့ကို ကျောပေးလျက်ရှိသဖြင့် သူက မည်သို့ အကြောင်းကြား ခေါ်ငင်ရမှန်းမသိ ဖြစ်နေသည်။

နောက်မှ အကြံရ၍ အိတ်ထဲမှ ငါးပြားစေ့ တစ်စေ့ကို သူမ၏ အခန်းဆီသို့ ပစ်လိုက်သည်။ သူမ၏ဘေးနားတွင် ဒေါက်ခနဲ ကျသွားသည်။ အမျိုးသမီးက ပြတင်းပေါက်မှထွက်၍ ကြည့်သော်လည်း မမြင်တွေ့ချေ။ သူက အားမလို အားမရဖြင့် အမျိုးမျိုး လက်ဟန်ခြေဟန် ပြသော်လည်း အမျိုးသမီးက မမြင်တွေ့ဘဲ အခန်းထဲသို့ ပြန်ဝင်သွားလေသည်။

ယင်းကြောင့် ခင်မောင်ရင်သည် သူမ၏ အခန်းသို့ ရောက်အောင် အုတ်နံရံကို တွယ်ကပ်၍ တက်သွားရန် ဆုံးဖြတ်လိုက်သည်။ ခင်မောင်ရင်သည် အသည်းတယားယား၊ ရင်တမမဖြင့် ပပဝန်း ခေါင်းဖြီးနေရာ အခန်းသို့ ရောက်ရှိ သွားလေသည်။ သို့ရာတွင် သူ ရောက်ရှိသွားချိန်မှာပင် သူမက အခန်းထဲမှ ထွက်သွားလေတော့သည်။ သူက ခပ်အုပ်အုပ်အသံပြုသော်လည်း သူမက မကြား ချေ။ သူက ပြတင်းပေါက်မှကျော်၍ အခန်းထဲသို့ ဝင်သွားချိန်တွင် ဗိုလ်မိုးလုံးက ဒည့်ခန်းဆောင် ပြတင်းပေါက်မှ ခေါင်းပြူ၍ ဟိုဟိုဒီဒီ ကြည့်လိုက်ရာ ခင်မောင်ရင်မှာ သိသိကလေး လွတ်သွားသည်။ ခင်မောင်ရင်က ပပဝန်း၏ အခန်းတံခါးကို အသာ ဟ၍ ကြည့်လိုက်သော အခါတွင်ကား အမျိုးသမီးသည် အောက်ထပ်သို့ ဆင်းသွားချေပေပြီ။ သူက အရဲစွန့်၍ လခြမ်းစကြံသို့ ထွက်လိုက်သည်။ ထို့နောက် တိုင်တစ်ခုကို ကွယ်၍ အောက်ထပ်သို့ ငုံ့ကြည့်လိုက်သည်။

ပပဝန်းသည် သူ့ကိုကျောပေး၍ ဆိုဖာတစ်ခုပေါ်တွင် ထိုင်နေသည်။ ဤအတိုင်းသာဆိုလျှင် သူမသည် သူ့ကို မြင်တွေ့နိုင်ရန် မလွယ်တော့ချေ။ ဗိုလ်မိုးလုံးနှင့် မင်းခေါင်တို့သည် လေယာဉ်ပျံသံကြားသဖြင့် ပြတင်းပေါက်ဆီသို့ သွက်လက်စွာ လျှောက်သွားကြသည်။ ပပဝန်းကတော့ နေရာတွင် ထိုင်၍ ကျန်ရစ်ခဲ့သည်။ ခင်မောင်ရင်က အသံကျစ်ကျစ် ပြုလုပ်သော်လည်း ပပဝန်းသာ မကြားချေ။ ယင်းကြောင့် သူမအနီးသို့ တစ်ခုခုပစ်ချရန် အိတ်ထဲသို့ နှိုက် လိုက်သည်။ ပထမတော့ ငါးပြားစေ့တစ်စေ့ ပစ်ချမည်ဟု စိတ်ကူးသည်၊ သို့ရာတွင် အိတ်ထဲသို့ နှိုက်လိုက်တော့ မန္တလေးဘူတာကြီးတွင် သူမ လက်ဆောင်ပေး လိုက်သော မီးခြစ်ဘူးကို စမ်းမိသည်။

ဟန်ကျပြီ။ ဤမီးခြစ်ဘူးကို သူမ၏အနီးသို့ မစ်ချလိုက်ခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ဖြစ်ပေမည်။ အရွယ်အစားသေးငယ်ပြီး ယမ်းနီနီနှင့် မီးခြစ်ဘူး ကလေးကို တွေ့မြင်သည်နှင့် တစ်ပြိုင်နက် ပပဝန်းသည် သူ့လိုက်လာသည်ကို သိပေမည်။ ခင်မောင်ရင်က လခြမ်းစကြာ၏ ရှေ့ပိုင်းကို တိုးနိုင်သမျှ တိုးပြီးနောက် သစ်သားမီးခြစ်ကလေးကို သူမ၏အနီးသို့ ရောက်အောင် ချိန်ဆပြီး ပစ်ချလိုက်သည်။ ဝတ်လစ်စလစ် ရုပ်ကလေးနှင့် မီးခြစ်သည် သူမ၏ ရှေ့ဘက် နှစ်တောင်ခန့်တွင် ပြားလိုက်ကျသွားသည်။

သို့ရာတွင် ခင်မောင်ရင်အဖို့ စိတ်ပျက်ရသည်။ အားမလို အားမရ ဖြစ်ရသည်။ မချင့်မရဲနိုင်ရသည်။ လေယာဉ်ပျံသံ ဆူညံနေသဖြင့် ပပဝန်းသည် မီးခြစ်ဘူး ကျသံကို မကြားချေ။ ထို့အတူ သူမသည် လေယာဉ်ပျံသံ ကြားရာဆီသို့ မော့ကြည့်နေသဖြင့် မီးခြစ်ဘူး ကျသည်ကိုလည်း မမြင်တွေ့ပေ။

လေယာဉ်ပျံသည် သူတို့အပေါ် တည့်တည့်မှဖြတ်၍ အရှေ့ဘက်သို့ ပျံသွားနေသည်။ ထဘီအစိမ်းရင့်ရင့်နှင့် ပပဝန်း နေရာမှ ထလိုက်သည်။ ယင်းနောက် သူမ၏ ထဘီကို ဖြန့်သပ်ချနေသည်။ သို့ရာတွင် သူမ၏ မျက်လုံးကြီးများသည် နှစ်တောင်ကွာလောက်မှ မီးခြစ်ဘူးကလေးကိုကား မမြင်တွေ့ချေ။ ခင်မောင်ရင်က အသံကုန် ဟစ်၍သာ အော်လိုက်ချင်တော့သည်။

ပပဝန်းသည် ဗိုလ်မိုးလုံးနှင့် မင်းခေါင်တို့ရှိရာသို့ လျှောက်သွားရာ မီးခြစ်ဘူးကလေး အနီးမှ ဖြတ်ကျော်သွားလေသည်။ သူမ၏ ဘယ်ဘက် ခြေက်ဖိနပ်သည် မီးခြစ်နှင့် တစ်လက်မလောက်ပဲ လိုသည်။ မရှေ့ပပဝန်းရယ် ခင်ဗျားမျက်လုံးကြီးတွေ ဖောက်သာ ပစ်လိုက်ပါတော့ဟု သူက စိတ်ထဲမှ ကျိန်ဆဲလိုက်မိ၏။ ပြတင်းပေါက်သို့ သူမ ရောက်သွားချိန်မှာပင် ဗိုလ်မိုးလုံးနှင့် မင်းခေါင်သည် အခန်းတွင်းသို့ လှည့်ကြည့်လိုက်ကြသည်။ လေယာဉ်ပျံသည် ဝေး၍ သွားလေပြီ။ ထို့နောက် သူတို့သုံးယောက်စလုံး ဆိုဖာများဆီသို့ ပြန်လျှောက်လာကြသည်။

ရော၊ ခုမှ ခက်ချေပြီ။ မီးခြစ်ကို ပပဝန်းက မတွေ့ရှိဘဲ လူဆိုးကြီး နှစ်ဦးက တွေ့ရှိသွားလျှင် ဒုက္ခပေပဲဟု ခင်မောင်ရင်သည် ရင်ခုန်၍ နေရတော့သည်။ ပြီးတော့ သူ့ကို မြင်မတွေ့သွားစေရန် နောက်သို့ ဆုတ်၍ တိုင်လုံးတွင် ကွယ်နေလိုက်ရသည်။

'ကျွန်မတို့ လေယာဉ်ပျံ မဟုတ်ဘူးလား'

ပပဝန်း၏ အသံကို သူက ကြားရသည်။

'ဟုတ်တာပေါ့'





ဗိုလ်မိုးလုံးက ဖြေသည်။

'မဆင်းဘူးလား'

'ဆင်းမှာပေါ့၊ နယ်မြေအခြေအနေ သိရအောင် နှစ်ပတ် သုံးပတ်လောက် ဝဲပြီးမှ ဆင်းလိမ့်မယ်။ မကြာပါဘူး။ အခုပဲ ဆင်းမှာပဲ။ မြို့ပြင် ပြီးပြီလား'

'ပြီးပြီလေ၊ ဘာမှ မယူရဘူးဆို'

သုံးယောက်စလုံးပင် မျက်လုံးများ မပါကြသလို မီးခြစ်ဘူးကို ကျော်ဖြတ်၍ ဆိုဖာပေါ်တွင် အသီးသီး ထိုင်လိုက်ကြသည်။ ဗိုလ်မိုးလုံးဆိုလျှင် ဖိနပ်ဦးဖြင့် မီးခြစ်ကို တိုက်မိမလို ရှိခဲ့သေး၏။ သို့ရာတွင် ဆိုဖာပေါ်တွင် ထိုင်မိသည်နှင့် တစ်ပြိုင်နက် မင်းခေါင်သည် သူ၏ လက်ယာဘက်ဘေး ကော်ဇောပေါ်ရှိ မီးခြစ်ဘူးကလေးကို မြင်တွေ့သွားလေသည်။ သူက ထိုင်ရာမှမထဘဲ မီးခြစ်ကို ကောက်ယူလိုက်သည်။

'ဒါ ဘယ်က မီးခြစ်လဲ။ စောစောက ဒီနားမှာ မတွေ့ပါဘူး'

သူက သံသယဖြင့် ပြောလိုက်သည်။ ဗိုလ်မိုးလုံးက ပပဝန်းကို ကြည့်လိုက်သည်။ အမျိုးသမီးက ရုတ်တရက် တုန်လှုပ်သွားပုံ ရသော်လည်း လေသံက တော့ ပကတိ တည်ငြိမ်လှသည်။

'သြော်၊ ကျွန်မ အိတ်ထဲကကျတာ။ စောစောက မှန်ထုတ်ကြည့်တုန်းက ကျတာ'

သူမက ပေါင်ပေါ်မှ လက်ကိုင်အိတ်အနက်ကို ဖွင့်ကြည့်ရင်း ပြောလိုက်သည်။

'မနေ့ကမေးတော့ ဒီမီးခြစ် မရှိတော့ဘူးဆို၊ ပျောက်သွားပြီဆို'

ဗိုလ်မိုးလုံးက မေးလိုက်သည်။ ဤအချိန်မှာ လုံ့ဖျားကို ပုစဉ်း နားနေရသူမှာ ခင်မောင်ရင်ဖြစ်သည်။ သို့ရာတွင် ပပဝန်းက ပြေလည်စွာ ဖြေဆိုနိုင်လေသည်။

'အင်းလေ၊ ခုနကမှ သားရေသေတ္တာမွှေရင်း တွေ့လို့ယူလာတာ' ဆင်းနောက် အမျိုးသမီးသည် သူမ၏ ခေါင်းကို ဟိုနေရာ သည်နေရာ ခမ်းလိုက်ပြီးနောက် 'ဟော အစ်ကိုကြီး ပေးထားတဲ့ ဆံထိုးလေး ပါမလာပြန်ဘူး။ ကျွန်မတို့ ခုတလော မေ့တတ်နေပါတယ်'

သူမက နေရာမှထ၍ လှေကားဆီသို့ သွက်လက်စွာ လျှောက်သွားရာ -

'မြန်မြန်လုပ်နော်၊ လေယာဉ်ပျံက အခုပဲ ဆင်းတော့မယ်'

www.burmeseclassic.com



ဗိုလ်မိုးလုံးက ပြောလိုက်သည်။

'မိန်းမတွေကို အပေါက်အစပ်များတယ်'

မင်းခေါင်က ရေရွတ်လိုက်သည်။

လေယာဉ်ပျံသံက အမှန်ပင် အနောက်ဘက်ဆီမှ ကျယ်လောင်လာပြန်ပြီဖြစ်၏။ ပပဝန်းသည် လှေကားကို အထစ်ကျော်၍ နင်းတက်လာပြီး စကြံတစ်လျှောက် ပြေးလာသည်။ ခင်မောင်ရင်က အလစ်တွင် အခန်းတွင်းသို့ ဝင်နေလိုက်ပြီး သူမအား စောင့်နေသည်။ တစ်ခဏ အတွင်းမှာပင် အမျိုးသမီးသည် ရင်မြင့်တုံနိမ့်တုံဖြင့် အခန်းတွင်းသို့ ရောက်လာသည်။ သူမကပဲ စကားစ၍ ပြောသည်။

'ကြည့်စမ်း၊ ဘာလို့ လိုက်လာရပြန်တာလဲ။ အားလုံး ဒုက္ခရောက်ကုန်တော့မှာပဲ'

သူမက ညည်းညူလိုက်သည်။

'ကိုယ် လိုက်လာတာ ကံကောင်းတယ်မှတ်ပါ။ ခင်ဗျားတို့ဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး သူတို့က နလပိန်းတုံးတွေလို့ မှတ်နေကြတာကိုး။ သူတို့က အကုန်သိနေပြီခင်ဗျ။ ခင်ဗျား ဘာဆိုတာ သိနေပြီ။ ခင်ဗျားကို အခု ခေါ်သွားတာ ဟိုကျရင် သူတို့ ကြိုက်သလို စီရင်ဖို့ပဲ'

'အဟုတ်လား'

'ဩော်၊ ကိုယ် ညာပါ့မလား။ စောစောက သေနတ်သံ မကြားဘူးလား'

'အင်း၊ ကြားတယ်'

'အဲဒါ ဆရာတပည့် ရန်ဖြစ်ပြီး ဗိုလ်မိုးလုံးက မင်းခေါင်ကို ပစ်လိုက်တာ'

'ဘာဖြစ်လို့ ရန်ဖြစ်တာလဲ'

'မင်းခေါင်ဟာ ဝန်းကို မသင်္ကာဖြစ်နေတယ်။ သူက ဝန်းဟာ ကိုယ်နဲ့ ပေါင်းပြီး သူတို့ကို တစ်ပတ်ရိုက်နေတယ်လို့ ထင်နေတယ်။ ဒီတော့မှ ဗိုလ်မိုးလုံးက သူ့ကို ပထမ သေနတ်နဲ့ပစ်ပြီး နောက်တော့ တစ်ခါ စောစောက ပြောသလို ကိုယ်ပြောတာတွေကို ပြောပြလိုက်တာပဲ'

'အင်း၊ ဝန်းတော့ ထင်သားပဲ။ သူတို့ မျက်လုံးတွေ ကြည့်ရတာ တစ်မျိုးဖြစ်နေတယ်လို့'

'ဒါဖြင့် ဝန်း အခု ကိုယ်နဲ့ တစ်ခါတည်း လိုက်ခဲ့တော့'

'မဖြစ်သေးဘူး'





'ဘာပြုလို့လဲ'

လေယာဉ်ပျံက ဝေးသွားပြီ ဖြစ်၍ ခင်မောင်ရင်၏ ဘာပြုလို့လဲ ဟူသော အသံသည် အတော်ကလေး ကျယ်လောင်သွားသဖြင့် သူမက သူ့ပါးစပ်ကို လက်ဖြင့် ပိတ်လိုက်ရသည်။ ယင်းအခိုက်တွင် အောက်ထပ်မှ ဗိုလ်မိုးလုံး၏အသံ ထွက်ပေါ်လာသည်။

'မြိုင်ရေ လာတော့ဟေ့။ ဒီတစ်ခေါက်ဆိုရင် လေယာဉ်ပျံ ဆင်းတော့မယ်။ ဆင်းဆင်းချင်း တို့မြန်မြန်တက်ပြီး လစ်ကြရမှာ'

'ဟုတ်ကဲ့ လာပါပြီ' ပပဝန်းက အော်ပြောလိုက်ပြီးနောက် လေသံဖြင့် 'ထိန္နရီရုပ် ရှိသေးတယ်'

'အို အဲဒါ ထားပစ်ခဲ့ပါ၊ ဘာလုပ်စရာလဲ'

'ထားပစ်ခဲ့လို့ မဖြစ်ဘူး။ တကယ်လို့ အခြေအနေတွေ ပြောင်းလဲလာပြီး ဝန်း မလိုက်ဖြစ်ရင် အဲဒီ ကိန္နရီရုပ်ကို အရယူခဲ့ဖို့ ဦးရုံမိုးက အမိန့်ပေးထားတယ်'

'ဒီအဘိုးကြီးကလည်း ဒုက္ခပါပဲ'

ခင်မောင်ရင်က ညည်းညူလိုက်သည်။ ဤအချိန်တွင် ဗိုလ်မိုးလုံး၏ အသံက ထပ်မံ၍ ထွက်ပေါ်လာသည်။

'မြိုင်ရေ မလာသေးဘူးလားဟေ့။ လေယာဉ်ပျံ ဆင်းတော့မယ်'

'လာပါပြီ'

ဗိုလ်မိုးလုံး၏ ခြေသံသည် လှေကားရင်းဆီသို့ ရောက်လာသဖြင့် သူတို့နှစ်ယောက် ဖက်ထားလိုက်ကြသည်။ သို့ရာတွင် ဗိုလ်မိုးလုံးသည် အပေါ်သို့ တက်မလာဘဲ တစ်ဖက်သို့ ပြန်လျှောက်သွားသည်။ ဤတွင် ပပဝန်းက လေသံဖြင့် –

'ဒီမယ် ဝန်း ပြောတာနားထောင်။ ဟောဒီ အနောက်ဘက် ထောင့်ခေါင်ရှေ့မှာ ဝန်း မနက်က မောင်းလာတဲ့ ကားရှိတယ်။ ရော့၊ ကားသော့ ယောအိမ်မှာ အမျိုးသမီးက လက်ကိုင်အိတ်ထဲမှ ကားသော့ကို ထုတ်ပေးလိုက်သည်၊ 'လေယာဉ် ပျံဆိုက်တာနဲ့ ဝန်းတို့ လျှောက်သွားကြမယ်။ ဝန်းတို့ လေယာဉ်ပျံအတွင်းရောက်ခါနီးလောက်မှာ ကိုယ်က ကားကို တရကြမ်းမောင်းပြီး လိုက်လာခဲ့ပေတော့။ အနားရောက်တော့ ကားရှေ့တံခါးကို ဖွင့်ပေးလိုက်။ သူတို့ အံ့အားသင့်နေတုန်း ဝန်း ခုန်တက်လိုက်မယ်'

ယင်းသို့ ပြောပြီးနောက် ခင်မောင်ရင်က ဘာမျှ ထဝ်၍ မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



မထုတ်နိုင်မီမှာပင် အမျိုးသမီးသည် အခန်းထဲမှ ကသုတ်ကရုတ် ထွက်သွားလေတော့သည်။ လက်တစ်ဖက်က ခေါင်းတွင် စိန်ဆံထိုးကို ထိုးစိုက်ရင်းနှင့်ဖြစ်သည်။

လေယာဉ်ပျံသည် မြောက်ဘက်တည့်တည့်ဆီမှ ကျယ်လောင်၍ လာနေပြီပြီ ဖြစ်၏။ ဤအချိန်တွင်တော့ စက်ခေါင်းတစ်လုံးတပ် ပြောက်တိပြောက်ကျားအရောင်အဆင်းနှင့် လေယာဉ်ပျံသည် လျှပ်စစ်မီးပွင့်တန်းနှစ်ခုအကြားသို့ ဆင်းသက်လာနေပြီ ဖြစ်၏။ ခင်မောင်ရင်သည် ပြတင်းပေါက်မှနေ၍ လေယာဉ်ပျံဆင်းလာနေသည်ကို ကြည့်နေရာမှ သတိရ၍ စင်္ကြံသို့ အသံမကြားအောင်ပြေးသွားကာ တိုင်ကွယ်မှ အောက်သို့ ငုံကြည့်လိုက်သည်။

ဗိုလ်မိုးလုံးက ကိန္နရီရုပ်ကို ပိုက်၍ လည်းကောင်း၊ ပပဝန်းက လက်ကိုင်အိတ်ကလေးကို ကိုင်၍လည်းကောင်း၊ မင်းခေါင်က လက်ဆွဲအိတ် အငယ်ကလေးတစ်လုံးကို ညာလက်မှ ဆွဲ၍ လည်းကောင်း အိမ်ထဲမှ ထွက်သွားကြလေတော့၏။

၃

ခင်မောင်ရင်သည် ဗိုလ်မိုးလုံးတို့လူစု အိမ်ထဲမှ ထွက်သွားသည်နှင့် တစ်ပြိုင်နက်လခြမ်းစင်္ကြံအတိုင်း လှေကားထိပ်ဆီသို့ ပြေးသွားလေတော့၏။ သို့ရာတွင် သူသည်မကြာမီ သေခြင်းကို ရင်ဆိုင်ရတော့မည်ကို လုံးဝ မသိရှိပါချေ။

စင်္ကြံပေါ်တွင် ခင်မောင်ရင် ပြေးလျှောက်သွားနေသည့် အချိန်၌ သူ့အောက်တည့်တည့်ရှိ အခန်းတစ်ခုအတွင်းမှ အစေခံမကြီး ဒေါ်ဘုမ ထွက်လာလေသည်။ ဒေါ်ဘုမသည် လေယာဉ်ပျံဆီသို့ သွားနေကြသူများကို ကြည့်ရှုတံခါးမကြီးဆီသို့ သွားမည်အပြုတွင် ခန်းမဆောင် ခေါင်းရင်းဘက်ရှိ လူတစ်ရပ်စာမြင့်သော မှန်ကြီးထဲတွင် လူရိပ်သဏ္ဍာန်တစ်ခု တွေ့မြင်လိုက်ရသဖြင့် ခြေလှမ်းတုံ့သွားသည်။ ထို့နောက် ချက်ချင်းပင် အပေါ်ထပ်စင်္ကြံသို့ မော့ကြည့်လိုက်ရာခင်မောင်ရင်ကို မြင်တွေ့သွားလေသည်။ အမျိုးသမီးကြီးသည် ချက်ချင်းပင်အခန်းတွင်းသို့ ပြန်ဝင်သွားလေသည်။

သို့ရာတွင် သူ့အား အစေခံမကြီး ဒေါ်ဘုမက မြင်တွေ့သွားပြီ ဆိုသည့်

www.burmeseclassic.com



အဖြစ်ကို စိုးစဉ်းမျှ မသိသော ခင်မောင်ရင်သည် ကားဖြူဖြူဆီသို့ ရောက်လိုဇော ထက်သန်နေသဖြင့် လှေကားမှ အပြေးအလွှား ဆင်းလာလေသည်။ သို့ရာတွင် လှေကားတစ်ဝက်လောက်သို့ ရောက်သောအခါ၌ –

“သတိထားပါ ဦးကျောက်ဘီလူး”

မာကျောသော အသံတစ်ခုကို ရုတ်တရက် ကြားလိုက်သဖြင့် ခင်မောင်ရင်သည် လှေကားတစ်ဝက်တွင် အလိုလို ရပ်မိလျက်သား ရှိသွားသည်။ သူက အသံလာရာဆီသို့ ကြည့်လိုက်ရာ လှေကားရင်းနှင့်တည့်တည့် တစ်လံကွာလောက်ရှိ စားပွဲခုံ နိမ့်နိမ့်ကလေးပေါ်တွင် မခိုးမခန့်ထိုင်နေသော ဝဝဖိုင့်ဖိုင့် အစေခံမကြီးကို တွေ့ရှိလိုက်ရသည်။ သူမ၏မျက်နှာသည် ထင်းရှူးမြိုင်တုန်းကထက် အဆတစ်ရာမျှပို၍ တင်းမာနေလေသည်။ သူမ၏ ပေါင်ပေါ်တွင် ငွေလင်ပန်းတစ်ချပ် ရှိသည်။ ငွေလင်ပန်းပေါ်တွင် လက်သုတ်ပဝါဖြူဖြူတစ်ထည် ရှိလေသည်။

ခင်မောင်ရင်သည် ပထမတွင် မမျှော်လင့်သော အသံကြောင့် ထိတ်လန့်သွားသော်လည်း အသံရှင်မှာ အစေခံမကြီး ဒေါ်ဘုမသာ ဖြစ်သဖြင့် အတော်ကလေး ရင်ပေါ့သွားသည်။ ဒီမိန်းမကြီး ပြဿနာကို ဘယ်လိုလုပ် ဖြေရှင်းရပါမည်နည်းဟု အကြံထုတ်ရင်း –

“ဩော် ဒေါ်ဘုမပါလား”

သူက ပြောပြောဆိုဆို သုံးလေးထစ် လျင်မြန်စွာ ဆင်းလိုက်သည်။

“သတိထားပါ ဦးကျောက်ဘီလူး။ ကျွန်မ တစ်ယောက်တည်း မဟုတ်ပါဘူး”

ထိုစကားကြောင့် ခင်မောင်ရင်က ထိတ်လန့်သွားပြီး ဘေးဘီသို့ ကြည့်လိုက်သည်။ မည်သူ့ကိုမျှ မတွေ့ရ။

‘ကျွန်မ အဖော်က ဒီမှာရှင့်’

ဒေါ်ဘုမက လင်ပန်းပေါ်က လက်သုတ်ပဝါကို ဖယ်လိုက်သည်။ ဝစွာ သေနတ်ကလေးက ထင်းခနဲ ပေါ်လာသည်။ သူမက အချိန်မလင့်စေဘဲ သေနတ်ကို ညာလက်ဖြင့် ကောက်ကိုင်လိုက်သည်။

“ဒီမယ် ဒေါ်ဘုမ၊ ခင်ဗျားဟာ သေနတ်ကို လက်ကကိုင်ထားပေမဲ့ သေနတ်အကြောင်း ခင်ဗျား ဘာမှနားမလည်ပါဘူး။ ခင်ဗျား သေနတ်မပစ်တတ်ပါဘူး။ ခင်ဗျား လက်တွေဟာ ပန်းကန်ဆေးတဲ့၊ ကြမ်းတိုက်တဲ့ လက်တွေပါ”

‘ရှေ့မတိုးပါနဲ့ ဦးကျောက်ဘီလူး။ ကျွန်မ လက်တွေဟာ ပန်းကန်ဆေး





သလို၊ ကြမ်းတိုက်တတ်သလို သေနတ်ကိုလည်း ကောင်းကောင်း ပစ်တတ်ပါတယ်။ မင်းခေါင်တို့၊ ပပဝန်းတို့ထက် ပစ်တတ်ပါသေးတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်မဟာ ရှင် ထင်နေသလို သာမန် အစေခံမတစ်ဦး မဟုတ်ဘဲ ဗိုလ်မိုးလုံးရဲ့ဇနီး ဖြစ်နေလို့ပေါ့ရှင်’

သူမ၏ စကားကြောင့် သူက အထူးပင် တုန်လှုပ်ချောက်ချားသွားရတော့သည်။ သူ့အနေနှင့် အစေခံမကြီး တစ်ဦးသာဟု ပေါ့ပေါ့တန်တန် တွက်ထားခဲ့သော ဤအမျိုးသမီးကြီးသည် တကယ်တော့ အင်မတန် ကြောက်စရာကောင်းသော ဗိုလ်မိုးလုံး၏ဇနီး ဖြစ်နေပြီ။ လောလောဆယ်တွင် သူ့အား သေနတ်ဖြင့် ချိန်ထားပြီး သူ နောက်ထပ် နည်းနည်းကလေးလှုပ်သည်နှင့် တစ်ပြိုင်နက် သေနတ် မောင်း ဖြုတ်လိုက်မည့် အခြေရှိလေသည်။

ခင်မောင်ရင်သည် အတော်ပင် အကြံရကျပ်လျက်ရှိသည်။ သေသေချာချာကို ကြားနေရသော်လည်း တစ်နေရာတည်းမှဖြစ်သဖြင့် ဆိုက်ထားပြီး ဖြစ်ကြောင်းကို သိရ၏။ မကြာမီမှာပင် ဗိုလ်မိုးလုံးနှင့် ပပဝန်းတို့ကို တင်ဆောင်၍ မြန်မာမြေမှ ထွက်ခွာသွားပေတော့မည်။ ယခုလောက်ဆိုလျှင် ပပဝန်းတို့သည် တံခါးအပြင်သို့ သွားရာနှင့် လေယာဉ်ပျံကွင်းသို့သွားရာ လမ်းဆုံလမ်းခွလောက်သို့ဝင် ရောက်လောက်ကောင်းနေပေပြီ။ သူ့အနေနှင့် စက္ကန့်ပိုင်းမျှ နောက်ကျသွားလျှင် ပပဝန်းနှင့် အဖိုးတန်ရတနာများပါရှိသော ကိန္နရီရုပ်သည် မြန်မာ့မြေမှ ကင်းလွတ် ထွက်ခွာသွားပေတော့မည်။

ထိုအသိကြောင့် ခင်မောင်ရင်သည် ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောထားကာ သူ ရပ်နေရာ လှေကားထစ်ပေါ်မှနေ၍ ရုတ်တရက် အရှိန်ယူပြီး သူ့အား သေနတ်နှင့် ချိန်ထားသော ဒေါ်ဘုမ အပေါ်သို့ ခုန်အုပ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

၄

ညီညာပြန့်ပြူးသော ကတ္တရာနှစ်ထပ်ခင်း လမ်းမအတိုင်း ဗိုလ်မိုးလုံးက ကိန္နရီရုပ်ကို ပိုက်၍ အလယ်မှလည်းကောင်း၊ ပပဝန်းနှင့် မင်းခေါင်က ဘေးတစ်ဖက်တစ်ချက်စီမှ လည်းကောင်း ယှဉ်တွဲ၍ နိုင်ငံခြားသို့ တိတ်တဆိတ် ထွက်ခွာသွားကြမည့်သူ သုံးဦးသည် ခြေလှမ်းမှန်မှန်ဖြင့် အမျိုးအမည်မသိသော လေယာဉ်ပျံဆီသို့ လျှောက် သွားနေကြသည်။

ပပဝန်းသည် ခြေတစ်လှမ်းလှမ်းတိုင်း မိုးကြိုးတစ်ခါ အပစ်ခံရသူပမာ ဖြစ်နေသည်။ သူမ၏ရင်သည် နွေရာသီဟော်နန်းမှ အလှမ်းပို၍ ဝေးလာတိုင်း ပို၍ ပွက်ပွက် ဆူလာနေတော့၏။ သူမက မကြာခဏဆိုသလိုပင် နောက်သို့ လှည့်ကြည့် နေသဖြင့် ဗိုလ်မိုးလုံးက မေးလိုက်သည်။

"ဘာ မေ့ကျန်ရစ်ခဲ့ပြန်လို့လဲ"

"ဟင့် ဟင့်အင်၊ ဘာမှ မမေ့ပါဘူး"

ပပဝန်းက အသံကို ထိန်းချုပ်၍ ဖြေလိုက်သော်လည်း သူမ၏အသံသည်





တောက်စဖူး တုန်ယင်လျက်ရှိလေသည်။ ဤလိုနှင့်ပင် ရင်ပေါင်တန်း၍ လျှောက်သွား နေကြသူ သုံးဦးသည် လမ်းမြွာကလေးနှစ်ခု ဆုံရာသို့ ရောက်ရှိသောအခါတွင် ရုတ်တရက်ဆိုသလို ဟော်နန်းဆီမှ သေနတ်သံတစ်ချက်ကို မမျှော်လင့်ဘဲ ကြား လိုက်ကြရသည်။

သေနတ်သံကြောင့် သုံးယောက်စလုံး ချာခနဲ လှည့်၍ ဟော်နန်းဆီသို့ ကြည့်လိုက်ကြသည်။ မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရချေ။ သို့ရာတွင် သူတို့ အနေနှင့် လုံးဝမျှော်လင့်ထားခြင်းမရှိသော သေနတ်သံ ဖြစ်ခြင်းကြောင့် စိတ်လှုပ်ရှား လျက် ရှိကြသည်။ မျက်နှာသုံးခုစလုံးပေါ်မှာပင် စိုးရိမ်ပူပန်မှုများကို တွေ့ခြင်းနေ ရသည်။

ဗိုလ်မိုးလုံးနှင့် မင်းခေါင်က ရန်သူများ လက်ဦးချေပြီလားဟု ကြောင့်ကြ ဗွက်ဆနေသလို၊ ပပဝန်းကလည်း ခင်မောင်ရင်အတွက် ရတက်မီးပွားနေရသည်။ သို့ရာတွင် မည်သည့်အတွက်ကြောင့် သေနတ်သံ ထွက်ပေါ်လာရကြောင်းကိုအား သူမက မခန့်မှန်းနိုင်ဘဲ ရှိနေသည်။ ဟော်နန်းထဲတွင် အစေခံမကြီး ဒေါ်သုစ ရှိကြောင်း သိသော်လည်း ပပဝန်းပင်လျှင် ယင်း အမျိုးသမီးကြီးသည် ဗိုလ်မိုးလုံး၏ နီးဖြစ်မှန်းကို အလျှင်းမရိပ်မိခဲ့ချေ။

ဤသို့ သူတို့သုံးဦးသား မှင်တက်မိ၍ ဟော်နန်းဆီသို့ ငေးစိုက်ကြည့် နေကြစဉ်မှာပင် ဟော်နန်း၏ အနောက်ဘက်မှ နေ၍ ဘောက်စ်ဝက်ဝွန်း အားကလေးသည် အတင်းတရကြမ်း မောင်းထွက်၍ လာနေချေတော့သည်။ အားဖြူဖြူကလေးသည် သူတို့ ကြည့်နေစဉ်မှာပင် လျင်မြန်သော အဟုန်ဖြင့် သူတို့ အနီးသို့ ရောက်ရှိလာလေသည်။ သူတို့ သုံးဦးသားကို အတင်း နင်းကြိတ်တော့မည့် အသွင်ရှိသဖြင့် ဘေးသို့ ကစဉ့်ကရဲ ရှောင်တိမ်းလိုက်ရသည်။ ထိုအခါ ဘွင်ခနဲ အား ကလေးသည် တိမ်းမှောက်သွားလုမတတ်ရှိအောင် ဝင်းပေါက် တံခါးဆီသို့ နှင်ကွေ့လိုက်လေသည်။ တစ်ချိန်တည်းမှာပင် ရှေ့ခန်းတံခါးသည် လေဖုန်အတိုင်း အတိုးခံရသော ပြတင်းပေါက် တစ်ချပ်လို ပွင့်ထွက်လာလေသည်။

ပပဝန်းသည် ဗိုလ်မိုးလုံး၏ ရင်ခွင်ထဲမှ ကိန္နရီရုပ်ကလေးကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ကားအပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေသည်။ ကားဖြူ ကလေးသည် အနည်းငယ်မျှ အရှိန်လျှော့ပေါ့ခြင်းမရှိဘဲ ဝင်းတံခါးမကြီးဆီသို့ အတင်းမောင်းထွက်သွားနေတော့၏။

ဤအခါတွင်မှ ဗိုလ်မိုးလုံးနှင့် မင်းခေါင်သည် လည်းကောင်း လေယာဉ်ပျံ



www.burmeseclassic.com

www.burmeseclassic.com



အနီးမှနေ၍ သူတို့ထံသို့ ပြေးလွှားလာနေသော လက်ဝါးစောင်း ကျော်ထွန်းသည် လည်းကောင်း အခြေအနေအရပ်ရပ်ကို သဘောပေါက်နားလည်သွားကာ သူတို့၏ သေနတ်များကို လျင်မြန်စွာ ဆွဲထုတ်လိုက် ကြပြီးနောက် ကားဖြူဖြူ နောက်သို့ ပြေးလိုက်သွားကြကာ အဆက်မပြတ် ပစ်ခတ်ကြလေတော့၏။ သို့ရာတွင် သူတို့၏ သေနတ်ကျည်ဆန်များသည် ကားဖြူဖြူကို လက်လှမ်းမမီကြပါတော့ပေ။

ကားဖြူဖြူကလေးသည် တံခါးမကြီးဆီသို့ ဦးတိုက်၍ ပြေးသွားနေတော့၏။

၁

သို့ရာတွင် –

ပပဝန်းနှင့် ခင်မောင်ရင်သည် ဆက်လက်၍ အခွင့်အရေး မသာပါတော့ချေ။ အခွင့်အရေး မသာကြရုံသာမက သေမင်းနယ်မြေတွင် ချောင်ပိတ်၍ အမိခံရတော့မလို အခြေအနေများသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့သည်၊

ယင်းအဖြစ်ကား

သေနတ်သံများ ဆူညံစွာ ထွက်ပေါ်လာပြီးနောက် တောင်စံ[illegible] ကားကလေး တရကြမ်း မောင်းထွက်လာသည်ကို တွေ့ရသည်နှင့် တစ်ပြိုင်နက် တံခါးမှူးကြီး ထွန်းစိန်သည် ထုထဲခိုင်ခံ့လှသော သံမဏိတံခါးကြီးအား အမြန် ပိတ်ထားလိုက်သောကြောင့် ဖြစ်၏။

ခင်မောင်ရင်သည် သံတံခါးကြီး ပိတ်ထားသည်ကို အနီးကပ်၍ [illegible] သဖြင့် ကားကလေးနှင့် အတူ သူတို့နှစ်ဦး စိစိညက်ညက် ကြေမွသွားအောင် [illegible] လက်ကိုင်ကို ဘေးသို့ အတင်းဆွဲလိုက်ရသည်။ ကားကလေးသည် [illegible]

www.burmeseclassic.com



သိသိကလေးပွတ်၍ ထွက်သွားပြီးနောက် တောအုပ်ထဲသို့ အရမ်း တိုးဝင်သွားလေတော့၏။ သူက သစ်တုံးကြီးများကို မတိုက်မိအောင် ရှောင်ရှားရင်း မည်သို့မျှ မရှောင်တိမ်းနိုင်တော့သဖြင့် ဘရိတ်ကို ဆောင့်၍ အုပ်လိုက်ရ၏။ ကားကလေးသည် ယူကလစ်သုံးပင်ကို သေးချင်းယှဉ်၍ ဆောင့်ကြီးအောင့်ကြီး ရပ်သွားလေ၏။

သူတို့နှစ်ယောက်သည် ကြုတ်ကလေးထဲမှ အန်စာတုံးနှစ်တုံး ဖြစ်သွားသည်။ သို့ရာတွင် ပွန်းသည်၊ ပဲ့သည်၊ ထိမိသည်များကို သတိထားမနေဘဲ တားတံခါးကို ဖွင့်ကာ အတင်းဆင်းကြရလေသည်။ ခင်မောင်ရင်သည် ပပဝန်း၏ လက်ကိုဆွဲ၍ ကျောက်တောင်ကျောက်တုံးကြီးများဆီသို့ ပြေးနေမိ၏။ သူတို့ အနေနှင့် ဤတစ်ဖက်တည်းသို့သာ ပြေးစရာရှိ၏။ တစ်ဖက်တွင် အုတ်တံတိုင်းကြီးနှင့် ဓားထွန်းစိန်ရှိပြီး တစ်ဖက်တွင် ဗိုလ်မိုးလုံးတို့ လူစု ဖြန့်၍ လိုက်လာနေကြပြီ ဖြစ်၏။ သို့ဖြင့် သူတို့သည် နောင်ခါမှနောက်လျားဟု သဘောထားကာ ထွက်ပေါက် မရှိသော၊ ကျော်လွှားထွက်ရန် မလွယ်ကူသော ကျောက်ရပ်ကြီးများဆီသို့သာ ဦးတည်၍ ပြေးသွားနေတော့၏။

သူက ရှေ့လောတကြီးနှင့် အတင်းဆွဲခေါ်သွားနေသော်လည်း ပပဝန်းသည် သူ့ကိုမီအောင် မလိုက်နိုင်ဘဲ တရွတ်ဆွဲနေ၏။ တစ်ကြောင်းမှာ သူမ၏ ခေါက်ဖိနပ်ကြောင့် ဖြစ်၏။ နောက်တစ်ကြောင်းမှာ လက်တစ်ဖက်က ကိန္နရီရုပ်ကို ဖိုက်ထားရပြီး၊ တစ်ဖက်က လက်ကိုင်အိတ်ကို ကိုင်ထားရသောကြောင့် ဖြစ်၏။ ထို့ကြောင့် ခင်မောင်ရင်က သူမ၏ဖိနပ်ကို ချွတ်ထားခဲ့ရန် ပြောလိုက်ရ၏။ ပြီးတော့ သူမ၏လက်မှ ကိန္နရီရုပ်ကို ပြောင်းယူလိုက်သည်။ ထိုအခါတွင်မှ ကိန္နရီရုပ်သည် သူ ထင်သည်ထက် လေးလံလှကြောင်းကို တွေ့ရှိရလေသည်။

သူတို့နှစ်ဦးသည် ယခုအခါ အတင်းစွတ်ပြေးမနေဝံ့ဘဲ အရိပ်အခြည်ကို ကြည့်ကာ ပုန်းအောင်းရှောင်တိမ်းနေကြပြီ ဖြစ်၏။ အကြောင်းမူ ဗိုလ်မိုးလုံးတို့လူစုသည် တောအုပ်အတွင်းသို့ လူဖြန့်၍ ဝင်လိုက်လာနေကြပြီ ဖြစ်၏။ ရိပ်ခနဲ မြင်လျှင် ဒိုင်းခနဲ လှမ်း၍ ပစ်ခတ်နေပြီ ဖြစ်၏။ အဝေးတစ်နေရာတွင် ပိုးစုန်းကြူး လက်သည်ကို မြင်လိုက်ရပြီး မကြာမီမှာပင် သူတို့အနီးမှ ပျားတစ်ကောင် ဖြတ်သွားသံကို ကြားရသဖြင့် သူတို့သည် မနည်းကြီး သတိထား၍ သွားနေရ၏။

ပပဝန်းသည် ဟိုဘက် သည်ဘက်ကို လိမ့်လူးစေသော ခွာမြင့် ဖိနပ် မရှိတော့သဖြင့် လျင်မြန်စွာ ပြေးလွှားသွားနိုင်ပြီ ဖြစ်သော်လည်း သူမ၏ ခြေဖဝါးနုနုများကို ကျောက်ခဲများ၊ ဆူးငြောင့်ခလုတ်များက မညှာမတာ အန္တရာယ်





ပြုနေသဖြင့် သူမသည် အမယ်လေး တ တတ၊ တကျွတ်ကျွတ် တမြည်မြည်နှင့် ခင်မောင်ရင် ဦးဆောင်ရာသို့ လိုက်ပါနေရ၏။ သို့ရာတွင် အံ့ဩဖွယ်ရာ ကောင်းလောက်အောင်ပင် ခံနိုင်ရည်ရှိပြီး ဇွဲကောင်းသော၊ သတ္တိကောင်းသော အမျိုးသမီးကလေးတစ်ဦး ဖြစ်ချေသတည်း။

ထိုစဉ်တွင် လေယာဉ်ပျံ တက်သွားသံကို ကြားရသည်။

'ဟော လေယာဉ်ပျံတက်သွားပြီ၊ ဗိုလ်မိုးလုံးတို့ လစ်ကြပြီနဲ့ တူတယ်'

ခင်မောင်ရင်က ပြောလိုက်သည်။

'လေယာဉ်ပျံကြီး ပြန်သွားတာပါ။ ဒီကိစ္စ ဟိုကိန္နရီရုပ်မပါဘဲနဲ့ ဗိုလ်မိုးလုံးတို့ လိုက်သွားရင် သူတို့ကို ဟိုက ဆီးပြီးသတ်မှာပေါ့'

ခင်မောင်ရင်က တစ်ခုခု မေးမြန်းလိုသေးသော်လည်း အချိန်မရှိတော့ပေ။ သူတို့နှစ်ယောက်သည် သစ်တောစွန်းမှနေ၍ ကျောက်ရပ်ကြီးတစ်ခုဆီသို့ အတင်းစွတ်၍ ပြေးကြရလေသည်။ ကွက်လပ်မှာ မကျယ်လှသော်လည်း သူတို့နှစ်ဦး ဖြတ်ပြေးကြသည်ကို မြင်လိုက်သူ တစ်ဦးက သေနတ်ဖြင့် နှစ်ချက်ဆင့်၍ ပစ်လိုက်သဖြင့် ဝမ်းလျားထိုးပြီး မှောက်လိုက်ကြရသေးသည်။ သို့ရာတွင် ဤသို့မှ စွန့်စား၍ မပြေးလျှင်လည်း မဖြစ်သဖြင့် ဝမ်းလျားမှောက်နေရာမှ ထ၍ ကျောက်ရပ်ကြီးဆီသို့ အရောက်ပြေးသွားရပြန်ပါသည်။ ကျောက်ရပ်ကြီး၏ ရင်ခွင်ဖြစ်သော လိုဏ်တစ်ခု အတွင်းသို့ ဝင်မိသောအခါတွင် ကျည်ဆန်နှစ်တောင့်သည် ကျောက်သားကို ထိမှန်ပြီး မီးပွင့်သွားသည်ကို ကြောက်လန့်ဖွယ်ရာ တွေ့မြင်လိုက်ကြရပြန်၏။

သူတို့သည် ခေတ္တမျှအမောဖြေပြီးနောက် ကျောက်ရပ်ကြီး နောက်ဘက်သို့ တွေ့ဝင်ကာ ကျောက်တောင်ငယ်တစ်ခုပေါ်သို့ ခက်ခဲစွာ တက်ကြရပြန်လေသည်။ မကြာမီ သူတို့သည် တောင်ခါးပန်းတစ်ခုသို့ ရောက်သွားပြီး လှုခေါင်းကြီးနှင့်တူသော ကျောက်တုံးကြီးတစ်ခုကို ကွေ့ပတ်၍ ပြေးသွားကြလေသည်။

ဤသို့ဖြင့် ခင်မောင်ရင်နှင့် ပပဝန်းသည် သေလာပူရ တောက်ထိုး ကျောက်တောင်များပေါ်တွင် ဆင်းလိုက်တက်လိုက်နှင့် ပြေးလွှားနေကြရတော့သည်။ ယခုအခါတွင် ဗိုလ်မိုးလုံးတို့ လူစုမှာလည်း ကျောက်တောင်များပေါ်သို့ တက်လာ နေကြခြင်း ဖြစ်၏။ လတစ်ခြမ်းကလေးသည် သစ်တောများ နောက်ကွယ်သို့ ငုပ်နှုန်းဝင်သွားပြီ ဖြစ်သော်လည်း အရေအတွက် များပြားလှသော ကြယ်ကလေး များ၏ အလင်းရောင်ကြောင့် လူရိပ်သဏ္ဍာန်များကို ကောင်းစွာ မြင်တွေ့နိုင်ကြလေသည်။ ထိုထက် ပို၍ ဆိုးသည်ကတော့ ဗိုလ်မိုးလုံးတို့ လူစုတွင် လက်နှိပ်ဓာတ်မီး

www.burmeseclassic.com



များ ပါရှိနေခြင်းပင်ဖြစ်၏။ သို့ဖြင့် ခင်မောင်ရင်နှင့် ပပဝန်းသည်လည်း လက်နှိပ်ဓာတ်မီးရောင်နှင့် သေမင်းတမန် ကျည်ဆန်များကို ပွတ်ကာ သီကာ လွတ်အောင် ရှောင်တိမ်းနေရလျက် ပပဝန်းက သူမ၏ လက်ကိုင်အိတ်ထဲမှ သေနတ်ကို ထုတ်၍ ခင်မောင်ရင်အား ပေးလိုက်ပြီးနောက်၊ လက်ကိုင်အိတ်ကို နှမြောတသစွာဖြင့် တစ်ချက်ကြည့်ပြီး တောင်အောက်သို့ လွှင့်ပစ်လိုက်လေ၏။ ခင်မောင်ရင်သည် လက်တစ်ဖက်က သေနတ်ကိုကိုင်၍ ကျန်လက်တစ်ဖက်က ကိန္နရီရုပ်ကို ပိုက်ထားရလေသည်။ ပပဝန်းက သူ့ခါးကို ဆွဲကာ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလျက် ရှိသည်။

ယခုအခါတွင် ခင်မောင်ရင်၏ ခုခံပစ်ခတ်မှုကြောင့် ဗိုလ်မိုးလုံးတို့ လူစုသည် အရမ်းမလိုက်ရဲကြတော့ချေ။ စောစောကလို ပြောင်ပြောင်တင်းတင်း မလိုက်ရဲတော့ဘဲ သူတို့လည်း ကျောက်တုံးကျောက်ကမ်းပါး၊ ကျောက်လိုဏ်ဂူများတွင် ပုန်းကာလျှိုးကာနှင့် သတိထား၍ လိုက်နေကြရတော့၏။ ဂဠုန်ရုပ်ကြီးနှင့်တူသော ကျောက်တုံးကို ပတ်၍ နောက်ဆုတ် နောက်ဆုတ်နှင့် သွားနေကြစဉ်တွင် နောက်ဘက်မှ အသံကြားလိုက်ရသဖြင့် ဆတ်ခနဲ လှည့်ကြည့်လိုက်သောအခါတွင် ကျောက်စွန်းတစ်ခုပေါ်၌ မားမားကြီး ရပ်နေသော ဓားထွန်းစိန်ကို တွေ့ရသည်။ သို့ရာတွင် ခင်မောင်ရင်၏ သေနတ်သည် သူ၏ဓားထက် လျင်မြန်သဖြင့် ဓားထွန်းစိန်သည် အားခနဲ တစ်ချက်အော်လိုက်ပြီးနောက် ကားခနဲ ကျသွားလေတော့၏။ သူ ပစ်လိုက်သောဓားသည် ကျောက်တုံးကို ထိမှန်ပြီး ပြန်၍ ခုန်ထွက်သွားလေသည်။

ခင်မောင်ရင်သည် ရန်သူတစ်ယောက် ကျဆုံးသွားပြီကို တွေ့ရသလို သူ့သေနတ်ထဲတွင် ကျည်ဆန်တစ်တောင့်မှ မကျန်ရှိတော့သည့် အဖြစ်ကိုလည်း စိတ်ပျက်စွာ တွေ့ရှိရလေ၏။ သူက တစ်ဖက် ကျောက်တောင်ပေါ်မှ လက်နှိပ်မီးရောင် ထွက်ပေါ်လာရာသို့ လှမ်း၍ ပစ်ရာ သေနတ်မောင်းကျသံသာ ချောက်ချောက်ထွက်နေပြီး မြည်ဟည်းသော ကျည်ဆန် ထွက်မလာသဖြင့် သေနတ်ကို စိတ်ပေါက်စွာဖြင့် လွှင့်ပစ်လိုက်လေသည်။ ထို့နောက် ပပဝန်း၏ လက်ကို ဆွဲ၍ ကျဉ်းမြောင်းသော တောင်ကမ်းပါး လမ်းတစ်ခုအတိုင်း သတိကြီးစွာနှင့် လျှောက်သွားပြန်လေ၏။

သူ၏ လက်မောင်းကို ပပဝန်းက ဆောင့်ဆွဲလိုက်သဖြင့် သူက ရပ်လိုက်ပြီး သူမအား ကြည့်လိုက်သည်။ အမျိုးသမီးက တစ်နေရာသို့ လက်ညှိုးထိုးပြသည်။





သူတို့၏ အောက်ဘက် တောင်ကမ်းပါးပြန့်ပေါ်တွင် ကုပ်ချောင်းချောင်းနှင့် အခဲန့်ခံနေသော ကျော်ထွန်းကို ကြယ်ရောင်မှုန်မွှားမွှားတွင် တွေ့မြင်ရသည်။ ခင်မောင်ရင်သည် ကိန္နရီရုပ်ကို ပပဝန်းအား ပေးလိုက်ပြီးနောက် သူ့အောက်ရှိ လူဆီသို့ ခုန်ချလိုက်လေသည်။ သူ့အနီးသို့ ဗြုန်းခနဲ၊ ဖုန်းခနဲ ကျလာသံနှင့် အတူ ကြက်သေသေနေသော ကျော်ထွန်း၏ မျက်ခွက်နှင့် ခင်မောင်ရင်၏ လက်သီးများသာ တရစပ် ပစ်ဝင်လျက် ရှိလေသည်။

သူ့အလိုလိုပင် ချောက်ကမ်းပါးကြီးသို့ မကျအောင် မနည်းကြီး ကိုယ်ကို ဟန်၍နေရသဖြင့် ယခုလို မိုးသီးမိုးပေါက်ပမာသော လက်သီးများကို ဆက်တိုက်ကြီး ခံစားလိုက်ရသောအခါတွင် ကျော်ထွန်းသည် တစ်မိနစ် အတွင်းမှာပင် အမှောင်ထုထဲသို့ စိုက်ကျသွားလေတော့၏။

သည်တော့မှ ရင်တမမရှိနေသော ပပဝန်းသည် သက်ပြင်းချနိုင်တော့သည်။ ခင်မောင်ရင်က သူမကို ဆင်းလာရန် အချက်ပြလိုက်သည်။ အမျိုးသမီးသာ ကြမ်းတမ်းသော တောင်ကမ်းပါးတစ်နေရာမှ တွယ်ကပ်၍ အဆင်းတွင် ကိန္နရီရုပ်ကလေးသည် လွတ်ကျပြီး ထက်ခြမ်းကွဲသွားလေတော့သည်။ သူမ ကိုယ်တိုင်လည်း လန့်၍ ကျလာရာ ခင်မောင်ရင်က ဖမ်းယူပွေ့ထားလိုက်ရသည်။

ထို့နောက်မှ သူတို့နှစ်ယောက်သည် ကျောက်တုံးပေါ်သို့ ကျကွဲသွားသော ကိန္နရီရုပ်ကလေးကို ကြည့်မိကြသည်။ ကိန္နရီရုပ်ကလေးသည် လက်ထာနိုင်ငံရေးသမား လေလံဆရာကြီး ပြောသလို ယင်းနက်သားနှင့် ထုလုပ်ထားခြင်း မဟုတ်ဘဲ၊ သာမန်ကျွန်းသားဖြင့် ခေါင်းပွထုလုပ်ထားပြီး နှစ်ခြမ်းဆက်ထားခြင်း ဖြစ်၏။ အပေါ်၌ သစ်စေးသုတ် ရွှေချထားခြင်း ဖြစ်၏။

သို့ရာတွင် ယင်းကိန္နရီရုပ်ကလေး မမျှော်လင့်ဘဲနှင့် ထက်ခြမ်းကွဲသွားသောအခါတွင် ခင်မောင်ရင် မျှော်လင့်ထားသလို အထဲမှ အဖိုးတန် ကျောက်သံပတ္တမြားများ ထွက်မလာချေ။ ကိန္နရီထက်ခြမ်းကွဲနှစ်ခုအကြားမှ ထွက်လာသည်မှာ ထွာဆိုင်ခန့် လုံးပတ်ရှိ၍၊ တစ်ပေခန့် အမြင့်ရှိသော အရာဝတ္ထု တစ်ခုသာ ဖြစ်၏။ ပထမတွင် ယင်းအရာသည် ဘာဖြစ်မှန်း ခင်မောင်ရင်က မသိရှိရချေ။ ကြယ်ရောင် မှိုးဝါးတွင် လုံးလုံးရှည်ရှည် ကလေးကိုသာ မြင်တွေ့နေရသည်။

ထို့ကြောင့် သူက ထိုအရာဝတ္ထုကို ကောက်ယူ၍ ကြည့်လိုက်သော အခါတွင် ကျောက်ဖြင့် ထုလုပ်ထားသော ဘီလူးရုပ်ကလေးတစ်ရုပ် ဖြစ်သည်ကို တွေ့၏။ ဘီလူးရုပ်၏ ပုံပန်းသည် အချိုးအစား မကျနသည့်အပြင် ဝါးဆင်



www.burmeseclassic.com

www.burmeseclassic.com



ဟယ်ပြမြီကြီးနှင့် လူသေကောင်ပမာ ဖြစ်နေ၍ ကြောက်မက်ဖွယ်ရာ ကောင်းလှသော်လည်း ခင်မောင်ရင်သည် ထိတ်လန့်ဖို့ သတိမရနိုင်ဘဲ အားရပါးရကြီး ရယ်မောလိုက်လေ၏။

သူ၏ ရယ်မောသံသည် သေလာပူရ တစ်ခွင်လုံးကို တုန်လှုပ် မြည်ဟည်းသွားစေပါသည်။ သူ၏ ရယ်မောသံကြောင့် ပပဝန်းသည်ပင် လန့်ဖျပ် သွားပြီး –

'ဘာရယ်တာလဲကိုယ်။ ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့ရမလဲ။ လက်စသတ်တော့ "ကျောက်ဘီလူး"ဆိုတာ သူကိုး'

သည်တော့မှ ပပဝန်းသည်လည်း ရောနှောရယ်မောလိုက်မိတော့သည်။

'ဟုတ်ပါရဲ့၊ သူမှ တကယ့်ကျောက်ဘီလူး အစစ်ပဲ။ ကိုယ်က ကျောက်ဘီလူး အတုပဲ'

'ဒါပေမဲ့ ကိုယ်တို့နှစ်ယောက် ရုပ်ချင်း ဒါလောက်ပဲ ဆင်သလားကွာ'

ခင်မောင်ရင်က ဘီလူးရုပ်၏ မျက်နှာကိုကြည့်ရင်း မေးလိုက်ရာ –

'ဘာပြုလို့ မဆင်ရမလဲ။ ကိုယ့်မျက်နှာက သူ့ထက်တောင် အရုပ်ဆိုး သေးတယ်'

'ဒါဖြင့် ဝန်းက ကိုယ့်ကို မချစ်ဘူးပေါ့'

'ဟင့်အင်း၊ ချစ်တာပေါ့'

သူတို့နှစ်ယောက်သည် အဓိုက်အတန့်အားဖြင့် ဘေးအန္တရာယ်များကို မေ့လျော့သွားပြီး၊ တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ဖက်ထားလိုက်မိကြသည်။ ပြီးတော့ ခင်မောင်ရင်က သူမ၏ နီထွေးသော နှုတ်ခမ်းစုံကို နမ်းလိုက်တော့မည် အပြုတွင် ကြောက်မက်ဖွယ် ရယ်မောသံကြီး တစ်ခုက သူတို့အထက်မှ ပေါ်ထွက်လာလေသည်။

ခင်မောင်ရင်နှင့် ပပဝန်းသည် တစ္ဆေခြောက်သည်နှင့် တူသော ရယ်မောသံကြီးကြောင့် လူချင်းခွဲလိုက်ကြပြီး အသံလာရာသို့ မော့ကြည့်လိုက်သော အခါတွင်ကား ဗိုလ်မိုးလုံးကို တွေ့ရှိရလေသည်။

'ဟား ဟား ဟား သေခါနီးတောင် အချစ်ပလူးကြတုန်းလား'

သူ့အသံကြီးသည် ကျားတစ်ကောင်၏ မာန်ဖီသံနှင့် တူလှသည်။ သူက မဆိုင်းမတွပင် လက်ထဲမှ သေနတ်ဖြင့် ခင်မောင်ရင်အား အရင် ချိန်ရွယ်ပြီး ပစ်ခတ်လိုက်၏။ သို့ရာတွင် သူ၏ သေနတ်သည်လည်း ကျည်ဆန်ကုန်လေပြီ ဖြစ်၏။





သို့ဖြင့် ဗိုလ်မိုးလုံးသည် သူ့အား သေနတ်ဖြင့် တအား လွှဲပေါက်လိုက်၏။ သူ အရှောင်မြန်၍သာ မျက်နှာစုတ်ပြတ်မသွားခြင်း ဖြစ်၏။ သည်နောက်တွင်ကား ဗိုလ်မိုးလုံးသည် သူ့အပေါ်သို့ ခုန်ချရန် ဟန်ပြင်နေသဖြင့် ခင်မောင်ရင်သည် သူ့လက်ထဲမှ ကျောက်ဘီလူးကို ပပဝန်းအား ပေးထားလိုက်၏။

စောစောက ဤနေရာတွင် ကျော်ထွန်း အလူးအလဲ ခံခဲ့ရသလို၊ ယခု တစ်ကြိမ်တွင် သူ့အလှည့် ရောက်ချေပြီလော။ သို့ရာတွင် ကျော်ထွန်းသည် သူခုန်ချလာသည်ကို အလန့်တကြား တွေ့ရှိရပြီး မည်သို့မျှ မခုခံနိုင်သော်လည်း သူကမူ ဗိုလ်မိုးလုံး ခုန်ချတော့မည်ကို ကြိုတင်သိရှိနေပြီး သူက အရင် ဆော် တိုက်ခိုက်နိုင်ရန်ပင် ပြင်ဆင်ထားခွင့် ရရှိလေသည်။

ကိုးတောင်ကျားကြီးတစ်ကောင်လို လွှားခနဲကျလာသော ဗိုလ်မိုးလုံးအား သူက ပထမဖော်ပိုးကို လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်၏။ ကျော်ထွန်းသည်မူ လက်တွေ့ဆည်းပူးထားသော အတတ်ပညာတစ်ခု ဖြစ်၏။ ဗိုလ်မိုးလုံးသည် လေးဖက်ထောက်ဖြစ်နေရာမှ ဝမ်းလျားထိုး ကျသွားသည်။ သို့ရာတွင် သူသည် လျှပ်တစ်ပြက်အတွင်းမှာပင် လဲကျနေရာမှ ဒုံးပျံတစ်စင်းလို ခုန်ထွက်လာပြီး ခင်မောင်ရင်၏ ဝမ်းဗိုက်ကို ခေါင်းနှင့် ပစ်ဆောင့်လိုက်သည်။ ခင်မောင်ရင်၏ ကျောပြင်သည် တောင်ကမ်းပါးယံနှင့် သွား၍တိုက်မိလေသည်။ ဗိုလ်မိုးလုံးက သူ့အား ထိုးကြိတ်ရန် ပြေးဝင်လာရာ ခင်မောင်ရင်က ဘယ်လက်ဖြောင့်နှင့် ဆီးကြို၍ ထောက်လိုက်သည်။ ထို့နောက် ညာဝိုက်လက်သီး တစ်လုံးကို လက်ဆောင်ပေး လိုက်သည်။ တစ်ချိန်တည်းမှာပင် ဗိုလ်မိုးလုံး၏ ထန်းသီး ပမာထွားသော လက်သီးလုံးကြီးသည် သူ့ပါးချိတ်ပေါ်သို့ အရှိန်နှင့် ကြွေကျလာလေသည်။

သည်နောက်တွင်ကား သူတို့နှစ်ယောက်သည် ဘာတစ်ပြန် ကျားတစ်ပြန် သတ်ပုတ်လုံးထွေးလျက် ရှိကြလေတော့သည်။ ပပဝန်းသည် ဘေးမှနေ၍ အသည်း ဘယားယား ရင်တထိတ်ထိတ် ဖြစ်နေရသည်။ ခင်မောင်ရင်က အသာစီး ရသော အခါတွင် သူမက လက်ခုပ်လက်ဝါးတီးမတတ် ဝမ်းသာမိပြီး၊ ဗိုလ်မိုးလုံးက အသာ စီးရသော အခါတွင်ကား ပါးစပ်အဟောင်းသားနှင့် မျက်ရည်တဝဲဝဲ ဖြစ်နေရ တော့သည်။

သူမက ခင်မောင်ရင်ဘက်မှ ဝင်၍ နှစ်ကြိမ် သုံးကြိမ်ခန့် သတ်ပုတ်ရန် လည်းကောင်း၊ ဗိုလ်မိုးလုံး၏ ခေါင်းကို ကျောက်ဘီလူးရုပ်နှင့် ထုရန် လည်းကောင်း ကြံစည်ကြိုးစားခဲ့သော်လည်း အထ မမြောက်ပါချေ။ ဝင်ရောက်ကူညီရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ကူပါချေ။ လုံးထွေးသတ်ပုတ်နေသူ နှစ်ဦးသည် ဟိုဘက် ရောက်သွားလိုက်၊ ဒီဘက် ရောက်သွားလိုက်၊ အပေါ် ရောက်သွားလိုက်၊ အောက် ရောက်သွားလိုက်နှင့် လူရွေး၍ ချိန်ရွယ်မရဘဲ ရှိနေသည်။

ယင်းသို့ဖြင့် ယောကျ်ားကြီးနှစ်ဦးသည် ငါးမိနစ်ခန့် အကြိတ်အနယ် သတ်မိကြသောအခါတွင် ခြေကုန်လက်ပန်း ကျလာကြတော့၏။ နှစ်ဦးစလုံးတွင် ဖူးရောင်၍ သွေးများ ယိုစီးစေးထန်းနေတော့၏။ နောက်ဆုံးတွင် ခင်မောင်ရင်သည် ဗိုလ်မိုးလုံးကို ကျောက်နံရံနှင့် ဖိညှပ်ပြီး သူ၏လည်ပင်းကို တအားညှစ်ရန် ကြိုးစားလေ၏။ သို့ရာတွင် ဗိုလ်မိုးလုံး၏ သန်မာသော လက်ကြီးများက ခင်မောင်ရင်၏ လက်များကို အတင်းဖယ်ပစ်နေသဖြင့် နှစ်ယောက်စလုံး၏ ကြွက်သားကြီးများ အကြောကြီးများသည် ဖုရောင် ကြွထောင်လျက် ရှိလေ၏။

ခင်မောင်ရင်သည် ဗိုလ်မိုးလုံး၏ လည်ပင်းကိုညှစ်ရန် ကြိုးစားပြန်တော့၏။ သူက ဗိုလ်မိုးလုံး၏ခေါင်းကို လက်နှစ်ဖက်နှင့် ကိုင်၍ဆောင့်မည် အပြုတွင် ဗိုလ်မိုးလုံး၏ ခြေထောက်တစ်ဖက်သည် သူ့ဝမ်းဗိုက်ကိုဆောင့်၍ ကန်လိုက်ရာ နောက်သို့ လွင့်ထွက်သွားလေတော့၏။ မမျှော်လင့်ဘဲ အလစ်တွင် ခံလိုက်ရသည့်မို့ ခင်မောင်ရင်သည် ချောက်ကမ်းပါးစွန်းသို့ ရောက်ရှိသွားရုံမျှမက၊ သူ့ကိုယ်ကို ထိန်းနိုင် မဟန်နိုင်တော့ဘဲ ချောက်ထဲသို့ ခြေချော်၍ လျှောကျသွားလေတော့၏။

ပပဝန်းက စူးရှစွာအော်လိုက်သည်။ သူမ၏အသံသည် သေလာဂူ တစ်ခွင်လုံးကို လွှမ်းသွားသည်။ သို့ရာတွင် ခင်မောင်ရင်သည် ချောက်ထဲသို့ အပြီးအပိုင် ကျမသွားသေးဘဲ ချောက်ကမ်းပါးစွန်းကို လက်နှစ်ဖက်ဖြင့် ကုတ်မြဲမြဲ တွယ်ထားနိုင်လာသေးသည်။ ပပဝန်းသည် ခင်မောင်ရင်အား ဆွဲတင်ရန် ပြေးသွား လေသည်။ သို့ရာတွင် ဗိုလ်မိုးလုံးက ဆီးကြို၍ သူမအား ကြမ်းတမ်းစွာ တွန်းထိုး လိုက်ရာ တောင်ခါးပန်းနှင့် ပစ်ဆောင့်မိလေ၏။ ပပဝန်းသည် စိတ်ထဲက တင်းသော်လည်း ရုတ်တရက် ပြန်မထနိုင်တော့ချေ။

ဤတွင် ဗိုလ်မိုးလုံး၏ ရက်စက်မှုကို ပပဝန်းသည် ကြောက်ခမန်းလိလိ တွေ့မြင်သိရှိရလေတော့သည်။ ဗိုလ်မိုးလုံးသည် တောင်အထပ်ထပ် ဟိန်းသွား အောင် ခြောက်ကပ်စွာ ရယ်မောလိုက်ပြီးနောက် ခင်မောင်ရင်၏ လက်များကို သူ၏ဘွတ်ဖိနပ်ကြီးဖြင့် တဖြည်းဖြည်းချင်း ဖိနင်းချနေတော့၏။ နဂိုတည်း လေးလံသော ကိုယ်လုံးကြီးကို မနည်းထိန်းထားရသော သူ၏ လက်များသည် ဗိုလ်မိုးလုံး၏ ရက်ရက်စက်စက် အနင်းကို ခံရသောအခါတွင် တစ်ကိုယ်လုံး





တုန်လှုပ်၍လာတော့၏။ ကျောက်သားနှင့် ဖိနပ်ကြားတွင် သူ့လက်များသည် ပြုတ်တူနှင့် အညှပ်ခံရသလို ရှိနေသည်။ ဗိုလ်မိုးလုံး ခြေကြွလိုက်သည်နှင့် ဘစ်ပြိုင်နက် ပြုတ်ကျသွားတော့မည်ဟု ထင်မိ၏။ သို့ရာတွင် ဗိုလ်မိုးလုံးသည် ခြေထောက် မကြွသေးဘဲ သေခါနီးလူတစ်ယောက်ကို အစွမ်းကုန် နှိပ်စက်ညှင်းပန်း လိုသည့် သဘောဖြင့် တစ်ဖက်သား မခံချင်အောင် ခွက်ထိုးခွက်လန် ရယ်မောလျက် ရှိ၏။

ပပဝန်းသည် နေရာမှ အားယူ၍ ထလိုက်သည်။ ယင်းအခိုက်မှာပင် သေနတ်သံများကို ဆူညံစွာ ကြားလိုက်ရပြီးနောက် ဗိုလ်မိုးလုံး နောက်သို့ လန်သွား သည်ကို တွေ့ရ၏။ ဗိုလ်မိုးလုံးသည် ဗိုက်ကို လက်နှစ်ဖက်ဖြင့်ဖိပြီး နှစ်ပတ်သုံးပတ် ချာလည် ချာလည် နေပြီးနောက် ခင်မောင်ရင်နှင့် နှစ်တောင်ခန့် ကွာသော နေရာမှ နေ၍ ချောက်ထဲသို့ ထိုးကျသွားလေတော့၏။

ခင်မောင်ရင်က နောက်သို့လှည့်၍ ငုံ့ကြည့်လိုက်ရာ မှုန်မှုန်မွားမွားတွင် လူတော်တော်များများကို တွေ့မြင်ရလေသည်။ ဦးရုံမိုးတို့လူစု ဖြစ်မည်ဟု ထင် သည်။ ထို့ကြောင့် သူက အားတင်းကာ အပေါ်ပြန်တက်နိုင်ရန် ကြိုးစားလေ၏။ ပပဝန်းကလည်း သူ့အနီးသို့ အပြေးအလွှား ရောက်လာပြီး ဆွဲတင်ပေးလေ၏။ အောက်ဘက်မှ လူများကလည်း သူတို့အား လက်နှိပ်ဓာတ်မီးဖြင့် ဝိုင်း၍ ထိုးပေး ထားကြ၏။ သို့ရာတွင် ခင်မောင်ရင်သည် အပေါ်သို့ လွယ်လွယ်နှင့် ပြန်မရောက် ပါချေ။ ပပဝန်းကလည်း သူ၏ ကိုယ်ကြီးကို မနိုင်ရင်ကာ ဆွဲတင်နေရပါသည်။ တစ်ချက်ကလေး တိမ်းစောင်းသွားလျှင် ကယ်မည့်လူတွေ လာကာမှ နှစ်ယောက် စလုံး တောင်အောက်သို့ကျ၍ သေဆုံးသွားနိုင်ပါသည်။ ငါးမိနစ်ခန့် ကြိုးစားမှ ခင်မောင်ရင်သည် တောင်ကမ်းပါး ပြန့်ပေါ်သို့ ရောက်ရှိသွားလေသည်။

ထိုအချိန်မှာပင် သေနတ်သံများ တစ်ချီပေါ်ထွက်လာပြီး တစ်ဖက် တောင်ထိပ်မှ နေ၍ လူတစ်ယောက် ကျသွားသည်ကို မြင်တွေ့လိုက်ကြသည်။ ခင်းခေါင်ပဲ ဖြစ်ပေမည်။

www.burmeseclassic.com

တောင်အောက်မှ လူများက လက်နှိပ်ဓာတ်မီးဖြင့်ထိုး၍ လမ်းပြသည့်အတိုင်း ခင်မောင်ရင်နှင့် ပပဝန်းသည် ပြေလျော့သော၊ နင်းရန် ကိုင်ရန်ရှိသော နေရာများမှ လှည့်ပတ်၍ ဆင်းသွားကြရာ နောက်ဆုံးတွင် ဦးရုံမိုးတို့၏ အထက်ဆယ်ပေခန့်သာ မြင့်တော့သော ကျောက်ရပ်တစ်ခုပေါ်သို့ ရောက်ရှိသွားကြပေတော့၏။ ခင်မောင်ရင်က ပပဝန်းကို အလျင် လျောဆင်းစေပြီး သူ့ကမူ မဆင်းသေးဘဲ သူ့လက်ထဲမှ ကျောက်ဘီလူးရုပ်ကို ဦးရုံမိုးထံ ပစ်ပေးလိုက်ရင်း –

'ဟောဒီမှာဗျို့ ဦးရုံမိုး။ ကျောက်ဘီလူးကို ကျွန်တော်မိခဲ့ပြီ။ ဦးရုံမိုး ဖမ်းပေတော့'

ခင်မောင်ရင် ပစ်ချလိုက်သော ကျောက်ဘီလူးရုပ်ကို လက်နှစ်ဖက်ဖြင့် ဆီးဖမ်းသော်လည်း မမိဘဲ လွတ်ကျသွားလေ၏။ ကျောက်ဘီလူးရုပ်ထဲမှ သူမျှော်လင့်ထားသော အဖိုးတန် ရတနာများထွက်မလာဘဲ ၁၆ မီလီမီတာ ရုပ်ရှင်ဖလင်တစ်ခွေသာ ထွက်လာချေ၏။ ဦးရုံမိုးကမူ ယင်းဖလင်လိပ်ကို အလွန်တန်ဖိုးထားသည့်အနေဖြင့် ကောက်ယူလိုက်၏။ သူ့မျက်နှာသည် ဝင်းထိန်လျက် ရှိ၏။

ခင်မောင်ရင်က ဦးရုံမိုး အနီးသို့ ပေါ့ပါးစွာ ခုန်ချလိုက်၏။





'အဲဒါက ဘာတွေလဲ ဦးရုံမိုး'

သူက ဘယ်လိုမျှ နားမလည်သည့်အနေဖြင့် မေးလိုက်၏။ ဦးရုံမိုးက သူ့အား ခပ်ပြုံးပြုံးကြည့်၍ –

'ကိုရင်က အခုထက်ထိ ဗိုလ်မိုးလုံးတို့ကို သာမန်မှောင်ခိုဂိုဏ်းလို့ ထင်နေတာကိုး။ တကယ်ကတော့ သူတို့ဟာ အင်မတန် ကြောက်စရာကောင်းတဲ့ တိုင်းပြည်သစ္စာဖောက်တွေပဲ။ အရှေ့တောင်အာရှရဲ့ ငြိမ်းချမ်းရေး၊ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းတွေကို အတားအဆီး အနှောင့်အယှက်ပေးနေတဲ့ ဂိုဏ်းကြီး တစ်ဂိုဏ်းပဲကွယ့်'

ထိုအချိန်တွင် သေနတ်သံတစ်ချက် ပေါ်ထွက်လာပြီး သူတို့ကြားမှ တျည်ဆန်တစ်တောင့် ဝီခနဲ ဖြတ်သန်းသွားသည်။ ဦးရုံမိုးနှင့် တပ်မတော်မှ ရဲဘော်များသည် ချက်ချင်းပင် နေရာယူ၍ သေနတ်သံ လာရာဆီသို့ ဝိုင်းဝန်း၍ ပစ်ခတ်လိုက်ကြသည်။

ကျော်ထွန်း ဖြစ်လေသည်။ သေခါနီးဆဲဆဲတွင် နောက်ဆုံး ကျည်တစ်တောင့်ကို ပစ်လွှတ်သွားခြင်း ဖြစ်လေသည်။ လူပြန်စုမိသောအခါ ခင်မောင်ရင်က –

'ဒီမယ် ဦးရုံမိုး။ ပပဝန်း နိုင်ငံခြား ပါမသွားနိုင်တဲ့အတွက်တော့ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့။ ဗိုလ်မိုးလုံးတို့သာ ပပဝန်းကို စုံထောက်ဘက်ကမှန်း သိပြီး နိုင်ငံခြားရောက်ရင် သူတို့ကြိုက်သလို စီရင်ဖို့ ဆုံးဖြတ်ထားတာကို ကျွန်တော် သိလို့ အခုလို လုပ်ရတာပါ'

'ဟုတ်ပါတယ်။ ဒီအကြောင်း ဦးတို့လည်း သိပြီးပါပြီ၊ ရန်ကုန်က ပို့တဲ့သတင်း ခုနကပဲ ရတယ်။ ရန်ကုန်မှာ သူတို့ ရိုက်ရာခံမယ့် လူတွေကိုလည်း မိပြီးပါပြီ။ ဒါကြောင့် သူတို့ကို ဖမ်းရအောင် ကျုပ်တို့ လိုက်လာတာပေါ့၊ ဒါပေမဲ့ ကိုခင်မောင်ရင်က အခုလို မစွန့်စားရင် ကျုပ်တို့ မြန်မာပြည် စစ်အခြေခံစခန်းတွေကို ရိုက်ထားတဲ့ ဒီဖလင်တွေနဲ့ ဗိုလ်မိုးလုံးတို့ကို မိလိုက်တော့မှာ မဟုတ်ပေဘူး။ ဒီအတွက် ကျုပ်တို့ဟာ ကိုရင့်ကို အများကြီး ကျေးဇူးတင်ပါတယ်၊ မြန်မာပြည်ထောင်စု တန်ပြန်တော်လှန်ရေးသမားတွေကို နှိမ်နင်းတဲ့နေရာမှာ အခုလို ကိုယ်တိုင်ဝင် ရောက်ဝင်ပြီး သက်စွန့်ဆံဖျား ကူညီတဲ့အတွက်'

ဦးရုံမိုးက စကားကြောရှည်လျားစွာဖြင့် အားရပါးရ ပြောနေချိန်တွင် ခင်မောင်ရင်က စုံထောက်တစ်ယောက်၏လက်မှ ခြောက်လုံးပြူးကို ဆွဲယူ၍


www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့ သုံးချက်တိတိ ဆင့်၍ ပစ်လိုက်လေသည်။ ချက်ချင်းပင် ရဲဘော်များ အားလုံးသည် နေရာယူထားပြီးသား ဖြစ်သွားကြသည်။

'ဟိုဘက်ကို လူတစ်ယောက် ပြေးသွားတာ တွေ့လိုက်ရတယ်။ လိုက်ကြ လိုက်ကြ' ဟု ခင်မောင်ရင်က အော်လိုက်ရာ ဦးရုံမိုးနှင့် ရဲဘော်များ အားလုံးသည် ခင်မောင်ရင် ညွှန်ပြရာသို့ သတိနှင့် ပြေးတက်သွားကြလေသည်။

ပပဝန်းကလည်း သူတို့နောက်ကို လိုက်မည်ရှိစဉ် ခင်မောင်ရင်က **သူမ၏**လက်ကို ဆွဲယူလိုက်ပြီး ဦးရုံမိုးတို့ သွားရာနှင့် ဆန့်ကျင်ဘက်သို့ ခေါ်ဆောင်သွားလေ၏။

'ဒါက ဘာလုပ်တာလဲ'

ပပဝန်းက နားမလည်သည့် အမူအရာဖြင့် မေးလိုက်သည်။

'အို အဘိုးကြီး လေရှည်နေလို့ ကိုယ် တမင်တကာ လုပ်လိုက်တာပါ။ ဘယ်က လူတစ်ယောက်မှ ပြေးသွားတာ မဟုတ်ပါဘူး။ လာပါ ဒီနားရောက် အောင်'

ခင်မောင်ရင်က ပပဝန်းကို တစ်ခုသော ကျောက်တုံးကြီး၏ နောက်ဘက် အမှောင်ရိပ်အတွင်းသို့ ရောက်အောင် ဆွဲခေါ်သွားလေတော့၏။

နတ်နွယ်

---

- လူသတ်ကောင်တစ်ယောက်
- ပြည့်တန်ဆာမတစ်ယောက်
- ဒရိုင်ဘာတစ်ယောက်
- လုံခြုံရေးအရာရှိတစ်ယောက်

  \- ထို့ပြင် -
- မူဆိုလိုနီ၏ ဖက်ဆစ်ဝါဒကြီး . . . စသည်။
- ယင်းတို့ ထွေးရောယှက်တင် ဆန့်ကျင်တိုက်ခိုက် လှုပ်ရှားခြင်းများ။

  \- ဤသို့ဖြင့် -

နတ်နွယ်

# ရောမက မိန်းမပျက်

## THE WOMAN of ROME

**Alberto Moravia**

စာမူခွင့်ပြုချက်အမှတ် - [ ၅၀၀ ၉၄၆ ၀၇ ၀၉ ]

www.burmeseclassic.com